[illegible]

# ဇမ္ဗူဒီပဥဆောင်ကျမ်း

[illegible]

၇၈၊၈

ဟံသာတမြို့မ၊ ကျောင်းထိုင်ဆရာတော်များအဖွဲ့ကြီး၏
အကျိုးတော်ဆောင်-နှင့်-မြို့နယ် ဝိနယဓရ-ဂဏ ဝါစက၊
သာသနာပြု-ဓမ္မကထိက-ကျောင်းထိုင်နာယက။ ဖြစ်တော်မူသော

မန္တလေးဆရာတော် (သိရီအာသဘ)
မဟာထေရ်မြတ်

ရေးသားစီရင်တော်-မူအပ်သော

# ဟံသာတီသမိုင်းကျမ်း

နှင့်၊

# ဘုရားသမိုင်းကျမ်းကို၊

ဟံသာတမြို့—ဗိုလ်ချုပ်လမ်း
ရွှေပြည်ဇောပုံနှိပ်တိုက်တွင် ရိုက်၍
ဟံသာတမြို့။ (တိုင်းလျှပ်စစ် အင်ဂျင်နီယာ ဦးကြည်ထွန်း)
တာဝန်ခံ၍-ပုံနှိပ်ထုပ်ဝေသည်။

ပဌမ နှိပ်ခြင်း-စာအုပ်ရေ (၂၀၀၀)

# ☆ ကျေးဇူးတင်လွှာ ☆

## နိဒါန်းစာ

....★....

ဤဦးပါလဲ ကမ်းဆည်ရေး ရှင်းတန်း စာအုပ်ကြီးကို ရှေ့ယခင် နှစ်များက၊ ထုပ်ဝေခဲ့ဘူးသော ကမ်းဆယ်ရေးရှင်းတန်း စာအုပ်မျိုးထက် ပိုမိုကျယ်ပြန့် ပြည့်စုံစွာ ရိုက်နှိပ်ထုပ်ဝေသင့်ကြောင်း၊ ကမ်းဆည်ရေး အမှုဆောင်လူကြီး များအစည်းအဝေးတွင် တင်ပြပြောဆိုသည်ကို တက်ရောက်လာကြသော အမှုဆောင် လူကြီး များ အနက် အမျိုးသမီး အမှုဆောင် လူကြီး တဦးဖြစ်သူ ဒေါ်ဒေါ်မြက၊ ဦးပါလဲစေဘ်တော် ကမ်းဆည်ရေးစာအုပ်နှင့် ပူးတွဲပြီး မြို့ပေါ်ရှိ တံခိုးကြီး ဘုရားများ၏ အဋ္ဌုပ္ပတ္တိ နှင့်၊ ဟင်္သာတမြို့၏ ဖြစ်ပေါ်လာပုံ အဋ္ဌုပ္ပတ္တိ ရာဇဝင် အကျဉ်းများကို ခေတ်ပုံနှိပ်တကွ၊ ကျမ်းတဆောင် တဖွဲ့၊ အနေ ရောက်အောင် ကျိုးစား-ကျိုးကုတ် ထုပ်ဝေရောင်းချနိုင်သော အဆင့်မှီ- ပြုလုပ် ကြရန် အကြံဉာဏ်ပေးသည်ကို အမှုဆောင်လူကြီးများက သဘောတူထောက် ခံကြ၍၊ စာအုပ်အမြန်ဆုံး ထွက်နိုင်ရေးကို ရှေ့ရှု့လျှက် ကမ်းဆည်ရေးအမှု ဆောင်လူကြီးများထည်းမှ ရွေးချယ်ပြီး ကျမ်းပြုကော်မတီအဖြစ် ဖွဲ့စီး၍၊ ၎င်း ကျမ်းပြုကော်မတီမှ မြို့ပေါ်ရှိ ဆရာတော် အရှင်သူမြတ်များထံ ချဉ်းကပ်ဝတ် လျှုံးလျှက်.......၊

ဟင်္သာတမြို့၏၊ အဋ္ဌုပ္ပတ္တိကို ရာဇဝင် သဘွယ် တိကြခိုင်လုံစွာရေးသား ချီးမြှင့်နိုင်ရေးကို ဟင်္သာတမြို့- အဂ္ဂမဟာပဏ္ဍိတ သပြေပင်ကျောင်း ဆရာတော် ဘုရားကြီးအား၎င်း.....၊

ဟင်္သာတမြို့၏ တံခိုးကြီးဘုရားများ၏သမိုင်း အဋ္ဌုပ္ပတ္တိကို၊ ဟင်္သာတမြို့ မန္တလေးကျောင်းတိုက်-ကျောင်းထိုင်နာယက၊ မြို့နယ်ဝိနည်းဓိုရ်ဖြစ်တော်မူသော

သိရိအာသဘာ မန္တလေး ဆရာတော်အားရင်း၊ ခယတောင်းပန် အသနားခံမှု့ကြောင့်၊ ဤစာအုပ်ကြီးဘဲ့သို့ ရှေ့ယခင်အခါက ထွက်ပေါ်ဘူးခဲ့သည်ကို မတွေ့ရှိသည့်အတွက် ကောင်းသည်ထက်ကောင်းစေရန် ရည်ရွယ်၍ စာသား သက်သက်တွင်မကစေဘဲ၊ ကဗျာ-လင်္ကာ-လေးချိုး၊ တေးထပ်များ ရေးစပ်ထည့်သွင်းရန် လိုအပ်ပြန်သဖြင့်၊ ဟင်္သာတမြို့မှ၊ ရန်ကုန်မြို့သို့၊ ပြောင်းရွှေ့နေထိုင်လျက်၊ နိုင်ငံတော်ပန်တျာကျောင်းကြီးတွင် ကဗျာဘက်ဆိုင်ရာ နည်းမျိုးစုံတို့ကိုသင်ပြပို့ချလျက်ရှိသော ဟင်္သာတမြို့သား ဩဘာသီသောက ပဏ္ဍိတ ဘွဲ့ရ၊ အယ်ဒီတာ ဆရာထွန်းအား၊ တွေ့ဆုံတောင်းပန်မှု့ကြောင့်ရင်း၊ အထက်ပါဆရာတော်များနှင့်၊ လူပုဂ္ဂိုလ်-ပညာရှင်များမှာ မနေသာတော့ဘဲ၊ ရေးသားပေးမို့ ချီးမြှင့်တော်မူကြသည့်အတွက် ဤဘဲ့သို့ နက်နဲခက်ခဲသော ပညာဗဟုသုတ များနှင့် ပြည့်စုံသော ဦးပါရဲစေတီတော် ကမ်းဆည်ရေး ရှင်းတန်း စာအုပ် အမည်ဖြင့်၊ မြို့ရှိပေါ်ရှိ တံခိုးကြီးဘုရား (၆)ဆူ၏ သမိုင်းများ၊ ဟင်္သာတမြို့၏ အထူးပွဲတော်၊ ရာဇဝင် စာအုပ်ကြီး ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီအားပေးတော်မူကြသော ရဟန်းပညာရှင်များနှင့် လူပညာရှင် ပုဂ္ဂိုလ်များအား ဤအမှုဆောင် အဖွဲ့မှ ကျေးဇူးတင်လျက်ရှိပါကြောင်း၊

အမှုဆောင်အဖွဲ့

ဦးပါရဲ ဘုရားကြီး ကမ်းဆည်ရေးအဖွဲ့၊

ဟင်္သာတမြို့၊

# ဟံသာဝတီမြို့—မြစ်ကွေ့ကျောင်းတိုက်



တတိယမြောက်မြစ်ကွေ့ဆရာတော်ဘုရားကြီး
ပုံတော်။

ဟင်္သာတမြို့၊

ဦး၂ချဉ်ကြီး'ရပ်ကွက်အတွင်းရှိ

မြစ်ကွေ့ကျောင်းကြီးတွင်

စာသင်တိုက်ကြီး

ဖွင့်လှစ်၍၊ စာသင်သားပေါင်း

မြောက်မြားစွာ တို့ကို၊

စာပေပို့ချလျှက်ရှိသော

**ပဌမမြောက်**

**မြစ်ကွေ့ ဆရာတော်ဘုရားကြီး၏**

**ပုံတော်။**



# ( မာတိကာ )


အကြောင်းအရာ။ — စာမျက်နှာ။

၁။ ထုတိကရဏ မင်္ဂလာ ဩဘာစာထန်း — က။
၂။ ဂုဏ်ပြုတေးထပ် ၂-ပုဒ် — ဃ။
၃။ ဘုရားတိုင် ရတုပိုဒ်စုံ — ဇ။
၄။ သောမနဿလေးချိုး — ဈ။
၅။ ဆရာတော် အရှင်အာသဘ မဟာထေရ်မြတ်၏
(ထေရုပ္ပတ္တိအကျဉ်းချုပ်) — ဍ။
၆။ မန္တလေးကျောင်းတိုက်၏ သမိုင်းအကျဉ်းချုပ် — ဒ။
၇။ ဟာသိ‌တမြို့အကြောင်း သပြေပင်ဆရာတော်ရေး — ၁။
၈။ အမှာစာ။ မန္တလေးဆရာတော်ရေး။ — ၂၅။
၉။ စတုဣမြစ်ကွေးဆရာတော်မဟာထေရ်မြတ်ကြီး၏ ထေရုပ္ပတ္တိ-နိဒါန်း — ၂၇။
၁၀။ ကျေးဇူးတော်ရှင် မဟာသေရ်မြတ်ကြီး၏ ထေရုပ္ပတ္တိ။ — ၃၁။
၁၁။ သေမင်းဝင်္ခဘေး-မလွတ်သေး ကြံတွေးဆင်ခြင် သံဝေတင်။ — ၃၇။
၁၂။ ဂုဏဝဏ္ဏနာ သံဝေဂကဗျာများ။ — ၃၈။
၁၃။ ပဏာမ ပုဗ္ဗက ဂန္ထာရမ္ဘကို ပြခြင်း — ၄၄။
၁၄။ ဥယျောဇဉ် — ၄၅။
၁၅။ ဗုဒ္ဓုပ္ပတ္တိ ခေါ်- ဘုရားဖြစ်တော်စဉ်။ — ၄၆။
၁၆။ ဘုရားဖြစ်ရန် တောင်းပန်ခြင်း — ၄၇။
၁၇။ နိမိတ်ကြီးလေးပါး — ၄၉။
၁၈။ သားတော်ရာဟုလ ဖွားမြင်ခြင်း — ၅၀။
၁၉။ တောထွက်တော်မူခြင်း။ — ၅၁။
၂၀။ ရဟန်းပြုတော်မူခြင်း — ၅၃။
၂၁။ စျူဋ္ဌာမဏိစေတီတော် — ၅၄။
၂၂။ ဒုဿ စေတီတော် — ၅၅။
၂၃။ တဖုဿ- ဘလ္လိက တို့အကြောင်း — ၅၇။
၂၄။ စကားချပ် — ၅၉။
၂၅။ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း — ၆၀။

# ( မာတိကာ )


| အကြောင်းအရာ။ | စာမျက်နှာ။ |
| --- | --- |
| ၂၆၊ ပရိနိဗ္ဗာန် သုံးမျိုး | ၆၀၊ |
| ၂၇၊ မြတ်စွာဘုရား၏ ချွှင်နေ့ မြန်မာကဗျာများ | ၆၁၊ |
| ၂၈၊ အကျဉ်းမှတ်သားရန် | ၆၂၊ |
| ၂၉၊ ဓာတ်တော်ဝေခဏ်း | ၆၃၊ |
| ၃၀၊ သတိပေးချက် | ၇၁၊ |
| ၃၁၊ သိဟိုဠ်စွယ်တော်သမိုင်း | ၇၂၊ |
| ၃၂၊ စွယ်တော်ရှိခိုးရန် | ၈၀၊ |
| ၃၃၊ ထူပါရုံ ဘုရားရှိခိုးရန် | ၈၂၊ |
| ၃၄၊ မဟာစေတီဘုရား ရှိခိုးရန် | ၈၃၊ |
| ၃၅၊ ဟာသိဝတသမိုင်း ကဗျာ၊ (မန္တလေးဆရာတော်ရေး) | ၈၄၊ |
| ၃၆၊ အရှင်ဂဝံပတိနှင့် သိဟာ်ပမင်းတို့အကြောင်း၊ | ၈၅၊ |
| ၃၇၊ ဟင်းလျာတ-မှ၊ ဟာသိတ ဖြစ်ပုံအကြောင်း | ၉၂၊ |
| ၃၈၊ မွန်ဘာသာ-ဟန်းသဒ္ဒါးမှ-ဟာသိတခေါ်တွင်ပုံ၊ | ၉၈၊ |
| ၃၉၊ နော်ရထာ့ကံ၊ အရေယံ၊ ချန်ပျံ ကျူလှာဝဲ၊ | ၁၀၀၊ |
| ၄၀၊ စေတီယ ပကာသနီ စာတမ်း၏ ပဏာမ<br>: နိဒါန်း ဂါထာပါဠိ-အနက် | ၁၀၅၊ |
| ၄၁၊ သင်္ခေပ ကဗျာ ပရိဗ္ဗေဒ ကထာ၊ | ၁၀၇၊ |
| ၄၂၊ ယောနိသော မနသိကာရ ဖလ ကဗျာ၊ | ၁၀၇၊ |
| ၄၃၊ ယောနိသော မနသိကာရ ဟေတု ကဗျာ၊ | ၁၀၉၊ |
| ၄၄၊ ကမ္မဝိပါက ကဗျာ၊ | ၁၁၀၊ |
| ၄၅၊ စေတီယာသ ရူပကဗျာ၊ | ၁၁၁၊ |
| ၄၆၊ စေတီယ ဥက္ကဋ္ဌ ကဗျာ၊ | ၁၁၃၊ |
| ၄၇၊ စေတီယ နာသနေယျ ကဗျာ၊ | ၁၁၅၊ |
| ၄၈၊ စေတီယ ပဋိသင်္ခရဏ ကဗျာ၊ | ၁၂၀၊ |
| ၄၉၊ ဓာတုဖလ ဟေတုနာသန ကဗျာ၊ | ၁၂၂၊ |
| ၅၀၊ ဗဟုဖလ ဟေတုနာသန ကဗျာ၊ | ၁၂၇၊ |

# ( မာတိကာ )


| အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|
| ၅၁။ အန္တရာယ ဟောတု နာသန ကဏ္ဍ။ | ၁၃၀။ |
| ၅၂။ အပရာဓ ဟောတုနာသန ကဏ္ဍ။ | ၁၃၁။ |
| ၅၃။ ပဋိသမ္ဘိဒါ ဟောတု နာသန ကဏ္ဍ။ | ၁၃၂။ |
| ၅၄။ ဥက္ကဋ္ဌ စေတီယ ရက္ခဏ ဟောတုနာသန ကဏ္ဍ။ | ၁၃၅ |
| ၅၅။ စေတီယ ကရဏ ကဏ္ဍ။ | ၁၃၆။ |
| ၅၆။ စေတီယ ကရဏ ဖလ ကဏ္ဍ။ | ၁၃၈။ |
| ၅၇။ အာဒိနဝ ကဏ္ဍ။ | ၁၄၀။ |
| ၅၈။ အနုသာသန ကဏ္ဍ။ | ၁၄၁။ |
| ၅၉။ ဦးပါရဲစေတီတော် မြတ်ဘုရားကြီးတည် | |
| ၆၀။ အထွဋ်ပွဲတွဲ- မော်ကွန်း (ပိုဒ်စုံ-ရတု) | ၁၄၅။ |
| ၆၁။ အံ့, ဩ, သာ, လှ, တည်ပါကြွ၊ မည်ရဦးပါရဲ၊ | ၁၄၇။ |
| ၆၂။ မူလ အထွဋ်ပွဲတွဲ အကျဉ်းချုပ် | ၁၄၈။ |
| ၆၃။ ဒေါ်သန်းရင် ၏၊ အလှူတော်စာရင်း။ | ၁၅၀။ |
| ၆၄။ ဦးပါရဲ ဘုရား ရှိခိုးရန် ဂါထာပါဠ်အနက်။ | ၁၅၄။ |
| ၆၅။ မြို့သူကြီးဘုရား ရှိခိုးရန် ဂါထာပါဠ်အနက်။ | ၁၅၅။ |
| ၆၆။ မြို့သူကြီး စေတီတော်မြတ် ဘုရားကြီးတည်၊ | |
| ၆၇။ အထွဋ်ပွဲတွဲ- မော်ကွန်း (ရတု ကေပိုဒ်) | ၁၅၆။ |
| ၆၈။ အေး-အောင်လာရှု၊ တည်ဘန်ပြု ကောင်းမှုမြို့သူကြီး။ | ၁၅၇။ |
| ၆၉။ ရွှေပြောင်ပြောင် စေတီတော်မြတ်ဘုရားကြီးတည် အထွဋ်ပွဲတွဲ မော်ကွန်း (ရတု) | ၁၅၉။ |
| ၇၀။ အက်-အက်-သတ်-နော တည်ခဲ့သော မှတ်လော ရွှေပြောင်ပြောင် | ၁၆၀။ |
| ၇၁။ ရွှေပြောင်ပြောင်ဘုရား ရှိခိုးရန် ဂါထာပါဠ်အနက် | ၁၆၁။ |
| ၇၂။ ငါးမျက်နှာစေတီတော်မြတ်ကြီး၏ အထွဋ်ပွဲတွဲ၊ | ၁၆၃။ |
| ၇၃။ ငါးမျက်နှာဘုရား ရှိခိုးရန် ဂါထာပါဠ်အနက်။ | ၁၆၅။ |
| ၇၄။ ဆယ်ထပ်ကြီး အထွဋ်ပွဲတွဲ၊ | ၁၆၇။ |
| ၇၅။ အချိုးတော် ပုံမှန် | ၁၆၈။ |

# ( မာတိကာ )


| အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|
| ၇၆၊ ဘုရား ၄င်းရန် ဂါထာပါကြံအနက် | ၁၆၉၊ |
| ၇၇၊ ကျောက်တော်ကြီး ဘုရား အပူဇော်ပွဲ၊ | ၁၇၁၊ |
| ၇၈၊ ဘုရား ရှိခိုးရန် ဂါထာပါဠိအနက် | ၁၇၃၊ |
| ၇၉၊ ဈေးခေတ် နှင့် ဆော်စာ၊ | ၁၇၅၊ |
| ၈၀၊ ဆိုင်းကျမ်းစာအုပ် နိဂုံးချုပ် | ၂၂၆၊ |
| ၈၁၊ ကမ်းဆည်ရေးအဖွဲ့ မှတ်တမ်း၊ | ၁၇၇၊ |
| ၈၂၊ ဟာသာတို့ရှိ ကမ်းဆည်ရေး မှတ်တမ်း အကျဉ်းချုပ် | ၁၈၃၊ |
| ၈၃၊ ကမ်းဆည်ရေးအဖွဲ့ လူထု ရှင်းလင်းပွဲ၊ ဒု-အကြိမ် | ၁၉၃၊ |
| ၈၄၊ ကမ်းဆည်ရေးကိစ္စ၊ လူထုရှင်းလင်းပွဲ အစည်းအဝေး၊ | ၁၉၉၊ |
| ၈၅၊ ဘုရားကြီး ကျောက်ဘန်းချရေး ကိစ္စ၊ | ၂၀၅၊ |
| ၈၆၊ ကမ်းဆည်ရေး အဖွဲ့နှင့် ဝေယျာဝစ္စအဖွဲ့ စည်းဝေးချက် မှတ်တမ်း | ၂၁၃၊ |
| ၈၇၊ ဦးအောင်မြတ်ကျော် ဘုရားအကြောင်း၊ | ၂၁၈၊ |
| ၈၈၊ ကမ်းဆည်နည်းအကျဉ်းချုပ် | ၂၁၉၊ |
| ၈၉၊ ကမ်းဆည်ရေး အထူးကိစ္စတရပ်၊ | ၂၂၁၊ |
| ၉၀၊ ၂၀ ၁၁-၅၈ မှ ၄၁-၁၀-၆၀ ထိ၊ သုံးငွေစာရင်းရှင်းတမ်း၊ | |
| ၉၁၊ နောက်ဆက်တွဲ နံပါတ် | ၁၊ |
| မှတ်ချက်၊ | ၃၉၊ |
| ၉၂၊ ကမ်းဆည်ရန် ဝါးများအလှူစာရင်း | ၄၀၊ |
| ၉၃၊ ကျောက်ဘန်းဆည်ရေး ရငွေ၊ | ၅၂၊ |
| ၉၄၊ ထီးတော်တင်ပွဲ အတွင်း ရ-သုံးငွေ ရှင်းတမ်း | ၅၃၊ |
| ၉၅၊ ကျောက်တန်းဆည်ရေးနှင့် ထီးတင်ပွဲတော် ရှင်းတမ်း | ၅၆၊ |
| ၉၆၊ မှတ်ချက်၊ | ၅၈၊ |
| ၉၇၊ စာရင်းစစ် မှတ်တမ်း၊ | ၅၉၊ |
| ၉၈၊ ပွဲတော်မပြုလုပ်မီ တင်နေသော ကြွေးစာရင်းများ၊ | ၆၄၊ |
| ၉၉၊ အထွေထွေ၊ | ၆၅၊ |
| ၁၀၀၊ ကြော်ငြာများ၊ | |

# အမှား အမှန် ပြင်ဆင်ချက်။

| နှာပါတ် | ကြောင်းရေ။ | မှား | မှန် |
|---|---|---|---|
| ၇၇။ | နှ-၁၇။ | ဈါန | ဈါာန |
| ၇၇။ | နှ-၂၀။ | ချောဇ | ချောင် |
| ၈၀။ | ၁၉။ | ဖျာ | ဖြာ |
| ၈၂။ | ၁၇။ | ဝင်းသာ | ဝင်းသော |
| ၈၂။ | နှ-၁၆။ | မာဏ် | မာရ် |
| ၈၂။ | နှ-၂၄။ | ဃံ။ | ဃံ |
| ၈၃။ | ၁၇။ | မမာ | မဟာ |
| ၈၆။ | ၃။ | ဏ္ဍာနုံ | ဏ္ဍာနတ္တိ |
| ၈၆။ | ၁၆။ | အစိ | အစီ |
| ၉၃။ | ၃။ | ဟာဿဝပါ | ဟာဿဝပါဇ |
| ၉၃။ | ၃၀။ | စကြ | စာမှတ် |
| ၉၄။ | ၇။ | ဖြစ်ဟု | ဖြစ်သည်ဟု |
| ၁၁၂။ | ၁၁။ | ဥဒ္ဒိသကာ | ဥဒ္ဒိသာ |
| ၁၁၂။ | ၁၁။ | ပေစာသည် | ပေစသည် |
| ၁၂၃။ | ၂၆။ | ဓမ္မာမိ | ဓမ္မာသာမိ |
| ၁၁၃။ | နှ-၆။ | ဓမ္မဒါယ | ဓမ္မဒါယာ |
| ၁၁၃။ | နှ-၇။ | ဘာဝထို | ဘာဝထာ။ |
| ၁၁၄။ | ၂၅။ | ၎မ္မာ | ဓမ္မ |
| ၁၁၄။ | နှ-၆။ | ယုတ္တရ | ယုတ္တတရ |
| ၁၁၅။ | ၃။ | ဠိ | ဠိကာ |
| ၁၁၅။ | ၄။ | အဋ္ဌက | အဋ္ဌကထာ |
| ၁၁၅။ | ၁။ | ဋ္ဌာတု | ဓာတု |
| ၁၁၅။ | နှ-၁၅။ | သရိယ | သရိရ |
| ၁၁၁၊ | နှ-၂၇။ | စေတီသည်၏ | စေတီမြတ်သည် |
| ၁၂၂။ | ၄။ | စေတနာ | စေတနာ |

# အမှား အမှန် ပြင်ဆင်ချက်။

| နံပါတ် | ကြောင်းရေ။ | မှား | မှန် |
|---|---|---|---|
| တ။ | ၂၉။ | နိုင်ငံသား | နိုင်ငံခြား |
| ထ။ | ၁၃။ | ကျောင်းတိုက် | ကျောင်းကြီးတိုက် |
| ထ။ | ၁၉။ | ပဋိကတ် | ပိဋကတ် |
| ဒ။ | ၁၀။ | သိကြွဘ်ဆွန်း၁၅ရက်၁နေ့၊တော်သလင်းလပြည့်ကျော်(၈)ရက်သောကြာနေ့။ | |
| ဓ။ | ၂၂။ | န္တလေး | မန္တလေး |
| ၂၅၊ | ၆။ | ပရိပတ္တိ။ | ပရိယတ္တိ |
| ၂၇။ | ၁။ | ဂုဏော | ဂုဏော |
| ၂၉။ | ၄။ | ကဋ္ဌဒွန်း | တဏ္ဍွန်း |
| ၂၉။ | ၁၈။ | ဂေါခမ္ဗ | ဂေါတမ |
| ၂၉။ | ၆။ | မရှိသော | ရှိသော |
| ၃၃။ | ၁၉။ | ဘုရားတောင် ဆရာတော်အစား.......ဘုရားတော်ဂိုဏ်း တောကျွဲလှူးကျောင်း ဆရာတော်ဘုရားထံ၌။ | |
| ၃၃။ | ၃၀။ | ရာဆတော်၊ | ဆရာတော် |
| ၃၅။ | ၂၁။ | ကောဂရိဒေါ | ကောဝိဒေါ |
| ၄၄။ | ၃၁။ | စေကုန် | စေသတည်း |
| ၄၄။ | ၂၃။ | ရှင်ပြီး | ရှင်ပြီး |
| ၇၀။ | ၂၆။ | ဗန္ဓု | ဗန္ဓု |
| ၇၂။ | ၁၃။ | အဂုဏ် | အရုဏ် |
| ၇၂။ | ၁၉။ | ကြည့် | ကြည့် |
| ၇၄။ | ၁၇။ | မဘောင်း | မကောင်း |
| ၇၆။ | ၂၉။ | သန် | ဘန် |
| ၇၇။ | ၉။ | စိဏာ | ခိဏာ |
| ၇၇။ | ၃၁။ | တုံ့ခေါက်ပျော်မြူး | ရေသဘင် |

# အမှား အမှန် ပြင်ဆင်ချက်။

| နံပါတ် | ကြောင်းရေ။ | မှား | မှန် |
|---|---|---|---|
| ၁၂၂။ | ၂၄။ | ပစ္ဆေက | ပစ္စေက |
| ၁၂၃။ | ၈။ | ပေါကရ | ပေါက္ခရ |
| ၁၂၆။ | ၂၉။ | အန္ဓား | အနုား |
| ၁၂၇။ | ၆။ | ဖြက် | ဖျက် |
| ၁၂၇။ | ၁၀။ | ၉၉၀၀ | ၉၀၀ |
| ၁၂၀။ | ၂။ | ဒွေဝါ | ဒေဝါ |
| ၁၃၁။ | ၂၂။ | ပဋ္ဌ | ပဉ္ဇာ |
| ၁၃၃။ | ၂၀။ | ကုလ | ကုသ |
| ၁၄၄။ | ၂၂။ | ဝိယန | ဝိနယ |
| ၁၄၄။ | ၃-၁၆။ | အဘော | သဘော |
| ၁၅၄။ | ၁၂။ | ဤတိ။ | ဣတိ။ |
| ၁၅၅ | ၂။ | ဘာ | အာ |
| ၁၆၀။ | ၁။ | ဆေး | လေး |
| ၁၆၉။ | ၂။ | စန္ဒေ | ဝန္ဒေ |
| ၁၇၃။ | ၄။ | သဒါ | သဒ္ဓါ |

သာဓုကထံ တေပိဋကံ။
ဩလောကေတွာ ပကာသိတံ။
သစေအတ္ထိ အပရာဓော၊
တံသောဓေတွာန ပဿထ။

(လွဲမှားသော အရေများကို ပြင်ဆင်၍ ကြည့်ရှု့ကြပါရန် မေတ္တာရပ်ခံပါသည်)

# ကမ်းဆည်ရေးစာရင်းရှင်းတမ်း၌ အမှားပြင်ဆင်ချက်များ။

စာမျက်နှာ။

၁။ အသုံးတော်ငွေကောက်ခံရရှိသောစာရင်းချုပ် ဇယားမှတ်စဉ် ၁၀။ ဘက်ယော်ဟောင်းနှင့် ထရံများရောင်းရငွေ "ဆိုသည့်စကားရပ်ကို၊ ဝါးဟောင်းများနှင့် ထရံများ ရောင်းရငွေ" ဟူ၍၎င်း၊ မှတ်စဉ် ၁၅။ ဝါးဟောင်းများ ရောင်းရငွေပေါင်း။ ဆိုသည့် စကားရပ်ကို-ဘက်ယော်ဟောင်းများ ရောင်းရငွေပေါင်း။ ဟု၎င်း ပြင်ဆင်ဘတ်ရှုပါရန်။ ၂။

၂။ စာမျက်နှာတခုလုံးဖျက်ရန်။ ၈။

၃။ ကျောက်တန်းဆည်ရာတွင် ကုန်ကျငွေ စာရင်းရှင်းတမ်း၌၊ ဝါးနက်ဝါးလုံးရေ (၃၀၀၀)ကို၊ (၃၀၀)နှင့် သင့်ငွေ ၄၂၀ ဟုပြင်ဆင်၍ ၎င်းစာရင်းတွင် မပါရှိသော အလုပ်သမားခ ၄၅-ရက်တွက်သင့်ငွေ ၁၈၉၀။ ဟု၊ ထပ်မံဖြည့်စွက်ထည့်သွင်းရန်နှင့် စာကြောင်းရေ ၁၄ ၌၊ နေ့စားအလုပ်သမားများ ပေးရငွေပေါင်းမပါ၊ ဟူသောစကားရပ်အားလုံးကို ပါယ်ဖျက်ပါရန်။ ၂၁။

၄။ စိုက်ရပေါင်း ၃၈၃၀-၆၀။ အစား- စိုက်ရငွေပေါင်း ၃၈၃၀-၆၀။ ဟုပြင်ဆင်ဘတ်ရှုရန်။ ၂၁။

၅။ အလှူငွေ စာရင်းဇယားထိပ်၌၊ (၂-၀၁၁-၅၈မှ၊ ၃၁-၁၀-၆၁ နေ့ထိ) အစား၊ (၂၀-၁၁-၅၈-မှ၊ ၃၁-၁၀-၆၀)ဟုပြင်ဆင်ဘတ်ရှုရန်။ ၂၂-မှ၊ ၃၆ထိ၊

၆။ စာမျက်နှာနံပါတ် ၃၁-ဟု၊ ၂ခုပါရှိသည့်အနက် တခုကို၃၂ ဟုပြင်ဆင်ရန် ၃၁။

၇။ စာကြောင်းရေ ၃ ( Compled ) ဆိုသည့်စကားအားလုံးကို(Compiled) ဟု၊ ပြင်ဆင်ဘတ်ရှုရန်။ ၆၂။

၈။ အပိုဒ် ၁၁ စာကြောင်းရေ ၆-စည်းမျဉ်းဥပဒေ(ဘိုင်ကော)ကို စည်းမျဉ်းဥပဒေ (ဘိုင်လော)ဟု ပြင်ဆင်ဘတ်ရှုရန်။ ၆၂။

၉။ အကျယ်ရှင်းတမ်း(င)အပိုဒ် ၁၂ စာကြောင်းရေ ၄-အလှူခံဖြတ်ပိုင်းစာအုပ်များကို၊ ဟူသောစကား၏နောက်၌၊ မပေးအပ်ကြသဖြင့် ဟူသောစကားရပ်ကို ထည့်သွင်းရန်။ ၆၃။

၁၀။ အကျယ်ရှင်းတမ်း (င)စာကြောင်းရေ ၂။ မဆုံးဖြစ်သေးမှို၊ ဆိုသည့်စကားရပ်ကို၊ မဆုံးဖြတ်သေးမှို၊ ဟု၊ ပြင်ဆင်ဘတ်ရှုရန် ၆၅။

၁၁။ အထွေထွေခဏ်း စာကြောင်းရေ ၂။ ထားသိုလ်နည်းများသည်တွင်၊ ဆိုသည့်စကားရပ်ကို၊ ထားသိုလ်နည်းများ စသည်တွင် ဟု၎င်း၊ စာကြောင်းရေ ၃။ ပြုလုပ်ပြးဖြစ်သည် ဆိုသည့် စကားရပ်ကို ပြုလုပ်ပြီးဖြစ်သည်၊ ဟု ၎င်း ပြင်ဆင်ဘတ်ရှုရန်။ ၆၅။



| | | | | | | | |
|---|---|---|---|---|---|---|---|
| နောက်တန်း — | ဦးဘဘေ။ အမှုဆောင်။ | ဦးလှမောင်။ အမှုဆောင်။ | ဦးရွှေမောင်း။ အမှုဆောင်။ | | ဦးကျော်လှ။ အတွင်းရေးမှူး၊ | ဦးဘဘွား။ အမှုဆောင်။ | ဦးကံသွန်း။ အမှုဆောင်။ |
| အလယ်တန်း— | ဦးဘကလေး။ အမှုဆောင်။ | ဦးဘိုးလှ။ အမှုဆောင်။ | ဦးကံကြီး စာရင်းစစ်။ | | ဦးကြည်ထွန်း။ ဥက္ကဋ္ဌ။ | ဦးငွေအောင်။ အမှုဆောင်။ | ဦးစံမြ အမှုဆောင် |
| ရှေ့တန်း — | ကိုခင်စိန်။ အမှုဆောင်။ | ကိုတင်ဦး။ အမှုဆောင်။ | ဦးထွန်းမောင်။ အမှုဆောင်။ | ဦးအေးချို။ တွဲဘက်အတွင်းရေးမှူး။ | ဦးကျွက်။ အမှုဆောင်။ | ဦးဘကြည်။ အမှုဆောင်။ | ဦးလှကြည်။ အမှုဆောင်။ |

# ထုတိကရဏာမင်္ဂလာဩဘာစာတန်း။

(ပဥ္စဂုဏ်-အဟံဝန္ဒာမိ-သဗ္ဗဒါ)

ဟံသာဝတီမြို့နှင့်တကွ။ဦးပါရဲစေတီတော်ကြီး၏၊ကမ်းပြင်ခြင်းဘေးမှ ကင်းဝေးစေ
အောင်ကြံဆောင်အားထုပ်ကြသောဂျာမနီပြန်တိုင်းလျှော်စစ်အင်ဂျင်နီယာဦးကြည်ထွန်း
ခေါ်-ဦးသန်း။ အတွင်းရေးမှူး ဦးကျော်လှနှင့်တကွ။ ကမ်းဆည်ရေးအဖွဲ့ဝင်တို့အား ယာ
ခုအခါ ရန်ကုန်မြို့ နိုင်ငံတော်ပန်တျာကျောင်း ကဗျာနည်းပြ(ကဝိဓဇပဏ္ဍိတ) ဘွဲ့ တံ
ဆိပ်ရ အယ်ဒီတာဆရာထွန်း(ဟံသာဝတ)က။ ငြိမ်းမြှင့်ရေးသားအပ်သော၊ ထုတိကရဏာ
-မင်္ဂလာ ဩဘာစာတန်း။

မင်္ဂလာလဝန်း။ပိဒေဝွန်းမှ ဌွန်း ဌွန်းစက်စက်။ပေါ်ထွက်သကဲ့သို့။နှစ်သက်သဒ္ဓါဒိ
တိဖြာလျက်။ သာယာငြိမ့်လေး အောင်သံကြွေး၍။ စီရေးဩဘာ ထောပနာဖြင့်။ အံ့ရာအံ့
ကြောင်း ရှာဖွေပေါင်းပြီး။ ကောင်းစွာမြင်မြော်။သရုပ်ပေါ်ရလျှင်။ အဟော်ဝတ မရှု
ဖြစ်ရာ။ မြန်မာပြည်ကြီး၏။ ဘုန်းမီးနေလ ပမာနဖြင့်။ တက်ကြွဂုဏ်ရည် အားထုတ်၍
ဆည်ခဲ့သော အလောင်းမင်းတြားကြီးမှစ၍။ မင်းရှစ်ဆက်မြောက် သာယာဝတီ-ရွှေဘို
ကုန်းဘောင်ဟူ၍။ သုံးမည်ရ-သုံးဘွဲ့ခံဖြစ်သော ဘုရင်မင်းတရားသည် ဦးကြံကြီး ဟူ၍။
ငင်း။ ဦးကိုဟူ၍ငင်း။ အမှတ်အသားနှစ်မျိုးတွေ့ရသော။ မင်းပျံချီဘွဲ့ခံ ခံမင်းနှင့်။ ငင်းက
တော်-ဒေါ်အိတ့်မှ မြန်မာသကရာဇ် ၁၂၇၁-ခု-နှစ်တွင် မွေးဖွားသော မြကြေးတ်ကို
ကောက်ယူတော်မူ၍။ မမြလေးဟူသော အမည်ဖြင့် (သီရိမဟာသုရတနာစန္ဒာဒေဝီ)
ဟူသောဘွဲ့ကို ပေးတော်မူပြီးလျှင်။ အနောက်နန်းကိုပေးသနားတော်မူခဲ့လေသည်။ မင်း
ဆယ်ဆက်မြောက်။ မြန်မာသကရာဇ် ၁၂၁၄-ခု-နှစ်၊ နန်းတက်တော်မူသော ဘုရင် မင်း
တုန်းမင်းတရားကြီးသည်။ ကျော်ထင်နော်ရထာဘွဲ့ခံ ဟံသာဝတီမြို့ မြို့သူကြီး ဦးပု၏၊ ပ
ထမ-သူကြီးကတော် ဒေါ်ဖြူကြီး ငါးမျက်နှာ စေတီတော် ဒါယကာတို့၏-သမီး-ခင်သဲး
ကိုကောက်ယူတော်မူ၍(သီရိမဟာ မင်္ဂလာရတနာဒေဝီ)ဟူသောဘွဲ့ကိုပေးတော်မူပြီး
လျှင်။ မြောက်နန်းကိုပေးအပ်တော်မူလေသည်။ ထို့နောက် ကျော်တင်နော်ရထာဘွဲ့ခံ
ဟင်းသာဘမြို့ မြို့သူကြီးဦးပု၏၊ ဒုတိယသူကြီးကတော်မှ မြင်သောသမီးတော်သုံးယောက်
ကို။ ကောက်ယူတော်မူပြန်၍ (သီရိသုဂန္ဓာဒေဝီ) ဘွဲ့ခံ လင်ပန်း တိုက်စား မိဘုရား၊
(သီရိသုပဘာဒေဝီ)ဘွဲ့ခံ သက်ပန်းတိုက်စား မိဘုရား။ (သီရိသုနန္ဒာဒေဝီ) ဘွဲ့ခံ သ
ရစိမ်းတိုက်စား မိဘုရားဟူ၍။ ဖြစ်ပါကြောင်း။

## (၁)

ဤသို့လျှင် ဘုရင်မြိုးမြောက်၊ ကောက်ယူတော်မူခဲ့ရာ၊ ငါးဖြာသောမိဘုရား ရတနာတို့၊ ထင်ရှားစွာ ပေါ်ထွက်ခဲ့ဘူးသည့်၊ ဟင်းသာတမြို့တော်ကြီးနှိုက် တသီး ထင်စွာ ရှေးသောအခါက၊ မဟာတကောင်း မင်းပေါင်းသုံးဆယ်ကျော်-နောက် တဖော်သရေ ခေတ်ဖြစ်လာသောမင်းမှစ၍၊ ပုဂံမြင်စိုင်း၊ စစ်ကိုင်းပင်းယ၊ အင်းဝ-ဟံသာဝတီ၊ ကေတုမတီဌာန၊ အမရစက်စုံ ရတနာပုံမန္တလေး၊ ရှည်ကြာဝေးအောင်၊ ဘေးလောင်းတော် အဆက်ဆက်ဘိုးလောင်းတော်အဆက်ဆက်ခမည်းတော်တို့လက်ထက်ဟု နေစက်ဝင်းဝါ၊ ထွက်ပြူ၍လာသကဲ့သို့၊ သုနာပရန်-အပရန်နှင့်၊ တမ္ဗဒိပ၊ တိုင်းမချက်ချာ မြန်မာတို့ နေရာတွင်၊ အာဏာစက်ဘုန်း ဘဝဂ်ချွန်းမျှ မနှုန်းတန်ရာ၊ ရှေးမင်းမြတ် ဒါယကာတို့သည်၊ သာသနာသုံးပါးကို၊ ကြီးပွားအောင်ကူပင့်၍၊ မြိုးမြှင့်တော် မူခဲ့ကြသည်နှင့် အညီ အလိုလိုထွန်းပြောင်၊ ထွတ်မြတ်တောင်သို့၊ ဘုန်းရောင်တင့်တယ် ကြည်ညိုဘွယ်အခန်းခန်း၊ အံ့ဘနန်းဖြစ်စေအောင်ကုန်ဘောင်မင်း-၆-ဆက်မြောက်မြန်မာသကရာဇ် ၁၁၄၃၊ ခုနှစ်၊ နန်းတက်တော်မူသော၊ ဘိုးတော်ပဒုံမင်းတရားကြီး၊ နန်းစံ- ၂၁-နှစ်မြောက်တွင်၊ ဟင်းသာတမြို့-မြို့သူကြီး၊ ဦးပါရဲသည်၊ မြန်မာသကရာဇ်-၁၁၆၄-ခု-နှစ်၊ လက်မွန် အခတည်ထားကိုးကွယ်သဖြင့်၊ ဘုရားဒါယကာကို အစွဲပြု၍-ဦးပါရဲ စေတီတော်ဟု၊ ယခုတိုင်ခေါ်တွင်နေသည် ဖြစ်ပါကြောင်း။

ထိုသို့ပင်ဖျော်၊ အစဉ်အတိုင်း ကသိုင်းဝန်းပမာ၊ ဖူးမျှော်ခြင်းခံခဲ့ရာ လွန်ခဲ့သော နှစ်များက၊ ဇရာဝတီကမ်းနဒီက အလိမ့်လိမ့် ပျက်ပျားစေအောင်၊ ကမ်းအများ ပြိုလျက် ပြိုဟွာစိုရဲမဖက်၊ မနှစ်သက်စရာ ကြုံတွေ့၍လာသည်ကို၊ သက်သာရာ သက်သာကြောင်း စေတနာကောင်းကောင်းဖြင့်၊ လူထုပေါင်းချမ်းသာရန် နိုင်ငံတော်အစိုးရ မင်းတို့သည် မငြင်းမဆန်၊ သိန်းသုံးဆယ်အကုန်ခံ၍၊ သောင်ယံဖျက်သဘော်ဖြင့်၊ ၂-လောတိုင်တိုင် မယိမ်းယိုင်အောင် ခိုင်မာစေမှု၊ ဖေါက်လုပ်ဖြင်းပြုသော်လည်း၊ အောင်မြင်မှု မရဘဲ ပြိုမြ ပင်ပြိုလျက်၊ အဆက်ဆက်လူတလွှား ဆုံးရှုံးကာပျက်ပြား၍၊ နွမ်းပါခြင်း ဖြစ်ခဲ့ပါ ကြောင်း။

ခရစ်သကရာဇ်-၁၉၅၆-ခု-နှစ်တွင်လည်း ဟင်းသာတမြို့ ပွဲစားကုန်သည်၊ အသင်းများကလည်း၊ ထန်ပြင်းသောစေတနာ ကောင်းမြတ်သောသဒ္ဓါဖြင့်၊ မြို့ရွာလူထုမှ ကောက်ခံရရှိသော ငွေများဖြင့်၊ ကြိုးစား၍ဆည်ခဲ့သော်လည်း၊ အောင်မြင်မှုမပေး၊ ကမ်းပြိုဘေး မရပ်နား၊ ရေနတ်ခေါ် မောင်နဂါးက၊ ငါ့တကားကြိမ်းတော်မူ ဘုရားပါပင့်ယူ မည်ဟု၊ တလူလူမာန်ဝင်၍ အောင်မြင်ခြင်းမရှိခဲ့ပါကြောင်း။

ခရစ်သရာဇ် ၁၉၅၈-ခု-နှစ်သို့ ရောက်သောအခါ ဦးပါရဲစေတီမဟာ၏၊ ငုံကာ သော အခုင့်တံတိုင်းကြီးမှာ၊ အပိုင်းပိုင်းအလွှာလွှာ ကမ်းထည်းသို့ပါခဲ့ရ၊ ဤခါကအစပြု

ကမ်းပြို့မှုဖမ်းစားသော။ နတ်နဂါးရေစွယ်ကို တကယ်တန်း ချိုးဖျက် ငါတို့ဘက် အပါ ယူတော့မည်ဟူသော ဆန္ဒဇောဖြင့် စိတ်ရော ကိုယ်ပါ။ တိုင်းလျှပ်စစ် အင်ဂျင်နီယာဟု။ သမ္မာပြန့်မွှေး သတင်းပြေးခဲ့သော ရှေးခါကအမှန်။ ဂျာမဏီပြည်နိုင်ငံသို့ အမှန်ရောက်သွား လေ့လာခြားခဲ့သော။ ဂျာမန်ပြန် ဦးကြည်ထွန်းနှင့်။ အတွင်းရေးမှူး-ဦးကျော်လှ အဖွဲ့သားတစုတို့သည်။ မြန်မာမှုနည်းတရပ်-လောကဓာတ်တဖြာ။ ယတြာတဖုံ အလုံးစုံ မကျန်ရအောင် သုံးနှစ်မျှကြိုးစား၍။ စီးပွားရေးမဖက် စေတနာ သက်သက်ဖြင့်။ ဆောင်ရွက်မှုအတန်တန်ကြောင့်။ ဟိုယမန်မောက်ကြွားလျက်။ ထောက်ထား ခြင်းမရှိ မာန်နတ်၏ကိုယ်စား။ မောင်ရေနတ်နဂါးသည်။ ဘုရား၏ဂုဏ်နဘော လူထုတွေမချမ်းသာအောင် ဘရမ်းပတာပြုခဲ့သော။ အမှုသွားကိစ္စများ။ ယခုဖြင့်မှားချေပေါ့ဟု။ ဝပ်တွားကာနှိမ်ချလျက်။ ခယတောင်းပန်သောအလားကဲ့သို့။ ထင်ရှားသမှု အထက်ညာ ကုဋ္ဌိုဗြမ္မ။ ကြည့်ရှုတိုင်းအံ့ဘွယ်ပင်။ ဘုရားရှင် ခြေရင်းရောက် သောင်နှစ်ငွယ် ပေါ်ပေါက်ပြီး နောက်တခါ မပြုပါဟု၊ ဆိုရှာသောအလားကဲ့သို့၊ မျက်ဝါးထင်ထင် တွေ့မြင် ရသည့်ဖြစ်ပါကြောင်း။

ဤသို့လျှင်၊ မြော်မြင်ရှေ့ပြေး မြို့တော်၏ဘေး၊ စေတီတော်၏ဘေးမှ။ ကင်းဝေးချမ်းသာခြင်းကို။ ထင်လင်းစွာ တွေ့မြင်ကြရသော။ ရဟန်းရှင်လူ အပေါင်းတို့မှာ နှစ်ထောင်း ရှင်ပျ သောမနမှု။ ရွှေကြာမြ ပဒုံသည်။ နေအရုဏ် တွေ့သောအခါ ငွါးငွါးစွင့်စွင့်။ မားမားတင့်လျက်။ ပွင့်ခြင်းသို့ရောက်သည့်ပမာကဲ့သို့။ ဗရဏပီတိ ဂွမ်းဆီထိ ပုံသွင်နှယ်။ အသွယ်သွယ်လျှမ်းကြွ။ ဇောစိတ်ဟု ဖြန်းဖြန်းထလျက်။ ဝမ်းမြောက်ကြ ကုန်စင်။ ကျေးဇူးတင်တဝ။ ငြိုးကျူးကြမနေသဖြင့်။ ပြောမဆုန်းနိုင်အောင် ဖြစ်ကြရပါကြောင်း။

နောက်နှောင်းအခါ။ ဘယာကမ်းဘေး ဝေးသည်ထက်ဝေးစေအောင်။ ရှေ့ပြေးသောဉာဏ်ပညာ၊ မြော်မြင်စွာတဖန်သည်းခံခြင်းတရား။ မနသိပ္ပားပြီးလျှင်။နိပါတ်သွားသာခက။ အလောင်းတော် ဇနက လုံးလလွန်ကြူး။ ပင်လယ်မှာကူးနေရာ မေခလာ နတ်သွီး။ ကယ်တင်သော ထုံးနည်းကို။ အပြီးတိုင်ယူဆ၍။ ဝိရိယမလျှော့ မပေါ့သော သတိတချား စွဲးလက်ကိုင်ထားပြီးလျှင်။ ကောင်းစားအောင်ပြုနိုင်စေသောဟူ၍။ မြို့နယ်ရှိ ရှင်လူတို့၏ကိုယ်စား။ တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဂျာမဏီပြန်။ ဦးကြည်ထွန်း-အတွင်းရေးမှူး၊ ဦးကျော်လှနှင့်တကွ။ ကမ်းဆည်ရေးအဖွဲ့ဝင်အပေါင်းတို့အား။ ဆုတောင်းမေတ္တာထောပနာဖြင့်။ သြဘာစကားရေးသားခြီးမြှင့်ရသည်ဖြစ်ပါကြောင်း။

သုခိတာဟောာထ-ဒုက္ခမုဉ္စထ။

ဟသ်ာတမြို့ ကမ်းပြို့ဘေးလွတ်အောင်၊ ကြိုးဆောင် အားထုတ်ကြသော၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာ၊ ဂျာမနီပြန်-ဦးကြည်ထွန်းခေါ်-ဦးသန်းနှင့် အတွင်း ရေးမှူး ဦးကျော်လှတို့အား၊ ယခုအခါ နိုင်ငံတော်ပန်တျာကျောင်း ကဗျာနည်းပြ ကဝိဓဇ အယ်ဒီတာ ဆရာထွန်း(ဟင်းသာတ)က၊ ရေးသားချီးမြှင့်ဂုဏ်ပြုအပ်သော-တေးထပ်-၂-ပုဒ်။

# (တေးထပ်)

(၁။) သာသနာ မြှူးကြွကဲးစေသည့်၊ ဦးပါရဲ့စေတီ၊ ပြိုလုလုဟန်ချီသော် မြန်မဟာမိုရ်ကျချုန်း......ဓလျှ-ဩချမှိုင်ပြီဒေါနခိုင် နေထိသို့နှုံး။......ဦးကြည်ထွန်း ဂျာမဏီပြန်ငယ်၊ မှုသွားဥာဏ်ဆင်အုံး.......ပူပွားဟန်ရှင်မပြုံ့နိုင်နှင့် တခွင်လိုး နယ်သူ၊ ကမ်းဆည်ဘွယ် တောင်းပန်ကြတာမို့၊ ကောင်းရန်ပ အားထုတ်ကြိုယူ၊ ယခုဖြင့် တောင်ဇမ္ဗူမှာ၊ သောင်တလူမြင့်ဖြူးလို့၊ တင့်ထူးသည့် မြတ်ဘဂဝါ ကမ်းရပ်တည်လာ ဦးကျော်လှ·တွဲဖက်ခါငယ်-မြဲလျက်သာ တည်ကြောင်းပလေး။....။

(၂။) မြန်ရွှေပြည့် လင်းဖြာကြွ၊ ဟင်းသာတ မြို့တော် ယင်းဋ္ဌာန—မြို့အမေ်ကို မချို့နေ်ပျက်ရေး.......ကမ်းပြို့ချိစိတ်ပျက်ခါပင်၊ နှိပ်စက်လာ ကျရောက်သည့်ဘေး၊ မြို့တဝက်မချမ်းသာသည်၊ လမ်းတကာရှောင်ပြေး...ငြမ်းပမာဆောင်သွေးလို့၊နောင်အရေးကောင်းဘွယ် ကမ်းအပြိုတခါရပ်စေတို့ သဒ္ဒါမြတ် ကြိုးကုတ်ကြိုရွယ် သက်သာ့ရှုတဟန်တွယ်ပြီ၊ ဉာဏ်တသွယ် ထူးတည်ညွှန်းပါကြ၊ ဦးကြည်ထွန်း-ရှုမြော်မြင်၊ မြူးကြွဂုဏ်အင်-ဦးကျော်လှ-တဖုံယှဉ်သည့် ဝသုန်တွင် မေ်ကွန်းပလေး။......။

★အယ်ဒီတာ—ဆရာထွန်း★

နိုင်ငံတော် ပန်တျာကျောင်း
ကဗျာနည်းပြ-ကဝိဓဇ-ပဏ္ဍိတဘွဲ့၊ ဩဘာ ဘိသေက-ပဏ္ဍိတဘွဲ့နှင့်၊
ဂုဏ်ထူးဆောင်လက်မှတ်ရ။
**(အယ်ဒီတာဆရာထွန်း)ဟသ်ာတ၏ပုံ။**



နိုင်ငံတော်ပန်တျာကျောင်း၊

ကဗျာနည်းပြ-ကဝိဓဇ ပဏ္ဍိတဘွဲ့ ဩဘာဘိသေက ပဏ္ဍိတဘွဲ့ နှင့်

# ဂုဏ်ထူးဆောင်လက်မှတ်ရ၊

# အယ်ဒီတာ-ဆရာထွန်း

**ဟံသာဝတ၏ပုံ၊**



# ဘုရားတိုင်ရတုပိုဒ်စုံ (ဇမ္ဗူ့တန်ဆောင်ချ)

(၁) မြင့်ဖြူးဇေယျာ။ ဂုဏ်သမ္ဘာတည့်၊ ဟင်းသာရွှေတ၊ သမိုက်ကြရှင့်၊ နာမထင်ပေါ်။ ရွှေမြို့တော်ဝယ်၊ ရှေးဆော်တမူ၊ များရှင်လူတို့၊ ကြည်ဖြူကောင်းစွာ နေခဲ့ရာတွင်၊ ရောက်လာမနှေး။ မီးဒဏ်ဘေးကြောင့်။ တဝေးပျက်စီး၊ ဖြစ်လေပြီးသော် အတ္တိုးယခေါင်။ ကြိုးကုတ်ဆောင်လျက်။ တည့်ထောင်စည်ကား။ နေထိုင်ငြား၍။ အသားယူကာ၊ များမကြာပင်။ ဇရာဝတီ၊ ကမ်းနဒီမှ၊ တလီရေကြမ်း၊ သော့သော့ သွမ်းသည့်။ အရမ်းမာန်သို့။ ကမ်းတွေပြိုပြီး။ ပင်ကိုယ်လူများ။ နှိပ်စက်ငြားလျက်။ ဘုရားစေတီ။ ရှုစအိကို။ မဟာရိုက်ချုန်း။ မုန်းချင်မုန်းတော့။ ဖြုန်းကာ ပင့်မည့်။ ကြံတွေးသည်သို့။ မြန်ပြည်တလွှား။ ရှင်လူများဝယ်။ စိတ်ထားယိမ်းယိုင်။ မပြုံးမှိုင် အောင်၊ အပိုင်စီးဘွယ်၊ ဝင့်ကျယ်ကျယ်ဖြင့်။ ကမ်းစွယ်တလွှား။ ကုန်စင်စားမည့်၊ နဂါးရေနတ်။ မာန်ထောင်လတ်၍။ မပြတ်ပြုလာ။ သူ့ကြမ္မာသည်—ဇေယျာသောင် ကမ်း ထွန်းပြီဘုရား။ ။

(၂) တင့်ထူးတေဇာ၊ ဂုဏ်နဝါအား။ သဒ္ဓါယုံကြည်။ စွဲးမှတ်တည်သား။ ကယ်မည်လူကောင်း။ ရှာဖွေကြောင်းကို။ အပေါင်းကုန်စင်။ ရှုဆင်ခြင်သော် ယခင် ခါဆီ။ ဂျာမဏီနှင့်။ တလိရှုရှား။ နိုင်ငံခြားသို့။ သွားရောက်ခါပင်၊ ပညာသင်ခဲ့။ အင်ဂျင်နီယာ- စွမ်းဂုဏ်ဝါဖြင့်။ ပြည်ရွာကသိုဏ်း၊ ပုံတန်ခိုးပင်။ တိုင်းလျှပ်စစ်ဝယ် စီမံခြယ်သည့်။ ဖြိုးကယ်ပြည့်ဝန်း။ ဦးကြည်ထွန်း နှင့်၊ ခေါ်ညွှန်းတူမျှ။ ဦးကျော်လှဟု နာမကျော်ထင်သင်း။ စိတ်ကောင်းရင်းဖြင့်၊ အတွင်းရေးမှူး။ လို့လာထူးလျက်။ ၂-ဦးတိုင် ပင်။ အဖွဲ့ဝင်တို့။ ကောင်းအင်ကြိုးစား။ တို့ဘုရားနှင့်။ အများရှင်လူ။ အောင်ယူဆုဘို့။ ဇမ္ဗူမြေပေါ်။ ထင်ရှားကျော်၍။ နှောင်းသော်မော်ကွန်း။ စိုက်တည့်ထွန်းဟု။ အောင် ခွန်းအောင်သံ။ အောင်ပွဲခံတည့်။ နဘဲထက်အောက်၊ ဘဝင်ပေါက်မျှ။ အံ့လောက်ရာ ပင်။ ရပ်တန်းဝင်၍။ အောင်မြင်ချခါ။ ဖြစ်ခဲ့ပါသည်...............တေဇာရောင်လွှမ်း ဝန်းပြီ ဘုရား။........။

(၃) ဝင့်မှူးဝေဖြာ၊ ရှေးသောခါက။ မြန်မာနိုင်ငံ။ စိုးပိုင်စံ၍။ ကြယ်ရုံငါးပွင့် အောင်လံသွင့်သား။ မြင့်ဇမ္ဗူကျော် နိုင်ငံတော်ကို။ ပိုင်သော်ဖြိုးကြွ။ မင်းစိုးရတို့။ ဘေးမှကင်းစေ။ ကယ်တင်စေဟု။ စေလွှတ်မိန့်မြွက်။ အာဏာစက်ဖြင့်။ သောင်ဖျက် သဘော်။ မြစ်ရေကြောဝယ်။ ၂-လောတိုင်တိုင်။ ဆောင်ရွက်ကိုင်လည်း။ မနိုင်လေငြား ကမ်းကိုစား၍။ ရပ်နားလေဘဲ။ မြဲစမြဲဖြင့်၊ ကဲဆင့်လျက်သာ။ မြို့ကျလာရှင့်။တဖြာ မြော်ရည်။ မြို့တော်တည်အောင်။ ကုန်သည်ပွဲစား။ အဖွဲ့များတို့၊ အားကြိုးမာန်တက် ပြုတုံလျက်လည်း။ နှိပ်စက်ကမ်းခွင်။ ပြိုမြဲပင်တည့်။ မငြင်စိတ်ထား။ မြတ်ဘုရား၏။ ထံပါးနီးလာ။ ဖြစ်သည့်တာကို၊ ကယ်ရှာဘွယ်ရေး-ဥာဏ်ကုန်တွေး၍။ တပြေးရည် ညွှန်း၊ ဦးကြည်ထွန်းနှင့်။ တိုက်တွန်းပြောကြ။ ဦးကျော်လှပင်။ အဖွဲ့ဝင်တို့။ ကုန်စင် ငြငြား။ တိုင်းကားမြဲရာ။ [illegible]

ဟင်္သာတမြို့-ကမ်းပြိုခြင်းဘေးမှ လွတ်ကင်းအောင်

## အားကြိုးမာန်တက်ကြိုးဆောင်အားထုတ်၍ ဆည်ကြသော ပုဂ္ဂိုလ်များအား ရန်ကုန်မြို့ နိုင်ငံတော်ပန်တျာနှင့် ပြဇာတ်ကျောင်း၊

# ကဗျာနည်းပြ-ကဝိဓဇ-အယ်ဒီတာဆရာထွန်း

## (ဟင်္သာတ)က ရေးသားချီးကျူးအပ်သော

# (ထောမနာလေးချိုး)

မဏိအလား-ပဒုမြားပမာ-မြော်မြင်တို့အချက်မှာလ၊ မိဇရားငါးဖြာ- ပေါ်လွင်လို့ထွက်ခဲ့ပါသမင့်၊ တော်ဝင်ဂဇက်သာတည့်၊ မျိုးကြက်သရေ လင်းသဟာ၊ (အိုကွယ်) မဟော်အသွင်မပျက်၊ ကျော်အစဉ်ဘာယက်ကယ်သို့........ ပေါ်တမင်မြွက် ရလျှင်ဖြင့်- မြို့ကနက်ရွှေဟင်းသာ........။

ကမ်းအပြိုဘေးကိုလ၊ ပန်းလိုမွေးရန်ကော့၊ တခန်းအဆို ပေးရလျှင်ဖြင့်၊ ကြဋ္ဌန်းဗဟိုအေးဘွယ်- စန်းယုန်လွှာလင်းသလိုပ၊ နန်းဘုံအမတာချင်းဘွယ် ရည်မြော်စာကြသည့်နှင့်၊ ပြည့်တော်သာအောင်- အချုပ်ဓမ္မအစဉ်သဘောငယ်မို့၊ ဥက္ကဋ္ဌတင်နှော့သူ- ဟို........ဟိုယခင်အခါက၊ ထိုထိုပညာ မဗာပြည့် ကြိုင်လျှံ နှင်ကြစေဘို့၊ ဂျာမဏီနိုင်ငံအပြင်- ရုရှစခန်းဆီသို့၊ ဗမာမဟာဓိပိုင်စံ- ယခုတာခဏ လန်းရဒအောင်၊ အတုရဘို့ လှမ်းသကွယ်၊ ကသိဏ်းအသွင် မှီလာပျော်ခဲ့တဲ့၊ တိုင်းအင်္ဂျင်နီယာ- ခေါ် ဦးကြည်ထွန်းကိုလ၊ အထူးတလိုညွှန်းရှယ်- ကမ်းဆည်ရေးကိုကွယ်........ရှေးရှုဖန်ခါ၊

သတင်းမနှေး ထူးအင်၊ မြူးပျော်စရာ့ပွားအောင်လို့၊ အတွင်းရေးမှူးပင် ဦးကျော်လှ ထားသည့်ပြင်၊ အမှူးတပေါ်မှု တရားသူ၊ ကမ္ဘည်းတရပ်တွင်ခဲ့တဲ့၊ မိုးသတ်ရာဇဝင်ဝယ်........ တံခွန်အလားသော်မနှေးပေဘူး၊ ညွှန်ကြားရေးခေါ်- အဟောင်းဝန် တဦးပေမို့၊ အပေါင်းအလွန်မြူးဘွယ်- ဦးဘကြီးကိုလ၊ အထူးတာဥာဏ်မှီးသနော်-စာရင်းစစ်ထားပါလို့၊ အခင်းအပြစ် မပွားစေဘို့ခန့်လေတာ........ မြန်သပြေညာမှလ- နောင်

# ည။

ထောမနာတရား........ (အိုဗျာ) ဥာဏ်ပဒေသာတွေကိုဖြင့် အောင်ဩဘာစကား........ များစွာရှင်လူ........အားတက်ခါ နလံထူကြပါပေါ့။ မြန်ဇမ္ဗူ-တသွေမတိမ်းရအောင်ပ၊ ငွေထိန်းတွင် ဦးရွှေတယောက်ကယ်နှင့်၊ အထူးပြေတလျှောက်ဝယ်။ အခြေတပန်တည် ခဲ့တဲ့။ ရွှေပုဂံပြည်- ယခင်သော်အခါက။ ဘုရင်နော်ရထာ- ကမ်းဆည်မြောင်းတို့ကိုလ ငြမ်းတမည်ကောင်းအောင်- စိမံလာသကဲ့သို့။ ပြည်တန်ရတနာတွေ ရကာပေါင်းသ လိုပ။ ကုသလာအကြောင်းပင် သဘောထားမယုတ်ခဲ့ပါဘူး။ အပြောသွား မဟုတ် သနော်........ အလုပ်နယ်စခန်းရယ် နှင့်။ ကမ်းတသွယ် မပြိုအောင်။ ငြမ်းနှယ်တခို ပွန်းမွန်းပြီးတော့။ ခတ်ယကြာအဖုံဖုံငယ်။ အတတ်အဖြာဖြာ တဂုဏ် လွှမ်းသော် ကြောင့်။ ကုဏ္ဍလာရေအိုင်မှာ၊ ပဒုံမာ ရွှေကြာခိုင်လန်းသလိုပ........ဘုရားစေတီတော် ငယ်- တကြွားကြွား မြေမဟီပေါ် လျှမ်းခဲ့ပါပေါ့—ဩော်........ချမ်းသာရအောင်ဖြင့် ဖြူ့ဗိုရ် တမျိုးမပျက် အောင်ပနက်တမျှ- နဂရာမဟီတလွှားတွင်ဖြင့်။ (ကြိုးစားကြ သူတို့မှာဗျာ) ကိုယ်အကျိုးမဖက်သမို့........ဆောင်ရွက်ကြပါသည်အများ...... ။

(ဆရာထွန်း)



ဟသ်ာတမြို့-မန္တလေးကျောင်းတိုက်
ကျောင်းထိုင်နာယက- ဓမ္မကထိက၊ မြို့နယ်ဝိနည်းဓိုရ်
**မန္တလေးဆရာတော်-သိရိအာဂသဘ**
မဟာထေရ်မြတ်၏ ပုံတော်။

### ဟင်္သာတမြို့—မန္တလေးကျောင်းတိုက်

## ဆရာတော်-အရှင်အာသဘ မဟာထေရ်-၏

# (ထေရုပ္ပတ္တိအကျဉ်းချုပ်)

ယခုအခါ-ရန်ကုန်မြို့- နိုင်ငံတော် ပရိယတ္တိကျောင်းကဗျာနည်းပြ၊ကင်မဇ ပဏ္ဍိတ အဘိဓမ္မာ ဆရာလွန်း (ဟင်္သာတ)က၊ မန္တလေးကျောင်းဆရာတော် ဦးအာသဘ အရှင်သူမြတ်၏ ထေရုပ္ပတ္တိကို၊ ဟတ္ထမုဒြာ လက်ကိုင်မိသေသသုတေ သနဖြင့် ရေးသားအပ်သောအရာပင်ဖြစ်ပါသည်။ ။

★ ပဋ္ဌဂုဏ် အပဋ်ဝန္တာမိ သဗ္ဗဒါ ★

ဤစာအုပ်ကို၊ ကြိုးကုတ်မနေ၊ ရှာဖွေစီရင်၍ ရေးသားတော် မူသော မန္တလေးကျောင်းတိုက် ဆရာတော် ဦးအာသဘ အရှင်သူမြတ်သည်ကား မိဖုရား ငါးဖြာ ပေါ်ထွက်ရာ၊ ဟင်္သာတခရိုင် မြို့ဦး၌ဘုရားစေတီတည်ရှိ၍ ဂူထွက်ဟု တွင်ခဲ့ပြီးနောက်၊ မွန်လူမျိုးတို့ရောက်လာသောအခါ၊ ထိုဘုရား စေတီတော်ကို တွေ့ရှိအံ့ဩကြလျက်မွန်ဘာသာစာဖြင့်(ခုင်လံဆံု)အသံထွက်ကာခုံလှေချီးဟု အသံထွက်သည်၊ ခုံ-ကားမြို့၊ လှေချီးကား-တွေ့ရခဲသော၊ တနည်း အားဖြင့်- အတွေ့ရခက်ခဲသော (ဝါ) မတွေ့စဘူး ဘုရားစေတီတော်ကိုတွေ့ရသော မြို့ဟု ဆိုလိုသည်။ နောင်သောအခါ-ခုံပြုတ်၍(လံဆံု)လှေချီးကို၊ မြန်မာတို့က မသိသသောကြောင့် လွန်ဆေးဟူ၍ခေါ်သောမြို့၊

ကုန်းဘောင်ခေတ်ကို၊ ရှေးဦးအစတည်ထောင်ခဲ့သော၊ရွှေဘိုမြို့ -မြို့စားကြီး မင်းညိုစံ-မဟာဒေဝီ စောပြိမ်းဦးတို့၏သား၊ ငယ်မည် ဦးအောင်ဇေယျ၊ ဘုရင် ဘွဲ့ခံ အလောင်းဘုရားသည်၊ သကရာဇ် ၁၁၁၄ ခုနှစ် နန်းတက်တော်မူ၍၊ကွေ့ ရှမ်းတို့ကို ရှေးဦးစွာနှိမ်နင်းပြီးသည့်နောက်၊ သကရာဇ် ၁၁၁၅-ခုနှစ် တွင်၊ ရတနာသိင်္ဃ၊ ကုန်းဘောင် ရွှေဘိုမြို့ကိုတည်လေသည်၊၁၁၁၆-ခုနှစ် ပြည်မြို့ကို ရလေသည်၊ ၎င်းနောက် ၁၁၁၆ ခုနှစ် မှာပင်လျှင် ဂူထွက်မြို့- လွန်ဆေးမြို့ ကို ရရှိသိမ်းပိုက်တော်မူ၍၊ အမြန်အောင်မြင်ရန်ဟူသော နိမိတ်ကို ကောက်ယူ၍

သမုတ်ခဲ့သော မြန်အောင်မြို့ နေခြည်ရပ်ဘုင် အဘ(ဦးမောင်စု)အမိဒေါ်လှမယ်တို့မှ။ ကာမဘုမ္မိ။ သုဂတိဟု။ ဓာတိလူ့ပြည်။ သန္ဓေတည်၍။ ဖွားသည့် စင်စစ် သကရာဇ်သည်ကား၁၂၇၇ခု။တော်သလင်းလပြည့်ကျော်(၈)ရက်သောကြာနေ့နံနက် စက်နာရီ ၉ နာရီခွဲး အချိန်တွင်။ ရတနာသုံးပါး။ဦးထိပ်ထား၍မာတာမိခင်။ သားကောင်းရတနာကို ဖွားသန့်စင်သည်။မည်ပင်သာယာ။ ခေါ်စရာကား (မောင်သိဘာဆွေ) ဟူ၍။ နာမကရဏာ မင်္ဂလာဖြင့်။ ခေါ်တွင် ပညတ် သမုတ်အပ်လေသည်။

ရတနာသတို့သားကို ဖွားမြင်ပြီးနောက် ၇-နှစ်သား အရွယ်သို့ ရောက်သောအခါ။ ၂ဖြာသောမိဘတို့သည်။ လောကီစီးပွားရေးအရ။ မိမိနေရင်းဖြစ်သော မြန်အောင်မြို့မှ-ဇင်းမြို့နယ် ရွှေကျင်ရွာကြီးသို့ ရွှေ့ပြောင်း နေထိုင် ကြလေသည်။

ထိုရွှေကျင်ရွာ တိုက်ကျောင်းဆရာတော်ဘုရားကြီး အရှင်ပညာဒီပမဟာထေရ်မြတ်ထံတော်သို့ အပ်နှံထားရာ။ မင်္ဂလသုတ်-ရှင့်ကျင့်ဝတ် ၇၅ပါး။သဒ္ဒါ ရှစ်စောင်။ အဘိဓမ္မာသင်္ဂြိုဟ် လက်သန်းအဋ္ဌကထာစသော ထိုထိုကျမ်းဂန်။ အတန်တန်ကို သင်အံတာဘ်မြောက်ခြင်းသို့ ရောက်လေသည်။

၉-နှစ်သားအရွယ်သို့ရောက်သောအခါ။ တိုက်ကျောင်းဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြုလုပ်၍။ သာမဏေရ။ပဋ္ဌာန်းမင်္ဂလာ သာသနာတော်တွင်းသို့။ သွတ်သွင်းချီးမြှင့်ခြင်းခံရသဖြင့်။ (သိရီအာဘာ)ဟူသော ဘွဲ့မည်တော်ကိုပေးတော်မူသည်။ ၁၅-နှစ်သားအရွယ်သို့ရောက်သည့်ဘိုင်အောင်။ထိုတိုက်ကျောင်းဆရာတော်ကြီး၏ ထံတော်မှာပင်။ တပည့်တို့၏ဝတ်။ မချွတ်ယွင်းစေမူ၍။ ဋီကာကျော်-ရူပသိဒ္ဓိ - ကာရိကါစသော ကျမ်းတို့ကို။ (ကြိုးဘြိုးပမ်းပမ်း။ မဖိတ်တမ်းတည့်။ လူစွမ်းသဖွယ်)ဟူသော ရှင်မဟာရဋ္ဌသာရ ရေးသားတော် မူသော။ ဟဿပါလ ကိုးခန်းပျို့နှင့်အညီ သင်ကြားအားထုတ်ခဲ့လေသည်။

၁၆-နှစ်သားအရွယ်သို့ရောက်သောအခါ ရှေးအခါက မန္တရေး(မံ-ရရ) မံ-ကြက်သရေဒ-ပေါင်းတို့ကို၊ ရရ-ဆောင်သောမြို့ တဖန် ပညာရှိ ရတနာအပေါင်းတို့၏ စုဝေးရာဖြစ်သောကြောင့် ရတနာပုဏ္ဏ-ခေါ်သော ရတနာပုံ။ ယခု အခါ မန္တလေးဟုခေါ်သော ဘုရင်မင်းမြတ်တို့ နန်းစိုက်တော်မူရာသို့ သွားရောက်၍၊ စကာဘိုက်- မြသိန်းတန်ဆရာတော် ဘုရားကြီးနှင့်။ စချတိုက်အုပ် ဆရာတော် ဦးစန္ဒိမာဘိ၏ ထံတော်တွင် ပိဋကတ်တော်များကို သင်ယူအားထုတ် လေသည်။

အသက်၁၉-နှစ်နှင့် ၆-လတွင် ရတနာပုံ။ ဇေယျပုံမဏ္ဍလေး မြို့တော်မှ နေရင်းဒေသဖြစ်သော ဖွေကျင်သို့ပြန်ကြွလာခဲ့၍။ သက္ကရာဇ် ၁၂၉၆ ခုနှစ်။ (မြိုင်ခြေငယ်သင်းပါလို့။ အင်ကြင်းငယ်ဖွေ့ဖူး။ ဝတ်မှုန်ငယ်စီသည်။ မြနန္ဒီ-သောင်တနိုက။ မောင်မယ်ညို မြူးပြန်ဇော့တယ်လေ။- ရာသီမိန်ငယ်။ ဂိမှာန်ရက်ပြောင်း။ လတပေါင်းမို့။ ရွက်ဟောင်းကြွေကာ။ ဥတ္တုရာနှင့်။ ကြယ်မှာဘဒြပိုဒ် လေးချက်သျှိန်၊ တိမ်ခြေဆိုက်လို့။စရိုက်ကယ်ဖွေ့ရှာ )ဟူ၍ မဟာအတုလမင်းကြီး ဖွဲ့ဆိုသကဲ့သို့လည်းကောင်း ဆီးနှင်းကြွေခဲ၊သာလွန်ကဲ၍။ရဲရဲမိုးလ။ဖဂ္ဂုဏာနှင့် ပြည့်ဝအညီ။ မိန်ရာသီဟု။ သရဖီပိတောက်။ ခိုင်မြောက်ညွန့်ညောင်း။ ဝတ်မှုန် လောင်းသည့်။ တပေါင်းလသာ။ လတကာထက်။ နှင်းရာဖက်ရှောင် ဟူ၍ စေဉ့် ကူးမြို့အပိုင် ဆိဘည်မျှာနေ၊ ဦးအောင်ကြီးဆိုသော အဝမြို့ဖွဲ့ လူးတား ကဲ့သို့ လည်းကောင်း။ (တဆယ့်နှစ်လျှင် ရာသီခွင်ဝယ်။ နောက်တွင်ရှေ့ဦး။ စ၍ကျူး သော်၊ ကွန့်မြူးတိမ်ခြေ။မင်းလွင်ဝေသော်။လေပြေသုတ်ဖျန်း တပေါင်းငင်းဆန်းက နတ်ပန်းဖွေ့ဖူး။ မိန်ရာသီတွင်၊ ဖူးစိုင့်အခါ။ ဥတ္တရာလည်း။ မကွာယှဉ်မှီ။ ထွန်းအ ညီတည့်) ဟူ၍ ဘိုးတော်မင်းတရားလက်ထက်။ ရဝေရှင်ထွေးဆိုသော ၁၂ရာ သီဒုန်စုံ ရတုကဲ့သို့လည်းကောင်း။ ဂိမှာနမှာသော။ ပဌမသို့ ဂိမ္ဟေဟူသည်နှင့်အ ညီ။ ရာသီအားဖြင့် မိန်ရာသီ။ မွန်းတည့်ခြင်းအားဖြင့်၊ ပြုဗ္ဗာဘဂုဏီ။ရာသီအဆင်း အားဖြင့် ကြေးပတ်ရုပ်။ ပန်းအားဖြင့် - သရဖီ-ဖက်ဆွတ်၊ မွန်းတည့်ဖဝါး အားဖြင့်။ ၄-ဖဝါး။ ခတ်အပိုင်အားဖြင့်၊ အာပေါခတ်။ဝေါဟာရ မာသအား ဖြင့်၊ တပေါင်းလပြည့်ကျော် ၃-ရက်နေ့ ကြာသပတေးနေ့တွင်။ တိုက်ကျောင်း ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍၊ သိမ်ဃာတော်အပေါ်း (၃၀) ကျော်တို့က။ ဖြိုးမြောက်မှုသဖြင့်။ မြန်အောင်မြို့အပိုင်။ကြို့တောရွာ။ဦးသွာ-ဒေါ်ဖွေသယ်တို့က ရဟန်းဒါယကာ ရှေးဦးစွာပြု၍၊ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

သကရာဇ် ၁၂၉၆ ခု၊ နယုန်လဆန်း ၁၂-ရက်နေ့တွင်။ ဟင်္သာတမြို့— ဂန္ဓာရာမ-ပရိယတ္တိ ဇောတိကာရာမ မြစ်ကွေ့ကျောင်းတိုက်ကြီး၌စတုဣမြောတ် ဆရာတော် အရှင်ပညာဝံသမဟာထေရ်မြတ်ကြီးနှင့်။ ဒုတိယနာယကဆရာတော် အရှင်နန္ဒမဇ္ဈတိယနာယကဆရာတော် တိုက်ကြပ်စာချဆရာတော်အရှင်နန္ဒိယ မဟာထေရ်မြတ်တို့ ထံတော်တွင်။ လေးနှစ်တိုင်တိုင်။ ဓမ္မကဏ္ဍာ။ အင်္ဂါကိုးမည်၊ ရင်နို့ဆိကို။ စွဲးနှီးသောက်စို့တော်မူပြီးလျှင် ၁၃၀၀-ပြည့်နှစ်တွင်၊ ပခုက္ကူမြို့သို့ ကြွရောက်ပြီးလျှင် ၎င်းမြို့ မဟာဝိဇယာ ရာမပါဠိတက္ကသိုလ် ကျောင်းတိုက်၊ အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော် သြဝါဒစရိယ-အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်

တော် ကပ်သွားပူဇော်ခြင်းခံရသော ကျေးဇူးတော်ရှင်၊ ထိပ်ခေါင်တင်မဟာထေရ်မြတ်ကြီးနှင့်တိုက်အုပ်ဆရာတော်ဦးဇောတိက။စာချဆရာတော် ဦးဥက္ကဋ္ဌ ဦးစန္ဒိမ ဦးသုမနစသောဆရာတော်အရှင်မြတ်တို့ထံတော်၌။ ၃-နှစ်တိုင်တိုင်။ကြံ့ခိုင်သော အာရုဏ္ဍဝီရိယဖြင့်။ ပါဠိတော်အဋ္ဌကထာ။ ဋီကာသယ်ကျမ်းတို့ကို။အစွမ်းကုန်သင်ကြားတော်မူသည်။

၁၃၀၃-ခုနှစ်တွင်။ အထက်ပါ ဆရာတော်ဘုရားတို့ထံ။ ခွင့်ပန်တော်မူ၍ ပခုက္ကူ။မြို့မှ ဟသ်ာတမြို့သို့ ပြန်ကြွပြီးလျှင်။ ဟံသာတမြို့-မြစ်ကွေ့ကျောင်းတိုက် စတုဒ္ဒိသမြောက် မြစ်ကွေ့ ဆရာတော် အရှင်ပညာဝံသ မဟာထေရ်မြတ်၏ ခြေတော်ရင်းဝယ် အလုပ်အကျွေး ဝတ်ကြီးဝတ်ငယ်။ အသွယ်သွယ် တို့ကို ပြုမူလျက်။ သုံးနှစ်ပတ်လုံး စာပေများ ချို့ပေးသည်။

၁၃၀၆-ခုနှစ်တွင်လည်း မန္တလေးကျောင်းတိုက် ဆရာတော်ဦးပါမောက္ခသည်။ ဗုဒ္ဓမြတ်စွာရောင်ဝါထိန်ညီး သာသနာတော်မြတ်ကြီးတွင် ငြိမ်းငွေ့ကာ မပျော်ပိုက်တော့သည်ဖြစ်၍။ လူ့ဘဝသို့။ ကူးပြောင်းတော့မည်ဖြစ်သော စိတ်အကြံရှိသည့်အတိုင်း။ မြစ်ကွေ့ကျောင်းတိုက်သို့လာပြီးလျှင်။ ယခုလက်ရှိ ဆရာတော်ဘုရားကြီး ရှင်နန္ဒဓဇ မဟာထေရ်မြတ်အား ပန်ကြား၍၊ မန္တလေးကျောင်းတိုက်သို့ပင့်ယူသဖြင့်၊ ၎င်းနှစ်မှာပင်။ မန္တလေးကျောင်းတိုက်ကို ဦးပါမောက္ခ ဆရာတော်ကပေးအပ်ပါသောကြောင့်၊ လက္ခံ၍ ၁၃၀၇ ခုနှစ်။ ဒုတိယဝါဆို လဆုတ် ၄-ရက်နေ့၌။မန္တလေးကျောင်းတိုက်သို့။ ပြောင်းရွှေ့ကာ။ ကျောင်းထိုင်နာယကဆရာတော်အဖြစ်ဖြင့်။ ယာပထလေးလို။ မှည်စွာ သီတင်းသုံးတော်မူပါသည်။

၁၃၁၀-ခုနှစ်တွင်။ (ရှေးအခါ မွန်ဘာသာဖြင့် ခုင်ပသိုင် ခုင်-ကားမြို့။ ပသိုင်းကား ပသိ—ပသိလူမျိုးတို့ နေထိုင်သောမြို့ ကျောက်စာအလို ပုသိမ်-ရှင်မဟာရဋ္ဌသာရအလို.ပုသိန်မြို့ မရမ်းချိုရပ် သူတော်ဥက္ကာ ခုနှစ်ဖြာဖြင့်။လွှန်စွာ ပြည့်စုံခြင်းရှိသော ဦးမောင်စော-ဒေါ်မင်းဦး တို့က ဒါယကာပြု၍ ဒုတိယအကြိမ် သိက္ခာတော်တင်ရဟန်းဒါယကာအဖြစ်ကို ခံယူသည်။

၁၃၁၁-ခုနှစ်။ အထက်မြို့ရိုင် အထောင်ရွာနေ သဒ္ဓါပသန္န။ တက်ကြွသောစေတနာရှိသော ဒါယိကာမကြီး-ဒေါ်မြမေကတတိယအကြိမ်သိက္ခာတော်တင် ရဟန်းဒါယာအဖြစ်ကို ခံယူသည်။

၁၃၁၂ ခုနှစ်တွင် ဟသ်ာတမြို့ ကန်လှရပ်နေ၊ ဦးမောင်ဟန်—ဒေါ်လှခင် တို့က စတုတ္ထအကြိမ်၊ ၁၃၁၃- ခုနှစ်တွင် ဟသ်ာတမြို့ ရတနာပုံကွက်သစ် ဦးဘထင်—ဒေါ်သိန်းမေ တို့၏သို့း မတင်ရီက ပဉ္စမအကြိမ် ၁၃၁၃ ခုနှစ် မှာပင် ဟသ်ာတခရိုင် မြန်အောင်မြို့နယ် ကုန်းတလုံးရွာကိုမောင်စိန် မငွေခဲတို့ကဆဋ္ဌမ အကြိမ် ၁၃၁၆ ခုနှစ်တွင်၊ ဟသ်ာတမြို့၊ လက်သမားရပ် မယ်လေးကြီး အမေ အမေရှင်းနှင့် သို့းအမလေးတို့က သတ္တမအကြိမ် ၁၃၁၇ခုနှစ်တွင် ဟသ်ာတမြို့ တပ်ရင်း (၃၀) ခြေလျင်တပ်ရင်း ဗိုလ်ကြီး ဗိုလ်အေးကို နှင့်— ဒေါ်မိမိလေးတို့ အမှူးထား၍- ဒေါ်ဒေါ်စိန်၊ ဒေါ်ဒေါ်မွေးစသော မြို့သူ မြို့သားအပေါင်း တို့က၊ ဟသ်ာတမြို့ဇေရာဝတီ မြစ်တွင် အလွန်တင့်တယ်လှသောအဆောင်တို့ဖြင့်စီမံခြယ် လှယ်အပ်သော ကချင်တံပေါင်တော်ကြီး၏ ဒါယကာ ပြု၍ ဦးလူ-ဒေါ်သန်းရှင်ပါ အဋ္ဌမအကြိမ်မြောက် ဖြိုးမောက်သော သဒ္ဓါတရားဖြင့် သိက္ခာတော်တင်ရဟန်း ဒါယကာအဖြစ်ခံယူကြပါသည်။

၁၃၁၇ ခုနှစ်။ (မြောက်လေငယ်သွင်းပါလို့၊ မြူနှင်းငယ်စိုစို၊ မြင်တိုင်း ငယ်ပျိုသည်၊ ရွှေကျိုးညိုတာချနှင့်၊ ကြတ္တိကာထွန်းတဲ့လကိုလေး၊တန်ဆောင် ငယ်မာသ၊ ဆဲ့နှစ်လတွင်၊ ချမ်းမြေ့အေးရင်၊ ဗြိတ္ထာခွင်သို့၊ ရက်ငင် ပြောင်းခွါ၊ ခဲးညှာ လုံး။ ခိုင်ဣာဝတ်ရှုန်၊ ရနံ့သာထုံတော့တယ်၊ဘုန်းဂုဏ်ကြော့သမ္ဘာဝိန် မှာ၊ လှူကထိန်သဘင်ခင်းပါလို့၊ ကျင်းကြတယ်လေး)ဟူ၍လည်းကောင်း(-လ ကိုတွက်မူ၊ ဝါရက်ကုန်ကျွန်း၊ ဗြိတ္ထာလှမ်းက၊ ဆန်းတန်ဆောင်မုန်း၊ ချမ်းစိမ့် တုန်းဝယ်၊ မိုးလုံးထိန်ဝါ၊ ကြတ္တိကာလျှင်၊ ယဉ်လာစမြဲ၊ ပန်းခဲးတို့၊ ခါပွဲးချိန် သင့်)ဟူ၍လည်းကောင်း၊ (ရစ်ခွေပတ်လှည့်၊ မိုးလပြည့်နှင့်၊ တူရှိပြိုင်လာ၊ ကြတ္တိကာတည့်၊ ဗြိတ္ထာရာသီ၊ နာရီညဥ့်ထိုး နတ်လည်းနိုး၍၊ သန်မိုးကုန်စဲး၊ နှင်းသေးဖွဲ့းသည်၊ ခဲးပွင့်တုန်း၊ တန်ဆောင်ခုန်း)ဟူ၍လည်းကောင်း၊ ရှေးစာ ဆိုတော်တို့အသီးသီး ဖွဲ့ဆိုတော်မူကြသော နတ်နိုးသောကြောင့်နတ်နိုးလ ဆိုမိုး တန်ဆောင်ထွန်းရှုန်း ကြသောကြောင့်၊ တန်ဆောင်မုန်းမှ၊ ဟထိုးပြုတ်လျက် တန်ဆောင်မုန်းသွန်း၁၄ရက်နေ့တွင်၊ ဟသ်ာတမြို့မှ ပွန်ဘာသာအားဖြင့် (လှုင်) အသံထွက် ဒဂုန်ယခုအခေါ် ရန်ကုန်မြို့သို့ကြွ၍ အိန္ဒိယနှင့်၊ သီဟိုဠ်သို့ ကြွရောက် နိုင်ရေးအတွက်၊ နိုင်ငံကူးလက်မှတ်စသည်တို့၊ ရရှိအောင် ဆောင်ရွက်ပြီးလျှင်၊ လပြည့်ကျော် ၉ရက်နေ့၊ အပေါ်ဆရာတော်များနှင့်အတူ၊ ဝေဟင်ခရီးမှ၊အထူး လေယာဉ်စီးလျက်၊ အိန္ဒိယပြည်ကလကတ္တားမြို့သို့ကြွရောက်ကြ၍၊ငင်း၁၂-ရက် နေ့ အိန္ဒိယ တပြည်လုံးရှိ ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရား အဆောက်အဦရှိရာ၊

မြို့ဌာနများကို စုံလင်စွာသွားရောက်ဖူးမျှော်ကြသည်။

၁၃၁၈-ခုနှစ်။ (ဆဲ့နှစ်ဖြာတွင်။ ရာသီခနူး၊ ရွှေဟင်းသာလဲး တာရာပြုလို့ ဇေယျပြဟ္မာ။ ဟေမန္တာမို့။ မဟာဗိန္နး။ နတ်မင်းပွဲမှာ။ ကျွေးမြေးပူဇော်။ လ-နတ်တော်)ဟူ၍လည်းကောင်း (နှင်းမှုင်းဝေရီ။ မိဂသီနှင့်၊ အညီမိုးလ။ ပြည့်ဝန်းပလျက်။ချမ်းမြရတု။ ခနူရာသီ၊ ရောက်ပြီဝန်းကျင်။ ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်။ လ-နတ်တော်)ဟူ၍လည်းကောင်း။ (ခနူရာသီ။ မိုးတိမ်ဆိတ်ဝယ်၊ မိဂသီလျှင်။ ရောင်မြူးရွှင်သော်။ သဇင်ပွင့်ခိုင်။ တောလုံးကြိုင်မှု)ဟူ၍လည်းကောင်း၊ (သဇင့်ရွှေရည်။ မြိုင်လုံးစည်၍။ လေပြန်ဖေ့သော်)ဟူ၍လည်းကောင်း၊ (သမုတ်မှန်။ ကေသာနှံ့သည်။ရွှေလျှံသဇင်။ဂမုန်းအင်လည်း။ဥကင်မြင့်ဘောင်။ရနံ့လှောင်ခဲ့)ဟူ၍လည်းကောင်း၊ ရှေးစာဆိုတော်တို့ဖွဲ့ဆိုတော်မူခဲ့သော ရှေးမင်းကောင်းမင်းမြတ်တို့ ပန်းတွေအလှန်ပေါများသည့်ကို စွဲး၍ ပုပ္ပ-တောင်၊ ယာခအခေါ်၊ ပုပ္ပါးတောင်သို့သွားရောက်၍ မဟာဂိရိ ဘောင်ကြီးရှင်ကို ပူဇော်သောကြောင့် နတ်လထိုမှတဖန် နတ်ပူဇော်ခြင်းနှင့် သင့်တော်သောကြောင့် နတ်တော်လ၊ သဇင်ဂမုန်းတို့ကလည်း၊ မြင်မဆုံးပွင့်ကြသော နတ်တော် လပြည့်ကျော် ဂ-ရက်နေ့တွင်။ အိန္ဒိယပြည်။ မဒရပ်မြို့မှ ခရီးဆက်လက်၍ သွားရောက်ကြလေရာ။ ခြင်္သေ့မင်း၏မျိုးစေ့မှပေါက်ဖွားသော သီဟဗာဟုမင်း၏သားတော်တည်ထောင်ခဲ့၍၊ သီဟဠ္ဌဟု-တွင်သော။ သီဟိုဠ်ကျွန်းသို့ ရောက်ရှိကြပြီးလျှင်။ ၎င်းကျွန်းရှိ ဗုဒ္ဓဘာသာကျောင်းကန်ဘုရား၊ တည်ထားကိုးကွယ်၊ အသွယ်သွယ်သော အဆောက်အဦရှိရာမြို့ဒေသဌာနများကို သွားရောက်ဖူးမျှော်ကြပြန်လေသည်။

အထက်အဆိုပါဘုရားကျောင်းကန်။ ခြေတော်ရာ စွယ်တော်မြတ်တို့ကို။ ရင်သပ်ရှုမော။ အံ့သြမပြီး၊ ချီးပ၍။ မကုန်နိုင်။ ပီတိတွေအဖြင့်ဖြင့်ဖြင့်။ အဆိုင်ဆိုင်ဖူးမျှော်ကြပြီးနောက်။ ပခန်း-ရှေးအခါက ကူခန်းဟုခေါ်သော။ ပခန်းဆရာတော်ဘုရားနှင့် မယ်တော်ကြီး ဒေါ်ဒေါ်သန်းတို့ကို။ တခမ်းတနား မှာကြားလိုက်သည်ဖြစ်၍။ ဆရာတော် ဦးအာသဘသည်။သီဟိုဠ်ကျွန်း ကိုလံဘိုမြို့။ ဆရာတော်ဦးဝိနယာ လင်္ကာရ။ တည်ထောင်ဆောက်လုပ်အပ်သော၊မြန်မာပိုင်- မဟာမကုဋာရာမကျောင်းတိုက်ကြီးတွင်သိတင်းသုံးတော်မူလျက်မဟာဗောဓိအသင်းတိုက်ကိုလံဘိုမြို့ ဗင်္ဂါလိုင်ပဿနာအသင်းကြီးနှင့်၊ ကိုလံဘို အကျဉ်းထောင်ကဏ္ဍဗောဓိသာသနာရိပ်သာစသော တရားဌာနများတွင်၊ ဝိပဿနာတရားတော်များကိုနည်းလမ်းကျကျ ယထာဘူတဖြင့်၊ ဟောကြားညွှန်ပြ။ ဆုံးမတော်မူ၍။ နိုင်ငံသားသာ

သနာပြုလုပ်ငန်းကြီးကို တနှစ်နှင့် ရှစ်လကြာမြင့်အောင် ဟောပြော ဆုံးမခြင်းပြု လုပ်ခဲ့လေသည်။

သီဟိုဠ်ကျွန်းတွင်၊ သီတင်းသုံးတော်မူစဉ်ကလည်း သီဟိုဠ်ကျွန်းသား ဗုဒ္ဓဘာသာဝင်များတို့သည် တရားနှစ်ခြိုက်၊ အမြိုက်သုခ၊ အမတသို့၊ ရကြ ရောက်ကြ၊ မျက်မှောက်ပြုကြသော၊ သတ္တိကရဏာကိစ္စ ဘာဝနာကိစ္စကို အားရ နှစ်ထောင်းတွေ့မြင်ကြားနာရပေသည်တကားဟု၊ အများအပြားကြည်ညိုလေး စားမှုကို ခံယူရရှိခဲ့ပါသည်။

ဤသို့လျှင် တရားရေအေး အမြိုက်ဆေးကို၊ တိုက်ကျွေးဆုံးမ၊ သြဝါဒပေး နေရာ၊ ဆရာတော် ဦးအာသဘအား၊ သက်ဆိုင်ရာပုဂ္ဂိုလ်များက၊ မြန်မာပြည်သို့ ပြန်လည်ကြွလာရန်၊ လျှောက်ထားပင့်ကြ လေသောကြောင့်၊ ၁၃၂၀-ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်နေ့တွင်၊ ဘီဘီလိုင်း ကုမ္ပဏီမှ ဒါဘီရှိုင်းယား မီးသင်္ဘောကြီးကို စီး၍၊ မွန်ဘာသာအားဖြင့်၊ (ကမောင်ခုင်-ကွာင်ခုင်) မြန်မာ မြန်မာအသံထွက်ကား၊ ကမန်-ခုံ၊ ကမန် မြို့ရိုးအရံ ခုံ-မြို့၊ မြို့ရိုးအရံထားသောမြို့ မြန်မာတို့က၊ ကြည့်မြင်တိုင်ဟု ခေါ်သော၊ ကျောင်းတိုက်-ဘုံပျံကျောင်း ဆရာ တော်- မထေရ်မြတ်နှင့် အတူပါလာကြပြီးလျှင်၊ နယုန်လပြည့်နေ့ မွန်ဘာသာ အားဖြင့် (လှူင်)အသံထွက်ကား ဒဂုန် မြန်မာတို့အခေါ်-ရန်ကုန်သို့ရောက်ကြ လေသည်။

ထို့နောက် ကြည့်မြင်တိုင် အောင်မင်္ဂလာ သိဒ္ဓိကျောင်းတိုက် (စံချိမ့်မွာ စရိယ) အရှင်ဉာဏာလင်္ကာရနှင့် သွားရောက်တွေ့ဆုံ၍၊ သက်ဆိုင်ရာပုဂ္ဂိုလ်များ က ပြန်၍ပင့်သောအကြောင်းကို မေးမြန်းရာ၊ စစ်ကိုင်းဆရာတော်ကြီး အရှင်နန္ဒိယ မဟာထေရ်-ပိဋကတ်တော်ကြီးသည်၊ စစ်ကိုင်းသို့ ပြန်လည်ဆန်တက်တော်မူသ ဖြင့်၊ ဦးအာသဘ ဆရာတော်အား၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ပင့်လျှောက် ကြောင်းကို လျှောက်ထားသိရှိရသဖြင့် ဟင်္သာတမြို့၊ မဥ္ဇူလေးကျောင်းတိုက်သို့ ပြန်လည်ကြွရောက်သီတင်းသုံးတော်မူ၍၊ ၁၃၂၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် နေ့မှစ၍၊ ဤစာအုပ်ကို အမျိုးမျိုးသော သုတေသနဖြင့် ကြိုးကုတ်ရှာဖွေ၊ မနေမ နား ရေးသားခဲ့ရာ နတ်တော်လပြည့်နေ့တွင် ပြီးစီးအောင်မြင်၊ အေးကင်းစင်လျက်၊ စက်တင် ပုံနှိပ်သောအဖြစ်သို့ ရောက်ရှိလေသည်ဖြစ်ကြောင်း။

## ☆ အကျဉ်းမှတ်သားရန်ကား ☆

ဦးအာသဘ- သီဟိုဠ်ပြန် ဆရာတော်သည် သက္ကရာဇ် ၁၂၇၇ ခုနှစ်။ (တူရာသီ ဝါကျွတ်မိ ဖြတ်ထွတ်ကယ်သာကီ တာဝတိံ အာလိန် နန်းဆိုက သက်သာ နဂိုရ်ကြဲဌနဲ့ကို။ မြန်းကြွခါမှို။ ရှဦးငယ်ချို။ စုံညီသည့်ဗိုလ်လူပေါင်း သင်္ကန္တာဂါရဝယ်နှင့် မိုးပူဇော်ခါသမယမှာ ခွဲးကြည်ထွတ်ပျောင်း )ဟူ၍၊ ယခု ထေရုပ္ပတ္တိစီစဉ်ရေးသားသော အယ်ဒီတာ ဆရာဘွန်း(ဟသ်ာတ) ရေးသားစပ် ဆိုသည့်နှင့်အညီ။ ရှင်တော်မြတ်ဘုရားသည်၊ မယ်တော်မိနတ်သား အမှူးထား ၍။ ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနိုက်အဘိဓမ္မာရ ကျမ်းကိုဟောပြီးလျှင် သက်သရ နဂိုပြည့်သို့ မိုးရှူးမိုးတိုင်တို့ဖြင့် နတ်ခြံပဋ္ဌာအပေါင်း ငံ့ကာလျက်....... ပဒမြားစောင်းတန်းဖြင့် လူ့ပြည်သို့ဆင်ကြွသော သီတင်းကျွတ်လဆန်း၁၅ရက် လပြည့်နှင့် ကိုက်ညီသော တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။

၁၂၈၆-ခု။ (မိန်ရာသီ ခါဒိုလ သာခေါင်) ဟူ၍လည်းကောင်း (နယ် ရှစ်ခွင်နှုန်း။ ငှခင်ရိုး မြူခိုးငယ်အုံ။ ကုမ်ရာသီပြောင်း။ခါတပေါင်းမို့။သွာညောင်း ဗွန့်ချိန် ...ဂိမ္ဘေပထမ။ ပရစ်ဖူးတံ နှစ်ကူးရန်။ သင်္ကြန်ထူးဟန်သ-တာမို့။ လ ဘရ ဂုဏ်ကြီ- ယုဂန်နံနန်း ယုန်စန်းငယ်ခို- ရွှေပင်မွေးရိုက် )ဟူသော ကဗျာတို့ နှင့် အညီ တပေါင်းလပြည့်ကျော် ၃-ရက်ကြာသပတေးနေ့တွင် ရဟန်းအဖြစ်သို့ ရောက် တော်မူသည်။

၁၃၁၇-ခုနှစ်။ ဒုတိယဝါဆိုလွန်း ၄ ရက်နေ့တွင်။ မန္တလေးကျောင်းတိုက် ၆။ သံဃာနာယက ကျောင်းထိုင် ဆရာတော်အဖြစ်သို့ရောက်တော်မူသည်။

၁၃၂၂-ခုနှစ်တွင်။ ဤစာအုပ်ကို ပီရင်ရေးသားတော်မူသည်။ ဤကား ဥဒ္ဒေသထေရုပ္ပတ္တိတည်း။

## မန္တလေးကျောင်းတိုက်၆- သမိုင်းအကျဉ်းချုပ်။

ပဥ္စမ သံဂါယနာတင်ဘုရင်မင်းတုန်းမင်းတရားကြီးသည်။ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် နန်းတက်တော်မူ၍ ၁၂၂၀-ခုနှစ်။ မန္တလေး မြို့တော်ကို တည် ထောင်ဖန်ဆင်းသည်။ နန်းစံ၄-နှစ်မြောက် ၁၂၁၈-ခုနှစ်။ ဒုတိယဝါဆိုလပြည့်

ကျော် ၇ရက်နေ့တွင်မြင်ကွန်းမင်းသားကြီးနှင့်မြင်းခုံတိုင် မင်းသား- မင်းတုန်းမင်း တရား၏ညီတော်မင်းတပ်မင်းသားခေါ်သောကနောင်မင်းသား အိမ်ရှေ့တော်စံတို့ အရေးတော်ပုံဖြစ်စဉ်အခါ မန္တလေးမြို့တော်မှရှောင်တိမ်းကြွလာတော်မူသော ဆရာတော်တပါးသည်။ ဤမန္တလေးကျောင်း သံဃာအရာမ်ကိုစ၍ တည်ထောင် လျက် သီတင်းသုံးတော်မူခဲ့သည်ကို အစွဲပြု၍၊ ယခုတိုင်- မန္တလေးကျောင်း ဟု ခေါ်တွင်ကြလေသည်၊

ထိုဆရာတော်ကိုလည်း မန္တလေးဆရာတော်ဟူ၍ပင် အမည်တွင်လျက် အနှစ်(၅၀)ခန့် သီတင်းသုံးတော်မူပြီးလျှင် ဘဝနတ်ထံ၊ ပြန်လွန်တော်မူသည်၊ ထိုဆရာတော်ကြီး ပြန်လွန်တော်မူပြီးသည့်နောက်၊ ဟသ်ာတမြို့ အပြင်ပတ္တမြား ကျောင်းတိုက် ဆရာတော်ကြီးတို့က၊ ၂၈-နှစ်ခန့် သံဃာကင်းပြတ်ခြင်းငှါ့နေသည် ကို ရက္ခိတ ဂေါပိတ အစောင့်အနေဖြင့် စောင့်ရှောက်ထားသည်။

ပြန်လွန်တော်မူသွားသော ကျေးဇူးတော်ရှင်- စတုဋ္ဌမြောက် မြစ်ကွေ့ ဆရာတော် မဟာထေရ်မြတ်ရှိစဉ်က၊ အဘိဓမ္မာဆရာကြီးဆရာအောင်တို့၏ အကူအညီဖြင့်- ဆရာတော် ဦးပါမောက္ခသည်၊ အင်ပူမြို့ ဇီးဖြူကုန်းရွာမှ ပြောင်းရွှေ့ လာ၍၊ အပြင်ပတ္တမြားကျောင်းဆရာတော်ကလေး အရှင်ကေသရ မဟာထေရ် မြတ်ထံတော်တွင် မန္တလေးကျောင်းနေရာ အာရာမ်တွင်ကျောင်းဆောက် နေထိုင် ရန် ခွင့်ပန်သဖြင့် (၁၂၉၆)ခုနှစ်က- သံဃိကကျောင်းအာရာမ်တွင် ရက္ခိတ ဂေါပိတအစောင့်အရှောက် အနေနှင့် နေထိုင်ရန် ခွင့်ပြု၍ကျောင်းအသစ်ဆောက် လုပ်ပြီ လျှင် သီတင်းသုံးတော်မူခဲ့ပါလည်း

၁၃၀၇ ခုနှစ်၊ ဒုတိယ ဝါဆိုလဆုတ်၊ ၄-ရက်နေ့တွင်၊ မန္တလေးကျောင်း သံဃာအာရာမ်ကို ဆက်လက်စောင့်ရှောက်နိုင်မည်ဖြစ်သော ယခုသီတင်းသုံး၍ နေသော ဆရာတော် ဦးအာသဘအား ပင့်လျှောက်၍ မန္တလေးကျောင်း အာ ရာမ်ကိုလွှဲအပ်ပြီးခါ၊ ဦးပါမောက္ခ ဆရာတော်သည်၊ မြန်အောင်မြို့နယ်-ဌက်ပျော တောရွာသို့ ပြန်သွားလျက် သိက္ခာချကာ သူဋ္ဌိအနေဖြင့် လူ့ဘောင်သို့ ပြောင်း လေသည်၊

၁၃၁၈-ခုနှစ်တွင် ယခုလက်ရှိ ကျောင်းသစ်ကြီး တဆောင် ကိုလည်း

ကောင်း။ ဆွမ်းစားကျောင်းကိုလည်းကောင်း၊ တရားအားထုတ်ရန် ကျောင်းကိုလည်းကောင်း။ ဟင်္သာတမြို့ စစ်ကဲ ဦးရွှေရီလမ်း။ ဦးစံရွှေ-ဒေါ်ပုံ သားသမီးတစုတို့နှင့်။ ရန်ကုန်မြို့-မောင်တင်လတ်အင်ကုမ္ပဏီ- ဦးတင်လတ်-ဒေါ်တင်စိန်။ အမိ-ဒေါ်ဖွားသင်တို့က။ အရင်း အမတည်၍။ မန္တလေးကျောင်း ပြုပြင်ရေး ဝိဘာဂါ အဖွဲ့ဝင်များဆောင်ရွက်လျက်ဆောက်လုပ်ခါလှူဒါန်းကြလေသည်။

## ☆ မှတ်ချက် ☆

(၁) ပထမ မန္တလေးဆရာတော်ဘုရားကြီးသီတင်းသုံးတော်မူခဲ့သည်မှာအနှစ် (၅၀)ငါးဆယ်ခန့်ရှိသည်။

(၂) ဦးပါမောက္ခဆရာတော် သီတင်းသုံးတော်မူခဲ့သည်မှာ (၁၀) နှစ်ဆယ်နှစ်ဖြစ်သည်။

(၃) ယခုလက်ရှိ စောင့်ရှောက် သီတင်းသုံး နေထိုင် တော် မူသော သီဟိုဠ်ပြန် ဦးအာသဘ မထေရ်မြတ် သီတင်းသုံး နေထိုင်တော်မူသောနှစ်မှာ ၁၃၂၂-ခုနှစ်အထိ။ (၁၆)နှစ်။ ဆယ့်ခြောက်နှစ်ဖြစ်သည်။

သို့ကြောင့် ဤမန္တလေးကျောင်းတိုက် တည်ထောင်နှစ်ပေါင်းမှာ(၁၀၄) တရာ့လေးနှစ်ရှိလေသည်။ ။

ဤတွင် မန္တလေးဆရာတော်-အရှင်အာသဘ
မဟာထေရ် ၏—ထေရုပ္ပတ္တိအကျဉ်း နှင့်- မန္တလေးကျောင်းတိုက်
သံဃာ့အာရာမ် သမိုင်း အကျဉ်း
အပြီးသတ်သတည်း။



ဟင်္သာတမြို့အကြောင်း-ရေးသားချီးမြှင့်တော်မူသော

**အဂ္ဂမဟာပဏ္ဍိတ-သပြေပင်ကျောင်း**

ဆရာတော်ဘုရားကြီး—ပုံတော်

# ဟံသာဝတီမြို့-အကြောင်း။

မြန်မာနိုင်ငံတော်အောက်ပိုင်း၌၊ ရာမညတိုင်း တလိုင်းသုံးရပ်ဟု ပညတ်ခေါ်ဝေါ်ကြရာ၊ မွန်လူမျိုးသုံးပါးကဲ့ပြားခြားနားသဖြင့် ထိုမွန်လူမျိုးသုံးပါးတို့ နေထိုင်ကြီးပွားသည့်ကို အခွဲပြု၍၊ အရပ်သုံးပါး ပိုင်းခြားသတ်မှတ် လေသည်။ မွန်လူမျိုး သုံးပါးဟူသည်မှာ၊ မွန်တိ- မွန်စ- မွန်ည၊ ဖြစ်သည်။ မွန်တိလူမျိုးတို့ နေထိုင်ရာအရပ်ကို မုတ္တမ-မဏ္ဍလ ခေါ်ဝေါ်သည်။ မုဒ္ဒမဟူသည့် မောတမော့ဟူသော မွန်ဘာသာမှ ရွေ့လျောလာသော စကားဖြစ်သည်။ မွန်ဘာသာအားဖြင့် ကျောက်စွန်းအငူကို ဆိုလိုသည်။ ရထားဖြင့် သွား၍ မုတ္တမဘူတာသို့ရောက်လျှင် ကျောက်စွန်းအငူကိုသင်ရှားစွာတွေ့မြင်ရသည်။ ကင်းဝန်မင်းကြီး၏ ဆောင်းပါး၌လည်းမောတမော့ပက်ပါ ဟု-ကဗျာစီကုံးလျက်ရှိသည်။ ကလျာဏီ ကျောက်စာ၌ မုတ္တိမ-မဏ္ဍလ ဟုဆိုသည်။ ထိုမုတ္တမ-မဏ္ဍလကား စစ်တောင်းမြစ်၏ အရှေ့ဘက်ဖြစ်သော အရပ်ဒေသ မြေနယ် အဝန်းပင် ဖြစ်သည်။ ထိုမုတ္တမ-မဏ္ဍလ၌၊ မြို့မ-မြို့ရံ(၃၂)မြို့ရှိသည်။ မြို့မကား မုတ္တမမြို့ဖြစ်သည်။ မုတ္တမမဏ္ဍလ၊ (၃၂)မြို့၌ နေကုန်သော မွန်တိလူမျိုးတို့ကား ဥယျာဉ်ခြံမြေလုပ်ကိုင် အသက်မွေးကြကုန်၏ဟု ဆိုသည်။

မွန်စလူမျိုးတို့ နေထိုင်ရာ အရပ်ကို၊ ဟံသာဝတီမဏ္ဍလဟုခေါ်ဝေါ်သည်။ ထိုဟံသာဝတီမဏ္ဍလကား စစ်တောင်းမြစ်အနောက်ဘက် ဧရာဝတီ မြစ်အရှေ့ဘက်ဖြစ်သော အရပ်ဒေသ နယ်မြေ အဝန်းပင်ဖြစ်သည်။ ထိုဟံသာဝတီမဏ္ဍလ၌။ မြို့မ မြို့ရံ-(၃၂)မြို့ရှိသည်။ မြို့မကား ဥသာပဲခူး ဥပါယ်နိုး-ယာခုအခေါ် ပဲခူးမြို့ပင် ဖြစ်သည်။ ဟံသာဝတီ မဏ္ဍလ၊ (၃၂)မြို့၌၊ နေကုန်သော မွန်စ လူမျိုးတို့ကား ဆားချက်လယ်လုပ်၍ အသက်မွေးကြကုန်၏ဟုဆိုသည်။

မွန်ညလူမျိုးတို့ နေထိုင်ရာ အရပ်ကို ကုသိမ မဏ္ဍလဟု-ခေါ်ဝေါ်သည်၊ ထိုကုသိမ-မဏ္ဍလကားဧရာဝတီမြစ်အနောက်ဘက်ဖြစ်သောအရပ်ဒေသနယ်မြေအဝန်းပင်ဖြစ်သည်။ ထိုကုသိမ-မဏ္ဍလ၌၊ မြို့မ၊ မြို့ရံ(၃၂)မြို့ရှိသည်။ မြို့မကား ပုသိမ်မြို့

ပင်ဖြစ်သည်။ ကုသိမမဏ္ဍလ(၃၂)မြို့၌နေကုန်သော မွန်ညလူမျိုးတို့ကား၊ အင်းအိုင်ချောင်းမြောင်း တို့၌-ငါးဖမ်းလုပ်ကိုင်၍အသက်မွေးကြကုန်သည်၊ မွန်ညမှာ မွန်သံနှင့်ခေါ်လျှင် မွန်ညဲ့ဖြစ်သည်ဟုဆိုသည်။

ရှေးက- ဖြဲ့တလိုင်း- လယ်တလိုင်း- အင်းတလိုင်းဟု ခေါ်လေ့ရှိသည်။ ဖြဲ့တလိုင်းကား မုတ္တမမဏ္ဍလနေမွန်တိတလိုင်း လယ်တလိုင်းကား။ ဟံသာဝတီ မဏ္ဍလနေ-မွန်စတလိုင်း၊ အင်းတလိုင်းကား ကုသိမ မဏ္ဍလနေ မွန်ညတလိုင်း ဖြစ်သည်။ ကုသိမမဏ္ဍလတလိုင်းတို့က ဟံသာဝတီမဏ္ဍလတလိုင်း မုတ္တမမဏ္ဍလတလိုင်းတို့ကို အရှေ့တလိုင်းဟု ခေါ်ဝေါ်ကြသည်။ မုတ္တမ မဏ္ဍလတလိုင်း ဟံသာဝတီမဏ္ဍလတလိုင်းတို့က ကုသိမမဏ္ဍလ တလိုင်းတို့ကို အနောက်တလိုင်းဟု ခေါ်ဝေါ်ကြသည်။

မွန်လူမျိုးတို့ကို ကျောက်စာတို့၌ တန်လိုင်းဟုရေးသါးသည်နောက်နှောင်းအခါ၌ တလိုင်းဟုရေးသားကြသည်။ တလိုင်းဟူသောအမည်မှာမွန်ဘာသာအားဖြင့်ခြေဖြင့် နှိပ်နင်းမည်ဟု အဓိပ္ပါယ် ရသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက မွန်လူမျိုး တို့ကို နှိမ်လိုသောကြောင့် တလိုင်းဟု ခေါ်ဝေါ်သမုတ်ခဲ့သည်ဟုအချို့အယူရှိသည်။ အလောင်းမင်း တရားကြီး ဦးအောင်ဇေယျ ဘုန်း လက်ရုံး မယှဉ်နိုးပမိကပင် တလိုင်းဟူသော အခေါ်အဝေါ် အရေး အသား ထင်ရှား ရှိခဲ့သောကြောင့် ထိုစကား အလျှင်းမဟုတ်ပေ။ ရာဇဝင် သုတေသန ပညာရှိတို့က၊ အိန္ဒိယနိုင်ငံတော် တောင်ပိုင်း တေလင်္ဂနအရပ်မှ ကူးသန်း ပြောင်းရွှေ့ လာကြသူတို့ဖြစ်သောကြောင့် တေလိုင်း- တလိုင်းခေါ်သည်ဟုဆိုကြကုန်သည်။

ကလျာဏီကျောက်စာ၌ ကုသိမမဏ္ဍလဟုဆိုသည်။ သီဟိုဠ် မဟာဝံသအဋ္ဌကထာ၌ ကုသုမိဟုဆိုသည်၊ ထိုပုဒ်တို့ကိုခွဲ၍ ပုသိမ်ဟု မသတ် ရေးသင့်ကြောင်းနှင့်- အချို့ပညာရှိတို့ ဆုံးဖြတ်ကြသည်။ ထို့ကြောင့် ဇွဲ့ပုသိမ်၊ ပရိမ္ဗထက်ဟု ရခိုင်မင်းသမီး ဖြူးချင်း၌ ရခိုင်ပညာရှိ အဒူမင်းညို စပ်ဆိုလေသည်။ ကုသိမမဏ္ဍလ ဟူသောအမည်မှပုသိနာရ-မဟူသောအမည်သို့ပြောင်းလာသည်ကို သိမှတ်သူ နည်းပါးသည်။ပုသိနပုဒ်ကိုခွဲ၍ပုသိန်ဟုနသတ်ရေးသင့်ကြောင်းနှင့် အချို့ပညာရှိတို့ ဆုံးဖြတ်ကြသည်။ ထို့ကြောင့် ရှင်စောပုတ္တ၊ လျှင်သူကျော်ရှိန်၊ ပုသိန်မင်းမြေးဟု အရှင်မဟာရဋ္ဌသာရအကျော် ကိုးခန်းပျို့၌ စပ်ဆိုတော်မူသည်။

သောနှင့်ပြိုင်န်၊ပဏ္ဏမိန်၊ပုသိန်တည်သည့်ခေတ်ဟု ဂေါဇာသကရာဇ် ၅၃၆ ခုနှစ်၌ ပုသိန်မြို့ကိုတည်ကြောင်းဆိုသည်။ပုဂံနရပတိစည်သူမင်းတရား လက်ထက်ဖြစ်သည်။ သာသနာတော် နှစ် အား ဖြင့်-၁၇၁၈-ခု ဖြစ်သည်။ တတိယသင်္ဂါယနာတင်ရာ၊ သာသနာတော်နှစ်၊ ၂၃၅-ခု မတိုင်မီ၊ သီရိဓမ္မာ သောကမင်းတရားကြီး

က ပုသိမ်မြို့ ရွှေမုဋ္ဌော စေတီတော်မြတ်ကို တည်ထား စေတော်မူသည် ဆိုသောကြောင့် ပုသိမ်မြို့မှာသည်မှပင် ရွှေမုဋ္ဌော စေတီတော်မြတ်ကို တည်နိုင်ပြီး ဖြစ်သည်။ ယခုအခါတိုင် ထင်ရှား ကျော်ကြားကုန်သော ပုသိမ်မြို့စံ သမုဒ္ဒဃောသ မင်းနှင့်- မိဘုရား ဥမ္မာဒန္တီတို့ကား ပုဂံပြည်ကြီးရှင် ဘုရင်မင်းမြတ်တို့၏ လက်အောက်ခံများသာဖြစ်ကြကုန်သည်။

ထိုကုသိမ မဏ္ဍလ၌ ပုသိမ်မြို့ကျိုက်တုံလှံစားမြို့။ ကျိုက်တည်သာရဝေါမြို့။ သုနန္ဒဗလခေါ် နံကသူမြို့၊ အင်္ဂပူရမြို့၊ ကျိုက်သလွန်ပွန် ဒေါင်းဖြူမြို့ အစရှိသည်ဖြင့်၊ (၃၂)မြို့ရှိသည်။ ထိုမြို့ တို့တွင် ကျိုက်တည်သာရဝေါမြို့သည်။ သမုဒ္ဒဃောသ မင်းနှင့်၊ မိဘုရား ဥမ္မာဒန္တီတို့လက်ထက်၌၊ သီတာမြို့ဟုတွင်သည်။ ထိုကျိုက်တည်သာရဝေါမြို့သည် ဧရာဝတီမြစ်ကမ်း ရေစားပျက်ပြားသောကြောင့်၊ တဲစ-တစ နှင့် အနောက်ဘက်ကမ်းသို့ရောက်လာရာရှေး အမည်ရင်း မတွင်တော့ဘဲ ဟံသာဂှက်တို့ကောင်းကင်မှဆင်းသက်ကျလာရာ အရပ်ဖြစ်သောကြောင့် ဟံသာပတဟု သမုတ်သင့်လျက် ပအက္ခရာကို ချေဖျောက်လျက် ဟံသာတတွင်သည်ဟုလည်းပြောဆိုကြကုန်၏။

ဤအဝါဒါသော်—ဟံသာ ပတန္တိ ဧတ္ထာတိ ဟံသာပတံ၊ တံယေဝ ဟံသာတံ-ပကာရလောပဝသေနဟု ဝိဂ္ဂြိုဟ် ဝစနတ္ထ ပြုသင့်၏။ ။ဧတ္ထ၊ ဤအရပ်၌၊ ဟံသာ ဟံသာဂှက်တို့သည်။ ပတန္တိ၊ ကောင်းကင်မှ၊ ဆင်းသက် ကျလာ တတ်ကုန်၏။ ဣတိ- ထိုသို့ ဟံသာဂှက် တို့ ကောင်း ကင် မှ ဆင်းသက်ကျလာရာ ဖြစ်သောကြောင့်၊ တံ-ထိုမြို့သည်၊ ဟံသာပတံ- ဟံသာပတ မည်၏။ တံယေဝ၊ ထိုဟံသာ ပတသည် ပင်လျှင်၊ ပကာရလောပဝသေန။ ပအက္ခရာ ကြေသည်၏ အစွမ်းအား ဖြင့်၊ ဟံသာတံ၊ ဟံသာတမြို့မည်၏။

အချို့ ပညာရှိတို့က ဧရာဝတီ မြစ်သောင်ယံ၌ လေနီကြမ်းဘေးရန်ကြောင့် ဟံသာမောင်နှံတို့ ကဲကွာ ကွေကွင်းကြရ။ ဟံသာမှက-ဟံသာမိကိုလွမ်းဆွတ်မိကျ တမ်းတ ဟစ်အော် သည်ကို အကြောင်းပြု၍ ဟံသာတတွင်သည်ဟုပြောကြကုန်သည်။

ထိုအကြောင်းကိုအင်းဝအုတ်ကျောင်း ဆရာတော် ဦးမဏိဇောတပဉ္စင်းပျို ရှင်မေဓာစဉ္စနအား ပို့ချအပ်သော ဘိက္ခုကင်္ခါဝိတရဏီ အဋ္ဌကထာ နိဿယပါနိ ဂင်း၌။—။ ဟံသာတ အဘိဓာန၊ ရှည်ကြူးမြိန့်ဝှာ၊ ရှေးအခါက၊ ဟံသာဂှက်ရွှေ၊ တဘူးလေ၍ ညာကြေပေါက်ဖြ ဟံသာတဟု- ခေါ်ကြ ဝေါဟာ၊ မြို့သာယာသို့ဟူ၍ဆိုလေသည်။ ထိုဆရာတော် ဦးမဏိဇောတကား ရတနာပူရ မင်းနေပြည်တော် မဟာအောင်မြေစံ အုတ်ကျောင်းတော်ကြီးမှ ရန်ဆင်းခဲ့၍ ဟံသာတမြို့၌ သိရိမဟာဇေယျ ဗိုလ်ချုပ် မြို့သူကြီးမင်းဦးမြတ်သာထွန်း ရန်ကုန် ဝန်ကြီး

ဦးကျော်ရွှေး၏ တူမ မြို့သူကြီး ကတော်-ဒေါ်ရွှေရုပ်တို့၏ကောင်းမှု ဝက်လှကျောင်း တိုက်၌ သီတင်းသုံးတော်မူ၍၊ ပေါရာဏ ကထာဒီပကကျမ်း ဓမ္မမာလာ တရားစာကိုးတွဲ၊ ဘိက္ခုကင်္ခါဝိတရဏီအဋ္ဌကထာ နိဿယကျမ်းတို့ကို ရေးသားတော် မူ၍ ထင်ပေါ် ကျော်စောတော် မူသော ဆရာတော်ဖြစ်သည် ဆိုသည်။ ရှမ်းအမျိုးအနွယ်တည်း။ ။

ငါတို့အမှတ်အသားအားဖြင့် မူလတာဝတိံသာ ဘုရားတည်ရာအရပ်၌ အင်းဝ အုတ်ကျောင်းဟု ကျောင်းတိုက်ကြီးတခုရှိသည်။ထိုကျောင်းတိုက်ကြီး၌ ဆရာတော် ဦးမဏိဇောတသီတင်းသုံးသည်၁၂၁၄ခုနှစ်။ ကုလားမြန်မာ ဒုတိယ အရေးတော်ပုံ၌၊ နှဲကြီးကော့ကပ် အင်းကြီး အတွင်းမှာ တပ်ဖွဲ့၍ ကုလားတပ်ကိုခုခံတိုက်ခိုက်နေသော ဗိုလ်မြတ်ထွန်းက စေသွတ်အပ်သော ဗိုလ်ခေါင်းကြီးတပ်နှင့်ကုလားတပ်တို့ ကသောက်ကရောက် ချောင်းတွင်း၌၊ တိုက်ခိုက်စစ်ထိုးနေသည်ကို အင်းဝအုတ်ကျောင်း အုတ်လှေကား ပေါ်က ကြည့်ရှုမြင်ရကြောင်းကို ထိုကျောင်းထွက် သက်ကြီးသူအို ဦးလူငယ် ပြောကြားဘူးသည်ကိုမှတ်သားဘူးမိသည်။

ကျေးဖူးရှင် အုဂ်ဒိုရိဆရာတော်ဘုရားကြီးသည်လည်း ရှင်သာမဏေ အဖြစ်ဖြင့် ထိုဆရာတော်ဘုရားကြီး ထံတော်၌ ပညာရင်နို့ သောက်စို့ ခဲ့ဘူးသဖြင့် ထိုဆရာတော် ဘုရားကြီးနည်းသို့လိုက်၍။ ဟံသာမောင်နှံ ပျော်စံလွှမ်းတာ။ သကအဒ္ဒရင်း။ ဂဏ်သတင်းကြောင့်၊ ဟင်းသာတနွတ်၊ ဖတ်ရွတ်သံချို၊မြို့နှင့်ရှိပ်ဟု၊ ၁၂၄၉-ခုနှစ်၌။ စွယ်တော်သျှောင်ရတုမှာ စပ်ဆိုတော်မူလေသည်။

အချို့ ပညာရှိတို့က၊ ပဂံပြည်၌ သကရာဇ် ၆၀၂-ခု၊ နန်းတက်တော်မူသော မင်းခွေးချေးနရသီဟပတေ့ သားမြို့ဘ တရုပ်ပြေးမင်းဟုလေးမည့်ရသော မင်းကြီးသည် တရုပ်တို့ ဘေးရန်ကြောင့် မိဘုရားမောင်းမမိဿံ ခြွေရံသင်းပင်းနှင့် တကွ စုန်ဆင်းပြေးလာခဲ့၍ ပုသိမ်မြို့ သားတော် ဥဇ္ဇနာအထံ၌ ငါးလမျှနေ၍ အပြန် သကရာဇ် ၆၄၆-ခုနှစ် ပုဏ္ဏဝတီမြစ် သုဝဏ္ဏနဒီဟု ရှေးကခေါ်ဝေါ် အပ်သော ငါးဝန်မြစ် -နှင့်- ဧရာဝတီမြစ် ဆုံရာမှာ ရွှေပေါင်တော်ထက်၌။ ဟင်းနှက် ၃၀၀ မပြည့်သဖြင့်ဖျင်လက်ဖြင့် မျက်နှာကိုအုပ်၍ ငါဆင်းမဲ လှချေမဲ့ဟု- ဟင်းလျာကို တမ်းတ ငိုကြွေးသည်ကို အကြောင်းပြု၍ ဟင်းလျာတတွင်သည်၊ထိုနောက်-ဟံသာတတွင်သည်ဟု ပြောဆိုကြကုန်၏။ ငါးဝန်မြစ်မ၊ ဟံသာတ၊ တပ်မအခိုင် တည်လတ္တံ့ဟု သိုက်စာအဆိုရှိသည်။

အချို့ပညာရှိတို့က မွန်လူမျိုးတို့ ဘာသာအားဖြင့် ခန္ဓီးပင်ကို ဟန်းသဒါးခေါ်သည်ဟုဆိုကြသည်။ (ခန္ဓီးပင်-ထန္ဓီးပင် ထန်းနွီးပင်ဟူ၍ အရေးအသား ၃-မျိုးတွေ့ရသည်။ ထိုထန်းနွီး ပင်သည် လုံးရပ်ပမာဏအားဖြင့်ထန်းပင်အောက် ငယ်သော

အပင်ဟူ၍ အဘိဓာန်ငြိကာ၌ ဆိုသည်)
မြန်မာဘာသာ ထန်းပင်-မွန်ဘာသာဟန်း
သဒါးပင်များပေါက်ရောက်ရာ ဖြစ်သော
ကြောင့် ဟန်းသဒါး။ ထိုမှဟံသာတဝေါ
ဟာရဖြစ်သည်ဟုပြောဆိုကြကုန်၏။

ဟံသာတမြို့သည်ရာဇဝင်တလျှောက်
၌ မထင်ရှား။ အလောင်းမင်း တရားကြီး
ဦးအောင်ဇေယျ မြန်မာနိုင်ငံတော်အောက်
ပိုင်းကို သိမ်းပိုက်ယူတော်မူသော အခါ
ဂုတ္တတ်မြို့ကိုသိမ်းတော်မူ၍ တလိုင်းရန်
ကို လျင်မြန်စွာ အောင်မြင် စေလိုသော
ကြောင့် မြန်အောင်မြို့ သမုတ်ပြီး စံနေ
တော်မူစဉ် ဟံသာတကျောင်းဆိပ်ရပ်၌
တပ်စွဲနေသော တလိုင်းရေတပ်ကို မူဆိုး
ချုံဗိုလ် မင်းလှမင်းခေါင် တိုက်ခိုက် နှိပ်
နင်း သုတ်သင် ရကြောင်း ရာဇဝင်၌လာ
သည်။ ၁၂၁၄-ခုနှစ်၌။ မြန်မာနိုင်ငံတော်
အောက်ပိုင်းကို အင်္ဂလိပ် တို့ သိမ်းယူပြီ
သောအခါဟံသာတ၌ရုံးမစိုက် ဟံသာတ
ထက်စည်ကားကြီးကျယ်သော မြန်အောင်
မြို့၌ရုံးစိုက်သည်။ ထိုနောက်မှ- ရန်ကုန်-
ပုသိမ် အထက်အောက်အသွားအလာအ
ကူးအသန်းလွယ်ကူ ကောင်းမွန်သည်ကို
ထောက်ထား၍မြန်အောင်မြို့မှ ဟံသာတ
သို့ရွှေ့ပြောင်း၍ ရုံးစိုက်သည်။ ထိုအခါမှ
တစ-တစ-ကြီးကျယ်စည်ကားလာသည်။
သို့သော် မြို့အကွက်အကွင်း အခြေအနေ
လမ်းပန်းအနေအထား ကောင်းမွန်အောင်
ပြုပြင်ဆင်မှုမရှိခဲ့သောကြောင့် အခြားမြို့ကြီး
များကဲ့သို့လှပသာယာခြင်းမရှိ။ တောရွာ
ကြီးကဲ့သို့ဖြစ်သော်လည်း။ နှစ်ပေါင်း တ
ထောင်ကြာမြင့်မှ တကြိမ်သာ ပွင့်သော
အာသာဝတီ နွယ်နီနတ်ပန်း အတူ ဖြစ်
တော့ဖြစ်ခဲ ထူးကဲ ခြားနားစွာ ဖြစ်ပွား
ပေါ်ပေါက်လာသော မိန်းမရတနာတည်း
ဟူသော-မဖြကြုတ်၏၊ ဂုဏ်ကျေးဇူးပန်း
ရနံ့သည် သင်းပျံ့အေးကြိုင်သာယာဝ
တီမင်းသား၏ နှာခေါင်းဝ ဂုလိုဏ်၌၊
လှိုင်လှိုင်ကြီး မွှေးလှ၍-နမ်းမဝ ရှိုက်မဝ၊
ရောင့်ရဲခြင်းမရှိ။ ဝိတ်ပြုတ် တိမ်းညွှတ်
တော်မူသောကြောင့်၊ အတွင်းဝန် နေမျိုး
သီဟစည်သူ အိမ်တော်ဝန်၊ နေမျိုးဗန္ဓု
ကျော် စာရေးတော်ကြီး သီဟကျော်ထင်
နော်ရထာတို့ကို နောက်လိုက် နောက်ပါ
အဆောင်ကိုင် ချွေရံသင်းပင်း အခမ်းအ
နား ရွှေလှေတော်နှစ်စင်းနှင့် စေလွှတ်တော်
မူ၍ အခီရင်မင်းပျိုချီကာတော် ဒေါ်ဇီတို့
ထံမှာ ပြောဆိုကြောင်းလမ်း တောင်းရမ်း
တော်မူပြီးလျှင်။ မဖြကြုတ်ကိုကောက်ယူ
တော်မူသည်။

မဖြကြုတ်၏အိမ်ရှေ့၌နှစ်ညတိတိ ရှိ
သမျှပွဲသဘင်တို့ကို ကပြစေသည်။နောက်
တနေ့နံနက်၌ ရွှေလှေတစင်း၌ လှပစွာတန်
ဆာယင်၍ မင်းထိုင် နေရာမှာ ရွှေထီးနှစ်
လက်ယှဉ်ကာဖွင့်မိုက်ပြီးလျှင် အခြားလှေ
များခြံရံဆွဲယူကာ မြို့သူကြီး ဦးရွှေလုနှင့်
တကွ ဝန်မင်းများသည်မြို့သူကြီးအိမ်ဆိပ်
မှစုန်ဆင်း၍မင်းပျိုချီအိမ်ဆိပ်၌ဆိုက်ကပ်
ပြီးလျှင်အိမ်ပေါ်သို့ တက်ရောက်ကြသည်
အိမ်ပေါ်သို့ ရောက်သောအခါ မင်္ဂလာရှိ

သောစကားများဖြင့်မေးဖြေပြောဆိုကြပြီး လျှင် အတွင်းဝန်- အိမ်တော်ဝန်- စာရေး တော်ကြီးနှင့် မြို့သူကြီးတို့က။ မမြကြုတ် ရှိရာ အခန်းဝသို့ လာကြ၍ မင်္ဂလာလှေ တော်သို့ ကြွတက် တော် မူချိန် သင့်ပါ ကြောင်းနှင့် ရိုသေစွာ တောင်းပန်ကြလေ သည်။

မမြကြုတ်က ကောင်းမွန်လှပစွာဝတ် စားဆင်ယင်ထားပြီးဖြစ်သည်နှင့် ကောင်း လှပါပြီဆို၍အမိအဘတို့ရှိရာ အိမ်ဦးခန်း သို့သွားရောက် ရှိခိုးဦးချ ကန်တော့ပြီးလျှင် သမီးအားအခွင့်ပြုကြပါမည့် အကြောင်း တောင်းပန်လေသော် မိဘနှစ်ပါးတို့ကဆု မွန်ပတ္တနာပေး၍ အခွင့်ပြုကြသည်။ အဘ မင်းပျံချိကမိန်းမတို့ ကျင့်အပ်သည့် ဝတ် တရားများကို ပြောကြား သင်ပြ ဩဝါဒ ပေးသည်။ အမိဒေါ်အိကလည်းမမြကြုတ် ၏ကိုယ်ကိုဖက်ကာ နဖူးကို နမ်းရှုပ်လျှက် သွန်သင်ပြသ ဩဝါဒစကား ပြောကြား ဆုံးမလေသည်။

ထိုနောက်အိမ်သို့ လာရောက်ဧည့်ခံကြ သော ရပ်ရွာနေ ဆွေမျိုးတော်စပ်သူ- မ တော်စပ်သူ သက်ကြီးဝါကြီး ယောက် ျားမိန်းမတို့ကိုလည်းရှိခိုးကန်တော့ခြင်း ပြု၍ မိမိလိုက်ပါရန် အခွင့်တောင်းသည်။ အခြားသူအားလုံးတို့အားလည်း နှုတ်ခွန်း ဆက်သသည်။ လာရောက်သူများကဘုန်း ကြီး၍အသက်ရှည်စေကြောင်းဆုတောင်း ပတ္တနာပြုကြသည်။ မမြကြုတ်နှင့်တိုင်ပင် ပေါ်-တိုင်ပင်ဘက်ပြု၍။ မှိုင်းစေရန် မိန်းမ ပျိုကလေး နှစ်ယောက်ကိုလည်း မိဘများ က ထည့်အပ်လိုက်သည်။ ၎င်းရှိခိုးကန်တော့ ခြင်း နှုတ်ခွန်းဆက်ခြင်းများ ပြုပြီး၍ မမြ ကြုတ်အိမ်ပေါ်မှဆင်းသောအခါ ရွှေထီး မိုးအုပ်ပေးလေသည်။ဟင်္သာတမြို့မှ ဓနုဖြူ မြို့သို့ စုန်ဆင်းသောအခါ ဆွေမျိုး တော် စပ်သူများအပြင် ချစ်ကျွမ်းဝင်သူ မိတ်ဆွေ သင်္ဂဟအပေါင်းတို့ပါ-လှေဆယ်စင်းမျှနှင့် ဓနုဖြူမြို့ရောက် လိုက်ပို့ကြလေသည်။

ထိုအခါသာယာဝတီ မင်းသားသည်၊ ဖေါင်တော် ပေါ်မှ တက်၍ မင်္ဂလာ အိမ် တော်၌စံနေတော်မူသောအခါ ဖြစ်သည်။ မမြကြုတ်ကိုတင်ဆောင်ယူလာသည့်လှေ တော်များ ဓနုဖြူမြို့သို့ ညနေ ၃-ချက်တီး အချိန် ဆိုက်ရောက်လာ၍ မမြကြုတ်ကို၊ လှေတော်မှ ပြောင်းရွှေ့၍ ဖေါင်တော်မှာ တင်ထားစေပြီးလျှင် ညအခါ မင်းသား ကိုယ်တိုင်၊မင်္ဂလာအိမ်တော်မှဆင်း၍ ခေါ် ယူသိမ်းပိုက်တော်မူလေသည်။ သာယာဝ တီမင်းသားသည်မမြကြုတ်ကို အလွန်ချစ် ခင်မြတ်လေးအရေးယူတော်မူသည့် ဆင်း ရဲသားမျိုးထဲမှ ကောက်ယူသောမိန်းမများ အနက်မမြကြုတ်ကဲ့သို့အရေးတယူကြည် ဖြူနှစ်သက် စုံမက်သဘောတော်မူခြင်းကို ခံ ရသူမရှိ-အလွန်ပင် ချစ်ခင်မြတ်နိုးတော်မူ သည်၊ မမြစိမ်းသည်။ မကြုတ်ကဲ့သို့ ချစ်ခင်မြတ်နိုးခြင်းကို ခံယူရသည်မဟုတ် သာယာဝတီ မင်းသားသည် မမြကြုတ် ကို အလွန်မြတ်နိုး ချစ်စနိုးသော ကြောင့် မြကလေးဟုခေါ်ဝေါ်တော်မူသည်။ဤသို့၊

ခေါ်ဝေါ်တော်မူသည်မှစ၍ မြကလေးဟူသောအမည်သည်ထင်ရှားလာလေသည်။

သာယာဝတီ မင်းသားသည် မင်္ဂလာအိမ်တော်မှာ စံပျော်တော်မူစဉ် မြကလေးကို ရွှေလောင်းတိုက်စားသနားချီးမြှင့်တော်မူသည်။ အဘဖြစ်သူ မင်းပျံချိကို အထက်မြို့တော်သို့ လိုက်ပါ နေထိုင်ရန် ခေါ်ပါသော် လည်း မလိုက်လို သောကြောင့်၊ ဟင်္သာတမြို့မှာပင် အနောက်ဘက်တိုက်အုပ်အရာနှင့် ထားလေသည်။ မြလေး၌ သားဦး ယောက်ကျား ကလေး ဖွားမြင်သည်။ ယင်းသားတော်ကလေးမှာ အဖတ်မတင် ငယ်ကပင်လွန်ရှာလေသည် ထိုနောက် သမီးတော်ကလေးတပါး ဖွားမြင်လေသည်။ အမည်မှာ မဖွားကြီး ဖြစ်သည်။ ထိုမဖွားကြီးကား ကဗျာလင်္ကာအစီအကုံး အနှုန်းအဖွဲ့အရာ၌ အကျော်အမော်တပါး စီတင်ထားရသော လှိုင်ထိပ်ခေါင်တင် အိမ်ရှေ့ မိဘုရား ဖြစ် သည်။ (မင်းတုန်းမင်းတရားကြီးနှင့် မိဘုရားကြီးနှစ်ပါးတို့ အလွန်ချစ်ခင်မြတ်နိုးတော်မူကြသဖြင့် မဖွားကြီးဟုမခေါ် မဖွားဟု ခေါ်တော် မူ ကြ သည်။) ထို နောက် သားယောက်ကျား အမြွာဖွားပါလော်လည်း။ အဖတ်မတင်ငယ်ကပင်လွန်ရှာလေသည်။ မင်းပျံချိမှာသမီးမြကြုတ်ကို သာယာဝတီမင်းသား သိမ်းပိုက်တော်မူပြီးနောက် ဟင်္သာတမြို့ အနောက်ဘက် တိုက် အုပ်အရာနှင့်နေထိုင်ရာ ငါးနှစ်ခန့်ကြာ ကာလဘဝတပါးပြောင်းရှာလေသည်။ မင်းပျံချိမရှိသည်နောက် မယ်တော်ဒေါ်အိကိုအထက်ရွှေမြို့တော်သို့ ခေါ်ပြီးလျှင် ကောင်းမွန်စွာထားလေသည်။

သာယာဝတီမင်းသားသည် ၁၁၉၉ ခုနှစ်၌၊ နန်းတော်၏အရိုက်အရာ ရွှေထီးရွှေနန်းသိမ်းမြန်းစိုးစံတော်မူသောအခါ၊ မြကလေးကို အနောက်နန်း မိဘုရား တင်မြှောက်တော်မူသည်။ သီရိမဟာသုရတနာ စန္ဒာဒေဝီဘွဲ့ကို ပေးသနားတော် မူ၍၊ လှိုင်မြို့ကို စားစေတော်မူသည်။ တောင်နန်းမတော်မိဘုရား-မြောက်နန်းတော်မိဘုရား အလယ်နန်းတော်မိဘုရား။ အနောက်နန်းတော် မိဘုရားဟု နန်းရမိဘုရားကြီးလေးပါး ထားတော်မူသည်။ ထိုလေးပါးတို့တွင် တောင်နန်းမတော်မိဘုရားကြီးမှာ တန်ခိုးအာဏာ ဩဇာအရှိန်အဝါအာနုဘော် အကြီးဆုံး ဖြစ်သည်။ ထိုအောက်မြောက်နန်း။ ထိုအောက်အလယ်နန်း။ ထိုနောက်အနောက်နန်းဖြစ်သည်။ တောင်နန်းမြောက်နန်း။ အလယ်နန်း မိဘုရားတို့မှာ၊ မင်းမျိုးမင်းဇာတ်ဖြစ်၍ ဘုရင်မင်းမြတ်နှင့် အလွန်နီးစပ်သော ဆွေရင်းမျိုးရင်း၊သားချင်းညာတိဖြစ်ကြသည်။ မြကလေးမှာ၊ ဆင်းရဲသားမျိုး။ကျေးတော်မျိုး၊ကျွန်တော်မျိုးဖြစ်လျက် ဧကရာဇ်သွေး သဖွယ် ကြီးကျယ်မြင့်မောက်။ ဤသို့သော ချီးမြှောက်တော်မူခြင်းကိုခံရလေသည်။

ဧကရာဇ် မင်းသည်။ ရွှေစိတ်တော်မကြည်သောအခါ ငြိုငွေ့တော်မူသောအခါ၌၊ အနောက်နန်းမှာ စံနေတော် မူခြင်း

ကြည်သောအခါ ဦးငွေတော်မူသောအခါ၌၊ အနောက်နန်းမှာ စံနေတော်မူခြင်းများသည်။ မမြကလေးက ရွှေစိတ်တော်ကြည်လင်အေးမြအောင်ဗီယာဝါစာ သာယာချိုလွင် သျှောက်တင်လေ့ရှိသည်။ ဦးငွေခြင်းပြေပျောက်အောင် ရှံခါ-ရှံ ရွှေတော်များကို သိဆိုစေလျက်ကိုယ်တိုင်စောင်းတီး၍ ဖြေဖျော်လေ့ရှိသည်။ ရှံခါ- ရှံရွှေတော်များကို စောင်း တီး စေလျက် ကိုယ်တိုင်စီးကိုင်သိဆို၍ ဖြေဖျော်လေ့ရှိသည်နဝရတ်ကယ်ရောင်စုံ၊ရှိစုံရွှက်ကြာသီချင်းကြီးများမှာ၊ မမြကလေးစီကုံးရေးသားအပ်သော လက်ရာ ကဗျာများဖြစ်သည်။

တောင်နန်းမတော် မိဘုရားခေါင်ကြီးမှာ ဘိုးတော်မင်းတရားကြီးက ထိမ်းမြား ဆောင်နှင်း ခဲ့သော မိဘုရား ဖြစ်သည်။ မြောက်နန်းအလယ်နန်းမိဘုရားတို့မှာဆွေတော်မျိုးတော်တို့ချက်နှာမယ်စေရ၊ ကြေနပ်နှစ်အောင် ချီးမြှောက်လိုသောကြောင့်၊ တင်မြှောက် အပ်ကုန်သော မိဘုရားဖြစ်ကုန်သည်။ မမြကလေးကားရွှေနှလုံးတော်တွေ့သဖြင့် အကြေနပ်ကြီး ကြေနပ်သောကြောင့် မြှောက်တင် အပ်သော မိဘုရားဖြစ်သည်။ ဤသဘောသွားကို ထောက်ချင့်၍ မမြကလေးအား အဘယ်မျှလောက်ဘုရင်မင်းမြတ် လေးမြတ်တော်မူသည်ကို သိသင့်လှပေသည်။

မမြကလေး-အနောက်နန်းမိဘုရားဖြစ်သောအခါ၊ အဘမင်းပျံ၍ မရှိပြီ။ အမိဒေါ်အိမ်မှာ-မယ်တော်-မယ်တော်နှင့်အလွန်ဘုန်းကြီး၍ တနိုင်ငံလုံး ကျော်စောသည်။ မင်းပျံချီ၏ညီ မမြကလေး၏ဘထွေးတော်ဦးမှူးကို ရေကင်းတိုက် စာရေးအရာပေးတော်မူသည်။မင်းပျံချီ၏သမီးတယောက်ဖြစ်သူ။ မလေးဖြူ ဆိုသော မိန်းမပျိုကလေးကို နေဝင်ဘုရင်အခေါ်ခံရန်ကုန်မင်းကြီး ဦးမှေးနှင့်လက်ထပ် ထိမ်းမြား ပေးသည်။ မင်းကြီးကတော် မလေးဖြူဟုအမည်ထင်ရှားသည်။ ဘထွေးတော် ဦးမှူးသည်။ ရေကင်း တိုက်စာရေးအဖြစ်နှင့် ရှိနေရာ မယ်တော်ဒေါ်အိမ်က မိမိ၏မောင်ဖြစ်သူဦးမြတ်ချေးဆိုသူအားရေကင်းတိုက်စာရေးအဖြစ်ကို ပေးလိုကြောင်းမမြကလေးကိုပူဆာ တိုက်တွန်းသောကြောင့် ဘထွေးတော်ကို ရေကင်း တိုက်စာရေး အဖြစ်မှပြောင်းလဲ၍ ဟသ်ာတမြို့ အနောက် ဘက်တိုက်စား အဖြစ် ပေးလေသည်။ ထိုအနောက်ဘက် တိုက်မှ၊ အခွန်အတုတ် အထွက်နည်းသဖြင့်။ ဟသ်ာတ မြို့သူကြီးကအခွန်တော် အချိုအဝက်ကို ခွဲ၍ ဘထွေးတော်အား ပေးစေတော်မူသည်။ ထိုအခါ ဟသ်ာတ မြို့သူကြီးသည်ဦးရွှေလှုမဟုတ် ဦးမြတ်သာထွန်းဖြစ်သည်။

အနောက် ဘက် တိုက် ဆိုသည်မှာ။ ဟသ်ာတမြို့ အောက်ဖျား ကသောက်ကရောက်ချောင်း၏ တောင်ဘက်တချောက်ကင်းရွာရပ် နှင့်- တောင်လုံးဇရွာ၊ ပုခန်းကျောင်းစုရွာ၊ ဘန့်ဘွေးကုန်းရွာ၊ လှေရိုးရွာ၊ လယ်တော်ရွာ၊ ခြေတော်ရာ ရွာ၊

အောက်ရွာကလေးရွာ၊ ဖေါင်ချောင်းရွာ၊ စစ်ဘုန်းရွာ၊ရေလဲ့ရွာများပါဝင်၍၊ တောင်ဘက်က ဇလွန်နယ်-သရွတ်ဝရွာနှင့် စပ်လေသည်။ အနောက်ဘက်က ဒူးယားတိုက်၊ ဒူးယားရွာ၊ မီးနင်းရွာ၊ မရမ်းရွာ၊ များနှင့် စပ်လေသည်။ မြောက်ဘက်က၊ ဟံသာဝတီ မြို့မတိုက် ကန့်တွင်းရွာနှင့်စပ်၍ အရှေ့ဘက်က ဧရာဝတီ ဖြစ်လေသည်။

အနောက်နန်းမိဘုရားမကြေးလေးဘုန်းတန်ခိုးဩဇာတိက္ကမကြီးသောကြောင့်မယ်တော်ဒေါ်အိလည်း ဘုန်းတန်ခိုး ဩဇာတိက္ကမကြီးလေသည်။ မကြေးလေးကိုမြတ်နိုးတော်မူသောကြောင့်နယ်လေးရပ်သတ်မှတ်၍လယ်မြေတခုကို မယ်တော်-ဒေါ်အိအားအပိုင်စား ပေးသနားတော်မူသည်။ မယ်တော်ဒေါ်အိအပိုင်စားရသောကြောင့် ထိုလယ်ကိုတော်တလုံးတပ်၍ လယ်တော်ဟု၊ ခေါ်ကြသည်။ ထိုလယ်တော် အနီးချုပ်စပ်၌ရှိသောရွာကို လယ်တော်ရွာဟု ခေါ်ကြသည်။ဟံသာဝတီမြို့ကင်းရွာအရပ်၌ ဘုရားတဆူ တည်လိုသည့်အကြောင်းသွီး မကြေးလေးအားမယ်တော် ဒေါ်အိက ပြောကြားရာ မကြေးလေးက ဘုရင်မင်းမြတ်ထံအမိန့်တော်ခံပြီးလျှင်မယ်တော်ဒေါ်အိ၊ကောင်းမှု-မြေပေါက် စေတီတော် တဆူတည်စေတော်မူသည်။ထိုစေတီတော်ကိုမယ်တော်ဘုရားဟုခေါ်ဝေါ်ကြသည်။

ကုန်း ဘောင် မင်းတရားကြီး သည်။ ၁၂၀၃-ခုနှစ်၌၊ မိဘုရားသားတော်သမီးတော် မောင်းမမိဿံ၊ မှူးတော်မတ်တော် ဗိုလ်ပါရဲမက် အစုံနှင့်-ရန်ကုန်မြို့သို့ လှေ်ဝင် မြစ်ကြောင်းခရီးဖြင့် စုန်တော်မူသည်။စုန်ဆင်းတော်မမူမီမကြေးလေးကအမိန့်တော်ခံ၍ ရေကင်းမြို့၌ မြေပေါက်စေတီဘုရားသုံးဆူ တည်ထားပြုရစေသည်။ ရေကင်းမြို့သို့ ဖေါင်တော်ဆိုက်ရောက်လျှင်မကြေးလေးက အရှင် နှစ်ပါးအား ဘုရားကျွန်တော်မျိုးမက ကုသိုလ်တော်ပွားဆက်သသည့် အရှင်နှစ်ပါး ကောင်းမှု ကုသိုလ်တော်ဘုရားသုံးဆူ တည်ထားလျက်ရှိပါကြောင်း သံတော်ဦး တင်သောအခါ ရေကင်းမြို့၌ ဖေါင်တော်ဆိုက်ကပ် ရပ်တန့်နားနေတော် မူပြီးလျှင် ဘုရားသုံးဆူ ကို၊ လောကဇေယျာ၊ လောကမှန်ကူ၊ လောကဥဿျောင်ဟု၊ ဘွဲ့အမည် တော် ပေးလှူ၍ပူဇော်တော်မူသည်။

မကြေးလေး၏ဆွေမျိုးများကိုပြုရမည်အမိန့်တော်ရှိသောကြောင့် ရေကင်းမြို့၌ရှိသော ဆွေမျိုးများကို အင်္ကဲခေါ် ပြုရသည်ထိုအခါရေကင်းမြို့၌ မကြေးလေး၏ ဘထွေးတော်ဦးမှူး၏သားကိုသိုင်းရှိသည်။ဇနီးမှာမနှုဖြစ်သည်။ကိုသိုင်း၊မနှုတို့၌၁၂နှစ်-၁၃နှစ်အရွယ်သွီးချောကလေး နှင်ယောက်ရှိသည်ထိုသွီးနှစ်ယောက်လည်းဆွေမျိုးများနှင့်အတူပါလာသည်။ သွီးအကြီးကမရွှေပွင့်အငယ်က မစပယ်ဖြစ်သည်၊ထိုမိန်းမငယ်တို့ကို ဘုရင်မင်းမြတ် မျက်စိရှုးစိုက်တော်မူသဖြင့်၊ အရွယ်ရောက်သော မရွှေပွင့်ကိုကောက်ယူ၍၊ ညောင်ရမ်းမြို့စား၊မိ

ဘုရားအရာမြှောက်စားတော်မူသည်။ မစ
ပယ်မှာမူ လွန်နှင့်လေသည်။

ရန်ကုန်မြို့၌ တာဝန်း ၁၈၀၀ ရှိသော
မြို့နှင့်တကွ၊ နန်းတော်ကို ကျုံးမြောင်းတံ
တား။ ပြအိုးပင်စင်နှင့်တကွ၊ အိမ်ဈေးသ
ဘင်စသည်မလပ် မြို့၏အင်္ဂါ ပြည့်စုံစွာ-
ခုနှစ်ရက် အတွင်း ပြီးခပြအောင် တည်
ဆောင်ဖန်ဆင်း၍ မြို့တော်ကို အောင်မြေ
ရန်နှင်း၊နန်းတော်ကို မြတ်နန်း အောင်ချာ၊
သမုတ်တော်မူပြီးလျှင် စံနေတော်မူသည့်
ရန်ကုန်မြို့ အိမ်တော်ရာဘုရားသည် ပုဂံ
မင်းသားစံတော်မူသောအိမ်တော်ရာ၌၊ပုဂံ
မင်းသားမင်းဖြစ်တော်မူသောအခါတည်
ထားတော် မူအပ်သော စေတီတော်ဖြစ်
သည်။ ရွှေတိဂုံ စေတီတော် ကုန်းတော်
ပေါ်၌၊ နောင်တောင်ကြီးဘုရားသည် ဘု
ရင်မင်းမြတ်၏ နောင်တော်ကြီး ဘကြီး
တော်ဘုရား တည်ထားအပ်သော ဘုရား
ဖြစ်သည်။ ရှင်ဘုရင်၏ နောင်တော်ကြီး
တည်ထားအပ်သောကြောင့် နောင်တော်
ကြီးဘုရားဟုအမည်တွင်သည်။

ဘုရင်မင်းမြတ်သည် မိဘုရားမောင်းမ
မိဿံ မင်း ညီ မင်း သား- စော် ဘွား-
မြို့စား။ မှူးတော်။ မတ် တော် ရဲမက်
ဗိုလ်ပါအပေါင်း ခြံရံတွက်စံတော် မူ၍။
ဘုရားပုထိုးများကို ဖူးနိုးပူဇော်လေသည်။
ထိုအခါအနောက်နန်းမိဖုရားမပြကလေးက
ရွှေတိဂုံဆံတော်ရှင် စေတီတော်မြတ်ကြီး
မှာ အနောက် စောင်းတန်း လစ်လပ် ရှိ
သည်ကို ဆောက်လုပ်လှူဒါန်းတော်မူရန်
သစ်ပျဉ်တန်ဆောက်ရိယာ အဘိုးကံကြေး
လက်ခငွေများကိုပါ အရှင်နှစ်ပါးတို့အား
ကုသိုလ် တော် ပွားဆက် သ လိုက် ပါ
ကြောင်းသံတော်ဦးတင်လျှောက်ရာအရှင်
နှစ်ပါးချစ်ခင်လေးစား သနားခွင့် ပြုတော်
မူသဖြင့် အနောက်ဘက် စောင်းတန်းကြီး
ကိုဆောက်လုပ်လှူဒါန်းရသည်။ ရန်ကုန်
မြို့မှ ရွှေမြို့တော်သို့ပြန်လည်တော် မူသော
အခါ ရေကင်းမြို့၌ တည်ထားသော စေ
တီသုံးဆူကို ရွှေထီး အထွတ် တင်လှူ
သည်။

၁၂၀၄-ခုနှစ် အတွင်း ဟံသာတမြို့၌၊
ဘထွေးတော် ဦးမှူး အနိန္ဒရောက်လျှင်၊
ဘထွေးတော်ကို ရည်စူး၍ သဘောရှိသ
၍ လှူဒါန်းစေရန် ခွင့်ပြုတော်မူသည်။ အ
လိုရှိတိုင်းဥပုသ်သီတင်း စောင့်သုံးခြင်းကို
လည်း ခွင့်ပြုတော်မူသည်။ ဘထွေးတော်
၏ ဈာပနကိစ္စကို၊ ၁၂၀၂-ခုနှစ်။ သိန္နိ
ဝန် မင်းလှမင်းကျော်၏ ဈာပန ကိစ္စတွင်
သဂြိုဟ် စာတမ်း ရှိသည့်အတိုင်း ခမ်း
နားပြည့်စုံစွာ သဂြိုဟ်စေရန် အမိန့်တော်
သက်မှတ် ထုတ်ပြန်တော်မူသည်။

အနောက်နန်း မိဘုရား မပြကလေး
သည်။ ဈာပနကိစ္စအတွက် အခမ်းအနား
အဆောင်အယောင်များကိုစီရင်၍ဟံသာ
တမြို့သို့ ပို့စေသည်။ ၇-ရက်ပတ်လုံး သံ
ဃာတော်တို့အားဆွမ်းသင်ကန်းလှူဒါန်း
ပူဇော်၍ ဥပုသ် ၇-ရက် စောင့်သုံးပြီးလျှင်
အမှုအတန်း ပေးဝေလေသည်။ ဘထွေး
တော်၏ ဈာပနကိစ္စကို ကြီးကြပ်ဆောင်

ရွက်ရန် ညီမဖြစ်သူ ရန်ကုန် မင်းကြီးကတော် မလေးဖြူကို အမှူးထား၍နေပြည်တော်မှ ဟင်္သာတမြို့သို့ စေလွှတ်တော်မူသည်။ မင်းကြီးကတော် မလေးဖြူသည်၊ မမြလေးထံမှ ဗျာပနကိစ္စအတွက် အခမ်းအနား အဆောင်အယောင်တို့ကို ယူ၍။ ဟင်္သာတမြို့သို့ ရုန်ဆင်းလာပြီးလျှင် ဘထွေးတော်၏ မသာအခမ်းအနား များကို ကြီးကျယ်စွာဆင်ယင်ခင်းကျင်းလေသည် ဟင်္သာတမြို့နယ်နှင့်တကွ အဝေးအနီးမြို့ရွာဒေသတို့မှ ထိုကဲ့သို့ကြီးကျယ်စွာ ခင်းကျင်းစီမံသော မသာတော်ကိုမမြင်မတွေ့ဘူးကြသဖြင့် ညဥ့်အိပ်ညဥ့်နေလာရောက်ကြည့်ရှုကြသူ များပြား၍ အလွန်စည်ကားလေသည်။ နေပြည်တော်မှ မှူးမတ်အရာထမ်း အမှုထမ်းတို့သည်လည်းမိဘုရား မမြကလေး မျက် နှာ ကြီး လှ သောကြောင့်၊ ထိုဘထွေးတော်မသာသို့စုဝေးလာရောက်ကြလေသည်။

၁၂၀၄-ခုနှစ်၊ တပို့တွဲလအတွင်း အမရပူရရွှေမြို့တော် စန္ဒာမုနိ ဘုရားစေတီတော်၌ ဆွဲလှူရန် ရွှေဆည်းလည်း- ငွေဆည်းလည်း-ကြေးဆည်းလည်း များနှင့်-ငွေသားသပိတ်တော်များကို မိဘုရား မမြကလေးကသွန်းလုပ်စေပြီးလျှင်ယင်းဝတ္ထုများကို ဘုရင်မင်းမြတ်နှင့်တကွ၊ မိဘုရားခေါင်ကြီး အရှင်နှစ်ပါးတို့အား ကုသိုလ်တော်ပွဲဆက်သ၍ မှန်နန်းတော်တွင် ဆရာတော်-သံဃာတော်များကိုပင့်၍ မမြကလေးနှင့်အဘူတကွ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်ရေစက်သွန်းချလှူဒါန်းတော်မူသည်။

အမရပူရရွှေမြို့တော်အရှေ့မျက်နှာဓောကလောကန်ဦး၌ ဘုရင်မင်းမြတ်သည် ကုသိုလ်တော် စေတီတော်တဆူ တည်ထားတော်မူသည်။ ယင်းစေတီတော်၏ မဟာရာမ်အတွင်း အရှေ့တောင်ထောင့်မှာ မိဘုရားခေါင်ကြီးကစေတီရံတဆူ၊ အရှေ့မြောက်ထောင့်မှာ သမီးတော် သီရိပဝရတိ လောကရတနာ မင်္ဂလာဒေဝီက စေတီရံတဆူ။ အနောက်မြောက်ထောင့်မှာ အနောက်နန်းတော်မိဘုရား သီရိမဟာသုရတနာစန္ဒာဒေဝီ မမြကလေးကစေတီရံတဆူ။ အနောက်တောင်ထောင့်မှာဗန်မော်မြို့စားမိဘုရား သီရိအတုလ မဟာရတနာဒေဝီက စေတီရံတဆူ။ ပေါင်းစေတီရံလေးဆူတို့ကို ဘုရင်မင်းမြတ် အမိန့်တော်နှင့် တည်ထား ကိုးကွယ် ကြရသည်။

ထိုစေတီတော်များ၌ ဌာပနာသွင်းဘို့ရာမွေတော်ဓာတ်တော်-ရုပ်ပွားတော်များကို၊ ၁၂၀၅-ခုနှစ်။ ဝါခေါင်လ ဆန်း ၁၄-ရက်နေ့၌၊ အခမ်းအနားကြီးစွာနှင့်ပို့ရသည်။ဘုရင်မင်းမြတ်သည် ၁၂၀၅-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်။ တနင်းလာနေ့၊ နေ့-၂-ချက်တီးကျော်အချိန် အမြောက်သံကြားသော မင်္ဂလာအခါတော်မှာ ကုသိုလ်တော် စေတီတော်ကို စက်ကြိုးယန္တရားကြီးကျယ်စွာဆင်ယင်တော်မူ၍ ရွှေထီးအထွတ်တင်တော်မူသည်။ ထို

စေတီတော်ကြီးကိုလောကမဏိစူဠာ၊ ရွှေဘုံတပ်တော်မူ၍ချယ်သားသီးကာ ဘိနပ်ရင်းပြေသို့ တိုင်အောင် ရွှေမွမ်းမံ တော်မူသည်။ ထိုမှတပါး မိဘုရားခေါင်ကြီး၏ကောင်းမှုတော် စေတီရံကို၊ မဟာတိလောက၊ သမီးတော်ကောင်းမှု စေတီရံကို၊လောကပရမေ။အနောက်နန်းမိဘုရားမြကလေး၏ကောင်းမှုစေတီရံကို ရတနာလောက ဗန်မော်မိဘုရားကောင်းမှု စေတီရံကို သုံးလူ့ထိပ်ပန်းဟု အသီးသီးကမ္ပည်းတပ်မှတ် ရွှေဘုံ့မြတ်လှူတော်မူပြီးလျှင်၊ ထိုတပို့တွဲလဆန်း ၁၅-ရက်နေ့၌ ဘုရားအမှူးရှိသော ဆရာတော်-သံဃာတော် ၁၀၈ ပါး တို့အား အဘိုးများစွာထိုက်တန်သောသင်္ကန်းသပိတ်ပရိက္ခရာကမ္ဗလာကော်ဇောစသည့် သီးမျိုးစုံ ပဒေသာပင်ရေ ၁၀၈-ပင်တို့ဖြင့် ဘုရားသာရုခေါ် ရေစက်သွန်းချ လှူဒါန်းတော်မူသည်။ထိုပြင်အနောက်နန်းမိဘုရားမြကလေးသည် အမရပူရမြို့ မင်းအို ကျောင်းမှ ခုတ်ကျောင်းနှင့်၊တက်သေးကုသိနာရုံဘုရားတို့ကိုဆောက်လုပ် တည်ထားခွင့်ရလေသည်။

အနောက်နန်းမိဘုရား မြကလေးကို၊ ဧကရာဇ် မင်းမြတ်က အခွင့်အရေး ပေးလေးမြတ်တော်မူလှသဖြင့် မြကလေးနှင့် မယ်တော်- ဒေါ်အိနှင့်ဦးလုံးပင် ဘုန်းတန်ခိုးကြီးကျယ်လှသည်။ ဆွေတော်မျိုးတော်များကို ကျော်လွန်၍ဆင်းရဲသား အမျိုးအနွယ်က ဤမျှဘုန်းတန်ခိုးကြီးကျယ် ထယ်ဝါခန့်ပြားနေသည်ကို ဆွေတော်မျိုးတော် အရင်းအချာတို့က၊ မနာလိုမရှုစိမ့်ကြ-အချက်ကောင်း- အကွက်ကောင်းကို မြှော်လင့်စောင့်စားနေဟန်ရှိသည်။

အမရပူရ ဒုတိယမြို့နန်းဖန်ဆင်းတည်ထောင်တော်မူသော ကုန်းဘောင်မင်းတကြီးသည်။ ၁၂၀၅-ခုနှစ်မှ စ၍၊ ရွှေစိတ်တော်မနှံ့ စိတ္တဇဝေဒနာ ရောဂါစွဲကပ် မကျန်းမမာ ဖြစ်တော် မူသည်။ သို့နှင့်-မသတ်သင့်သော မှူးမတ်-ရာထမ်း-မှုထမ်းတို့ကို သတ်ဖြတ်တော်မူမိသည်၊မှူးမတ်သေနာပတိ ရာထမ်း မှုထမ်းတို့ တထိတ်ထိတ်တလန့်လန့်နှင့် ခစားထမ်းရွက်ကြရသည်။ ၁၂၀၇-ခုနှစ်သို့ရောက်သောအခါ နိုင်ငံတော်ကို ထိမ်းသိမ်းအုပ်ချုပ်ခြင်းငှာ မစွမ်းနိုင် တော့သဖြင့်၊ သာသနာရေး၊ တိုင်းရေး၊ ပြည်ရေးမှစ၍၊ စီရင်ခင်းစီရင်ဘွယ်ကို တရားနှင့်အညီ လွှတ်တော်သို့ တက်၍ စီရင်ရန်သားတော် ပုဂံမင်းသား သီရိသုဓမ္မမဟာ ဓမ္မရာဇာအား လွှဲအပ်တော်မူသည်။ ထိုအခါမှစ၍ အနောက်နန်းမိဘုရား မြကလေး နှင့် မယ်တော်-ဒေါ်အိတို့၏ဘုန်းတန်ခိုးအရှိန်အစော်ညှိုးလျော်မှေးမှိန်စပြုသည်။

ထိုအခါ ၁၂၀၇-ခုနှစ်၊ ဝါခေါင်လ၌ အလယ်နန်းတော် မိဘုရား၏ သားတော်-သီရိမဟာသီဟသူရဓမ္မရာဇာဘွဲ့ခံ ပြည်မင်းသားသည်ပုန်စား-ပုန်ကန် ပြုလုပ်လေသည်သိတင်းကျွတ်လ၌ပြည်မင်းသားကို၊ သားမယားကျေးကျွန် သင်းပင်းနှင့်တကွ

ရှမ်းပြည်ခိုင်းလုံမြို့မှာ ဖမ်းဆီးရမိ၍ဘုရင် မင်းမြတ်ထံ အမိန့်တော်ခံရာ သားတော် ပုမ္ပမင်းလက်သို့ အပ်ထားရမည်။ အမိန့် တော်ကျသဖြင့်၊ပုဂံမင်းသားကပြည်မင်း သားနှင့်- သားတော်လေးပါးကို ထောင် သွင်းအကျဉ်းချ၍ ချုပ်နှောင် ထားလေ သည်။ ထိုအခါ၌ ပြည်မင်းသားအမှုနှင့်၊ ပါတ်သက်၍ အနောက်နန်းမိဘုရားမငြိက လေးနှင့်-မယ်တော်ဒေါ်အိတို့အပေါ်၌မလို မုန်းထားအမျက်ပွားကြသူတို့က အပြစ်မ ဖြစ်ဖြစ်အောင် မဟုတ်မတရားကုန်းချော စားကြလေသည်။ ပြည်မြို့စားမင်းသားကို သားတော်လေးပါးနှင့်-တကွ၊ ပုန်စားပုန် ကန်မှုနှင့် ရေမှာဖျောက်၍ ကွပ်မျက်လေ သည်။ မငြိကလေးနှင့်-ဒေါ်အိတို့ကို၊ပြည် မင်းသားနှင့်ပတ်သက်သည်ဟု ပုဂံမင်း သားက ကွပ်မျက်လေသည်။ ဟံသာဝတ မြို့သူဇာတ်သိရွှမဟာသုရတနာ စန္ဒာဒေဝီ ဘွဲ့ရ အနောက်နန်းတော်မိဘုရား မငြိက လေးသည်။ ငြူစူဝန်တိုမလိုမုန်းထားသူ တို့၏ မဟုတ်မတရား ကုန်းချောစားခြင်း ကြောင့်ပုန်စားပုန်ကန်ပြုသူ ပြည်မင်းသား နှင့်ဆက်သွယ် ပတ်သက်သည် ဟု ပုဂံ မင်းသားက ကွပ်မျက်၍။ ၁၂၀၇-ခု၊ နှစ်။ အသက် ၃၆-နှစ်၌ အနိစ္စရောက်ရှာ ရလေသည်။

## မြောက်နန်းမိဘုရား-မသဲ၊

ဟံသာဝတီမြို့၏ ၄ဏ် ကြက် သ ရေ ဆောင် အနောက်နန်းမိဘုရားမငြိကလေး တည်းဟူသော မိန်းမရတနာတဦးသာ၍ မြို့မှပေါ်ထွက်သည်မဟုတ်သေး။ မြောက် နန်းတော်မိဘုရား မသဲတည်းဟူသောမိန်း မရတနာတဦးလည်း ပေါ်ထွက်လာလေ သည်။

ဟံသာဝတီမြို့ပဋ္ဌမရခ မာရဇဝိန်ဘွဲ့တော် ရှိသော ငါးမျက်နှာ စေတီတော်မြတ်ကို၊ အစဦးစွာတည်ထား ကိုးကွယ်ကြသော ဘုရားဒါယကာ ကျော်ထင်နေရထာဘွဲ့ခံ မြို့သူကြီး ဦးပုနှင့်-ဘုရားဒါယိကာမ မြို့သူ ကြီးကတော်တို့၌၊ဦးမောင်ကလေးနှင့် မသဲ ဟု သားတယောက်။ သမီးတယောက်။ ထွန်းကားသည်။ ထိုနှစ်ယောက် တို့တွင် ဦးမောင်ကလေးကား ကြီးပြင်းလာသော အခါ ကြံခင်း-မြန်အောင် နှစ်မြို့ဝန်ဖြစ်၍။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ၏-ကောင်းမှုတော်ရွှေဘုံသာစေတီတော် အနီး၌၊ ရွှေကျောင်းကြီးကို ဆောက်လုပ် လှူဒါန်းသော ကျောင်းဒါယကာကြီးဖြစ် သည်။

မြို့သူကြီး ကတော် ဒေါ်ဖြူကြီးသည်၊ သမီးငယ် မသဲနှင့်အတူ ရွှေမြို့တော်၌ ခန လာသည်။ အဂ္ဂမဟာပဏ္ဍိတပန်းတောင်း ဆရာတော်ဘုရားကြီး မိန့်တော်မူသည်မှာ မြို့သူကြီးကတော် ဒေါ်ဖြူကြီးသည် မြို့သူ ကြီးနှင့် မသင့်မြတ် ကွဲကွာ၍ ရွှေမြို့တော် ၌ နေ လာရာ စာရေး တော်ကြီး တ ယောက်နှင့် သင့်မြတ်၍ စာရေးကြီးက တော်တွင်သည်ဟုမိန့်တော်မူသည်။ မသဲ အရွယ်ရောက်သော အခါ မြင်ရသူတိုင်း

ငေးလောက်အောင် ယဉ်ကျေး လှပချော မောသည်။ပြေပြစ် နွဲ့နှောင်း ပျော့ပျောင်း ကြွေ့ရှင်းသည်။ မသဲ ၏ ဂုဏ်သတင်း သည် မြို့တွင်းမဆံ့ ပြန့်နှံ့ ကျော်စော လာသည်။ ထိုအခါ ကုန်းဘောင် မင်းတ ရား ဖြစ်လတ္တံ့သော သာယာဝတီမင်း သားကြီး၏။ သားတော် မင်းတုန်းမင်း သားသည်လည်းအရွယ်တိုင်ရောက်လူပျို ပေါက်ဖြစ်၍ ချစ်နှစ်သက်သူမြင်က မင်း ညီမင်းသားတို့တံထွာ မွှာတာ အတိုင်း ဘယ်သူမျိုးကိုမှမကြောက် ဝင်ရောက်ပိုး ပန်းလူပျိုလှည့်တတ်သောအရွယ် ဖြစ်လေ သည်။

မင်းတုန်းမင်းသားကို လက်စွဲတော်တို့ က ကိုတ်တော်ကလေးဘုရား စာရေးက တော်ကြီး သမီးကလေးဟာ အလွန်လှပ ချောမောကြောင်း ယဉ်ကျေးသိမ်မွေ့ နူး ညံ့ကြောင်းစသည်ဖြင့် ဟိမဝန္တာ ချီးမွမ်း ခန်းဘွဲ့သို့ မသဲ ချီးမွမ်းခန်းဖွင့်၍ လွမ်း လောက်အောင် သံတော်ဦးတင်ကြသည် ကိုယ် တော် ကလေး နှင့်- လိုက် ဘက် ကြောင်း ကိုယ်တော်ကလေးအား ထိုက် တန်ကြောင်း။ ကိုယ်တော်ကလေးကြံစည် သိမ်းပိုက်သင့်ကြောင်းစသည်ဖြင့်မြှောက် ပင့်ပေးကြမည်ပင် ဖြစ်သည်။ မင်းတုန်း မင်းသားကလေးသည် မသဲ-၏ ဂုဏ်သ တင်းကို ကြားကာမျှဖြင့်ပင် မတွေ့မမြင်ရ ပါဘဲလျက် ဘဝင်လိုင်းခပ် တိမ်းညွှတ်စွဲ မက်တော်မူလေသည်။

တနေ့သောညနေချမ်းအခါ မင်းတုန်း မင်းသား ကလေးသည် နောက် တော်ပါ လက်စွဲတော်များနှင့်အတူစာရေးကတော် ကြီး အိမ်သို့သွား၍ လက်စွဲတော် များကို ဝင်းပေါက်ဝ၌ ထားရစ်ခဲ့ပြီးလျှင်တကိုယ် တော်တည်းဝင်းအတွင်းသို့ ဝင်သွားလေ သည်။ ထိုအခါ၌ မသဲသည်အိမ်ရှေ့ပန်း ရုံများအနီး ခုံတန်းရှည်အစွန်းတဘက်၌၊ ထိုင်၍ပန်းရုံ-ပန်းပွင့်များကိုကြည့်ရှုနေလေ သည်။ မင်းတုန်းမင်းသားကလေးသည်။ မသဲကို ပြုံးမှုန်ချိုသာစွာ ကြည့်ရှု၍၊ ခုံ တန်းရှည်အစွန်းတဘက်၌ ထိုင်လိုက်၏။ ထိုအမှုအရာကို ချက်ခြင်းခဏာ စာရေးက တော်ကြီး မြင်သောကြောင့် လျင်မြန်စွာ လာရောက်၍ သမီးမသဲနှင့်-မင်းတုန်းမင်း သားကလေး အကြားခုံတန်းပေါ်၌ ထိုင် ပြီးလျှင် မင်းတုန်းမင်းသားကလေး ဘက် သို့ လှည့်၍ကိုယ်တော်ကလေး ဘာပြောစ ရာရှိပါသလဲ ပြောစရာရှိလျှင် ယခုပြော တော်မူပါဟုဆိုသည်။မင်းသားက ဘာမှ မပြောလျှင် သမီးဘက်သို့လှည့်၍ညီး-မင်း ထဲစိုးထဲများ စိတ်မကူးနှင့်- မင်းထဲ စိုးထဲ ရောက်လို့ ငှက်ပျောသီးတလုံးစားချင်မှာမ ဟုတ်ဘူးဟု ပြောသည်။ မင်းသားလည်း အခွင့်မသာသဖြင့် ပြန်ထွက်ခဲ့ရသည်။

ရှေးကရေစက်ပန်နှုံးဘူးသော သစ္စာ မေတ္တာအထုံ ပါလာသည် ဖြစ်၍ တိတ် တိတ်ပုန်း-ပိုးပန်း လှည့်ပတ်ရင်းပင် မင်း သားနှင့် မသဲတို့မေတ္တာမျှကြ လေသည်။ တနေ့သ၌ မင်းတုန်း မင်းသား ကလေး သည်။ အိမ်သူအိမ်သားမိဘတို့အလစ်မှာ

မသဲကိုခိုးယူထွက်ပြေးလေ၏။ ထိုအခါစာရေးကြီးကတော်-ဒေါ်ဖြူကြီးသည်။ မင်းတုန်း မင်းသား၏ ခမည်းတော်သာယာဝတီမင်းသားကြီးရှေ့တော်သို့ဝင်ရောက်ခစား၍ ရှိုက်ကြီး-ငင်ကြီး-ငိုကြွေးပြီးလျှင်ကိုယ်တော်ကြီးဘုရား ကယ်မတော်မူပါဘုရား ကိုယ်တော်ကြီးဘုရားသားတော်မင်းတုန်းမင်းသားဟာကျွန်တော်မျိုးမသမီးကိုခိုးယူသွားပါသည်ဘုရား။ ကျွန်တော်မျိုးမ သမီးကို ရှာဖွေပေးတော်မူပါဘုရားဟု အပူတိုက်လျှောက်ထားလေ၏။ သာယာဝတီမင်းသားကြီးက အကျိုးအကြောင်း မေးမြန်း၍ လက်စွဲတော်တို့ကို စေလွှတ်ရှာဖွေစေပြီးလျှင် မသဲ ကို အမိ စာရေးကြီးကတော် အား အပ် နှင်း တော် မူသည်။ နောက်တကြိမ် ဤသို့ပင် ခိုးယူထွက်ပြေးပြန်သောကြောင့်- စာရေးကြီးကတော်က ဤသို့ပင်လျှောက်ထား။ သာယာဝတီမင်းသားကြီးက ဤသို့ပင်ရှာဖွေစေ၍ပြန်လည်အပ်နှင်းလေသည်။ နောက်တကြိမ်၌ မင်းတုန်းမင်းသားကလေးသည် မသဲကိုခိုးယူထွက်ပြေးရင်း မဟာမြတ်မုနိဘုရားကိုရှိခိုးဝပ်ချ၍ နောင်အခါ ဘိသိတ် ရေစင်ကို အတူတကွ ခံယူ၍တောင်ညာစံ မိဘုရားကြီးအဖြစ်ချီးမြှင့်ပါမည်ဟု ကတိသစ္စာပြုလေသည်။

အမိစာရေးကြီးကတော် ဒေါ်ဖြူကြီးလည်း သာယာဝတီ မင်းသားကြီး ရှေ့တော်သို့ဝင်ရောက်ခစား၍ ရှေးနည်းအတူငိုကြွေး လျှောက်ထားရာ သာယာဝတီမင်းသားကြီးက ဟဲ့စာရေးကြီး ကတော်။ ငါကိုယ်တော်မြတ်ကိုသာ အပူကပ်တော့သည်။ ငါ့သားက- ခိုးစေဦး နင့်သမီးကဘာကြောင့်လိုက်ရသလဲ။ နင့်သမီးလိုက်လို့သာ ငါ့သားက ခိုးတာ ဖြစ်တော့ မပေါ့ သင်းတို့သာလောက်တောင်မေတ္တာမျှနေကြမင့် သင်းတို့သဘောအတိုင်းနေ့ပါစေတော့လား။ နင်သဘောမမျှလျှင်နင့်သမီးကိုနင်ရှာ။ ငါရှာ မပေးနိုင်ဘူး ဟု မိန့်တော်မူသောကြောင့် ဒေါ်ဖြူကြီးသည်။ မင်းသားလက်သို့ ရောက်နေသော မိမိသမီးကို ကိုယ်တိုင်မရှာဖွေဝံ့၊ တွေ့စေကာမူ မခေါ်ဝံ့သဖြင့်၊ လက်လျှော့ နေရလေ၏။

မင်းတုန်းမင်းသားကြီး သီရိမဟာသီဟသူရဓမ္မရာဇာသည် ၁၂၁၄-ခုနှစ်၌၊ ခမည်းတော် နောင်တော်တို့၏အရိုက်အရာ ရွှေဘုံရွှေနန်း သိမ်းမြန်း အုပ်စိုး ခေါင်မိုးဓမ္မရာဇ် မင်းဖြစ်တော်မူသောအခါ ရတနာပုံမင်းနေပြည်တော်ကြီးကို လက်မွန်မဆွ ပထမတည်ထောင် ဖန်ဆင်းတော် မူသောကြောင့် ရတနာပုံပထမမြို့တည်နန်းတည်မင်းတရားကြီးဟု တွင်တော်မူသည် ဘုရားဟောမှုခပါဠိ ပိဋကတ် တော်များကို ပဉ္စမမြောက် သင်္ဂါယနာ တင်တော်မူ၍ ကျောက်ထက် အက္ခရာ တင်ထားသောကြောင့် ပဉ္စမ သင်္ဂါယနာတင်မင်းတရားကြီးဟူ၍လည်း တွင်တော်မူသည် မဟာလောက မာရဇိန်စေတီတော်မြတ်ကို တည်ထားတော်မူသောကြောင့်မဟာလောက မာရဇိန်စေတီတော်ဒါယကာ

ဟူ၍လည်းတွင်တော်မူသည်၊ ထိုမှတပါး မရေတွက်နိုင်သော ကုသိုလ်ကောင်းမှုတို့ကို ပြုတော်မူသည်။ သာသနာတော် ကို အလေးအမြတ်ဖြင့် ထောက်ပံ့တော် မူသည်။ နိုင်ငံတကာနှင့် အဆက်အသွယ် ပြေပြစ်ကောင်းမွန်လှသည်။

ဤသို့ ဘုန်းတန်ခိုး တေဇော အာဏာ လွှမ်းမိုး အစိုးရသူတဆူဓမ္မစေတီ ကြေးစေတီ မင်း ဖြစ်တော်မူပါလျက် အစ်မတော်ဘုရားအတွက် အကြောင်း ကြောင်းကို၊ ငဲ့ကွက်၍ယော်ချစ်ဖြစ်သော မသဲကိုမိဘုရားခေါင်ကြီးတင်မြှောက်လို သော်လည်း မတင်မြှောက်နိုင်။ အစ်မတော် ဘုရားကို၊ မိဘုရားခေါင်ကြီးတင်ထား၍ မသဲကို သီရိမဟာ မင်္ဂလာရတနာဒေဝီ ဟူသောဘွဲ့ဖြင့်မြောက်နန်းမိဘုရား တင်မြှောက်တော်မူရလေသည်။ အဆင့်အတန်းမှာမိဘုရားခေါင်ကြီးက-ပထမအရာ၊ မြောက်နန်း မိဘုရားက ဒုတိယအရာ။ အလယ်နန်းက တတိယအရာ အနောက်နန်းက စတုတ္ထအရာဖြစ်သည်။ ဘကြီးတော်ဘုရားနှင့်နန်းမတော်မိဘုရားခေါင်ကြီး ဒေါ်နုတို့မှ ဖွားမြင်သောသမီးတော် ဆင်ဖြူမရှင်ကိုအလယ်နန်းမိဘုရားတင်မြှောက်တော်မူသည်။

အနောက်နန်းတော်မိဘုရားမကြေကလေး အကြောင်းကို ပြဆိုရာအခန်း၌၊ ဇောင်းကလောကန်ဦးစောဘွဲ့တော်ကိုတည်ထားရာ မဟာရေမ်အတွင်း အရှေ့ မြောက်ထောင့်မှာ သမီးတော်သီရိပဝရ တိလောကရတနာမင်္ဂလာဒေဝီက စေတီရံ တဆူ ဟုဆိုခဲ့သည်။ ထိုသမီးတော်ကား ခမည်းတော်ကုန်းဘောင်မင်းတရားကြီးနှင့် မိဘုရားခေါင်ကြီးတို့မှဖွားမြင်သောသမီးတော်ဖြစ်သည်။ နောင်တော်ပုဂံမင်းတရား၏နှစ်မရင်းစစ်ဖြစ်၍ မင်းတုန်းမင်းတရားကြီး၏ အမိပြား အဘတူ အစ်မတော်ကြီး ဖြစ်သည်။

ထိုသမီးတော် ကြီးကား ဟုတ်ဟုတ်ငြားငြား သာမန်သမီးတော် မဟုတ်ချေ။ ညောင်ကန်ဆရာတော်ဘုရားကြီးဦးသူထံ၌၊ သင်ကြားတတ်မြောက်ခဲ့သဖြင့် ဗေဒင်ကိန်းခန်း ဂဏန်းဟူးရား တို့၌ ပိုင်းခြားသိမြင် ကျွမ်းကျင် လိမ္မာတော်သည်။ တိုင်းရေးပြည်ရေး၌ တိုင်ပင်ဖော်-တိုင်ပင်ဘက်ရသည်။ ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်မင်းတရားကြီး လက်ထက်၌ ခမည်းတော် သာယာဝတီမင်းသား မင်္ဂလာအိမ်တော်စံ တော်မူစဉ် ခမည်းတော် သာယာဝတီမင်းသားက သမီးတော်နှင့် တိုင်ပင်တော်မူရာသမီးတော်ကြီးကလောကီဗေဒင် ကျမ်းဂန်တို့၌ လေ့လာတတ်ကျွမ်းသိမြင်တော်မူသည်နှင့်မင်းဖြစ်တော်မူအံ့သောအကြောင်းများကို ကာလသမယ စသည်ဖြင့် ပိုင်းခြား၍ လျှောက်ထားလေသည်။

တကြိမ် တိုင်ပင်တော် မူပြန်ရာ အစ ထက်လျှောက်ထားပိုင်းခြားရင်း အတိုင်း ခေတ်ပန်းကိန်းခန်း စသော ကောင်းမြတ်သောအခါသမယလည်းစုံညီကြိုက်လတ်သည်။ ယခုထင်မြင်သည့် နိမိတ်မှာလည်း

ဟူ၍လည်းတွင်တော်မူသည်၊ ထိုမှတပါး မရေတွက်နိုင်သော ကုသိုလ်ကောင်းမှုတို့ကို ပြုတော်မူသည်။ သာသနာတော် ကို အလေးသဖြင့် ထောက်ပင့်တော် မူသည်။ နိုင်ငံတကာနှင့် အဆက်အသွယ် ပြေပြစ်ကောင်းမွန်လှသည်။

ဤသို့ ဘုန်းတန်ခိုး တေဇာ အာဏာ လွှမ်းမိုး အစိုးရသူတဆူဓမ္မရာဇာ်ကြေရာဇ်မင်း ဖြစ်တော်မူပါလျက် အစ်မတော်ဘုရားအတွက် အကြောင်း ကြောင်းကို၊ ငဲ့ကွက်၍ယဉ်ချစ်ဖြစ်သော မသဲကိုမိဘုရားခေါင်ကြီးတင်မြှောက်လို သော်လည်း မတင်မြှောက်နိုင်။ အစ်မတော် ဘုရားကို၊ မိဘုရားခေါင်ကြီးတင်ထား၍ မသဲကို သိရိမဟာ မင်္ဂလာရတနာဒေဝီ ဟူသောဘွဲ့ဖြင့်မြောက်နန်းမိဘုရား တင်မြှောက်တော်မူရလေသည်။ အဆင့်အတန်းမှာမိဘုရားခေါင်ကြီးက-ပထမအရာ၊ မြောက်နန်း မိဘုရားက ဒုတိယအရာ။ အလယ်နန်းက တတိယအရာ အနောက်နန်းကစတုတ္ထအရာဖြစ်သည်။ ဘကြီးတော်ဘုရားနှင့်နန်းမတော်မိဘုရားခေါင်ကြီး ဒေါ်နုတို့မှ ဖွားမြင်သောသမီးတော် ဆင်ဖြူမရှင်ကိုအလယ်နန်းမိဘုရားတင်မြှောက်တော်မူသည်။

အနောက်နန်းတော်မိဘုရားမကြေလေး အကြောင်းကို ပြဆိုရာအခန်း၌၊ ဓောင်းကလေးကန်ဦးစေတီတော်ကိုတည်ထားရာ မဟာရေမ်အတွင်း အရှေ့ မြောက်ထောင့်မှာ သမီးတော်သီရိပဝရ တိလောကရတနာမင်္ဂလာဒေဝီကစေတီရံတဆူ ဟုဆိုခဲ့သည်။ ထိုသမီးတော်ကား ခမည်းတော်ကုန်းဘောင်မင်းတရားကြီးနှင့် မိဘုရားခေါင်ကြီးတို့မှဖွါးမြင်သောသမီးတော်ဖြစ်သည်။ နောင်တော်ပုဂံမင်းတရား၏နှစ်မရင်းစစ်ဖြစ်၍ မင်းတုန်းမင်းတရားကြီး၏ အမိပြား အဘတူ အစ်မတော်ကြီး ဖြစ်သည်။

ထိုသမီးတော် ကြီးကား ဟုတ်ဟုတ်ပြောပြော သာမန်သမီးတော် မဟုတ်ချေ။ ညောင်ကန်ဆရာတော်ဘုရားကြီးဦးသူထံ၌၊ သင်ကြားတတ်မြောက်ခဲ့သဖြင့် ဗေဒင်ကိန်းခန်း ဂဏန်းဟူးရား တို့၌ ပိုင်းခြားသိမြင် ကျွမ်းကျင် လိမ္မာတော်သည်။ တိုင်းရေးပြည်ရေး၌ တိုင်ပင်ဖေါ်-တိုင်ပင်ဘက်ရသည်။ ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်မင်းတရားကြီး လက်ထက်၌ ခမည်းတော် သာယာဝတီမင်းသား မင်္ဂလာအိမ်တော်စံ တော်မူစဉ် ခမည်းတော်သာယာဝတီမင်းသားက သမီးတော်နှင့်တိုင်ပင်တော်မူရာသမီးတော်ကြီးကလောကီဗေဒင် ကျမ်းဂန်တို့၌ လေ့လာတတ်ကျွမ်းသိမြင်တော်မူသည်နှင့်မင်းဖြစ်တော်မူအံ့သောအကြောင်းများကို ကာလသမယ စသည်ဖြင့် ပိုင်းခြား၍ လျှောက်ထားလေသည်။

တကြိမ် တိုင်ပင်တော် မူပြန်ရာ အထက်လျှောက်ထားပိုင်းခြားရင်း အတိုင်းဓာတ်ပန်းကိန်းခန်း စသော ကောင်းမြတ်သောအခါသမယလည်းရုံညီကြိုက်လတ်သည်။ ယခုထင်မြင်သည့် နိမိတ်မှာလည်း

သောကမုဒ္ဒါဘိသိတ်ခံသည်နှင့် တပြိုင်နက် ထီးဖြူဆောင်းလျှင်သင့်ပါမည့်အကြောင်း နှင့်လျှောက်ထားလေသည်။

ခမည်းတော်မင်းတရားကြီးလည်း သမီးတော်လျှောက်ထားအပ်သောစကားကို နှစ်သက်တော်မူ၍ အမိန့်တော် ရှိသည်ကား ဧကရာဇ်မင်းမြတ်တို့ မည်သည်ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား မှခွင့်အလျောက် ဘေးဘယကိုဖြစ်စေခြင်း။ ဇီဝိတိန္ဒြေမှ ချခြင်းတည်းဟူသော ရာဇဝတ်ဒဏ်ပေးခြင်းမကင်းရာသည်ဖြစ်၍အပြစ်ဒဏ် အ လျောက် ဇီဝိတိန္ဒြေမှ ချအံ့သည်ရှိလျှင် ငါ့သမီးတော်က အသက်ဘေးမှ နှုတ်ယူလျှင်လွတ်စေ၊ သမီးတော်အားအသက်ဒါနဆုကို ပေးတော်မူသည် အမိန့်တော်ရှိပြီးလျှင်၊ ထိုနေ့မှစ၍ဆောင်းတော်မူသောရွှေထီးအထွတ်တွင် ထီးဖြူချည်၍ဆောင်းတော်မူသည်။ ဆင်ယာဉ်- မြင်းယာဉ်- ရထားလှော်ကား လှေတော်များ၌ခင်းကျင်းစိုက်ဆောက် သည့် ယာဉ်ထီးဖြူတော်များကိုရုပ်သိမ်းရလေသည်

ယင်းသို့လျှင် တိုင်းရေး ပြည်ရေး စသည်တို့၌ တိုင်ပင်ဘက် ရသောကြောင့်၊ အလွန်မြတ်နိုးစုံမက်တော်မူသည်။အလွန်ရနိုင်ခဲလှသော ဇီဝိတ ဒါနဆုကိုလည်း ပေးတော်မူသည်။ သို့စဉ် မြတ်နိုး စုံမက်တော်မူသဖြင့် သမီးတော် အလိုအတိုင်း သမီးတော်ဆရာ ရှင်ဥဧယျုဂမ္ဗကို သာသနာပိုင်တင်မြှောက် ခန့်ထားတော် မူလေသည်။

ထိုသမီးတော် ကြီးကား ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ခမည်းတော်ဘုရားအလွန်မြတ်နိုးလေးစားအပ်သူလည်း ဖြစ်သည်။ ဧကရာဇ် မင်းအဖြစ်သို့ ရောက် အောင်ထောက်ပံ့ကူညီပြုစုခဲ့သူလည်း ဖြစ်သည်။ မင်းတုန်းမင်းတရားကြီးထက် သက်တော်လည်းကြီးသည်။ အမျိုး အားဖြင့် လည်း တောင်နန်းဖွားမြင့်မြတ်သည်ဖြစ်၍။ မင်းတုန်းမင်းသားက ရိုသေခန့်ငြားခဲ့ရသည်။ ထိုအကြောင်းတို့ကြောင့်၊ ထိုအစ်မတော်မင်းသမီးကို တောင်နန်းမတင်လျှင်ခမည်းတော်နှင့်တကွဆွေတော်မျိုးတော်တို့ကိုမထောက်ထားရာရောက်မည်။ ကုလေဇေဋ္ဌာ ပစာယနတရားပျက်မည်။ ကတညုတာမင်္ဂလာတရားပျက်မည်။ဉာတိသင်္ဂဟတရားပျက်မည်။ ထိုတွင်ကတညုတာမင်္ဂလာတရားပျက်ခြင်းသည်။ အရေးအကြီးဆုံးဖြစ်သည်။ မသဲကို တောင်နန်း မတင်လျှင်ကတိသစ္စာပျက်မည်။ မိမိအလိုတော်မပြည့်ဖြစ်မည် တရားသဘောနှင့် စာနာလျှင် အစ်မတော် မင်းသမီးက အချိန်စီးလျက်ရှိသည်။ထိုကြောင့် ကတိသစ္စာပျက်လျှင် ပျက်စေတော့ မိမိအလိုမပြည့်လျှင်ရှိတော့ အထူးအားဖြင့် ကတညုတာ မင်္ဂလာတရားကိုကား မပျက်ပြားစေသင့်ဟု၊ မိမိလည်း လိမ်မာ တတ်သိ ပညာရှိဖြစ်သည်အားလျော်စွာ အကြောင်း ကြောင်းကိုထောက်ထားတော်မူပြီးလျှင် ကျေးဇူးရှင် အစ်မတော်မင်းသမီးကို တောင်နန်းတင်၍ တော်ချစ်ဖြစ်သောမသဲကို မြှောက်

နန်းတင်တော်မူလေသည်။

မင်းတုန်းမင်းတရားကြီးသည်မိဘုရားကိုဌွန်သာအလိုတော်မပြည့် ဖြစ်တော်မူသည်မဟုတ်သေး၊ သာသနာပိုင် ကိုဌွန်လည်းအလိုတော်မပြည့် ဖြစ်ရ ချေသေးသည်။ မိမိ၏ကန့်ကူလက်လှည့်ငယ်ဆရာအရှင်စန္ဒိမာကို သာသနာပိုင်မြှောက်တင်တော်မူလို လျက် တောင်နန်းစံ မိဘုရားခေါင်ကြီးကို ငွဲကွက်တော်မူ၍။ မိဘုရားခေါင်ကြီး ၏ ဆရာ အရှင်ဥေယျ ဓမ္မ ကို၊ သာသနာပိုင် မြှောက်တင်တော် မူရလေသည်။ ညီတော်အိမ်ရှေ့မင်းကြီးက အရှင်စန္ဒိမာကိုသာသနာပိုင်မမြှောက်တင်ကောင်းလားဟု၊ ကြေနပ်တော်မမူ။ သာသနာပိုင်အရှင်ဥေယျ ဓမ္မကို၊ မယားပါ သာသနာပိုင် ဟု၊ သရေတ်တော် မူသည်။ ခမည်းတော်ဘုရားက မင်းညီနောင် နှစ်ပါးကို၊ သဲအင်း ဆရာတော်ဘုရားကြီးထံ အပ်နှံရာ။ တပည့်ကြီး အရှင်စန္ဒိမာက မင်းညီနောင်နှစ်ပါးအား ကန့်ကူလက်လှည့် စာပေသင်ကြားပေးရလေသည်။ ဆရာရင်းအရှင်ဒိမာက မင်းတုန်းမင်း တရားကြီးကိုမောင်လွင်။ အိမ်ရှေ့မင်းကြီးကိုမောင်ခင်ဟု၊ ငယ်မည်အတိုင်း ခေါ်တော်မူသည်။ ထိုဆရာတော်ကား၊ဋ္ဌကြီးသိက္ခာကြီးသည် တည် ကြည် ငြိမ် သက် သည်။ ပြန်လွန်တော်မူလျှင် သာသနာပိုင် နှင့် အရည်အတန်းတူ သင်္ဂြိုဟ်တော်မူသည်။ ဦးစန္ဒိမာသင်္ဂြိုဟ်စာတမ်းဟူ၍ပင်ထင်ရှားရှိသည်။ ဓုတ်ယကမ္မာစစ်မဲ့ဖြစ်မိ ထိုစာတမ်းကို။ ဘားနဒ်ပိဋကတ်တိုက်၌၊ တွေ့မြင်ကြည့်ရှုဘူးသည်။

တခါသော် မြောက်နန်းတော် မိဘုရားမသဲသည်ရွာစဉ်ရွာစားမင်းလှသင်ယာဘွဲ့ခံ စလေဆရာပညာရှိ ဦးပုညကိုရှေ့တော်သို့ခေါ်၍ ယော်ရွယ်စဉ်က အ ကြောင်းကြောင်းကို ရိုးပေါင်းပြန်ကြားပြီးလျှင်ကဗျာတပုဒ်ရေးသားဆက်သ စေလိုကြောင်းမိန့်ကြားတော်မူရ။ စလေဆရာဦးပုညကအောက်ပါ ကဗျာတပုဒ်ကိုတမဟုတ်ခြင်းရေးသားဆက်သလေ၏။- ထိုကဗျာကား။ ကနက်ကယ်ထူ၊ရိပ်ဖြူနေခင်ခါဖွင့်မဲ့ ကိုယ်ပင့်စကား။ ။ လကွန်းအိမ်၊ ဝက္ကန်းစံကျော်ရွာလိမ်သည့်နှယ်။ ဘုန်းကျိန်ရက်သား။ ။ထိုကဗျာ၏၊ အဓိပ္ပါယ်မှာ၊နောင်အခါ ကနက္ကဒဏ် ယောိးရိုင်ဖြူကို ဖွင့်၍၊ ဘုရင့်အဘိသိက်ကို ခံယူသောအခါအတူတကွ ခံယူ၍ မိဘုရားခေါင် တောင်ညာစံ တင်မြှောက် ပါမည် ဟု မောင်တော်ဘုရား၏ စကားရှိပါသည်။ ဤသို့မောင်တော်ဘုရား ကတိသစ္စာ ကျိန်စာ ရွက်ရက်သားနှင့် တလိုင်းမင်း၏ သူမဲ့ကောင်း လကွန်းအိမ်အမည်ရှိသော အမတ်စစ်သူကြီးကို အဝရွေ့မြို့တော်စံ ဘုရင် မင်းခေါင်သားတော် မင်းရဲ ကျော်စွာက လိမ်လည်လှည့်ဖြားသတ်ဖြတ်သလို မောင်တော်ဘုရားက နှစ်မတော်ကို လိမ်လည်ဖြား တော့တာလားဟုဆိုလိုသည်။

ထိုရွေးချိုးကဗျာကို မြောက်နန်း မိဘုရားက မင်းတုန်းမင်းတရားကြီးအားဆက်

သလေ၏။ မင်းတုန်းမင်းတရားကြီးကထို
ကဗျာ ဒွေးချိုးကို ဘတ်ရှုတော်မူပြီးလျှင်၊
လိုက်သိုက်သွဲ့သွဲ့ ကြေကွဲ ဝမ်းနည်းတော်
မူသော မျက်နှာတော် ပုံအသွင်အပြင် အ
လျှောပန်အမူအရာဖြင့်၊ မိမိ၏မလွှဲမရှောင်
ရဲသောအခဲအခက် အချက်အကြောင်းတို့
ကြောင့် လောကဓံ့ ကတည်းတာ မင်္ဂလာမ
ရှိ သူတပါး၏ ကျေးဇူးကိုမသိတတ်သော
အမင်္ဂလာသူယုတ်မာကြီးအဖြစ်ကို မခံယူ
နိုင်သဖြင့် ကျေးဇူးရှင် အစ်မတော်ဘုရား
ကို တောင်ညာစံ အရာထားရကြောင်းနှစ်
မတော်ထက် သာလွန်၍ ချစ်ခင် မြတ်နိုး
သော ကြောင့် မ ဟုတ် ကြောင်း။ မောင်
တော်ဘုရားအချစ်ခင် အမြတ်နိုးဆုံးမှာ နှ
မတော်မြောက်နန်းပင့်ဖြစ်ကြောင်းစသည်
ဖြင့် မြောက်နန်းမိဘုရား နှစ်သိမ့် ကြေနပ်
လောက်အောင် ဝေဖစ် ပရိယာယ် စကား
လှယ် အမျိုးမျိုး တိုးတိုးတသွယ်- ကျယ်
ကျယ်တခြားပြောကြားမည်ပင်ဖြစ်သည်

အခါတပါး၌ စလေပညာရှိဦးပုည က
မိန်းမချော မိန်းမလှ အကြောင်းကို သူတ
ပါးလိုက်မခိုအောင် အစွမ်းကုန် ချီးမွမ်း
သောပနာ၍ ကဗျာတေးထပ် တပုဒ် ရေး
သားလေ၏။ ထိုတေးထပ် ကဗျာကား ဤ
သို့တည်း။

မာလာငုံ-ထုံရနံ့။ ကုံကမံ့ဝတ်လွှာ
ဘုံတနန်းထွတ်ချာမှာ၊ တမွတ်ညှာညွန့်ဖျား
ကျွန်းကာရုဇေယျာမှာ၊ ပဒေသာနန်းပင်ခြင့်
ပွား။ ။ဗွေကသစ်ရိပ်ကြာမှာ၊ မိတ်က
လျှာတပါး၊ ဇမ္ဗူမှာအတူရှားတယ်လို့၊
စာစကားမျက်ကွယ်၊ လှမှန်ကူ တဆူဖုန်း
ကိုဖြင့်၊ ဇမ္ဗူလုံးချင့်ရတယ်။ ။ရွှေဘုံ
သူ့ကိုယ်စားလှယ်ကို။ လိုတမယ် လွှာသ
လို့။ ဝါသဝပါရဂူ- ရေးတော့မတူ၊ ကံ
ဘူးလို့ယဉ်သသူကို။ မင်းမကူနိုင်ဘူးကွဲ့
လေး။

ဤကဗျာတေးထပ်ကို မင်းတုန်းမင်းတ
ရားကြီးအား ဆက်သလေ၏။ မင်းတရား
ကြီးက ဤတေးထပ်ကိုဘတ်ရှုတ်စေ၍နား
ထောင် ချီးမွမ်းတော်မူပြီးလျှင် ဤမိန်းမ
ချော မိန်း မလှ ဘွဲ့ကဗျာ တေး ထပ် ကို
မြောက်နန်းတော် မိမိအား ဆက်သလိုက်
ပါဘိ မောင်မင်းဟု မိန့်တော်မူလေသည်
ဤအကြောင်းကို ထောက်၍ မြောက်နန်း
တော်မိဘုရား မသဲ- မည်မျှ လှပချောမော
ကြောင်း ဘုရင်မင်းမြတ် မည်မျှလေးမြတ်
ချစ်ခင်တော်မူကြောင်းကို ကောင်းစွာ သိ
သင့်လှပေသည်။

ဘုရင်မင်းမြတ်ကသာ ချစ်ခင် မြတ်နိုး
တော် မူသည် မဟုတ် သေး။ တောင် နန်း
တော်မိဘုရား ခေါင်ကြီးကလည်း ချစ်ခင်
မြတ်နိုးတော်မူလေသည်။ ဤသို့အရှင် နှစ်
ပါးက မြတ်နိုးကြည်ဖြူ ချစ်ခင်တော် မူ
သောကြောင့် မြောက်နန်းတော် မိဘုရား။
မသဲသည်။ အလွန်ဘုန်းတန်ခိုးကြီးကျယ်
၏။ အရှင်ဘုန်းကြီးကွန့်မြားပြီးဟူသကဲ့သို့
မြောက် နန်း တော် မိဘုရား မသဲ အလွန်
ဘုန်းတန်ခိုးကြီးသောကြောင့် မြောက်နန်း
တော်၌ ခစားကြကုန်သော သူငယ်မ က
လေးတို့သည် ဘုရင်မင်းမြတ်မှတပါးတ

နန်းတော်လုံး မည်သူကိုမျှ မကြောက်မရွံ့ မလေးမစား ပမာဏမထားကြချေ။

မြောက်နန်းတော်မိဘုရား မသဲ-၏အမိ စာရေးကတော်-ဒေါ်ဖြူကြီးသည် အုဂ်မိုရ် မြို့သူကြီး ဦးစံမင်း၏နှမအရင်းဖြစ်သည် ဦးစံမင်း၏ သား အုဂ်မိုရ်မြို့သူကြီး ဦးအုံ့ သည်မြော်နန်းတော်မိဘုရားမသဲနှင့်မောင် နှစ်မတာဝမ်းကွဲတော်စပ်သည်။ ဦးအုံ့၏သ မီး ခင်ဘို့မယ်အစရှိကုန်သောသူငယ်မက လေးတို့သည်။ အရှိးတော်မြောက်နန်း မိ ဘုရားထံ၌ ခစားထမ်းရွက်ကြသည်။ ထို သူငယ်မကလေးတို့သည်၊ မြောက်နန်း မိ ဘုရားအားကိုးနှင့် တနန်းတော်လုံး ဘုရင် မင်းမြတ်မှတပါး မည်သူကိုမျှမကြောက် မရွံ့၊ မလေးမစား။ မခံ့ငြားကြချေ။ ငယ် သူတို့၏ဂလေ့သဘောအတိုင်း နန်းမြို့အ တွင်း၌ရှိသော သစ်သီး ကြီးငယ် များကို၊ ဆွတ်ယူ စားသောက်ကြသည်။ ပန်းမန် များကို ခူးယူပန်ဆင်ကြသည်။ နီးစပ်ရာ အဆောင်များမှ မိဘုရားမောင်းမ- ကိုယ် လုပ်တော်တို့က မဆွတ်နှင့် မခူးနှင့်ဟု ဆို မြည်တားဆီးပိတ်ပင်ကြလျှင် ထိုသူငယ်မ ကလေးတို့က ဆွတ်လျှင်ဘာဖြစ်သလဲ-ခူး လျှင်ဘာဖြစ်သလဲ- ဘုန်းတော်ကြီး ဘုရား ၏ အပင်တွေ။မည်သူ့အပင်မှ မဟုတ်ဘူး မဆိုင်လျှင်မပြောနှင့်ဟု ပြောဆိုကြကုန်၏ နင်တို့ဘယ်ကလဲဟု မေးလျှင် မြောက်နန်း ဘော်ဆောင်ကဟုပြောဆိုကြကုန်၏။ ထို မိဘုရားမောင်းမ ကိုယ်လုပ်တော် တို့က။ အဲ့င်းမြောက်နန်းတော် ဆောင်ကဆိုလျှင်၊ စွာကျယ်ကျယ် ပေကပ်ကပ်ချည်းဘဲဟု ညည်းညူ မြည်တမ်း အရှုံး ပေး ကြရ ကုန်၏။

တောင်နန်းမတော် မိဘုရားခေါင်ကြီး ကား လှပတင့်တယ် ရှုချင်ဘွယ် ရှိသော ကြောင့်မိဘုရားကြီးဖြစ်သည်မဟုတ်။မင်း အဖြစ် သို့ ရောက် အောင် ချီးမြှောက် ထောက်ပံ့ကျည်ခဲ့သော ကျေးဇူးဥပကာရ ကြောင့်သာ မိဘုရားခေါင်ကြီး ဖြစ်လေ သည်။ ရုပ်ရည်သဏ္ဌာန် အားဖြင့် ဝဝ- အိုင့်အိုင့်-မိုင့်မိုင့်-ညှိညှိ လည်ကုပ်တုံကြီး ဖြစ်သည်။ ထို့ကြောင့် မင်းတရားကြီးက ရှေးရှေးအခါက မိဘုရားကြီးများဟာ လှ ပရုပ်ဆင်း ကိုယ်ရောင်ဝင်းသောကြောင့်၊ ခုနှစ်ဆောင်တိုက်ခန်းမှာမီးမငြှိဘဲ လင်းကြ သတဲ့-ယခုကာလ မိဘုရားကြီး များမှာ တော့ ခုနှစ်တောင်တိုက်ခန်းမှာ မီးငြှိလျက် တောင် မှောင်နေပါ ကလားဟု မိဘုရား ခေါင်ကြီးကို ပြက်ရယ် ပြုတော်မူသည်။ တောင်နန်းတော် မိဘုရား ခေါင် ကြီး က လည်းရှေးရှေးအခါက မင်းများ မှာတော့ ဆင်ပျံရတနာရသည်၊သိန္ဓဝနတ်မြင်းပျံ ရသည်။ ခါးစကြာ၊ လှံစကြာ ရသည်၊ ယခုကာလမင်းများမှာတော့ ဆင်ပျံ၊မြင်း ပျံမရ။ ခါးစကြာလှံစကြာမရစကြာတခု ကိုသာရလေတော့မိဘုရားကြီး များမှာလဲ ခုနှစ်ဆောင်တိုက်ခန်းမှာမီးငြှိလျက်တောင် မှောင်နေတော့မှာပေါ့ဟု။ မင်းတရားကြီး ကိုပြန်၍ ပြက် ရည် ပြု တော် မူ သည် မင်း တုန်းမင်းတရားကြီးမှာမိဘုရားအလွန်များ

ပြား သောကြောင့်ဤသို့ ပြက်ရယ်ပြုတော်
မူသတည်း။
တောင်နန်းမတော် မိဘုရားခေါင်ကြီး
သည်။ အဆင်းမလှ ရုပ်နိကာယ် မတင့်
တယ် မချောသော်လည်း။ပိဋကတ်ကျမ်း
ဂန်ဗဟုသုတရှိသည်။ ဗေဒင်နက္ခတ်ဓာတ်
လက္ခဏာဟူးရား ဂဏန်းကျမ်းကျင်တတ်
မြောက် လိမ်မာတော်မူသည်။ စိတ်နှလုံး
တော်မှာ နူးညံ့သိမ်မွေ့သည်။ သဘော
ကြီးကြီး ထားတော် မူတတ်သည်။ ထို့
ကြောင့်လည်း မင်းတရားကြီးက မြောက်
နန်းမိဘုရားအပေါ်မှာ အလေးပြုတော်မူ
သကဲ့သို့ တောင်နန်း မိဘုရားခေါင်ကြီးက
လည်း မြောက်နန်း မိဘုရားအပေါ်မှာ အ
လေးပြုတော်မူသည်။ မင်းတရားကြီး အ
လိုတော်ကျအောင်ပြုကျင့်တော်မူခြင်းပင်
ဖြစ်သည်။ မိဘုရား-မောင်းမမိဿံ အ
ခြွေအရံ ကိုယ်လုပ်တော်တို့ကိုကြေနပ်နှစ်
သိမ့်အောင်ချီးမြှောက်တော် မူတတ်သည်
ဆုံးမတော် မူတတ်သည်။ မျှတသော သ
ဘောတော်ရှိသည်။ တနန်းတော်လုံး၏ မိ
ခင်ကြီးဖြစ်သောမိဘုရား ခေါင်ကြီး ဝိသ
လှပေသည်။
ဤသို့နှလုံးရည်ဝ အသွန် လိမ်မာ လှ
သော မိဘုရားခေါင်ကြီးဖြစ်သောကြောင့်
အချို့မိဘုရားတို့က မြောက်နန်းတော်မိဘု
ရား မသဲ-အပေါ်၌ ဘဝရှင်မင်းတရားကြီး
အလွန်ချစ်ခင် မြတ်လေး အရေး တယူ
ကြည့်ရှု တော်မူသည်ကို မနာလိုဝန်တို
ဖြစ်ကြ၍ မိဘုရားခေါင်ကြီးအား မည်သို့
မည့်ဝါစသည်ဖြင့် လျှောက်ထားကြလျှင်
တောင်နန်းမတော် မိဘုရားခေါင်ကြီး က
ညီးတို့အေ-မြောက်နန်းအပေါ်မှာ မနာလို
ဝန်တို မရှုကြပါနှင့်-သူ့လင်ကို ငါတို့က။
ခိုးကြရတာပါ။ သူကမယားကြီး ငါတို့
က လင်ခိုးမယားငယ်တွေဖြစ်ပါတယ်၊
လင်ခိုးမယားငယ်တွေက မယားကြီး အ
ပေါ်မှာ မနာလိုဝန်တို မရှုသင့်ပါဘူးဟု၊
ပြောဆိုဆုံးမတော်မူလေ့ရှိသည်။
မင်းတရားကြီးနှင့် မိဘုရား ခေါင်ကြီး
တို့က။ မြောက်နန်းတော်မိဘုရား မသဲအ
ပေါ်၌ အခွင့်အရေးပေး၍။အလေးအမြတ်
ပြုသောကြောင့် မြောက်နန်းတော်မိဘုရား
မသဲ အလွန် ဘုန်းတန်ခိုး ကြီးသောအခါ
တနေ့သ၌ မယ်တော်စာရေးကြီးကတော်
ဒေါ်ပြုံကြီးသည် မင်းတရားကြီးထံမှောက်
သို့ ဝင်ရောက်ခစားလေ၏။ ထိုအခါ မင်း
တရားကြီးက ကိုယ်လုပ်တော်တယောယ်
ကိုခေါ်၍၊ဟဲ့......သည်စာရေးကြီးကတော်
အား ဌက်ပျောသီးတခိုင်ကြီးကြီးကောင်း
ကောင်းပေးလိုက်ပါဘိဟု မိန့်တော်မူ၍။
ဌက်ပျောခိုင် စာရေးကြီးကတော်အနီးသို့
ရောက်သောအခါ ကဲစာရေးကြီးကတော်
ဌက်ပျောသီးတလုံးမျှ မကဘူး တခိုင်လုံး
စားရရောမဟုတ်လားဟု မိန့်ဆို၍ ယခင်
စာရေးကြီးကတော် စကားကို ပြန်လှန်ချေ
ပတော်မူ၏။ စာရေးကြီးကတော်ကဝမ်း
မြောက်ဝမ်းသာ ယခုတော့လဲ အတော်
သားပါဘဲဘုရားဟု ပြုံးမျှင် ကြေနပ်စွာ
လျှောက်ထားသံတော်ဦးတင်လေ၏။

မြောက်နန်းခေတ်မိဘုရား မသဲ-သည် မန္တလေးတောင်ခြေရင်း၌ ပြည်တိုက်ခေါ် မဟ္ဘာလာရာမကျောင်းတိုက်ကြီးကို ဆောက်လုပ်သွန်ဒါန်းသော-ကျောင်းဒါယိကာမကြီး ဖြစ်သည်။ အခြား ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုစုအားထုတ်လေသည်။ မင်းတရားကြီးနှင့်- မိဘုရားခေါင်ကြီးတို့အလျင် ကောင်းမှုရှင်တို့၏ တံထွာ၊ ဓမ္မတာမလွဲ နတ်ပွဲဝင်ရှာလေသည်။

မြောက်နန်းမိဘုရား မသဲ- နတ်ပွဲဝင်လေသျှင် ဘဝရှင်မင်းတရားကြီးသည်။ ပူမီးမြိုက်စွ ကြေကွဲလွမ်းတတော်မူဖြင့်၊ အလောင်းကိုမှန်ခေါင်း၌ သွင်းနှံ၍ နေ့ရှည်ရက်များ တမိန်းမိန်း ကြည့်ရှု နေတော်မူပြီးမှ၊ ဥယျာဉ်တော်အတွင်း၊ အုတ်ပြဿဒ်ဂူမှာ သွင်းနှံ ဌာပနာ၍ မိဘုရားခေါင်ကြီးတို့ကို သင်္ဂြိုဟ်သည့်နည်း သင်္ဂြိုဟ်တော်မူသည်။

## (မိဘုရား—သုံးပါး)

ထို့ပြင်ဘပါး အခြား မိဘုရား သုံးပါးလည်း၊ ဤဟင်္သာတမြို့မှပင် ပေါ်ထွက်သေးသည်။ ငါးမျက်နှာစေတီတော် ဒါယကာကျော်ထင်နော်ရထာ ဘွဲ့ခံ၊ မြို့သူကြီး ဦးပုသည်၊ ဒုတိယ မြို့သူကြီးကတော် တယောက် နှင့်- သင့်မြတ်ပြန်ရာ သမီးသုံးယောက်- သားတယောက် ပေါင်းလေးယောက်ထွန်းကားလေသည်၊ သုံးယောက်လုံးကိုပင် ပဉ္စမသင်္ဂါယနာတင်၊ မင်းတုန်းမင်းတရားကြီးကောက်ယူသိမ်းပိုက်တော်မူ၍။ ပထမ သမီးကို သီရိသုစန္ဒာဒေဝီဘွဲ့ဖြင့်၊ လင်ပန်းတိုက်စားမိဘုရား။ ဒုတိယ-သမီးကို- သီရိသုပဘာဒေဝီဘွဲ့ဖြင့်၊ သက်ပန်းတိုက်စား မိဘုရား။ တတိယ သမီးကို သီရိသုနန္ဒာမဟေဘွဲ့ဖြင့်၊ သရစိမ်း တိုက်စားမိဘုရား မြောက်စား ချီးမြှင့်တော်မူသည်။ မောင်အငယ်ကို မြင်းတင်ဗိုလ်ခန့်ထားတော်မူသည်။ဤသို့လျှင်ဟင်္သာတမြို့ကြီးသည်ဘုရား တရား သံဃာ သာသနာရောင်ထွန်းပြောင်ရာလည်းဖြစ်၏။ ရဟန်းပညာရှိ၊ လူပညာရှိတို့ပေါ်ထွန်းရာလည်းဖြစ်၏၊ ရဟန်းပညာရှိ၊ လူပညာရှိ တို့အကြောင်းကိုရှည်အံ့စိုး၍မပြခဲ့ပြီ။

မိန်းမရတနာ ကလျာနုတ္တမ၊ မိဘုရားငါးယောက်ပေါ်ပေါက်ဖြစ်ထွန်းရာလည်းဖြစ်၏။ ရန်ကုန်-ပုသိမ်-ပြည် စသော အထက်မြို့တို့၏ အလယ် ဗဟို၌တည်၍၊ အရောင်းအဝယ်ကြီးကျယ်စည်ကား စီးပွားဥဿုံဖြစ်ထွန်းရာ အရပ်လည်းဖြစ်၏။ ငြ၊ လယ်ယာ-ကိုင်းကျွန်းထွက်- အသီးအနှံအစားစားတို့ဖြစ်ထွန်းပွားရာအရပ်လည်းဖြစ်၏။ အရသာကောင်းသော ငါးသားပုဇွန်ပေါများသောအရပ်လည်းဖြစ်၏ ရှေးကပြုဘူးကောင်းမှု အထူးနှိုသူတို့စံပျော်ရာ ပဋိရူပဒေသဝါသစက်မင်္ဂလာ ပြည့်စုံရာသောအရပ်လည်းဖြစ်၏။

ဤသို့ကျေးအထူးနှင့် ပြည့်စုံသော—ဟင်္သာတမြို့ကြီး၏ ဒုတိယ ကမ္ဘာ စစ်မီးကြောင့်ပျက်စီးရပုံမီးအကြမ်ကြမ်လောင်သောကြောင့်ပျက်စီးရပုံ။ဖြေရေဝင်ဖြစ်ရေတိုက်စားပျက်ပြားရပုံတို့ကိုကားမျက်ဝါးထင်ထင် တွေ့မြင် သိရှိကြပြီး ဖြစ်သောကြောင့် မပြဆိုတော့ဘဲ ဤမျှဖြင့်ပင်။ ဟင်္သာတမြို့ကြီး၏ အကြောင်းအရာ အဋ္ဌုပ္ပတ်အပြီးသတ်သတည်း။........။

# ဟင်္သာတမြို့၊ မန္တလေးကျောင်းတိုက်၊

ကျောင်းထိုင် = နာယက - သာသနာပြု - ဓမ္မကထိက ။



ခုံဗိနည်းဓိုရ် ဆရာတော် (၂၆) ဝါရ။

အရှင်အာသဘ၊ မဟာထေရ်မြတ်၏ပုံတော်

# ★ ★ ★ အမှာစာ၊ ★ ★ ★

သီလ-သမာဓိ-ပညာ-သိက္ခာ သုံးပါး တို့ဖြင့်၊သိမ်းကျုံး အပ်သော မြတ်စွာဘုရား၏။ သာသနာတော်မြတ်၌၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ တို့ကိုအစဉ်အားလျော်စွာ။ အားထုပ်ကျင့်ကြံတော်မူသည်ဖြစ်၍။ ပရိယတ္တိဓုရ၊ ပရိပတ္တိသမာစာရ။ ပဋိဝေဓ ဂတဖြစ်တော်မူသော စတုတ္ထမြစ်ကြွေး ဆရာတော် မဟာထေရ်မြတ်ကြီး၏၊ ထေရုပ္ပတ္တိဖြစ်ပေါ်လာခြင်း၏ အကြောင်းမှာ။ ဟင်္သာတမြို့- အတ္တုပ္ပတ္တိ နှင့်- တန်ခိုးကြီးဘုရား (၄)ဆူတို့၏-အတ္တုပ္ပတ္တိ-သမိုင်းကို သိကျွမ်းသောပညာရှင်များကို သတင်းစာမှ- ကြော်ငြာ၍။ ၎င်းသမိုင်းစာတန်းကို တောင်းယူသော်လည်း ကျေနပ်လောက်အောင်မရသည့်အတွက်။ စတုတ္ထမြစ်ကြွေးဆရာတော်ဘုရား၏၊ တပည့်ဖြစ်သော။ ဟင်္သာတမြို့။ မန္တလေးကျောင်းတိုက်။ အရှင် (**အာသဘ**) ဆရာတော် မဟာထေရ်မြတ်အား လျှောက်ထားတောင်းပန်သဖြင့်။ ထိုစတုတ္ထမြောက် မြစ်ကြွေး ဆရာတော် ဘုရား ရေးသား စီရင်တော်မူအပ်သော၊အင်္ဂပုရပိဝါဒင်နိဿယကျမ်း၊နိဂမနကထာ၊ အောက်ပါအတိုင်း စာမူကို

ဟင်္သာတမြို့၊ တလုတ္တော်သမိုင်း ရွှေငြိမ်းအေး ဆရာတော်-အရှင်ရာဇိန္ဒ မဟာထေရ်မြတ်အား ၎င်းစာမူကို ပေးအပ်၍၊ စာအုပ်အဖြစ် ရေးသားပါရန်၊ မန္တလေးဆရာတော်က တဆင့်လျှောက်ထားတောင်းပန်ပြန်သောကြောင့်၊ ထိုရွှေငြိမ်းအေး ဆရာတော်ဘုရားက များစွာအကူအညီပေး၍။ မန္တလေးဆရာတော်ပင်စီရင်ရေးသားရန် အလွန်သင့်လျော်ပါသည်ဟု (ပြန်၍)တိုက်တွန်းခြင်းကို အကြောင်း နိဒန်းပြု၍၊ စတုတ္ထမြောက် မြစ်ကြွေး ဆရာတော် မဟာထေရ်မြတ်ကြီး၏ ထေရုပ္ပတ္တိ အကျဉ်းချုပ် ဗုဒ္ဓရှင်တော်မြတ်၏ အဖြစ်တော်စဉ် အကျဉ်းချုပ်။ ဟင်္သာတမြို့ အတ္တုပ္ပတ္တိခေါ်—သမိုင်းနှင့်-တန်ခိုးကြီးဘုရား (၄)ဆူတို့၏ အတ္တုပ္ပတ္တိသမိုင်းတို့ကို၊ ဟင်္သာတမြို့။မန္တလေးကျောင်းတိုက် ကျောင်းထိုင် နာယက အရှင်အာသဘ-မဟာထေရ်မြတ်သည်။ စီရင် ရေးသား အပ်ပေသတည်း။........။

၁၃၀၂-ခု။ တန်ဆောင်မုန်းလဆန်း (၅)ရက်။ ၁-နေ့။ ၃-၁၁-၁၉၄၀။ဆိုခဲ့ပြီးသော။ ဇမ္ဗူဒီပ ဝဏ္ဏနာကထာနှင့်အညီ ပွန်တိ။ပွန်စ။ပွန်ည။ လူမျိုးတို့၏နေရာ။ရှေးအခါက။ ဟင်္သာဌက်တို့၏ကျရာ၊ဟင်္သာပတ မှ၊ပ အက္ခရာကျေ၍။ ဟင်္သာတ တွင်သည်ဟူ၍၎င်း။ဧရာဝတီ-မြစ်ဆိပ် သောင်ယံ၌။ ဟင်္သာမောင်နှံတို့၊ လေနိုကြမ်းသောကြောင့်ကွဲပြား၍၊ ဟင်္သာမ, လွမ်းဆွတ်လျှက်မို-တ,ငိုသည်ကိုစွဲ၍။ ဟင်္သာတတွင်သည်ဟူ၍၎င်း။ဆိုကြကုန်၏၊ ထို့ကြောင့်။ ဟံသာတ အဘိဓာနက်၊ ရှည်

ကြူးမြင့်စွာရေးအခါက၊ ဟံသာဝတီရွှေတ ဘူးလေ၍။ ညာ-ကြေ ပေါက်ပြ ဟံသာဝတ ဟူ။ ခေါ်ကြဝေါဟာ။ မြို့သာယာသို့။ စ သည့်ဖြင့်ရတနာပုရ အင်းဝမြို့တော်ကြီးမှ မဟာဇေတာ လင်္ကာရ ဘွဲ့တော်ရှိသော။ ပေါရာဏ ကထာဒီပ က ကျမ်းကို။ ၁၁၉၇-ခု-က။ ခမ္မမာလာ တရားစာ၊ ပေမူ ၉-တဲ့၊ စက္ကူမှ-၃-အုပ်။ မျက်နှာ ၄၇၆ ရှိ ကို။ ၁၁၉၉-ခု။ ပြာသိုလဆန်း၈-ရက်-၄နေ့ က စီရင်တော်မူခဲ့သော။ သျှမ်းဘုန်းကြီး-ဦးမဏိသည်။ စုံဆင်းတော်မူ၍။ သီရိမ ဟာဇေယျဗလဘွဲ့ခံ။ ဟံသာဝတမြို့။ မြို့သူ ကြီးမင်း ဦးမြတ်သာထွန်း- ၎င်းကတော် မယ်ရွှေချပ်တို့ကောင်းမှု။ ၁၁၉၈-ခု က တည်ခဲ့သော မြို့သူကြီး စေတီတော်အနီး။ တောင်ဘက်ကျောင်းကြီး၌။ သီတင်းသုံး၍ မေဓာစက္ကူ ပဋ္ဌင်းပျိုအား။ ပို့ချ သော။ (ဘိက္ခုကင်္ခါဝိတရဏီအဋ္ဌကထာ နိဿယသစ်) ၁၁၉၈-ခု။ ဝါဆို လပြည့် ကျော် ၃-ရက်။ ၅ နေ့၊ အချိန် ၃၀-၆-၁၈၃၆ စီရင်ပြီး။ ဂန္ထာရမ္ဘ- ၃ ဂါထာ နိဂမန၊ ၁၀။ ဂါထာပါဌ်အနက် အနက်တို့တွင်။ နိဂမန-ပဌမ ဂါထာ ဒုတိယ ပါဒ၌လာ၍ ပုဂံပြည်၌ သက္ကရာဇ်-၆၀၂-ခု။ နန်းတက် သောမင်းခွေးချေး။ နရပတိ သီဟ။ သား ဖွါဘာ၊ တရုတ်ပြေး။ ၄ မည်ရမင်းကြီး။ ပု သိမ်မြို့ ဥက္ကနာဌာန်၌။ ငါးလနေ၍ အပြန်၊ ၆၄၆-ခုနှစ်။ ပုဏ္ဏဝတီမြစ်။ သုဝဏ္ဏနဒီဟု ရှေးကခေါ်ဝေါ်အပ်သော၊ ငါးဝန်မြစ်ဝ၊ ဘောင်တော်အတက်၌၊ ဟင်းခွက် ၃၀၀ မပြည့်၍၊ ဟင်းလျှာတ,ဝိုသဖြင့် ဟင်းလျှာ တမှ။ ဟင်္သာတတွင်သည် ဟူ၍၎င်း။ မွန် လူမျိုးတို့၏ ဘာသာ ခနုံးပင်ကို ဟန်းသ ဒါးခေါ်ကြရာ။ ၎င်းဟန်းသဒါး ရွာကြီးမှ ဟံသာဝတဖြစ်သည်ဟူ၍၎င်း။ ဗျုပ္ပတ်အ မျိုးမျိုးရှေးရှေးဆရာတို့ ပြောဆိုအပ်သော မြို့သည်ရှိ၏။ ထိုမြို့သည်၊ မြန်မာနိုင်ငံတော် မြို့တော်-၄ ဝတို့တွင်တမြို့အဝင်ဖြစ်၏။ ထို ဟံသာဝတမြို့အလယ်၊ မြစ်ကွေးကျောင်း၌ သီတင်းသုံးတော်မူ၍၊ ဒိဝဂ္ဂတ-ဒေဝနတ် ဌာန်စံတော်မူကြကုန်သော၊ ပဌမမြစ်ကွေး ဆရာတော်ဘုရားကြီး အရှင်သဒ္ဓမ္မ-မဟာ ထေရ်။ ဒုတိယ မြစ်ကွေးဆရာတော်ဘုရား ကြီး အရှင် ပညာရံသီမဟာထေရ်။ တတိ ယမြစ်ကွေးဆရာတော်ဘုရားကြီး အရှင်ဝိ မလဗုဒ္ဓိမဟာထေရ်တို့။ မရှိသည့်နောက် ၌။ စာသင်တိုက်တာကြီး၏ ဦးစီး ၃၂ ဝါရ ပြီး။ ပညာဝံသ ဘွဲ့မည်ရှိသော။ စတုတ္ထ မြစ်ကွေးဆရာတော်သည်၊ စုဆောင်းရေး သားစီရင်ကူးချအပ်သော။ အင်္ဂပုရ ဇိဝါ ဒ ဝိနိစ္ဆယကျမ်းသည် အတိတ်ကလိယုဂ် နှစ်၊ ၅၀၄၁- အနာဂတ် ကလိယုဂ် နှစ်၊ ၄၂၆၉၅၉။ အတိတ် သာသနာတော်-၂၄၈၄။ အနာဂတ်သာသနာတော် ၂၅၁၆ သက္ကရာဇ်-၁၃၀၂-ခုနှစ်။ နတ်တော်လဆန်း ၁၂-ရက်။ အင်္ဂါနေ့ညနေ။ စက်၄နာရီနှင့် ၁၅-မိနစ်အချိန်တွင်။ ပြီးစီးအောင်မြင်လေ သတည်း။-----။

# ထေရပုတ္တိ-နိဒါန်း၊

သုဇနာသုဇနာ သဇ္ဇေ။ ဂုဏော နာပိ ပိဝေကိနော။
ပိဝေကံ နသမ္ဗာယန္တိ။ အပိဝေကိ ဇနန္တိကော။

(သုဗောဓ လင်္ကာရကျမ်း)

သုဇနာစ၊ သူတော်ဝမ္မ၊ ယူမျှော်ဆလျက်။ ပါပကင်းစင်၊ သီတင်းယှဉ်၍၊ တွင်းပြင်ဖြူဖွေး၊ ကျူကျူဇွေ၊ မြူမှေးမတင်၊ သမ္ဗဇဉ်ဖြင့်၊ ဉာဏ်မြင်ရှုဖြောင်းသူတော်ကောင်းပုဂ္ဂိုလ်တို့သည်ရှင်း။ အသုဇနာစ၊ ဗာလဝသီ၊ ပါပမှီ၍၊ ဘာဂီအထုံယာသယဓါ်ဆိုက။ ကြိုက်ကြိုခေါ်တွေ့၊ ဖော်ဓလေ့ဖြင့်၊ ပျော်မွေ့လိုက်စား၊ အမိုက်ပွားလျက်၊ တရေးလွှတ်ကင်း၊မှားချွတ်ရှင်း၍၊ ဝင့်တွင်းမထွက်။ ညွှတ်ကွင်းစက်၌၊ ငှက်၏အဟန်၊ ဉာဏ်မြင်လွဲချော်၊ အကဲပေါ်သည့်။ မသူတော်ပုဂ္ဂိုလ်တို့သည်ရှင်း။ သဇ္ဇေ၊ သက်ငှသက်မဲ့၊ နှစ်သက်လွှဲ၍၊ ထွက်ဖွဲ့မှန်းဆ၊ ဂဏန်းချလဲ၊ မရဖုံဖုံ၊ အလုံးစုံသော အရသာမျိုးတို့သည်။ ဂုဏောနာပိ၊သုံးဆဲ့တခွင်၊နှုံးဖွဲ့ဆင်သော်၊ ဘုံပြင်တ၃မ်း၊ဂုဏ်တင်လွှမ်းလျက်အစွမ်းလိုက်မှီ၊ဆန်းကြွက်ညီအောင်၊ ဖြန့်သီဖွဲ့ဒါ၊ အလှုံ့သာ၍၊ ဥဒ္ဓိစရာ ဟူသော ဂုဏ်အားဖြင့်လဲ၊ပိဝေကိနော၊ အယုတ်အမြတ်၊ သရုပ်မှတ်၍၊ ပုဒ်ဖြတ်ဝေခွဲ၊ အခြေခြေလျက်၊ ကွဲလွဲထူးခြားစွာငှ်ကြကုန်၏။ (ဇင်သန္တော်ပိ၊ ဤသို့-နှင်မျိုး နှစ်စား၊ အဘို့အားဖြင့်၊ ခြားနားကွဲလွဲ လျက်,ရှိကြပါတုံလဲ။ ။) အပိဝေကိဇနန္တိကော၊ ကောင်းဆိုးနှစ်တန်၊ ကြောင်းကျိုးပြန်လျက်၊ အမှန်မလွဲ၊ ဉာဏ်ဖြင့်ခွဲ၍။ အကဲပေါ်အောင်, မစိစစ်နိုင်သောသူတို့၏အထံ၌။ ပိဝေကံ၊ နှစ်ပုဒ်အရ၊ သရုပ်ပြလဲ၊ မကျွကြောန်၊ အမှန်ကွဲလွဲ၊ ထူးခြားခြင်းသို့။ နသမ္ဗာ ယန္တိ၊ ဉာဏ်ဖြင့် မပေါက်၊ ကြံလျှင်ကောက်၍၊ မရောက်နိုင်ကြလေကုန်သတည်း။ ။

ဤသို့အားဖြင့်။ (အလင်္ကာ) ကျမ်း၌၊ အရှင်သံဃရက္ခိတမဟာသာမိ ထေရ်၊ ရေးစီမိန့်အပ်သည်နှင့်အညီ။ ဤမည်သော လောကကြီး အတွင်း၌၊ ရှိရှိသမျှ သော သက်ရှိ သက်မဲ့ ဖြစ်သော အရာဝတ္ထု၊ အမျိုးမျိုးတို့သည်။ မိမိတို့၏သဘောအား

လျော်စွာ၊ ပြုပြင်မှုသင်္ခါရ ဟူသော အကြောင်းကြောင့်။ တပေါင်းတည်း တစုဝေးတည်း ဖြစ်ကြကုန်၏။ ထိုသို့ဖြစ်ကြရာတွင်။ (ထလဇ) ကုန်းကြည်း၌ ဖြစ်သော အရာဝတ္ထုမျိုး အချင်းချင်း တို့သည်၎င်း။ (ဇလဇ) ရေ၌ဖြစ်သောအရာဝတ္ထုမျိုး အချင်းချင်း တို့သည်၎င်း။ (အာကာသဇ) ကောင်းကင်၌ဖြစ်သော အရာဝတ္ထုမျိုး အချင်းချင်းတို့သည်၎င်း။ မကင်းနိုင်စကောင်းသော. (အဝိနာဘာဝ) နည်းအားဖြင့်၊ ဖြစ်ကြရတုံလည်း။ ဤအရာဝတ္ထုမျိုးကား၊ ဤသို့ဖြစ်၍၊ ဤမျှအသုံးဝင် အဘိုးထိုက်တန်၏။ ဤအရာဝတ္ထုမျိုးကား၊ ဤသို့ဖြစ်၍၊ ဤမျှပင်အသုံးမဝင်, အဘိုးမတန်ဖြစ်၏။ စသည်ဖြင့် ပြောဆိုသုံးဖြတ်ရကား။ ထိုထိုအရာဝတ္ထုမျိုးတို့၏။ တဦး နှင့် တဦး မတူထူးခြားကွဲပြား ယုက်မြတ်ကြသော အရာများသည်။ ဓမ္မတာတရား အရင်းခံဖြစ်၍၊ မငြင်းဆန်သာချေ။

ထိုအခါ၊ ထိုထို အရာဝတ္ထု မျိုးတို့၏၊ (အရင္ဒြာန အဒါဘာလ) အားလျော်စွာ၊ အမျိုးအလိုက်အဘိုးထိုက် မထိုက်ကို၎င်း သိမ်းပိုက်ယူငင်ရန် သင့်, မသင့် ကို၎င်း။ သောက်ချင့် သိမြင်နိုင်သော၊ ဝိစာရဏာ, ဉာဏ်၊ ထက်သန်ကဲလွန်၊ ပညာဝန်-ပုဂ္ဂိုလ်မြတ်တို့မှသာလျှင် ထိုထိုအရာဝတ္ထုမျိုးတို့၏။ အမျိုးအလိုက်၊ အဘိုးထိုက်, မထိုက်ကို၎င်း။ သိမ်းပိုက်ယူငင်ရန်၊ သင့်မသင့်ကို၎င်း သောက်ချင့်သိမြင်နိုင်၍၊ မိမိတို့၏ စိတ်အလိုက်၊ အဘိုး ထိုက်တန်သော ဝတ္ထုကို၊ ယူငင်သိမ်းပိုက်၍၊ ထိုက်တန်သောအကျိုးကိုခံစားကြရလေ၏။ ထိုသို့မဟုတ်၊ ဝိစာရဉာဏ်၊ ထက်သန်ပွင့်လင်းခြင်းမရှိသောသူတို့၌မူ၊ အယုတ် အမြတ်။ မရွေးချယ်တတ်၍၊ အမြတ်မရ၊ အယုတ်ရ၍၊ ဒုက္ခလွန်မင်း၊ ဆင်းရဲခြင်းဖြင့်သာ,ထုံးမှတ်၍၊ အဆုံးသတ်ကြရလေ၏။ ။

ထိုစကားအစဉ်၌၊ ဆင်ခြင်ရန်၊ ဥပမာပြရသော်။ ။ ဤယခုခေတ်၌၊ စိန်စစ်, စိန်မှန်ကို၊ ပန်ဆင်လိုကြသော်လည်း၊ စိန်ရောင်အကြည်၊ စိန်ရည်အသွေးကို နားမလည်လျှင် စိန်စစ်, စိန်မှန်ကို၊ မပန်ဆင်ရဘဲ အရောင်ပြိုးပြက် (ပြင်သစ်) ချက်သည့်၊ လက်သစ် စိန်တု - စိန်ယောင် ကိုသာ ပန်ဆင်ရသကဲ့သို့ဖြစ်ချေ၏။

ထိုမှတပါးလဲ။ ဥမ္မာဒန္တီ,ဇာတ်တော်၌ အရိဋ္ဌပုရပြည်တိရိတိဝစ္ဆ၊ မည်ရတွင်ငြား၊ သူဌေးကြီး၏သမီးရတနာ ဥမ္မာဒန္တီလှသိင်္ဂီကို သိဝိ- မင်းကြီး အထံသို့ ဆက်သရာ၊ (အယုတ်အမြတ်၊ ပုဒ်ဖြတ်ရွေးချယ်ခြင်း မပြုတတ်သဖြင့်) ကိုယ် လက်အင်္ဂါ၊ ကျမ်းလာမညီပါကြောင်းဟု၎င်း။ အင်္ဂမဟောသိ၊ ရွှေညီဦးထိပ်၊ ဘိသိတ်ခံလျှက်၊ နန်းရံ၌ မထားထိုက် ပါကြောင်းဟု ၎င်း။ ပုဏ္ဏားတော် တို့၊ လိမ်လည် လှည့် ဖျား။ လျှောက်တင်သော စကားကြောင့်၊ အတင်းဖယ်၍ ငြင်းပယ်လိုက်မိသဖြင့်၊ ဆုံးရှုံးရသော (သိဝိရာဇာ) ထုံးရှိချေ၏။ ။

ထိုမှတပါးလဲ။ လောကုတ္တရာဘက်ဆိုင်ရာ သာသနာတော်၌၊ ဆင်ခြင် စဉ်းစား တတ်

သောဉာဏ်၊ ထက်သန်ပွင့်လင်းခြင်း မရှိသောသူတို့သည်ကား။ ရံခါ-ရံခါ၊ အဝတ်မဒြီး၊ သစ်ရွက်နှီး၍၊ ကြီးစွာသောဒုက္ခဖြင့်နေသော (အစေလက) ကက္ကဋ္ဌန်း တို့ကို တွေ့မြင်လျှင်၊ ဤအရှင်တို့ကား။ ခေါင်းပါးမြို့ခြံ သိမ်းဆည်း အပ်သော အဝတ်အရုံနှံ့သော။ အရှင်ကောင်းအရှင်မြတ်တို့ပါတကားဟု၊ ကြည်ညိုလေးမြတ်၊ ဆည်းကပ်သောထုံးရှိချေ၏။ ။

ရံခါ-ရံခါ၌လဲ။ သာဝတ္ထိ-ရာဇဂြိုဟ်-စသော ထိုထိုသို့သော တိုင်းကြီးပြည်ကြီး အသီးသီးတို့၌၊ အံ့ချီးမကုန်-ကျေးဇူးဂုဏ်တို့နှင့်ပြည့်စုံထင်ရှားလျှက်ဘုရားဟူသော ကြည်ညိုခြင်းဖြင့်။ အားထားမှီခို။ ကြည်ညိုဆည်းကပ်ခြင်း ခံရသော၊ အရှင်မြတ်ကြီး ဖြစ်ပါတုံလျှက်လည်း။ (ရသေ့ညီနောင်၊ ရှင်တထောင်တို့နှင့် တွေ့သော အခါ။ အရှင်ဂေါဓမ္မ သည်ကား၊ အဆိပ်ပြင်းသန်၊ နဂါးမာန်ကို၊ တွန်းလှန်ပယ်ချောက်၍၊ ထက်မြက်သောတန်ခိုး။ အမျိုးမျိုးသောဘုန်း ကြွက်သရေနှင့် ပြည့်စုံပါပေ၏။ (ဓမ္မဆရာအတတ်၌၊ ကမ်းခပ်ကူးရောက်၊ တတ်မြောက်လိမ္မာတော်မူ၏လို့ ဆိုလိုသည်) သို့စဉ်တမူလည်း ငါတို့အလား။ ဘုရား ဟူ၍ကား မဖြစ်သေးဟု။ ဖြစ်တင် ကွဲခဲ့ခြင်းခံရသော ထုံးရှိချေ၏။

ဤသို့အားဖြင့်၊ ကောင်းဆိုး နှစ်တန်၊ ကြောင်းကျိုးပြန်၍၊ အမှန်မလွဲ၊ ဉာဏ်ဖြင့်ခွဲ၍။ အကဲပေါ်အောင် မစီစစ်နိုင်သောသူတို့၏အထံ၌၊ အကောင်းအဆိုး၊ နှစ်မျိုးနှစ်စားတို့သည်။ အဘိုးအားဖြင့်၊ ခြားနားကွဲလွဲခြင်းမဖြစ်နိုင်ပေ။

စင်စစ်သော်ကား။ ။ လောကဓမ္မ။ နှစ်ဝ-ရေးရာ။ အဖြာဖြာတို့၌။ ဆင်ခြင်စဉ်းစားတတ်သောဉာဏ်၊ ထက်သန်ပွင့်လင်းခြင်း မရှိသော။ ကပိ သူ မွန်၊ ပညာဝန် ပုဂ္ဂိုလ် တို့၏ သဏ္ဍာန်၌ ကား။ သီလ, သမာဓိ,စရိုဖုံဖုံ။ ကျေးဇူးတို့နှင့်၊ ပြည့်စုံသောပညာရှိ၊ သူတော်ကောင်း ပုဂ္ဂိုလ်တို့၏။ ဂုဏ်ကျေးဇူးသီတင်းသည်။ ဟိမဝန္တာ၊ မဟာဂနိုင်၊ စုံမြိုင်ရိပ်ဆီး၊ တောအုပ်ကြီးအလယ်၊ တင့်တယ်စွာ ကြီးမားသော "ဟိမဝန္တာ" မည်သော တောင်မင်းကြီးသည်။ ခရီးလမ်းတာ၊ ဝေးကွာသော အရပ်၌တည်ရှိစေကာမူ။ (မျက်စိအမြင်ရှိသောသူတို့အား) ထင်ထင် ရှားရှား၊ ပြနိုင်ဘိ၏သို့။ ထင်လင်း ကျော်စောစွာ ဖြစ်ပေါ်နိုင်၏။ ။ သီလ, သမာဓိ,ပညာ, သိက္ခာ သုံးပါး၊ တရားမဲ့သော-ပုဂ္ဂိုလ်တို့၏ ဂုဏ်သည်။ ညဉ့်မှောင်မိုက်ရာ၌၊ ပစ်အပ်သောမြှားတို့သည် မည်သို့ မည်ပုံ၊ ဖြစ်လေတုံဟု၊ အာရုံပြု စွဲလမ်းစရာမရှိ။ ဖြစ်လေဘိ၏-သို့။ သီတင်း ဂုဏ်သိန်၊ အရှိန်ကင်းမဲ့။ ချုတ်တဲ့ တိမ်မြုပ် ပျောက်ကွယ်ကြရလေ၏။ ။

ဒူရေသန္တော ပကာသေန္တိ။
ဟိမဝန္တောဝ ပဗ္ဗတော။
အသန္တေတ္ထ နဒိဿန္တိ။
ရတ္တိံ ခိတ္တာ ယထာသရာ။ ။

(ဓမ္မပဒ ပါဠိတော်)

ဟိမဝန္တာ၊ ဟေမန် ပြောင်းစ၊ အအေးကြောင်းပြလျက် ဆောင်းလ,ရာသီ- ဆီးနှင်းစိ၍၊ နေ့မိုးနှင်းအန်၊ လေညှင်းပြန်၍။ နှစ်တန်သတ္တိ ဂုဏ်ထူးရှိလျက်၊ဟိမဝန္တာ အမည်ရှိသော။ ပဗ္ဗတော တောင်မင်းကြီးသည်။ဒူရေ။အမြင်နီးလျက် ခရီးလမ်းတာ၊ လွန်စွာကွာဝေး ရပ်နယ်ကျေး၌။ (မြို့တောပိ၊ တည်ရှိပါတုံလျက်လည်း) ပကာသတိ ဃူဝ။ ထင်ထင် ရှားရှား။ သဏ္ဍာန်အားဖြင့်။ အများကုန်စင် ပုံအသွင်ကို စုံလင်တိတိ မြင်ရနိုင်ဘိ၏သို့။ဧဝံ ဤနည်းမခြား အလားတူစွာ။ သန္တော။ သီလ, သမာ, အစဖြာ၍။ သိက္ခာသုံးပါး။ တရားသက်ဝင် သူတော်စင် ပုဂ္ဂိုလ်တို့သည်။ ဒူရေ၊ နှစ်,လ,သင်္ချာ။ စဉ်လာရှည်ဝေး။ ဟိုနယ်ကျေး၌။ မြို့တောပိ- တည်ရှိပါတုံလျက်လည်း) ပကာသန္တိ မြက်မြင်ဖို့၌ တွေ့ကြုံရဘို့၊ တစမသွေ မြင်ကြရပါပေကုန်၏။ ။ ဇွေ- ဤသို့ ဖြစ်ရာ၌၊ အသန္တောပိ၊ သီလ, သမာ-ပညာ,ကင်းခဲ့ သိတင်းမဲ့သော မသူတော် ပုဂ္ဂိုလ်တို့သည်။ ရတ္တိံ-စန်းရောင်မပွင့် မိုးယံမှောင်ဆင့်လာ- ညဉ့်အခါ၌။ ခိတ္တာ ပစ်မြှောက်အပ်ကုန်သော - သရာ - မြှားတို့သည်။ နဒိဿန္တိ ယာသာဘယ်နည်းဘယ်ပုံကျလေတုံဟု,တွေ့ကြုံမထင်- မမြင်မသိရကုန်၏သို့။ နဒိဿန္တိ။ အမျိုးဂုဏ်သိန် ရှိန်စေါ်နွမ်း၍။ သွားလမ်းမထင်- လွှင့်စင်ပျောက်ကွယ်ကြလေကုန်သတည်း။ ။

ဤသို့နှုတ်ဖွက်၊ သုတ်ခေ့ဗက်နှင့်အညီ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် ဝင်စံကြွသွားတော် မူပြီးနောက် သာသနာဝင်-ရာဇဝင်နှင့်၊ အစဉ်အလာအားဖြင့်- ထင်ရှားကျော်စောစွာ မြစ်ကွေ့ နိကာယ၊ သံဃာ့ဂိုဏ်းကြီးကို ကြီးပွားတိုးတက်အောင် တည်ထောင်ဘန်ဆင်းတော်မူကြပြီး၍။ ဒိဝင်္ဂတ-ဒေဝ နတ်ဌာန်- စံထော်မူကြကုန်သော။ မဋ္ဌမ, မြစ်ကွေ့ ဆရာတော်ဘုရားကြီး။အရှင်သဒ္ဓမ္မ မဟာထေရ် ဒုတိယ-မြစ်ကွေ့ ဆရာတော် ဘုရားကြီး- အရှင်ပညာရံသီ—မဟာထေရ်။ တတိယ- မြစ်ကွေ့ ဆရာတော်ဘုရားကြီး အရှင် ဝိမလဗုဒ္ဓိ- မဟာထေရ်မြတ်ကြီး၏။ သားသော်ကြီး အစစ် ဖြစ်တော် မူသော။ (ငါတို့၏) ကျေးဇူးတော်ရှင်။ အရှင်ထိပ်ခေါင်တင်- စတုတ္ထမြစ်ကွေ့ ဆရာတော် ဘုရားကြီး အရှင်ပညာဝံသ မဟာထေရ် မြတ်ကြီး၏ သီလ,သမာဓိ,ပညာ-သိက္ခာသုံးပါး။ တရားဂုဏ်ရောင် တို့သည်။ ဟိမဝန္တာ'' မည်သော တောင်မင်းကြီး ကဲ့သို့။ တည်တည်တန့်တန့်။ကြံ့ကြံ့ခိုင်ခိုင် ယိမ်းယိုင်မရှိ။ ပကတိအားဖြင့်။ ထင်ရှား ပြန့်နှံ့လျက် ပေါ်ပေါက်တော် မူလာလေသတည်း။ ။

ထိုသို့ဖြစ်လာသော အခြင်းအရာတို့ကို သိသာနုသိသ။တပည့်စဉ်ဆက် မပျက်တည်ရှိလျက်။ သိရစ်ကြစိမ့်သော ငှာ။ ဟာသ့ာတမြို့။ (မန္တလေးကျောင်းတိုက်- အရှင်အာသဘအမည်ရှိသော်မဟာထေရ်သည်။) ကြိုးခိုင် မြင့်မြတ်တော် မူသော

ဟင်္သာတမြို့၊ ဦးယျဉ်ကြီးရပ်ကွက်အတွင်းရှိ
မြစ်ကြွေ့ကျောင်းတိုက်ကြီးတွင် စာသင်တိုက်ကြီးဖွင့်လှစ်၍၊
စာသင်သားပေါင်း မြောက်များစွာတို့ကို
စာပေပို့ချလျက်ရှိသော ဒုတိယ ကမ္ဘာစစ်အတွင်းမှ၊ ခေတ္တ
ဟင်္သာတခရိုင် ကွင်းကောက်ကျောင်းကြီးတွင် ကြွရောက်
သီတင်းသုံးနေတော်မူစဉ် ဘဝနတ်ထံ
စံလွန်ကြွသွားရှာသော



**စတုဿမြောက်**
**မြစ်ကြွေ့ဆရာတော်ဘုရားကြီးပုံတော်၊**

## ကျေးဇူးရှင်၊
## ဟသ်ာတမြို့၊ စတုတ္ထမြစ်ကွေးဆရာတော်
# မဟာထေရ်မြတ်ကြီး၏ ထေရုပ္ပတ္တိ၊

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

ဘဂေဟိဿ ရိယာဒီဟိ။ ဘဂဝါသုဇနာ သယော။
ဘဝတ္တံ အာသယော နာထ။ အာသဘ သာဝကဿမေ။

ဣဿရိယာ၊ စသည်ဘုန်းထွတ် ပြည့်တင်းလတ်၍။ လောကတ္တယာ။ သုဇနတို့။ မှီခိုကြရာ၊ နာထဉာဏ်၊ သာကီနတ်ဘုရား ဝစနသိက္ခာ၊ သာမဏ္ဍံ ကို၊ နာခံကျင့်ဖြည့် ရှင်တပည့်တည့်။ မှည့်ခေါ်ဇာတိ- သဒ္ဒါရှိတွင်။ ပဏ္ဍိတန္တာ။ အာသဘဖြင့်၊ သဒ္ဒဆင့်ပေါ်၊ တပည့်တော်၏။ ကော်ရော်အားထား။ မှီကိုးစားသည့်။ ဘုရားတမွတ်။ ပြိုင်တုလွတ်သည်၊ ဆက်ဆက်ဖြစ်တော်မူပါ့မြတ်စွာဘုရား။ ။

ဒုလ္လဘော ပုရိသာ ဇညော။ နသော သဗ္ဗတ္ထ ဇာယတိ ယတ္ထသော ဇာယတေ ပေါသော။ တံကုလံ သုခမေဓတိ။ ။ ဟူသည်နှင့်အညီ။ ။ပုရိသုတ္တမ၊ ပုရိသဇာနည်၊ပုဂ္ဂိုလ်မည်သည်သုံးဆဲ့တလ်သော ဘုံအတွင်း၌ပင်လျှင်။ ပေါ်ပေါက်ခြင်းငှာ

ဂုဏ်ကျေးဇူး တော် တို့ကို ချီးကျူး ထုပ်ဘော် - ပူဇော် သော အား ဖြင့်။ ထိပ်ခေါင်တင် ကျေးဇူးတော်ရှင် စတုတ္ထမြစ်ကွေးဆရာတော်မဟာထေရ်မြတ်ကြီး၏။ ထေရုပ္ပတ္တိစာတန်း)ကို မိမိဉာဏ် စွမ်းအလျောက် စီစဉ်ရေးသား၍။ ပူဇော်ကန်တော့ပါသတည်း။

**“ငရဲလားကြောင်း”**

မချီးကျူးထိုက်သောသူကို ချီးကျူး၍ ချီးကျူးထိုက်သူကို မချီးကျူးခြင်း။မကဲ့ရဲ့ထိုက်သူကို-ကဲ့ရဲ့ ရှုတ်ချခြင်း။ ကြည်ညိုသင့်သူကို-မကြည်ညို။ မကြည်ညို သင့်သူကို- ကြည် ညို ခြင်းသည် ငရဲလားကြောင်းတရားတို့တည်း။ ။

များစွာ ခဲယဉ်း ပေသည်။ အရပ်တိုင်း၊ မြို့တိုင်း၊ ရွာတိုင်းတို့၌၊ ထွန်းကားဖြစ်ပေါ် မည်ကား၊ အဘယ်မှာရှိချေတုံနည်း။ထိုစကားသည် ဟုတ်မှန်သည်သာလျှင် တည်း သာသနာတော်ကို သုဇ်သင်၍။ တတိယ သင်္ဂါယနာ တင်ခြင်း၌ ခွမ်းနိုင်သော၊ ပုဂ္ဂိုလ်ထူးကို ရှာဖွေရာ၊ ကာမာ ဝစရ ဘုံ၌ နှနမတွေ့ရ။ အထက် ဗြဟ္မာ့ဘုံ ကြသော်မှ၊ တိဿမြဟ္မာကြီးတဦးကိုတွေ့သဖြင့်၊ ပုဂ္ဂလ ဗိသေသ။ ပုဂ္ဂလတနန်ခွန်တို့၏။ အလွန်လျှင် ပေါ်ပေါက်ခဲးသည်ကား ထင်ရှား လှ ပေ သည်။ ယင်းသို့ တစေ။ ခဲယဉ်းစွာ ဖြစ်ပေါ် ကြပေ သော် လည်း။ ခုခါ-ခုခါ ထိုသို့သော ပုဂ္ဂိုလ်ထူးတို့သည် ပေါ်ပေါက် ထွန်းကား ခဲ့သော်။ များစွာ သော သတ္တဝါတို့၏ဒိုရာ၊ တည်ရာ၊အားကိုးရာ၊ ကိုးကွယ်ရာ၊ ပူဇော်ရာ၊ အကျိုးတရားတို့၊ တိုးပွားရာဖြစ်၍၊ သတ္တဝါတို့ကို ချမ်းသာစေတတ်၊ ဘေးကင်းစေတတ် ကြကုန်၏။ ရခဲးရတောင်းသော ပုဂ္ဂိုလ် မြတ်တို့အနက်။ ငါတို့၏ ကျေးဇူးရှင်ကြီး ဖြစ်တော်မူသော ဟသ်ာတမြို့။ စတုဿ မြေ ာက်-မြစ်ကျွေးဆရာတော် မဟာထေရ် မြတ်ကြီးသည်လည်း။ဖြည့်ဆည်းပူးတော် မူအပ်သော၊ ပါရမီရှင်ကြီးတဦး။ ပုဂ္ဂိုလ်ထူး။ ပုဂ္ဂိုလ်မြတ်ဖြစ်သည်အားလျော်စွာ၊ ပုဂ္ဂလ ဗိသေသော ဓာနီ တမ္ဗော-ဟူသော ပရိဘာသာ။ ။

သရိရသာ ဂုဏာနဉ္စ။
ဒုရေ မေ ဒွန္နံ မဒ္ဒန္။
သရိရံ ခဏ ဗိဒ္ဓံသိ။
ကပ္ပံ တိဋ္ဌာယ ဂိနေသာဂုဏာ။ ။

ဟူသောဒေသနာတို့အရ။ ။ ကမ္ဘာ ကြေသော်လည်း။ ဥဒါန်းမကျေ။ ဟူသော သူဟောင်းတို့စကားနှင့်မသွေ။ ထိုကျေးဇူးတော်ရှင် စတုဿ မြောက် မြစ်ကျွေး ဆရာတော်ဘုရားကြီး၏ရုပ်နါမ်ပေါင်းစပ် ခန္ဓာ ပဉ္စက ဖြိုသ် သည်။ မရပ် နိုင်စွ၊ ချုပ် ပျောက် က ာ သွ ာ း ကြ သော် လ ည် း ။ ဂုဏ်တော်တည်း ဟူ သော ပန်း ရနံ့ တို့ သည်ကား၊ တပျံ့ပျံ့ကြိုင်မွှေး၍၊ ထိုထို ဤဤ အပြည်ပြည် အတိုင်းတိုင်း တို့သို့။ စိုင်းနှင်ပျံ့ဝဲလျက် ရှိကြ ပေကြောင်း။ ။ ထိုသို့မွှေးကြူပျံ့ဝဲ၊ ကွန့်မြူးဆဲ ရှိကုန်သော ဂုဏ်တော်အရပ်ရပ်တို့ကို၊တလစပ်ပြော ဆိုရေးသား စေကာမူ။ အချအထောင် သောအစုအပုံတွင် တပုံလျှင် ကုန်ငှယ်ရာ မရှိသော်လည်း။ အကျဉ်း အမြွက်အား ဖြင့်၊ ဂုဏ်တော်တို့ကို ဖွင့်ဆိုရ၍၊ ပဋိသန္ဓေ တည် နေ တော် မူ သည် မှ စ ၍ ပြန် လွန် တော်မူသည့်တိုင်အောင်၊ အတ္ထုပ္ပတ္တိ အ ကြည်းချုပ်ကိုရေးသားပေအံ့။ ။

ယင်းသို့ ရေးသားခြင်း ဖြင့်၊ ကျေးဇူး တော်ရှင် ဆရာတော် ဘု ရား ကြီး အား၊ မြတ်နိုး ကော် ရော်၊ ပူဇော်ခြင်း ကိစ္စ ပြီး မြောက် သည်လည်း တရပ်၊ နောက်သား နောင်လာ တပည့်စဉ် ဆက်သည်လည်း။ ချီးကျူး ဝမ်းသာ၊ ကြည်သာ အင်တူ၊ ဆရာတော် ဘုရားကြီး၏ နည်းကို ယူ၍၊

အား သဲ ကြ ရန် လည်း တ ရပ် ဖြစ် ပေ
ကြောင်း။

ဆရာတော် ဘုရားကြီးအလောင်း သ
တိုးသားသည်၊ဟသ်ာတခရိုင်၊ကနောင်မြို့
အိုးမိုတိုက်၊ တိုက်သူကြီး ဦးစံရေးအပိုင်၊
ပက်ထော်ကြီးဟူ၍ဥင်း။ မိကျောင်းခေါင်း
ဟူ၍ဥင်း၊ ချောင်းရိုးကုန်းရွာ ဟူ၍ ဥင်း၊
ခေါဝေါ် အပ်သော ရွာနေ၊ ၁၂၂၇-ခု၊
ကဆုန်လဆန်း-၅-ရက်နေ့ဘွား၊ခမည်းတော်
ကြီး ဦးမှန်၊ ဥင်းနှစ်-ဝါဆိုလဘွား၊ မယ်
တော်ကြီး- ဒေါ်ရင်မင်း တို့မှ၊ ၁၂၅၁ ခု၊
တပို့တွဲလဆန်း ၄-ရက်၊ ၅-နေ့၊ နံက်နေဝန်း
ပေါ်ချိန် ဘွားမြင်တော်မူသည်။

ခမည်းတော်ကြီးဦးမှန်။ မယ်တော်ကြီး
ဒေါ်ရင်မင်းတို့၏ သားသ္မီး ၄-ယောက်တို့
တွင်၊ ဒုတိယ-မြောက် သားမြတ်ရတနာ
ဖြစ်လေသည်။

ပညာသင်ကြားရန်အချိန်အရွယ်သို့ရောက်
သောအခါ ဟသ်ာတခရိုင် - ကနောင်မြို့
နယ်၊ ဘုရားတောင် ဆရာတော် ဘုရား
ကြီးထံတော်၌၊ ပညာများ သင်ကြား၍၊
ထို ဘုရားတောင် ကျောင်း ဆရာတော်ဘု
ရားကြီးထံတော်မှာပင်။ ရှင်သာမဏေအ
ဖြစ် ရယူတော်မူသည်။ ဥပဇ္ဈာယ် ဆရာ
တော်ဘုရားကြီးကရှင်ပညာဝံသ ဟူသော
ဘွဲ့အမည်ကို ပေးတော်မူသည်။

ဟသ်ာတမြို့။ တတိယမြောက် မြစ်
ကွေးဆရာတော်ဘုရား။ ၁၂၃၉-ခုဘွား။
၁၂၈၂ ခု၊ စုတိဘဝ ပြောင်းတော်မူသော
ဦးဝိမလဗုဒ္ဓိ။ မြစ်ကွေးတိုက် တိုက်အုပ်
ဆရာတော်-ကွင်းကောက် မြောက်ဘက်။
တိုက်။ တိုက်သူကြီးမင်း ဦးအံ့ကြီး-—
ဒေါ်လုံမလေး တို့၏ ကောင်းမှု။ ၁၂၅၉-ခု
တပို့တွဲလဆန်း၁၂-ရက်။၄-နေ့။ ၁၁၉၅-ခု
ဘွား။ ၁၂၇၁-ခု. စုတိသော။ နာဂိန္ဒာဘိ
ကဝိဓဇ မဟာဓမ္မရာဇာဂုရု နာဂိန္ဒာဘိဓဇ
မဟာ ဓမ္မရာဇာဓိ ရာဇ ဂုရု။ တံဆိပ်တော်
၂-ထပ်ရ။ မန္တလေးမြို့-မိုးဃ်းကောင်း ဆ
ရာတော်ဘုရားကြီး ဦးသစ်-ကြီးမှူးသော။
သံဃာတော် ၁၀၀ကျော်တို့နှင့်။ပိသုံဂါမ
နယ် သိမ်သမုတ်အပ်သော၊ကွင်းကောက်
မြောက်ဘက်၊ ရွှေကျောင်း အရာမ်တွင်း။
ဗဒ္ဓသိမ်၌၊ ထိုသူကြီး သူကြီး ကတော်တို့
ကပင်၊ ရဟန်းဒါယကာပြုလုပ်၍။

၁၂၇၁-ခု။ ကဆုန်လပြည့်။ ၂-နေ့။
၁၂-နာရီခွဲအချိန်။၁၁၉၈ခုဘွား။၁၂၇၃ခု
ပြန် လွန် တော် မူ သော။ အင်ပူမြို့၊ မြို့မ
ကျောင်းတိုက်၊ ရွှေဘုံသာဆရာတော် ဘု
ရားကြီး။အရှင်ကေသရ-မဟာထေရ်မြတ်
ကြီးကို ဥပဇ္ဈာယ်ပြု၍-သာမဏေ ၅-ဝါရ
ရှင်ပညာဝံသသည် သံဃာတော် ၁၂ပါး
တို့က ချီးမြှောက်ကြသဖြင့်၊ရဟန်းအဖြစ်
သို့ ရောက်တော်မူသည်။ ရဟန်း အဖြစ်
သို့ရောက် တော်မူသော အရှင်ပညာဝံသ
သည်။ ကွင်းကောက် ရွှေကျောင်း ဆရာ
တော်ဘုရားကြီးထံတော်တွင်ပညာများကို
ဆက်လက်သင်ကြားတော်မူသည်။

တဖန် ကွင်းကောက် ရွှေကျောင်းမှ။
ဟသ်ာတမြို့ မြစ်ကွေး ကျောင်းတိုက်ကြီး
၏ ဦးစီး ဥက္ကဋ္ဌ အရှင်ဝိမလဗုဒ္ဓိ မဟာ

ထေရ်မြတ်ထံသို့ ရွှေ့ပြောင်း၍၊ ပညာရင်နို့ သောက်စို့ပါသည်။

၎င်းနောက်မန္တလေးမြို့ခင်မကံကျောင်းတိုက်သို့ ပညာသင်ကြားရန် ကြွရောက်တော်မူ၍ မန္တလေးမြို့ပေါ်တွင်။ ထင်ရှားကျော်ဇောသော ဆရာတော်ကြီးများ ထံတော်မှာ အလိုရှိသော ပညာရပ် တို့ကို။ သင်ကြားတတ်မြောက်ပြီးစီးပြီဖြစ်၍။

ဓနုဖြူမြို့။ ခင်မကံ ကျောင်းတိုက်ကြီးတွင် စာချဆရာတော်အဖြစ်နှင့် ချီးမြှောက်ခြင်းကို ခံယူရပါသည်။ တတိယမြောက်မြစ်ကွေးဆရာတော်အရှင်ဝိမလဗုဒ္ဓိမဟာထေရ် မြတ် သည်။ စာ ချ ဆ ရာ တော်ဦးပညာဝံသအား၊ ဟင်္သာတမြို့ မြစ်ကွေးကျောင်းကြီးသို့ ခေါ်ယူတော်မူ၍၊ ရဟန်း ၁၃-ဝါမှာ။ တိုက်အုပ် စာချဆရာတော်အဖြစ်ချီးမြှောက်ပါသည်။

၁၂၉၂-ခု။ ပြန် လွန် တော် မူသော တတိယ မြစ်ကွေး ဆရာတော်—အရှင်ဝိမလဗုဒ္ဓိ မရှိသည့်နောက်တိုက်အုပ်စာချအရှင်သူမြတ်သည်။

မြစ်ကွေး ကျောင်းတိုက်ကြီး၏ ဦးစီးဥက္ကဋ္ဌ သံဃနာယက အဖြစ်သို့ ရောက်တော်မူသည်။

ဟင်္သာတမြို့- မြစ်ကွေးကျောင်းတိုက်ကြီး၏၊ ပဥ္စမမြောက် အရှင်နန္ဒဓဇ-မဟာထေရ်မြတ်ကြီးသည် ထိုစဉ်အခါ။ တိုက်အုပ်စာချဆရာတော်ဖြစ်ပါသည်။

ပိဋကဓရေသု အဂ္ဂေါတိ။
ပါကဋော မြန်မာ့မဏ္ဍလေ
သဒ္ဒသတ္ထာ ဂမေ ဆေကော။
ဘာသန္တရေသု ကောဝိဒေါ။

ဗောဓိသတ္တာ နုစရကော။
ဇိနသာသန ပါလကော။
ဂန္ထ ကာရော ခိပ္ပပ္ပညော။
သီလ,မာလာဟိ-မဏ္ဍိတော။ ။

သိဿ သိက္ခာပနေ ဆေကော။
နေကပဏ္ဍိတ ပူဇိတော။
ဂဟာဋ္ဌာနဉ္စ ဘိက္ခူနံ။
ဗဟုန္နံ မနုံ သာ သကော။

မြစ်ကွေးစေရော မဟာထေရော။
ရက္ခန္တော ထေရမာ ပိတော၊
ဝသတိ မြစ်ကွေးရာမမှိ။
ပါယေတွာ-ဓမ္မ ပါယသံ။

ပိဋကဓရေသု။ ပိဋကဓရ မထေရ်တို့တွင်။ အဂ္ဂေါ-ထူးမြတ်တော်မူပေ၏။ဣတိ ဤသို့-မြန်မာ့မဏ္ဍလေ။ သီဟိုဠ်ကျွန်းနှင့်တကွသော မြန်မာပြည်အဝှန်း၌။ ပါကဋော ဂုဏ်သတင်းပြန့်ပွား၍။ ထင်ရှားတော်မူထသော။ သဒ္ဒသတ္ထာဂမေ။ သဒ္ဒါကျမ်းတို့၏အစီအရင် အရာ၌။ ဆေကော။ တတ်သိလိမ္မာတော်ထသော။ ဘာသန္တရေသု၊ ကက္ကုဋရဘာသာ၊ သီဟိုဠ် ဘာသာ စသော ဘာသာတပါးတို့၌၊ ကောဝိဒေါ၊ ကျွမ်းကျင်တော်မူထသော။ ။ ဗောဓိသတ္တာ

နုစရကော၊ အလောင်းတော် မြတ်တို့၏။ အကျင့်ကောင်းကို အစဉ်တစိုက်လိုက်၍၊ ကျင့်တော်မူတတ်ထသော။ ဇိနသာသနပါလကော၊ မာန်အောင်ဇိန မြတ်ဗုဒ္ဓ၏ သာသနာကို စောင့်ရှောက်တော် မူတတ်ထသော။ ဂန္ထကာရော။ ပိဋက သမိုင်း ကျမ်းနှင့်- နိဒါန်းမျိုးစုံ၊အဖုံဖုံကို-စီရင်ရေးသားတော်မူသော ဉာဏ်စွမ်းတော်လည်း ရှိတော်မူထသော။ သီလမာလာဟိ၊သီလဟူသော ပန်းတို့ဖြင့်။ မဏ္ဍိတော၊ ဆင်မြန်းတော်မူအပ်ထသော။ ။

သိဿသိက္ခာပနေ၊တပည့်သားတို့အား သင်ကြားစေခြင်း၌၊ ဆောကော နည်းပေးလမ်းပြ၊ ကျ,နနားလည်တော်မူထသော နေကပဏ္ဍိတ ပူဇိတော၊ ဗဟုသုတ။ ပြည့်ဝလောက်လုံသော ပညာရှိတို့သည် ပူဇော်အပ်ထသော။ ဗဟုန္နံ ။ များစွာကုန်သော။ ဂဟဋ္ဌာနဉ္စ၊ လူတို့ အားရင်း။ ဘိက္ခူနံစ- ရဟန်းတော်မြတ်တို့အားရင်း၊ အနုသာသကော ဆုံးမသွန်သင်ပဲ့ပြင်တော်မူတတ်ထသော။ ။

မြစ်ကွေးအာစရော။ ကျေးဖူးတော်ရှင်စတုဋ္ဌမြောက် မြစ်ကွေးဆရာတော်ဘုရားဟူသော။ ယောထေရော အကြင်မဟာထေရ်မြတ်ကြီးသည်။ အဉ္ဇိ၊ ရှိတော်မူ၏သောမဟာထေရော- ထိုမဟာထေရ်မြတ်ကြီးသည်။ ထေရမာပိတော၊ ကျေးဖူးရှင်ပဉ္စမမြောက် မြစ်ကွေးဆရာတော် မဟာထေရ်မြတ်ကြီးသည်။ ဖန်ဆင်းတည်စိုက်တော်မူအပ်ခဲ့သော။ မြစ်ကွေး အရာမှိ၊ ဟာသ်ာတမြို့၊ မြစ်ကွေးအရာမ် ကျောင်းတိုက်ကြီး၌။ ဓမ္မပါလသံ၊ ပိဋကဓမ္မဟူသောနို့ဂဏာကို။ ပါယေတွာ၊ သောက်စို့စေတော်မူ၍။ ရက္ခန္တော၊ ထိန်းအုပ်စောင့်စည်းတော်မူလျက်။ ဝသတိ၊ သီတင်းသုံး တည်နေတော်မူသတည်း။ ။

ထိုသို့သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော စတုဋ္ဌမြောက် မြစ်ကွေးဆရာတော် မဟာထေရ်မြတ်ကြီး သည် သာလျှင်။ မြစ်ကွေးတိုက်၌။ သီတင်းသုံးတည်နေလျက်။ သာသနာတော်ကိုစောင့်ရှောက်တော်မူသည်မဟုတ်သေး။လက်ျာလက်ရုံး နှင်း-နှင်း။ အစွမ်းဂုဏ်အင်တို့ဖြင့် ထင်ရှားတော်မူသော။ ကျေးဖူးရှင်တိုက်အုပ်စာချဆရာတော်၊ အရှင်နန္ဒဓဇ-မဟာထေရ်မြတ်ကြီး သည် လည်း။ မြစ်ကွေးတိုက်ကြီးကို၊ ကိုယ်အား၊စိတ်အား၊ဉာဏ်အား။ ပညာအားတို့ဖြင့် ထက်ထက် သန်သန်။ ယခုကျအောင်၊ စောင့်ရှောက်တော်မူလျက်ပင်ရှိသေးသည်ဖြစ်ကြောင်း။ ။

ပိဋကေသုပိ ကောရိဒေါ။
ဌာနာဌာနေ သုဝေဒကော။
ဝိတိမာ-သတိမာထေရော၊
ဒုတိယယော-တဋ္ဌနာယကော။

သဒ္ဒမ္မ ဒေသနေ ဆောကော၊
သိက္ခာ ကာမော, သု,ပေသလော။
ထေရော သောပိ အနေကာနံ
သိဿာနံ ဟိတ- ကာရကော။ ။

ပိဋကေသုပိ၊ ပိဋကတ်တော် တို့၌ လည်း။ ကောဝိဒေါ။ တတ်မြောက်ကျွမ်း

ကျင်တော် မူထသော၊ ဠာနာ ဠာနေ သု၊ အရာ ဟုတ်သည်။ မဟုတ်သည် တို့၌၊ ဝေဒကော၊ ထိုးထွင်းဉာဏ်ဖြင့်၊ အမှန်သိတော်မူတတ်သသော။ ဓိတိမာ၊ ချောက်ချားကလက်၊ မငြိမ်သက်သော ကိုယ်စိတ်နှစ်ပါး မှကင်း၍၊ တည်တန့်သော သမာဓိ ရှိတော်မူထသော။ သတိမာ၊ ပညာရှိတို့ ဖျိုးသုံး၊ လက်သုံးသတိလည်း ရှိတော်မူထသော။ သဒ္ဓမ္မ ဒေသေနေ သူတော်ကောင်းတို့၏ တရားစကားကို၊ ဟောကြားခြင်း၌။ ဆေကော၊ ဗိသပြတ်သား၊ တရား ကွက်ကွင်း ရှင်းလင်းပေါ်ထင်၊ အဇ္ဈာသယကိုလည်းမြင်တော်မူသဖြင့်၊ လိမ္မာကျွမ်းကျင်တော်မူထသော။ သိက္ခာကာမော လွန်ကဲသော။ သီလ သမာဓိ ပညာတို့ကို၊ လိုလားတော် မူထသော။ သုပေသလော၊ သီလကိုကောင်းစွာ ချစ်မြတ်နိုးတော်မူထသော။ အနေကာနံ၊ အရေမကော၊ များကုန်သော။ သိဿာနံ၊ တပည့်အပေါင်းတို့၏။ ဟိတကာရကော၊ အစီးအပွား ကိုသာ ပြုတော်မူတတ်ထသော။ ယောမဟာ ထေရော၊ အကြင်တိုက်အုပ်စာချ ဆရာတော်ဘုရား ဟူသော မဟာထေရ်မြတ်သည်။ တဿ၊ ထိုမြစ်ကြွေး ကျောင်းတိုက် ကြီး၌၊ ဒုတိယ နာယကော၊ထိုစဉ်အခါက ဒုတိယ မြောက် နာယကကြီးသည်။ အသိ၊ ဖြစ်တော်မူလေပြီ။ သောထေရောပိ၊ ငါတို့၏ ကျေးဇူးရှင်တိုက်အုပ်ဆရာတော်ဟူသော ထိုမဟာထေရ်မြတ်သည်လည်း၀သိစေါင့် ရှောက် ခပ်သိမ်း အမြဲထိန်းလျှက် ကိန်းစံတော်မူလျှက် ယာခုတိုင်ရှိလေ သတည်း။

ထိုကျေးဇူးရှင်ဆရာတော်မြတ် နှစ်ပါးမှ။ တပါးလည်း တိုက်ကြပ် ဆရာတော် ဦးနန္ဒိယမဟာထေရ်နှင့် စာချ ဆရာတော် အစရှိသော။ တပည့်တပန်း အမြောက်အမျှားအရေအတွက်အားဖြင့်(၂၀၀)ကျော်တို့အား ပရိယတ္တိ နို့ ဂဏာကို ချမို့ သောက်ယူစေကြကုန်သတည်း။

ယင်းသို့လျှင်၊အကျဉ်းထုပ်ပေါ်ပြအပ်ပြီးသော၊ ဘုန်းတော်-ဂုဏ်တော် အဖုံဖုံတို့နှင့်ရင်း။ ကြွင်းကျန်သော ဘုန်းတော် ဂုဏ်တော်တို့နှင့်ရင်း။ ကုံလုံ ပြည့် မောက်တော်မူသော၊ မဟာထေရ်မြတ်ကြီးသည့် သတ္တ၀ါ တို့၏။ ကောင်း ကျိုး ဖြစ် ထွန်းကြောင်း။ ချမ်းသာကြောင်း ပစ္စုပ္ပန်သံသရာ ကြီးပွားကြောင်း။ တရားဟူသော အလင်းရောင်ကို ထွန်းပြတော် မူလျှက် သာသနာတော်၏ စည်ပင်တောက်လင်းမှု့တို့ကို။ မဟုဿယငြမ်း။ ကြီးစွာသော အားစွမ်းဖြင့်၊ ထမ်းဆောင် စီစဉ် တီထွင် ကြိုးပန်းတော်မူခဲ့သည်ကို။ အားရ တင်းတိမ်တော်မူသကဲ့သို့။ ခန္ဓာငါးပါးကို ရရှိကြကုန်သော သုံးဘုံနေသူ၊ နတ်လူ အပေါင်းတို့တွင်။ မည်သူမျှမလွှတ်မြောတ်နိုင်သော သက်သေကို မျက်၀ါးထင်ထင် ပြုတော်မူခြင်းအလား။ နောက်ဆုံးတရားဖြင့်၊ သက်တော် (၅၅) နှစ်။ ၀ါတော်- (၃၆)၀ါ မြောက်။ သက္ကရာဇ်(၁၃၀၆)ခု၊ပြာသိုလ် လပြည့်ကျော်(၃)ရက်နေ့တွင်။ ဟသ်ာတ ခရိုင်၊ ကွင်းကောက်မြို့။မြွေကျောင်းတိုက် ကြီး၌ပင်။ ဘ၀နတ်တံ စံမြန်းတော် မူပါ သတည်း။ ။

## သေမင်းဝန်ဘောဇ

# မလွတ်သေးကြိတွေးဆင်ခြင်

## ☆ သံဝေတေး၊ ☆

မဟာယသော မဟာပညော၊
မြစ်ကြွေးအာစေရ ဝိသုတော။
သောပိ မစ္စုဝသံ ပတ္တော၊
မာဒိသေသု ကထာဝကာ။ ။

မြစ်ကြွေးအာစေရ ဝိသုတော၊ ဟာသိဉ်မြစ်ကြွေး။ ငါးဆက်ရှေးမို့။ ပျံ့မွှေးဂုဏ်အင်။ ဆရာရှင်ဟု။ ပေါ်လွင်ထင်ရှား။ လွန်ကျော်ကြား တော်မူပေသော။ ယောမဟာထေရော။ တပည့်အများ အားထားဘို့ရာ။ တောင်ပမာပုံသွင်။ ဂုဏ်ထင်ပွားစီး။ အကြင် မဟာ ထေရ်ကြီးသည်။ မဟာယသော။လေးရပ်နယ်ပယ်။အသွယ်သွယ်မှ။ မှီတွယ်ကိုးစား။ တပည့်သားတို့ အားထားဝန်းရံ၊ များမြတ်သောအခြံအရံ လည်းရှိတော်မူပါပေ၏။ မဟာပညော၊ ရှေ့နောက်နှိုင်းချိန် ဝရဇိန်တမျှ။ စူးရှကဲလွန်။ အမွန်မြင့်ကြွား။ ကြီးမားရင့်သန်။ ပညာဉာဏ်လည်းရှိတော်မူပါပေ၏။ သောပိ မဟာထေရော၊ သီလဝန်။ဂုဏဝန်၊ ပညာဝန်ဟု။ ထူးချွန်မြင့်မား။ တပည့်များတို့ အားထားခိုမင်။ ထိုထေရ်အရှင်ကြီးသည်လည်း။ မစ္စုဝသံ၊ သုံးဆဲ့တမြို့။ တိုက်နယ်ဘုံဝယ်။ လုံးစုံဖြာဖြာ။ သတ္တဝါကို။ မညှာ ညှင်းသတ်။ ခေါ်ဆောင်တတ်သည့်။ သူသတ်ပိုင်စံ။ သေမင်း၏နိုင်ငံသို့ ပတ္တော။ ၁၀၆-ခု၊ ပေါင်းစုံ တွက်စစ်။ သက္ကရာဇ်၏။ ရောက်လစ်ခါဆို။ လပြိုသိုလ်ဟု။ ခွာညိုပွင့်စီ။ ပုဏ္ဏမီကျော်သက် ၃-ရက်ခါကြိမ်။ ရောက်အချိန်ဝယ်။ဖိဝိန်ကင်းကျွေ ဝတ်ဘွေသို့။ တည်နေစံစား။ ပျော်ပါးဘို့ရာ။ကြွရောက်တော်မူရရှာလေပြီတကား။ မာဒိသေသု။ ငြိရုံကနဲ။ပညာမဲ့၍. တန်ခိုးချို့ငဲ့။ ဂုဏ်မျိုးမဲ့နှုင့်။ နုံနဲ့ချုချာ၊ ငါတို့သူငါတို့၌။ ကာကထာဝ၊သေမင်းဝန်ဘော၊ ငါလွတ်ဖေးပြီဟု။ ချင့်တွေးရည်ရွယ်။ အဘယ်မှာလျှင်။ ဆိုဝံ့ဘွယ် ရှိပါချေတော့အံ့နည်း။ ။

စတုဿမြစ်ကွေးဆရာတော်ထေရုပ္ပတ္တိ

ဟံသာဝတမြို့ စတုဿမြောက်-မြစ်ကွေးဆရာတော်

# မဟာထေရ်မြတ်ကြီး၏ ဂုဏာဝဏ္ဏနာ

## သံဝေဂကများ။

(၁)……ရေဝတီတိုင်း - သမိုင်းကြေငြာ။
ဟံသာရွှေတ - ငါတို့နေရာ၊
ဟံသာ‘ကျ’လို့ - ခေါ်ကြသည်သာ၊
ဟံသာတ — တွင်ကြမြို့မဟာ။ ။

(၂)……ဟံသာမြစ်ကွေး- မည်မွေးနာမ၊
စတုဿမြောက်- အံ့လောက်ဆရာ၊
ဟံသာ ‘တ’လို့- ဗျုပ္ပတ်သည်သာ။
အမည်ပေး- ချီမွေးမြို့ဟံသာ။ ။

(၃)……ပေါက်ဘဲပြည်ကြီး - ဝေးနီးကြေငြာ။
စိုးပိုင်ဦးစီး - မင်းကြီးရာဇာ၊
တချပ်ရန်ဘေး- ရှောင်ပြေးပြန်လာ၊
ဟင်းလျှား‘တ’ ခေါ်ကြ မြို့ဟံသာ။ ။

(၄)……ဟိုရှေးကာလ - ရာမည်မှာ
ဤသည့်ဌာန - ရက္ခဝနာ
ခနွဲးပင်များ - ပေါက်ငြားနေရာ
ဟန်းသဒါး - ခေါ်ငြား မြို့ဟံသာ။ ။

(၅)……အမည်လေးပါး - ရငြားရှေးခါ၊
မြို့ဟံသာတ - နာမကြေငြာ။
မြစ်ကွေးကျောင်းတိုက် ပျော်ပိုက်စံရာ။
သီလပန်း - ဆင်မြန်းထေရ်ဆရာ။ ။

(၆)........သာကီယဇာတ်- ထေရ်မြတ်မဟာ။
ပရိယတ္တိ - နှံ့သိကြေငြာ၊
အကျင့်သီလ - ဖြူစွလေတာ၊
မထေရ်ဘုန်း- ပြည့်လုံးသတင်းဖြာ။ ။

(၇)........ကြယ်တာရာပေါင်း- ခညောင်းစန္ဒာ၊
တဆဲ့ငါးရက်- ပေါ်ထွက်ရောင်ဖြာ။
ပမာလားသို့- မခြားတူစွာ။
မထေရ်မြတ်- ရံပတ်ဂုဏ်တေဇာ။ ။

(၈)........မဟာထေရ- ရှေးကကံကော်။
အကုသိုလ်ကပ်- ကိုက်ဖြတ်ချိန်ပေါ်။
ရောဂါဘိလို့ မသိမြည်အော်။
နေထိပန်း - ညှိုးနွမ်းရုပ်ခံတတ်တော်။ ။

(၉)........တပည့်အပေါင်း သောင်းသောင်းညီညီ၊
ကြိမ်ဘန်ကာစား သမားကိုယ်စီ။
ရောဂါဆုင်းလို့ ဓါတ်မင်းဖွေလဓိ၊
အကြံအိုက်- ခေါင်းစိုက်နေခဲ့ပြီ။ ။

(၁၀)- မ[illegible]ာန်ဆေးဝါး- ကုစားသွယ်သွယ်။
နေထိဖရောင်း ပြောင့်ပြောင်းအားငယ်၊
ရဟုဘမ်းတဲ့- လစန်းပုံနှယ်၊
အလယ်သုံး- ဇာလုံးဆိုက်လို့လယ်။ ။

(၁၁)- အားမာန်ထန်ပြင်း- အတင်းမြန်စွာ၊
လာဟဲ့— လိုက်ခဲ့-ခေါ်တဲ့ပမာ၊
တပည့်ပေါင်းနှင့်- စံကျောင်းပစ်ခွာ။
ရှင်သေမင်း- နယ်တွင်းလိုက်ရရှာ။ ။

(၁၂)- အဟောဝတ-လောကဘုံဖွဲ့၊
ဖြစ်လျှင်ပျက်မြဲ- မလဲ့မသွေ၊
ကိုယ်လည်းထိုနည်း- အဓိ့မိး နာသေ။
ရှောင်နိုင်ဘဲ - မှတ်စွဲစိတ်သံဝေ။ ။

(၁၃)- ကြွင်းကျန် ရုပ်ဟောင်း - အလောင်းစေတီ။
တပည့်အများ- ဝပ်တွားစုံညီ၊
ဖူးဆဲ မြင်ဆဲ - ကြည်ကွဲကိုယ်စီ၊
မချမ်းမြေ့- လွမ်းငွေ့လှိုင်ခဲ့ပြီ။ ။

(၁၄)- တပည့်အပေါင်း- သောင်းသောင်းဆူညံ၊
ကိုယ်ကိုယ်ခိမ်းနှံ့-တိမ်းငဲ့ဘန်ဘန်၊
သနားကြွလို့ - အားကမတန်၊
ရှင်သေမင်း စစ်ခင်း တိုက်မည်ကြံ။ ။

## သံဝေဂကဗျာ။

(၁)........သုံးလူ့မှန်ကင်း မင်းမင်းထွတ်တင်၊
နိဗ္ဗာန်မြိုက်ပန်း- ဆင်မြန်းစံဝင်၊
ဘာမဟုတ်တဲ့ လူနတ်ငါပင်၊
ရှင်သေမင်း လက်ငင်းယူမည်ထင်။ ။

(၂)........ပညာကြီးဘိ သာရိ ပုတ္တရာ၊
နိဗ္ဗာန်မြိုက်ပန်း ဆင်မြန်းရပါ၊
ပညာနည်းပါး ငါ့အားမကြာ၊
ရှင်သေမင်း လက်ငင်း ယူတော့မှာ။ ။

(၃) ........ဘုန်းတော်ထွန်းတောက် ရှင်မောဂ္ဂလာန်၊
နိဗ္ဗာန်မြိုက်ပန်း ဆင်မြန်းရပြန်၊
ဘုန်းကံနည်းပါး ငါ့အားအမြန်၊
ရှင်သေမင်း လက်ငင်းယူမည်မှန်။ ။

(၄)........ အိုခြင်းသေခြင်း လွတ်ကင်းပါစေ၊
ကောင်းကင်မြေထဲ ရှောင်လွှဲပုန်းနေ။
အကြံထူးလို့ ဥာဏ်မြူး သူတွေ၊
သေမင်းဆွဲ ယိုင်လဲပါရချေ။ ။

(၅)........ သဏ္ဌေတည်စ- ကာယမြိုင်ယံ။
သေမင်းလက်နက် ပစ်ချက်သွယ်သွယ်၊
ရောဂါဘွဲ့လို့ ယိုင်လဲခါဝယ်၊
လက်ရှိုင်ချ လိုက်ရသေမင်းနယ်။ ။

(၆) ........ဆံဖြူနားထိုင်း ခါးကိုင်းကုန်းလန်၊
မျက်စိမှုန်မွဲ သွားလဲကျိုးပြန်၊
တုံတုံခိုက်ခိုက် မောဟိုက်ဘန်ဘန်၊
ဇောချွေးကျ လိုက်ရသေမင်းထံ။ ။

(၇) ....... ထထိုင်မူးမိုက် မောဟိုက်တုံ့ရှိ၊
သွေးလေချောက်ခြား ပေါက်ပြားမညီ၊
ဇရာထောင်းလို့ ခွေပြောင်းကုန်ပြီ၊
သေမင်းလက် ဆင်းသက်ရတော့မည်။ ။

(၈)........မိခင်ဘွားစ ရက်လမကြာ၊
သူငယ်နာစု မကွဲယုပါ၊
ရန်းနှက်ဘမ်းလို့ ငန်းမန်းဖျားနာ၊
ရောဂါရ သေရငယ်စဉ်ခါ။ ။

(၉).......ဗိုလ်ပါဆင်မြင်း စစ်ခင်းမြိုင်မြိုင်၊
ကိုးဆဲ့ခြောက်ပါး တပ်သားကိုပြိုင်၊
အားကုန်ရွှဲလို့ တိုက်ပွဲရင်ဆိုင်၊
ရောဂါထိ နှိမ်းရိသေနယ်သိုင်၊ ။

(၁၀)........နေ့ကိုရက်စား ရက်အား လမျို။
လကို နှစ်ဆွဲ - အမြဲဖျက်ဖြို၊
ခန္ဓာဆေးမြေ့ တရွေ့ရွေ့အို၊
သေရခြင်း မကင်း ငါ၏ကိုယ်။ ။

(၁၁)........သေမင်းခေါ်သွား မျိုးသားချစ်ဆွေ၊
မြင်ချင်ရှာသေး ပူဆွေးမပြေ၊
သောကကြီးလို့ ဆောင်မီးထိန်ဝေ၊
အောင်မြည်တမ်း ပင်ပန်းကျမျက်ရေ။ ။

(၁၂)........ကိုးဆဲနှစ်ခြောက် မရောက်လာခင်၊
ကုသိုလ်ပိုက်မျိုး စိုက်ပျိုးရွှင်ရွှင်၊
ရောဂါမိလို့ မချည့်ခါတွင်၊
ငါမိုက်မှား ငြိုးတွားစိတ်ပူပင်။ ။

# စတုဏ္ဏမြစ်ကွေးဆရာတော်ထေရုပ္ပတ္တိ

(၁၃)......ငါပိုင်မနေ- တည်ရကမ္ဘာ၊
ငါ့အသက်လဲ အမြဲရှည်မှာ၊
အထင်မှားလို့ - မောက်ကြွားသူငါ၊၊
သေမင်းဆွဲ- ယိုင်လဲပါရရှာ။ ။

(၁၄)......ကိုးပေါက်နဒ္ဒါရ ယိုကျခန္ဓာ။
ညှီနံ့ဟောက်သိုး- ပုပ်မျိုးထွက်လာ၊
ငါယဉ်ငါလှ- မာနကိုခွါ။
တနေ့ကျ သေရဦးခန္ဓာ။ ။

(၁၅)......ရှာဖွေသိမ်းဆည်း ပစ္စည်းရွှေငွေ၊
သေလျှင်မလိုက်- အိမ်၌ကျန်နေ၊
သ္မီးနှင့်သား များပြားမျိုးဆွေ။
ငိုရှိုတ- ပို့ကြသင်းချိုင်းမြေ။ ။

(၁၆)......ဆံပင်ဖြူဖွေး - မဲဆေးပြုပြင်။
သွားငှားစိုက်တပ် ပစပ်ကိုဆင်၊
ကာလအဘိုး - တမျိုးဉာဏ်ထွင်၊
မော်ကြွားတုံး- အဆုံးသေမင်းငင်။ ။

(၁၇)......ဘိုးအိုသက်ကြား-ဝတ်စားပန်းရောင်။
တုတ်ကောက်ကိုင်ဆွဲ-ဇာတ်ပွဲခေါင်းဆောင်
ကျောင်းကံကိုကွင်း- ညှို့ဖျင်းလူ့ဘောင်၊
သေမင်းဆွဲ အမြဲအပါယ်ဆောင်၊

(၁၈)......သံယောဇဉ်ကြိုး- အမျိုးဆယ်ထွေ၊
မလှုပ်နိုင်ဘဲ- ခိုင်မြဲချည်နေ၊
သက္ကာယမို့- စွဲကြရှာငွေ၊
စွန့်ပစ်ထား- လက်ဝါးဖြန့်၍သေ။ ။

(၁၉)......တဏှာမီးပွင့်- ကြီးရင့်ကုန်လုံ၊
ဥပါဒါန်လေး- အရေးတဖုံ၊
ဥပါဒါန်မျိုး- တန်ခိုးဖုံဖုံ၊
ဘဝကြိုး- အပြီးပေါ်ရတုံ၊ ။

(၂၀)......ဘဝရှိလို့- ဇာတိတည်နေ၊
လေးဖြာသင္ဂြိုဟ်- ဇာတိအခြေ၊
ဇာတိမူလ- သူစပြန်လေ၊
လွန်ယိုယွင်း- အိုမင်းဇရာတွေ။ ။

(၂၁)......အိုခြင်း နာခြင်း- မကင်းနိုင်ချေ၊
ပဋိစ္စခတ်• ရဟတ်အငွေ၊
စိုးရိမ်ပူဆွေး- ငိုကြွေးတွေ့တွေ၊
ဒုက္ခစက်- စဉ်ဆက်ဆူလို့ဝေ။ ။

(၂၂)......မစ္စုမြည်ခြင်း သေမင်းဘုရင်၊
အာနာကိုးလို့- အုပ်စိုးလေအင်၊
ဘုံသုံးဆဲ့တစ်- နယ်ခေတ်တခွင်၊
လက်ရဘမ်း- သေလမ်းမပြတ်နှင်။ ။

(၂၃) လိမ္မာ မိုက်မဲ- ဆင်းရဲကြွယ်သူ၊
နောက်ဆုံးတနေ့- ချိန်စေ့လေမူ၊
ဂုဏ်ကြီး- ဂုဏ်သေး မရွေးအတူ၊
သေမင်းဆွဲ- အမြဲလိုက်ရဟူ။ ။

ဤသို့ဂုဏ်ရှိန်၊ ဤသည့်သိရ်နှင့်၊ ညီးထိန်ဤသူ။ ငါမယူဘူး၊ ဤသူငယ်သေး၊ ငါခွင့်ပေးအံ့၊ သူဌေးသူကြွယ်၊ ငါခြွင်းဖယ်ခဲ့၊ လူ့ဝယ်ပဏ္ဍိ၊ မခေါ်ဘိဟု။ မရှိသေမင်း၊ ယုတ်မာခြင်းမှ၊ ရှောင်ကွင်းကျော်ရန်။ ခဲယဉ်းဟန်ကို၊ ဉာဏ်မှန်သက်ဝင်၊ ရှေးရှုထင်၍၊ အကြောင်ခတ်နန်း၊ နိဗ္ဗာန်ကန်းသည့်၊ ဂုန်ခန်းပျက်တု ကင်းငြိမ်းဘုန်၏၊ မဂ်ဟုန်ယာဉ်စီး၊ ထိုပြည်ကြီးသို့၊ ခရီးမကြာ၊ ရောက်အောင်သာလျှင်။ ဥဿာဟခတ်၊ ဦးစီးတတ်ခါ၊ အားထုပ်ရာသည်။ ။ ယုတ်မာသေမင်း လွန်အောင်တည်း။ ။

ဟံသာတမြို့—စတုဿမြစ်ကွေးဆရာတော်
မဟာထေရ်မြတ်ကြီး-၏၊
ထေရုပ္ပတ္တိအကျဉ်းချုပ်
ဤတွင်ပြီး၏။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

## ပဌမ ပုစ္ဆက ဂဏ္ဍာရနှံကိုပြခြင်း။

(၁) ဇုဏ္ဍဟံသော ဩတရတု၊ မယှံ မနော မဟာသရေ
ဓမ္မသဒ္ဒံ နိဗ္ဗာရေတွာ၊ နိဗ္ဗုတံ ပရိဝါရိတော။ ။

နိဗ္ဗုတံ၊ လေးဆဲ့ငါးဝါ၊ ကာလကြာအောင်၊ ရံခါမစဲ၊ အမြဲသာလျှင်၊သပရိဝါရိကော၊မဂ္ဂဉာဏ်ဖလဉာဏ်ရှစ်တန်ခညောင်း ရံရွှေတော်အပေါင်းနှင့် တကွ ဖြစ်သော၊ ဇုဏ္ဍဟံသော။ ဇုဏ္ဍမြစ်စွာ ရွှေဟသ်ာသည့် ဓမ္မသဒ္ဒံ။ မဂ်ဖိုလ်နိဗ္ဗာန်၊ တရားမှန်ကို။ ဇကာန်ပြတတ် ပရိယတ်တည်းဟူသောအသံခါတ်ကို။နိဗ္ဗာရေတွာ။ အင်္ဂါရှစ်ဘော်အသံတော်ဖြင့်။ ထုပ်ဖေါ်ဆင့်ဆင့်၊ ကြူးရင့်တော်မူ၍၊ မယှံ၊ အကျွန်ုပ်၏၊ မနောမဟာသရေ။ တိဟိတ် ဉာဏ်၊ စိတ်အမြတ်ဟု။ ဉာဏ်ခါတ်မျိုးစုံ။ကြာပဒုံတို့။ ဖူးငုံပွင့်သီး။ ရေအိုင်ကြီး၌။ဩတရတု။ စုံကာဆန်ကာ။ ဇတ်ပေါ်ကာဖြင့်၊ သက်ဝင်ကာစံစား၍။ ကျူးသွား တော် မူပါ စေ ကုန်တည်း။ ။

(၂) ဂဏာစေရော မဟာထေရော၊ ပညာဝံသော ဒိဝင်္ဂတော။
လိခေဝံ မေဝတ္တိ နယံ။ ဒေတုမေဒေဝ လောကတော။ ။

ဂဏာစာရော။ အရေမကာ၊ များလှခညောင်း၊ တပည့်ကောင်း-တို့ ရုံပေါင်းမိုရာ။ဂဏာစရိယာ ဖြစ်တော်မူပေထသောဒိဝင်္ဂတော။ ဝတ်ံသာမည့်ဆက်နတ်ပြည်သို့။ ကြွချီတက်လှန်း။ စံမြန်းတော်မူပြီးထသော၊ ပညာဝံသော၊ ပညာပြည့်ကြွယ်။ မျိုးအနွယ်န္တိ၊ တင့်တယ်လျောက်ပတ်။ဖြစ်ထွန်းလပ်၍၊ ရအပ်လေဘိ။ အရှင်ပညာဂံသ အမည်တော်ရှိထသော။ မဟာထေရော၊ သိက္ခာဝါတော် သုံးဆယ်ကျော်၍။ ဉာဏ်တော်ရှင့်ပြီး။ မဟာထေရ်ကြီးသည် ဇဝံလိခ၊ အမှန်သဘော၊ ဤသို့သောဟု။ နက်နေ၁စုံစွာ။ ရေးလိုက်ပါလော့။မာ-ဇဝံလိခ။ တရားမသက်၊ အများဘက်ကို၊ ပယ်ဖျက်ရှောင်ရှာ။ မရေးလိုက်ပါနှင့်၊ ဣတိနယံ။ ဤသို့ဖုံဖုံ။ နည်းမျိုးစုံကို။ ဒေဝလောကတော့။ အရှင်မြတ်တို့။ ချင်းကပ်ပျော်ရာ။ ဝတံ်သာမည်။ နတ်တို့ပြည်မှ။ မေ။ ဆရာ၏ဂုဏ်။ အလုံးစုံကို။ယုံကြည်ရှုမျှော်။ ဘုရားတပည့်တော်အား။ ဒေတု။ ဒိဗ္ဗစက္ခု။ လှမ်းကာရှု၍။ ငဲ့မှုကိုယူ။ ပေးသနားတော်မူပါ။ကျေးဇူးတော်ရင်။ ထိပ်ခေါင်တင် အရှင် မဟာ ထေရ်မြတ် ကြီးဘုရား။ ။

(၃) ဟံသာတာတိ ဘိမာ်နသာ။ နဂရဿစသာရကံ။
ဥပ္ပတ္တိ ဒိပကံ ကာသံ။ ဥပါသကေဟိ ယာစိတော။ ။

ဥပါသကေဟိ၊ ရတနာသုံးရပ်၊ မြတ်
ထက်မြတ်ကို။ ဆည်းကပ်ခညောင်း။ ဥပ
သကာ ဒါယကာအပေါင်းတို့သည်။ ယာ
စိတော၊ ညွတ်ပြောင်းမပြတ်၊ တောင်းပန်
အပ်သည်ဖြစ်၍၊ ဝါ-ညွတ်ပြောင်းမပြတ်။
တောင်းပန် အပ်သည်၏ အဖြစ်ကြောင့်။
ဝါ။ ညွတ်ပြောင်းမပြတ် တောင်းပန်အပ်
သည်ရှိသော်။ ဝါ၊ညွတ်ပြောင်းဖန်ဖန်။အ
တောင်းပန်ခံရသော။ အဟံ။မဏ္ဍလာရာမ
ဝိဟာရဋ္ဌ။ ယာပထလေးဘော်။ မျှတ-သိ
တင်းသုံးနေတော်မူသော။ အရှင်အာသဘ
အမည်ရှိသော ငါမဟာ ထေရ်သည်။

ဟံသာတာတိ ဘိဓာနသာ။ ဟာသ်ာတဟု။
ဒေသနှုံသိ၊အမည်ထူးရှိသော။ နဂရဿစ
လမ်းကျဉ်းလမ်းကျယ်။ ဈေးကြီးငယ်နှင့်။
ပျော်ဘွယ်မချို့။ ဟာသ်ာတမြို့၏ဂုဏ်။နဂ
ရိကာနည်၊ ဤမြို့ပေါ်တွင် ပြန့်ကျော်တံခိုး။
ဘုရားပုထိုးတို့၏ဂုဏ်း၊ ဥပ္ပတ္တိဒိပကံ ဖြစ်ပုံ
ပေါ်ပုံ။စေ့စေ့စုံအောင်၊နည်းကုန်ပေါ်ပြ၊
သဒ္ဒတ္ထကြောင့်။ နာမတင့်ဆန်း ဟာသ်ာတ
သမိုင်းကျမ်းကို၊သာ်ရကံ။သန့်ရှင်းကြည်
လင်။ စည်အစဉ်ဖြင့်။ တည်ထွင် ပြီးကာ။
ကောင်းမွန်စွာ။ ကာသံ- ကရိဿာမိ။
ရေးသားပြုပြင် စီရင်ပေအံ့သတည်း။ ။

(၄) ပသာဒ္ဓနံ၊ ဝိသပါလာစ။ ဇုဋ္ဌ ဝံသံ ဝိဇာနိတုံ။
ဒိသွာ အတ္တမနာ ဟောန္တု။ ပသာဒေန္တု ပမောဒနာ။ ။

စ။ ရှေ့ကိုဆက်လက်၊တိုက်တွန်းချက်
စကား။ ပြောကြားပါဦးအံ့။ ဝိသပါလာ။
အမျိုးအနွယ် မညှိုးငယ်အောင်။ တကယ်
ဖြောင့်ဖြောင့်၊ စောင့် ရှောက်တော် မူကြ
သည့်။ ဇုဋ္ဌာဘာသာ၊ မျိုးမြန်မာ တို့သည်။
ဇုဋ္ဌဝံသံ။ သုံးလူ့ထွဋ်တင် ဒိုဘုန်းရှင်၏။
ဖြစ်စဉ် ပျက်စဉ် ဖုဋ္ဌဝင်ကို ဝိဇာနိတုံ။
ကွဲကွဲပြားပြား၊ ခြားနားသေချာ သိကြစိမ့်
သောငှာ။ (ရှမံ-နောက်ထပ်တဖန်၊ ခေတ်
ဆန်ဆန်သုံး။စကားပြေပြေ၊ခြေခြေမြစ်မြစ်
ဤဇုဋ္ဌဝင် ကျမ်းသစ်ကို) ပသာဒ္ဓနံ။စိန်စစ်
မျက်ချပ်။ လက်ဝယ်ဆောင်သုံး။ ပမာနှုန်းသို့
ပြုံးပြုံးပျော်ပျော် ကြည့်ရှုတော်မူကြပါ

စေကုန်သတည်း။ ဒိသွာ အခြေ ပါပါ။
စေတနာနှင့်၊ သဒ္ဓါမွေ့ရွှင်၊ ကြည့်ရှုတွေ့
မြင်ကြကုန်ပြီးသည် ရှိသော်။ အတ္တမနာ။
မနောပီတိ၊ ဂွမ်းဆီထိသို့၊ တအိအိစိမ့်၊
ကိုယ်လုံးဖိမ့်ကြကုန်သည်။ ဟောန္တု၊ ဖြစ်
ကြပါစေကုန်သတည်း။ပမောဒနာ။မပြတ်
မပြတ်၊အထပ်ထပ်သာ၊ စိတ်ဓါတ်ကြည်
လင်၊ သဒ္ဓါပန်း ရွှင်ကြကုန်လျက်။ ပသာ
ဒေန္တု၊ ကမ္ဘာ့မကိုင်၊ ဦးတိုက်ရာအမှန်။
အလံတလူလူသယန္တု ကိုဥာဏ်ဖြင့်ဥာဏ်
ကောင်း။ စည်း မပြောင်းဘဲ။ သောင်း
သောင်းဖြဖြ။ ကြည်ညို ကြပါ စေကုန်သ
တည်း။___။

### ဗုဒ္ဓုပ္ပတ္တိခေါ်-

# ☆ ဘုရားဖြစ်တော်စဉ်၊ ☆

ဝိဂ္ဂိတံ သတ္တ သင်္ချေယျံ၊ နဝသင်္ချေယ ဝါစကံ။
ကာယဝါစာ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။ ။
ဟူ၍။ သောတတ္တကီ။

တထာဂတဂုပ္ပတ္တိ။ သိမဝိသော ခနီ- ၇။ ၁၀။ စသည်များ၌။မိန့်ဆိုချက် ရှိသည်ဖြစ်၍။ ငါတို့ ဘုရားအလောင်းတော် သည်။ ဖြုဟ္မဒေဝစသော။ ငါးထောင်သောဘုရားတို့၏။ ပွင့်ရာ ဖြစ်သော နန္ဒသင်္ချေ။ ။ ကိုးထောင်သော ဘုရားရှင်တို့၏ပွင့်ရာဖြစ်သော သုနန္ဒသင်္ချေ။ ။တသောင်းသော ဘုရားရှင် တို့၏ ပွင့်ရာဖြစ်သော ပထဝီ သင်္ချေ။ ။တသောင်းတထောင်သော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော မဏ္ဍသင်္ချေ။ နှစ်သောင်းသောဘုရားရှင် တို့၏ပွင့်ရာဖြစ်သော ခရဏီသင်္ချေ။ ။သုံးသောင်းသော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော သာဂရ သင်္ချေ။ ။ လေးသောင်းသော ဘုရားရှင် တို့၏ ပွင့်ရာဖြစ်သော ပုဏ္ဍရိက သင်္ချေ။ ဤသို့အားဖြင့်။ တသိန်း နှစ်သောင်း- ငါး ထောင်သော ဘုရားရှင်တို့၏။ ပွင့်ရာဖြစ်သော။ခုနစ်သင်္ချေကာလပတ်လုံး။ စိတ်ဖြင့်သာဆုတောင်း၍ ပါရမီ ဖြည့်ကျင့်တော်မူခဲ့ရပေသည်။ ။

ထိုနောက်။ ပေါရာဏ သကျမုနိ အစ ရှိသော။ ငါးထောင်သော- ဘုရားရှင်တို့၏ ပွင့်ရာ ဖြစ် သော၊ သဗ္ဗဘဒ္ဒသင်္ချေ။ ။ ခြောက်သောင်းသော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော သဗ္ဗဖုလ္လသင်္ချေ။ခုနစ်သောင်း သောဘုရားရှင်တို့၏၊ ပွင့်ရာ ဖြစ် သော။ သဗ္ဗရတနသင်္ချေ။ ရှစ်သောင်းသောဘုရား ရှင်တို့၏ ပွင့်ရာ ဖြစ်သော။ ဥသဘက္ခန္ဓ သင်္ချေ။ ကိုးသောင်းသော ဘုရားရှင် တို့၏ ပွင့်ရာဖြစ်သောမာနိဘဒ္ဒသင်္ချေ၊ နှစ်သောင်း သော ဘုရားရှင်တို့၏ ပွင့်ရာ ဖြစ်သော။ ပဒုမသင်္ချေ။ တသောင်းသော ဘုရားရှင် တို့၏ ပွင့်ရာဖြစ်သော၊ ဥသဘသင်္ချေ။ ငါး ထောင်သော ဘုရားရှင်တို့၏ ပွင့်ရာဖြစ် သော။ ခန္ဓုတ္တမသင်္ချေ။ နှစ်ထောင်သော ဘုရားရှင်တို့၏ ပွင့်ရာဖြစ်သော၊ သဗ္ဗမာ လ- သင်္ချေ။ ဤသို့အားဖြင့်။ သုံးသိန်းရှစ် သောင်း ခုနှစ်ထောင်ကုန်သော ဘုရားရှင် တို့၏ ပွင့်ရာဖြစ်သော။ ကိုးသင်္ချေ- ကာလ ပတ်လုံး နှုတ်ဖြင့်သာ ဆုတောင်း၍ ပါရမီ

ဖြည့်ကျင့်တော်မူခဲ့ရပေသည်။

ထိုသို့အားဖြင့်၊ ဖြည့်ကျင့်တော်မူခဲ့ရာ။ ဤဘဒ္ဒ ကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိ သော်၊ သေလသင်္ချေ။ ဘာသံ သင်္ချေ။ဓေ ယျသင်္ချေ။ရုစိယာသင်္ချေဟူသောသင်္ချေလေး ကိန်း။ တသိန်းစေ့ရာ၊ သာရမဏ္ဍကမ္ဘာ၌ အလောင်းတော် သုမြိတ်သည်၊ ရမ္မဝတီ မည်သော မင်းနေပြည်ကြီး အတွင်း၊ သ တင်းထွန်းပ၊ ထင်ရှားလှသော ဗြဟ္မဏ မဟာသာလအမျိုး၌ဖြစ်တော်မူ၍၊ သုမေ ဓါဟူသော အမည်ဖြင့် ထင်ပေါ် ကျော် စောလေသည်။ (သုမေဓာကထာက,စ၍ ဗုဒ္ဓဝင်စကားစဉ်အကျယ်ကို။ဟာသ်ာတမြို့ စလေ့ဘု မြစ်ကွေး ဆ ရာ တော်- အ ရှင် ပညာဝံသ မဟာထေရ်မြတ်ကြီး။ပြင်ဆင် စီရင်တော်မူအပ်သော။မဟာဗုဒ္ဓဝင်ဝတ္ထု တော်ကြီး ၃-တွဲ၌ ကြည့်ရှုကြလေ) ထိုသု မေဓာဘဝတွင်။ ပါရမီဓာတ်ခံရင့်သန်ရင်း ရှိခဲ့သည်အားလျော်စွာ၊ကုဋေအရာပေါင်း များစွာသော၊ ရွှေငွေ ရတနာတို့ကို။စွန့်ခွာ ခဲ့ပြီးလျှင်။ ဓမ္မိကတောင်ယံတွင်။ဈာန်အ ဘိညာဉ် ပျော်မွေ့လျက်။ ရသေ့အဖြစ်နှင့် နေစဉ် ဒီပင်္ကရာမြတ်စွာဘုရားရှင် ကိုယ် တော်မြတ်ကြီးအား အခွင့်အား လျော်စွာ။ ဖူးတွေ့ရ၍။နိယတဗျာဒိတ်တည်းဟူသော တံဆိပ်ပန်းကို ဆင်မြန်းတော် မူခဲ့လေ သည် သို့ဖြင့်။ ထိုကမ္ဘာ ထိုဘဝမှ အစပြု ခဲ့ရာ။လေးသင်္ချေနှင့်ကမ္ဘာတသိန်းအတွင်း ၌ နှစ်ကျိပ်-၄-ဆူသောဘုရားတို့အထံ တော်တွင်။ ခံယူဆင်မြန်းအပ်သော၊ နိယ တ ဗျာဒိတ်ပန်း ရှိတော်မူခဲ့၍။ အစဉ်အား ဖြင့် ဝေဿန္တရာမင်း ဘဝတိုင်၊ များနိုင် သောပါရမီတို့ကို။ မနေမနား ဖြည့် ကျင့် ရှာမှီးတော်မူခဲ့ရလေသည်။ ဝေဿန္တရာ မင်းအဖြစ်မှ။ စုတိသောအခါ၌ကား တုသိ တာနတ်ပြည်၌၊ သေတကေတု အမည်ရှိ သောနတ်သားဖြစ်၍။ တပါးသော နတ် အပေါင်းတို့ကို။ အာယု,ဝဏ္ဏ,စသည် အ ပေါင်း၊ ဆယ်ပါးသောအကြောင်းတို့ဖြင့်။ လွှမ်းမိုးသာလွန်တော်မူ၍။ လူတို့၏ အရေ အတွက်အားဖြင့်။ နှစ်ပေါင်းငါးဆယ်ခုနှစ် ကုဋေ အနှစ်ခြောက်သန်းတို့ ကာလပါတ် လုံး။ နတ်တို့၏ စည်းစိမ်ကို ခံစားတော်မူ စဉ်။ နတ်တို့အားစုတည်ရန်။ အရိပ် ငါး ပါးသော ပုဗ္ဗနိမိတ်တို့ထင်လာကုန်သည် ရှိသော်။ စကြာဝဠာ အပေါင်း။ တိုက်တ သောင်းမှ။ စည်းဝေးရောက်လာ ကြကုန် သော နတ်ဗြဟ္မာအပေါင်းတို့သည်။

ကာလော ဒေဝမဟာဝီရ။
ဥပ္ပဇ္ဇာမာတု ကုစ္ဆိယံ။
သဒေဝကံ တာရယန္တော။

ဗုဇ္ဈဿုအမတံပဒံ။ ။ဟု၊ကြီးမြတ် သောလူလူ ရှိတော်မူသော။ အလောင်း တော်နတ်မင်း။ ဤအခါသည်ကား ဘုရား ဖြစ်ရန် အချိန်အခါပါတည်း။ အလောင်း တော်နတ်မင်းသည်။ မယ်တော်၏ ကြာ တိုက်ဝမ်း၌စွဲလမ်း ပဋိသန္ဓေ တည်နေ တော်မူပါလော့။ နတ်နှင့်တကွသောလော ကကို။ သံသရာ ဝဲဩဃထဲမှ၊ ဆွဲတင် ကယ်ထုတ်လိုသော ဆန္ဒဖြင့်။မသေရာမှန်

မြတ်နိဗ္ဗာန်ကို၊ သိအောင် ပြုတော်မူပါလော့ဟု။ အညီအညွတ် တောင်းပန်အပ်သည်ဖြစ်၍။

ကာလ,ဒေသ, စရှိအပြား။ ငါးပါးသောကြည့်ခြင်းကြီးတို့ကို၊ ကြည့်တော်မူပြီး၍။ နတ်ဗြဟ္မာအပေါင်းတို့အား၊ ဝန်ခံတော်မူပြီးလျှင်။တုသိတာနတ်ပြည့်မှ၊စုတိတော်မူခဲ့၍။ မဇ္ဈိမဒေသ၊ သက္ကတိုင်း။ကပိလဝတ်ပြည်၊ သာကီဝင် မင်းမျိုး၌။ ဘိုးတော် အဉ္ဇနမင်းကြီးနှင့်၊ ကာလဒေဝီလ ပုရောဟိတ် ပုဏ္ဏားတို့ သည်။ ရှိရင်း သက္ကရာဇ်-၈၆၄၇-ကို၊ ဏ၊ဝ၊စ,နှဲ့၊ ငိဠ ကတ်သျှာကိန်းဖြင့်ဖြိုခွင်းနှစ်ချကြွင်းထားရာမှ၊ တက်,စ၍ ရေလစ်။မဟာသက္ကရာဇ် ၆၇-ခု၊ ဉတုဂိမ္ဟာန၊ဝါဆိုမာသ, လပြည့်,ခါသမယ၊ ကြာသပတေးနေ့၊ ညဉ့်သန်းခေါင်ယာမ်။ ချိန်အသင့်တွင်၊ ဥတ္တရာသဠ်နက္ခတ်စန်းနှင့် ယှဉ်မြန်း၍။ မယ်တော်မာယာ၏ ဝမ်းတွင် ရှင်လမ်းစွာ ပဋိသန္ဓေတည်နေခဲ့လေသတည်း။ ။

ထို,နောက် သန္ဓေတည်ခါ။ ဆယ်လကြာလေလျှင်။ မီးဖွားသန့်စင်တော် မူရန်။ စံရာ-မိဘ။ ဒေဝဟာဒပြည်သို့ ကြွမြန်းစဉ်၊ လမ်း ခရီး အကြား၊ လုမ္ဗိနီ အင်ကြင်းဉယျာဉ်တော်သို့ရောက်၍၊ ပင်လုံးကျွတ်အဖွေးဖွေး၊ ရောင်အသွေးအဖြာဖြာ၊နီတူ,ာအဆင့်ဆင့်၊ပွင့်လျက်အစုံစုံ။လုမ္ဗိနီအင်ကြင်းတောသည်။ သာမောဘွယ်ရှုခမန်း၊ အဆန်းဆန်း အဖုံဖုံတို့ဖြင့်၊ စိတ်အာရုံနှူးညွတ်ဖွယ်ဖြစ်လေသောကြောင့်။ နူးဆွတ်တော်မူလိုရကား။ ဝေါတော်မှဆင်းသက်နှစ်သက်ဖွယ်အာသာ၊ မင်္ဂလာအင်ကြင်းပင်တပင်ကို ကပ်ရောက်၍၊ လက်ဘဝက်ကိုမြှောက်ချီ၊ ပွင့်ချပ်ရိတင့်ဆန်း။ အင်ကြင်းပန်းတပွင့်ကိုရည်ရော်လျက်၊အနီးရှိအင်ကြင်းခက်ကို။ ဆွဲကိုင် လျက် ရှိစဉ်။ ကမ္ဘဇလေလှုပ်၍။ ယခင်အင်ကြင်းခက်ကိုလက်ျာလက်ဖြင့်။ ညီမတော် မဟာပဇာပတိ ဂေါတမီ၏ လည်ပင်းကို လက်ဝဲလက်ဖြင့်ကိုင်တော်မူလျက်။ သိရိမဟာမာယာဝဏ္ဏပေါ်၌ လာသည်နှင့်အညီ။ နှစ်သက်ဘွယ်အဖြပ်၊ သက္ကရာဇ် ၆၈-ခု၊ဉတုဂိမ္ဟာန၊ ကဆုန်မာသ၊ လပြည့်,ခါသမယသောကြာနေ့နံက်၊ တချက်တီး အချိန်-ပြိုသလက်, ဗြိဿာစန်း။ ဝိသာခါ နက္ခတ်နှင့်သျှဉ်မြန်းလျက်။ ရှင်လန်းစွာ ဖွားမြင်ခဲ့လေသတည်း။ ။

ထိုသို့ဖွားမြင်တော်မူခဲ့ပြီး၍။ အရွယ်တော်ထောက်။ တဆဲ,ခြောက် နှစ် သို့ရောက်လပ်သော်။ သိဒ္ဓတ္ထကုမာရဟူသောအမည်ဖြင့်။

ရမ္မ,သုရမ္မ, သုဘဟူသော နန်းမသုံးဆောင်၍။ ယသောဓရာ အမှူးရှိသော မင်းသ္မီးပေါင်း လေးသောင်းခြံရံလျက်။ မဟာသက္ကရာဇ် ၈၄-ခု တွင်။ သာကီဝင်မင်းအပေါင်း အခြံအရံပြုလျက် မင်းအဖြစ်၌။ အဘိသိတ်သွန်း၍ ပြာသာဒ်နန်းတက်မင်္ဂလာပြုတော်မူလေသတည်း။

ဤသို့လျှင် သိဒ္ဓတ္ထ မင်းသား သည်။ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးက၊ ထီး

နန်းကို အပ်သောကြောင့်။ ပြာသာဒ် သုံးဆောင်၍၊ တသောင်း-တသောင်းသောကချေသည့် မောင်းမတို့ကို။ အမြဲနေစေ၍၊ ကချေသည့်မ မောင်းမတသောင်းကိုကားယသောဓရာမိဘုယားခေါင်ကြီး၏နောက်တော်ပါအခြံအရံပြုလုပ်စေ၍။ ဆောင်းဥဘု, နွေဥတု, မိုဃ်းဥတု, ဟု၊ ဆိုအပ်သော။ ဥတုသုံးပါးတို့အား လျော်ကပ်သော ရမ္မပြာသာဒ်,သုရမ္မပြာသာဒ်,သုဘပြာသာဒ်,ဟု ဆိုအပ် သော ပြာသာဒ်သုံးဆောင်၍။ အချင်းခပ်သိမ်း ယသောဓရာဒေဝီ။ မိဖုယားခေါင်ကြီးအမှူးရှိသော မင်းမောင်းမပေါင်း နှစ်သောင်း အခြံအရံ ကာမဂုဏ် အလုပ်အကျွေးဖြင့်၊ ဖြေ နှစ်သက်တော်မူလောက်သော- နန်းစည်းစိမ်ကို ဝတိန်မိုဃ်းနတ်တို့ပမာလူတို့ရွာ၌စံရှာမရလောက်အောင် ခံစား- ခံစားတော်မူလေသတည်း။ (၁၂-နှစ်တိုင်တိုင်ရှိ၏၊)

## နိမိတ်ကြီးလေးပါးမြင်တော်မူခြင်း။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသောအစဉ်ဖြင့်၊နေ့စဉ်မပြတ် ငါးရပ်သော ကာမဂုံဏ်တို့ဖြင့် ုပ်ကျွေးအပ်သော ထီးနန်း စည်းစိမ်ကို ဝဟိန်မိုဃ်းနတ်ပမာ ခံစား၍ သက်တော် ၂၇-နှစ်သို့။ ရောက်သောကာလ။တနေ့သ၌-ဥယျာဉ်ကစားလို၍၊ ရထား စီးလျက်ထွက်တော်မူလျှင်၊ ထိုအခါ နတ်တို့သည် ပြအပ်သော ဆံဖြူ, သွားကျိုး, နံရိုးကိုင်းကောက်၊ ဘောက်ပြန်သော သွားရိုင်းဖြင့် မြင်းစွာ တုန်လှုပ်သော သူအိုကိုမြင်၍။ 'အမောင်ရထါးထိန်း,ဤသူကားသူတပါးနှင့်မတူ အဘယ်သူနည်း' ဟု မေးတော်မူလေသော် 'အရှင့်သား,ဤသူကားသူအိုပါဘုရား'ဟု-လျှောက်တင်၏။ ထိုသို့ဖြစ်လျှင် 'အမောင်ရထားထိန်း, ငါသည် ဤသူကဲ့သို့ပင် အိုရလတ္တံ့လော' ဟု မေးတော်မူလျှင်' အရှင့်သား, အရှင့်သားသည်လည်းကောင်း။ အကျွန်ုပ်သည် လည်းကောင်း-သူခပ်သိမ်းတို့သည်လည်းကောင်း- ထိုအိုခြင်း သဘော တရားကို မလွန်နိုင်ကြပါကုန်ဘုရား,ဟု လျှောက်တင်လေ၏။

ထိုသို့ဖြစ်လျှင်၊ အမောင်ရထားထိန်းဥယျာဉ်သို့သွားခြင်းငှာ မသင့်ဟုပြန်ခဲ့၏။ ပဋိသန္ဓေ နေခြင်းကြောင့်၊အိုခြင်းသဘောတရေးဖြစ်ရသည်ဟု၊ နှလုံး မသာမယာမှိုင် တွေ ဝေ လျက် သာ နေ တော် မူသတည်း။ ။

ခ မည်း တော် မင်း ကြီး က လ ည်း 'အမောင်ရထားထိန်း ဥယျာဉ်စကားသွားရာ၌၊သားတော်သည်။ မွေ့လျော်ပါစ'ဟု မေးတော်မူလျှင်၊ အရှင်မင်းကြီး၏ သားတော်သည် သူအိုကိုမြင်ခဲ့၍၊ မသက်မသာရှိပါသည်ဟု လျှောက်တင်လေသော် သုဒ္ဓေါဒနမင်းကြီးသည်၊ သားတော် မင်းသားအား ငါးပါးသောကာမဂုဏ်တို့ဖြင့် အတိုင်းထက်အလွန် ဖြားယောင်း စေ၏။ စိုးရိမ်တော်မူလှ၍၊ ဇွေးက ထားသောအစောင့် အရှောက်ထက် လုံခြုံအောင် ထပ်မံကာ၊ တဂါဝုတ်တိုးချဲ၍ထားတော်မူ၏။။

ထို့နောက် လေးလ မြောက်သော အ

ခါ။ မင်္ဂလာဥယျာဉ်သို့ထွက်လိုသော ဆန္ဒဖြစ်၍၊ ထွက်တော်မူလေလျှင်၊ ယခင်နတ်တို့ပင် သူနာအဟန်ကို ဘန်ဆင်း၍ ပြပြန်သဖြင့်။ ရထားထိန်းအား ရှေးနည်း မေးတော်မူသော်။ ဤသူနာကဲ့သို့၊အမှန်ပင်နာရဦးမည်ဟု လျှောက်တင်၍ သိမြင်တော်မူလျှင်၊ ယခနေ့နံက်ဖြန်တွင်တွေ့ရအံ့သကဲ့သို့ အလွန်ထိတ်လန့်ခြင်း ရှိတော်မူသည်။ထိုအကြောင်းကိုခမည်းတော်မင်းတရားကြီး သိပြန်လျှင်၊ ယခင်ရှေးကထက် တဂါဝုတ်တိုးချဲ့၍အစောင့်အရှောက် ထားတော်မူသည်၊ ။

ထို့နောက် လေးလမြောက် တကြိမ်ထွက်တော် မူရာ ဝယ်။ ထိုတုသိတာနတ်တို့ပင် သူသေအဟန်ကို ဘန်ဆင်း၍ပြပြန်သဖြင့်၊တဘန်ရထားထိန်းအား-မေးတော်မူသော်။ ဤသူကဲ့သို့ မသွေမလွဲ အမြဲသေရပါဦးမည်ဟုလျှောက်ထား၍ကြားတော်မူလျှင်ပင် ယနေ့ပင် သေရမည်ကဲ့သို့ထင်၍- အတိုင်းမသိ ထိတ်လန့်ခြင်း ရှိတော်မူသည့်အကြောင်းကို၊ ခမည်းတော်မင်းကြီးသိပြန်လေသော် မှူးတော် မတ်တော်တို့အား စီစစ် မေးမြန်း လျက် ရှေးက ထားသောအစောင့်အရှောက်ထက် တဂါဝုတ်တိုးချဲ့၍ထားတော်မူပြန်သည်။ ။

ထို့နောက် လေးလမြောက် တကြိမ်ထွက်တော်မူပြန်လျှင်၊ ယခင်နတ် တို့ပင် ရဟန်းတော်အသွင်ကို ပြသဖြင့်။ ရဟန်း၏ ဂုဏ် ကျေးဇူး ကို မေး၍၊ သိတော်မူရသော်။ ရဟန်းအဖြစ်၌ ညွှတ်သောစိတ် ရှိတော်မူ၍။ ဥယျာဉ်သို့ဝင်တော်မူ၏။

ယင်းသို့ ဥယျာဉ်တော်သို့ဝင်တော်မူ၍ မင်္ဂလာ ကျောက်ဖျာ ထက် ဝယ် စမွယ်တော်မူပြီးမှ၊ တန်ဆာ ဆင်ယင်လိုသော စိတ်ရှိလေသော်- သိကြားနေရာပဏ္ဍုကမ္ဗလာသည်။ တင်းမာသောအကြောင်းဖြစ်သဖြင့်၊ အခွင့်ကို ရှုလေသော် အလောင်းတော်မြတ်သည်၊ တန်ဆာ ဆင်ယင် လိုသောစိတ် ဖြစ်ကြောင်းကိုသိ၍။ ဝိသုကြုံနတ်သားအားသင်သွား၍ တန်ဆာဆင်ချေဟု စေတော်မူလိုက်၏။ ဝိသုကြုံ နတ်သားလဲ၊ မထင်ရှားသောအသွင်ဖြင့်လာ၍၊နတ်ဝတ်တန်ဆာတို့ကို ကောင်းစွာ ဆင်ယင်ပေး၏၊ ။

## သားတော်ရာဟုလ ဖွားမြင်တော်မူခြင်း။

ထို အခါ နန်းတော်၌၊ ယသောဓရာ မိဖုယား မှာ လည်း သားတော်ဖွား၍၊သုဒ္ဓေါဒနမင်းကြီးသည်၊သားတော်မင်းသားထံ တမန်စေ၍ အကြောင်းကြားစေသဖြင့်။ ထိုအခါသိဒ္ဓတ္ထမင်းသားသည် ငါ့အား ရာဟုသည့် လ-ကို ဖမ်းသကဲ့သို့ အနှောင်အဖွဲ့တခုဖြစ်ပြန်ပြီဟုဆိုလိုက်၏၊ တမန်တို့သည် ပြန်လာသောကာလ ရာဟုသည်၊ လကိုဘမ်းသကဲ့သို့ ငါ့အား အနှောင်အဖွဲ့ဖြစ်ခဲ့ပြီဟု သားတော် သိဒ္ဓတ္ထမင်းသားက ဆိုလိုက်ကြောင်းကိုသံတော်ဦးတင်လေသော်၊သုဒ္ဓေါဒန မင်းကြီးသည် သားတော်ကဆိုလိုက်သောစကားကိုအစွဲ

ပြု၍၊ မြေးတော်အား။ ရာဟုလ- ဟူသော အမည်ကို မှည့်တော်မူ၏။ ။ (ရာဟုလ က၊ ရာဟုလာဖြစ်သည်။ ယသောဓရာက၊ ယသော်ဓရာဖြစ်လာသည်)

အလောင်းတော်မင်းသားသည်လည်း ညချမ်းသောအခါ။ ဗိုလ်ပါအပေါင်း ဝန်းရံလျက်။ ဗိမာန်ရွှေနန်းသို့ ဝင်တော်မူ၏။ ထိုအခါ မင်းလမ်းမ၏အနီးကြီးစွာသော အိမ်နန်းမှ။ ကိသဂေါတမီသည်၊ ဘုရားလောင်း၏ တင့်တယ်ခြင်းအသရေကို မြင်လေသော်။ နှစ်သက် ဝမ်းမြောက် သောစိတ်ရှိသည်ဖြစ်၍။

နိဗ္ဗုတာနူနသာမာတာ။
နိဗ္ဗုတော နူန သောပိတာ။
နိဗ္ဗုတာနူန သာနာရီ။
ယဿာယံ ဤဒိသောပတိ။ ။

ဟူသော ဂါထာဖြင့် ဥဒါန်းကျူး၏။ အဓိပ္ပါယ်သော်ကား။အရှိခင်ပွန်းမတို့လောက ဤရွာဝယ်၊ ဘုန်းပညာ အသရေ အခြွေအရံတို့ဖြင့်။စမွယ်တင့်တယ် ခြင်းအမှုန္ဒ အတုမရှိ-အသဒိသဖြစ်သော၊သားမြတ်၏ မိခင်ဘခင်သည်၊ အလွန်သာလျှင်၊ကြည် လင်ငြိမ်းချမ်း ရှင်လန်းပေအံ့ သတည်း။ ဤကဲ့သို့သော လင်ကောင်းမယား ညာ ထား ယှဉ် ကြင် သည်၊ အလွန် သာလျှင်၊ ရှုမြင်မရဲ ရှင်ကွဲပျော်မြန်း ငြိမ်းချမ်း ပေအံ့ သည်တကား။ ။

ဤ ကိသ ဂေါတမီ ရွတ်ဆို အပ်သော ဥဒါန်းစကားကိုအလောင်းတော်မင်းသား ကြားတော်မူလျှင်၊ပုထုဇဉ်သာ ဖြစ်သေး သော၊ဤလူ၏ အတ္တဘောကို မြင်သဖြင့် မိခင်-ဘခင် ယှဉ်ကြင်မယားတို့အားငြိမ်း ချမ်းခြင်းဖြစ်၏ ဆိုသည်မှာ အသို့ဖြစ်နိုင် ရာအံ့နည်း။ရာဂဒေါသ-မောဟ ဟူသော မီးငြိမ်းမှသာလျှင် ဇာတိ-ဇရာ။ဗျာဓိမရဏာ ဒုက္ခ ကင်းဝေးလျက်၊ ဘေးအပေါင်းမှ၊ ငြိမ်းနိုင်ရာသည်တကားထိုသို့ငြိမ်းအောင် ဆောင်နိုင်သောသားမှ၊ နိဗ္ဗုတာမည်ရာ သည်တကားဟု၊ ဉာဏ်တော်ဖြင့် ယူ၍။

ဤသူချီးမွမ်းအပ်သော ထုတိ မင်္ဂလာ နှင့် မယှဉ်း ငြိမ်းချမ်းခြင်းသဘောကို ရှာ ဘွေရအောင် ယနေ့ပင်လျှင်။ ဤလူ့ခွင်မှ ထွက်၍၊ တောနက်မြိုင်ဝှမ်းဝယ်၊ ရဟန်း ပြုပြီးလျှင်၊ နိဗ္ဗုတာကို၊ ရှာမှီးတော့အံ့ဟု အကြံတော်ဖြစ်၍၊ လည်၌ဝတ်ဆင် ထား သော၊အဘိုးတသိန်းထိုက်သောပုလဲသွယ် ကို၊ ထိုကိသဂေါတမီအား ဆရာစားပြု၍ ပို့စေ၏။ ထိုကိသ ဂေါတမီက- ငါ့ကို ကြိုက်နှစ်သက်သောကြောင့်၊ မောင်တော် သည်-လက်ဆောင် ပဏ္ဏာ ပေးသည် ဟု ယူဆ၏။

(ဤကိသဂေါတမီသည်ဘုရားလောင်း နှမတော်ပင်တည်း။)

## သားတော်ရာဟုလာကိုရှုကြည့်ပြီး တောထွက်တော်ခြင်း။

အလောင်းတော် မြတ် ဗောဓိသတ်သည်၊ ရွှေနန်းပြာသာဒ်သို့ ဝင်တော်မူ၍၊ ထိုးဖြူကနက် ဖြန့်ကြက်လျက် ခင်းအပ်

သော အာသရေရှိသော မင်းနေရာထက်၌၊ စံတော်မူလျှင်၊ ထက်ဝန်းကျင်ရံခ၍နေကြသော ကချေသည်မင်းသွီးတို့သည်လည်း အထူးထူးသော စည်-စောင်းညှဉ်းစသည်တို့ဖြင့် သီ-က မှုတ် တီးလျက်မငြိုးငြွေ့ကြောင်း ကောင်းစွာ ဖျော်ဖြေ၍။ မပျော်ရွှင် ရကား

ထိုခဏ၌ပင် စက်တော်မူ၏။ အတီးအက-မောင်းမ အပေါင်း တို့သည် လည်း။ စည်း-စောင်း ညှဉ်းတို့ကို၊ ပိုက်၍အိပ်စက်ကြလေသော်။ ရွှေနန်းတော်၌။ထွန်းမြဲ ဖြစ်သောနံ့သာဆီမီးသည်သာလျှင်။ထွန်းညှိလျက်ပင်ရှိ၏။ ညဦးယာမ်လွန်သော်-အလောင်းတော်မြတ်နိုး၍။ နဝရကိုးပါးဖြင့် စီအပ်သော သလွန်တော်ထက်ဝယ်နေပြီးလျှင် အသီးသီးအိပ်ပျော်ကြကုန်သော ကချေသည် မိန်းမတို့ကို ကြည့်တော် မူလျှင် အချို့ရှုံ့လျက်၊အချို့ဟောက်လျက်၊အချို့ စက်ခက်သိုသော-အခံ-အရည်ဖြင့် လိမ်းကျံလျက်၊ အချို့ အံသွား ကြိတ်လျက်၊ အချို့ယောင်ယမ်းကုန်လျက်အချို့ ကား မိမိခံတွင်းကို ဟင်းလင်း ဖွင့်ကုန်လျက်၊ ထို ခံ တွင်းမှ၊ မကောင်း သော ရနံ့ လှိုင်လျက်၊ အချို့ကား။ ခါးဝတ် ကျွတ်ကုန်လျက် အိပ်စက် ကြသည်ကိုမြင်၍၊ မြတ်သော ပြာသာဒ်တော်အပြင်ကို၊ မစင်ဘင်ပုပ် စက်ဆုပ်ဘွယ်သော သူသေကောင်တို့ဖြင့် ပြည့်သော သုသာန်ကဲ့သို့ ထင်တော်မူ၍။ ကာမဂုဏ်တို့ အတိုင်းထက်အလွန်ငြီးငွေ့တော်မူလျက်၊ နှိပ်စက်လေစွ့ တကား၊ နှိပ်စက်လေစွ့တကား။

အယုတ်တရား၌ ကာလ ရှည်ကြာ၊ ပျော်ပါး၍သာ၊ ငါနေမိချေ၏ တကားဟု၊ မြည်တန်းလျက်။ယခုပင်တောထွက်တော့အံ့ဟု၊ ကြံတော်မူပြီးသော်၊ သလွန်တော်ထက်မှ- ဆင်းသက်တော်မူ၍၊ တံခါးခုံ၌ ခေါင်း ဆိုက် လျက် အိပ် နေ သောဆန္နအမတ်ကိုနိုး၍၊ ကဏ္ဍကမြင်းတော်ကို ယခုတချေဟုစေခိုင်းတော်မူ၏။

ဖွားဘက်တော် ဆန္နအမတ်သည်၊ဆင်မြန်းအပ်သော တန်ဆာတို့ကို ယူလျက်၊ မြင်းတင်းကုပ်သို့ သွား၍၊ မြင်းတော်ကိုကာလေသော်၊ ကဏ္ဍကမြင်းတော်က ငါ့ကိုအချိန်မဲ့ ကခြင်းသည်။ အလောင်းတော်မင်းသားတောထွက်တော်မူလိုသည် ဖြစ်လတံ့ဟုကြံ၍၊အားရ ရွှင်လန်းသောစိတ်ရှိရကား။ သည်းစွာ ဟီလေ၏။ ထိုဟီသံသည် ကပိလဝတ်ပြည်အလုံး လွှမ်း၍ သွားသော်လည်း နတ်တို့ ပိတ်ပင်သောအားဖြင့်၊ မည်သူတယောက်မျှမကြားကြကုန်။

အလောင်းတော်မင်းမြတ်သည်လည်း ဆန္နအမတ်ကို စေခိုင်းလိုက်ပြီးလျှင်။ဘွားမြင်သောသားတော်ရာဟုလာကို၊ရှုကြည့်လိုသော အကြံတော်ရှိ၍။ ယသောဓရာ မိဖုယား စံမြန်းသော ရွှေနန်းကြက်သရေဆောင်သို့ဝင်၍ကြည့်တော်မူလျှင်။ နံ့သာဆီမီးရောင်ဖြင့်ထွန်းလင်းလျက် တအမွှာမျှလောက်သော ပန်းတို့ဖြင့်၊ ပြွမ်းသော ရတနာသလွန်ပေါ်ဝယ်၊ သားတော်ရာဟုလာ၏ ထိပ်ထက်၌လက်ထား၍စက်ပျော်

လျက်နေသော ယသောဓရာ မိဖုယားကို မြင်တော်မူ၏။

ထိုအခါ-ငါသည် သားတော်ကို ယူ ကြည့်ခဲ့သော် ယသော်ဓရာ မိဖုယားနိုး၍ အားကြိုး ရည်ဆောင်သော ငါ၏ တော ထွက်အံ့သောအကြံသည်၊ မအောင်မြင်ဘဲ ရှိချေတော့မည်ဟု ကြံ၍- ရပ်လျက် သာ ကြည့်ရှုတော်မူပြီးလျှင် လျင်စွာ ပြန်ခဲ့၍၊ ကဏ္ဍကမြင်း၏ အထံသို့ သွားပြီးသော်။ ဘွားဘက်တော် ကဏ္ဍက ယနေ့ ငါ့ကို ကူညီလော့- သင့်ကိုမှီ၍။ သုံးလဝ်သော- ဘဝနှောင်ချိုင့်မှ ငါလွတ်မြောက်လျှင်၊ သုံးခွင်သောလောက၌ ဝေနေယျသတ္တဝါ တို့ကို၊ နိဗ္ဗာန်နန်းရပ်ခွင်သို့ ငါကယ်တင် အံ့ဟုဆို၍၊မြင်းတော်ကိုလက်ဖြင့်သုံးကြိမ် သပ်ပြီးမှ၊ အလျားတဆဲ့ရှစ်တောင်။ အ ရပ်ရှစ်တောင်ရှိသော၊ ခရုသင်းပွတ်သစ် ကဲ့သို့ ဖြူနစ်သော အဆင်းရှိသော၊ကဏ္ဍက မြင်းထက်သို့တက်၍။ဘိုးတော်အဥ္စန မင်း ကြီး ထား တော် မူ သော မဟာ သက္ကရာဇ်-၉၇-ခု။ သက်တော်(၂၉)နှစ် ဝါဆိုလပြည့်။ တနင်းလာနေ့ ညဉ့် သန်း ခေါင်အချိန် ဥတ္တရာသဠ် နက္ခတ်နှင့်- စန်း မြတ်ယှဉ်သော အခိုက်တွင်၊ တောထွက် တော်မူသတည်း။ ။

နတ်တို့သည် ကဏ္ဍကမြင်း၏ ခွါသံ ကို ကပိလဝတ် ပြည်သူပြည်သားတို့ မ ကြားရအောင် လက်ဝါးဖြင့် ခွါကို ခံကြ ကုန်၏။

သုဒ္ဓေါဒန မင်းကြီးသည်။ အမှတ်မဲ့ သားတော် ထွက်သွားမည်ကို စိုးရိမ်၍။ လုံခြုံစွာ ပြုလုပ်အပ်သော၊ အမြင့်- ၁၈-တောင် မြို့တံတိုင်းဝိုင်းလျက်၊ တံခါး ရွက် တခု တခုကို၊ ယောကျ်ား တထောင် ဘွင့်မှ၊ ပွင့်နိုင်သော တံခါးရွက်ပိတ်လျက် ရှိသည်ကို။ နတ်တို့ဘွင့်နှင့်၍၊ အဆင်သင့် ပင်ထွက်တော်မူရ၏။ ။

မြို့တော်မှ ထွက်မိလျှင်ပင် ဝသဝတ္တီ နတ်ပြည်မှ မာရ်နတ်မင်းလာ၍၊ ခရီးဦး၌ ရပ်ပြီးသော် သိဒ္ဓတ္ထ မင်းသား၊ အဘယ့် ကြောင့်ဆင်းရဲရန်ကို ရှာကြံဘိသနည်း။

ယနေ့မှ-ခုနစ်ရက် မြောက်၌ စကြာရ တနာရောက်လတ္တံ့။ ဟု ဆိုလျှင်။ အချင်း မာရ်နတ် စကြာရတနာရောက်မည်ကို ငါ သိ၏။ သို့ပင်ဖြစ်သော်လည်းဘုရားအဖြစ် ကိုသာငါအလိုရှိသည်။ သင်မတားနှင့်ဟု ပယ်ရှား၍၊ကပိလဝတ်ပြည်တော်မှ၊ထွက် တော်မူပြီး၍။ တဖန် ကပိလဝတ်ပြည်ကို ကြည့်ပြန်လိုလျှင်၊ မဟာပထဝီ မြေကြီး သည် အိုးထိန်းစက်ကဲ့သို့ လည်၍ပေးသ ဖြင့် ကြည့်တော်မူပြီးလျှင်၊ တောသို့ရှေးရှု နှင်တော်မူ၏။ ။

## အနောမာသောင်ကမ်း၌ ရဟန်းပြုတော်မူခြင်း

နတ်အပေါင်း တို့သည်၊ အလောင်း တော်၏။ ရှေ့နောက်-ဝဲ-ယာ အရပ်လေး မျက်နှာတို့တွင်၊ခြေသောင်းသော မီးရှုး မီးတိုင်တို့ကို၊ကိုယ်စီကိုင်ကာလိုက်ပါကြ ကုန်၏။အချို့သောနတ်အပေါင်းတို့သည်

ကား၊ ပန်းအမျိုးမျိုး အခိုးအလှံ့ စုံလင်စွာ တို့ဖြင့်တဖွဲဖွဲကြဲဖြောက်ကာ အမြဲနောက်ကပါကြကုန်၏။ တံခွန်,ကုက္ကား, မုလေးပွားတို့ဖြင့်လည်းပူဇော်ပသကြကုန်လျက် တူရိယာငါးပါးတို့ဖြင့်လည်း။ တမြိမ့် မြိမ့် မြည်ဟီးအောင်ခတ်တီးပူဇော်ကြကုန်၏

ဤကဲ့သို့နတ်အပေါင်းတို့သည်သောင်းသောင်းဖျဖျ၊ ပူဇော်ကြကုန် လျက်ပင်၊ အလောင်းတော်နှင့်တကွ၊ သုံးဦးသားတို့မှာ၊ တညဉ့်ခြင်းဖြင့်သာလျှင်၊ ယူဇနာသုံးဆယ်ဝေးသော အနောမာ မြစ်ကမ်းသို့ရောက်ကြလေကုန်၏။ထိုအခါအလောင်းတော်သည် ''ငယ်ကျွန်ရင်းမောင်ဆန်ဤမြစ်ကြီးကား တဒီးဒီးရေအဟုန်ဖြင့်၊ အပုံကြီးကျယ်လှပါသည်။ အဘယ်မြစ်ဟုခေါ်ပါသနည်း''ဟု မေးလေလျှင်။ ''အရှင့်သား-အနောမာမြစ်ဟုခေါ်ပါသည်ဘုရားဟု လျှောက်ထားလေသော်၊ ''အင်း-အလွန်ကောင်းသော နိမိတ်ကောင်း သောဖိတ်နှင့် ပြည့်စုံ၍ ထုတိဂုဏ်ရှိလှပေသည့် ငါ၏ရဟန်းအဖြစ်သည် မယုတ်ရာဟု နိမိတ်ဘတ်တော်မူပြီးလျှင်။ မြင်းကိုပနောင့်ဖြင့်ခတ်၍ အမှတ်ပေး လိုက်သောအခါ။ ကဏ္ဍကမြင်းသည်။ ရှစ်ဥသဘ ကျယ်သောအနောမာ မြစ်ကြီးကို တဟုန်တည်းခုန်လိုက်လေ၏။ သုံးဦးသားတို့သည်ကား ဟိုမှာဘက်ကမ်းသို့ ချမ်း သာစွာ ရောက်ကြကုန်သတည်း။

အလောင်း တော်သည် မြင်းပေါ်မှ ဆင်းတော်မူပြီးလျှင်။ပုလဲဥနှင့် တူသောသဲသောင်ယံ၌ ရပ်တော်မူကာ၊ ငယ်ကျွန်တော် မောင်ဆန်-မောင်မင်းသည်ငါ၏အဝတ်တန်ဆာများနှင့်တကွ ကဏ္ဍကမြင်းကိုပါယူကာ၊ ကပိလဝတ် ပြည်တော်သို့ပြန်ပေတော့။ ငါသည်ကား။ ဤအနောမာသောင်ကမ်း၌ပင်ရဟန်းပြုပေတော့အံ့ဟု-မိန့်တော်မူလေလျှင်။ ငယ်ကျွန် တော် မောင်ဆန်က-''ကျွန်တော်မျိုးလည်း။ အရှင့်သားနှင့် အတူပင်- ရဟန်း ပြုချင်ပါသည်ဟု လျှောက်တင်လေသော်-ခွင့်မရ၍ ငယ်ကျွန်တော် မောင်ဆန်လည်း။ ကဏ္ဍကမြင်းကိုယူ၍။တိုင်းပြည်သို့ပြန်ပါတော့မည်ဟု အာမခံရ၏။

## တာဝတိံသာ—စူဠာမဏိ စေတီတော်

ထိုနောင်ဘုရားလောင်းသည်။ဆံတော်ကို သံလျက်ဖြင့် ပယ်ရှင်း၍ 'အကယ်၍ငါသည် ဘုရားဧကန်ဖြစ်အံ့၊ ဤဆံတော်သည် ကောင်းကင်၌ တည်စေသတည်း။ အကယ်၍ကား။ ဘုရားမဖြစ်ချေအံ့။ မြေ၌ကျစေ သ တည်းဟု- ဓိဋ္ဌာန် တော် မူ၍ ကောင်းကင်ယံသို့ မြောက် လိုက် လျှင်၊ ဥဿျှောင်နှင့်တကွ။ဆံတော်သည်ကောင်းကင်သို့တက်၍။ပန်းဆိုင်းဆွဲသကဲ့သို့တည်လေ၏။ သိကြားမင်းသည် တယူဇနာ ရှိသော- ရွှေပန်းတောင်းဖြင့် ကောင်းစွာပင့်ယူပြီးလျှင်၊ တာဝတိံသာ၌အစောက်တယူဇနာအဝန်း သုံးယူဇနာရှိသော၊ ဣန္ဒနီလာ ကျောက်ဖြင့်ပြီးသော စူဠာမဏိ စေ

တီ်တော်ကို တည်သဖြင့်၊ နတ်အများတို့ ညွတ်တွားကိုးကွယ်ရလေသတည်း။ ။

ဇုဒ္ဓဝံသအဋ္ဌကထာ။ တာဝတိံသ ဘဝနေတိယောဇနံ၊သတ္တရတနမယံစူဠာ မဏိ စေတိယံနာမ ပတိဋ္ဌာပေသိ,,ဟု၊စူ ဠာမဏိ စေတီတော်၊ သုံးယူဇနာ ရှိ ကြောင်းကိုဆိုသည်။ အဝန်း အစောက် ဟူ၍မသိသာ။ ။ တထာဂတုပ္ပတ္တိ ကျမ်းတွင်လည်း ဤနည်းတူ သုံးယူဇနာ ရှိကြောင်းကို တွေ့ရသည်။ ။ ပါရာဇိ ကဏ်အဋ္ဌကထာ၌ကား။ ''သက္ကော ဒေ ဝါနမိန္ဒော ယောဇနပ္ပမာဏံ ထူပံ ဥဿာပေတွာ ဒက္ခိဏက္ခကဓာတုံ နီဟ ရိတွာ သုမနသအဒါသိ,, ဟု သုမနသာ မထေအား တယူဇနာရှိသော စူဠာမဏိ စေတီကိုဖေါက်၍။ လက်ျာ ညှပ်ရိုးတော် ကိုပေးလိုက်ကြောင်း ဆိုသည်။ ။ ထို နှစ်စောင်သော ကျမ်းတို့၌လည်း အဝန်း အစောက်ဟူ၍ သေချာစွာမပါ။ ။ မ ဟာမာယာ ဝတ္ထုတွင် ''ယော ဇနုဗ္ဗေဓံ စူဠာမဏိစေတိယ မကာသိ'' ဟု၊ တ ယူဇနာ အစောက် ဖြစ်ကြောင်းကို ဆို သည်။ ။ ဤသို့လျှင် မဟာမာယာဝတ္ထု ကျမ်းကတယူဇနာအစေါက်မြင့်သည်ဟု သေချာစွာဆိုသဖြင့်၊ ပါရာဇိကကဏ် အဋ္ဌ ကထာ၊ မဟာဝင်အဋ္ဌကထာတို့၌၊ တ ယူဇနာရှိသည်ဟု၊ သာမညပင်ဆိုသော် လည်း။ အစောက်တယူဇနာ ရှိသည်ကို ဆိုသည်ယူရမည်။ ။ ဇုဒ္ဓဝင် အဋ္ဌက ထာ တထာဂတုပ္ပတ္တိကျမ်းတို့က၊ သုံးယူ ဇနာသည်။ အဝန်းကိုရည်၍ဆိုသည်ဟု ယူမှသာ မဆန့်ကျင်မည်ကို သတိပြုပါ။

## အင္ကာနိဒ္ဒ ဖြဟ္မာ ပြည် ဒုဿ စေတီတော်။

ထို့နောက်တဘန် တွေးကြံမိသောအ လောင်းတော်မြတ်သည်၊ ဤအဘိုး များ စွာထိုက်တန်သော ငါ၏အဝတ်သစ် တို့ သည် ရဟန်းအား မလျောက်ပတ်ဟု ကြံ တော်မူလေ၏။ ထိုအခါ ကဿပ မြတ် စွာဘုရားလက်ထက်က အဆွေတော်ဖြစ် ဘူးသော ဃဋိကာရ ဗြဟ္မာကြီးသည်။ ယနေ့ကား ငါ၏အဆွေတော်သည်တော ထွက်၍လာချေပြီ၊ ရဟန်း ပရိက္ခရာကို သွား၍လှူအံ့ဟုကြံ၍၊ ပရိက္ခရာရှစ်ပါးကို ယူ၍လာပြီးလျှင်၊ဘုရားလောင်းအားကပ် လှူလေ၏။ ဘုရားလောင်းသည်၊ ဃဋိ ကာရဗြဟ္မာ ကပ်လှူ အပ်သော သင်္ကန်း တို့ကို ဝတ်ရုံ၍၊ ဝတ်လဲတော် ပုဆိုးကို လည်း။ ရှေးနည်းအတိုင်းပင် မိဋ္ဌာန်တော် မူ၍ မြှောက်လိုက်လျှင် ကောင်းကင်၌ပန်း ဆိုင်းဆွဲသကဲ့သို့ တည်နေသည်ကို၊ဃဋိ ကာရဗြဟ္မာကြီး ဆောင်ယူပြီးလျှင်။ မိမိ နေရာ၊ အကနိဋ္ဌ ဗြဟ္မာပြည်မှာ၊ တဆဲ့ နှစ်ယူဇနာ မြင့်သော ဒုဿ စေတီတော် ကြီးကိုတည်၍ ဌာပနာပြီးလျှင် ရိုသေစွာ ကိုးကွယ်ကြ လေကုန်သတည်း။ ။

ဘုရားလောင်းသည်၊ ရဟန်း အသွင် ကိုယူပြီးလျှင်။ ငါ၏ ကျွန်ယုံတော် ဖြစ်

သော မောင်ဆန် တိုင်းပြည်သို့ ပြန်လေတော့၊ ခမည်းတော် မယ်တော်တို့အားလည်း အနာမရှိသော အဖြစ်ကို ပြောကြားလေတော့ဟုမှာထားး၍။ ထွက်တော်မူလိုက်သဖြင့်။ ကျွန်တော်ရင်း မောင်ဆန်သည်ကား အသဲအဆုတ်တို့ကို၊ ဆွဲထုတ်၍ပစ်လိုက်သကဲ့သို့၊ တရှိုက်ရှိုက်ငိုကြွေးကာ-ဘုရားလောင်းကိုလက်ျာရစ်လည်၍မကြည်မသာ ရှိခိုးရှာလျက်။ ခွာထွက်၍သွားလေ၏။ ကဏ္ဍကက မြင်းသည် ကား၊ အရှင်, ကျွန်နှစ်ပါးတို့၏ပြောနေကြသော စကားကို ကြားစဉ်ကပင်၊ ငါ၏အရှင်သခင်ကိုပြန်လည်ဖူးမြင်ခွင့်မရတော့ပြီ' ဟု၊ ဆိုမြည် တမ်းတ လွမ်းလှသည် ဖြစ်၍၊ ဘုရားလောင်း၏မြင်ကောင်းသောအရပ်မှ လွန်လေလျှင်၊ နှလုံးကျေကွဲ၍၊ သေပွဲသို့ဝင်ရရှာလေတော့၏။

'ကဏ္ဍကက' ဟူသော အမည် ဖြင့်ပင် နတ်သားဖြစ်လေသတည်း။ ။

မြင်းမြဲ:ဆွဲမောင်ဆန်မှာ အနေသာသောင်ယံကစ၍။ သခင်နှင့်ကွေကွင်းခဲ့သဖြင့်၊နေညှင်းသော ပန်းပဒုံကဲ့သို့ နွမ်းနွမ်းချိနဲ့ သဲ့သဲ့ ကလေး ဖြစ်ရသည့် အတွင်း။ ကဏ္ဍကမြင်း သေလွန်သော အခါတွင်မူ၊ တပူပေါ် နှစ်ပူဆင့်၍ကူပင့်သူမတွေ့ သောကငွေ့နှိပ်စက်က၊ စိတ်ပျက် လက်ပျက်မျက်ရည်ကိုသုတ် တရှုတ်ရှုတ် ငိုကြွေးမြည်တမ်း၍တောလမ်း,တောင်လမ်းခရီးကြမ်းတို့ဖြင့် ကပိလဝတ် မြို့တော် နန်းသို့မြှော်မှန်းကာ၊ ပြန်သွား ရှာလေ တော့၏။

ကပိလဝတ်နေပြည်တော်သို့ရောက်သောအခါ၊ခမည်းတော်ကြီးနှင့်တကွ ယသောဓရော-စသော မောင်းမမိဿံ ဖွေ့ရံ များစွာတို့အား အကြောင်းခြင်းရာကို ပြောကြားလျှောက်တင်ရာကြားရသူအပေါင်းတို့မှာ သောင်းသောင်းညံမျှ ရင်ကို မလျက် ငိုကြွေးကြကုန်သတည်း။ ။

ထိုသို့ တော ထွက် တော် မူ ပြီး ၍။ ဥရုဝေလတောတွင်။ ၆-နှစ်ပတ်လုံးဒုက္ကရစရိယာ ကျင့်တော် မူပြီးသည်၏ အဆုံး၌၊ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်။ ကဆုန် လပြည့်။ ဗုဒ္ဓဟူးနေ့ညနေချမ်း အချိန် တွင်။ သောတ္ထိယ ပုဏ္ဏား' မြက်ထမ်းသမားလှူသော။ သမန်းမြက် ၈စ်ဆုပ်ကို အလှူခံတော်မူပြီး၍။ မဟာဗောဓိမဏ္ဍိုင်သို့ ကြွဝင်စံမြန်းတော်မူပြီးလျှင်။နေမဝင်မီ။ ဒေဝပုတ္တ။ မာရ်ကိုအောင်တော်မူပြီး၍။

ပုရိမယာမ်၌၊ ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌၊ ဒိဗ္ဗစက္ခုဉာဏ်ကို။ အစဉ်အတိုင်း ရတော်မူပြီး၍။ ပစ္ဆိမယာမ်၌။ ပဋိစ္စသမုပ္ပါဒ်သဘောကို၊ အပြန် အလှန်သုံးသပ်ဆင်ခြင်တော် မူသော အားဖြင့်။ အာနာပါန စတုတ္ထ ဈာန်ကို ဝင်စား ၍။ ဝိပဿနာ ပွားသောအခါ။ စကြာဝဠာ တသောင်းသည်။ ကောင်းချီးပေးသည့်အလား။ တဆဲ့နှစ်ကြိမ် တိုင်တိုင်။လှုပ်ရှားလျက်၊ အတားအဆီး အပိတ်အပင်၊ အတွယ် အတာမရှိ သိမြင်တော် မူသော။ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ၁၀၃-ခုနှစ် ဥတုဂိမှာန။ ကဆုန်မသော၊ လပြည့်ခါ သ

မယာ၊ ဇုဒ္ဓဟူးနေ့အာကုန်၊ ပိသာခါနက္ခတ် အကြိုတွင် ကောင်းစွာရောက်တော်မူလေသတည်း။ ။

ထိုအချိန် အခါတွင် စကြာဝဠာ မြေ မိုယ်း ရိုက်ကြိုးတုန်ဟိန်း။ မြေကြီးလျှောင်း၊ ပဲ့တင်ထပ်ခါ။ များစွာ လှုပ်ရှားလေ၏။ သီးပွင့်ဟူသမျှတို့သည်လည်း၊ သီးပွင့် ပူဇော်ကြကုန်၏။ လောကန္တရိက် ငရဲတို့သည်လည်း။ အလင်းရောင် ဖြစ်ပေါ်ကုန်၏။ မြစ်ရေတို့သည်လည်း၊ စီးခြင်းမှရပ်တန့်ကုန်၏။ ဆွံ့အ ပင်းကုန်သောသူတို့သည်၊ ပကတိ လူလောင်းဖြစ်ကုန်၏။ အနှောင်အဖွဲ့ ရှိသောလူနှင့် တိရစ္ဆာန်အားလုံးတို့သည်လည်း၊ အနှောင်အဖွဲ့မှ လွတ်ကြကုန်၏။ ဤသို့ဖြင့် အရာအထောင် မကသော၊ အံ့ဩဘွယ် တို့သည် မဖြစ်ဘူးမြဲ၊ ထူးကဲစွာ ဖြစ်ပေါ်ကြလေကုန် သတည်း။ ။

ထိုသို့ ဘုရားအဖြစ်သို့၊ ရောက်တော်မူပြီးနောက်၊ မာန်ငါးပါးကို အောင်မြင်တော်မူရာ ဖြစ်သော၊ ဗောဓိပင်နှင့်။ ရွှေပလ္လင်ထက်၌ပင်၊ ကုဋေတသိန်းမကသော သမာပတ်တို့ကို၊ ဝင်စားတော် မူပြီး၍။ ခွန်နစ်ရက် ပတ်လုံး သီတင်း သုံးတော်မူလေသည်၊ (ပလ္လင်သတ္တာဟ)

ထို့နောက်။ အနိမိသ သတ္တာဟ။ စင်္ကမသတ္တာဟ၊ ရတနာဃရသတ္တာဟ အဇပါလသတ္တာဟ၊ မုစလိန္ဒာသတ္တာဟ ရာဇာရတနသတ္တာဟ၊ ဟူသော ခုနစ်ပါးသော သတ္တာဟတို့ကို အစဉ်အတိုင်း သီတင်းသုံး စံနေတော်မူသတည်း။

နောက်ဆုံး ဖြစ်သော ရာဇာ ရတန သတ္တာဟ၌၊ ခုနစ်ရက် ပတ်လုံး။ ဝိမုတ္တိသုခ ကို၊ ခံစားတော် မူလျက် ထက်ဝယ်ဖွဲ့ ခွေနေတော်မူ၏။

ခုနစ်ရက် စေ့သောအခါ၊ သမာပတ်ထတော်မူ၍။ လင်းလွန်းပင် ရင်း၌ပင်သီတင်းသုံးတော်မူစဉ် သိကြားမင်း သည်၊ ရှစ်ရှားသီးကိုရင်း၊ ဒန်ပူကိုရင်း၊ ကပ်လှူလာသဖြင့် မြတ်စွာဘုရားသည် ဘုဉ်းပေးသုံးဆောင်တော် မူသတည်း။

## (တဖုဿ—ဘလ္လိက တို့ အကြောင်း)

ထိုအခါ ရာမည်တိုင်း ဥက္ကလာပ ဇနပုဒ် ပေါက္ခရဝတီမြို့သား တဖုဿနှင့်ဘလ္လိက အမည်ရှိသော လှည်းကုန်သည် ညီနောင်တို့သည်။ မုံ့ကြွက်ကျစ်ပျားမုံ့ဆုပ်တို့ကို ရိက္ခာပြု၍၊ မဇ္ဈိမဒေသ အရပ်သို့ ကုန်ရောင်း လာကြသည် ရှိသော် လင်းလွန်းပင် ရင်း၌၊ သီတင်းသုံး နေတော်မူသော မြတ်စွာဘုရား၏ အနီး အပါးသို့ ရောက်လျှင်၊ ထိုတဖုဿ-ဘလ္လိက ညီနောင် နှစ်ယောက် တို့၏။ မိဆွေ ဘဆွေ တော်စပ်ဘူးသော နတ်တယောက်သည်။ ထိုသူတို့၏။ လှည်းဘီးကို ဆွဲထားသဖြင့် မသွားနိုင် ရှိသည်တွင် ပူဇော်ပသ၍ အကြောင်းကို မေးသောအခါ ထိုနတ်သားသည်။ ကိုယ် ထင်ရှား ပြ၍၊ အချင်းတို့ မြတ်စွာဘုရားသည် လင်းလွန်းပင် ရင်း၌ သီတင်းသုံးတော်မူသည်။

သင်တို့တဘုံဘခုကို သွား၍ လှူဒါန်းကြပါလေ၊ သင်တို့အား ရှည်မြင့်စွာသော ကာလပတ်လုံး၊ အကျိုးစီးပွားများလတ္တံ့ဟု၊ တိုက်တွန်း စေခိုင်းသောကြောင့် ညီနောင်နှစ်ယောက်တို့သည်၊ ပါလာသော မုံ့ကြွက်ကျစ် ပျားမုံ့ဆုပ်တို့ကို ယူ၍ လင်းလွန်းပင်ရင်း၌ သီတင်းသုံး နေတော်မူသော မြတ်စွာဘုရားထံတော်သို့ ကပ်ရောက်ပြီးလျှင်၊ ဘုန်းတော်ကြီးလှပေသော အရှင်ဘုရား၊ တပည့်တော် တို့အား၊ သနားသဖြင့် ဤလှူဘွယ် များကို အလှူခံတော်ပါဟု လျှောက်ထားလျက် လှူဒါန်း ပူဇော်လေ၏။

ထိုအခါ မြတ်စွာဘုရားအား။ ဃဋိကာရဗြဟ္မာ လှူအပ်သော သပိတ်တော်သည်၊ သုဇာတာ၊ ရွှေခွက်နှင့် တကွသော ဂဏာဆွမ်းကို လှူစကပင်ကွယ်ခဲ့၍။ အလှူခံယူတော်မူရန် သပိတ်မရှိသဖြင့်။ ရှေးဘုရားတို့ သပိတ် တော်ဖြင့်ပင် ခံယူ သလော၊ လက်ဖြင့်ပင်ခံယူသလော၊ ဟု ဆင်ခြင်တော်မူသောအခါ၌။ စာတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည်၊ အရပ်လေးမျက်နှာမှ၊ ဣန္ဒနီလာ ကျောက်ဖြင့်ပြီးသော သပိတ်တော်လေးလုံးကို ယူခဲ့၍ လှူလျှင်ပယ်တော်မူ၏။ တဖန် ပဲနောက် အဆင်းရှိသော ကျောက်ဖြင့် ပြီးသော သပိတ်လေးလုံးကို လှူသော အခါမှ မြတ်စွာ ဘုရားသည် နတ်မင်းကြီး လေးယောက် တို့အား သနား သည်ကို အကြောင်းပြု၍၊ သပိတ်လေးလုံးကိုပင်ခံယူတော်မူလင့်၍။ ထပ်ဆင့်ခါ နှိပ်တော်မူလျှင် တလုံးတည်းဖြစ်၍ အသစ်စက်စက်သော ကျောက် သပိတ်ဖြင့်၊ မုံ့ကြွက်ကျစ် ပျားမုံ့ဆွမ်းတို့ကိုခံတော်မူ၍ဘုဉ်းပေးတော်မူသတည်း။

တဖုဿဘလ္လိက ညီနောင် တို့သည် ပျားမုံ့ဆွမ်းတို့ကို ရှေးဦးစွာ လှူပြီးလျှင် ထိုညီနောင်တို့အားလည်း။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ ဟူသော ဒွေဝါစိကသရဏကို ပေးတော် မူသည်။ အရှင်ဘုရားယနေ့မှစ၍အကျွန်ုပ်တို့သည် အဘယ်သူအား အမြတ်တနိုး ရှိခိုးပူဇော်ရပါအံ့နည်းဟု လျှောက်သောအခါ မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို၊ သုံးသပ်တော်မူလျှင် ငြိကပ်၍ပါလာသောဆံတော်ရှစ်ဆူကိုယူ၍ သွားကြကုန်လောဟု ပေးသနားတော်မူလိုက်သတည်း။

ထို တဖုဿ ဘလ္လိက ညီနောင်နှစ်ယောက်တို့သည်လည်း ဆံတော် ရှစ်ဆူကို ပင့်ယူလျက် မြတ်စွာဘုရားအား ရိုသေမြတ်နိုးရှိခိုး ပူဇော်ပြီးသော် မိမိတို့ နေရာ ဥက္ကလာပဇနပုဒ်သို့ပြန်လာခဲ့၍၊ ဆံတော် ရှစ်ဆူကို ဌာပနာပြီးလျှင် စေတီတော်တည်ထား၍၊ ရိုသေစွာကိုးကွယ်ကြလေကုန်သတည်း။

ထိုတဖုဿဘလ္လိကတို့သည် နောင်သောအခါ မြတ်စွာဘုရား ဓမ္မစကြာ တရားဟောကြားတော် မူပြီး၍။ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ်၊ ရောက်လာကြသဖြင့်။ တရားတော်ကို နာရ၍၊

နေခင်တော် တဖုဿသည် သောတာပန်တည်လေ၏။ ညီတော် ဘလ္လိကသည်။ ရဟန်းပြု၍ ဝိပဿနာတရားပွားများလျှင် ရဟန္တာအဖြစ်သို့ရောက်သတည်း။ ။

ထိုတဖုဿ-ဘလ္လိကတို့၏နေရာအရပ်ကိုဆိုရာ ကျမ်းချင်းမညီကြ။ ဝိနည်းမဟာဝါပါဠိတော်၌ကား။ ဥက္ကလာပဇနပုဒ်ဟုဆိုသည်။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ကား။ အသိတဥ္စနမြို့ဟုဆိုသည်။ ထေရာ အဋ္ဌကထာ၌ကား။ ပေါက္ခရဝတီမြို့သားဟု ဆိုသည်။ ထိုသို့အသီးသီးအမည်မတူ ထူးခြားကွဲလွဲသော်လည်း အမည်သာ ကွဲ၍၊ ထမနဲနှင့် ယာဂုဆိုဘိသကဲ့သို့။ တခုသောမြို့ကိုပင်၊ အမည်သုံးပါး ခေါ်တွင်သောကြောင့်။ အသီးသီး ကြိုက်နှစ်သက်ရာ အမည်ကိုရေးသားထားကြပေသည်ဟုမှတ်ယူရမည်။ သို့မှကျမ်းချင်းညီမည်။ ထိုတဖုဿ ဘလ္လိက တို့၏နေရာ။ အသိတဥ္စနမြို့ ပေါက္ခရ ဝတီမြို့၊ ဥက္ကလာပမြို့ဟူ၍။ အမည်သုံးပါးရသောမြို့သည်။ နောက်ကာလ၌၊ တိဂုံမြို့ဟုခေါ်တွင်ပြန်သည်။

ထိုတိလုံမြို့ကို။ အလောင်းမင်း တရားကြီးဦးအောင်ဇေယျလက်ထက်၌။ရန်ကုန်ရာဖြစ်သောကြောင့်၊ ရန်ကုန်မြို့ဟူ ပညတ်အသစ် တင်ထားပြန်သောကြောင့်။ ယခုထက်တိုင် ရန် ကုန် မြို့ဟု ခေါ် တွင် လေသည်။

ဤသို့လျှင်ဆိုအပ်ခဲ့ပြီးသော။ ပါဠိ အဋ္ဌကထာတို့ကိုထောက်ချင့်၍ရင်းကျောက်စာရာဇဝင် ဥဒါန်းစကားတို့ကို ထောက်ချင့်၍ဂုင်း။ ယခုကာလ၊ နေ-လ အသွင်၊ အလွန်ထင်ရှားသောရာမညတိုင်း ရန်ကုန်မြို့တော်ကြီး၌ရှိသော၊ ရွှေတိဂုံစေတီတော်မြတ်ကို၊ တဖုဿ ဘလ္လိကတို့၏ ဆံတော်ရှစ်ဆူကိုဌာပနာသော။ စေတီတော်မြတ်ကြီးဟု- မှတ်ယူ နိုင်ကြ ပါစေ ကုန် သတည်း။ ။

(စကားချပ်)

ခုနစ်ပါးသော သတ္တာဟတို့ကို။အစဉ်အတိုင်းစံနေတော်မူပြီးလျှင်။ အဇပါလညောင်ပင်ရင်းသို့။ တဖန် ကပ် ရောက်တော်မူပြန်လျှက် သတ္တဝါတို့၏အနုသယကို။ ကြံဆတော်မူခါ တရားဟောတော်မူရန်။ အလိုတော်မရှိသကဲ့သို့ ဖြစ်တော်မူသည်ကို။ သဟံပတိ ဗြဟ္မာကြီးသိမြင်လေသဖြင့်။ဆောလျင်စွာ နတ်ဗြဟ္မာအပေါင်းတို့နှင့်လာရောက်၍တရားဟောတော်မူရန် တောင်းပန်လျှော်ထားချက်ကို ဝန်ခံတော်မူပြီးလျှင်။ထိုမဟာ သက္ကရာဇ်၊ ၁၀၃-ခု။ ဝါဆိုလဆန်း ၁၄-ရက်နေ့ နံက်။ မိဂဒါဝုန်တောသို့ မြန်းကြွတော်မူခါ။ ထိုလပြည့်စနေနေ့ညနေ။နေတခြမ်း·မြုပ်။ လတခြမ်းပေါ်ချိန်၌။ ပဥ္စဝဂ္ဂီငါးဦးတို့အား။ တရားဦးဟောစတော်မူလေသတည်း။ ။

ထိုအခါမှစ၍။ လေးဆဲ့ငါးဝါကာလကြာအောင်၊ ကျွတ်ထိုက် သော ဝေနေယျသတ္တဝါတို့အား။ ရဟုလာသား၊ ပမာထား၍၊သနားခြင်း ကရုဏာပြင်းပြစွာဖြင့်နှုးညွှံသိမ်မွေ့တော်မူလှသော ကိုယ်တော်၏ပင်ပန်းခြင်းကို။အလျှင်းပင်ဂရုပြုတော်

မမူဘဲ။ အရပ်ရပ်၊ အပြည်ပြည်။ ဒေသစာရီ လှည့်လည်တော်မူလျက်။ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူခါ။ လေးဆဲ့ငါးဝါမြောက်ရောက်လတ်သော် ဝေသာလီပြည်။ ရာဇဂြိုဟ်ပြည်အကြား ဂင်္ဂါမြစ်နား၌ တည်ရှိသော၊ ဝေဠုဝရွာ၌ ဝါကပ် ဆိုတော်မူစဉ်။ ပြင်းထန်သော ဝမ်းသွန်ရောဂါ စွဲငြိတော်မူသဖြင့်။ သိကြားမင်း လာရောက်ခါ။ ရတနာပန်းတောင်းဖြင့် ခံယူလျက်။ သမုဒ္ဒရာ၌ စွန့်ပြစ်ရလေသည်။ မြတ်စွာဘုရား သခင်သည်လည်း။ ဝေဒနာကိုသည်းခံတော်မူလျက်။ သီတင်းသုံးနေထိုင်ခါ။ ဝါကျွတ်သောအခါမှ၊ ဇေတဝန်ကျောင်းတော်သို့ကြွတော်မူလေသည်။ ထိုဇေတဝန် ကျောင်းတော်၌လည်း။ ရက်အနည်းငယ်မျှသာ၊ သီတင်းသုံးနေထိုင်တော်မူခါ။ ဝေသာလီပြည်သို့ကြွတော် မူပြီးလျှင်။ သတ္တဝါ တို့အား။ တရားခမ္မဖြင့် ဟောပြ ချွတ်ချွေတော် မူရာတွင်။ သချ်ာတွက်ကိန်း သိန်းသန်း ကုဋေမကသော။ လူနတ် ဗြဟ္မာတို့သည်၊ အကျွတ်တရားရကြ ကုန်သေး၏။

။ ။ ။ ။

## ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း၊

ဤသို့အားဖြင့်၊ မြတ်စွာဘုရား ကိုယ်တော် မြတ် ကြီး သည်။ အသင်္ချေ မက၊ မြောက်များ လှသော၊ သတ္တဝါ တို့အား။ မဟာကရုဏာတော်ဖြင့်။ဘဝသံသရာဝဲစ လုပ် မှ၊ ဆွဲ ထုတ် ကယ် တင် မူခဲ့ ပြီး ၍။ သက္ကရာဇ်- ၁၄၈-ခုနှစ်။ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင်။ ကုသိနာရုံပြည်၊ မလ္လမင်းတို့၏၊အင်ကြင်းဥယျာဉ်အတွင်း။ခင်းထားအပ်သော သလွန်ညောင်စောင်း ထက်၌။ လက်ျာနံတောင်းဖြင့် လျောင်းစက်တော်မူပြီးလျှင်။ ညဦးယာမ်အခါ။ မလ္လာမင်းတို့အား။ တရားဟောတော်မူ၍။ သန်းခေါင်ယာမ်တွင်။ သုဘဒ္ဒ ပရိဗိုလ်အား။ အဆုံးအမပေးတော်မူခါ။ မိုးသောက်ယာမ်အခါ။ တပည့်သားသာဝကတို့အား အဆုံးအမပေးတော်မူသည်အဆုံး၌။ စကြဝဠာအသီးသီး၊ရိုက်ဟီး တုန်မြည်ကာ။ အာရုဏ်တက်ခါနီးအချိန်တွင်။ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းဇြရာ၊ အနုပါဒိ သေသ။ နိဗ္ဗာနဓါတ်ဖြင့်။ ပရိနိဗ္ဗာန် စံဝင်တော်မူလေသတည်း။ ။

---

## ပရိနိဗ္ဗာန်သုံးမျိုး။

ငါတို့မြတ်စွာဘုရား။ ဘုရားဖြစ်တော်မူသည်ကို ကိလေသ ပရိနိဗ္ဗာန် စံသည် ဆို၏။

ခန္ဓာကမ္မဇရုပ် စုတိဝိညာဉ်ချုပ်တော်မူသည်ကို ခန္ဓပရိနိဗ္ဗာန်စံသည်ဆို၏။

သာသနာအနှစ်- ၅၀၀၀။မှာ ဓါတ်အားလုံးစုဝေး၍တေဇောဓါတ်မီးလောင်မည်ကို ဓါတုပရိနိဗ္ဗာန်ခေါ်၏။ ။

## ☆ မြတ်စွာဘုရား၏-ခုနစ်နေ့ အဖြစ်အပြက် ☆
### မြန်မာကဗျာများ။

(၁။) လောင်းတော်ညွှန့်ဖူး-ကွန့်မြူးဥာဏ်ယင်။
တုသိမြနန်း-ကြံလှမ်းစံစဉ်။
ဗြဟ္မာနတ်များ- ညွတ်တွားပန်ဆင်။
နေ့ကြွက်မင်း သက်ဆင်းသန္ဓေယှဉ်။

(၂။) သုဒ္ဓောမင်းမြတ်-နှင်းအပ်ဒေဝီ၊
မာယာမယ်ဘွား-နွယ်အားသာကီ။
ဝမ်းတော်လွယ်ရ-ဆယ်လကြာရှည်၊
ပူးမင်းနေ့-ဘွား၍ အောင်သံချို။ ။

(၃။) သွင်မှုချောလျှပ်-သောင့်သည်ချိန်ခါ၊
ယသော်နုထွား- စုလျှားပြိုင်ကာ။
ရာဟုသားမြတ်-ဘွားလတ်မြင်လာ၊
နေ့ဗျည်း-ထွက်ကြွမြိုင်မဟာ။ ။

(၄။) ဥရုဝေလ-တောဝမြိုင်ခွင်၊
ချောက်နှစ်ပတ်လုံး-ကျင့်သုံးအသျှင်။
သစ္စာဖွင့်ပွဲ-တင့်ကဲအောင်မြင်၊
ဗုဒ္ဓဟူး-နေ့ထူးကြိုက်ခိုက်ပင်။ ။

(၅။) ဣသိပတန-တောရမြိုင်ဖွဲ့၊
ဝဂ္ဂီပဉ္စ-သင်ပြတုနေ။
ဗြဟ္မာသပ်လောင်း-နတ်ပေါင်းသချို၊
ဓမ္မစက်-ပေါ်ဖွက်နေ့စနေ။ ။

(၆။) မလ္လာပင်မင်း-အင်ကြင်းမြိုင်ယံ၊
အားတော်ခွေလျှ-ကြွေကျပုံဟန်။
ငိုပွဲယိုပွဲ-ပြုလဲဆူညံ၊
အင်္ဂါနေ့-ပြောင်းရွှေ့ပြည်နိဗ္ဗာန်။ ။

(၇။) နိံသာကျောင်းနှင့်-ရွှေခေါင်းစိမ်၊
တေဇာရှိန်လင်း-ထိန်ဝင်းတောက်လျှံ။
မြတ်လောင်းတော်မှ-ဓာတ်ပေါင်းတော်ကျန်၊
ဂဠုန်နေ့ကြုံတွေ့-တေဇောသံ။ ။

# (အကျဉ်းမှတ်သားရန်)

★

မသိကျွညျှင်-တွေးဆဦး-နေ့ထူးခွန်နှစ်ပါး။

**မ** မဟာသက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့ည ၁၂-နာရီ ပဋိသန္ဓေ နေတော်မူသည်။

**သိ** မဟာသက္ကရာဇ်-၆၈-ခု၊ ကဆုန်လပြည့် သောကြာနေ့ နံက်လုမ္ဗိနီ ဥယျာဉ်၌ ဖွားမြင်တော်မူသည်။

**ကြ** မဟာသက္ကရာဇ်-၉၇-ခု၊ ဝါဆို လပြည့် တနင်္လာနေ့ ညသန်းခေါင်အချိန် တောထွက်တော်မူသည်။

**ညျှင်** ၎င်းသက္ကရာဇ်-၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညကုန်ခါနီး ဘုရားဖြစ်တော်မူသည်။

**တွေး** ၎င်း၊ ၁၀၃-ခု-ဝါဆိုလပြည့် စနေနေ့ည မိဂဒါဝုန်တော၌ဓမ္မစကြာတရားဟောတော်မူသည်။

**ဆ** ၎င်း ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ ကုသိနာရုံ ပြည်၌။ ပရိနိဗ္ဗာန် ပြုတော်မူသည်။

**ဦး** ၎င်း ၁၄၈ ခု၊ ကဆုန်လဆုတ် ၁၂-ရက် တနင်္ဂနွေနေ့ တောဓာတ်လောင်တော်မူသည်။ ။

# ဓါတ်တော်ဝေခဏ်း။

ထိုသို့ အားဖြင့်။ သုံးလူ ထွန်းထား။ သဗ္ဗညု မြတ်စွာဘုရားရှင်သည်၊ ရွှေပြည် နိဗ္ဗာန်စိုးစံ ကြွဝင်တော်မူသောအခါ များစွာသောလူနတ်အများတို့သည်။ နှလုံးကြေကွဲဝမ်းနဲ ရှိုက်ငိုကြလျက်။ ငါတို့မြတ်စွာဘုရားသခင်ကို ပူဇော်ခြင်းငှာ။ ဤအကြိမ်သည် နောက်သုံးအကြိမ်ပါ တကားဟု။ မြောက်များစွာသော ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့်ပူဇော်ကြ။ ဓါတုပူဇာမင်္ဂလာကို၊ မကြုံဘူးမြဲထူးကဲခမ်းနားစွာ ကျင်းပပြုလုပ်ကြပြီးလျှင်။ သကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်ကျော် (၁၂)ရက် တနင်္ဂနွေနေ့၌။ အလောင်းတော်ကိုတေဇောဓါတ်လောင်တော်မူလေသတည်း။

ထိုသို့ တေဇောဓါတ် လောင်တော်မူဆဲတွင်။ မိုးမပြိမ်းမီပင် အရှင်သာရိ ပုတ္တရာ၏ တပည့်ဖြစ်သော။ သရဘူ မထေရ်သည် မိမိ၏တန်ခိုးဖြင့်။ လည်ပင်းရိုးတော်ဓါတ်ကို။ ယူဆောင်ပြီးလျှင်သီဟိုဠ်ကျွန်းသို့ကြွတော်မူ၍။ မဟိယင်္ဂဏကေသဓါတုစေတီတည်တော်မူသည်။ ။

အလားတူပင် နတ်ဗြဟ္မာရဟန္တာ အရှင်မြတ်တို့သည်လည်း။ မိမိတို့၏တံခိုးဖြင့် မိုးမငြိမ်းမီကပင်ယူဆောင်၍၊ ပူဇော်တော်မူကြသည်။

မိုးငြိမ်းပြီးရာလ၌ကား။ အနာဂါမ် ဖြစ်ပြီးသော ဒေါနပုဏ္ဏားသည်။ ဓါတ်တော်တို့ကိုဝေအံ့သော၌၊ နဝရတ် ကိုးသွယ်တို့ဖြင့် ချယ်လှယ်ပြုပြင်တံဆာဆင်အပ်သော ရွှေအိုးကြီးကိုဖွင့်လိုက်လေလျှင်၊ ရွှေစင်ရွှေသားအဆင်းကဲ့သို့၊ ထိန်ဝင်း ပြောင်လျှပ်သောဓါတ်တော်တို့ကိုဖူးမြင်ရသဖြင့်ရင်ဝကို အသာဖိ၍၊ မချိအောင် ဖြစ်ကြကုန်လျက်၊ ငါတို့သည်ရှေးအခါက၊ ဝါရွှေထိန်ဝင်းသောဘုရားသျှင်၏အဆင်းကိုသာ ဖူးမြင်ရမြဲဖြစ်ပါလျက်၊ "ယခုမူကား ဓါတ်တော်များကိုသာ မြင်ရပါတော့သည် တကားဟု၊ များစွာတ,ဆို၍၊ ငိုကြွေး ကြကုန်သတည်း။ ဒေါဏပုဏ္ဏားလည်းဘုရင်မင်းများငိုကြွေး၍။ ပူဆွေးမော့လျော့စဉ်အခါ လကျာ်အထက် စွယ်တော် ကိုယူ၍ မိမိ၏ ဦးရစ်ခေါင်းပေါင်း ကြား၌ ဖွက်ထားလိုက်လေ၏။ လကျာ်အောက် စွယ်တော်တဆူကိုကား ခြေထောက်ဖြင့် နင်းထားလေ၏။ လက်ဝဲအထက်စွယ်တော်တဆူကိုလည်း အပေါ်ရုံ တဘက် ကြား၌ ဖွက်ထားလေ။။

ထို့နောင် ဒေါဏ ပုဏ္ဏား ကြီးသည် ရှစ်ပြည်ထောင် မင်းတို့အား။ မြတ်စွာဘုရား၏။ သာရီရိကအသမ္မိ ဓါတ်တော်များကို၊ ရှစ်ပုံ အညီအမျှပြု၍ တပုံစီ ဝေဘန်လေ၏။ တစုလျှင် တဒိတ်မျှစီ ရသတတည်း၊

ဒေါဏပုဏ္ဏားသည် ဓါတ်တော်များ

ကို ဝေဌနေစဉ် သိကြား နတ်မင်းသည်။ ''လက်ျာအထက် စွယ်တော် တဆူကို၊ အဘယ်သူယူသနည်းဟု ကြည့်ရှုလေလျှင် ဒေါဏပုဏ္ဏားဖျ်ခေါင်းပေါင်းကြား၌ဝှက်ထားသည်ကိုမြင်၍၊ မိမိ၏တံခိုးဖြင့် စွယ်တော်ကို ပင့်ယူကာ တာဝတိံသာ နတ်ပြည် စူဠာမဏိ စေတီ၌ ဌာပနာလေ သတည်း။

ဇေယျသေန နဂါးမင်းသည်ကား။ ယနေ့ အဆုံးစွန်ဖူးမြင်ခြင်းဖြင့်။ ဖူးမြင် ကန်တော့အံ့ဟုလာ၍၊ ကြီးကျယ်စွာပူဇော်ပြီးလျှင်။ ဒေါနပုဏ္ဏားသည်ခြေဖျားဖြင့်နင်း၍ ယူထားသော၊ လက်ျာအောက်စွယ်တော်ကို တံခိုးဖြင့်နဂါးပြည်သို့ ပင့်ဆောင်ကာ။ ကြီးကျယ် ခမ်းနားစွာ ကိုးကွယ်လေသတည်း။ ။

အပေါ်ရုံ တဘက် ကြား၌ ဝှက်ထားသော လက်ဝဲအထက်စွယ်တော်တဆူကိုကား။ ဂန္ဓာရတိုင်း၌နေဘူးသော ဗျာဒိတ်တော်ရ ရဟန်းတော်တပါးသည်ကုသိုလ်စိတ်ထားဖြင့်ပင့်ယူ၍။ မိမိဂန္ဓာရတိုင်းစေတီယ တောအုပ်၌စေတီတည်ကာဌာပနာသွင်း၍ ကိုးကွက်လေသတည်း။ ။

လက်ဝဲအောက်စွယ်တော်တဆူကိုကား၊ အသျှင်သာရိပုတ္တရာ၏တပြည့်'ခေမ''မည်သောရဟန္တာအသျှင်မြတ်သည် တေဇောဓါတ်လောင်ရာ ညီးညီးခဲမဲစန္ဒကူး ထင်းပုံ ယဲမှ၊ တန်ခိုးဖြင့် ပင်ဆောင်၍၊ ကာလိင်္ဂတိုင်း ဒန္တပုရမြို့တော်သေဋ္ဌနင်းဗြဟ္မဒတ် မင်းမြတ်အား နှင်းအပ်၍ ကိုးကွယ်ပူဇော်စေသတည်း။ ။

ဒေါဏပုဏ္ဏားသည်။ ဓါတ်တော် များကို၊ ဝေဌပြီးသောအခါ မိမိသို့ဝှက်ထားသော စွယ်တော်များကိုကြည့်လေလျှင် တဆူမျှမတွေ့ရတော့သည်ဖြစ်၍။ သူတပါးကိုလဲမမေးသာ ငါ့အတွက်သာ ပေးပါဟုတောင်းရမှာလည်း မိမိက ဝေဌသူ ဖြစ်သောကြောင့်မသင့်ရကား။ 'အိုဘုရင်မင်းများတို့၊ ကျွန်ုပ်အား ဓါတ်ထည့်သော ရွှေအိုးကိုပေးပါဟူ၍သာ တောင်းရ ရှာလေတော့၏။ ဘုရင်မင်းမြတ် တို့က လည်း။ ဓါတ်တော်ခြင်သောစရွတ်ခွက်ကိုသာပေးကြကုန်၏။ ဒေါဏပုဏ္ဏားကြီးလည်း ထိုရလာသောစရွတ်ခွက်ကိုပင် ဓါတ်တော်'' တော် အမှတ်ထားပြီး မိမိမြို့တွင် စေတီတည်ထားကိုးကွယ်ရှာလေသတည်း။

ထို့နောက်မှ၊ ပိပ္ပလိဝန်၌ နေကြ ကုန်သော မောရိယမင်းတို့သည်။ ယခင်ခုနစ်ပြည်ထောင် မင်းတို့ကဲ့သို့၊ မလ္လာ မင်းတို့ဌာန်သံတမန် စေလွှတ်၍၊ ဓါတ်တော်ကိုတောင်းကြလေ၏၊ မလ္လာ မင်းတို့ကလည်း 'ဓာတ်တော်ကိုဝေဘန်၍ ကုန်ချေပြီ။ အလောင်းတော်ကို သင်္ဂြိုဟ်သော စန္ဒကူးမီးသွေးသာကြွင်းကျန်ပါတော့သည်။

၄င်း မီးသွေးကိုသာ ကိုးကွယ်ကြ ပါတော့''ဟု၊ ပေးလိုက်လေ၏။ ထိုမောရိယမင်းတို့သည်လည်းစန္ဒာကူးမီးသွေးကိုသာ စေတီတည်ကာ ဌာပနာသွင်း၍ကိုးကွယ်ခြင်းပြုကြ လေကုန်သတည်း။

ထိုစေတီတော်, ဓာတ်တော်တို့၏တည်ရာဌာန အဆင်းပမာဏ စသည်တို့ကား။ ဤဆိုလတံ့သောဗုဒ္ဓဝင်ပါဠိတု ဘာဏဝါရ ဂါထာ စကားရပ်တို့ဖြင့် သိအပ်၏။

(၁) ဧကော အနောတ္တသတ္တုဿ၊
ဧကောဝေသာလိယာပုရေ။
ဧကော ကပိလ ဝတ္ထုမှိ၊
ဧကောစ အလ္လကပ္ပကေ။ ။

(ဗုဒ္ဓဝံသပါဠိတော်လာ။ ဤဓာတုဘာဇနိယ ဂါထာတို့ကား၊ သီဟိုဠ်ကျွန်းနေ ရဟန္တာမထေရ်တို့ စီကုံးဖွဲ့သီ အပ်သော ဂါထာတို့ဖြစ်သည်)

(၂) ဧကောစ ရာမဂါမမှိ။
ဧကောစ,ဝေဌဒီပကေ။
ဧကောစ,ပါဝေယျကေ,မလ္လေ
ဧကောစ-ကောသိနာရကေ။ ။

တစုတဘို့ တစိတ်သားအရေအတွက် ရှိသောဓါက်တော်များသည်။ အနောတ သတ်မင်း၏ နေပြည်တော်-ရာဇဂြိုလ်ပြည်မှာ တည်ရှိတော်မူ၏။

တစုတဘို့ တစိတ်သားအရေအတွက် ရှိသောဓာတ်တော်များသည်။ ဝေသာလီပြည်မှာရှိတော်မူ၏။

တစုတဘို့ တစိတ်သားအရေအတွက် ရှိသောဓာတ်တော်များသည်။ကပိလဝတ်ပြည်မှာ တည်တော်မူ၏။

တစုတဘို့ တစိတ်သားအရေအတွက် ရှိသောဓာတ်တော်များသည်။ အလ္လကပ္ပတိုင်းမှာ၊ တည်ရှိတော်မူ၏။

တစုတဘို့တစိတ်သားအရေအတွက် ရှိသောဓာတ်တော်များသည်။ ကောလိယ သာကီဝင်မင်းတို့နေရာ၊ ရာမရွာမှာတည် ရှိတော်မူ၏။

တစုတဘို့ တစိတ်သားအရေအတွက် ရှိသောဓာတ်တော်များသည်။ ဝေဌဒီပက အမည်ရှိသော ပုဏ္ဏားတို့၏နေရာမှာတည် ရှိတော်မူ၏။

တစုတဘို့ တစိတ်သားအရေအတွက် ရှိသော ဓာတ်တော်များသည်။ မလ္လာမင်း တို့၏တည်နေရာ ဌာနဖြစ်သော ပါဝါ ပြည်မှာ တည်ရှိတော်မူ၏။

တစုတဘို့ တစိတ်သားအရေအတွက် ရှိသော ဓာတ်တော်များသည် ကုသိနာရ ပြည်မှာ တည်ရှိတော်မူ၏။ ။

(၃) ကုမ္ဘသထူပံ ကာရေသိ၊
ဗြဟ္မဏော,ဒေါဏသဝှယော။
အင်္ဂါရံ ထူပံကာရေသုံ၊
မောရိယာ တုဋ္ဌမာနသာ။ ။

ဒေါဏသ ဝှယော၊ ဒေါဏ အမည်ရှိသော၊ ဗြဟ္မဏော။ပုဏ္ဏားသည်၊ကုမ္ဘသ ဓာတ် တော် ထည့်၍ ခြင် သော အိုး ကို၊ ပူဇနတ္ထာယ။ ပူဇော်ခြင်းငှာ။ ထူပံ၊စေတီ ကို။ ကာရေသိ။ ပြုစေ၏။ မောရိယာ၊ မော ရိယပြည်သူ ပြည်သားတို့သည်- တုဋ္ဌမာ နသာ။ ရွှင်လန်းနှစ်သက်သောစိတ် ရှိကုန် သည်ဖြစ်၍၊ အင်္ဂါရံ၊ တေဇောဓာတ် လောင်ရာ ဖြစ်သော စန္ဒကူး မီးသွေးကို၊ ဂဟေတွာ၊ယူ၍၊ ထူပံ၊စေတီကို၊ကာရေ သုံ။ပြုကြကုန်ပြီ။ ။

(၄) အဋ္ဌသာရိရိကာထူပါ၊
နဝမော ကုမ္ဘစေတိယော။
အင်္ဂါရထူပေါ ဒသမော၊
တဒါယေဝ ပတိဋ္ဌိတော။ ။

သာရိရိကာ၊ သရီရ ဓာတ်တော်တို့ကို ဌပနာရာဖြစ်ကုန်သော၊ အဋ္ဌ၊ ရှစ်ဆူကုန်သော။ထူပါ၊ သာရီရိက စေတီတော်တို့ကို။ ပတိဋ္ဌိတာ တည်ထားကြကုန်၏။ နဝမော။ကိုးခုမြောက်သော။ကုမ္ဘစေတိယော ကုမ္ဘစေတီကိုရင်း။ ဒသမော၊ ဆယ်ခုမြောက်သော၊ အင်္ဂါရထူပေါ။ စန္ဒကူးမီးသွေးစေတီကိုရင်း။ တဒါယေဝ၊ ဓာတ်တော်ဝေဘန်ပြီးသော ထိုအခါ၌သာလျှင် ပတိဋ္ဌိတော။ တည်ထားတော် မူကြလေကုန်သတည်း။ ။

(၅) မဟာဿာ မုဂ္ဂမတ္တာစ၊
မဇ္ဈိမာဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာသာသပမတ္တာစ၊
နာနာဝဏ္ဏာစ ဓာတုယော။ ။

မဟာဿာ၊ ကြီးသော အရွယ်အစားရှိကုန်သော သမ္မာ°ဒ္ဓ ဓာတ်တော် မြတ် တို့သည်။ မုဂ္ဂမတ္တာစ။ ပဲနောက်စေ့ပမာဏ ရှိတော်မူကြကုန်သသတည်း။ မဇ္ဈိမာ အလယ်စားဖြစ်ကုန်သောသမ္မာ°ဒ္ဓဓာတ်တော်မြတ်တို့သည်။ ဘိန္နတဏ္ဍုလာ ဆန်ကျိုးပိုင်းမျှ ပမာဏရှိတော်မူကြကုန်သတည်း။ ခုဒ္ဒကာ။အငယ်စားဖြစ်ကုန်သော။ သမ္မာ°ဒ္ဓ ဓာတ်တော်မြတ်တို့သည်။ သာသပမတ္တာ မုန်ညင်းစေ့မျှ။ ပမာဏရှိတော်မူကြကုန်သတည်း။ဓာတုယော။ ဓာတ်တော်သည် နာနာဝဏ္ဏာ။အထူးထူးသောအမျိုးအစားလည်းရှိတော်မူကြကုန်သတည်း။

(တေပိဓာတုယော) ထိုသုံးမျိုးသော ဓာတ်တော်မြတ် တို့ကို။ အဟံ။ အကျွန်ုပ်သည်။ ဝန္ဒာမိ။ စေတနာဇောစေ့၊ မနောမြူးချက်ကြည်နူးသဒ္ဓါရှိခိုး— ကန်တော့လိုက်ပါ၏အရှင်ဘုရား။

(၆) မဟာဿာ သုဝဏ္ဏဝဏ္ဏာစ၊
မုတ္တာဝဏ္ဏာစ-မဇ္ဈိမာ။
ခုဒ္ဒကာမ ကုလဝဏ္ဏာစ။
ကောဋ္ဌသ ဒေါဏမတ္တိကာ။ ။

မဟာဿာ။ ကြီးသောအရွယ်အစားရှိကုန်သော။ သမ္မာ°ဒ္ဓ ဓာတ် တော်မြတ်တို့သည် သုဝဏ္ဏ ဝဏ္ဏာစ ရွှေအဆင်းနှင့် တူသော အဆင်းလည်းရှိတော်မူကြကုန်၏။ မဇ္ဈိမာ အလတ်ဖြစ်ကုန်သောသမ္မာ°ဒ္ဓဓာတ်တော် တို့သည်။ မုတ္တာဝဏ္ဏာစ-ပုလဲအဆင်းနှင့်တူသောအဆင်းလည်း ရှိတော်မူကြကုန်၏။ ခုဒ္ဒကာ။ အငယ်ဖြစ်ကုန်သော။ သမ္မာ°ဒ္ဓ ဓာတ်တော်တို့သည်။မကုလဝဏ္ဏာစ သင်ချွေပန်းငုံ အဆင်းနှင့်တူသော အဆင်းလည်း ရှိတော် မူကြကုန်၏။ ကောဋ္ဌသ ဒေါဏမတ္တိကာ တဆဲ့ခြောက်ဒေါဏတဆဲ့ခြောက်ပြည်သားအချင့်ရှိကုန်၏။

(တေပိဓာတုယော-ထိုအရောင်သုံးမျိုးသုံးစား ဓာတ်တော်များတို့ကို အဟံ အကျွန်ုပ်သည်၊ဝန္ဒာမိ-ကာယဝစီမနောချီ၍ အဉ္ဇလီပဏာမဂါရဝဖြင့်ကြည်ဆွတ်သဒ္ဓါရှိခိုးကန်တော့ပါ၏အရှင်ဘုရား။

(၇) မဟန္တာ ပဥ္စနာဠိစ၊
မဇ္ဈိမာ ပဥ္စနာဠိယော။
ခုဒ္ဒကာဆနာဠိစေဝ၊
ဧတာ သဗ္ဗာပိ ဓာတုယော။ ။

မဟန္တာ ကြီးသော အရွယ်အစား ရှိကုန်သော၊သမ္ဗုဒ္ဓ ဓာတ်တော် တို့သည်။ ပဥ္စနာဠိစ၊ ငါးကွမ်းစား- ငါးပြည်သား အချင့်ရှိကုန်သည်လည်းဟောတ္တိ။ဖြစ်ကုန်၏။မဇ္ဈိမာ။ အလပ်ဖြစ်ကုန်သော သမ္ဗုဒ္ဓ ဓာတ်တော်တို့သည် ပဥ္စနာဠိယောစေဝ၊ ငါးကွမ်းစား ငါးပြည်သား အချင့် ရှိကုန်သည်သာလျှင်လည်း။ဟောတ္တိ၊ ဖြစ်ကုန်၏ ခုဒ္ဒကာ၊ ငယ်သော သမ္ဗုဒ္ဓဓာတ်တော် တို့သည်။ ဆနာဠိစေဝ၊ခြောက်ကွမ်းစား ခြောက်ပြည်သား အချင့် ရှိကုန်သည်သာ လျှင်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်ကုန်သော ဧတာဓာတုယော ထိုအကြီးအငယ် အလတ် ဖြစ်ကုန်သော ဗုဒ္ဓ ဓာတ်တော်မြတ်သည်။ သောဠသဒေါဏာ မတ္တိကာ တဆဲ့ခြောက် ဒေါဏာ တဆဲ့ခြောက်ပြည်သား အချင့်ပမာဏရှိကုန်၏။ (တေပိဓာတုယော အကြီးအငယ်အရွယ်အလတ်ထိုသုံးမျိုးသော ဓာတ်တော်တို့ကို၊ အဟံ၊ ခန္ဓာနာမ် ရုပ် အကျွန်ုပ်သည်။ ဝန္ဒာမိ။သိပယ်ဆိုက်ပွား လေးပါးကိုအပိုင်ရတို့ဦးချဝန္ဒနာရှိခိုးက တော့ပါ၏ အရှင်ဘုရား။

(၈) မဟန္တာ မုံသဓာတိကာ။
အဋ္ဌိ ဓာတာစ မဇ္ဈိမာ။
ခုဒ္ဒကာ လောဟိတ ဓာတာ။
တေပိ ဝန္ဒာမိ ဓာတုယော။ ။

မဟန္တာ- အကြီးစားဖြစ်သော ဓာတ်တော်တို့သည် မံသဓာတိကာ- အသားတော်ဓာတ်မှ ဖြစ်တော် မူကြ ပေကုန်၏။ မဇ္ဈိမာစ၊အလတ်စားဖြစ်သောဓာတ်တော်တို့သည်လည်း အဋ္ဌိဓာတာ အရိုးတော် ဓာတ်မှ ဖြစ်တော် မူကြ ပေကုန် ၏။ ခုဒ္ဒကာ၊ အငယ်စားဖြစ်သော ဓာတ်တော်တို့သည်။ လောဟိတ ဓာတာ၊ အသွေးတော် ဓာတ်မှဖြစ်တော် မူကြပေကုန်၏။ တေပိဓာတုယော ထိုသုံးမျိုးသော ဓာတ်တော်တို့ကိုလည်း၊ အဟံ၊ ဘုရားတပည့်တော်သည်၊ ဝန္ဒာမိ၊ ဒူးလက် နဖူး တည် ငါးဦးဖြင့် ကြည်နူးလှစွ စေတနာဖြင့်သဒ္ဓါ ရိုကျိုး လက်စုံမိုး၍၊ ရှိခိုးကတော့လိုက်ပါ ၏အရှင်ဘုရား။

(၉) ဥဏှီသံ, သီဟဠေဒီပေ၊
ဗြဟ္မလောကေစဝါမကံ။
သီဟဠေ ဒက္ခိဏ ဏကျွဋ္ဌ၊
သဗ္ဗပေတာ, ပတိဋ္ဌိတာ။ ။

(၁၀) ဧကာ ဒါဋ္ဌာတိ ဒသာပုရေ၊
ဧကာနာဂ ပုရေအဟု။
ဧကာ ဂန္ဓာရ ဝိသရေ၊
ဧကာ ကာလိင်္ဂ-ရာဇိနော။ ။

ဥဏှီသံ၊ နဖူးသင်းကျစ်တော် သည်။ သီဟဠေဒီပေ၊ သီဟိုဠ်ကျွန်း၌။ ပတိဋ္ဌာတိ တည်၏။ ဝါမကံ၊ လက်ဝဲညှုတ်ရိုးတော် သည်၊ ဗြဟ္မ-လောကေစ။ ဗြဟ္မာပြည်၌၊ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ဒက္ခိဏကျွဋ္ဌ

လက်ျာ ညှုတ်ရိုးတော်သည်လည်း။သီဟ ဠေ့သီဟိုဠ်ကျွန်း။ ပတိဋ္ဌာတိ။တည်တော်မူ၏၊တော ဓာတုယော၊ထိုအသမ္ဘိန္နဓာတ်တော်တို့သည်၊ စေတိယံ။ စေတီ၌၊ ပတိဋ္ဌိတာ၊ တည်တော်မူကြကုန်၏၊ကော-တဆူသော၊ ဒါဌာ၊ အထက်လက်ျာစွယ်တော်သည်၊တိဒသာပုရေ- တာဝတိံသာနတ်ပြည်၌၊ ပတိဋ္ဌိတာ၊ တည်တော် မူသည်၊ အာဟု၊ ဖြစ်ပြီ ကော- တဆူသောဒါဌာ- အောက်လက်ျာစွယ်တော်သည်၊ နာဂပုရေ၊ ဇယသေန နဂါးပြည်၌၊ ပတိဋ္ဌိတာ၊ တည်တော်မူသည်။ အဟု၊ ဖြစ်ပြီ ကော တဆူသော ဒါဌာ အထက်လတ်ဝဲ စွယ်တော်သည်။ဂန္ဓာရဝိသယေ။ဂန္ဓာရတိုင်းကက်ရှမီးယား တက္ကသိုလ်ပြည် စေတီယာတောအုပ်၌။ပတိဋ္ဌိတာ၊တည်တော်မူသည်အဟု ဖြစ်ပြီ၊ ကော။ တဆူသော ဒါဌာ အောက်လက်ဝဲစွယ်တော်သည်။ ကာလိင်္ဂရာဇိနော။ ကာလိင်္ဂမင်းတို့၏၊ ဝိသယေ။ ဒန္တပုရ မြို့တော် ကုလားနိုင်ငံ၌ ပတိဋ္ဌာ။ တည်တော်မူသည်။ အဟုဖြစ်ပြီ။(လက်ဝဲအောက်စွယ် တော်သည်၊ သာသနာနှစ်၊ ၇၅၅-ခု သီဟိုဠ်ကျွန်းသို့ ရောက်တော်မူသည်)

(၁၁) စတ္တာလီသ သမဒန္တာ။
ကေသာ လောမာစ သဗ္ဗသော။
ဒေဝါဟရိံ သုကေကံ။
စက္ကဝါဠ ပရံပရာ။ ။

ဘာဂဝတော၊ မြတ်စွာဘုရား၏ စတ္တာလီသ သမဒန္တာစ၊ အမျှလေးဆယ်သော ချောမောပြေပြစ်ကုန်သော။ သွားတော်တို့ကိုဎင်း။ သဗ္ဗသော အလုံးစုံသောအားဖြင့် ကေသာလောမာစ။ ဆံတော်မွေးတော်တို့ကိုဎင်း။ကေကံ။ တချောင်း တချောင်စီ။ စက္ကဝါဠ ပရံပရာစကြာဝဠာ အဆင့်ဆင့်သို့၊ ဒေဝါ နတ်တို့သည်။ ဟရိံသု ပင့်ဆောင်ကြကုန်ပြီ။

(၁၂) ဝဇိရာယံ ဘဂဝတော၊
ပတ္တော ဒဏ္ဍဉ္စ စီဝရံ။
နိဝါသနံ ကုလ,ဃရေ၊
ပစ္စတ္ထရဏံ ကပိလဝှယေ။ ။

ဘဂဝတော၊မြတ်စွာဘုရား၏။ပတ္တောစ သပိတ်တော်သည်ဎင်း။ဒဏ္ဍဉ္စ၊တောင်ဝှေးတော်သည်ဎင်း။ စီဝရဉ္စ၊ သင်းပိုင်တော်မှကြွင်းသောသင်္ကန်းတော်သည်ဎင်း။ဝဇိရာယံ။ ဝဇိရာမြို့၌။ ပတိဋ္ဌာသိ၊ တည်တော်မူ၏၊ နိဝါသနံ၊ ခါးဝတ် သင်းပိုင်တော်သည်။ ကုလဃရေ၊ ကုလဃရ ပြည်၌၊ ပတိဋ္ဌာသိတည်တော်မူ၏။ပစ္စတ္ထရံ အပေါ်အခင်းဘော်သည်။ ကပိလဝှယေ။ ကပိလဝတ်ပြည်၌။ပတိဋ္ဌာသိ။ တည်တော်မူ၏။

(၁၃) ပါတလိပုတ္တ ပုရမှိ၊
ကရကံ ကာယဗန္ဓနံ။
စမ္ပာယုဒက သာဋိကံ၊
ဥဏ္ဏာလောမဉ္စ ကောသလေ။ ။

ကရကဉ္စ၊ ဓမကရိတ် တော် သည် ကာယဗန္ဓနံ။ ခါးပန်းကြိုးတော်သည်ဎင်းဎင်း။ ဝါ—ရေ စစ် တော် သည် ဎင်း။ ပါတလိပုတ္တ ပုရမှိ။ ပါတလိပုတ်မြို့၌။ပတိဋ္ဌာသိ။ တည်တော်မူ၏၊ ဥဒကသာဋိကံ။

ဌာသိ။ တည်တော်မူ၏။ ဥဇ္ဇာ လောမဋ္ဌ၊ ဥဇ္ဇာလုံမွေးရှင်တော်သည်လည်း။ ကောသလေ၊ ကောသလတိုင်း၌၊ ပတိဋ္ဌာသိ၊တည်တော်မူ၏။ ။

(၁၄) ကာသိစံမြိပ္ပ လောကေစ၊
ဝေဠုနံ တိဒသာ ပုရေ။
နိုသီဒနံ အဝန္တီသု။
ဒေဝရဋ္ဌေ အဋ္ဌရဏံ။ ။

ကာသာဝံ၊ ဝတ်လဲတော်သည်၊ မြိပ္ပလောကေ၊ ဃဋိကာရ ဗြဟ္မာနေရာ၊ သုဒ္ဓါဝါသဗြဟ္မာပြည်၌။ ပတိဋ္ဌာသိတည်တော်မူ၏။ ဝေဠုနံ၊ ဦးရစ် ခေါင်းပေါင်း တော်သည်။ တိဒသာပုရေ၊ တာဝတိံသာနတ်ပြည်၌။ ပတိဋ္ဌာသိ။ တည်တော်မူ၏။နိုသီဒနံ၊နိုသီဒိုင်တော်သည်၊အဝန္တီသု၊ အဝန္တီတိုင်းတို့၌။ ပတိဋ္ဌာသိ၊ တည်တော် မူ၏။ အဋ္ဌရဏံ။ ခင်းအပ်သော အခင်းတော်သည်။ ဒေဝရဋ္ဌေ၊ ဒေဝတိုင်း၌၊ ပတိဋ္ဌာသိ တည်တော်မူ၏။

(၁၅) အရဏီစ မိထိလာယံ၊
ဝဒေဟေ ပရိသာဝနံ။
ဝါသိ- သူစိဃရဥ္စာပိ၊
ဣန္ဒပတ္တ ပုရေတဒါ။ ။

တဒါထိုအခါ၌အရဏီစမီးပွတ်တော်သည်လည်း။ မိထိုလာယံ မိထိုလာပြည်၌၊ ပတိဋ္ဌာသိ တည်တော်မူ၏။ ပရိသာဝနံ ရေစစ်တော်သည်၊ ဝိဒေဟေ ဝိဒေဟာတိုင်း၌။ ပတိဋ္ဌာသိ။ တည်တော်မူ၏။ ဝါသိစ- ပဲကွပ်တော်သည်ဇင်း။ သူစိဃရဥ္စ၊ အပ်ကျည်တောက်တော်သည်ဇင်း။ ဣန္ဒပတ္တပုရေ။ ဣန္ဒပတ္တမြို့၌။ ပတိဋ္ဌာသိတည်တော်မူ၏။

(၁၆) ပရိက္ခာရာ အဝသေသာ၊
ဇနပဒေ, အပရန္တကေ။
ပရိဘုတ္တာနိ မုနိနာ၊
အကံသု မနုဇာတဒါ။ ။

တဒါထိုဘုရားပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ၌မုနိနါမြတ်စွာဘုရားသည်ပရိဘုတ္တာနိသုံးဆောင်တော် မူကုန်သော။ အဝသေသာ။ ဆိုအပ် ခဲ့သည်မှ ကြွင်းကုန်သော။ ပရိက္ခာရာ။ ပရိက္ခာရာတော်တို့ကို၊ အပရန္တရေ။အပရန္တကအမည်ရှိသော၊ဝါ-ဘုံဘိုင်မြို့နယ်။ ပင်လယ်အနီး တောင်တန်း ဖြစ်သော။ ဇနပဒေ။ ဇနပုဒ်၌၊ မနုဇာ လူတို့သည်။ ပူဇနတ္ထာယ။ ပူဇော် ကြခြင်းငှာ။ စေတိယံ စေတီကို။ အကံသုတည်ထားကြကုန်ပြီ။ (ဓာတုဘာဇနီယခေါ် ဓာတ်တော်ဝေဘန်ခဏ်း။ အဆုံးအဖြတ် စသည်တို့ကို၊ မဟာ ဗုဒ္ဓဝင် ဝတ္ထု တော်ကြီး၊ ဇမ္ဗူ။ ၁၁၆-စသည်တို့၌ ကြည့်ရှုကြလေ)

(၁၇) ဓာတု ဝိတ္ထာရိတံ အာသိ၊
ဂေါတမဿ မဟေသိနော။
ပါဏီနံ အနုကမ္ပါယ။
အဟုပေါရာဏိကံ တဒါ။ ။

ဂေါတမဿ၊ ဂေါတမအမည်ရှိတော်မူသော မဟေသိနော မြတ်စွာ ဘုရား၏၊ ဓာတု ဓာတ်တော်သည်၊ ပါဏီနံ သတ္တဝါ

အပေါင်းတို့ကို၊ အနုကမ္ပာယ သနားချီး မြှောက်တော်မူခြင်းငှာ ဝိဘ္ဇာရိတံ ပြန့်နှံ့သည် အာသိ ဖြစ်တော်မူပြီ။ တဒါ ထိုအခါ၌ ပေါရာဏိကံ ရှေး၌ဖြစ်ဟောင်းစေတီပေါင်းသည်လည်း။အဟုဖြစ်ပြီ။ ဤသို့သျှင် ဗုဒ္ဓပ္ပံသ ဓာတုဘာဇနီယ ကထာ၌။ ညွှန်းပြသော အစဉ်ဖြင့် မြတ်စွာဘုရား၏ ဓာတ်တော်,မွေးတော်တို့သည်။ သတ္တဝါအများအား။ သနားကယ်တင်တော်မူရန်။အပြည်ပြည်အရပ်ရပ်အနှံ့ အစပ်တည်ရှိတော်မူခဲ့ရလေသတည်း။ ။

ဤသို့အားဖြင့်။ မြတ်စွာ ဘုရားရှင်၏။ သရီရ ဓာတ်တော်တို့သည်၊ ထိုစဉ် အခါတွင် စေတီအသီးသီး၌ ကိန်းဝပ် တည်ခဲ့သော်လည်း သာသနာတော်နှစ်။ ၂၁၈-ခု။ အချိန်လောက်တွင် သာသနာ နယ်ပယ်၌။ သာသနဒါယကာအဖြစ်ဖြင့်။ အလွန် ထင်ရှားခဲ့သော ဇမ္ဗူဒီပ ယတိုင်းပါတလိပုတ်ပြည်ရှင်ဘုရင် မှူးသောကမင်းကြွားကြီးသည် ဓာတ်တော်ဌာပနာရာစေတီများကိုဖေါက်ထွင်း၍ ဇမ္ဗူဒိပ် ကျွန်းလုံးတွင် ပြန့်နှံ့ ခဲ့ပြန်လေသတည်း။ ။

အနည်းငယ် ချဲ့ဦးအံ့။ (သိရိဇမ္ဗူဒိပ။ မဇ္ဈိမနိုင်ငံတော်။ ပါဋလိပုတ်ပြည်။ယခုအခါ ပဋ္ဌနာ ခေါ်သော မြို့တော်၌။ ၂၀ နှစ်။ နန်းစံတော်မူသော ဗိန္ဒုသာရ မင်းကြီးနှင့် ဓမ္မာဒိဘုရားဘို၏ သားတော်။ ၎င်းမြို့၌ပင် သာသနာတော်နှစ် ၁၀၄-ခုနှ ဘွားတော်မူ၍၊ ၂၁၄-ခုနှ မင်းဖြစ်တော်မူပြီးလျှင်။ ၂၁၈-ခု။ ဧကရာဇ် ဘိသိက်ကို ခံတော်မူ လျက်၊ ဗြဟ္မဏဘာသာဝင်ဖြစ်ပြီး၍။ ၂၂၀ ပြည့်နှစ်။ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးလျှင်စေတီတော် ပေါင်း ရှစ် သောင်း လေး ထောင်၊ ကျောင်းတော် ပေါင်း ရှစ်သောင်း လေး ထောင် စသည်တို့ကို။ ငွေပေါင်း ကိုးဆဲ့ ခြောက်ဇဋေကုဋေအကုန်ခံ၍ပူဇော်ပြီးလျှင် ၂၃၅ ခုနှစ်၌။ တတိယ သင်္ဂါယနာတင်ပွဲကြီးကို ၉-လပတ်လုံးဖွင့်တော်မူပြီး အဘိသိတ်ခံ မင်းစည်းစိမ် တော် ၃၇- နှစ်။ သက်တော် ၇၂နှစ်။ သာသနာတော် နှစ်။ ၂၅၅ ခုနှစ်၊ ၎င်းမြို့တော်၌ပင် နတ်ရွာစံတော်မူ သော သာသနဒါယကာ· (ပိယဒဿန) ဘွဲ့တော်ခံ။ ထိုဓမ္မာသော ကမင်းကြွားကြီးသည်။ဇမ္ဗူဒိပ်ကျွန်းအလုံး၌မင်းဧကရာဇ်ဖြစ်၍။မကြာမြင့်မီ။တူတော် အရင်း။ ရှေးပျားကုန်သည် ဘဝက နောင်တော်ကြီးအရင်း ဖြစ်ခဲ့ဘူးသော နိဂြောဓသာမဏေကို အကြောင်းပြု၍။ သာသနာတော်၌။ အစလသဒ္ဓါဖြင့်၊ မတုန်မလှုပ်သက်ဝင် လာသည်ဖြစ်၍။ စေတီပေါင်း ရှစ်သောင်းလေးထောင်ကို။ ဇမ္ဗူဒိပ်ခေါ် ဆိုအပ်သော၊ ဇမ္ဗူဒိပ်ပြည်အတွင်းကို အစပြု၍။ တည်ထားစေလေသည်။

ထိုနောက်၌၊ ဓါတ်တော်ရရာ အရပ်ကို၊ သံဃာတော်မြတ်များအား အစည်းအဝေးပြုလျှောက်ရာတွင်။ **မထေရ်မြတ်ကြီးတပါး။** ၏၊ညွှန်ကြားချက် ဖြင့်။ အဇာတသတ်မင်း တည်ထားခဲ့သောဌာပနာစေတီကိုတွေ့ရှိ၍ ဓါတ်တော်များကို။ ပင့်ယူပူဇော်၍။ စေတီပေါင်း ရှစ်သောင်း

လေးထောင်၊ ကျောင်းပေါင်းရှစ်သောင်း လေးထောင်တို့တွင်၊ အသီးသီးခွဲဝေ ဌာပနာလေသည်။ ထိုသို့ ဌာပနာရာ၌၊ဓါတ်တော်အားလုံးစုံတို့ကို၊ စေတီများတွင်ဌာပနာခြင်းမပြုဘဲ ကျောင်းအသီးသီး တွင်လည်း၊ ရဟန်းတော်များကို အပ်နှံ၍ကာ အထင်အရှား တည်ထားကိုးကွယ် လေသည် မှန်၏။ စတုယာဘသိတိယာ၊ ဝိဟာရ သဟာသေသာ ဓါတုယော၊ ပတိဋ္ဌာပေတွာ၊ ဟု မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌ လာရှိလေသည်။ ဤသို့ဖြင့်ဇမ္ဗူဒိပ်ကျွန်းအဌမ်းတွင် မြတ်စွာဘုရား၏ သရီရဓါတ်တော်များသည်၊ပူဇော်လေးမြတ်ရာဌာနတို့သို့ လှည့်လည်ခါ၊ ထိုအခါမှစ၍၊ ကြွမြန်းစံတော်မူခဲ့လေသတည်း။

**သတိပေးချက်။** ။ သုံးလောက မကိုဠ် သုံးတိုက်လုံး မှန်ကူ သယမ္ဘူ၊ ထွဋ်ထားသျှင်တော် မြတ်ဘုရားကြီးသည်။ အိုနာသေရေး ဒုက္ခဘေးတို့ဖြင့်။ ရှုပ်ထွေး ရောပြွမ်းရာ ဤသံသရာ လမ်းတာကို ပယ်ခွာစွန့်လွှတ်တော် မူပြီးလျှင်၊ အလုံးစုံသော ဒုက္ခဟူသရွေ့ မတွေ့ရာမကြုံရာ၊ခေမာနိဗ္ဗူ၊ စံယူတော်မူသွားရှာလေပြီ။ ယင်းသို့ ဘုရားသျှင်မြတ် ပရိနိဗ္ဗာန်စံဝင်တော်မူလတ်သော်လည်း။ ဘုရားသျှင် ကိုယ်တော်မြတ်ကြီးမှ၊ ကြွင်းကျန်ရစ်သော ဆံတော် အံ့တော်, ညှပ်ရိုးတော်,စွယ်တော်, စသောဓါတ်တော် အပေါင်းတို့ကား ကြွင်းကျန်တည်ရှိသေးရုံမက၊ ဘုရားသျှင်မြတ်ဟောကြားတော်မူအပ်သော ဓမ္မာက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်နှင့်တကွ၊ အသျှင်မဟာကဿပ အစရှိသော မဟာထေရ်မြတ်ကြီးတို့မှ ဆင်းသက်လာသော ဘုရားသားတော် သံဃာတော် အရှင်မြတ်တို့သည်လည်း၊ နေမင်း လမင်းတို့ အလားထင်ရှားစွာ တည်ရှိကြကုန်သေးသည်ဖြစ်၍။ဘုရားသျှင်သည် နိဗ္ဗာန်မသွားအမြဲထင်ရှားရှိကုန်သကဲ့သို့၊ စိတ်ထားစိတ်နေ မပြောင်းကြဘဲ၊ သဒ္ဓါကောင်းစေတနာဖြင့် ဤဗုဒ္ဓသာသနာတော် မြတ်ကြီး ကြီးပွားထွန်းကားလေအောင် ကြိုးစား အားထုတ်ပြုလုပ်သင့်ကြပေကုန်သတည်း။

ဤတွင်ဗုဒ္ဓပွဲတော်(ခေါ်)ဘုရားသျှင်၏။
"ဖြစ်တော်စဉ်အကျဉ်းချုပ်"
အပြီးသတ် သတည်း။

# ☆သီဟာဠဒါဌာဝံသ-ခေါ်-သီဟိုဠ်စွယ်တော်☆ သမိုင်း။

နမောတဿ-ဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ။

ပဉ္စမာရဇ်၊ တုမရှိသည့်။ ရှမိနီထွန်တင် သုံးလူ့ရှင်သည်၊ များဖြင့်သဏ္ဍာဝါ၊ ဝေနေယျာတို့အား ဒေသနာ စည်ကြီး၊ ရိုက်တီးဆော်ခတ်၊ ဗုဒ္ဓကိစ္စ, ပြီးငြိမ်းလတ်သော် ပြည်မြတ်အောင်ချာ၊ ကုသိနာ္ဓဝယ်ဓမ္မတာအရ။ သဘာဝဖြင့်၊ အမတနိဗ္ဗာ စံတော်မူလျှင် နတ်လူအပေါင်း၊ မြိမ့်မြိမ့် ညောင်းအောင် အလောင်းတော်မြတ် ခန္ဓာတော် ရုပ်ကလာပ်ကို၊ တေဇောခတ် သဘင်၊ ဆင်ယင်ကျင်းပ ပူဇော်သဖြိုဟ်ကြရာ ထိုအခါဝယ်၊ ခိဏာသဝကိစ္စကုန်ပြီး ‘ခေမ, မည်သည့်ရဟန္တာမထေရ်ကြီးသည်၊ ထိန်ညီးဝင်းပြောင်၊ အဂ္ဂိရောင်သို့ တောက်လောင်မစဲရောင်တော်ကြွသည့်လက်ဝဲတော်အောက်ခါတ်၊ စွယ်တော် မြတ်ကို။ ပင့်လတ်တူပြီး တိုင်းကြီး ကလိင်၊ ဒန္တပူရ။ ပြည်နာမည်ကို။ ဗိုးဒွိမ္မှိမ်နင်း ဗြဟ္မဒတ်မင်းအား။ အပ်နင်းတော်မူသဖြင့်ဗိုလ်လူများစွာ ကြည်သဒ္ဓါဟု ဗိတိထု၍ အာရုံစွဲကပ်၊ လေးမြတ်ကော်ရော် ပူဇော်သဘင် ငှဲကြီးဆင်ကြလေကြောင်း။

ရှည်ညောင်းကာလ ခါသမယဝယ် နရသနင်း၊ ဗြဟ္မဒတ် မင်းသည်။ ကပ်ချဉ်းနတ်ထံ၊ ပြောင်းရွှေ့စံသော် သားတော် ကာသိက-မင်းရာဇာသည်၊ စုံ့ရှ အာဏာဘုန်းတေဇာဖြင့်။ ဆက်ကာရိပ်ဖြူခံတော်မူလျက်။ ကြည်ဖြူ လေးမြတ် စွယ်တော်ဓါတ်ကို၊ မပြတ်ကော်ရော်ကိုးကွယ်တော်မူကြောင်း

ထိုမင်းကောင်းတဘာန်၊ နတ်ရွာစံသော် သားတော်သုနန္ဒာ၊ မင်းရာဇာသည်၊ ဆက်ကာနန်းမွေ ခံစံလေ၍။ အစဉ်နော်ခါတ် စွယ်တော်မြတ်ကို။ မပြတ်ကော်ရော် ပူဇော်တော်မူကြောင်း။

ဤသို့သော နည်းကောင်း ဖြင့်။ သားမြေးပေါင်း အဆက်ဆက်။ ဆင်းသက်တုစွာ။ ကိုးကွယ်လာ၍။ ရှည်ကြာ သမယ နောက်ကာလဝယ် တေဇထန်ပြင်း ဂုဟာသိဝမင်းသည်၊ ပိုင်နင်းစိုးအုပ်၊ မင်းပြုလုပ်ခါ။ ထိုမင်းမှာမူ မိစ္ဆာယူ၍သယမ္ဘူထွန်မြတ် စွယ်တော်ခါတ်ကို။ ပျပ်ဝပ်ရိုသေ မပြုနေကြောင်း။

အပေါင်းများစွာ။ လူဗိုလ်ပါတို့ဖြာဖြာဝန်းပတ်၊ စွယ်တော်ခါတ်ကို ဆည်းကပ်ကော်ရော်။ ပူဇော် ထွက်ဝင် စီအစဉ်ကို၊ ဘုရင် ဂုဟာသိဝ။ နရိန္ဒသည် နမ်းက ရှုမြော်မြင်လေသော်မူ ထံတော်စက်အောက် ကပ်ချဉ်းရောက်သည့် တယောက်အမတ်

ထိုကြောင်းရပ်ကို၊ မေးလပ်သောခါ ရာ
ဇာဥက္ကာဠ်။ရှေးရှေးသောဘေးလောင်တော်
မင်းမြတ်တို့။ မပြတ်စဉ်လာ ကိုးကွယ် ပူ
ဇော်ကြသည့် စွယ်တော် မြတ် ရတနာကို
ကြည်သဒ္ဒါရိုကျိုး။ အဥ္စလိ တင်ချီမိုး၍။
ရှိခိုးအံ့သောငှာ။လူ့ဗိုလ်ပါအပေါင်းထွက်
ဝင် သွားလာ ကြောင်းကို။ ၎င်းအမတ်
ဈောက် တင်လပ်သော် မင်းမြတ် ဂုဟ
သီဝ။ နရိန္ဒသည် ဟာဒယစင်ဖြူ များဗိုလ်
လူတို့နှင့် အတူတကွ။ ရပ်ပျောက်ကြွ၍
ဥက္ကာဠ်ဓါတ်။ စွယ်တော် မြတ်ကို ရှုလပ်
သောခါ။ ဖြာဖြာ ရွှန်းဝေ ရောင်ခြောက်
ထွေတို့ဖြင့်။ အသရေထွန်းချို့ တန်ခိုးဂုဏ်
ကို။ မြင်တုံကာလ အော် ဖြစ်ရခြေ အ
စိန္တေ့ဓာတ်။ ဤသို့သောစွယ်တော်မြတ်ကို
ပယ်လတ်ရှောင်ကွင်း ယူမိစ္ဆာ လူခပင်း
တို့နှင့်။ ပေါင်းသင်းမလိုက် မှားမိုက်မိချေ
ရှေး ပ ဝေ နွယ် တော် ပေါင်း၊
ဘေး တော် မြတ် မင်း ကောင်းတို့
သွားလမ်းကြောင်းအနေ မှန်လှပေဟု၊ သံ
ဝေဓမ္မရကြီးရ၍။ ယူပါပမိစ္ဆာ များဒိဋ္ဌိ
မသမာတို့ကို။ ငါပိုင်ရာ ဌာန နိုင်ငံတော်
ဒေသမှ၊ နှင်ထုတ်ကြလေ အမိန့်တော် စေ
သောကြောင့်။ ရှောင်သွေရပ်ဝေး မြို့ တ
ကျေးသို့။ မိစ္ဆာလူတို့ ထွက်ပြေးကြရလေ
ကြောင်း။

နောက်နှောင်ကာလ။ ထိုမိစ္ဆာဒိဋ္ဌိ လူ
ပါပတို့သည်။ ဂုဏ်တေဇကျော်သီး ပါတ
လိပုတ် ပြည်ကြီးကို။ ဘုန်မိုးနေလ အစိုးရ
သည့်။ နရသနင်း ပဏ္ဍုမမင်းကို ကပ်ချဉ်း
ရှေ့နေ၊ မင်းနှင့်အယူတူပြုကြလေ၍ ပုရေ
ရှေးကာ၊သောလွှန်သူဂေါတမ၏။ ဒါဠ္ဍကျော်
ဟိုး ဓာတ် အရိုးကို၊ ရိုကျိုး ဝပ်စင်း ကိုး
ကွယ်ဆည်းကပ်သည့်၊ ဂုဟာသိဝမင်းကို
ထန်ပြင်းတေဇာ ရှင့်အာဏာဖြင့်။ မြန်စွာ
စက်အောက် ထံတော်မှောက်သို့အရောက်
ဘမ်းယူ ဘာသာတူအောင်၊ နှိမ်နင်းတော်
မူပါမည့်အကြောင်း၊ ဈောက် တောင်း
တင်သ၊ ကုန်းချောကြ၍ နရသခင် ပဏ္ဍု
မဘုရင်သည်မစင်အယူမိစ္ဆာလူတို့ရန်မူ
တင်သ ကုန်းအရဖြင့်၊ ဒဏ္ဍပုရီ ပြည့်ဌာနီ
ကိုစိုးမှီ ပိုင်နင်း ဂုဟာသိဝမင်းကို၊ထံရင်း
မျက်မှောက် ငါ့ စက်အောက်သို့၊ သူသေ
ရိုးနှင့် တကွ၊ ရောက် စေရမည် အာဏာ
တော်ထုတ်သည်ကြောင့်၊ စိတည် ထီးတ
စင်း၊ မိတ္တယာန်မင်းသည် ချက်ခြင်းထို ခ
ဏ၊ မင်းဂုဟာသိဝကို ဘမ်းယူ ဆက်သ
ရလေကြောင်း။

၎င်းအခါ၊ ပဏ္ဍုမရာဇာသည်။ မိစ္ဆာ
ယူသီး မှားမိုက်ကြီး၍၊ ထိန်ထိန်ညီး ရောင်
ဟုန်၊ ဖယောမ မီးပုံကို လူဥသုံ စဝေးရာ
နန်းရင်ပြင် မြေ ပထဗျာ၌၊ စေအာဏာပြု
ပြီး။ ခြောက်ရောင်စုံခိုမှီးသည့် စွယ်တော်
ကြီး ဥက္ကာဠ် လက်ဝဲတော် ဓာတ် မြတ်ကို
လောင်ပြတ် ညက်ကျေဖြစ်ရစိမ့်အနေနှင့်။
ထည့်စေတုံ့လျှင်း။ ထိုခဏ ခြင်းပင်။ မီး
တွင်းမှ ပေါက် စက်ဘိန်း လောက် ပမာ
ရွက်ချပ်လွှာ ပန်းဝတ်မှုံ ။ မွေးယနံ့ သင်း
ထုံသည့်။ ကြာပဒုံပင်ကြီးရှုမငြီးငွါးငွါး
ထိုအဖျားဌ်။တန္တနားတော်မူ ရောင်ခြောက်

ဆူဝန်းပတ်။ စွယ်တော်ခတ်သည် မဟာပ်
မိုးရှိန် တန်ခိုးထိန်လျက် ရိပ်ငြိမ်ချမ်းသာ။
ထွက်ပေါ် လာလျှင်။ မိုးလ်ပါ လူပေါင်း။
သောင်း သောင်း အုပ်အာ။ ပထဗျာ တုံ
ဟိုး ပွဲတင်တီးမှု။ ကောင်းချီးသဘင် အခံ့ပွဲ
ကြီး ယင်လေကြောင်း။

မကောင်းယူမှား လူမိုက်ဒြွ အများ တို့
သည်၊ ထူးပြားဆန်းကြယ် ဤသို့သော အခံ့
ဘွယ်တို့၊ ပျက်ရယ် ပြုလျှင်း စကားဖြင်း
ဖြင့်၊ နေနတ်မင်းအမျိုး ခတ် အရိုးသာ
တန်ခိုးဇ္ဈာန် သို့လိုရှိလေ၊ ပုဗ္ဗေကာလ သမ
ဏာနွယ်မျိုး၊ သေလွန်သူဂေါတမ၏အရိုး
သည်၊ တန်ခိုးကျက်သရေမရှိလေဟု ရေ
မြွေသနင်း၊ပဏ္ဍုမမင်းအား သိမ်ဖျင်းဝဇ
န၊ လျှောက်တင်ကြသော် ပဏ္ဍုမ ရာဇာ
မင်းမိစ္ဆာသည်၊ ရတနာထွတ်မြတ် စွယ်
ခတ်ကို၊ ကိမ်းဝပ် တည်ရာ ပဒုံကြာမှ။
ယူကာတဘန်၊ ပေထက်၌ တင်ပြန်၍၊ ကြိ
အားအလွန်ကဲ တူသံခဲဖြင့် ဝင်နှဲ ထန်ပြင်း
ထုစေလျှင်းက ပေတွင်းဝင်တဝက်၊ ပေါ
တဝက်နှင့် ကျေပျက်မထင်၊ အံ့ဘွယ်ဂုဏ်
အင်ကို၊ ဖူးတွေ့မြင် လူအပေါင်း မြိန့်မြိန့်
ညောင်း အောင်၊ ကောင်းချီး သာရု အခံ့ပွဲ
ကြီးပြုကြလေကြောင်း။

လူမိုက်ပေါင်းများစွာ၊ ထိုအခါဝယ်
ရတနာဥက္ကဋ္ဌ စွယ်တော် ခတ်ကို၊ ဝန်း
ပတ်ရံခြွေ ပေအန်မှ ထုတ်ယူလေက အ
စိန္တေ့ဂုဏ်သကပ် အာနုဘော်တန်ခိုးမြတ်
ကြောင့်၊ မကြံတတ်မယူနိုင် ကြံ့ခိုင်တည်
နေဖြစ်ခဲ့ချေ၍ဖွမ်းရေသတ္တုဝ်ယူနိုင်သူရှိလျှင်
မဟာဋ္ဌဝံမှုများစွာ၊ ဆုတော်လာတ်အဖြာဖြာ
ကို၊ ဖြူသဒ္ဓါ ကြည်ဖြ ငါရာဇာ ပေးမည်
ဟု၊ ရပ်ဝေးရပ်နီး တိုင်းကြီးခရိုင် နိုင်
ငံတော်အတွင်း ကြွေးကြော် လျှင်း သော်
သတင်းဂုဏ်ဟိတ် ဇမ္ဗူဒိပ်ဝယ်၊ဖိတ်ဖိတ်
ရောင်ပြေး အနာထပိဏ်သူဌေး၏၊ မြေးသူ
ဘဒ္ဒ နာမထင်ရှား၊ လူယောက်ျားသည်တ
ရားသံယမ၊ကျင့်သီလနှင့်ပြည့်ဝစုံညီသဒ္ဓါ
ဟုနှစ်စွမ်းရည်ဖြင့်၊ စုပေါင်းတည်ပရိသတ်
မိုလ်ထုလယ် ဝင်ရောက်လပ်၍၊ ပျပ်ဝပ်
ရိုကျိုး၊ တိက္ခတ္တုံ့ လက်စုံမိုး၍ ရှိခိုးပြီးခါ
ကျေးဇူးဂုဏ်သစ္စာကို၊ လှစ်ကာမသွေ ဆို
တုံလေက၊ ခြောက်တွေ ရောင်ပတ် စွယ်
တော် ခတ်သည်၊ သုဘဒ် ယောက်ျား။
ဥသျှောင်ဖျားနှဲ၊ ပေအန်မှကျွတ်၍ တန့်နား
ကိမ်းစက်တော်မူကြောင်း

မဘောင်းဒိဋ္ဌိ၊ လူမိစ္ဆာတို့နှင့် ပေါင်း
မိသည့်၊ ဘူပတိထွတ်တင် ပဏ္ဍုမ ဘုရင်
သည်။ သို့လောက်ပင် အံ့ဖွဲ ထူးလွန်ကဲ
သည့်။ တခဲနက်ခတ် စွယ်တော် မြတ်ကို
ယုံမှတ်မပြု ဒေါသချ၍၊ ထောက်ရှု မဉ္ဇာ
လမ်းခရီးချက်ချာဝယ်၊ နက်လှစွာ တွင်း
ကြီး တူးစေပြီးတတန်၊ ဘုသယံခါတ်စွယ်
တော်မြတ်ကို ချလပ်လေပြီး၊ ထက်က စီး
၍၊ မြေကြီးဖုံးမှို တင်းမာတို့ အနေ၊ ဆင်
တော်ဖြင့်နင်းစေ၍၊ ပြုလေကာလ ခါသမ
ယလည်း ချေးအနည်းလို၊ စိမ်းမိမ်းစိုသည့်
ပင်ပျို ဥပ္ပလာ ပန်းကြာသည်၊ မြေထွာကို
ဘောက် စက်ဘိန်း လောက်ပမာ။ ငွေချက်
ချာဝယ် ရတနာစွယ်တော် ကိမ်းစက်ပျော်

၍။ ထွက်ပေါ်တော်မူလာ၊ ထိုအခါလည်း လူဗိုလ်ပါ အပေါင်း။ ငံ့တင် ဖြောင်းမျှ။ ကောင်းချီးသံထူးထွေ အံ့ပွဲကြီး ပြုကြလေကြောင်း။

ငှင်းမှတဘန်၊ သမ္ဘူမြတ်၊ စွယ်တော်ဓာတ်ကို၊ ပုပ်စပ်နံ့ဆိုးအဉ္ဇုက်သရိုက်မျိုး ဥသုံ၊ ရုပုံပစ်ချ၊ ရွံ့ညှနံတွေ့ထူထဲလှ၍ဗေဂုန္တပတ်ပတ်ချာ၊ မကောင်းဆိုးဝါးသည့် ကျုံးတွင်းသို့ ပစ်ချစေရာဝယ်၊ မလာညစ်မှေး၊ ရွံ့ညှနံတို့ မကပ်မထွေးဘဲ။ ထိုဈေးအခါ ပဒုမ္မာ ကြာချက်ဖျားချ၍၊ တန်နား ထွက်ပေါ်တော်မူလာ၍၊ အံ့ဘွယ်ရာထူးထွေ။ ဆင်မြင်းစသော တိရစ္ဆာန်တို့ ကလည်း၊ ဘာသာ အလျောက် မြည်တွန် အော်ဟစ်ကြလေ၏။ နန်းမြေတွင် ပါရှိသမှူ များစွာ၊ ငါးမျိုးစုံ တူရိယာ တို့သည်။ သွက်သွက်ခါ တုန်ဆတ်။ အလိုလိုတီးခတ်ကြလျက်၊ အရပ်ရပ်ဥသျှုံ၊ မွှေးကြိုင်သင်းပျံ့သောပန်းရနံ့အခိုးအထုံတို့လည်း လေစုံလေညာ အဇ္ဈောပြင် မိုဃ်းကောင်းကင်အနှံ့၊ မွှေးကြိုင်သင်းပျံ့ ကြာကုန်၍။ လူဥသျှုံခဲ၊ သောက်သောက်လဲအောင် အံ့အဲထောမနာ။ ကောင်းချီး ပြာကြ လေကြောင်း။

ကြိမ်ပေါင်း တန်တန် ဘုသယ်မြတ်၊ စွယ်တော်ဓာတ်၏၊ ဂုဏ်သကတ်ထင်ပေါ်ကန်ခိုးတော်ကို။ ရှုမျှော်မြင်ရ။ မင်းပဏ္ဍုမသည်၊ မိစ္ဆာဓမ္မကင်းကွေ သံဝေဂရလေသဖြင့်၊ အစ်ချွေ့ဓာတ်၊ စွယ်တော်မြတ်ကို ပျပ်ဝပ်ရိုသေ၊ နန်းတွင်းသို့ပင့်ဆောင်လေ၍။ လူဗိုလ်ခြေအများ၊ သမာယူ အသင်းသားတို့နှင့်၊ ညွတ်တွားငိုကျူး၊ လက်စုံမိုး၍ ရှိခိုးတောင်းပန် ကန်တော့ပွဲခံပြီးခါ၊ မိစ္ဆာယူတသင်း၊ လူခပင်းတို့ကို၊ ရှင်းလင်းသုတ်သင်၊ နိုင်ငံတော်မှ ထုတ်နှင်၍၊ ဘုရင်သမုနတ်၊ ဂူဟာသိဝမင်းမြတ်မှာ၊ ခြောက်ရောင်ပတ် ဥဏ္ဏွာ ဓာတ်စွယ်တော် ရတနာကို။ ပင့်ဆောင်ကာနန်းမြေသို့၊ ပြန်ပါစေရွှေဗျာဒိတ်ကို ခတ်နှိပ်တော်မူပြီး။ ရှုမင်းရတနာသားတော်ကြီးဥပရာကို၊ ရာဇာဘိသေကသဘင် ဆင်ယင်ကျင်းပ ဘိသိတ်ရေသွန်းချ၍။ ပြည်ရဌခပင်းကို၊ အပ်နှင်းတော်မူပြီးခါ၊ ညွန်တဏှာဝေး၊ မကပ်မထွေးဘဲ၊ ကင်းဝေးစင်ပြု။ တောထွက်တော် မူလေကြောင်း။ ။

ဗိုလ်ထုပေါင်းသခင်။ ဘုရင်နရိန္ဒ၊ မင်းသီဝသည်။ ခွင့်ရအခနေ၊ စံမြန်း မြေသို့။ ပြန်လေရောက်က၊ မလယ တိုင်း ပြည်။ ထီးနန်းစည်ကို၊ စိုးမိုးနှိပ်နင်း။ ညီနောင်မင်းတို့၊ သုံးရင်းများစွာ။ စစ်ဗိုလ်ပါနှင့်၊ ချီလာဆိုက်ကပ်၊ မြို့ပြင်ရပ်က၊ ဝန်းပတ်စီစဉ်။ တပ်ကြီးဆင်၍။ ဘုရင်နရိန္ဒ မင်းသီဝထံ။ အမြန်မနှေး အာဏာရေးဖြင့် ပေးသည့်စာလွှာ၊ ကြောင်းခြင်းရာမူ။ သမ္ဘာဘုန်းရောင်၊ ထိန်ထိန်ပြောင်သည့်။ ညီနောင်သခင် ငါဘုရင်တို့။ သုံးလုံ့ရှင်မြတ်။ စွယ်တော်ဓာတ်ကို၊ ရှိပျပ်ဝပ်ဆင်း ပင့်ဆောင်ခြင်းငှာ တိုင်းရင်းမလယာ၊ နေပြည်တော်ဌာနမှ ချီတက်တော်မူလာကြ၏။ ဗုဒ္ဓမြတ်စွာ စွယ်တော်ဓာတ်ရတနာကို၊ ရိုညွတ်စွာ

ကြည့်ဖေ ပင့်ဆောင်ခွင့်ပေးမည်။ မာန်ကိုမှီ၍၊ တူညီသဘော၊ စစ်မြေကြောဋ္ဌိ၊ရန်ဒေါသွင်းချ။ စစ်ကြီးပြုမည်။ နှစ်လည်စကား။ ကြိုက်ရာနၡးဟု၊ တက်ပွားသောမာန်၊အာဏာသံဖြင့်၊ တုတ်ပြန်စာလွှာ ပေးသောခါ ဝယ်၊ ရာဇာနရိန္ဒ။ မင်းသိဝသည်၊ တက်ကြွသောမာန်စောင်၊ တံခွန်ထောင်၍ ဘုန်းရောင်ပရမေ။ အစိန္တေခတ်၊ စွယ်တော်မြတ်ကို၊ ပင့်လတ်ဘို့ရာ ငါရာဇာသည်။ ခွင့်ခါမပေးမာန်ဟုန်သွေး၍၊စာပေးမောက်မာ၊ မင်းယုတ်မာတို့နှင့်၊ မြန်စွာယချ၊ စစ်ကြီးပြုမည်။ ကြံစည်ဆုံးဖြတ် စိတ်တော်မှတ်ပြီး။ ထံတော်နီး၌ ရှိခိုးခစား တူတော်သမက်ဒန္တကုမာရ မင်းသားအား။ငါမင်းဖျားရာဇာ မိုးသောက်လာသော်။ ဗိုလ်ပါလုံးရင်း သေနင်္ဂါတပ်တော်ခင်း၍။ စစ်တလင်းမြေကန့်ကွဲသို့။ထွက်စံ စစ်ဘက်တော်မူမည်။ အတည့်တကျ အောင်မည်ဟု မသိရသေး ကံတော်မွေး၍ အောင်ရေးမရ၊ ဖြစ်ခဲ့ကမူ တိုင်းရဋ္ဌရိပ်ငြိမ် ရွှေနန်းအိမ်ကို ကပ်လိမ် အသော စွန့်ပါယ်ခွာ၍ ဆရာ ပြဟ္မာဏ ပုဏ္ဏားရောင်ဆင်သလျက်။ကဉ္စန ဖွဲ့ကြုတ်ဝယ် သိုမြှုပ်လျှို့ကာ ထည့်သွင်းကိုးကွယ်သည့် စွယ်တော်ခတ်ကို၊ နဝရတ်ခေါ်တွင်။ရတနာကိုးပါးခြယ်ဆင်သည့် ဘုံဆောင်ခွင် နန်းပြဿဒ်မှ၊ ပင့်လတ်တုံပြီး။ သဖုတ်ရေခြားသီး၍။စွန့်ခရီးဝေးကွာသီဟိုဠ်ကျွန်းဘုပသဗျာကို စက်အာဏာဖြန့်မိုး။ ဘုန်းရောင်ထိုး၍ အုပ်စိုး စံနေငါဘုန်းဝေ၍။ အဆွေတော်ရင်း၊မဟာသေနမင်း၏ ထံတော်ရင်း မျက်မှောက်။ ချဉ်းကပ်ရောက်လျှင်၊ချီးမြှောက်မြတ်လေးမောင့်ကိုမွေးလိမ့်မည်ဟု၊ မှာရေးစကား။ မှာခဲ့ထား၍။ တင်းကြွမာန်ဟုန်။ ကြောက်တုန်မရှိ၊ ခြသေ့္ဂ၏ဟန် ဗိုလ်ထုံလျက်။ မြို့မှထွက်၍ အားတက်ကိုယ်တိုင် စစ်ရေးဖြိုင်သော် မခိုင်တန်နိုး။ကံဇာတာနွမ်းညှိုး၍။ အကျိုးမလှ။ သက်ခန္ဓာ ဆုံးရလေကြောင်း။

ဗိုလ်ပေါင်း သနင်း သိဝမင်းသည်။ တလင်းစစ်မြေ ကံကုန်လေသော်။ တိုင်းနေလူအလုံး။ယူကျုံးမရ သဲသဲအုတ်အုတ်ဖြစ်ကြ၍။ ဒန္တကုမာရ,ဟူ။ သမက်တူလည်း ဗိုလ်လူသနင်း၊ဦးရီးတော်သိဝမင်း၏။ မှာထားရင်းမသွေ၊ပုဏ္ဏားဟန်ဆောင်လေ၍။ ပရမေအတုလာ စွယ်တော်ခတ်ကြုတ်ရတနာကို၊ သိုမြှုပ်ကာ ယူလျှင်၊ပြာသာဒ်ဆောင်ခွင်မှ သက်ဆင်း၍၊ဘော်သင်းပင်းမပါ။ လျင်စွာသုတ်သုတ်။ နှမတော် ဟေမမာလာကိုမျှ၊ ခွန်းနှုတ် မဆိုအား။ ချောက်ချားစိတ်နေ၊ လန့်ထိတ်ဝေလျက်။ ကိုယ်ရေတုန်ဆတ်၊ တောင်အရပ်သို့၊ သွားလတ်သောခါ၊နတ်ဒေဝါတို့ တေဇာတန်ခိုး ပင့်ထောက်ချီးသဖြင့်။ မောက်ဖြိုးစီစီ ရေယာဉ်မှီသည့်။ နဒီမြစ်ကြီး။ ကူးမြောက်ပြီးသော်။ ညီးညီးဝင်းပြောင်၊ ငွေပုလဲပွင့်အရောင်သို့။ သဲသောင် ဖွေ့ထိပ်။ သဲများစွာ ဖုလိပ်၍၊ ကောက်ချိပ် မထင် သဲစေတီသန်စီရင်လျက်။ ဘွဲ့ချက်ပြင် အလယ်ကြား၌၊ စွယ်တော်ကြုတ် ထားပနာ

ထားပြီးလျှင်၊ ကျူးသွားတဘာန် မြို့တော်သို့ တို့ ပြန်၍၊နန်းသူစံရှုမငြိုးနှမတော်ဟေမမာလာကို ချော့ခေါ် ပြီးလျှင်၊ ပူလုံးကြီးသောဏာ၊ မီးယမ်းပုံကျသည့်နှယ်၊ ဗျာပါရအထွေထွေ၊ ညှိုးမျက်နှာ တဝေဝေနှင့် နုံးခွေတုန်ချောက်နေရောင်ပျောက်၍ ညဉ့်ရောက်ကာလ။ စေတီတော်အနီးစဉ် ပင်ရကွာထူထပ်၊ ချုံငိုတ်ပေါင်း၌၊ ပုန်းလျှိုး ကပ်၍နေကြလတ်အခါ စီဏာသဝ၊ ဈန်လာဘီမထေရ်တပါး ကောင်းကင်ပျံ့ကာ ကြွသွားတော်မူခိုက် သဲစေတီ ဌာပနာတိုက်က လွှတ်လိုက်သည့်ရောင်ခြည်တော်။ ရေပေါ်သဲပြင် တဖိတ်ဖိတ် တလွှင်လွှင်ကို။ ရှုမြင်ရလျှင် ကောင်းကင်မှ သက်ဆင်း၍။ ကပ်ချဉ်းတဘာန် ရှု့ကြည့်ပြန်သော်-ရောင်လျှံတော်တလျှပ်လျှပ်၊ ရွှေကြုတ်၌ ကိန်းစံတော်မူသည့် စွယ်တော်ဓာတ်ကို တတ်တတ်မြင်သိ၊ဒိဋ္ဌိဗရဏာ၊ စိမ့်စိမ့်ဖြာလျှက်ကောင်းစွာချီကျူး။ လက်စုံမိုး၍၊ ရှိခိုးနေသည့်အခါ မောင်နှံစုံနှစ်ဖြာတို့သည်။ ရိုညွတ်စွာချဉ်းကပ် ကြောင်းမျိုးစုံလျှောက်ထားလတ်သော်၊ အနာဂတ် နောင် အခါလင်္ကာမပြေ့၊ ဘယာတွေ့မူ။ အောက်မေ့ငါကို၊ မျှော်တကြွ မှာဆို၍ လိုရာခရီးချာန်ယဉ်စီးလျှက်၊ ထေရ်ကြီး ရဟန္တာ၊ ကြွသွားတော်မူရှာကြောင်း။

ဖြိမ့်ဖြိမ့်ညောင်းအော်ဟစ်း ရေယဉ်စီးသည့် မြစ်ကြီးအောက်ဌာန်၊ဘုံဗိမာန်ဝယ်စိုးစံပိုင်နင်း။ နဂါးမင်းသည်။ မြစ်တွင်းတလျှောက် တုံ့ခေါက်ပျော်မြူး။ ရေသဘင်ကြူးသောအခါ အထူးတင့်တယ်၊ လွန်သပ္ပါယ်သည့်။ ခြောက်သွယ် ရောင်လျှပ်။ စွယ်တော်ဓာတ်ကို မြင်လတ်တုံပြီး။ ဗရဏာဒိဋ္ဌိတွေ့ယိုစီးလျှက် ခိုင်မြဲသည့် ကြည်သဒ္ဓါ အမြဲ ကိုးကွယ် လိုသည့် စေတနာကြောင့်၊ ရတနာရွှေကြုတ်နှင့်တကွ စွယ်တော်ဓာတ်ဥက္ကဋ္ဌကိုညွှတ်ခရိုသေ။ခံတွင်းဖြင့် ငုံရုတ်ယူဆောင်ခေလ၍ သမိုဒ်ရေချက်ဗဟိုရ် လေး ရောင်စုံ ဖိတ်ဖိတ် ယိုသည့်။ တောင်မြင်းမိုရ်ပမ္ဗတေ အောက်အခြေကိုရစ်ခွေပုန်းအောင်း။ နေတုံ ရှောင်းသော်။ နှဲ့နောင်းနန်းလျှာ မင်းမောင်မယ်နှစ်ဖြာတို့သည်။ ရတနာထွက်တင်၊ စွယ်တော်ဓာတ်ကို မတွေ့မမြင်က သဲဘဝင်ကြွေမှု ရှိုက်လှိုက်ဆူ ငိုကြွေးကြလျှက်။ ပူသောက အထွေထွေ ကြံမရနိုင်နေသော် ရှေးပုဗ္ဗေကာလခါသမယက ဈန်လာဘီ ဒေသစာ ကြွချီသည့်။ မထေရ်မြတ်ဖျား။ ရဟန္တာအရှင်မှာခဲ့သောစကားကို။ မှတ်သား အာရုံ စိတ်မှာလှုံ၍၊ လက်စုံညွှတ်ခ မျှော်လင့်တောင့်တကြသော်။ ခဏမကြာ။ ထေရ်အရှင်-ရဟန္တာသည်။ တူစွာဂဠုန် ဘန်ဆင်းတုံလျှက်။ အဟုန် ထန်ပြင်း ကြောက်မက်ဘွယ်အခြင်းဖြင့်၊ ရေနတ်နဂါးထံ၊ အမြန်သွားရောက်ငြိမ်းချောက်ပြီးခါ။ စွယ်တော်ဓာတ်ရတနာကို၊ ကောင်းစွာသိမ်း၍။ ယူဆောင်ပြီးလျှင် နန်းသိမ်း ညွှန့်ဘွား။ မင်းမောင်မယ်နှစ်ပါးအား။ မြှောက်စားချော့အောင်ဘန်၍ အပ်နှံ ကြွသွားတော်မူလေကြောင်း။

ဒွန့်နှောင်းရှုမပြယ်ယဉ်တင့်တယ်သည့် နန်းလယ်ညွှန့်ဘွားကြင်ဘက်တော်နှစ်ပါး တို့သည်။ ထွတ်ထားသယာမွှာ့စွယ်တော် ဓာတ်ကို ဆောင်ယူ၍။ ကဿ္ဘာဂူ စခန်း။ ရှေးတူရူ ကြွလှမ်းကြသော် အုံ့မခန်း တန်ခိုးတော် - စွယ်တော် ဓာတ်အာနု ဘော်ကြောင့်၊ နတ်ဘန်ဆော်စီရင်ပြု သုတ် သင်သည့် လမ်းစဉ်သာမော ခရီးကြောဖြင့် မနော၊ ရည်မှန်း တာခလိုဠ်ကို မည်သော သဘော်ာဆိပ်ကမ်းသို့၊ ဖြောင့်တန်းမသွေ ရောက်ကြလေ၍ မကွာယှဉ်တွဲ မေတ္တာနွဲ့ လျက်လက်ဆွဲ၍ကိုင်ကာ လှေသဘော်ာနာဝါ ကို၊ ကောင်းစွာတက်စီး ကမ်းမမြင်သည့် ပင်လယ် ခရီးသို့ တဟုန် တည်း မကြာ။ ဆိုက်ချောက်ပါသည်။ ရေပင်လယ်အောက် ဆွယ်၍။ ရေနတ်နွယ်တသင်း။ နေထိုင်ကြ သည့် နဂါးမင်းတို့သည် ဝပ်စင်းရှိသေ။ စွယ်တော်ဓာတ်ကို ပူဇော်လိုသည့် အနေ ကြောင့် ဂရက်ရေမျှောက်စုံ လှိုင်းတံပိုးတို့ ကိုထစေကုန်လျက် ခါတုန်သိမ့်သိမ့်။ တ အိန့်အိန့်နှင့် လိန့်တော့မလို။ တသဘော်ာလုံး ရှုံ့ဗိုဗို၍ နောက်ကိုလည်းမဆုတ်မသက်။ ရှေ့ သို့လည်းမတက်အောင် ကန့်ကွက်နှိမ်နင်း တားဆီးလျှင်း၍ ထုံသင်းကြူလှိုင်။ ပန်း နံ့သာအမွှေးအကြိုင်တို့ကို တကိုင်ကိုင်ဦး ခ။ တန်ခွန်ပုပ်ဘား စသည့်တို့ဖြင့် ပူဇော် ကြသော်။ ဗုဒ္ဓမြတ်စွာ စွယ်တော် ဓာတ်ရ တနာသည်။ နန်းသူဇာ ရှုမငြိုး ဟောမဓာလာ မင်းသွီး၏ ဘွဲ့စသည်း ရုံးဆံကေသာအထုံး၌ သိုဖုံးထည့်သွင်း၊ ရတနာ ခွေကြုတ်တွင်း မှ။ တခဏခြင်းလျင်လျား။ ကောင်းကင်သို့ ကြွသွား၍ ထူးပြားဆန်းကြယ် ရောင်ခြည် တော်အသွယ်သွယ်တို့ဖြင့် ခြယ်လယ်ကွန့် မြူး။ အံ့ဩဘွယ်အထူးထူးဖြင့် ရေနတ်မင်း တို့နှလုံးကို ကြည်နူးစေလျက်၊ ကောင်းကင် မှ သက်ဆင်း၍ တဘန် ရတနာ ခွေကြုတ် ၌၊ ကိန်းဝပ်တော်မူပြန်ကြောင်း။

ရက်ပေါင်းကာလခုနစ်ရက်ကျအောင် ကမ်းစမမြင်ပင်လယ်ပြင်၌၊ သို့စဉ်များပြား ရေနဂါးတို့ ပျံ့သွားဝှတ်သျှူး၊ ရေ, လေ, သံတဟိုးဟိုးနှင့် လှိုင်းတံပိုးကြီး ဖြေယာ။ လှေသဘော်ာမှောက်တော့မှာလို၊ ကြောက် စရာဘေးကျမ်း၊ ကြောက်မက်ဘွယ်အခန်း ခန်းကြောင့်၊ စိတ်နှမ်းညှိုးခွေ။ သေရတော့ မလောက်အနေဖြင့်၊ ဗျာပါဝေ တုန်ခိုက်။ အချုအသဲ ဆူ့သို့ကျက်အောင်၊ အပူတိုက် ဟစ်အော်။ မင်းမောင်မယ် နှမ်းဘော်တို့ သည် ဗျာန်ယဉ်ပျော်သွားလာထေရ်အရှင် ရဟန္တာကို။ ရှိညွှတ်စွာဦးနှိမ်ကျူး၍။ ရှိခိုး တမ်းကမျှော်လင့်ကြသော်၊ ခဏမကြာ ထေရ်အရှင် ရဟန္တာသည်။ ကိုယ်ခန္ဓာ အားအင်ကြီးမားသော ဂဠုန်ယောင်ကို ဘန်စီရင်၍။ ထက်ကောင်းကင်ဝှေ့ဆိပ်က တန်ခိုးဟိတ်ဟန် ခင်းလျက်။ ရေနဂါးတို့ ရန်ကို နှိမ်နင်းတော်မူငြီးခါ လှေသဘော်ာ ယဉ်စကြာသည်။ ဂရက်လွှာအလုံးစုံ ကြီး မားသော လှိုင်းဥသဘ်ကို တဟုန်တည်း ကျော်နင်း။ ရေပန်းလွှာ ခင်းကျင်း လျက်။ ခဏခြင်းမသွေ သီဟိုဠ်ကျွန်းသို့ ဆိုက် ရောက်လေကြောင်း။

၎င်းအခါ။ သာသနာတော်ပြတ်, နှစ်သန်္တကို၊ ရှစ်ရာလေးဆယ် လေးခုတယ်။ ဓါတ်စွယ်သီဟိုဠ်ရောက်ဟူသောလင်္ကာသံပေါက်အတိုင်း။ မင်းဆက်ပိုင်းကို၊ မှတ်သိလိုက အတိုပြမှုကိဥ် သိရိမေဃရာဇာဘုန်းလျှံ။ ထီးနန်းစံ၍ ကိုးနှစ်စေ့လတ်။ စွယ်တော်ဓာတ်။ကျွန်းမြတ်သီဟိုဠ်ရောက်။ ဟူသော ရစိတာသံပေါက်အတိုင်း။ကသိုဏ်းထင်ရှား မှတ်ဘို့ရာနှစ်လုံးသွင်းဖြင့်၊စကားချုပ်ထားလိုက်သည်။

ရှုမညောင်းသည့်၊ထီးဆောင်းနန်းဘွား မင်းမောင်မယ်နှစ်ပါးတို့သည်။ ကမ်းနားသို့ဘက်ပြီး။ ခရီးယောင်လယ်၊ ညှိုးငယ်ငယ်နှင့် ဘဲ့နှယ်စခန်း ဘဲယ်ဆီ လမ်းဟု။ တန်းမှန်းမသိ အချိန်ကာလည်းမရှိနှင့် ကရိကထ နေဆဲကာလ၌ ဆရာ ဗြဟ္မဏာ တယောက် လာရောက်တွေ့မြင်ချစ်ခင်သနား အာရုံထား၍ မိမိအိမ်ကိုခေါ်ပြီးခါ တည့်တာဆိုင်းထား စားသောက်ရန်တို့ကို ပေးသနား၍ အိပ်ရာနေရာ၌ ချထားအိပ်စေပြီး နောက်မိုးသောက်အရုဏ်တက်တုံကာလ ဗြဟ္မဏာဆရာ ညွှန်ပြသည့်လမ်းကန္တာဖြင့် တနှစ်ဖြာမောင်နှမ တစိုက်စိုက် သွားကြသော် တိုင်းရဋ္ဌကျော်သီး။ မင်းနေပြည် အနုရာဓ မြို့ကြီးသို့။ ခိုမှီး ကပ်ရောက်ကြလေကြောင်း။

၎င်းအခါ ကိုးစားရင်းမဟာသေနမင်း ရာဇာသည်။ ခန္ဓာတော်ပျက်ပြား နတ်ရွာစံသောသတင်းစကားကို သိကြားရလျှင်။ ခဏခြင်းပင် ပူပြင်းသောက၊ညှိုးနွမ်းအားငယ်ကြပြီး။ တိုင်းကြီးစည်းစိမ် ရွှေနန်းအိမ်ကို ဘုန်းရှိန်ဖြန့်မိုး ဆက်လက်စိုးသည့်နန်းရိုးနွယ်ဘွား ယသုစံနေတော်မူသည့် သားတော် ကိတ္တိသိရိမေဃ, မင်းတရားသည်လည်း မခြားအတူ ဘခမည်းတော်လိုရတနာသုံးပါးကိုကြည်ဖြူကြောင်းသတင်းကောင်းတဘန် ကြားရပြန်က ထိန်လျှံရောင်ငြီး ဇယာမမ်းပုံကြီးကို တဟိုးဟိုး သွန်ဖြိုး ကောင်းကင်အလုံး ဒုပ်မိုး၍ ရွာကြိုးသည့်မိုးကြီးရေ အငြိုးတိုင် သေငြိမ်းစေသကဲ့သို့ အခွေထွေဗျာပါရ။ ညှိုးငယ်ပူဆွေးသည့် သောကမီးတွေငြိမ်းပ၍ အဇေကြီးမြေကြလေကြောင်း။

၎င်းမှနောက်။ သဘင်း ထောက်သော် မင်းမြှောက်ချီးပ။မင်းနှင့်အကျွမ်းဝင်သည့် ထေရ်သမဏာသည် မေဃဂိရိ, မည်ရှိထင်ပေါ်။ ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေတော်မူကြောင်း သတင်းကောင်းအရ ထိုကျောင်းတိုက်ကြီးသို့ သွားရောက် ကြ၍၊ ဖြစ်သမျှအလုံးစုံ၊ စွယ်တော်ဓာတ်ကြောင်း ဥဿုံကိုစေ့အစုံဘော်ကြား သံဃာ့ထေရ်ကြီးအား လျှောက်ထားက တက်ကြွသော သဒ္ဓါဟုန် ပီတိဗရဏာလွှမ်းခြုံ၍သယ်အုံ စွယ်တော်ဓာတ်ကို ကျောင်းတွင်းသို့ ပင့်လတ်စေပြီးခါ သံဃာတော် များစွာတို့သည် အဖြာဖြာဦးနှိမ်ကျိုး၍။ ရှိုးဖူးမျှော် ပူဇော်ပွဲကြီးပြုတော်မူကြလေကြောင်း။

၎င်းနောက် မကြာခင် သံဃာ့နာယက ဖြစ်တော်မူသော ထေရ်အရှင်သည် ဝမ်းရွှင်အားရ၊ နန်းတော်သို့ ဝင်ရောက် ကြွ၍

နရသနင်း ကိတ္တိသိရိမေဃ မင်းအားစွယ် တော်မြတ်အကြောင်းကို ပြောကြားသော် မင်းဗျားရာဇာ နရိန္ဒာလည်း ဝမ်းသာရွှင် မော စကြာရတနာကို ရဘိသောနှယ်အံ့ဩ ချီပ။ ထိုခဏပင် မောင်းမမိဿံ ခြွေရံဗိုလ် ထုနှင့်တကွ ကျောင်းတော်သို့ ထွက်ကြွ၍။ မြတ်ဗုဒ္ဓထွတ်တင် စွယ်တော်ဓာတ်ကိုဖူး မြင်က။ ရောင်ရှင်တော်တဖိတ်ဖိတ်နှင့် တ ရိပ်ရိပ်ထွက်ပေါ် စွယ်တော်ဓာတ် တန်ခိုး တော်ကို။ ရှုမြှော်မြင်ရ။ ဝမ်းနည်းလှ၍။ အုမသိုက်ဖိမျက်ရေယိုကျ။သဒ္ဓါဟုန်စွမ်း ဗလဖြင့်၊တွေးဆကြံရည် မကိုဋ်သရဖူနှင့် တကွ ဥဿျှောင်တော်ကို လှူတော့မည်ဟု အတည်မှတ်ပြီး သို့ကလိုတံခိုးတော်ကျော် ဟာ်းသည့်။ စွယ်တော်ကြီး ဥက္ကဋ္ဌ။ ရဟာနာ ဓာတ်မြတ်အား။ နည်းပါး လတ် သည့် ကောင်းမှု ဤမျှလောက် ဝဋ္ဋဖြင့် ပြု၍မ လျော်။ မတော်ပါဟုကား အောင့်မေ့စဉ်း စား၍ တက်ပွားသဒ္ဓါ ညွန့်ဝေဖျာလျှက်၊ စက်အာဏာတန်ခိုး ဘုန်းရောင်တိုး၍ အ စိုးရသမျှ သီဟိုဠ်တကျွန်းလုံးဖြင့် ပူဇော် ချီးပ၍။ ညွှတ်ခရိုသေ ပဏာချွေလျှက်။ မိုး မြေတုန်ဟာ်း။ ပွဲဘင်တီးမှု ကောင်းချီး ကြွေးကျော်။ ရွှေနန်းတွင်းသို့ ပင့်ဆောင်ကိုး ကွယ်တော်မူလေကြောင်း။

ဤသို့ပေါင်းစု ထုတ် ဆောင် ပြဆိုခဲ့ သောအကြောင်း ဝတ္ထုတို့ကို။ ထောက်ရှု စဉ်းစား။ အာရုံထားက သနားစရာ အခန်း ခန်း ချီးမွမ်းအံ့ဩဘွယ်ရာ အဆန်းဆန်းနှင့်။ သဒ္ဓါ ရွှင်လန်းဘို့ရာအထွေထွေ။ပေါများ လှ ပေ၏။ နန်း ရွှေ နိဗ္ဗူ စံတော် မူ သည့် သယမ္ဘူထွတ်ထား ရှင်တော် ဘုရား၏။ စွမ်းပကားအာနုဘော် တန်ခိုးတော်သည်။ ထင်ပေါ်ထူးခြား လောကဓာတ်လုံး နှံ့ ပြား၍ကြီးမားတော်မူလှပေ၏။သင်္ချေလေး ထပ် ကပ်ကသိန်းလုံး ဖြည့်ကျင့်တော်မူ ပါရမီတော် အဆောက်အဦး တို့သည်။ စိတ်ပမာမနိုင်းသာအောင်လွန်စွာ ဖွံ့ထွား ကြီးကျယ်များပြားတော် မူလှပေ၏။နဘော အဇ္ဈာ။ ဗွေအာကာ,ကာ၊ ဒေဝိန္ဒာမင်း။ရန် တသင်းကိုပယ်ခွင်းသည့် ဝရဇိန်စက်ဘုန်း ရှိန်သည်။ ရွယ် ချိန် ရာ တင် မ နေ ရေ မြေ ကောင်းကင်၊ ဖူးဝင်ထွင်းဘောက် စက် ဘုန်းရှိန်ရောက်သလို။ ကြီးမောက် ဝင်း ထိန်။ ပါရမီတော် စက်ဘုန်းရှိန်တို့သည်၊ ပစ်ချိန်ရည်မှတ် ပိညာဉ်ကပ်သည့်။ သက် တော်ရှိ ကိုယ်တော်မြတ် ဖြုပ်တင်မနေ။နန်း ရွှေနိဗ္ဗူ။ စိုးစံယူသည့်နောက်။ အလျောက် ဘာသာ ကြွင်းကြန် ရစ်သည့် ရုပ်တော် ဓာတ်အဖြာဖြာသို့။ ဆက်ကာ ဝင်ရောက် ပါရမီဘုန်းရှိန်တော် တောက်သဖြင့်။ အံ့ လောက်ထူးဆန်း တန်ခိုးတော် အခန်းခန်း ကို ပြစွမ်းတော်မူနိုင်ကြပေ၏။

ဧဝံအစိန္တိယာ ဗုဒ္ဓါ။ ဗုဒ္ဓဂုဏာအစိန္တိ ယာ အစိန္တိယေ ပသန္နာနံ၊ ဝိပါကော၊ ဟောတိအစိန္တိယော။ ။ဧဝံဤသို့အဆန်း တကျယ်။ အံ့ဩဘွယ်တို့ဖြင့်ဗုဒ္ဓါ၊ သုံးလူ့ ထွတ်ထားရှင်တော်ဘုရားတို့ကို အစိန္တိ ယာ မကြံအပ် မကြံစည်နိုင်ကုန် ဗုဒ္ဓဂုဏာ ရှင်တော်ဘုရားတို့၏ ပါရမီပုည သမ္ဘာရ

# (သိဟိုဠ်ကျွန်းသုံးဌာနဓာတ်ဘုရားရှိခိုး)

## စွယ်တော်ဘုရားရှိခိုး။

လင်္ကာ ဗုဒ္ဓဿ ဒန္တောဟံ၊ သမာဒါဓိဝတောတိတံ၊ သုဇ္ဇော၊
ဒါတဓာတုပေတံ၊ ဝါမဒေါ၊ ဒါဠှဓာတုကံ။

ဗုဒ္ဓဿ၊ သဗ္ဗညုလေးပါး မြတ်တရားကို၊ ပိုင်းခြားသိမြင်ဘုရားသျှင်သည်၊ အဓိတံ၊ လွန်လေပြီးသော လေးသင်္ချေနှင့်။ ကမ္ဘာတသိန်း ကာလပတ်လုံး၊ သမာဒါဓိဝတော၊ ကောင်းစွာဆည်းပူး သမာဒါဓိဝ-ပါရမီထူးကြောင့်၊ သုဇ္ဇော ဒါတဓာတုပေတံ၊ မိုးလေးလအဆုံး တန်ဆောင်မုန်းလအခါ။ ထက်အာကာသတွင်၊ ရောင်ဝါကွန့်မြူး ကြယ်သောက်ရှူးသို့၊ အထူးဖြူစင် ကြည်လင်သန့်ရှင်း၊ ဖြူသော အဆင်းနှင့်၊ ပြည့်စုံတော်မူသော၊ ယံဝါမဒေါ ဒါဠှံ၊ အကြင်လက်ဝဲတော်ရပ်၊ အောက်ထပ်ထွန်းပေါ် မြတ်စွယ်တော်ကို လင်္ကာ၊ ရတော်မူအပ်ပြီ။

ဓာမံဓါတုကံ၊ ဤအသင်္ချေယျတ် စွယ်တော်မြတ်ကို၊ အဟံ ရှိခိုးသမ်နှစ်ရပေါင်း စုသမုတ်။ အကျွန်ုပ်သည် ဝန္ဒေ ဝန္ဒာမိ။ တည်ဦးငါးမျိုး၊ တုင်ငိုက်ျိုး၍၊ ရှိခိုးပါ၏၊ အသျှင်ဘုရား။

ဒါဠှဓါတုံ အသမ္မဝိန္ဒံ သီဇာလ
သရမုဒ္ဒလံ၊ ကိုဠ္ဌရက္ခံ၊ ကီဠောဒါ
ဒါတံ၊ သိဂီနိကွဿက္ခကံ၊ ဒန္တဂံ

---

တည်းဟူသော အကြောင်းကျေးဇူး သီလ သမာဓိ, ပညာ,ဘုန်းတန်ခိုး ပြာဋိဟာ, စသော အကျိုးကျေးဇူးတို့ကို၊ အစိန္တေယျာ မကြံအပ် မကြံစည်နိုင်ကုန် အစိန္တေယျ မကြံအပ်မကြံစည်နိုင်သော ရှင်တော် ဘုရား,ကျေးဇူးတော်တရား၌၊ ပသန္နာနံ သဒ္ဓါရှင်ပြ၊ ကြည်ညိုကြသော သူတို့အား။ အစိန္တေယျော. မကြံအပ် မကြံစည် နိုင်သော။ ဝိပါကော၊ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် ဟောတိ၊ ဖြစ်ရ လေ၏ ဟု၊ မိန့်ချေလာ၍ ပါဠိပါဠ္ဌိအရ၊ ဘဝသံသရာ၊ ဖြစ်လေရာတို့၌၊ များစွာဖွံ့ဖြိုး မကြံ အပ်မကြံစည်နိုင်သော်။ အစိန္တေယျ၊ အကျိုးကို မျှော်ကိုးတောင့်တ၊ အလိုရှိကြသည့်၊ သပ္ပုရိသ,ဟူ သူတော်လူတို့သည် စိတ်ချမဲ့ကင်း၊ ကျေးဇူးတော်ဖြင့် ကျော်သင်းသည့် ထိန်ထိန်ဝင်းရောင်ရုံလျှင်၊ အစိန္တေယျ၊ စွယ်တော်မြတ်ကို၊ ပျင်ဝပ် ခစား၊ ရှိခိုးပူဇော်ဘို့ရာ နှလုံးထားဖြင့်၊ လျှင်လျှားမသွေ့ သိဟိုဠ်ကျွန်းသို့ သွားရောက်ရန် ကောင်းလှပေ၏။

သမသဏ္ဍာနံ၊ ထိဝင်္ဂုလိပမာဏာကံ
မဇ္ဈင်္ဂုလိ ပရိဏာဟံ၊ နမာမိအင်္ဂ
ဆိဋ္ဌတံ။

တသ္မိံ နိ၊ မကွဲမပြိုမယွင်း၊ ပကတိပင်ကိုရင်းလည်း ရှိတော်မူထသော၊ ငုံ့သိဓာလသမဏ္ဍလံ၊ ရောင်စုံထွေးယှက်၊ ရွှေကွန်ရက်ဘဲ့သို့ကျူးယှက်လိကြွ၊ ကောင်းစွာတောက်ပသော။ အဆင်းတော်လည်း ရှိတော်မူထသော။ ကိဥ္စိရတ္တံ၊ အရင်း အဖြားတို့၌။ ဟင်းသ ပြဒါးသက်ရေး ထွေးထွေးနီမြန်း လယ် ခေါင်ရမ်း ကဲ့သို့၊ ရစ်သန်းသေးသွယ်၊ ဖြိုးငယ်နီမြန်းသော အဆင်းလည်းရှိတော်မူထသော၊ ကိဥ္စောဒါတံ၊ အစအဆုံး စွယ်တော်လုံး၌၊ ရစ်ဖုံး ထွေးယှက် ဘော်ငွေရွက် အတူ၊ လဲမူ မယွင်း။ ပုံစည်ခြင်းရအောင် ဖြိုးငယ်ဖြူဝင်းသာအဆင်းလည်း ရှိတော်မူထသော သိင်္ဂိနိက္ခ၊ သရက္ခကံ နာရဏီ သိင်္ဂိနိတ်ခပ်နှိပ်ရွှေစင် အသွင်မခြား တသားတည်း လည်းတူတော် မူပေထသော၊ ဒန္တဂ္ဂသမသဏ္ဍာနံ၊ ဆဒ္ဒါန်စွယ်များ ပုံမခြားဘဲ၊ အဖျားသွယ်လပ်ချောက်ပတ်တင့်ရှုံးဖြိုးငယ် ညွှတ်ကိုင်းသော သဏ္ဍာန် တော်လည်း ရှိတော်မူထသော။ တိဝင်္ဂုလိ ပမာဏကံ။ ပကတိ လူများ အတိုင်းအရှည်အားလည်း၊ လက်သုံးသစ်ဖြားလည်း ရှိတော်မူထသော၊ မဇ္ဈင်္ဂုလိ ပရိဏာဟံ။ လက်လယ်သမုတ်၊ ဖွင့်ထုပ် ခေါ်ကြား လက်ချောင်းဖျားကဲ့သို့။ ကောင်းစွာသွယ်ရှုံး။ ဝန်းလုံးသော သဏ္ဍာန်တော်လည်း ရှိတော်မူထသော။ အင်္ဂဆိဋ္ဌကံ၊ စွယ်တော်ဖျား၌။ ထင်ရှားမပြင် ရေးရေး ထင်သည့် ဖြိုးငယ် အပေါက်အသွင် ရှိတော်မူ ထသော။ ဒါဌဓာတုံ။ လူ့ရောနတ်ပါ ဗြဟ္မာမလပ်။ နှံ့စပ်ကြော်ကြား ဘုရားရှင်မြတ် လက်ငဲအောက်။ စွယ်တော်ဓာတ်ကို။ အဟံ။ ရှိပ်နှံနှစ်ဝ သမ္မုဟာကို။ အတ္တာသမုတ် အကျွန်ုပ်သည်။ နမာမိ ဗရဏာပီတိ ငွမ်းဆိထည့်ပုံ။ သဒ္ဓါပဟုန်ဖြင့်။ ကြည်ရွှင်မြတ်နိုး။ လက်စုံမိုး၍ ရှိခိုးကတော့ပါ၏ အရှင်ဘုရား။

## ထူပါရုံဘုရားရှိခိုး။

လောက ပူဇေ၊ ထူပါရာမေ ဝန္ဒာ
မက္ခကဓာတုကံ။
နိရောဓေဗ္ဗာသိသတ္တဟံ၊ တံဇိနာနံ
ဟိတာဝဟံ။ ။

ဇိနာနံ၊ ငါးပါး မာဏ်အောင် မြတ်ဘုန်းခေါင်တို့၏။ နိရောဓေ နိရောဓ် သမာပတ်ဝင်စားရာ ဖြစ်တော်မူထသော လောကပူဇေ၊ လူနတ်ဗြဟ္မာ။ သတ္တဝါတို့၏ ပူဇော်ရာဖြစ်တော်မူထသော၊ ထူပါရာမေ ထူပါရုံခေါ် စေတီတော်ကြီး၌။ ဟိတာဝဟံ။ လူနတ်နိဗ္ဗာန် သုံးတန် စီးပွားအကျိုးများကို တိုးပွား လေအောင် ရွက်ဆောင်တော် မူတပ်ထသော။ ဟံ အက္ခကံ အကြင်လက်ျာညှပ်ရိုး တန်ခိုးလွန်မြတ်။ သရီဓာတ်သည်။ အဖြာသိ ဌာပနာသွင်း တိုက်အတွင်း၌ တည်တော်မူပြီး။ တံဓာတုကံ။ ထိုအသ္မိံ ဓာတ် ညှပ်ရိုးတော် မြတ်ကို။ သတူပါရမံ၊ ထူပါရုံခေါ်စေတီတော်ကြီး နှင့်တကွ။ အဟံ နှစ်ဝနာမ်ရုပ် အကျွန်ုပ်သည်။ သဗ္ဗသ္မံ။ ရှိသေစွာ ဝန္ဒာမိ၊ ရှိခိုးပါ၏ အသျှင်ဘုရား။ ။

# ☆ မဟာစေတီ ဘုရားရှိခိုး။ ☆

နိရောဓံလောက နာထဿ၊ ဓါတုဋ္ဌာန-မနာဂတေ။ ။
ဒေါဏ မတ္တံသာရီ ရိကံ၊ ထပိတာ- ဟံနမာမိ-မံ။ ။

လောကနာထဿ၊ လူသုံးဦးတို့၏ကိုး ကွယ်ရာဖြစ်တော်မူသော မြတ်စွာ ဘုရား၏ နိရောဓံ နိရောဓ သမာပတ်ကိုဝင်စား တော်မူရာလည်း ဖြစ်တော်မူထသော အနာဂတေ။ ငါးထောင်သာသနာ နှောင်ခါ ပြည့်ကြိုး။ နောက်ဆုံးအကျ။ အနာဂတ် ကာလ၌။ ဓါတုဋ္ဌာနံ၊ ယခုအခါထိုထိုအရပ်ဒေသတို့၌ တည်ရှိ ကုန်သော ဓါတ် တော်-မွေတော်တို့၏ စုဝေး တည်နေရာ လည်းဖြစ်တော် မူထသော ဒေါဏမတ္တံ တစိတ်သားမျှပမာဏရှိသော သာရီရိကံ အသွေးတော် အသားတော် စသည် တို့မှ ဖြစ်သောဓါတ်တော်အပေါင်းကို၊ထပိတံ ဌာပနာသွင်း၍ တည်ထားရာလည်း ဖြစ် တော်မူထသော ဣမံ မဟာစေတိယံ ကြီး ကျယ်မြင့်လတ် ဤမဟာစေတီတော်မြတ် ကို။ အဟံ၊ အကျွန်ုပ်သည်။ နာမာမိ သုံး တန်စေတနာ သုံးဖြာ ဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ၊ ရှိခိုးပါ၏ အသျှင်ဘုရား။

အ-စိန္တိယဿ နထဿ။
သီဟဠိကံ- အ-စိန္တိယံ၊
ဒါဌာဝရ- အစောဝါမံ၊
အဟံ-ဝန္ဒာမိ သာဒရံ။ ။

အစိန္တိယဿ၊ ကမ္ဘာ့တွက်ရေ။လေး သင်္ချေနှင့်, စွန်းလေသိန်းကပ်။ ဖြည့်ကျင့် တော်မူအပ်သည့်, များမြတ်ပါရမီ, ကျင့် စာရိတ္တကြောင့်။ ကြံစည်နိုင်ခဲ,အံ့အဲ့မကုန် အစိန္တေယျဂုဏ်နှင့် ပြည့်စုံတော် မူသော နာထဿ၊ သုံးထိုက်ဘုံသား, သတ္တဝါအ များတို့၏ ကိုးစားမှီတင်ရာ, နရာဓိပတိ, မုနိထွတ်ထား,ရဟန်းမင်းကြီးဖြစ်တော်မူ သော။မြတ်စွာဘုရား၏ အစိန္တေယျံ,သာ သနာတော်ငါးထောင်ကုန်အောင်ကာလ, ခါသမယလုံး ပျက်ပြုန်းမရှိ, ရောင်စုံငြိ၍။ တဖိဖိထွက်ပေါ်, မကြံအပ် မကြံစည်နိုင် သော အစိန္တေယျဂုဏ် နှင့် ပြည့်စုံတော်မူ သော။ သီဟဠိကံ။ မဉ္ဇူတိုက်ဟူ, သီ ဟိုဠ်ကျွန်းသို့, ကြွယွန်း စံတည် တော် မူ သော။ ဒါဌာဝရ အထောဝါမံ၊ လက်ဝဲ အောက်ဓါတ် စွယ်တော်မြတ်ကို သာဒရံ ကြည်သာ ရွှင်ပြ ရိုသေလှစွာ၊ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ကြိမ်ကြိမ်မြတ်နိုး လက်စုံမိုး၍, ရှိခိုးပါ၏ဘုရား။

☆★☆

ဟံသာဝတီ-အဋ္ဌုပ္ပတ္တိခေါ်

# ဟံသာဝတီ သမိုင်းကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

ဇယံဒေတု ဇိနောမမ။

ဇိနော။ ငါးပါးမာရ်အောင်မြတ်ဘုန်း ခေါင်သည့်။ မမ-ဘုရားတပည့်တော်အား ဇယံ၊ ဇယမင်္ဂလံ။ အမှုခပ်သိမ်း ဘေး ရန်ငြိမ်း၍။ အောင်ကိန်းမင်္ဂလာကို၊ဒေတု၊ ပေးသနားတော်မူပါဘုရား။ ။

ဟံသာပတ။ ဟံသာဝတ။ ဟင်းလျာတ ဟန်းသဒါး။ အမည်လေးပါး တို့တွင်။ ဟံသာပတဟူသော။ ပဌမပုဒ်ကို။ဟံသာပ တန္တိ ဧတ္ထာတိ ဟံသာဝတ။ ။ဟံသသဒ္ဒူ ပပဒ,ပတဓာတ်။ အပစ္စည်းကြံ၍။ ဧတ္ထ။ ဧတသ္မိံ နဂရေ။ ဤမြို့၌။ ဟံသာ။ဓတရဋ္ဌ ရွှေဟံသာမင်းတို့သည်။ပတန္တိ။ ကျတတ် ကုန်၏။ ဣတိ တသ္မာ။ ထိုကျရာဖြစ်သော ကြောင့်။ တံနဂရံ။ ထိုမြို့သည်။ဟံသာဝတ ဟံသာဝတမည်၏။

ဟံသာတရန္တိ ဧတ္ထာတိ။ ဝါ-ဟံသာဝတ ဟံသ သဒ္ဒူပပဒ တရဓာတ် ကွိ ပစ္စည်း။ ဝါ-တနည်းကား ဧတ္ထ ဧတသ္မိံ နဂရေ။ ဤမြို့၌။ ဟံသာ၊ ဟံသာတို့သည်။ တရန္တိ၊ ကူးတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ကူး ရာဖြစ်သော သတ္တိကြောင့်။တံနဂရံ ထိုမြို့ သည်။ ဟံသာဝတ- ဟံသာဝတမည်၏။

အထက်ပါ ဝိဂြိုဟ်အရဘုရားလောင်း ဓတရဋ္ဌ ရွှေဟံသာမင်း ဖြစ်စဉ် အခါက၊ ကျဘူး သော ကြောင့်။ ဟံသာပတ မှ။ ပကက္ခရာကျေ၍။ ဟံသာဝတ ခေါ်တွင် သည်ဟူ၍ရင်း။

အရဟံအစရှိသောကိုးတန်သောဂုဏ် နှင့် ပြည့်စုံတော် မူသော မြတ်စွာ ဘုရား သည်။ အပ္ပရာဇိတပလ္လင်မှဝယ်။ လေး ဝသော သစ္စာတရားတို့ကို။ အပြား အား ဖြင့်။ ပိုင်းခြား၍သိတော်မူပြီးလျှင်။ မိထိ လာပြည်။ ရာဇဂြိုဟ်ပြည်။ သာဝတ္ထိပြည် အစရှိသောတိုင်းကြီး တဆဲ့ခြောက်တိုင်း ပြည်ကြီးတဆဲ့ခြောက်ပြည်တို့သို့။ ကိုယ် တော်တိုင် ကြွသွားလှည့် လည်တော်မူ၍။ ဗုဒ္ဓေါ ဗောဓေယျံ။ မုတ္တောမောစေယျံ။ တိဏ္ဏော တာရေယျံ။ ဟူသော စကားနှင့် လျော်ညီစွာ။ကိုယ်တော်မြတ်သည်။ သစ္စာ လေးပါးတရားတို့ကို ပိုင်းခြား၍။ သိတော် မူပြီးဖြစ်၍ သတ္တဝါတို့ကိုသိစေခြင်းငှာ၊ ကိုယ်တော်မြတ်သည်။သံသရာဝဋ်မှကင်း လွတ်တော်မူသည်ဖြစ်၍။ သတ္တဝါတို့ကို

ကင်းလွတ်စေခြင်းငှာ။ ကိုယ်တော် မြတ်သည်။သံသရာတည်းဟူသော ရေအယဉ်မှကျွန်းမြောက်တော်မူပြီးသည်ဖြစ်၍။သတ္တဝါတို့ကို ကယ်းမြောက်စေခြင်းငှာ။ မဟာကရုဏာတော် နှိုးဆော်ပြဋ္ဌာန်းသော စိတ်တော်ဖြင့်။ သတ္တဝါအပေါင်းတို့အား။တရားအမြိုက် တိုက်ကျွေးလှည့်လည်တော်မူသည်။ ထိုသို့တိုက်ကျွေးလှည့်လည်တော်မူသော မြတ်စွာဘုရား၏။ တပည့် သားတော်မြတ်ဖြစ်သော အရှင်ဂဝံပတိသည်။ ပိဋကလာပြည်၌။ ရှိနေသော-အမိအားတရားဟောပြောချေချွတ်အံ့ဟု။ ကြံအောက်မေ့တော်မူသည်။အမိသေလွန်၍။ ရာမညတိုင်း သထုံပြည်မှာ ဖြစ်ကြောင်းကို မြင်လျှင်။ မြတ်စွာဘုရားသခင်အား။ သွားခွင့်ကိုလျှောက်ထားတောင်းပန်သည် ရှိသော် သဗ္ဗညုတဉာဏ်တော်သခင် ဘုရားသည်လည်း။ အရှင်ဂဝံပတိ ကို အစွဲပြု၍။ ကိုယ်တော်တိုင်သထုံမြို့သို့ ကြွရောက်ချေချွတ်ရမည့်အကြောင်းနောင်သောအခါလည်း ငါဘုရား၏ ဆံတော် ဓာတ်တော် တို့ကို။ စေတီတည်ထားကိုးကွယ်၍သာသနာငါးထောင်သို့ ဆိုက်ရောက်အောင် တည်သဖြင့်။ မြည့်ရှည်စွာ သာသနာတော် ထွန်းလင်းတောက်ပမည့်အကြောင်းများကိုမြင်တော်မူ၍။ အရှင်ဂဝံပတိအား သွားခွင့်ကိုပေးသနားတော်မူ၏။

အရှင်ဂဝံပတိလည်း။ သွားခွင့်ကို ရလျှင်။ မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည် ဘုရားအထံတော်မှ၊ ရာမညတိုင်းသထုံပြည်သို့ ကောင်းကင် ခရီးဖြင့် ကြွရောက်တော်မူလာ၍။ ရှေးအတိတ်ကာလက။ ညီအစ်ကိုဖြစ်ခဲ့ဘူးသော။ သီဟဒီပ မင်းနှင့် တကွသောပြည်သူပြည်သားအပေါင်း။တို့အားတရားဓမ္မဖြင့်ဟောပြောညွှန်ပြဆုံးမတော်မူ၍။ ပဉ္စသီ သီတင်းဆောက်တည် ခြင်း။ သဒ္ဒါရှင်လန်း ဝမ်းမြောက် ဝမ်းသာခြင်းကိုဖြစ်စေတော်မူ၏။ ထိုသို့သဒ္ဒါရွှင်လန်း ဝမ်းမြောက်ဝမ်းသာခြင်း ဖြစ်စေတော်မူသည်ကို။ သီဟဒီပမင်းသည်။ အလွန်ဘရာ သဒ္ဒါ ကြည်ညိုခြင်း ရှိသည် ဖြစ်၍။ အရှင်ဘုရားသည်။ လူတွင် အထွတ်အမြတ်ဖြစ်တော်မူသည်မဟုတ်ပါလောဟု။ အရှင်ဂဝံပတိအား မေးလျှောက်သည် ရှိသော်။ အရှင်ဂဝံပတိသည်လည်းငါကား လူတွင် အထွတ်အမြတ် မဟုတ်ပေသေး။ သုံးဆဲ့တရပ်၌ နှံ့စပ်တော်မူသော နတ်လူတို့၏ဆရာဖြစ်တော်မူသောဂုဏ်တော်သခင် အရှင် ဘုရားသည် မဇ္ဈိမဒေသ။ ရာဇဂြိုဟ်ပြည်မှာ ရှိနေကြောင်းကို။ မိန့်တော်မူသည်ရှိသော်။ သီဟဒီပမင်းသည် အရှင်ဂဝံပတိအား ဘုရား သခင်ကို ပင့်ဆောင်တော် မူပါမည့် အကြောင်း နှင့်။ လျှောက်ထားလျှင် အရှင်ဂဝံပတိလည်း လျှောက်ထားချက်ကို ဝန်ခံတော် မူ၍။ မြတ်စွာဘုရား သတင်းသုံးနေတော်မူရာ။ မဇ္ဈိမဒေသ ရာဇဂြိုဟ် ပြည်သို့ ကြွသွားတော်မူပြီးလျှင်။မြတ်စွာဘုရားသခင်အား သထုံပြည်သို့ ကြွ တော် မူပါမည့် အကြောင်းကို။ လျှောက်ထား တောင်းပန်

သည့်ရှိသော် မဟာကာရုဏိက အမည်တော်ကိုရတော်မူသော မြတ်စွာဘုရားသခင်သည်။ ရဟန္တာ။ သံဃာတော် အပေါင်းခြံရံလျက်။ ရာမညတိုင်းသထုံပြည်သို့ ရှစ်ပါးမြောက်တွင် ကြွရောက်တော်မူလာ၍။ ရတနာခုနစ်ပါး စီချယ်အပ်သော မဏ္ဍပ်၌။ သီတင်းသုံး နေတော်မူပြီးလျှင် မင်းနှင့်တကွသော။ ပြည်သူပြည်သား အပေါင်းတို့အား တရားအမြိုက်တိုက်ကျွေးတော်မူ၍။ သရဏဂုဏ်၌၎င်း။ ပဉ္စသီလ၌၎င်း တည်စေတော်မူ၏။ ထိုထိုသောအရပ်သို့ လှည့်လည်တော်မူ၍လည်း။ ရှေးအခါက။ ဓေရဠ ဟံသာမင်းဖြစ်ဘူး၍။ အဘော်-ဟံသာအပေါင်းတို့နှင့်တကွ။ သမုဒ္ဒရာသို့ ပျံသွားကြရာ။ သေနှံတိုင်းခပ်မျှ၍၊ ရှေးဦးစွာကျရာ။ ပဌမ ဟံသာပတ အနေ့ရှိသော။ အဆဲ့ခြောက်ပါးသော အရပ်တို့၌ ငါ၏ ဆံတော်ဓာတ်တော် မြတ်တို့ကို။ စေတီတည်ထားကိုးကွယ်ကြသဖြင့်။ သာသနာငါးထောင်သို့ ဆိုက်ရောက်အောင် တည်လတံ့။ ပျက် စီး ယိုယွင်း တိမ်း ယိမ်း၍သည်ကိုလည်း။နောင်နေ သူတို့ သည် ထပ်မံ လုပ်ဆောင် ပြင်ဆင် ကိုးကွယ်ရစ်ကြသဖြင့် သုဂတိ ဘုံဘဝသို့ သွားကြရသော သူသာများလတံ့ဟု။ ဗျာဒိတ်စကား မိန့်ကြားတော်မူ၍။ မဇ္ဈိမ ဒေသသို့ ပြန်ကြွတော်မူလေသတည်း။

ဟံသာငှက်ဟု၊ ခေါ်ဝေါ်ရေးသားကြသည်မှာ။ သံဃာ၊ သဒ္ဒါကို သသ်ာ။ အံသ-သဒ္ဒါကို။ အသ်ာ။ ဆိုသကဲ့သို့။ ဟံသဟူသော မာဂဓဘာသာကိုစွဲ၍။ ဟသ်ာ၊ မြန်မာစကားရေးသားခေါ်ဝေါ်ကြလေသည်၊ ဟံသသဒ္ဒါ၏ အနက်ဝိဂြိုဟ်မှာ၊အဘိဓာန်ဋီကာတွင်။ ။ ဟန္တိ ဂစ္ဆန္တိ ဟံသော။ ဟူ၍ ဖွင့်သည်။ယောသကုနော။ အကြင်ငှက်သည်၊ အဂစ္ဆန္တိ။ မိမိကိုယ်ကို၊ ဟန္တိ။ သတ်တတ်ကုန်၏။ဆုတိ ထိုကြောင့်သော သကုနောထိုငှက်သည်။ဟံသော။ဟသ်ာမည်၏သော သပစ္စည်းတည်းဟူလာသည်

အဘိတိ နိပါတ် မဟာဟံသ ဇာတ်တွင်။ ဟသ်ာမျိုးကား။ တိဏ ဟသ်ာ။ ပဏ္ဍုဟသ်ာ။ မနောသိလာ ဟသ်ာ။ သေတဟသ်ာ။ ပါကဟသ်ာ ဓေရဠ ဟသ်ာ ဟူ၍ ၆-မျိုးရှိကြောင်းကိုဆိုသည်။

ထိုဟသ်ာမျိုးတို့တွင်။ ဓေရဠဟသ်ာမျိုးတို့ကား။ပညာရှိကုန်၏။ကမ္မဝါတန်ဆာ ရာဇမဏ္ဍာလ်ကျမ်း နန်းဘည် အစီရင် အခန်း။ ကြာသပတေးဂြိုဟ်ကို ခြီးမွမ်းထောမနာ ပူဇော်ရာ၌လည်း။ သတတံ၊ အမြဲ။ ရာဇဟံသိဝ။မင်း၏ ဟသ်ာကဲ့သို့။ဝါဒိဇာတော။ ဟောပြောတတ်သောအလေ့ရှိ၏ဟု။ ဟသ်ာငှက်တို့ တရား ဟောကြောင်းကို။ သာသနာတော်ကျမ်းနှင့် အညီပငိဆိုသတည်း။

ဤသို့လျှင် မြတ်စွာဘုရား သခင်သည်။ ၄၅ ဝါကာလပါတ်လုံး သတ္တဝါအပေါင်းတို့အား တရားအမြိုက် တိုက်ကျွေးတော်မူ၍။အနုပ္ပါဒိ သေသ နိဗ္ဗာနဓာတ်သို့ကူးခတ်ဆိုက်ရောက်တော်မူ၏။

ထိုသို့ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက်၊ နှစ်တရာ ရှစ်နှစ်မြောက်သောအခါ ပါတလိပုတ်ပြည်ကို

အစိုးရသောခမ္မာသောကမင်းကိုအမှီပြု၍။
တတိယသင်္ဂါယနာတင်တော်မူသော အ
ရှင်မဟာမောဂ္ဂလိ ပုတ္တ တိဿမထေရ်၏
တပည့်ရင်းဖြစ်သော အရှင်သောဏ။ အ
ရှင်သုမိ အမှူးရှိသော ရဟန္တာ၅စ်ပါးတို့
သည် ရာမညတိုင်းသထုံပြည်သို့။သာသ
နာတော်ကိုပြုစုထောက်ပန့် ချီးမြှင့်ခြင်းငှာ
(ဆံတော် ခါတ်တော်တဆဲ့ ခြောက်ဆူ
သရီရခါတ် သုံးဆဲ့နှစ်ဆူ တို့ကို) ပင့်
ဆောင်ယူခဲ့၍။သထုံပြည်ကိုအစိုးရသော
သိဟာဒိပမင်းအား။ ကိုးကွယ် ရမည်ဟု
ပြောဆိုပေးအပ်၏။ သိဟာဒိပ မင်းသည်
လည်း။ ဘဝအရာ အထောင်အသောင်း
အသိန်း-အသန်းပင် လွန်သော်လည်း။ရခဲ
လှစွာသောသာသနဒါယကာ၏ အဖြစ်ကို
ရပေသည်ဟု ကြံအောက်မေ့၍။ အကြိမ်
ဟာရာစစ်သော ဆီကြည်ကို နှုးညံ့ လှစွာ
သောလဲဝါဂွမ်း၌ထည့်သကဲ့သို့။ ဖရဏာ
ဒိတိ၊ အိအိရှမ်းရှမ်း။ ဝမ်းမြောက် ဝမ်း
သာ။ သဒ္ဒါတရားရှေ့သွား။ ရှေ့ပြေးရှိ
သည်ဖြစ်၍။ များစွာသော မှုးမတ်ဗိုလ်ပုံ
တို့၏အလယ်၌။လက်ရုံးကိုဆန့်တန်းတော်
မူ၍။ ဇမ္ဗူဒိပါ မြေအပြင်ဝယ် ငါကဲ့သို့။
ဘုန်းတန်ခိုးတေဇော်အာနုဘော်နှင့်ပြည့်စုံ
သော သာသနဒါယကာ မည်သော မင်း
သည်။ရှိဦးမည်လောဟု ကြိမ်းပတော်မူ၏
ရဟန္တာ ရှင်မြတ်တို့အားလည်း။ များစွာ
သော ပူဇော်သက္ကာရတို့ဖြင့်။ သူ့ဒါန်းပူ
ဇော်ခြင်းကိုပြုပြီးလျှင်။ အရှင်ဘုရားတို့အ
ကျွန်ုပ်အစေးပေးအပ်သော ဆံတော် ခါတ်
တော်များကို မည်သည့်အရပ်၌ ကိန်းဝပ်
တော်မူစေရသည်ရှိသော်။ အဋ္ဌနို့ ရှည်စွာ
တည်သဖြင့်။ နတ်လူတို့၏ကိုးကွယ်ရာဖြစ်
ပါမည်နည်းဟု မေးလျှောက်၏။ ရဟန္တာ
အရှင်မြတ်တို့ သည် လည်း။ အထက်ဗျာ
ဒိတ် ထားတော်မူရင်း အရပ်ကို။ အရှင်
မြတ်တို့၏ ဥာဏ်စွမ်းအလျှောက်သိတော်
မူသောကြောင့်ရင်း။ သမာဒေဝနတ် တို့
ညွှန်ပြသောကြောင့်ရင်း။ကက္ကုသန်။ကော
ဏာဂုံ။ကဿပ။ဂေါတမတည်းဟူသော
ဘုရားလေးဆူတို့၏ ခါတ်မြတ် ကိန်းဝပ်
တော်မူရာသိင်္ဂုတ္တရကုန်း၏အရှေ့မြောက်
ယွန်း တာတထောင်ခန့်အကွာ၊ ဟသ်ာ
မင်းကျ,နားရာ ပဋ္ဌမပတိတကုန်းကိုညွှန်
ပြတော်မူကြကုန်၏။

သိဟာဒိပမင်းကြီးသည်လည်း စကြာ
ရှေးရိုး။လေးကျွန်းစိုးဆိုသကဲ့သို့။ ဆံတော်
ခါတ်တော် ရဟန္တာ အရှင်မြတ် တို့ကို၊
ရှေ့ကြုသွားစေတော်မူ၍။ အကုဋေ မရေ
တွက်နိုင်သော မှုးမတ်ဗိုလ်ပါအပေါင်းခြံ
ရံလျက်။ ထိုအရပ်သို့ ကြည်းကြောင်း။ရေ
ကြောင်းထွက်စုံတော်မူ၍ပဋ္ဌမပတိတကုန်း
သို့ ရောက်တော်မူလျှင်။အဇာတသတ်မင်း
ခမ္မာသောကမင်းတို့သည်။ မြတ်စွာဘုရား
ခါတ်မြတ်ကို ပူဇော်သော ပွဲလမ်းသဘင်
ကဲ့သို့။ အလွန်တင့်တယ်သော ပွဲလမ်း သ
ဘင်ဖြင့် ပူဇော် ကန်တော့ ခြင်းကို ပြု၏။
ရွှေပန်း- ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေ
ပေါက်ပေါက်။ ရွှေတန်ဆောင်၊
ငွေတန်ဆောင်။ ရွှေတန်ခွန်- ငွေ

တန်ခွန်တို့ဖြင့် လှူဒါန်းပူဇော်ခြင်းကိုပြု၍ ရဟန်းရှင်လူပြည်သူ-ပြည်သားအပေါင်းတို့သည်လည်း။ အထူးထူးသော တခွန်-ကုဿာ မုလေးပွားတို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ လက်ပန်းပေါက်ခပ်ခြင်း။ ပေါင်းဦးရစ်မြှောတ်ခြင်း အစရှိသော သဒ္ဒါ ရွှင်လန်း ဝမ်းမြောက် ဝမ်းသာခြင်းကိုဖြစ်စေကြကုန်၏။ များစွာသော နတ်ပြဟ္မာ အပေါင်းတို့သည်လည်း၊ နတ်ပြဟ္မာ၌ ဖြစ်သော ပူဇော် သက္ကာတို့ဖြင့် ပူဇော်ခြင်းကို ပြုကြကုန်၏။ ဤသို့လျှင် ဆံတော်-ဓာတ်မြတ်တို့ကို၊ ခုနစ်ရက်ပတ်လုံး။ ပူဇော်ကန်တော့ခြင်းကို ပြုပြီးလျှင်။ တပို့တွဲ လပြည့်နေ့ ကောင်းမြတ်သောအခါ မင်္ဂလာတွင်၊ ရွှေခုတ်-ငွေခုလ်-သလွဲခုတ်-ကြေးခုတ် သံခုတ် တို့ဖြင့်။ ပကတူးအစ။ ခုတ်မြစ်ချ၍၊ ကောင်းမွန်လျောက်ပတ်သော။ ဂန္ဓကုဋိတိုက်တော်နှင့်တူသော ဌပနာတိုက်တော်ကို ပြုလုပ်၍။ ထိုဌပနာတိုက်တော်၌ ဓာတ်တော်ဆယ်ဆူ။ ဆံတော်-ခြောက်ဆူတို့ကို။ ပတ္တမြားကြုပ်- ရွှေကြုပ်- ငွေကြုပ်- သလွဲကြုပ်-သံကြုပ်တို့ဖြင့် ခုနစ်ထပ်သည့်၍။ ဌပနာတော်မူသည်၊

ရဟန္တာ ရှစ်ပါးတို့၏ သန္တာန်တော်ကိုလည်း ရှိခိုးပူဇော်ဟန်။ ရွှေကိုသွန်းလုပ်၍- ဌပနာသည်။မင်းကြီးရုပ်- မိဘုရားရုပ်ပုံကိုလည်း ရှိခိုးပူဇော်ဟန်၊ ရွှေကို သွန်းလုပ်၍ သွင်းထားသည်။ ထိုသို့သေချာစွာ ဌပနာပြီးလျှင်။ စေတီတော်မြတ်ကို တည်တော်မူသည်။ ရဟန္တာ အရှင်မြတ် တို့၏ တန်ခိုးတော်ကြောင့်၎င်း၊ သမာဒေဝ နတ်တို့စောင့်မသောကြောင့်၎င်း၊ မကြာ မမြင့်မီပင်၊ ခုတ်ရိုးတည်ခြင်း၊ အင်္ဂတေအပြေအပြစ်ပြုပြင်ခြင်း၊ ရွှေထီးအထွဋ်တင်ခြင်း အစရှိသောကိစ္စအပြီးသို့ရောက်၍၊ ဘုရားတည်ပြီးသောအခါ၌လည်း။နှစ်စဉ်မပြတ် မင်းနှင့်တကွသော။ ပြည်သူပြည်သား အပေါင်းတို့သည်။ တပို့တွဲလပြည့်နေ့တိုင်ရောက်လျှင် ဆွမ်းဆီမီး-ထီးတန်ခွန်တို့ဖြင့် လှူဒါန်းပူဇော်ကြသောပွဲလမ်းသဘင်ကို ပြုကြကုန်၏။ ။

(၁)ထိုစေတီတော်တို့ကို။ရဟန္တာရှစ်ပါးတို့ ကြပ်မ၍ တည်သည်။ မွန်တို့ ဘာသာကစံ။ ဆံတော်ဓာတ်မြတ်ကို အစွဲပြု၍။မွန်တို့ဘာသာ ကျိုက်ကစံဟု၊ ယခုထက်တိုင်တွင်သည်။

(မြန်မာအသံ-ကေသ။ သီဟိုဠ်အသံ-ကေသ။ မွန်လူမျိုးတို့အသံ-ကေဆံ။ ၎င်းမှကဆံ။ ၎င်းမှ၊ ကစံ ဖြစ်သည်။

မွန်ဘာသာ ကျိုက်ကား ဘုရား။ ကစံ-ကား ဆံတော်ဓာတ်မြတ်ကိုခေါ်သည်)

ထို စေတီတော် မြတ်၏။ အနောက်တောင်ယွန်း၊ ဆယ်တာခန့် အကွာတွင်၊ သာသနာအရှည် စည်ပင် ထွန်းလင်းမည်ကို၊ မြော်ခေါ်တော်မူ၍လည်း၊ ရဟန္တာအရှင်မြတ်တို့သည် ကိုယ်တိုင်သိမ်သမုတ်တော်မူခဲ့ကြကုန်၏။ ထိုအရှင်ရှစ်ပါးတို့အနက်။ အရှင်ယသ မထေရ်ပရိနိဗ္ဗာန် စံတော်မူလေ၏။ သီဟာဒိပ မင်းကြီး သည်လည်း။ အရှင်မြတ်ပရိနိဗ္ဗာန် စံယူတော်မူ

သည့်ကို၊ အလွန်ကြည်ကွဲသောစိတ်။ နှ
လုံးရှိတော်မူ၍ ရုပကာယတော်ကိုလည်း
ထိုအရပ်၌သင်္ဂြိုဟ်တော်မူ၍။ ကျန်သော
ရဟန္တာ ခုနှစ်ပါးတို့သည်လည်း၊ ဒဂုံဆံ
တော်ရှင်ဘုရားတောင် တာတထောင်ခန့်
ကွာသည့်အရပ်၌၊ သိမ်သမုတ်ရ ဦးသော်
ကောင်း၍ဟု၊ကိုယ်တော်တိုင်သိမ်သမုတ်
တော်မူခဲ့ကြကုန်၏။ ထိုသိမ်ကို-သိမ်ကြီး
ဟု၊ ယခုထက်တိုင် ခေါ်ဝေါ်ကြ ကုန်၏။
သိဟာဒိပမင်းကြီး သည်လည်း။ ဆံတော်
ဓာတ်တော်ကျန်ရှိသည်များကို။ သူရဲကြီး
တတကျိတ်တို့အားအသီးသီးစေတီတည်
ထားကိုးကွယ်ရမည်ဟု၊ ပေးအပ်တော်မူ
၏။(သူရဲကြီး-ဆိုသည်ကား စစ်သူကြီးတို့
ကို၊ ဆိုလိုသည်) သူရဲကြီး တကျိတ်တို့
သည်လည်း။ အသီးသီး မြတ်စွာဘုရား
ဗျာဒိတ်တော်ထားရာ အရပ်တို့၌။ စေတီ
တည်ထားကိုးကွယ်ကြကုန်၏။ ထိုဆယ်
ဆူတို့တွင်၊ ဒဂုံဆံတော်ရှင်အရှေ့တောင်
စဉ်းငယ်ယွန်းသော တာကိုးရာခန့် အကွာ
အရပ်တွင် တည်သောစေတီတော်ကို။ဘု
ရားဒါယကာ ဖြစ်သော၊ ဒါယကာ သူရဲ
ကြီးကို အစွဲပြု၍ ကျိုက်အသုတ် ခေါ်ဝေါ်
သည်။

၂။ ထိုအရပ်၌ နတ်တို့ရဝေးသော
ကြောင့်လည်း။ရလေတွင်လေသည်။ ယခု
ဆူးလေတွင်လေသည်။

(ကျိုက်အသုတ်ကား-မွန်သာသာ ဖြစ်၏)

ကျိုက်ကား၊ ဘုရား-အသုတ်ကား ဘု
ရားဒါယကာ၏ အမည်တည်း။

၃။ ယခင် သိမ်အနီးတွင် ဘုရားကို
ထိုအရပ်၌၊ ပေါက်ရောက်သော သခွတ်
ပင်က၊ ကျောက်သီး သီးသည်ကိုအစွဲပြု၍
မွန်တို့ဘာသာ''ကျိုက်မဲသံကရော'' ဟု၊
ခေါ်ဝေါ်သည်။ ယခုကျိုက်မဲ့သံချို တွင်
သည်။

၄။ ထိုကျိုက်အသုတ်ဘုရားအရှေ့
စေတီကိုလည်း။ ကမာကမု ဟု၊ ခေါ်ဝေါ်
သည်။ ကမား ကား၊ ရေကန်၊ ကမုကား၊
ကင်ပွန်းပင်။ ကင်ပွန်းပင် ရေကံ ဘုရား
ဆိုလိုသည်။

၅။ ပုဇွန်ထောင် အရပ်တွင်၊ တည်
သော စေတီတို၊ ကျိုက်ကမာစိန် ခေါ်
ဝေါ်သည်။ ကမာကား၊ ရေကန်၊စိန်ကား
ဆင်။ ဆင်ကျကန် ဘုရားဆိုလိုသည်။ ယ
ခု ဘုရားဖြူခေါ်ဝေါ်သည်။

၆။ ဒဂုံ၊ ဆံတော်ရှင်၊ အနောက်
တောင်ယွန်း။ မြစ်ဆိပ် အနီးတွင် တည်
သောစေတီကို၊ ကျိုက်ဒေးတဲ့၊ ခေါ်ဝေါ်
သည်။ ဒေး ကား၊ ကုန်း,တဲကားကျောက်
ကျောက်ကုန်းဘုရားဟု ဆိုလိုသည်။ ယ
ခု။ ထောင်မျှုးဘုရားတွင်သည်။

၇။ ဒဂုံ ဆံတော်ရှင် အနောက်။
ဥယျာဉ်တွင်တည်သောစေတီကိုကျိုက်
ဖွဲကမော။ ခေါ်ဝေါ်သည်၊ဖွဲကား ညောင်
ပင်။ ကမော ကား ကုန်း,ညောင်ပင်ကုန်း
ဘုရား ဆိုလိုသည်။

၈။ ဒဂုံ ဆံတော်ရှင် အနောက်။
မြောက်၊ ဥယျာဉ်တွင်တည်သောစေတီကို
ဒါယကာ သူရဲကြီးကိုအစွဲပြု၍၊ ကျိုက်ဒင်

မဲ၊ ခေါ်ဝေါ်သည်။ ကျိုက်ကား ဘုရား၊ ဒင်မဲကား၊ ဘုရားဒါယကာ နံမည် ဦးဒင်မဲ ဘုရားလို့ ဆိုသည်။

၉။ ဆံတော်ကြိုလမ်းတွင် အမတ်ကြီး ညီအစ်ကို တဆူစီတည်သော စေတီ နှစ်ဆူတွင်။ အစ်ကိုတည်သော စေတီကို။ 'ကျိုက်ခပေါက်စန္တတ်' ခေါ်ဝေါ်သည်။ ခပေါက်ကား၊ ချန့်စ်တောင်၊ စန္တတ်ကား။ တာ။ ချန့်စ်တောင်တာ ဘုရားဆိုလိုသည်။ ယခု၊ အကြီးတော်ဘုရားတွင်သည်။

၁၀။ ညီတော် တည်သော၊ စေတီကို၊ ကျိုက်ခပေါက်ဆွတ် ခေါ်ဝေါ်သည်။ ခပေါက် ကား။ ချန့်စ်တောင်၊ ဆွတ်ကားချန်နိုင်သည်။ ချန့်စ်တောင်ချန်နိုင်သော သူမဲ့ကြီးဘုရား ဆိုလိုသည်။ ယခု မင်းလက်ဝဲ ဘုရား တွင်သည်။

၁၁။ ဒဂုံ ဆံတော်ရှင်အရှေ့တောင် ယွန်း တာတထောင် ကျော်ခန့်ကွာ။ မြစ်ဆိပ် နားတွင် တည်ရှိသော စေတီကို သူမဲ့ကြီးဆရာကျောင်းကုန်းရဟန်း ကြပ်မ တည်သောကြောင့်ရင်းထိုအရပ်၌။သာချင်း သိတပ်သောသူ နေဘူးသောကြောင့် ရင်း၏ ကျိုက်ဒေးအဲ့ တွင်သည်။"သာချင်း သည်နေရာ ဘုရား ဆိုလိုသည်"။

ဤသို့လျှင် သိဟဒိပမင်းနှင့်၊ သူမဲ့ကြီး တကျိတ်တို့သည်။ (၁) ကျိုယ်ကစံ (၂) ကျိုက်အသုတ် (၃) ကျိုက်မဲ့ သံကရော (၄) ကျိုက်ကမာကမ (၅) ကျိုက် ကမာစိန် (၆) ကျိုက်ဒေးတဲ (၇) ကျိုက်ဗွဲကမော (၈) ကျိုက်ဒင်မဲ (၉) ကျိုက်ခပေါက် စန္တတ် (၁၀) ကျိုက်ခပေါက်ဆွတ် (၁၁) ကျိုက်ဒေးအဲ့။ အမည်ရှိသော တဆဲ့တဆူသော စေတီ တော်များကို တည် ထားတော်မူပြီးလျှင်။ သထုံမြို့သို့ ပြန်သွားကြလေကုန်၏။ ။ရှေးစာမူအတိုင်းဖြစ်သည်၊

၁၂။ သိဟဒိပကျွန်း ဟံသာမင်း။ ကျရာတဌာန။

၁၃။ မဏိပကျွန်း ဥတ္တရင် ကုန်း၌။ စေတီကို၊ ကျိုက်ခေါက် စေတီ ဟုခေါ်ဝေါ်၏။

၁၄။ ဇမ္ဗူယာဝင်ကျွန်းတွင် ဟံသာမင်း ကျရာ တဌာန။

၁၅။ ပဲခူ မြို့။ ဟံသာကုန်း ဘုရား တဌာန။

၁၆။ ဟံသာပတ၊ ဟံသာမြို့ သည် တဌာန။ ဤသို့ယူမှ (၁၆) ဌာန၊ ပြည့်မည်။

၁၂။ တကြောင်းလည်း ဆံ တော်သွားတော် နားမွေး တော်များကို။ ပင့်ဆောင်ခဲ့သော၊ ရဟန္တာ ရှစ်ပါး ပရိဗ္ဗာန်စံ ယူတော် မူသည်တွင်။ အရှင်မြတ်တို့၏ ဓာတ်တော်တို့ကို၊ ဌာပနာ၍ စေတီ ရှစ်ဆူတည်ရာ၊ သိဟဒိပ ကျွန်းဟု ဆိုအပ်သော ဗျာဒိတ်တော်ရ တဌာန။ (သိဟဒိပကျွန်း၏ သဏ္ဌာန်သည်၊ ခြင်္သေ့ ဦးခေါင်းနှင့် တူသောကြောင့် သိဟဒိပ ကျွန်းဟု ခေါ်တွင်သည်။)

၁၃။ တကြောင်းလည်း မြတ်စွာ ဘုရားသခင်ကို။ အရှင်ဂဝံပတိ ပင်ဈော်ကိ သည့်၊ သထုံပြည်သို့ ကြွရောက် တော်

မှုသောအခါ။ ဗြိုဟ်ယဝင်ကျွန်းသားရသေ့နှစ်ဆဲ့လေးဦးတို့၏။ အကြီးအမှူး ဖြစ်သော။ ရသေ့ခေါက်အား၊ သားနှင့်အတူ ကြည်ဖြူတော်မူလှသည်ဖြစ်၍ ရွှေတောင်ထွန့်နှင့်တူသော။ ဦးခေါင်းတော်မြတ်ကို။ လက်နှင့်သုံးသပ်တော်မူသည်ရှိသော်။ ဆံတော်ရှင် နှစ်ချောင်းပါလာ၍။ ငါ၏ ဆံတော်ရှင် နှစ်ချောင်းကို။ လွန်လေပြီးသောအခါ။ ဓတရဋ္ဌဟင်္သာမင်းဖြစ်၍အရံ၊တထောင်ငါးရာသော၊ ဟင်္သာ အပေါင်းတို့နှင့်တကွ။ ပျံသွားကြ လေရာ၊ လေမုန်တိုင်းတိုက်ခပ်၍၊ သမုဒ္ဒရာသို့မြောသွားရာ သိကြားမင်းပတ္တမြားဖြင့်၊ ပစ်ချ၍ဖန်ဆင်းသောကျွန်းသို့၊ တက်တော်မူရာ ဖြစ်သော မဏိဒ္ဒီပကျွန်း ဥတ္တရဂ်ကုန်းဟု။ ဆိုအပ်သော။ ဆံတော်ရှင်မြတ် ကိမ်း‌ဝပ် တော်မူရာ။ ဗျာဒိတ်တော်ရ တဌာန။ ကျိုက်ခေါက်စေတီတော်။ ။

(မဏိဒ္ဒီပ ကျွန်း သည်ကား။ ဘုရားလောင်း ဓတရဋ္ဌ ဟင်္သာမင်း သမုဒ္ဒရာသို့ မြောသွားရာ။ သိကြားမင်းသည်၊ ပတ္တမြားကိုချ၍။ ကျွန်းပေါ်ထွန်းစေသောကြောင့်။ မဏိဒ္ဒီပကျွန်း ခေါ်တွင်သည်။)

၁၄။ တကြောင်းလည်း၊ ဘုရား ပရိနိဗ္ဗာန် စံလွန်တော် မူသည့်နောက်။ မဇ္ဈိမဒေသမှ။ ရဟန္တာရှစ်ပါးတို့ ဆံတော် နှစ်ဆူ သင်းကျစ်တော်၊ သွားတော် နားမွေးတော်များကို၊ ပင့်ဆောင်ခဲ့၍။ ဘောဂသေန၊ မင်းအား ပေးအပ်ပြီးလျှင်၊ ဗြိုဟ်ယ ဝင်ကျွန်းဟု ဆိုအပ်သော။ ဆံတော် သွားတော်-နား မွေးတော် များ၊ ကိမ်း ဝပ်တော်မူရာ တဌာန။ ။

(ဗြိုဟ်ယဝင် ကျွန်းခေါ်တွင်ခြင်းသည်ကား။ အကွေ့အကောက် သုံးခု ရှိသောကြောင့် ဗြိုဟ်ယ ဝင်ကျွန်းဟု၊ ခေါ်တွင်သည်။ ယခုမှုကား ထိုဗြိုဟ်ယဝင်ကျွန်းသည်။ သံလျင်မြို့ဟု၊ ခေါ်ဝေါ်ပြောဆိုကြသည်။

၎င်းသုံးဌာနတွင် ကျိုက်ကစံ - ဘုရားနှင့်။ ကျိုက်ခေါက်စေတီတည်သည်ဟူ၍။ ဆိုပြန်သည်။ အထက်က ဆိုခဲ့သည့် အတိုင်း။ ကျိုက်ကစံစေတီတော်သည်၊ နေရာဌာနရှိပြီးဖြစ်သောကြောင့်၊ထိုသို့မဆိုတန်ရာ။ ဓတရဋ္ဌ။ ဟင်္သာမင်း ကျရာ အရပ်သည်။ တဆဲ့ခြောက်ဌာနရှိသည်ဟု။ ထိုသမိုင်းစာတွင် ဖော်ပြခဲ့ သော်လည်း ယခုအရေအတွက်ပြခြင်းသည်။ တဆဲ့ လေးဌာနသာရှိသည်။ တဆဲ့ခြောက်ဌာန ပြည့်အောင် ဖော်ပြရပါမူ ပဲခူးမြို့-ဟင်္သာကုန်း တဌာန။ ဟံသာပတခေါ်သော၍ဟင်္သာတ မြို့လည်း တဌာနဖြစ်သင့်ကြောင်းကို။ ၁၂၆၆-ခု- ရန်ကုန်မြို့၊ ဂေါ်ဒဝင် လမ်းမတော်။ မြန်မာဩဘာ စာပုံနှိပ်တိုက်၌။ အမှုထမ်းကောင်းတံဆိပ်တော်ရမင်း ဦးဘိုးကျော်က။(တိလောကဂု-သမ္ဗုဒ္ဓသည်အဋ္ဌမ ဝါခြောက်တွင်။ ဒေသစာရီ ကြွချီတော်မူ၍။ ရဟန္တာအရှင်ဂဝံပတိနှင့်။ သုဝဏ္ဏဘုံ။ သထုံပြည်စိုး သတိုးသီဟရာဇ။ ရာမညရာဇ်ခင်း၊ ခပင်း သတ္တဝါ ဝေနေယျတို့အား။ ဓမ္မာဘိသမယ။ ဆုံးမ ချေချွတ်တော်မူခြင်း ဗွဲဟင်္သာမင်းဘဝ။ ကျသက်

ရာနေရာ ။ဟံသာဝတီမဏ္ဍလ။ ပဋ္ဌမပတိတ။ ကုန်းမြေ၌ ကျိုက်ကစံ စေတီတည်ထွန်းမည့် အကြောင်း မွန်တို့ဌာန၌။ ကာလကွန့်ရှည် သာသနာတော် တည်မည့် အကြောင်း များကို။ ဗျာဒိတ်စကား ကြားတော်မူခြင်း။ အဏ္ဏုပ္ပတ္တိ အကြောင်းကား ရှေ့ ပညာရှိတို့ ထုပ်ဆို ရေးသားသော ကျိုက်ကစံ ဘုရားသမိုင်းကို )မှတည်၍တဆဲ့ ခြောက်ဌာနပြည့်အောင် ဖြည့်စွက်ရေးသားအပ်ပါသတည်း။

ရှေးစါ မှုအတိုင်းမှ၊ ၁၆-ဌာန ပြည့်အောင် ဖြည့်စွက် ရေးသား လိုက်သည်။ ကောင်းမြတ်သော စိတ်ထားဖြင့် ကြည့်ရှုကြပါဘုန်။

## ဟင်းလျာတ—မှ—ဟံသာတ ဖြစ်ပုံအကြောင်း။

ခွေးချေးသက်ပုံ၊ ရှင်မလုံ၊ ဆူကြုံနိမ့်မြင့်ဝေး။ ။

မင်းခွေးချေး၏၊ မိဖုရားခြောက်ရောက်တွင်။ စောလုံအမည်ရှိသော မိဖုရားသည် ဆူကြုံနိမ့်မြင့်စသော အပြစ် ခြောက်ပါးကင်းသည်ဆိုလိုသည်။ ။

ဤ၌။ မင်းခွေးချေး၏ အကြောင်းကား ဥဿနာ မင်း၏ သားတော်။ မင်းခွေးချေးပင်တည်း။ သက္ကရာဇ် ၆၇၇-ခု-နှစ် မင်းဖြစ်တော်မူ၍။ နရသီဟပတေ့ ဟူ-သောအမည်ကိုခံပြီးလျှင်။ ၁။ မိဖုရားစော ၂။ ဟူးရားဖြူ, သွီးစောလုံ။ ၃။ မိဖုရားစော အစ်မ,သွီး စောနန်း။ ၄။ ရှင်ဗား ၅။ ရှင်မောက်။ ၆။ ရှင်ဖွေ ဤမိဖုရားခြောက်ပါးနှင့်။ မင်း စည်းစိမ်ကို။ခံစားစဉ် အတာသဘင်အခါ။ နန်းတော်က မြစ် ဆိပ်ရောက်လမ်းတလျှောက် ကို။ ဥမင်တဲး ဆောက်လုပ်စေ၍။ ရေဆိပ်သို့ထွက်စံ ပြီးလျှင်ရေကစားတော်မူသည်။ ထိုအခါ မောင်းမငယ်တယောက်ကို၊မင်းကြီးကနှုပ်ထည့်၍ မိဖုရားစောလုံမျက်စိ မျက်နှာ ဦးဆံများကို ရွှမ်းရွှမ်းစိုအောင် ရေပက်ရလေ၏၊ မိဖုရား စောလုံလည်း။ မင်းကြီးကို ပြုံးထားသောစိတ်နှင့်၊ စားတော်ဝယ် ဆေးထည့်၍ စောမောက်ကို ဆက်စေ၏။ မင်းကြီး စောမောက်ဆက်လာသည်ကို။ စားတော် ခေါ်မည်တွင်။ အောက်ကခွေးချေ၍။ သတိ ရသည်နှင့် ခွေးကိုကြွေးရာ ခွေးသေ၍။ အကြောင်းမျိုးကိုစစ်လျှင် စောလုံလည်း မချေမင်းဟုတ်တိုင်းပြန်လေ၏။ ထိုအခါမင်းကြီးအချက်ထွက်၍၊ သံကျပ်စင်ကို ပန်းဘဲတထောင် လုပ်စေပြီးလျှင် ကျပ်တင်လေဟု၊ အမိန့်တော်အရ ကျပ်တင်မည်တွင် သူသတ်တို့အား စောလုံက၊ရွှေငွေများပေးသောကြောင့် ကျပ်စင်ကို ချန့်စုံရက် တိုင်တိုင် ဆိုင်းငံ့ လုပ်ဆောင်သည့်အတွင်း သီလဆောက်တည်ခြင်း- အဘိဓမ္မာ တရေးတော်ကိုနာခြင်း ဘုရားဂုဏ်တော်ကိုးပါး တရား ဂုဏ်တော်ခြောက်ပါး သံဃာဂုဏ်တော်ကိုးပါးစသော။ ရတနာသုံးပါးဂုဏ်ကျေးဇူးကိုမပြတ်အောက်မေ့ သရဏဂုံယူခြင်း။ ကုသိုလ်အာသန္နကံကို ပြု၍။ ခွန် နှစ်

ရက် စေ့လျှင်၊ မဲ့မဲ့ ညီသော သံကျပ်စင် ထက်သို့ သူသတ် တို့က တင်လျှင် မီးသုံးကြိမ် ငြိမ်းသည် နှင့် စောလုံလည်းချမ်းသာခွင့်ကို မရပြီဟု နှလုံးချ၍။ ခဏချက်ခြင်း ကျွမ်းလောင် ပျောက်ပျက်စေသောဟု ဆုတောင်းမှ၊ ကျွမ်းလောင်လေ၏။ မင်းကြီးလည်း စောလုံမရှိနောက်များမကြာမီ။စက်တော်ခေါ်ရာတွင်စောလုံစောင့်ပါခလှည့်ဟု တဆို ယောင် ယမ်းလျက်။ စက်တော်မခေါ်တတ်၊ ကြည့်ကဲ့စွာရှိသည်ကို ဆရာတော် မဟာထေရ်ဆုံးမသည်တွင်မှ ဖြည့်တင်း ဆည်းတား နိုင်လေသည်။

ဤကား မင်းခွေးချေး စောလုံတို့၏ အဖြစ်ကိုတည်း။ အကျယ်ကိုလိုမူ ရာဇဝင်တော် ပဥ္စမတွဲမှာရှုလေ။ ။

မင်းခွေးချေး မိဖုရား ခြောက်ဦးတွင်။ စောလုံကိုအထူးထုပ်ဆိုသည်မှာ။ အပြင်အလျှာကောင်းသည်။ အပြစ် ခြောက်ပါးကင်းသည်။ မင်းကြီး အလွန်မြတ်နိုးတော်မူသည်များကို သိစေလို၍ ဆိုသည်မှတ်လေ။ ။အပြစ်ခြောက်ပါးဟူသည်ကား

အလွန် ရှည်လွန်းခြင်း အတိဒီဃ။
အလွန်တိုခြင်း အတိရဿ။
အလွန်ကြုံခြင်း အတိကိသ။
အလွန်ဆူခြင်း အတိထူလ။
အလွန်မည်းခြင်း အတိကာဠ။
အလွန်ဖြူခြင်း အတိဩဒါတ။

ဤခြောက်ပါး ပင်တည်း။ယင်းအပြစ်ခြောက်ပါးကို။ ဓမ္မပဒအဋ္ဌကထာ။ဥဒါန်းအဋ္ဌကထာ။ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ။ စသော ကျမ်းဂန်တို့၌ လာသောဟတ္ထိပါလ ပျို။ ဘူရိဒတ် ဇာတ် ပေါင်း။ ရွှေဟသ်မင်းပျို, မနော်။ သုဇာ။ ဇချင်း။ မော်ကွန်းရတုတို့၌။ လာသော လက်ာအဖေါက် အထားများကို ထုတ်နှုပ် ရေးသားလျှင် ကျယ်လွန်းအံ့စိုး၍ သရုပ်အရေ အတွက်မျှသာ ရေးလိုက်သည်။ အလိုရှိမူ ပြည့်စွန်းခဲ့သည့်ကျမ်းတို့ရှုလေ။ ။

ခွေးချေးဟူသည်မှာ။ ထိုမင်း၏ ငယ်မည်တည်း။ ခမည်းတော် ဥစ္စနာမင်းကြီးတွင်။ သားတော်အများရှိသည်နှင့် ဥစ္စနာမင်းကြီး မရှိသည့်နောက်။မည်သည့်သားတော်သည် ခမည်းတော်ဘုရား၏အရိုက်အရာကို ခံထိုက်မည်ဟု လူပညာရှိတို့နှလုံးမူ၍။ စံနည်းတပေါင်း၊ ဩဘာနိမိတ်များကိုကြည့်ရှုဆင်ခြင်ရာ။ရှာသူရှာသားငယ်တို့သည်။ ခွေးချေးပုံကို တန်ခွန်ပန်းမာလ် စိုက်၍မြေမှုန့်ပန်း လက်ဆုပ်စသည်တို့ဖြင့် အများပူဇော်ကြသည်ကိုမြင်လျှင်။ ဥစ္စနာမင်းကြီး သားများရှိသည့် အနက်။ မင်းခွေးချေး,မင်းဖြစ်လတံ့ဟု မချဆတ်ဆတ်။ ပညာရှိတို့ ဆိုစကားနိသည်ဟု ရာဇဝင်တော် ပဥ္စမတွဲတွင် ဆိုသည်ထောက်၍။ ထိုမင်း၏ ငယ်မည်ရင်းမချမှတ်လေ။။

ထိုမင်းကိုသူခပ်သိမ်းတို့ခေါ် ကြသည်ကား။ မင်းခွေးချေးဟူ၍၎င်း။ နရသီဟပတေ့ဟူ၍၎င်း။တရုတ်ပြေးဟူ၍၎င်း။ သားမြွာဘဟူ၍၎င်း။ အမည်လေးပါးဖြင့် ခေါ်ဝေါ်စကြကုန်၏။ ဤ၌ မင်းခွေးချေးအမည်

မှာငယ်မည်။ နရသီဟပတေ့ အမည်မှာ မင်းအဖြစ်ရောံမှ၊ခံယူသည့်အမည်တရပ် ပြေးအမည်မှာ။ တရုတ်စစ်သည်တို့ဆိုက် ရောက်သည့်ကာလ။ မခုခံနိုင်၍ ပုသိန်သို့စုံ ဆင်းသွားရသည်ကိုစွဲ၍ တွင်သောအမည် သားမြွာဘ, အမည်မှာ တရုတ်စစ်သည် ဆိုက်ရောက်သည်ကာလ။ တတ်ခံမြို့ အသစ် တည်မည်ဟု။ ကျူကြီး တထောင်။ ကျူငယ်တသောင်း။ ကုလားကျောင်းသုံး ထောင်များကို ဖျက်ယူသည်ကာလ ကျူကြီးတသုံးတွင် ဌပနာလျက်ရသော။ ကြေးနီပုရပိုက် အနှံစာ ရာဇ သိုက်တွင်။ သားမြွာဘ,မင်းလက်ထက် တရုပ်ဖျက်၍ ပုဂံပျက်လတံ့ဟုပါသည်ကို။ သားမြွာဘ မင်းဖြစ်မည် မဖြစ်ကို။ စုံစမ်းသည်ကာလ ကိုယ်လုပ် မောင်းမငယ်တယောက်တွင် သားမြွာဖွားမြင်သေဆုံးဘူးကြောင်းကိုသိ၍။ သားမြွာဘ မင်းပင်တည်းဟု။ တရုတ်စစ်သည်တို့ကို မခုမခံအောက်သို့စုံသွားရသည်။ ယင်းသို့အနှံစာ ရာဇသိုက်ကို အစွဲပြု၍။ တွင်သောအမည်ဟု။ အမည်လေးပါးတွင်ကြောင်းကိုမှတ်လေ။ ။

အတာသဘင်တွင်။စောလုံ၏ဦးဆံမျက်နှာကို ရေနှင့်ပက်သည်ဟူရာ၌၊ အတာသဘင်ဟူသည်။ သင်္ကြန် ဆဲ့နှစ်ရပ် တွင်။ တနင်္ဂနွေဂြိုဟ် မိန်ရာသီ အဆုံးမှ။ မိဿရာသီ အဦး။ တန်ရူးလသို့ ပြောင်း သော။ မဟာဗိသုဝ သင်္ကြန်ကို။ အတာသဘင် ခေါ်သည်။ ယင်းအတာသဘင် အခါ။ ကပိလဝတ်ပြည်။ သာကီဝင်မင်းတို့နှလုံး မွေ့လျော်ဘွယ်ရှိသော ရေအိုင်ကြီးအနီး၌ မင်းကွန်းဆောက်လုပ်၍၊ ရေဖြန်းသဘင်၊ ပျော်ရွှင် ကစားကြောင်း။ ယင်းကစ၍။ ဒေဝဒဟပြည် ဖြစ်ကြောင်း များကို ဆိုသော ကျမ်းဂန်နှင့်အညီ။ ယခုထက်တိုင် အတာသဘင်ကြိုက်က ပျော်ရွှင်ကစားမြဲ ဖြစ်ဟုမှတ်လေ။ ။

**ဥပဒေသ** ။ ။ ဤစကားရပ်ဖြင့်၊ ရေသာကြိုဆူးမြည်းဖြူနိမ့်မြင့်ဟူသောအဖြစ်ခြောက်ပါးကင်း၍ ရှုဘွယ်ဘနန်းမြတ်သောအသရေကို ဆောင်သဖြင့်။ သူခပ်သိမ်းတို့ထက် လင်၏ မြတ်နိုးတနာကိုခံရသော မိန်းမပင်ဖြစ်လင့်ကစား။ တရားကို မစောင့်မရှောက်သဖြင့်။ ရှိသေထိုက်သော လင်၏ အလိုသို့မလိုက်မူ၍ လင်ကို ပြစ်မှားသောကြောင့်။ လောလောပုသော အလျှံ တပြောင် ပြောင် တောက် သော။ သံကျပ်စင်ထက်ဝယ်၊ အသက် ဆုံးရှုံး ပျက်စီးရသော မိဖုရားစောလုံကဲ့သို့ မချ ပျက်စီးတတ်သည်ဖြစ်၍။ယင်းသို့ဖြစ်ခြင်း ကို အလိုမရှိသော အမျိုးကောင်း သမီးတို့ သည်။ လင်ကို မပြစ်မှားအပ် ဟူသော။ ဥပဒေသကိုပြသည်ယူရမည်။ ။

စလေခွေး။ မင်းခွေးချေး လူရေးပျက် တော့သည်။ ဟူသည်ကား။

ပုဂံမြို့ စလေမင်းခွေးသည်။ မင်းအဖြစ် သို့ရောက်လျှင်။ ရှေးကသခင်ဖြစ်ဘူးသော သူကြွယ်။ ငြိုးထားမူ၍သတ်သည်။ သခင် နှင့်တူသောသူတို့ကိုလည်း။ ကန်၌ချစေပြီး လျှင် ဝက်ဟူ၍၊ ဆင်ထက်ကလှံ နှင့် ထိုး

သည့်၊ ယင်းသို့ ပြုဖန် များသည် တွင်။ မှူးမတ်ဗိုလ်ပါတို့ ဆင်ကဲးနှင့်ညီ၍ ထိုကန်ဌှပင်လုပ်ကြသဖြင့် ပျက်စီးရသော စလေမင်းခွေး၏ လူရေးပျက်ထုံးစံ။

တရုပ်ပြေးသားမြွာဘ နရသီဟပတေ့မင်းခွေးချေးဟူသော အမည်လေးပါးဖြင့်၊ ခေါ်ဝေါ်အပ်သော၊ခွေးချေးမင်းလည်းတရုပ်စစ်သည်တို့ အရောက်တွင် အရေး မသင့်သည်နှင့် ဆုတ်ခွာပြီးလျှင်။ပုသိမ်မြို့သို့ စုံဆင်း၍၊ ငါးလ စံနေတော်မူပြီး လျှင်။ ပုဂံမြို့သို့ဆံတက်ရာပြည်မြို့သို့ရောက်လျှင် သားတော်ပြည်မြို့စား သီဟသူက။ ဝက်လက်ခိုး မ သား ဆိုဘူးသည်ကို ပြုံးထားသဖြင့်။ မဆံမတက်ရဆီးတားပြီးလျှင်။အဆိပ်ခပ်သော စားတော်ကို။ တည်ကျွေးသည်ကာလ ပွဲတော် မတည်ရှိလျှင် သူမဲသုံးထောင်တို့ အိမ်ခေါးဖွေးဖွေး ကိုင်လျက်ဝန်းရံလတ်ရကား။ သွေ သံ တချင်း သေတော်မူရသည်ထက်။အဆိပ်သင့်၍။ သေခြင်းသည်မြတ်၏ဟု၊ မိဖုရားစော၊ စကားအတိုင်း အဆိပ်ခပ်သော ပွဲတော်ကိုစားတော်ခေါ်၍သေရသဖြင့် ပျက်စီးရသော-မင်းခွေးချေး၏ လူရေးပျက်ထုံးစံ။ ယင်းထုံးစံများကိုစွဲ၍။ စလေမင်းခွေးမှာ။ ညွှန်တလက်ဖက်ကန်တွင် လူရေးပျက်သည် မင်းခွေးချေးမှာ။ ပြည်မြို့ဆိပ်တွင် လူရေးပျက်သည်ဟုဆိုလိုသည်။ ။

ဤ၌ ယင်း မင်းနှစ်ပါးတို့ အကြောင်းအကျယ့်ပြတ္တိ။လူရေးပျက် အခြင်းအရာများကို။ ရာဇဝင် ထွက်ရှိသည့် အတိုင်း။ အကျဉ်းအမြွက်မျှထုပ်နှုတ်ရေးသားလိုက်အံ့

သက္ကရာဇ်၂၆၈ခုသော်၊စလေမင်းခွေးမင်းဖြစ်တော်မူ၏။ ခွေး မင်းဖြစ် သောအကြောင်းကား ခွေးကို မိဘတို့သည်။ သူကြွယ် တရောက်အိမ်မှာ ရောင်းလေ၏။ ခွေးလည်း ပုဂံမြို့သို့လှေထိုးလိုက်၍ ကုန်စယ်အရောင်းအဝယ်ပြုပြီးလျှင်။မိမိအရပ်စလေသို့စုံလေ၏။ အရှင် ဖြစ်သော သူကြွယ်လည်းခွေးကိုဘုန်းပန်း၍ပူပြင်းစွာစေပါး၏။ ခွေးလည်းသီးမခံနိုင်၍။တန်နက်မင်းမှာဝင်၍ခစားလေ၏။ မင်းလည်းလုလင်၏ အသွင်အပြင်ကိုမြင်သော်- သနားတော်မူသည်ဖြစ်၍ မြင်းခံခန့်တော်မူ၏ မင်းလည်း မောင်းမ တယောက်နှင့် မြင်းတင်းကုပ်သို့နေ့ညဥ့်မပြတ်လာတော်မူ၏၊ မင်းကြီးလည်းမြင်းခံကိုခေါ်တော်မူ၍။ ဤသို့မိန့်တော်မူ၏။အချင်းမြင်းခံ၊ထိုမြင်းချေးတို့ကိုဝေးစွာသောတွင်း၌ထည့်ပြီးမှ သွေ့ရာကစ၍မီးထည့်။ နောက်ထည့်သောမြင်းချေးလည်းမီး၏အငွေ့ဖြင့်သွေ့၍လောင်နှင့်စေဟု။မိန့်တော်မူ၏။မြင်းခံလည်းမင်းကြီးဆိုတိုင်းပြုလေ၏။ အခါတပါး သောနေ့၌၊ မောင်းမ, ငယ်နှင့် မြင်းခံ စကား ဝင်၍။ မင်းကိုမြင်းချေးတွင်းဝယ် တွန်းဘိ၏။မြင်းခံလည်း မိဖုရားမောင်းမတို့ကို အလိုသို့ပါအောင် ဖြိမ်းခြောက်၍။ အလိုသို့ ပါလျှင်။ မင်းပြုလေ၏။ ခွေးကား။ ဘုရားရှင်ကိုနေမပူရအောင် ဖက်သုံးချပ် ကာပေးသောတောင်စောင့်ဘီလူးကို ဤပြည်တွင်မင်းသုံးဖန်ဖြစ်လတံ့ဟု ဗျာဒိတ် ရသောသူ

ဖြစ်၍။ ဘုန်းတန်ခိုးအာနုဘော်ကြီး၏။ ဘဝ လူ့အဖြစ်မှ စုတေလာသူဖြစ်၍လည်းအ မျက်စောင်မာန်ကြီး၏။ အစားကြူး၏။ မှူးမတ် ဗိုလ်ပါ တို့လည်း ကြောက်ရွံ့ခြင်း ပြင်းကုန်သည်ဖြစ်၍ခစားရလေကုန်၏ ထို မင်းကား စလေအရပ်၌ သခင်ဖြစ်သူညှင်း ပန်းဘူးသည်ကို အငြိုးထား၍။ သခင်ကို လည်းမင်းဖြစ်လျှင်သတ်လေသည်။ သခင် နှင့်တူသောသူကိုလည်းဖမ်း၍ရလျှင် ရေ ကန်ဝယ်ချစေပြီးသော်။ ဝက်ဟူ၍ ဆင် ထက်က လှံနှင့် ထိုးသောဟူ၏။ ထိုသို့ပြု ဖန်များလတ်သော်။ မှူးမတ် ဗိုလ်ပါ တို့ လည်း ဆင်ကဲကို တံဆိုးများစွာပေး၍ရေ ကံဝယ် ရေကစားစဉ် ဆင်ကဲ လည်း အောက်က ကြိုးကိုဖြတ်၍ ကလည်လေ လျှင်ကန့်တကွရေတွင်ကျလေ၏။ မှူးမတ် ဗိုလ်ပါတို့လည်း ရွံ့ညွန် တယောက် တ လက်ဖတ်စီနှင့်ပစ်၍ အနိစ္စရောက်လေ၏။ ယခုတိုင်အောင် ထိုကန်ကို ညွန်တလက် ဖက်ကန်ဟူ၍တွင်၏။ထိုမင်းကား အိမ်နိမ့် ငါးဆယ်။ စည်းစိမ်ကိုးနှစ်။ သက်တော်- ငါးဆဲ့ကိုးနှစ်သော် အနိစ္စ ရောက်တော် မူ၏။

ရောက်လိုသော်။ ဘဝလူ့ ထန်းပင် လောက်ကိုယ်ထင်ပြ၍။ မင်းရင်ပြင်တွင် ရပ်လာ၏။ နံ့တော်စနေသား တည်းဟူ၍ ရာဇဝင်တော် တတိယတွဲ့တွင်ဆိုသည်။

ဤကား စလေမင်းခွေးကို မှူးမတ်ဗိုလ် ပါတို့ညွန်တလက်ဖက်ကန်တွင်လုပ်ကြံ၍ မသင့်မတင့်အနိစ္စ ရောက်သောကြောင့်။ လူရေး ပျက်သော အကြောင်း အဖြွက် တည်း။ ။

သက္ကရာဇ် (၆၁၇)ခုတွင် ဥဇ္ဇနာမင်း၏ သား မင်းခွေးချေး မင်းဖြစ်တော်မူ၏။ ထို မင်းလက်ထက်တရုပ်ဥတည်ဘွားကမြင်း သည်ခြောက်သန်း။ ခြေသည် နှစ်ကုဋေမျှ လေးံသော စစ်အင်္ဂါတို့ကို စီရင်၍ချီလာ ၏ ထိုအခါ။ စစ်သူကြီးအနန္တပစ္စည်း။ရန္တ ပစ္စည်းနှင့် သူရဲလေးသိန်းတို့ငဆောင်ချမ်း တွင် တိုက်ခိုက်ကြရာ တပ်ပျက်ကြောင်း ကိုကြားလျှင်မြို့တည်လုပ်၍ခံသော်လည်း မခံနိုင်ရာချေဟု။ ရဲလှေသမ္ဗန် တိုက်လှေ ကြီးတထောင်တို့ကို ပြင်ဆင်၍သားတော် ကြီးရှိရာ တလိုင်းပြည်ပုသိမ်မြို့စုံတော်မူ ၏။ တရုပ်တို့ထပ်၍ လိုက်ရာ။ တရုပ်မြော် သို့ရောက်လျှင်။ ခရီးဝေးဝေး ဝေးကွာလှ သည် နှင့် စစ်သည်ဗိုလ်ပါ များလှသော ကြောင့်။ အစား အသောက် ဆွန့်ပါး၍ ပြန်လေ၏။ သက္ကရာဇ် (၆၄၆)ခုရောက် သော်မင်းခွေးချေးသည်တရုပ်ကိုကြောက် ၍ ပြေးသတည်း။ ထို့ကြောင့်မင်းခွေးချေး ကို တရုပ် ပြေးဟူ၍ ခေါ်ကြ သတည်း။။ မင်းခွေးချေး တရုပ်ပြေး သားမြွာဘနရသိ ဟာပတေ့ဟု လေးမည်ရသော မင်းသည်။ သားတော်ကြီးရှိရာ တလိုင်းပြည်ပုသိမ်မြို့ တွင်ငါးလနေတော်မူ၍။နေပြည်တော်ပုဂံ မြို့သို့ ကစဉ့်ကလျား မရှုံမရပဲ။ ဆန်တက် တော်မူရာ။ရင်း၆၄၆-ခုနှစ်မှာပင်ပုဏ္ဏဝတီ မြစ်။ သုဝဏ္ဏနဒီဟု ဈေးက ခေါ်ဝေါ် အပ်သော ငါးဝန်မြစ်ဝသို့ ရောက်လေ

သော် ဘောင်တော်အထက်၌၊ ဟင်းခွက် ၃၀၀မပြည့်၍ ဟင်းလျာ တ,၇ိ သဖြင့်။ **ဟင်းလျာတ။** မှ။ ဟံသာဝတီဟု ခေါ်တွင်သည်ဟူ၍ဂုဏ်း။။

ဂုဏ်းဟံသာဝတီမှတဖန်ဆန်တက်တော်မူရာ။ ပြည်မြို့ဆိပ်သို့ ရောက်တော်မူလျှင် ပြည်မြို့စား သီဟသူက။ ဘောင်တော်ကို မဆန်ရဟုတား၍။ စားတော်ဝယ်။ ဆေး ထည့်ပြီးလျှင်။ စားတော်ခေါ်ပါဟုဆက်၏ စားတော်ဝယ် ဆေးထည့်ကြောင်းကို၊ သိသောကြောင့် မစားဘဲနေတော်မူ၏။ စားတော်မခေါ်ကြောင်းကို၊ သီဟသူ- ကြားလေသော်။ သူမဲသုံးထောင်တို့ကို အိမ်ခါးဖွေးခဖွးကိုင်စေ၍၊ ဘောင်တော်ကို ဝန်းရံလာ၏။ မိဖုရားစောလည်း ဤသို့ နားတော်လျှောက်၏။ အလောင်းမင်းကြီးသည်၊ အကျွန်ုပ်အထက်က လျှောက်ပါသော။ စကားကို။ ယူတော်မမူပါသောကြောင့် ဤကဲ့သို့ဖြစ်တော်မူရသည်၊ခါးလှံသေဘေးနှင့်။ သွေးသံတချင်း။ သေတော်မူရသည်ထက်။ ဆေးထည့်သော၊ စားတော်ကိုစား၍။ ကြမ္မာကုန်ခြင်းသည်မြတ်၏ဟူ၍။ နားတော်လျှောက်လျှင် ငါသည်နိဗ္ဗာန်သို့။ မရောက်သေးသ၍။ သံသရာဝယ်ကျင်လည်လေသမျှသောဘဝ၌။ သားယောကျ်ားကိုကိုမရလိုဟုသစ္စာပြုတော်မူ၏။ ဝတ်တော်မူသော လက်စွတ်တော်ကို ရေစက်ချပြီးလျှင် မိဖုရားစောကို အပ်တော်မူ၍။ စားတော်ခေါ်သောခဏ၌၊ အနိစ္စရောက်တော်မူ၏။ နံတော်တနင်္ဂနွေသားတည်းဟု။ ရာဇဝင်တော် ပဥ္စမတဲ့တွင်ဆိုသည်။ ။

ဤကား မင်းခွေးချေးကိုသားတော်၊ သီဟသူက။ စားတော်ဝယ်ဆေးထည့်၍ ပေးလျှင် စားတော်ခေါ်သောခဏ၌။ မသင့်မကောင့် အနိစ္စ ရောက်သော ကြောင့်။ လူရေးပျက်သော အကြောင်း အမြွက်တည်း

ထိုကြောင့်။ စိန္တာကျော်သူဆို၊ ဩဝါဒထူးပျို့တွင်လည်း။

ထုတ်သန်းခရီး၊ မသွားဆီး၍၊ ပျက်စီးတိမ်းမြုပ် ခန္ဓာချုပ်သည်။ တရုပ်ပြေးမင်းဟူ၍။ အရပ်ရပ် ရာဇဝင်များနှင့် တပြေးတည်းညီစေလျှက် စပ်ဆိုသည်။ ။

ထိုမင်းကို။ တနင်္ဂနွေ မင်းတရားလက်ထက်။ စဥ့်ကိုင် သူဌေးသား မောင်ကုလားစီရင်သည့်။ ရာဇဝင်ကြီးတွင်။ တနင်းလာသားဆိုသည်လျှက်။ရာဇဝင်ချုပ်များတွင် တနင်္ဂနွေသားဟု။ ရေးသည်နှင့်အညီ။ ပုဂံသိုက်စာဟောင်း၌လည်း ဂဠုန်တောင်ကျိုး၊တောင်ကိုကိုးဟုရှိသည်ကို၊ထောက်၍။ တနင်္ဂနွေသားပင်သင့်လေသည်ဟု။ရာဇဝင်တော်တွင် ဆိုသောကြောင့် ရေးသားခဲ့သတည်း။ ။

ယင်းသည့်မင်းလည်း။ ပုဂံပြည်၌ ဘုရားရှင် (တန့်ကြည့်တောင်ဖျားထက်) ဗျာဒိတ်ထားသောအခါ။ အင်ဖက်သုံးချပ်ကို၊ ထိုးပြ၍ ဘုရားရှင်အားနေကာ ဘူးသော။ တောင်စောင့်ဥပါဘိလူးကို။ ပုဂံပြည်တွင် မင်းသုံးဆက်ဖြစ်လတံ့ဟု။ ဗျာဒိတ်ထားတော်မူခဲ့သည်နှင့်အညီ။ စလေငခွေးတကြိမ်။ ကုလားကျတကြိမ်။ နရသီ

ဟာ-ပတော့တကြိမ်။ ဤသုံးကြိမ် ဖြစ်လာသောဟူ၏။ ။

ထို့ကြောင့်။ ရွှေမင်းဘုန်း ဆင်တော်မော်ကွန်း တွင်။ ကျွန်းခွင် ကျော်သည်-အနော်ရထာ ဥပါမင်း ခွေး၊ တရုပ်ပြေးနှင့် ဟု။ စပ်ဆို၏။ဥပါဟူသော-ဝေါဟာရစကားမှာ။ တွင်းသင်းတိုက်ဝန် မဟာစည်သူရေးသည့်။ 'ပေါရာဏကထာ' စာတန်းတွင်၊ ဥပါဟူသည် ဘိလူးကိုဆိုလိုသည်။ ဥပါခက်ဟု၊ ရမ္မက်မကြွင်း ဆဲ့နှစ်သင်းသား အပြင်ဖန်းကြူး တော ဘိလူးကို၊ တက်ဦးတွေင်ဟု၊ စပ်ဆိုသည်။ ပါရမီခန်း အထောက် အထား များကိုလည်း ညွှန်သည်။

ဤစကားရပ်ဖြင့်။ အမူအကျင့် အဆိုအမိန့်။ ရက်ရောကြမ်းကြုတ်ခြင်းသည်။

(၁) ဥဿုရသေယျ ံ။ နေမြင့်အောင်အိပ်ခြင်း။

(၂) အာလဿျ ံ။ ပျင်းရိခြင်း။

(၃) စဏ္ဍိက္က ံ။ အမူ-အကျင့်-အဆိုအမိန့်ရက်ရောကြမ်းကြုပ်ခြင်း။

(၄) ဒီဃသောတ္တိက ံ။ သေသောက်ကြူးခြင်း။

(၅) ဧကဿ။ တ ယောက် အထီးတည်း။ အဒ္ဓါနဂမနံ၊ အဓွန့်ရှည်သော။ ခရီးသို့သွားခြင်း။

(၆) ပရဒါရူပသေဝနံ၊ သူ့မယားကိုယဉ်ပါး ဖျက်ဆီးခြင်း။

ဟူသော ပျက်စီး ကြောင်း တရား။ ခြောက်ပါးအဝင်ဖြစ်သည်၊စလေမင်းခွေးမှာ။ အကျင့်ရက်ရော ကြမ်းကြုပ်သည်။ မင်းခွေးချေးမှာ အဆိုအမိန့်ရက်ရောကြမ်းကြုပ်သည်။ ယင်းသို့ ဖြစ်၍။ ပျက်စီးကြောင်းတရားခြောက်ပါးဟု၊ဟောတော်မူသည့်အတိုင်း။ ထိုမင်းနှစ်ပါးတို့ အရေးအရာ ပျက်သောအားဖြင့်၊ ပျက်စီးခြင်းသို့ရောက်ရလေသည်။ သို့ဖြစ်၍ ရေမြေသေဌ်နင်း။ ပြည့်ရှင်မင်းမှစ၍။ မင်းမိဖုရား မင်းညီ-မင်းသား မှူးတော်မတ်တော်- ရဟန်းရှင်လူအပေါင်းတို့သည်။ ပျက်စီးကြောင်းခြောက်ပါး တရားအစုမကောင်းမှုအရင်းဖြစ်သော ပါပဓမ္မတို့ကို။ လေ့လာ လိုက်စား။ မှောက်မှား ကျင့်ကြံခြင်းကို မပြုမူ၍။ ယင်း တရား ခြောက်ပါးမှ ကင်းလွတ်အောင် သမ္မတ္တပ်ရတိ သမာဒါန ဝိရတီ။ နှစ်ရပ်ဖြင့်ပင်။ ရှောင်ကြဉ်ရမည်ဟူသော ဥပဒေသများကို။ ပြသည်ယူရမည်။ ။

ဤသည်ကား။ ဟင်းလျာတမှ-ဟသ်ာတ-ဖြစ်ပုံတည်း။

★

## မွန်ဘာသာ—ဟန်းသဒါးမှဟသ်ာတ (ခေါ်တွင်ပုံ)

မွန်လူမျိုးတို့၏ ဘာသာ။ ထန္ရှန်းပင်ကိုဟန်းသဒါးခေါ်ကြရာ။ ၎င်းဟန်းသဒါးမှ ဟသ်ာတဖြစ်ပေါ်လာသည်ဟု၊ ရှေးပညာရှိများ ခေါ်ဝေါ်ပညတ် ထားသောကြောင့် ဟသ်ာတ-ခေါ်တွင်သည်။

မြန်မာဘာသာထန္ရှန်းပင်ကိုမါဂဓဘာသာ။ အဘိဓာန် ကျမ်းတွင်။ ဟိန္တာလ။

ထန်းနှုန်းပင်ဟူ၍ ပရိယာယ်ရှိသည်။ ဟိန
သဒ္ဒါ။ ယုတ်လျော့ခြင်း။ တာလ-သဒ္ဒါ။
ထန်းပင်ဟော။ ထို့ကြောင့် အဘိဓာန်နှိ
ကာတွင်ပမာဏတောတာလတောဟိနော
ဟိန္တာလော၊ပဒပ်ပရိယာယော။ရသောစ
ဘွင့်သည်။ ၊ ပမာဏတော။ လိုးရပ်ပမာ
ဏအားဖြင့်တာလတော၊ထန်းပင်အောက်
ဟိနော။ ယုတ်လျော့သည်တည်း။ ဟိန္တာ
လော။ပမာဏအားဖြင့်။ ထန်းပင်အောက်
လျော့သော ထန်းနှုန်းပင်။ ပဒပ်ပရိယာ
ယော။ ပုဒ်ရှေ့နောက် ပြန်သည်ဝင်း။
ရသောစ။ ရသအပြုသည်ဝင်း။ဟောတိ။
ဖြစ်၏။ထိုကြောင့်မြန်မာ့ဘာသာထန်းနှုန်း
ပင်ခေါ်ဝေါ်သည်မှာမဂဓဘာသာ ဟိန္တာ
လ နှင့်။ မကွဲပြား။ အလားတူ၏မှတ်ရာသ
တည်း။

ထို့ကြောင့် မွန်ဘာသာအားဖြင့် ထန်း
နှုန်းပင်ကိုဟန်းသဒါးခေါ်သည်။ဝင်းဟန်း
သဒါးမှ ဟံသာဝတဟု မြန်မာ အသံဖြင့်
ခေါ်ဝေါ်သည်။

ဟံသာဝတမြို့ စတုဣမြောက် မြစ်ကွေး
ဆရာတော် မဟာထေရ်မြတ် စီရင်တော်
မူအပ်သောအင်္ဂပူရဝိဝါဒဝိနိစ္ဆယကျမ်း
ဇမ္ဗုဒီပဝဏ္ဏနာ-ကဏ္ဍတွင်ကုသိမမဏ္ဍလ
ဟံသာဝတီ မဏ္ဍလ။ မုတ္တိမမဏ္ဍလ။သင်္ခါ
တေသု တီသု ရမညာ မဏ္ဍလေသု။ အစရှိ
သည်ဖြင့်၊ သာသနာတော်၊ ၂၀၂၀-သက္က
ရာဇ်။ ၈၃၈-ခု။ နတ်တော်သွန်း ၈-ရက်
၁-နေ့နံက်သမုတ်ပြီးသော၊ပဲခူးမြို့၊ ကလျာ
ဏီ သိမ်တော်ကြီး ကျောက်စာ ၁၃၀၀-
ပြည့်နှစ်။ သုဓမ္မဝတီ ပိဋကပုံနှိပ်တိုက်၌၊
စာအုပ်ရေ ၃၀၀၀ ပဌမနှိပ်၏။စာမျက်
နှာ။ ၁၄၊၁၀၇-လာသည်နှင့်အညီ။ မဏ္ဍ
လသုံးပါး။ ရှေးဆရာမြတ်တို့၏။ အမှတ်
အသားအားဖြင့်၊ မွန်တိလူမျိုးတို့၏ နေရာ
ဖြစ်သော။ ဟံသာဝတီ မဏ္ဍ။ ဟံသဝတီ။
၃၂မြို့။ မွန်စလူမျိုးတို့၏ နေရာ ဖြစ်သော။
မုတ္တိမ မဏ္ဍလ။ မုတ္တမ။ ၃၂ မြို့။ မွန်အသံ
မွန်ညဲ့၊ မြန်မာအသံ။ မွန်ညလူမျိုး တို့၏
နေရာဖြစ်သော။ ကုသိမ မဏ္ဍလ။ ပုသိန်။
၃၂-မြို့။ ရာဇဒ္ဓာနီ။ ဟံသာဝတီ ပဲခူးမြို့။
မောဓမမြို့မ။ ပုသိမ်မြို့မ နှင့်တကွ။ အဝန်း
အဝိုင်း။ ရာမညတိုင်း တန်လိုင်း သုံးရပ်။
၉၉မြို့တို့ဖြစ်ကုန်၏ဟုဆိုကြသည် ဝင်းမွန်
သုံးရပ်မှာဝါဒကွဲရှိသည်ဝင်းတို့တွင်ကုသိ
မမဏ္ဍလ၌ ကျိုက်တုံလှံဝေးမြို့၊ ကျိုက်
တည်သာရဝေါမြို့။ သုနန္ဒဗလမြို့။အင်္ဂပူရ
မြို့၊ ကျိုက်သလွန်ပွန်ဒေါင်းဖြူမြို့။ အစရှိ
သည်ဖြင့်။ ၃၂-မြို့ရှိ ကြကုန်၏။ ဝင်းတို့
တွင် ကျိုက်တည် သာရဝေါခေါ် သာရ
ဝေါမြို့။ ဇေယျဝတီမြစ်ကမ်းစားပျက်ပြား၍
ဝင်းမြို့အနောက်ဘက်ကမ်း ဟံသာပတ-
ဟာသ်ာတ-ဟင်းလျာတ။ ဟာန်းသဒါး အ
မည်လေးပါးတို့ဖြင့်။ တန်ဆာ ဆင်အပ်
သော မင်းခွေးချေး လက်ထက်လောက်က
မြို့ပေ်သည်။ ကြီး ကျယ် စီကား ဆော
ဒိစတြိတ် ခရိုင်မြို့ကြီးတမြို့ဖြစ်လေ၏။

★ ☆ ★

ဟံသာဝတအဏ္ဏဝပြဿဝါခေါ်-ဟံသာဝတ သမိုင်းအခန်း ဤတွင်ပြီးသတည်း။

# နေ၁်ရထာ့ကံ၊ အရဟံ၊ ခန်ပျံကျလာခဲ၊

ပုဂံပြည် အနော်ရထာမင်းသည်။ ဈေးဘေးလောင်းတော် ဘိုးလောင်းတော်တို့နှင့်မတူ အထူးသဖြင့်၊ သာသနာတော်ကို လက်မွန်မဆွ မြီးမြောက်ထိုက်သောဘုန်းကံရှိရကား။ ရှင်အရဟံ ရဟန္တာမြတ်သည်။ ကောင်းကင်မှ ကျလာဘိ၏သို့။ သထုံပြည်မှ။ အရိမဒ္ဒနာ ပုဂံပြည်သို့ဆိုက်ရောက်လာသည်ဆိုလိုသည်။

ဤ၌။ ရှင်အရဟံ၏အကြောင်း။ သထုံပြည်သို့ အနော်ရထာ မင်းစော စေလွှတ်သည့်အခြင်းအရာ။ သထုံပြည်သို့စစ်ချီတက်၍မနူဟာမင်းနှင့်တကွ။ ၃၂-စီးသော ဆင်ဖြူတော်၊ အစုံသုံးဆယ်မျှသော ပိဋကတ် သထုံမင်းတို့ပူဇော်မြဲသော ဓာတ်တော်မွေတော် တထောင်မျှယောက်သော အရိယာ အရှင်မြတ် များကို ပင့်ဆောင်သိမ်းယူခဲ့သော အတ္ထုပ္ပတ္တိများကို။ ရာဇဝင်တော်၊ ပုဂံရာဇဝင် များ၌ ထွက်ဆိုသည်ကို။ အကျဉ်းအမြွက်မျှ ထုတ် နုတ်ရေးသားလိုက်ပါအံ့။ ။

သုနာပရန္တတိုင်း တမ္ပဒိပတိုင်း တို့၌။ သာသနာတော်မထွန်းကားချေသေးဟူ၍။ ရဟန္တာ အရှင်မြတ်တို့ ကြံပြီးလျှင်။ သိကြားမင်းသို့ သွား၍ သာသနာ ပြုနိုင်မည့်သူအား ကျညီ၍ တောင်းပန်ပါဆိုလျှင်သိကြားမင်းလည်း။ တာဝတိံသာနတ်ပြည်၌ ရှိသော နတ် သား တယောက် အားတောင်းပန်၍။ ပုဏ္ဏားမဝမ်း၌ ပဋိသန္ဓေနေလာ၏၊ နေ့လစေ့၍ ဖွားသည် ရှိသော်။ သီလဗုဒ္ဓိ အမည်ရှိသော ရဟန္တာမြတ်သည်၊ စောင့်ရှောက်၍၊ အရွယ်သို့ ရောက်လတ်သော် ရဟန်းပြု၍။ ပိဋကတ်ကျမ်းဂန် တတ် မြောက်၍ ရဟန္တာ အဖြစ်သို့ရောက်လျှင်။ အရဟံဟူသော အမည်ဖြင့်ဗမ္ဗူဒိပါမြေပြင်အလုံး ကျော်စောထင်ရှား၏။ထိုရှင်အရဟံသည်သုနာပရန္တတိုင်း။ တမ္ပဒိပတိုင်းတို့၌ သာသနာ မတည်ချေသေးဟူ၍။ ပုဂံရာမသို့ ကြွတော် မူ၏။ ရောက်တော်မူလျှင် ပြည်နှင့် မနီး မဝေးသော တောအုပ်တခု၌ နေတော်မူ၏။ သိကြားမင်းလည်း မုဆိုးတယောက် အားလှည့်ပတ်၍ရှင်အရဟံကိုမြင်စေ၏၊မုဆိုးလည်း ရှင်အရဟံကို မြင်လေ သော်နှစ်သက် ကြည် ညိုဘွယ် သော ဇာနေ့ရှိတော်မူသည်ဖြစ်၍။ ဤသူကား လူထူးလူမြတ်ဖြစ်ရာသည်ဟု။ပြည်သို့ဆောင်၍မင်းကြီးအား ဆက်လေ၏။ ရှင်အရဟံလည်း ပရိက္ခရာ ရှစ်ပါးကိုယူ၍ လိုက် တော်မူလေ၏။

မုဆိုးလည်း တောအုပ်တခုတွင် ဤသူကိုတွေ့၍ ဆောင်ခဲ့သည်ဟု လျှောက်လေ၏။ မင်းကြီးလည်း မြတ်သော ဇာနေ့နှင့်ပြည့်စုံတော်မူသော ရှင်အရဟံကို မြင်တော်မူသော် ဤသူကား သူယုတ်မဟုတ်။ မြတ်သောသူတည်း။ (ဤသူ၏ ကိုယ်တွင်း၌ မြတ်သောတရား ရှိသည်ဟူ၍။ နေရောင်

ဖြင့်တွေ့သော ကြာမှုံကဲ့သို့ ရွှင်သောစိတ်
ရှိသည်ဖြစ်၍။ ဤသို့ကြံတော်မူ၏။ ဤသူ
သည် မြတ်သောသူဖြစ်အံ့။ မြတ်သောနေ
ရာ၌ နေလတံ့။ ယုတ်သောသူဖြစ်အံ့၊ ယုတ်
သောနေရာ၌ နေလတံ့ဟူ၍၊ ကြံပြီးသော်
လျှောက်ပတ်သောနေရာ၌၊ နေကာမူဟုဆို
၏။ ရှင်အရဟံလည်းမြတ်သောအဖြစ်
ကိုသိစေလို၍။ မြက်သောရာဇပလ္လင်ထက်
သို့တက်၍နေတော်မူ၏။ မင်းကြီးလည်း
ထိုသို့နေတော်မူသောအကြောင်းကို၊ မြင်
တော်မူသော်၊ ဤသူကားနေရာ ကြီးကျယ်
လှသည်။ ဤသူ၏အမျိုးအနွယ်ကိုမေးရစေ
ဟုကြံတော်မူပြီးသော်အရှင်ကားအဘယ်
သူ၏ အမျိုးအနွယ် ဖြစ်တော်မူ သနည်း။
အဘယ်သူ၏ အဆုံးအမကိုခံတော်မူ သ
နည်းဟုမေးတော်မူ၏။ ရှင်အရဟံလည်း
ငါ၏ အမျိုးအနွယ်သည်ကား။ အရဟံ
အစရှိသော ဂုဏ်တော်ကိုးပါး။ ဣဿရိ
ယ-အစရှိသော ဘုန်းတော် ခြောက်ပါး။
ဥာဏစသော အဝိဇ္ဇေယျလေးပါးနှင့်ပြည့်
စုံတော်မူသော၊ သမ္မာသမ္ဗုဒ္ဓအမျိုးအနွယ်
တည်း။ အဘယ်သူ၏ အဆုံးအမကို ခံသ
နည်းဆိုရာ၌။ သမ္မာသမ္ဗုဒ္ဓအမည်ရှိတော်
မူသော၊ ဘုရားသခင်သည်။ ဟောတော်မူ
အပ်သောနူးညွံ့သိမ်မွေ့ခက်ခဲနက်နဲလှစွာ
သော။ အာဏာ ဒေသနာတော်မှလာသော
အဆုံးအမတော်ကို ခံသည်ဟူ၍. မိန့်တော်
မူ၏။ မင်းကြီးလည်း ပီတိ သောမနဿ၊
လွန်စွာဖြစ်၍။ ဤသို့လျှောက်ပြန်၏။ ငါ့ရှင်
၏ဆရာ ဘုရားသခင် ဟောတော်မူ အပ်
သောတရားတော်ကိုတစိတ်တဒေသမျှ ငါ့
အား ဟောတော်မူပါဟု တောင်းပန်၏။
ရှင်အရဟံလည်း သိရိဓမ္မာသောကမင်း
ကြီးအား။ နိဂြောဓသာမဏေ ဟောတော်
မူအပ်သော။ အပ္ပမာဒ အစရှိသောတရား
တို့ကို။ ဟောတော်မူ၏။ ထိုအခါမင်းကြီး
နှလုံးတော်သည်။ အကြိမ်တရာ စစ်သော
ဆီတွင် အဖန်တရာဖတ်ပြီးသော ဝါဂွမ်း
ကိုချဘိသကဲ့သို့။ ဩဇာမသဒ္ဒါဖြင့်မတုန်မ
လှုပ်သဒ္ဒါတော်မူ၏၊ ယင်းသို့တရားဟော
အဆုံး၌။ မင်းကြီးဤသို့ လျှောက်ပြန်၏။
သမ္မာသမ္ဗုဒ္ဓဘုရားက။ ယခုအဘယ်အရပ်
မှာရှိတော်မူသနည်း။ တရားတော်ကား အ
ရေအတွက်အဘယ်မျှရှိသနည်း၊ တပည့်သား
တော်ကား ငါ့ရှင်မှတပါး အခြားရှိသေး
သလော-မရှိ ပြီလောဟု လျှောက်သော်။
သမ္မာသမ္ဗုဒ္ဓဘုရားကား၊ နိဗ္ဗာန်လားတော်
မူကြောင်း ဓါတ်တော်မွေးတော်သာယခု
ရှိကြောင်းကို ၎င်း။ တရားတော် သည်။
ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်၊ အရေ
အတွက်ရှိကြောင်း။ သထုံ ပြည် ဝယ် ပိဋ
က-သုံးပုံအလုံးစုံ သုံးဆယ် ရှိကြောင်းကို
၎င်း။ ငါမှတပါး။ ပရမတ္ထသံဃာ-သမ္မုတိ
သံဃာ များစွာ ရှိကြောင်းကို၎င်း မိန့်
တော်မူ၏။ ။

ထိုစကားကို။ မင်းကြီး ကြားတော်မူ
သော်။ အတိုင်ထက် အလွန် သဒ္ဒါခြင်း။
ပြင်းစွာဖြစ်၍။ ဤသို့လျှောက်ပြန်၏။ အ
ကျွန်ုပ်အားယခုမျက်မှောက်အရှင်မှတပါး
အခြား ကိုးကွယ်စရာမရှိပြီ။ ယနေ့မှစ၍။

အကျွန်ုပ်၏ကိုယ်အသက်ကို အရှင်အား
ဆောင်နှင်းတော်သည်။ အရှင့်အဆုံး အမ
ကိုလည်း အကျွန်ုပ်ခံတော်သည် ဟူ၍။
လျှောက်ပြီးလျှင်အရည်ကြင်ရသောအရပ်
၌။ သာယာစွာ ကျောင်းဆောက်လုပ်လှူ
ဒါန်း၏။ နော်ရထာ မင်းစောလည်း။ အ
ရည်းကြီးရဟန်းတို့အယူကို ပယ်တော်မူ
၏ပြည်သူပြည်သားအပေါင်းတို့ကိုလည်း
ပါယ်စေတော်မူ၏။ ထိုသို့လျှင် အရည်း
ကြီးရဟန်းတို့သည်။ လပ်ပူဇော်သကာ
မှ။ လျှောကြကုန်သည်ဖြစ်၍။ ရှင်အရဟံ
အား။ရန်ပြုးကြီးစွာထားကြကုန်၏။ မင်း
ကြီးလည်းထိုအကြောင်းကို။ ဆင်ခြင်မိ၍၊
စိုးရိမ်တော်မူသဖြင့်။ အရည်းကြီး ရဟန်း
တို့ကို။ နိုင်လောက်အောင်အစောင့် အနေ
ခန့်ထား စောင့်နေစေ၏။

အရည်းကြီး သုံးကျိတ်နှင့် တပည့်
လက်သား ခြောက်သောင်း တို့ကိုလည်း။
လူဝတ်လဲစေ၍။ ဆဲမောင်းကိုင်၊ လှံကိုင်
ဆင်ချေးကျုံး။ မြင်ချေးကျုံး ထည့်တော်
မူလေ၏။ရှင်အရဟံလည်း သာသနာ၌။
ကြည်ညိုသော သူတို့ကို ရဟန်းပဉ္စင်း ပြု
တော်မူ၍။ သာသနာတော်မြတ် သန့်ရှင်း
ထွန်းလင်းစေ၏။ 'အနော်ရထာမင်းစော,
လည်း။ ထိုအခါသံဝေဂနောင်တ,ရတော်
မူ၍။ ဤပြည်ကို အစဉ်မင်းပြုတော်မူသော
ဘေးလောင်းတော်-ဘိုးလောင်းတော် တို့
သည်။ အရည်းကြီး ရဟန်းတို့ အယူကို
ယူမှားကြကုန်သည်။ ထိုသို့ယူမှားကြလေ
သည့်ကိုယူ၍ရကောင်းပြန်အိမ့်မူကါးတဖန်
ယူ ပြန်ချင်၏ဟု၍။ သံဝေဂ-နောင်တ ရှိ
တော် မူလေသည်ဟူ၍။ ရာဇဝင် တော်
စာတုအတွဲတွင်။ အကျယ်ဆိုသည်ကို အ
ကျဉ်းအဖြွက်မျှထုတ်နုတ် ရေးသားလိုက်
သည်။ရှင်အရဟံအကြောင်းမှာ။ရာဇဝင်
၌လာသော အကြောင်းကိုသာ ရေးသားခဲ့
သည်ပရိတ္တနိဒါန်း၌လာသောအကြောင်း
သာသနာ ဆက်စာ များ၌ လာသောအ
ကြောင်းများကိုကျယ်လွန်းအံ့မိုး၍။ မရေး
လိုက်သည်။ ။

ထိုရောအခါ ရှင်အရဟံ ဤသို့ မိန့်ဆို
၏။ ဘုရားရှင်သာသနာတော်သုံးပါးတွင်
ပရိယတ္တိသာသနာရှိမှ။ ပဋိပတ္တိ သာသ
နာတော်ဖြစ်နိုင်သည်။ ပဋိပတ္တိ သာသ
နာတော်ဖြစ်မှ။ ပဋိဝေဓ သာသနာတော်
ဖြစ်နိုင်သည်။ပရိယတ္တိဟူသောပိဋကတ်
သုံးပုံလည်း မစုံချေသေး။ ဤပြည်တွင် ဘု
ရားရှင် သရီရဓာတ်တော်မွေတော်လည်း။
မရှိချေသေး မွေတော်ပိဋကတ်ကျမ်းဂန်ရှိ
သော ပြည်ရွာ တိုင်းကားသို့ လက်ဆောင်
ပဏ္ဏာနှင့်တောင်းစေ၍။ ရသည်ဖြစ်မှ သာ
သနာတော် အရှည်တည်ထွန်းမည်၊ မိန့်
တော် မူသော်။ အဘယ် တိုင်းပြည်မှာ
တောင်းသော် ရပါအံ့နည်းဟုမင်းကြီးမေး
၏။ သုဝဏ္ဏဘူမိတိုင်း သထုံပြည်မှာ။
ပိဋကတ်သုံးပုံကို တစုံခေါ်၍၊ အစုံသုံး
ဆယ်ရှိ၏။ မွေတော်ဓာတ်တော်။ များစွာ
ရှိ၏ဟု။ မိန့်ဆိုလျှင် မင်းကြီးလည်း လက်
ဆောင်ပဏ္ဏာအများ စီရင်တော်မူ၍။ လိမ်
မာသော အမတ်တယောက်ကို။ သာယာ

ချေင်စွာသောစကားဖြင့်သထုံပြည်သို့စေ၍ တောင်းရ လေ၏။သထုံမင်း မနူဟာလည်းမကောင်းသောနှလုံးဖြင့်မချေမင်ဆိုလိုက်ဘိ၏။

ဤအရာတွင်။ ရာဇဝင်ကြီး၌။ မည်သို့ဆိုသည်ဟူ၍စကားကိုယ်မပါပုဂံရာဇဝင်တွင်ပိဋကတ်တော် ဓာတ်တော် မွေတော်များသည် အရိုင်းတို့နှင့် အရောလောဟု ကြမ်းထန်းစွာသော စကားကို ဆိုလိုက်သည်ဟုပါ၏။ ။

အနော်ရထာမင်းစောလည်း ထိုသို့ဆိုလိုက်သောစကားကို ကြားတော်မူသော် ပြင်းစွာ အမျက် ထွက်တော်မူဖြင့်။ ရေကြောင်း ကြည်းကြောင်းချီတော်မူလျှင်။ အောင်မြင်ခြင်းကို ရလေသည်။ ထိုသို့သထုံပြည်ကို အောင်မြင်သည် တွင်မှ။ သထုံမင်း အဆက်ဆက် ရတနာပန်းတောင်းတွင် ထား၍ကိုးကွယ်သောဓာတ်တော်-မွေတော်နှင့် ပိဋကတ်တော် အစုံသုံးဆယ်တို့ကို။ သထုံမင်းလက်ရှိဆင်ဖြူသုံးဆဲ့နှစ်စီးတွင် တင်၍ဆောင်ယူ ခဲ့၏။ ထိုသို့ ဆောင်ယူ၍ ပုဂံသို့ ရောက်လျှင် ဓာတ်တော်- မွေတော်များကို ရတနာအတိပြီးသော ပတ္တမြားကြုတ်တွင်ဌာပနာ၍ ခေါင်းရင်း တော်တွင် မပြတ်ကိုးကွယ်တော်မူ၏။ ပိဋကတ်အစုံ သုံး ဆယ် ကိုလည်း။ ရတနာအတိပြီးသော ပြာသာဒ်တွင်ထား၍ အရိယာသံဃာတို့သင်ကြားပို့သ၏။ သထုံပြည်က ပါသည်ကား ပိဋကတ်တတ်သော အရိယာ တထောင်စဉ်မြောက်သတည်း။။

သထုံပြည်ကို အောင်မြင်၍ပိဋကတ်နှင့်တကွရဟန်းသံဃာကို အနော်ရထာမင်းစော ပုဂံသို့ဆောင်၍။ သာသနာပြုရသည်ကား။သာသနာတော်၁၀၆၁ခုနှစ်သက္ကရာဇ်၄၁၉ခုဟု။ကလျာဏီကျောက်စာ၌ဆိုသည်။ ။

ယင်းစကားများမှာ ရှင်အရဟံကိုစွဲ၍ သထုံပြည်က ပိဋကတ် ကျမ်းဂန်- မွေတော်- ဓာတ် မြတ်- ပုဂံမြို့သို့ ရောက်ကြောင်းကို အလျဉ်းသင့်တွင် သုတေသီပုဂ္ဂိုလ်တို့အလို့ငှာရေးသားလိုက်သည်။ ဥပဒေသ။ဤစကားရပ်ဖြင့်။အနော်ရထာမင်းစောသည်။ ဘေးလောင်းတော် ဘိုးလောင်းတော်တို့ကိုးကွယ်မြဲအရည်းကြီးရှင်ယောင်တို့ကိုကိုးကွယ်စမှတ်ပြု၍သထုံပြည်မှ ကြွလာသော ရှင်အရဟံ ရဟန္တာမြတ်နှင့်တွေ့၍။တရားအထူးကိုနာခံရလျှင် ရှေးကိုးကွယ်မြဲဖြစ်သောအရည်းကြီးရှင်ယောင်တို့ကား။ မသူတော်ဖြစ်သည်ဟု၊ ကိုးကွယ်ရင်း စွဲးလမ်းရင်းပင် ဖြစ်သော်လည်း။မကောင်းက စွန့်ပစ်သည်။အသစ်ပင် ဖြစ်သော်လည်း ကောင်းမြတ်သည် ဖြစ်၍ နောက်မှဖူးတွေ့ရသော ရှင်အရဟံကို ကိုးကွယ်သည်။ ယင်းစကားရပ်ကို ထောက်၍။ ရှေးအရိုးအစဉ်ပင် ဖြစ်သော်

လည်း။ လောကီ-လောကုတ္တရာ ပဋိပတ္တိ သံသရာအကျိုးနှစ်ပါးတွင်။ တပါးပါးမျှ မရှိက စွန့်ပစ်ရမည်။ အရိုးအစဉ်မဟုတ် အသစ်ပင်ဖြစ်သော်လည်း။လောကီလောကုတ္တရာ ပဋိပတ္တိ သံသရာ အကျိုး ရှိက။ လိုက်နာမှတ်ယူကျင့်ဆောင် သုံးစွဲရမည် ဟူသော ဥပဒေသ။ အနော်ရထာမင်း-ရှင်အရဟံကို အရင်းပြု၍။ သာသနာတော်ကို။ ကြည်ညိုလတ်ရကား သာယာသောစကားဖြင့် သထုံပြည်မင်းထံ။ ပိဋကတ်တော်များကို ရလိုကြောင်းနှင့် အနူးအညွတ်စေလွှတ်သည် သထုံပြည် မနုဟာမင်းမချေမငံသောစကားကို ဆိုသောကြောင့် ပြည်ကြီးနှစ်ပြည်။ စစ်မက်ဖြစ်ပွား၍။အနော်ရထာမင်းလက်သို့ပါရလေသည်။ ယင်းစကားရပ်ကို ထောက်၍လည်း။ တဦးနှင့်တဦး နူးညွတ် သာယာချေငံစွာသောစကားကိုသာ ပြောဆိုပြန်ကြား မှာထားရမည်။ မချေမငံ သော စကားကို မပြော မကြား အပ် ဟူသော၊ ဥပဒေသ။ အနော်ရထာမင်း ရှင်အရဟံ အဆုံးအမခံတည်သဖြင့်၊ သာသနာတော် အတိုင်းထက်အလွန် စည်ပင် ပွားများကြောင်းကို ရှုက်ဆောင်သဖြင့်။ သထုံပြည်မှ ပိဋကတ်စုံရေ သုံးဆယ် အရိယာတထောင်များကို ပင့်ဆောင် ကိုးကွယ်၍ သာသနာတော်ကို အလွန် ငြိးမြောက်သဖြင့် သာသနာတော်အကျိုး။ ပြည်သူတို့အကျိုး အလွန်ဖြစ်ထွန်း ပွားများ လေသည်။ ယင်းစကားရပ်များကို ထောက်၍လည်း သာသနာတော် မဖြစ်ဘူးသေးလျှက်။ အဇုတ်အစကို ရကာမျှဖြင့် ပင်။ အနော်ရထာမင်းသည်။ သာနသာတော် အလွန်စည်ပင်ပွင့်လင်းအောင်အားထုတ်ဘိသေး၏။ သာသနာတော် စည်ပင်ပြန့်ပွားသော ခေတ်ကာလ အတွင်း၌ မင်းအဖြစ်သို့ရောက်လျှက်။ သာသနာတော်ကို အတိုင်းထက်အလွန် စည်ပင် ထွန်း လင်းအောင် အသို့မှု၍ မငြိုးမြောက်ပဲ ငြိမ်သက်၍ နေနိုင်ကြမည်နည်းဟု။ ကဲ့ရဲ့လွန်ထူးမြတ်သော သဒ္ဓါတရားဖြစ်စေလျှက်။ သာသနာတော်တွင်း၌ မင်းအဖြစ်သို့ရောက်သောရေမြေသခင်မင်းတို့သည်။သာသနာတော်ကို စည်ပင်ပြန့်ပွားအောင်အားထုတ်အပ်လှသည်ဟူသော ဥပဒေသ များ ကို ပြသည် ယူရမည်။

☆ ☆ ☆

# စေတိယပကာသနီစာတမ်း၊

### နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

---

ထူပိကံ ထူပဒေသေနှံ။
ထူပိကံ ပုညဝဍ္ဎကံ။
လောကနာထံ ဘိဝန္ဒိယ။
သုခါနုဗ္ဗုရ ဒါယကံ။ ။

ထူပိကံ ထူပကာတဗ္ဗံ။
ထူပိကံ ပုညဝဍ္ဎကံ။
ဓမ္မာမလံ ဘိဝန္ဒိယ။
နိဗ္ဗာန သုခပါပကံ။ ။

ထူပိကံ ထူပကာရေနှံ။
ထူပိကံ ပုညဝဍ္ဎကံ။
သံဃံ နုတံ ဘိဝန္ဒိယ။
နိဗ္ဗာနသုခ နာယကံ။ ။

သံပုဏ္ဏံ နာနာနယေန။
ဟံစေတီယ ပကာသနံ။
ပိမတိံ ကာသ နုဇ္ဇနှော။
ဗုဒ္ဓမာနေဟိယာစိတော။ ။

(မဏ္ဍာမ နိဒါန်း ဂါထာပါဠိ)

ထူပိကံ။ စေတီလည်း ထိုက်တော်မူထသော။ ဝါ။ မိမိလည်းစေတီထိုက်သည် ဖြစ်၍။ ထူပဒေသေနှံ။ စေတီအပြားကို လည်းဟောကြားတော် မူတတ်ထသော။ ဝါ၊ စေတီအပြားကိုဟောတော်မူလျက်။ ထူပိကံ။ စေတီတည်လုပ်အားထုတ်ကိုး ကွယ်သူ လူအပေါင်းတို့ကို၊ ပုညဝဍ္ဎကံ၊ သုံးတန်သုခ ရခြင်းအကြောင်း ကောင်း မြတ်သောကုသိုလ်တရားကို ပွားစေတော် မူတတ်ထသော။ ဝါ။ ကုသိုလ်တရားကို ပွားစေတော်မူလျက်။ သုခါနုဗ္ဗုရ ဒါယ ကံ၊လွန်ကဲခြင်းမရှိသောအသင်္ခတဓာတ် မြတ်သောနိဗ္ဗာန် ချမ်းသာကိုလည်း ပေး တော် မူထသော။ ဝါ- အတုမရှိသော နိဗ္ဗာန်ချမ်းသာကိုပေးတော်မူသည်ဖြစ်၍။ လောကနာထံ။ လူသုံးပါးတို့၏ ကိုးကွယ် ရာဖြစ်တော်မူသော မြတ်စွာ ဘုရားကို။ အဟံ။ ခန္တာငါးဝ သမူဟာကို ပညတ်မှည့် ခေါ်ဘုရားတပည့်တော်သည်အဘိဝန္ဒိယ အဘိဝန္ဒာမိ၊ရှိသေမြတ်နိုး ရှိခိုးပါ၏။ ။ အဘိဝန္ဒိယ-အဘိဝန္ဒိတွာ။ ရှိသေစွာရှိခိုး ပြီး၍၊ထူပိကံ။ စေတီလည်းထိုက်တော် မူထသော ဝါ။ စေတီထိုက်သည် ဖြစ်၍။ ထူပကာတဗ္ဗံ။ စေတီလည်း ပြုအပ်ထ သော။ ဝါ။ စေတီ ပြုအပ် သည် ဖြစ်၍။ ထူပိကံ။ စေတီတည်လုပ်အားထုတ်ကိုး ကွယ်သူ လူအပေါင်းကို။ ပုညဝဍ္ဎကံ။ သုံးဖြာသုခ ရခြင်းအကြောင်း ကောင်း မြတ်သောကုသိုလ်တရားကိုပွားစေတော်

မှုတတ်ထသော။ဝါ၊ ကုသိုလ်တရားပွား
ကြောင်း ဖြစ်၍။ နိဗ္ဗာန သုခ ပါပကံ။
အသင်္ခတဓာတ် နိဗ္ဗာန် ချမ်းသာမြတ်သို့
မချကြန်အမှန်ရောက်စေတော်မှုတတ်ထ
သော။ အမလံ။ ကိလေသာဘေးအညစ်
အကြေးမှကင်းပေးတော် မှုတတ်ထသော
ဓမ္မဥ္စ၊ မဂ်လေးတန်- ဖိုလ်လေးတန် နိဗ္ဗာန်
ပရိယတ္တိ ရှိသည့်ထင်ရှားဆယ်တရားကို
လည်း။ အဟံ၊ မန္တလာ အာသဘ-ဓမ္မက
ထိကဟု နာမမှည့်ခေါ်ဘုရားတပည့်တော်
သည်။ အဘိဝန္ဒိယ- အဘိဝန္ဒာမိ။ ရှိသေ
စွာ ရှိခိုးပါ၏။ အဘိဝန္ဒိယ။ အဘိဝန္ဒိတွာ
ရှိသေစွာ ရှိခိုးပြီး၍။ ထူပိကံ။ စေတီ
လည်း ထိုက်တော်မူထသော။ ဝါ-စေတီ
လည်းထိုက်သည်ဖြစ်၍။ ထူပကာရေနွံ
စေတီ ကိုလည်း ပြုစေတတ် ထသော။
ဝါ။ စေတီကိုပြုစေလျက်။ ထူပိကံ။
စေတီတည်လုပ် အားထုပ်ကိုးကွယ်သူ
လူအပေါင်းကို။ ပုညဝဍ္ဎကံ။ ချမ်းသာ
သုခရခြင်းအကြောင်း။ကောင်းမြတ်သော
ကုသိုလ်တရားကို ပွားစေတော်မူတတ်ထ
သော။ဝါ-ကုသိုလ်တရားကိုပွားစေလျက်
နိဗ္ဗာနသုခနာယကံ ချမ်းသာရာဖြစ်သော
အသင်္ခတဓာတ်၊ နိဗ္ဗာန် ချမ်းသာ ပြည်
မြတ်သို့ အမြဲဆောင်ယူ ကယ်တင် တော်
မူတတ်ထသော။ နုဟံ၊ တထောင့်ငါးရာ
ကိလေသာဟုန်။ ရန်သူပုန်တို့ကို အကုန်
အစဉ် အရဟာဟူမင်္ဂ။ ထားသန်လျက်ဖြင့်
ချက်ဖြက်သုတ်သင် ပယ်ထွင်တော် မူပြီး
ထသော။ သံဃဥ္စ၊ သီလဝန္တံ ကလျာဏ
ပုထုဇဉ်နှင့် တကွရှစ်ယောက်သော အရိ
ယာသာသင်္ဃာတော်မြတ်အပေါင်းကိုလည်း
အဟံ။ ကျောင်းထိုင်နာယက ဓမ္မကထိက
အာသဘဟု။ ပညတ်မှည့်ခေါ် ဘုရားတ
ပည့်တော်သည်၊အဘိဝန္ဒိယအဘိဝန္ဒာမိ
ရှိသေစွာရှိခိုးပါ၏။ အဘိဝန္ဒိယ- အဘိ
ဝန္ဒိတွာ ရှိသေစွာ ရှိခိုးပြီး၍။ဗုဒ္ဓမာနေဟိ
ဘုရားသခင်အား။ ယုံကြည် အား ကိုး။
မြတ်နိုးလေ့ ရှိကုန်သော ဗုဒ္ဓမာမကာ။
ဥပသကာအပေါင်း သူတော်ကောင်းတို့
သည်။ ယာစိတော၊ ရှေးရှု ညွှတ်ပျောင်း။
တောင်းပန်အပ်သည်ဖြစ်၍။ ဝါ-တောင်း
ပန်အပ်သောကြောင့်။ ဝါ- တောင်းပန်
အပ်သော အဟံ။မန္တလေးဆရာတော်ဟု
သညာပျံ့ဖြူး အမည်ထူးရှိသော ငါမ
ဟာထေရ်သည်။ ဝိမတိံ။ ယုံမှားခြင်းကို၊
အနုဗ္ဗရွန္တော။ အကြောင်း အားလျော်စွာ
ပယ်ဖြတ်လျက်။ ဝါ-ပယ်ဖြတ် လိုသည်
ဖြစ်၍ နာနာနယေန။အထူးထူးသောနည်း
အပေါင်းနှင့်၊ ဝါ၊ ပါဠိတော်အစ။ သမိုင်း
ကျောက်စာအဆုံးရှိသော နည်းအစုံ အ
ကုန်ပေါင်းခြင်းနှင့်။ သံပုဏ္ဏံ။ကောင်းစွာ
ပြည့်စုံထသော။ စေတိယ ပကာသနိံ။
စေတီတို့အပြား စေတီတို့နှင့် စပ်သော
စကားဟူသမျှတို့ကိုပြရာ ပြကြောင်းဖြစ်
သော အကြောင်း နိမိတ် ဗျူပ္ပတ္တိ
ဟိတ်ကြောင့် စေတိယ ပကာသနီ သညီ
မည်ဆန်း။ဤစာတန်းကို။ ကာလံ၊ကရိဿံ
ဘော်ပြထုတ်နုတ် ဥာဏ်စွမ်းအုပ်၍အား
ထုတ်ရေးသား စီရင်ပေအံ့သတည်း။ ။

(ဤကား ပဏာမနိဒါန်း ဂါထာပါဌ်အနက်)

ဝိမိအကျိုးစီးပွား သူတပါးတို့၏ အကျိုးစီးပွား။ ရတနာသုံးပါးတို့၏ အကျိုးစီးပွားတို့ကို နှလုံးထားခြင်းသည်။ ယောနိသော မနသိကာရ။ စိတ်ကောင်းထားသည်မည်၏။ ထိုစိတ်ကောင်း ထားခြင်းသည်။ အနဝဇ္ဇသုခ ဝိပါက လက္ခဏာ ရှိသော ကုသိုလ် တရားကို ဖြစ်ပွားစေတတ်၏။

ထိုကုသိုလ်တရား၏ အကြောင်းရင်း ပဒဋ္ဌာန်ကေန်ပင်ဖြစ်လေ၏။ယောနိသော မနသိကာရ မူလ အ ရင်း ခံ ကြောင့် ဖြစ်သော ထိုကုသိုလ်ကံသည်။ ကမ္မနိယာမ ဖြစ်၍။ အလိုရှိအပ်သော ကောင်းသော အကျိုးကိုသာပေးလေ၏။ ။

အလိုမရှိအပ်သော မကောင်းသော အကျိုးကားတခါတခါမျှမပေး ထိုကြောင့် ယောနိသော မနသိကာရအားဖြင့် နှလုံးထားသော ပုဂ္ဂိုလ်အား မဖြစ်သေးသော ကုသိုလ်တရားတို့သည် ဖြစ်ပွားတိုးတက်လေကုန်၏။ ဖြစ်ပြီးသော အကုသိုလ်တရားတို့သည်။ ကင်းစင်ပပျောက်ကုန်၏။

ဝိမိ၏အကျိုးမဲ့၊သူတပါးတို့၏အကျိုးမဲ့၊ ရတနာသုံးပါးတို့၏ အကျိုးမဲ့ တို့ကို နှလုံးသွင်းထားခြင်းသည်၊ အယောနိသောမနသိကာရ။ (မကောင်းသောစိတ်ထားကို ထားသည်မည်၏။)

ထိုအယောနိသော မနသိကာရသည် သာဝဇ္ဇဒုက္ခ ဝိပါက လက္ခဏာ ရှိသော အကုသိုလ် တရား ကိုသာ ဖြစ်ပွား စေတတ်၏။ ထို အကု သိုလ် တရား၏ အကြောင်းရင်း ပဒဋ္ဌာန်-ကေန် ဖြစ်လေ၏။ အယောနိသောမနသိကာရ မူလအရင်းခံကြောင့်ဖြစ်သော ထိုအကုသိုလ်ကံသည် ကမ္မနိယာမဖြစ်၍ အလိုမရှိ အပ်သော မကောင်းသောအကျိုးကိုသာပေးလေ၏။ အလိုရှိအပ်သော ကောင်းသော အကျိုးတို့ကိုကား၊တခါတခါမျှမပေး။ထိုကြောင့် အယောနိသော မနသိကာရ အားဖြင့် နှလုံးသွင်း ထားမိသော ပုဂ္ဂိုလ် အား၊ မဖြစ်ပွားသေးသော အကုသိုလ်တရားတို့သည်။ ဖြစ်ပွား ကပ်ရောက် လေကုန်၏။ ဖြစ်ရောက်ပြီးသော ကုသိုလ် တရားတို့သည်။ ဆုတ်ယုတ်ပျက်ပြား လေကုန်၏။ ဤတရား ၂-ပါးတို့သည် ကုသိုလ်ကံ-အကုသိုလ်ကံ ကောင်းကျိုး၊ မကောင်းကျိုး သုဂတိ၊ ဒုဂ္ဂတိ၊ သုခ၊ ဒုက္ခ တို့ ပွားခြင်း။ ဆုတ်ယုတ်ခြင်းတို့၏အကြောင်းရင်းမူလ ဘုရား အလို တော်ကျ၊ သဘာဝ ဖြစ်ကြောင်းကို ကောင်းစွာမှတ်သားအပ်ကုန်၏။

ဤကား ပိဋကတ်သုံးပုန် အကျဉ်းရုံး၍ ဟောတော်မူအပ်သော အကျဉ်းဆုံးမှတ်သားဘွယ် အင်္ဂုတ္တိုလ် သင်္ခေပ ကထာ ပရိယ္တေ္တဒကထာတည်း။ ။

ယင်းသို့ ပြဆိုအပ်ခဲ့ပြီးသော သင်္ခေပ ဝိနိစ္ဆယ အဋ္ဌအင်္ဂုတ္တိုလ်ကို ဤသို့ ပြဆိုလတံ့သော ပါဠိတော်အဋ္ဌကထာဋီကာ အနု၊ မရလက်သန်း။ မဟာဝင် စသော ကျမ်း ဂန္ထန္တရ။ မြန်မာရာဇဝင်။တလိုင်းရာဇဝင်။ သထုံရာဇဝင်၊ သမိုင်း-အစောင်စောင်၊ ကျောက်စာအစောင်စောင်တို့ဖြင့်

ကောင်းစွာသိအပ်မှက်အပ်ကုန်၏။ ယော နိသော မနသိကာရေတော ဘိက္ခဝေ အနုပ္ပန္နာစေဝ၊ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ။ ဥပ္ပန္နာစ အကုသလာဓမ္မာ ပဟီယန္တိ။ ။

(အင်္ဂုတ္တရ ပါဠိတော်)

အယောနိသော မနသိကာရေတော ဘိက္ခဝေအနုပ္ပန္နာစေဝ အကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ။ ဥပ္ပန္နာစ ကုသလာ ဓမ္မာ ပဟီယန္တိ။ ။

(၎င်းအင်္ဂုတ္တရ ပါဠိတော်)

ဘိက္ခုဝေချစ်သားရဟန်းတို့ ယောနိသော အသင့်အားဖြင့်။ ဝါ အကြောင်းအားဖြင့် မနသိကာရေတော။ နှလုံးသွင်းထားသော ပုဂ္ဂိုလ်အါးအနုပ္ပန္နာစေဝမဖြစ်သေးသည် သာဖြစ်ကုန်သောကုသလာဓမ္မာကုသိုလ် တရားတို့သည်ဥပ္ပဇ္ဇန္တိဖြစ်ကုန်၏ဥပ္ပန္နာစ ဖြစ်ပြီးသည်လည်း ဖြစ်ကုန်သော အကု သလာဓမ္မာ အကုသိုလ် တရားတို့သည်။ ပဟီယန္တိ။ ကင်းစင်ပပျောက်ကုန်၏။ ။

ဤပါဠိတော်မြတ်ဖြင့်။ယောနိသောမ နသိကာရကြောင့်။ကုသိုလ်တရားတို့သာ တိုးပွါးသောအဖြစ် အကုသိုလ်တရားပယ် ရှားပပျောက်သော အဖြစ်တို့ကို စင်စစ် မှချပြတော်မူသည်။ ။

ဘိက္ခုဝေ။ချစ်သားရဟန်းတို့။အယော နိသော။ မသင့် မတင့်သောအားဖြင့်။ ဝါ အကြောင်းမဟုတ်သောအားဖြင့်။ မနသိ ကာရေတော။ နှလုံးသွင်း ထားမိ သော။ ပုဂ္ဂိုလ်အား။ အနုပ္ပန္နာစေဝ။ မဖြစ်သေး သည်သာဖြစ်ကုန်သောအကုသလာဓမ္မာ အကုသိုလ် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ။ ဖြစ်ကုန်၏။ ဥပ္ပန္နာစ။ဖြစ်ရောက်ပြီးသည် လည်း ဖြစ်ကုန်သော ကုသလာ ဓမ္မာ။ ကုသိုလ်တရားတို့ သည်။ ပဟီယန္တိ။ ကင်းစင်ပပျောက်ကုန်၏။ ။

ဤပါဠိတော်မြတ်ဖြင့်၊အယောနိသော မနသိကာယကြောင့်။ အကုသိုလ် တရား တို့သာ တိုးပွားသောအဖြစ်။ ကုသိုလ်တ ရားပယ်ရှားပပျောက်သောအဖြစ်ကို စင် စစ်မှချပြတော်မူသည်။ ယောနိသော မန သိကာယော ဘိက္ခဝေ မဟာတောအတ္ထာ ယ သံဝတ္တတိ၊ ။အယောနိသောမနသိ ကာရော ဘိက္ခဝေ မဟာတောအနတ္ထာယ သံဝတ္တတိ။ ။

(အင်္ဂုတ္တရ ပါဠိတော်)

ဘိက္ခဝေ။ ချစ်သားရဟန်းတို့။ ယော နိသော။ အသင့်အားဖြင့်။ဝါ-အကြောင်း အားဖြင့်။ မနသိကာရော၊ နှလုံးသွင်းထား ခြင်းသည်။ မဟာတော၊ များစွာသော။ အတ္ထာယ။ တမလွန် ပစ္စုပ္ပန်နှစ်တန်သော ဘဝတို့၌ အကျိုးစီးပွား များ ခြင်းငှာ။ သံဝတ္တတိ။ ဖြစ်၏။ ။

ဤပါဠိတော်ဖြင့်၊ ယောနိသောမနသိ ကာရသည် အကျိုးစီးပွားမဲ့ကို မဖြစ်စေ။ အကျိုးစီးပွားကိုသာ ဖြစ်စေတတ်သော အဖြစ်ကို စင်စစ်မှချပြတော်မူသည်။ ။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့၊ အယောနိသော။ မသင့်-မတင့်သော အားဖြင့်။ ဝါ- အကြောင်း မဟုတ် သောအားဖြင့်။ မနသိကာရော။ နှလုံးသွင်းထားမိခြင်းသည်။ မဟတော။ များစွာသော။ အနတ္ထာယ။ တမလွန်ပဌ္ဌပွန်နှစ်တန်သောဘဝတို့၌ အကျိုးစီးပွားခဲ့ခြင်းငှာ။ သံဝတ္တတိ။ ဖြစ်ရ၏။ ။

ဤပါဠိတော်မြွက်တို့ဖြင့်၊ အယောနိသောမနသိကာရသည်။ အကျိုးစီးပွားကို မဖြစ်ပွားစေတတ်။ အကျိုးစီးပွားမဲ့ကိုသာ ဖြစ်ပွားစေတတ်သော။ အဖြစ်ကို။ စင်စစ် ရချပြတော်မူသည်။ ။ ယင်း ပါဠိတော်မြွက်ကိုနယဂ္ဂါဟ ပြုသဖြင့်ကုသိုလ်ကံ။ အကုသိုလ်ကံ တို့သည်။ ယောနိသော မနသိကာရ၊ အယောနိသောမနသိကာရတို့နှင့် စပ်၍ ဖြစ်ခြင်း ရှိကုန်သည်။ အကြောင်းရင်း ပဒဋ္ဌာန်ရှိကုန်၏ ဟူ၍အဋ္ဌသာလိနီ အဋ္ဌကထာ၊ အင်္ဂုတ္တရ အဋ္ဌကထာ၊ စသော များစွာသောကျမ်းတို့၌ ကောင်းစွာထုပ်ဘော်ဖွင့်ပြတော်မူကုန်၏၊ ဤကား ယောနိသော မနသိကာရ၊ အယောနိသောမနသိကာရတို့၏။ အကျိုးကို ပြရာ ပြကြောင်းဖြစ်သောကဏ္ဍ ပရိဒ္ဒေဒကထာတည်း။ ။

ပုဗ္ဗေကတ ပုညတာ ခံတတ် ကြောင့်၊ ပဋိရူပ ဒေသဝါသစက်သည် ဖြစ်လေ၏။ ပဋိရူပဒေသဝါသစက်ကြောင့် သပ္ပုရိသ သံသေဝစက်သည်ဖြစ်လေ၏။ သပ္ပုရိသ သံသေဝ စက်ကြောင့် အတ္တသမာ ပဏိဓိစက်သည်ဖြစ်လေ၏။ ဤသို့အကြောင်း အကျိုးစပ်၍ဟောတော်မူအပ်သောစက် လေးပါးတို့တွင်။ အတ္တသမာ ပဏိဓိစက်၌ ယောနိသော မနသိကာရ ဒါနသီလ၊ ဘာဝနာတို့သည် ပါဝင်သည်၏ အဖြစ်ကြောင့်၊ ယောနိသောမနသိကာရသည်။ သပ္ပုရိသသံဝေသစက်ကြောင့်ဖြစ်၏ဟူ၍ အဝိနာဘာဝနည်းအားဖြင့်မှတ်သားအပ်ကုန်၏။ သပ္ပုရိသသံဝေစက်ကြောင့်ဖြစ်၏။ ဟူပြားသော်လည်း၊ သပ္ပုရိသ သံသေဝ မတ္တဖြင့်ဖြစ်သည် မဟုတ်သေး။ သပ္ပုရိသ၏ ဟောပြောပြသ သဒ္ဓမ္မသဝန ကြောင့်သာ ဧကန်ဖြစ်သည်ဟု သန္နိဋ္ဌာန် ကျ ရချဆတ်ဆတ်မှတ်အပ်ကုန်၏။

သဒ္ဓမ္မ သဝနကြောင့် ယောနိသောမနသိကာရ ဧကန္တဖြစ်သော်လည်း။ တည်တတ်သော ထောပတ်သည် တည်ရာဖြစ်သော အိုးခွက်တို့နှင့် မကင်းရာ သကဲ့သို့။ သဒ္ဓမ္မသည်လည်း။ သပ္ပုရိသနှင့် မကင်းရာသည်ဖြစ်၍၊ သပ္ပုရိသ သံသေဝ စက်ကြောင့်။ ယောနိသော မနသိကာရ ဖြစ်ကြောင်းကိုဟောတော်မူသည်ဟု ဝရဇိန် တန္တိဥာဏ်စက္ခုဖြင့် ရှုမျှော် မှတ်သားအပ်ကုန်၏။ သဒ္ဓမ္မသဝနကြောင့် ဧကန္တ ဖြစ်သော သဘာဝယုတ္တိကိုလည်း။ ။ စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ မနုဿ ဘူတဿ ဗဟုပကာရာ ကတမေ စတ္တာရော သပ္ပုရိသ သံသေဝေါ သဒ္ဓမ္မသဝနံယော

နိသော မနသိကာရော ဓမ္မာနု ဓမ္မပဋိပတ္တိ ဣမေခေါ ဘိက္ခဝေစတ္တာရော ဓမ္မာမနုဿ ဘူတဿ ဗဟုပကာရာ။ ။ဟူ၍ဟော တော်မူအပ်သော အင်္ဂုတ္တရ ပါဠိတော် အာဂမယုတ္တိဖြင့် ကောင်းစွာသိမှတ်အပ် ကုန်၏။ ယင်းပါဠိတော်၏ အနက်ကား ထင်ရှားသိသာပြီ။ ။

ဤပါဠိတော်မြတ်၌။သပ္ပုရိသသံသေဝကြောင့် သဒ္ဓမ္မဿဝနဖြစ်သည်။ သဒ္ဓမ္မဿဝနကြောင့် ယောနိသောမနသိကာ ဖြစ်သည်။ ယောနိသောမနသိကာရကြောင့် ဓမ္မာနု ဓမ္မပဋိပတ္တိ ဖြစ်သည်ကို ဟောတော်မူသည်မှတ်။ ယင်းသို့ အကြောင်း အကျိုးစပ်၍။ ဟောတော်မူအပ်သောပါဠိတော်မြတ်ကိုနယဂ္ဂါဟပြုသဖြင့်၊နေတ္တိ အဋ္ဌကထာ၊ အင်္ဂုတ္တရ အဋ္ဌကထာ။မဏိသာရ မဉ္ဇူဋီကာ·မဏိဒီပ စသောကျမ်း တို့၌။ ပုဗ္ဗေစကတပုညတာပဋိရူပဒေသဝါသ သဒ္ဓမ္မဿဝန စသည် တို့ကြောင့်။ ယောနိသော မနသိကာရ ဖြစ်ကြောင်း များကို ဖွင့်တော်မူအပ်ကုန်၏။ ဤကား ယောနိသောမနသိကာရ၏အကြောင်းကို ပြရာ ပြကြောင်းဖြစ်သောယောနိသောမနသိကာရ ဟေတုကထာ။ ပရိစ္ဆေဒကထာ တည်း။ ။

ကုသလာ ဓမ္မာ။ အကုသလာဓမ္မာ။ ။ ဓမ္မသင်္ဂဏီ ပါဠိတော်။ ။ အနက်ကား ထင်ရှားသိသာပြီ။ ။ဤပါဠိတော်မြတ်ဖြင့် အကုသိုလ်နှင့် မရောနှောသော ကုသိုလ် လည်းတပါး။ ကုသိုလ်နှင့် မရောနှော အကုသိုလ် လည်း တပါး ဟူ၍ ပြတော်မူ သည်။ ။ အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသလာသာဝဇ္ဇဒုက္ခဝိပါကလက္ခဏာအကုသလာရင်းပါဠိတော်အဖွင့်အဋ္ဌသာလိနီ အမည်ရှိသော ဓမ္မသင်္ဂဏီ အဋ္ဌကထာ ပါဠိ၌။အနဝဇ္ဇသုခ ဝိပါက လက္ခဏာ။ အပြစ်မရှိကောင်းသော ချမ်းသာသော အကျိုးကိုပေးခြင်း လက္ခဏာ ရှိကုန်သော သဘောတရားတို့သည်။ ကုသလာ ကုသိုလ်မည်ကုန်သည်။ ဟောန္တိ ဖြစ်ကုန် ၏။ ။

သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ။အပြစ် နှင့်တကွ မကောင်းသော ဆင်းရဲသောအ အကျိုးကို ပေးခြင်း လက္ခဏာရှိကုန်သော သဘော တရားတို့သည်။ အကုသလာ။ အကုသိုလ်မည်ကုန်သည်။ ဟောန္တိဖြစ် ကုန်၏။ ။ဤကား ရင်းအဋ္ဌကထာပါဠိ ၏ အနက်။ ။

ဤအဋ္ဌကထာ ပါဠိဖြင့်။ အပြစ်မရှိ သော ကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိကုန်သော သဘော တရားတို့ သည် ကုသိုလ်မည်သောအဖြစ်။ အပြစ် နှင့်တကွ မကောင်းသော အကျိုးကိုပေး ခြင်း လက္ခဏာရှိကုန်သောသဘောတရား တို့သည် အကုသိုလ်မည်သော အဖြစ်ကို စင်စစ်မချပြတော်မူသည်။အနဝဇ္ဇဝစနေ န အဝဇ္ဇဝိနာသန ဘာဝေါ ဒဿိတော။

ရင်းအဋ္ဌကထာအဖွင့် မူလဋီကာပါဠိ၌

အနဝဇ္ဇဝစ နေန။ အနဝဇ္ဇသဒ္ဒါဖြင့်။ အဝဇ္ဇဝိနာသန ဘာဝေါ အပြစ်ကိုဖျက်ဆီးတတ်သော အဖြစ်ကို။ ဒဿိတော။ ပြတော်မူတတ်၏။ ဤကားဋီကာပါဌ်၌ အနက်။ ဤဋီကာပါဌ်ဖြင့် အနဝဇ္ဇသဒ္ဒါဖြင့် ကုသိုလ်တရားသည် မိမိ၌ အပြစ်မရှိယုံ သာမက။ အပြစ်ဟူသမျှကိုလည်း ဖျက်ဆီးတက်သည်ဟု အဋ္ဌကထာ ဆရာ ပြတော်မူသောအဖြစ်ကို။ စင်စစ်မှချပြတော်မူသည်။ ။

တေနကုသလာကုသလာနံသာမညေ ဝိပါက ဓမ္မဘာဝေသုခဝိပါက ဝိပစ္စန သဘာဝံ ဒဿေတိ။ ။ ၎င်းအဋ္ဌကထာ၏ အဖွင့်။ မူလဋီကာပဌ်။ တေန-ထိုသုခဝိပါကသဒ္ဒါဖြင့် ကုသလာ-ကုသလာနံ။ ကုသိုလ်အကုသိုလ်တို့၏သာမညေ။ တူသော အဖြစ်ဟုဆိုအပ်သောဝိပါက ဓမ္မဘာဝေ အကျိုးပေးသော သဘော၏ အဖြစ်သည် သတိ။ ဖြစ်သော်လည်း သုခဝိပါကဝိပစ္စန သဘာဝံ။ ချမ်းသာသောအကျိုးကိုဖြစ်စေတတ်သော သဘောရှိသောအဖြစ်ကို ဒဿေတိ။ ပြတော်မူ၏။ ။ဤကား၎င်းဋီကာပါဌ်အနက်။ ။ဤဋီကာပါဌ်ဖြင့်။ အဋ္ဌကထာ ဆရာသည်။ သုခဝိပါက သဒ္ဒါဖြင့်။ အကုသိုလ်နှင့် အကျိုးပေးခြင်း သဘောတူသော်လည်း မကောင်းသော အကျိုးကို ဖျက်ဆီးတားမြစ်၍။ ကောင်းသောအကျိုးကိုသာဖြစ်စေတတ်သောသဘောရှိသော အဖြစ်ကိုစင်စစ်မှချပြတော်မူသည်ဟု ဖွင့်ပြတော်မူသည်။ ။ တတ္ထ ကုသလဿ ဣဋ္ဌဝိပါကဒါနံ အကုသလဿ အနိဋ္ဌဝိပါကဒါနန္တိ- အယံ ကမ္မနိယာမော။ ။သုတ်မဟာဝါ အဋ္ဌကထာပါဌ်။ ဓမ္မသင်္ဂဏီအဋ္ဌကထာစသည်တို့၌လည်း ၎င်းနည်းပင်လာသည်။ ။ တတ္ထ။ ထိုငါးပါးသော နိယာမတို့တွင်။ ကုသလဿ။ ကုသိုလ်ကံ၏။ ဣဋ္ဌဝိပါကဒါနံ။ အလိုရှိအပ်သော ကောင်းကျိုးကို ပေးခြင်း သည်။ ဟောတိဖြစ်လေ၏။ အကုသလဿ။ အကုသိုလ်ကံ၏။ အနိဋ္ဌဝိပါကဒါနံ။ အလိုမရှိအပ်သော မကောင်းသော အကျိုးကိုပေးခြင်းသည်ဟောတိဖြစ်လေ၏။ ဣတိအယံ ဤသည်ကား။ ကမ္မနိယာမော၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ မြဲသောသဘောသည်။ ဟောတိဖြစ်၏။ ။ဤကား ၎င်းအဋ္ဌကထာပါဌ်၏ အနက်။ ဤအဋ္ဌကထာပါဌ်ဖြင့်၊ ကုသိုလ်ကံ၏ ဣဋ္ဌဝိပါက မြဲသောအဖြစ်။ အကုသိုလ်ကံ၏ အနိဋ္ဌဝိပါက မြဲသောအဖြစ်ကို စင်စစ်မှချ ပြတော်မူသည်။ ။

ဤကား ကုသိုလ်ကံ အကုသိုလ်ကံ တို့၏ အကျိုးကိုပြရာပြကြောင်းဖြစ်သော ကမ္မဝိပါက ကထာ ပရိစ္ဆေဒ ကထာ တည်း။ ။

ဝိတ္ထာရကတဋ္ဌေန စေတိယံ ဟူသော ဝိနည်း အဋ္ဌကထာပါဌ်ဖွင့်ပြတော်မူအပ်သည်နှင့်အညီ။ အဓိအသေ ပူအပ်သော အနက်သဘောကြောင့်။ စေတိ မည်၏။

ထိုစေတီသည်။

၁။ ဗုဒ္ဓစေတီ။

၂။ ဓမ္မစေတီ။

၃။ သာဝက သံဃစေတီ။

၄။ ပစ္စေက ဗုဒ္ဓစေတီ။

၅။ စက္ကဝတ္တိ ဂဟဋ္ဌစေတီ အားဖြင့် ငါးပါးပြားသတည်း။ ထိုငါးပါးတို့တွင် ဗုဒ္ဓစေတီသည်လည်း။

၁။ ဓာတုသရီရစေတီ။

၂။ ပရိဘောဂစေတီ။

၃။ ဥဒ္ဒိဿစေတီ။ ဟူ၍ သုံးပါး ပြားသတည်း။ ထိုသုံးပါးတို့တွင်၊ ဥဒ္ဒိဿ စေတီသည်လည်း။

၁။ သဓာတုက ဥဒ္ဒိဿစေတီ။

၂။ အဓာတုက ဥဒ္ဒိဿ စေတီအားဖြင့် ၂ပါး သာဝက သံဃ စေတီသည်လည်း။ ဘိက္ခုစေတီ။ ပြားသတည်း။ ဘိက္ခုနီ စေတီ ဟူ၍နှစ်ပါးပြားသတည်း ပေါင်းစေတီ ကိုးပါးရှိ၏။ ။

ထိုကိုးပါးသောစေတီတို့တွင်။ ဓာတုစေတီယံ ပန ဓာတုယော နိဒဟိတွာက တံ။ ။ဟူသော သာရတ္ထဒီပနီဋီကာပါဠိ ဖွင့်ပြအပ်သည်နှင့်အညီ။ ဓာတ်တော်တို့ ကို ဌပနာ၍။ ပြုအပ်သောစေတီသည်။ ဓာတု သရီရစေတီမည်၏။ ။

ပရိဘုတ္တုပကာရဏာနိ နိဒဟိတွာ ကတစေတီယံ ပရိဘောဂစေတီ ယန္တိ ဒဋ္ဌဗ္ဗံ။ ။ ဟူသော ဋီကာပါဠိ ဖွင့်ပြ အပ်သည်နှင့်အညီ။ ဘုရားသခင်၏ အသုံး အဆောင်တို့ကို ဌပနာ၍ပြုအပ်သော စေ တီ သည်။ ပရိဘောဂ စေတီ မည်၏။ ဗောဓိပင်လည်း မြတ်စွာဘုရားသုံးဆောင် စံနေတော်မူရာဖြစ်၍ ပရိဘောဂ စေတီ မည်၏။ ။အယံ ပန၊ ပဘေဒေါ၊ ပဋိမာ ရူပဿပိ ဥဒ္ဒိဿက စေတီ ယေနေဝ သင်္ဂဟိတတ္တာ သုဋ္ဌုတရံ ယုဇ္ဇတိ။ဟူသော ဋီကာပါဠိ ဖွင့်ပြအပ်သည်နှင့် အညီ ရုပ်ပွား ဆင်းတုတော် အပေါင်း သည်။ ဥဒ္ဒိဿက စေတီမည်၏။ ။

ပဋိစ္စသမုပ္ပါဒါဒိလက္ခိတပေါတ္ထကေ နိဒဟိတွာကတံ ပန ဓမ္မစေတီယံ နာမ။ ။ ဟူသော ဋီကာပါဠိ ဖွင့်ပြအပ်သည် နှင့်အညီ။ ပဋိစ္စ သမုပ္ပါဒ် တရားတော်စ သည်တို့ကို ရေးထားရာ။ ပေစာသည်တို့ ကို ဌပနာ၍ ပြုအပ်သော စေတီသည်။ ဓမ္မစေတီမည်၏။ ။

သာဝကော ထူပါရဟော။ ။ဟူသော သုတ်မဟာဝါ ပါဠိတော်လာ သည် နှင့် အညီ။ ခီဏာသဝ အရဟန္တာ ဖြစ်သော- ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ဓာတ် တော်တို့ကို ဌပနာ၍ပြုအပ်သော စေတီ သည် သာဝက သံဃစေတီမည်၏။ ။

ပစ္စေက ဗုဒ္ဓေါ ထူပါရဟော။ဟူသော ဋီကာပါဠိတော်လာရှိသည်နှင့်အညီ၊ ပစ္စေ ကဗုဒ္ဓါတို့ဓာတ်တော်တို့ကို၊ ဌပနာ၍ပြု အပ်သောစေတီသည်။ ပစ္စေကဗုဒ္ဓါ စေ တီမည်၏။ ။

ရာဇစက္က ၀တ္တိ ထုပါရဟော၊ ။ဟူ
သော ၎င်းပါဠိတော်လာရှိသည်နှင့်အညီ
စကြာမင်းတို့ အရိုးကို ဌပနာ၍ ပြုအပ်
သောစေတီသည် စက္က ၀တ္တိ ဂဟာဌစေ
တီမည်၏။ ။

ဗုဒ္ဓစေတီ။ မွေစေတီ။သာ၀ကသံဃ
စေတီ။ ဂဟာဋ္ဌ စေတီအားဖြင့် လေးပါး
ပြားသည်ဟူ၍လည်းဆိုသင့်၏ဟုမှတ်။ ။
ကြွင်းသောစေတီတို့ကား။ထိုလေးပါး၌၊
အတွင်း၀င်ကုန်သတည်း။၌ကားစေတီ
တို့၏ သရုပ်သဘောကို ပြရာ ပြကြောင်း
ဖြစ်သော စေတီယ သရုပကာသပရိစ္ဆေ
ဒကထာတည်း။ ။

ထိုစေတီတို့တွင်လောကုတ္တရာ ၅စ်ပါး
အဓိသီလာဘရားတို့နှင့် ပြည့်စုံ သည်ဖြစ်၍
စက္က၀တ္တိ ဂဟဋ္ဌ စေတီထက် သာ၀ကသံ
ဃစေတီမြတ်၏။ သစ္စာလေးပါးတရားတို့
ကို မိမိအလိုလိုသိစွမ်းနိုင်သောဂုဏ်။ နှစ်
သင်္ချေနှင့်ကမ္ဘာတသိန်း ဖြည့်ကျင့်ရသော
ပါရမီ သမ္ဘာရ ဂုဏ်ကဲလွန်သည် ဖြစ်၍
သာ၀ကသံဃစေတီထက်။ ပစ္စေက ဗုဒ္ဓ
စေတီမြတ်၏။ ပစ္စေက ဗုဒ္ဓါတို့လည်း
သစ္စာလေးပါး တရားတို့ကို အလိုလိုသိ
ကုန်ငြားသော်လည်းအကြွင်းမဲ့ သိစေနိုင်
သည်မဟုတ်။ တစိတ်တဒေသကိုသာသိ
စွမ်းနိုင်သည်ဖြစ်၍ ဓမ္မာမိမဟုတ်၊ ဓမ္မသာ
မိလည်းမမည်။ ယင်းသို့ဖြစ်၍။ ပစ္စေက
ဗုဒ္ဓစေတီထက်၊ဓမ္မစေတီမြတ်၏။ ဓမ္မစေ
တီထက် ဗုဒ္ဓစေတီမြတ်၏ မြတ်ကြောင်း
ကို အမြတ်။ မြတ်သည်တို့ထက် အမြတ်။
အထူးသဖြင့်မြတ်သည်တို့ထက် အမြတ်
အစဉ်အားဖြင့် ဟောကြားတော်မူအပ်
သော သရဏဂုဏ်သုံးပါး အစဉ်အားဖြင့်
၎င်း။ ၎င်းနည်းဟောတော်မူအပ်သော
ဘုရားဂုဏ်။ တရားဂုဏ်၊သံဃဂုဏ်အစဉ်
အားဖြင့်၎င်း။ ငါ၏တရားဟူ၍။ ။ဓမ္မ
ဒါယမေ၊ ဘိက္ခဝေ ဘ၀ထို။မာအာမိသ
ဒါယာဒါ။ ။ဟု ဟောတော်မူသော ဓမ္မ
ဒါယဒ သုတ်ကို ထောက်သဖြင့်၎င်း။ ထို
သုတ်နှင့်အညီ။ ။ဓမ္မာနံသာမိ မွေသာမိ။။
ဓမ္မာနံ၊ တရားတို့၏။ သာမိ၊ အရှင်တည်း
ဓမ္မာသာမိ၊ တရားတို့၏အရှင်။ ။ဟူ၍ဖွင့်
ပြတော်မူအပ်သော မူလပဏ္ဏာသ အဋ္ဌ
ကထာ မူလဋီကာတို့ကို ထောက်သဖြင့်
၎င်း။ စက္ခုမာ ပနသမ္မာသမ္ဗုဒ္ဓေါ တေသံ
သဗ္ဗေသံပိ ဓမ္မာနံ ဒေ၀မနုဿာနံ ဗောဓါနံ
ဋ္ဌိပဒါနံ ပညတ္တာ ဤဿာနံ သေဋ္ဌော။ ။ဟူ၍
ဖွင့်ပြတော်မူအပ်သော။ အင်္ဂုတ္တိုရ်ဋီကာ
ကို ထောက် သဖြင့် ၎င်း။ ကောင်းစွာ သိ
အပ်မှတ်အပ်ကုန်၏။ ပန၊ပညတ်ပရမတ်
ယင်းနှစ်ရပ်ထက် မြတ်သည်ကို ဖွင့်ပြ
လိုက်ဦးအံ့။ စက္ခုမာ။ စက္ခု ငါးပါး ရှိ
တော်မူထသော။ သမ္မာ သမ္ဗုဒ္ဓေါ၊မြတ်
စွာဘုရားသခင်သည်။သဗ္ဗေသံ။ ခပ်သိမ်း
ကုန်သော၊ တေသံဓမ္မာနံ။ ထိုပရမတ္ထတ
တရားတို့ထက်၎င်း။ ဒေ၀မနုဿာနံ ဗော
ဒနံ၊ နတ်လူစသည်အပြား ရှိကုန်သော။
ပညတ္တာနံ။ပညတ်အနက် ဖြစ်ကုန်သော
ဋ္ဌိပဒါနံပိ အခြေ နှစ်ချောင်း ရှိသော
သတ္တဝါတို့ထက်၎င်း။ သေဋ္ဌော၊ မြင့်မြတ်

အပ် မြတ်တော် မူသည်၊ ဟောတိ။ဖြစ်လေ၏။ ။

ဤကားအဘိဓာန်ဋီကာ ပါဠိ၏ အနက်။ ။ဤဋီကာပါဠိဖြင့် သင်္ခတ-အသင်္ခတအားဖြင့် ပြားသော ပရမတ္ထ အနက် လူစသည်ပြားသော ပညတ္တ အနက်တို့ထက်၊ သမ္မာ-သမ္ဗုဒ္ဓအမည်တော်ရသော မြတ်စွာဘုရား သခင်သည်၊ ထူးကဲလွန်မြတ်သောအဖြစ်ကို၊ စင်စစ်မချပြတော်မူသည်။ မိမိတို့အစိုးရ၍ သင်္ခတဖြစ် ထိုက်သော အိမ်ကျောင်း- လယ်-ဥယျာဉ် စသည်တို့ကိုသာ ငါ၏အိမ်၊ ငါ၏ ကျောင်း။ ငါ၏ လယ်၊ ငါ၏ဥယျာဉ်၊ စသည်ဆိုရ သင်္ခတ ပြုရသဖြင့်၊ ဥတ္တာသင်္ခတထက် သာမိ ဖြစ်သော အရှင်သာမြတ်သကဲ့သို့၊ငါ၏ တရားဟု-ဟောတော်တော်မူသောအခါ၊ ဓမ္မဒါယဒသုတ် ဒေသနာဖြင့်။ ၎င်းတရားတို့၏ အရှင်ဟု။ ဓမ္မာနံသာမိ။ ဓမ္မသာမိ။ မိန့်ရှိ ဝစနတ် မူလပဏ္ဏာသ အဋ္ဌကထာ မူလဋီကာ ပါဠိဖြင့်၎င်း။ သင်္ခတဖြစ်သော တရားတော်ထက်သာမိဖြစ်သော ဘုရားရှင် မြတ်သော အဖြစ်တို့လည်း။သန္နိဋ္ဌာန်ကျကြောင်းသိအပ်မှတ်အပ်ကုန်၏။ ဤဓမ္မသာမိဟူသော ပုဒ်၌။ နေတ္တိအဋ္ဌကထာဝယ်။ ဓမ္မေန သာမိ။ ဋမ္မာသာမိ။ နဓမ္မာနံသာမိ ဟူ၍။ တရားကြောင့်။သတ္တဝါတို့အရှင်ဖြစ်ကြောင်းတရားတို့၏ အရှင်မဟုတ်ကြောင်းနှင့်။ တတိယာ တပ္ပုရိသ် သမာသ်ဝစနတ္ထကို ဖွင့်ပြတော်မူ၍။ ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထမဖြစ်သင့်ဟု။ ဖြစ်တားတော်မူလေသည်။ ထိုသို့ပင်ဖြစ်တားငြားသော်လည်း ငါ၏တရားဟု။ ဓမ္မဒါယာဒါမေဘိက္ခဝေစသည်တို့ဖြင့် ဟောတော်မူအပ်သော ဓမ္မဒါယာဒ သုတ်ပါဠိတော်နှင့်လည်းမညီ။ အနက်အဓိပ္ပါယ်လည်း ဂမ္ဘီရယုတ္တ မဖြစ်။ ဓမ္မာနံသာမိ-ဓမ္မသာမိ။ ဖွင့်ပြတော် မူအပ်သော။ မူလပဏ္ဏာသ အဋ္ဌကထာ မူလဋီကာဆရာတို့၏၊ ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ်သည်သာ ဓမ္မာဒါယာဒသုတ် ပါဠိတော်နှင့် ညီညွတ်သည်ဖြစ်၍။ အတ္ထ အဓိပ္ပါယ။ ဂမ္ဘီရယုတ္တ ဖြစ်ကြောင်းကို သန္နိဋ္ဌာန်ကျ မချ ဆပ် ဆပ် မှတ် ယူအပ်၏။

ဗုဒ္ဓစေတီသုံးပါးတို့တွင်လည်းဥဒ္ဒိဿစေတီမှာမြတ်ဘုရားသခင်အားခွင့်ပန်လျှောက်၍။ လူနတ်တို့ ကိုးကွယ်ခြင်းငှာ။ ပြုလုပ်အပ်သောစေတီဖြစ်သည်။ပရိဘောဂစေတီမှာ။ မြတ်စွာဘုရားကိုယ်တော်တိုင်သုံးဆောင်တော် မူအပ်သော ဝတ္ထု ဖြစ်၍။ ဥဒ္ဒိဿ စေတီထက်။ ပရိဘောဂ စေတီမြတ်၏။ ပရိဘောဂစေတီမှာ မြတ်စွာဘုရား၏ အဇ္ဈတ္တကိုယ်တော်မှအပဖြစ်သော ဝတ္ထုဖြစ်၍။ ဓာတုသရီရ စေတီမှာမြတ်စွာဘုရား၏ အဇ္ဈတ္တကိုယ်တော်၏အတွင်း၌ ဖြစ်သည်၏ အဖြစ်ကြောင့်။ ပရိဘောဂစေတီထက် ဓာတုသရီရစေတီမြတ်၏။ ။ ဝိဘင်း အဋ္ဌကထာ၌ကား။ ။ ပရိဘောဂစေတီယတော ဟိ သရီရစေတီယံ မဟန္တတရံ။ ။ ဟူ၍ပရိဘောဂ စေတီ

ထက်။ ဓာတုသရိရ စေတီ မြတ်ကြောင်းမျှကိုသာ ဖွင့်ပြတော်မူသည်။ သာရတ္ထသင်္ဂဟာ အဋ္ဌကထာ၊ တောရသကဏ်နှုံတို့၌လည်း ဝိဘင်းအဋ္ဌကထာ ဖွင့်ပြသည် အတိုင်းသာ။ ဖွင့်ပြတော်မူကြကုန်သည်။ အဘယ်။ အကြောင်းကြောင့်။ မြတ်သည်ဟု ဖွင့်ပြတော်မမူကြကုန်၊ ဘုရားသခင်၏အာဘောဂပညာရှိတို့ ထုံးနည်းကြ၊ ယုတ္တိ သဘာဝကို ထောက်ဆ၍၊ ယခင်ပြဆိုခဲ့ပြီးသော၊ အကြောင်းကြောင့်မြတ်သည် ဟူ၍။ ဉာဏ်စက္ခု ရှေးသွားဖြင့် မှတ်သားအပ်ကုန်၏၊ ၊ဟိသဒ္ဒေါ။ ထို စကားသည်မှန်၏။ ပရိဘောဂစေတီယတော ပရိဘောဂစေတီဖြစ်သော။ ဗောဓိပင်ထက် သရီယ စေတီယံ၊သရိရဓာတ်စေတီသည် မဟန္တတံ မြတ်သည်တို့ထက်မြတ်သည် ဟောတိ။ ဖြစ်လေ၏။ ဤကား ၎င်းအဋ္ဌကထာပါဠိ၏အနက်။ ။သာဝက သံဃစေတီ နှစ်ပါးတွင်လည်း၊ ဘိက္ခုနီစေတီထက်။ ဘိက္ခုစေတီ မြတ်သည်ဟု မှတ်။ ။ဤဆိုအပ်ခဲ့ပြီးသည်ကား ဥက္ကဋ္ဌ ဥက္ကဋ္ဌတရ၊ ဥက္ကဋ္ဌတမ တို့ကို၊ ပြရာ ပြကြောင်းဖြစ်သောစေတီယဥက္ကဋ္ဌကထာပရိစ္ဆေဒကထာတည်း။ ။

ထိုကိုးပါးသော စေတီတို့တွင် စက္ကဝတ္တိ ဂဟဋ္ဌစေတီထက်။ သာဝက သံဃစေတီသည့် ၏ အဖြစ်ကြောင့် သာဝကသံဃ စေတီကို စောင့်ရှောက်ခြင်း၄ါ စက္ကဝတ္တိ ဂဟဋ္ဌစေတီကို ဖျက်ဆီးပယ်ရှားအပ်၏။ ထိုနည်း တူစွာဓမ္မစေတီကို စောင့်ရှောက်ခြင်း၄ါး သာဝကသံဃစေတီ ကိုဖျက်ဆီးပယ်ရှားအပ်၏။ ဗုဒ္ဓစေတီကို စောင့်ရှောက်ခြင်း၄ား။ ဓမ္မစေတီကို ဖျက်ဆီးပယ်ရှားအပ်၏။ ဗုဒ္ဓစေတီ သုံးပါး တွင်လည်း။ ပရိဘောဂစေတီကိုစောင့်ရှောက်ခြင်း၄ါ။ ဥဒ္ဒိဿစေတီကို ဖျက်ဆီးပယ်ရှားအပ်။ ဓာတုသရိရ စေတီကို စောင့်ရှောက်ခြင်း၄ါ၊ပရိဘောဂစေတီကိုဖျက်ဆီးပယ်ရှားအပ်၏၊ဓာတုသရိရစေတီကိုကား။ မိမိထက် မြတ်သော စေတီမရှိသည့်၏အဖြစ်ကြောင့်။ တပါးသောစေတီဟူသော အကြောင်းကြောင့်။ မဖျက်ဆီးအပ်။ ငါးပါးသောအကြောင်းတို့ကြောင့်သာ။ ဖျက်ဆီးပယ်ရှားအပ်၏။ ပရိဘောဂစေတီစသောငါးပါးသောစေတီတို့ကိုကား။ ခြောက် ပါးသော အ ကြောင်းကြောင့်ဖျက်ဆီးပယ်ရှားအပ်ကုန်၏ပစ္စေက ဗုဒ္ဓစေတီမှါသာသနာတော်ပ ကာလ၌သာ ဖြစ်ပေါ်သည် ဖြစ်၍။ ဗုဒ္ဓ-ဓမ္မ-သံဃစေတီတို့နှင့်။ ထိုက်ဘွယ်မရှိသည့်၏ အဖြစ်ကြောင့်။ စေတီခြင်းထောက်၍ ဖျက်ဆီးသင့်သောအရာ၌။ ထည့်သွင်း၍ မဆိုသင့်သည်ဟုမှတ်။ ။ ပစ္စေကဗုဒ္ဓ စေတီကိုလည်း။ ဓာတုသရိရစေတီကဲ့သို့။ အကြောင်းငါးဖြင့် ဖျက်ဆီးသင့်သောအဖြစ်ကိုလည်း။ စင်စစ်မချဖကောန္တမှတ်အပ်ကုန်၏။ (အကြောင်းငါးပါး ခြောက်ပါးတို့ကိုလည်း။ နောက် ဆိုလတံ့သော နာသနကထာတို့၌။အကျယ်ထင်ရှားစွာပြလတံ့)

ကာမာဝစရစိတ် ထက်မြတ်သောကြောင့် ရူပါဝစရစိတ်ကို ဥက္ကဋ္ဌအမြတ်။ ရူပါဝစရစိတ်ထက်မြတ်သောကြောင့်။ အရူပဝစရစိတ်ကိုဥက္ကဋ္ဌတရ မြတ်သည်ထက် အမြတ်။ အရူပဝစရစိတ်ထက် မြတ်သောကြောင့်။ လောကုတ္တရာစိတ်ကို ဥက္ကဋ္ဌ တမ။ အထူး သဖြင့် အမြတ် ဟူ၍၊ အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာ၌ ဖွင့်ပြအပ် သကဲ့သို့။ စေတီကိုးပါးတို့၌ လည်း။ ရူပါဝစရ။ အရူပဝစရ၊ လောကုတ္တရာတို့၌ ကဲ့သို့ အယုတ်မရှိ၊ ဥက္ကဋ္ဌ-ဥက္ကဋ္ဌတရ-ဥက္ကဋ္ဌတမ။ စသည်တို့ဖြင့်။ ဆင့်ကဲ ဆင့်ကဲ။ မြတ်သော အဖြစ်ကိုလည်း စင်စစ်မချ ကောင်း မှတ်သားအပ်ကုန်၏။ ။ မိမိထက် မြတ်သော စေတီကိုစောင့်ရှောက်ခြင်းငှာ။ ထိုစေတီထက် မမြတ်သော စေတီတို့ကို ဖျက်ဆီးပယ်ရှား အပ်ကြောင်းကိုလည်း။ ဤပြဆိုလတ္တံ့သော မြတ်စွာ ဘုရားသခင်၏။ နည်းနာပုံစံ ကျမ်းဂန် စကားတို့ဖြင့် ထင်ရှားသိအပ် မှတ်အပ်ကုန်၏။ ။မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန် စံတော်မူခါနီးအခါ၊ ငါ၏ ညောင်ဗုဒ္ဓဟော ဗောဓိလကျ်ာ တောင်ကိုင်းသည် သီဟိုဠ်ကျွန်းသို့ပို့ခြင်း အကျိုးငှာ သီရိဓမ္မာ သောကမင်းမြတ် ဆေးဒါန်းမြင်းသီလာဖြင့် ရေးသားဖြတ်သည်ရှိသော် ပြတ်၍ ကျစေသတည်း။ မိန့်တော်မူခဲ့ကြောင်းမောဂ္ဂလိပုတ္တရဟန္တာမထေရ် မင်းကြီးအားဟောကြားတော်မူကြောင်းကို ပါရာဇိကကဏ် အဋ္ဌကထာဗောဓိဝင်မဟာဝင် ဂန္ထန္တရကျမ်းတို့၌လာသည်။ . ။ကကုသန်ဘုရားသခင်၏ ကုက္ကုဋိဗောဓိ။ ကောဏာဂုံဘုရားသခင်၏ရေသဖန်းဗောဓိ၊ ကဿပဘုရားသခင်၏ ပညောင် ဗောဓိလကျ်ာတောင်ကိုင်းတို့သည်လည်း။ ၎င်းဘုရား, ဘုရားသခင်တို့မိန့်တော်အားဖြင့် ပြတ်သည်ဟု သာရတ္ထဒီပနီ ဋီကာ ဒီပဝင် ဗောဓိဝင်၊ မဟာဝင် ဂန္ထန္တရကျမ်းတို့၌လာသည်။ ။

ဘုရားသခင်တို့အမိန့်တော်ကြောင့် ပြတ်သည်ဟု ဆိုရာ၌၊ ဘုရား သခင်တို့ကြောင့်ပြတ်သည် ဘုရားသခင်တို့ကြောင့်ပင်ပြတ်သည်ဟူသော အဓိပ္ပါယ်ကိုယူသင့်သည်ဟုမှတ်။ ။မိမိ၏ အလောင်းတော်ရုပ်ကလာပ်ကို စကြာမင်းတို့ကို သင်္ဂြိုဟ်သည်နည်း။ နံ့သာထင်းပုံထက် မီးဖြင့် သင်္ဂြိုဟ်ပြီးလျှင် ဓာတ်တော်တို့ကိုဆောင်ယူ၍ ခရီးလမ်းလေးခွ၌စေတီတည်ထားရမည် အကြောင်းကို ဘုရားသခင်ပင် အရှင်အာနန္ဒာအား မှာထား တော် မူခဲ့ကြောင်း အရှင်အာနန္ဒာ မထေရ်လည်း။ မြတ်စွာဘုရား မှာထားတော် မူသည်အတိုင်း။ မလ္လာမင်းတို့အားစန္ဒကူးနံ့သာထင်းတို့ဖြင့်၊ မီးသင်္ဂြိုဟ်စေ၍ဝေစုရဓာတ်တော်တို့ကို စတုမဟာပထ။ ခရီးလမ်းလေးခွ၌။ စေတီ တည်ထားခဲ့ကြောင်းတို့ကို သုတ်မဟာဝါ ပါဠိတော် မဟာရိနိဗ္ဗာန သုတ်၌လာသည်။ ဘုရားတဆူမှ တယောက်ထူးခြားပေါ်ပေါက်၍။ မောနေယျအကျင့်ကို ကျင့်စွမ်းနိုင်သောနာလက

မထေရ်သည်။ ဟိင်္ဂုလက တောင်၌ ပရိ
နိဗ္ဗာန်စံသည်ကို ငြိးမြွောက် ထိုက်သော
ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်၍။ မြတ်စွာဘု
ရား ကိုယ်တော် တိုင် သယ်ဘော် အ
ပေါင်းနှင့်တကွ ကြွသွားတော် မူပြီးလျှင်
မထေရ်၏အလောင်းတော်ရုပ်ကလာပ်ကို
သရီရဓာတ်တော်အလို့ငှါ၊ မီးဖြင့်သင်္ဂြိုဟ်
စေ၍။ ဓာတ်တော်တို့ကို။ ဆယ်ယူစေပြီး
လျှင်။ ထိုတောင်အနီးအပါး သတ္တဝါများ
တို့။ အစီးအပွား အလို့ငှါ စေတီ တည်
ထားစေပြီးမှ။ ပြန်လာတော် မူကြောင်းကို
သုတ္တနိပါတ်နာလကသုတ် အဋ္ဌ ကထာ
သာရတ္ထဒီပနီဋီကာတို့၌လာသည်။

ရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် စံရာ၌လည်း
ဓာတ်တော်အလို့ငှါ။ ရှင်မောဂ္ဂလာန် အ
လောင်းတော် ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်စေ
၍။ ဓာတ်တော်တို့ကို။ မြတ်စွာဘုရား စေ
တီတည်ထားစေကြောင်းကို။ သုတ်မဟာ
ဝါ။ အဋ္ဌကထာ၌ လာသည်။ ရှင်သာရိ
ပုတ္တရာ၊ ပရိနိဗ္ဗာန်စံရာ၌လည်းဓာတ်တော်
အလို့ငှာ ဘုရားသခင်၏ပုံစံနည်းနာကိုယူ
၍ အရှင်စုန္ဒမထေရ်သည်အလောင်းတော်
ရုပ်ကလာပ်တို့မီးသင်္ဂြိုဟ်ပြီးလျှင်။ ဓာတ်
တော်တို့ကို မြတ်စွာဘုရားထံသွား၍ဆက်
ကပ်ကြောင်း။ မြတ်စွာဘုရားသခင်လည်း
ရှင်သာရိပုတ္တရာ ဓာတ်တော်တို့ကို စေတီ
တည်ထား စေကြောင်း ကိုလည်း။ ၎င်း
သုတ်။ မဟာဝါ အဋ္ဌကထာ၌ပင်လာသည်
ရှင်မဟိန္ဒထေရ်သယ် မိတ္တ ထေရ်မတို့ ပရိ
နိဗ္ဗာန်စံရာတို့၌လည်း။ ထိုသီဟိုဠ်ကျွန်းကို
အစိုးရသော ဒေဝါနံပိယ-တိဿမင်း။ ညီ
တော်ဥတ္တရမင်းသည်။ မြတ်စွာဘုရား၏ပုံ
စံနည်းနာ။ ရဟန္တာရှင်စုန္ဒ၏ ပုံစံနည်းနာ
တို့ကို။ ကြားနာရ သည်ဖြစ်၍။ အလောင်း
တော်တို့ကို မီးသင်္ဂြိုဟ် ပြီးလျှင်။ ဓာတ်
တော်တို့ကို စေတီ တည်ထားကြောင်းတို့ကို
လည်း။ မဟာဝင် ဂန္ထိဋ္ဌိတာရ ကျမ်း၌။
လာသည်။ ။

ပါဠိ ပါဠိသရုပ်ကိုကား။ အလွန်များ
ပြားသည်ဖြစ်။ အကျယ်ကိုသာ ပဋ္ဌာနမပြု
သောအားဖြင့် ရေးသား ထုတ် ဆောင်
လိုက်သတည်း။ ။ ယင်းသို့ဘုရား သ
ခင်တို့ကိုယ်တိုင်ပင်။ သတ္တဝါတို့ အကျိုး
စီးပွားများစေခြင်းငှါ။ သမာဆန္ဒ ပြဋ္ဌာန်း
သော။ သမ္မာဝါယမ လုံ့လတော်ဖြင့် ပရိ
ဘောဂစေတီထိုက်သော။ မဟာဗောဓိပင်
ကြီးအစစ်ကိုပင်။ ပြတ်အောင်ပြုတော်မူခဲ့
ခြင်း။ ဓုဋ္ဌစေတီ၊ သာဝက စေတီ ထိုက်
သော။ မိမိအလောင်းတော် ရုပ်ကလာပ်
အစစ်။ သာဝကတို့အလောင်းတော် ရုပ်
ကလာပ်အစစ် တို့ကိုပင်။ သရီရ ဓာတ်
တော်အလို့ငှါ၊ မီးဖြင့်တိုက်ရေတော်မူစေ
ခြင်း။ ပုံစံနည်းနာတို့ကို ရဟန္တာကြီးများ
ထံမှ။ တဆင့်စကား အသေအချာ ကြား
နာရသည်၏အဖြစ်ကြောင့်၎င်း။ ဗောဓိပင်
ရိုက္ခာ။ ဓာတုဝင်မဟာဝင် ကျမ်းတို့ကို။
ငြုထင်ထင် တွေ့မြင် ရသည်၏ အဖြစ်
ကြောင့်၎င်း။ နောက်ပိုက်သော ဗောဓိပင်
ပွား။ ရုပ်တုတော်ပွားတို့မှာ သမာဆန္ဒ တာ

ရားဖြင့် အကြောင်းအားလျော်စွာ ပယ်ရှားသော အရာတို့၌၊ အဘယ် ဆိုဘွယ်ရာ ရှိတော့အံ့နည်းဟု။ နယဂ္ဂါဟ နည်းရစေခြင်းငှါ။ အကျဉ်းသဒ္ဒေပအားဖြင့်ပြတော်မူလိုသော မဟာဗုဒ္ဓဃောသ ဆရာသည်။ သဓာတုကံ ထူပံ ဝါ၊ ပဋိမံ ဝါ ဗာဓမာနံ၊ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ၊ သစေပိ တတ္ထနိလီနာ သကုနာစေတိယေ ဝစ္စံ ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ ပရိဘောဂ စေတိယတော၊ ဟိသရီရ စေတိယံ မဟန္တတရံ။ ။ ဟူ၍ဝိဘင်း အဋ္ဌကထာ၌။ ဖွင့်ပြတော်မူသည်။ ။ သာရတ္ထ သင်္ဂဟ အဋ္ဌကထာ ဝိနည်းဋီကာကြီးတို့၌လည်း ၎င်းနည်းအတိုင်းပင် ဖွင့်တော် မူကြကုန်သည်။ ဤပါဠိအနက် အဓိပ္ပါယ် တို့ကား။ အလွန်များပြား ကျယ်ဝန်းသည်ဖြစ်၍ သတိရှေးသွားဉာဏ်ဖြင့် စဉ်းစားလျှက်။ ပေါ်ပြလတံ့သော နည်းနာအနက်။ အဓိပ္ပါယ်များကို။ ကောင်းစွာမှတ်သား အပ်ကုန်၏။ ဟိယသ္မာ၊ အကြင်ကြောင့် ပရိဘောဂ စေတိယတော၊ ပရိဘောဂစေတီ ဖြစ်သော ဗောဓိပင်ထက်။ သရီရစေတိယံ မြတ်စွာဘုရား။ သရီရဓာတ် စေတီ တော်သည်။ မဟန္တတရံ။ အလွန်သဖြင့်မြတ်သည်-ဝါ- မြတ်သော စေတီတကာ တို့ထက်မြတ်။ သည်။ ဟောတိဖြစ်၏။ တသ္မာထိုသို့။ ပရိဘောဂ စေတီ။ ဗောဓိပင်ထက် မြတ်စွာဘုရား၏။ သရီရဓာတ် စေတီတော်မြတ်သည်၏ အဖြစ် ကြောင့်။ သဓာတုကံ မြတ်စွာဘုရား ဓာတ်တော်နှင့်တကွ ဖြစ်သော (ဝါ) မြတ်စွာဘုရား သရီရ ဓာတ်တော်ရှိသော၊ ထူပံ ဝါ သမုခါ၊ သမုခနှစ်ဝသော စေတီကိုရင်း။ ပဋိမံ ဝါ၊ မြတ်စွာ ဘုရား ရုပ်ပွားတော် ဆင်းတုတော်ကိုရင်း။ ဗာဓမာနံ၊ တားမြစ်နှိပ်စက် လာသော။ (ဝါ) လွှမ်းမိုးထိခိုက်လာသော ဗောဓိသာခံ။ ပရိဘောဂ စေတီဖြစ်သော ဗောဓိခက်ကို။ ဆိန္ဒိတုံ၊ ဖြတ်ပစ်ခြင်းငှါ။ ဝဋ္ဋတိ အပ်၏။ တတ္ထ။ ထိုဗောဓိခက်အကိုင်း၌။ နိလီနာ နားလာကုန်သော။ သကုနာ၊ ငှက်တို့သည်။ ဝစ္စံ၊ ကျင်ကြီးကို။ သစေပိပါတေန္တိ။ အကယ်၍မူလည်း ကျစေကုန်ငြားအံ့။ ဆိန္ဒိတုံ၊ ပယ်ဖြတ်ခြင်းငှါ။ (ဝါ) ဖြတ်ပစ်ခြင်းငှါ။ ဝဋ္ဋတိယေဝ အပ်သည်သာ တည်း

ဤကား ၎င်းအဋ္ဌကထာပါဠိ၏အနက်၊

ဤအဋ္ဌကထာ နှစ်ဝါကျ၌။ သရီရဓာတ်တော်ရှိသော။ စေတီရုပ်တုတော်တို့ကို လွှမ်းမိုး ထိခိုက်ခြင်းသည်လည်း။ အကြောင်း တပါး။ ပရိဘောဂ စေတီဖြစ်သော။ ဗောဓိ ကိုင်းနားနေ၍။ တိရစ္ဆာန် ငှက်တို့သည်။ ကျင်ကြီးကျင်ငယ်စွန့်ချခြင်းလည်းအကြောင်းတပါး။ ဤ အကြောင်း နှစ်ပါးတို့ကြောင့်။ မိမိထက်မြတ်သောဓာတုသရီရ စေတီကို စောင့်ရှောက် ခြင်းငှါ။ ပရိဘောဂစေတီဖြစ်သော။ ဗောဓိအခက်အကိုင်း ပယ်ရှားဖြတ်ပစ် အပ်သော အဖြစ်ကို စင်စစ် မချွ ပြတော် မူသည် ဟုမှတ်။ ။

သဓာတုကံ ဟူသောပုဒ်အရ။ ဓာတ် တော်ကိုလည်း မြတ်စွာဘုရားသရီရဓာတ်

ကိုသာ မှတ်ယူ အပ်၏။ ရဟန္တာ တို့
ဓာတ်ကို မမှတ်ယူ အပ်ကြောင်းကို
ရဟန္တာ တို့သည် ပရိဘောဂ စေတီ
ဗောဓိပင်ထက် မမြတ်သည် ဖြစ်၍
ဗောဓိပင်ကို ဝတ်ပြုရခြင်း ရှိခိုးရခြင်းကို
ထောက်၍။ သိအပ်ကုန်၏။ ။ ပဋိမံပုဒ်
အရ ရုပ်တုကိုလည်းမြတ်စွာဘုရားရုပ်တု
တော်တို့ကိုသာ မှတ်ယူအပ်၏။ရဟန္တာ
တို့ရုပ်တုကို မမှတ်ယူအပ်။မမှတ်ယူအပ်
ကြောင်းကို။ မြတ်စွာဘုရား သရီရဓာတ်
တော်ကို။ ရဟန္တာတို့ရုပ်တု၌မထားအပ်
သည်ကို ထောက်၍ သိအပ်ကုန်၏။ ။

ပရိဘောဂစေတီယတော ဟိ သရီရစေ
တီယံ မဟန္တတရံ၊ဟူသောနောက်ဝါကျ
ပါဌ်သည်။ ဆိဒ္ဓံတုံ ဝုတ္တိဟူသော ကြိ
ယာ၏အကြောင်းကို ပြသော ပါဌ်ဖြစ်၍။
သရီရဓာတ်တော်ကြောင့်သာ။ ဗောဓိပင်
၏အခက်အကိုင်းကို ဖြတ်အပ် ပယ်ရှား
အပ်သော အဖြစ်ကိုလည်း။ နိတ္ထုအား
ဖြင့် ပြတော်မူသည်။ ။ ရုပ်တုတော်
သည် ဗောဓိပင်ထက်မမြတ်သည်ဖြစ်၍။
ရုပ်တုတော်ကြောင့် မဖြတ်အပ်သောအ
ဖြစ်ကိုလည်း။ ဗျတိရေက နည်းအားဖြင့်၊
ပြတော်မူသည်။ ။တိဏ္ဏံ သမ္မာ သမ္ဗုဒ္ဓါနံ
ပရိဘောဂစေတီယဋ္ဌာနံ။ ။ဟု ပြတော်
မူအပ်သော သမန္တပါသာဒိက အဋ္ဌက
ထာ မဟာဝံသ ဂန္ထန္တရတို့၌ ပရိဘောဂ
စေတီအရကိုလည်း။ ရေစပ်၊ ခါးပန်း၊
ရေသနုပ် တို့ကို သာ ပြတော် မူသည်။
ဗောဓိပင်မပါ။ ယင်းသို့မပါသည်ဖြစ်၍။
ရင်းပါဠိဖြင့် ဗောဓိပင် ပရိဘောဂ စေတီ
ဖြစ်ကြောင်းကိုလည်း။ အဝုတ္တသိဒ္ဓိ နည်း
အားဖြင့် ပြကော်မူသည်။ ပရိဘောဂစေ
တီဖြစ်သော ဗောဓိပင်ထက်သရီရဓာတု
စေတီ မြတ်သောအဖြစ်ကိုလည်း။ အဝိ
နာဘာဝနည်းအားဖြင့် ပြတော် မူသည်။

ဓာတုသရီရ စေတီသည် ဗောဓိပင်
ပရိဘောဂစေတီထက် မြတ်သည်ဖြစ်၍။
မြတ်သော ဓာတုသရီရ စေတီကိုစောင့်
ရှောက်ခြင်းငှာ မိမိလောက် မမြတ်သော
ဗောဓိပင်ပရိဘောဂစေတီကိုပယ်ရှားသင့်
သောအဖြစ်ကို နိတ္ထု ပြတော်မူသဖြင့်
မြတ်သည်ကို စောင့်ရှောက်ခြင်းငှာ။ မိမိ
လောက် မမြတ် သည် ကို ဖျက်ဆီးပယ်
အပ်သောအဖြစ်ကိုလည်း။ နယဂ္ဂဟ နေ
ယျတ္တနည်းအားဖြင့် ပြတော်မူသည်။ယင်း
သို့ပြတော်မူသော နယဂ္ဂါဟ နေယျတ္တ
နည်းအားဖြင့်လည်း ဓာတုသရီရ စေတီ
ကို စောင့်ရှောက်ခြင်းငှာပရိဘောဂစေတီ
ကိုသာမဟုတ်သေး။ ဥဒ္ဒိဿစေတီ။ဓမ္မ
စေတီ။ သာဝက သံဃစေတီ။ စက္ကဝတ္တိ။
ဂဟဋ္ဌစေတီတို့ကို ပယ်ဖျက် အပ်သော
အဖြစ်ကိုလည်း သိအပ်ကုန်၏။ ။ ပရိ
ဘောဂစေတီကို စောင့်ရှောက် ခြင်းငှာ။
ဥဒ္ဒိဿစေတီ။ဓမ္မစေတီ။သာဝကသံဃ
စေတီ။စက္ကဝတ္တိဂဟဋ္ဌစေတီတို့ကိုပယ်
အပ် ဖြတ်အပ်သောအဖြစ်ကိုလည်း သိ
အပ်ကုန်၏။ ဥဒ္ဒိဿစေတီကို စောင့်
ရှောက်ခြင်းငှာ။ ဓမ္မစေတီသာဝကသံဃ
စေတီ။ စက္ကဝတ္တိ ဂဟဋ္ဌ စေတီ တို့ကို
ပယ်အပ် ဖျက်အပ်သောအဖြစ်ကိုလည်း

# စေတီယပဋိသင်္ခရဏကလျာပရိဘေဒ ကထာ

ဘဂဝတာခေါ် အာဂုသောခဏ္ဍဖုလ္လ၊
ပဋိသင်္ခရဏံ ဝဏ္ဏိတံ။ ။
စုဋ္ဌဝါပါဒိဋ္ဌတော်၊
ပဉ္စသတိကက္ခန္ဓက။ ။

အာဂုသော။ ငါ့ရှင်တို့။ ခေါ်။ စင်စစ် ဘဂဝတာ၊ ဘုန်းတော်အရှင်ဘုရားသခင်သည်။ ခဏ္ဍဖုလ္လ ပဋိသင်္ခရဏံ။ ကျိုးပြတ် ပျက်စီးသည်ကို အသစ်တဘန် ထပ်မံ ကောင်းမွန်အောင် ပြုပြင်ခြင်းကို။ဝဏ္ဏိတံ ချီးမွမ်းတော်မူအပ်၏။

ဤသို့၊ စေတီ၊ဂူကျောင်း တန်ဆောင်း ပြာသာဒ်။ ပျက်စီးချို့ယွင်းရာ၌။ အသစ် တဖန်၊ ထပ်မံပြုပြင်ခြင်းကို၊ဘုရားကိုယ်တော်တိုင် ချီးမွမ်းတော် မူအပ်ကြောင်းကို၊ ပဌမ သင်္ဂါယနာတင်။ အရှင်မဟာကဿပ။ သံဃာ့ထေရ်ကြီးသည်။သံဃာတော်အပေါင်းအား မိန့်ကြားတော် မူသဖြင့်။ ပျက်စီးချို့ယွင်း နေသည့်အရာ ပြင်ဆင်ပြုလုပ်မှုသည်။ ဘုရားချီးမွမ်း တော်မူသည့်အရာဟု မချွတ်ဆတ်ဆတ် သိအပ်တော့၏။ နတ် လူ ဗြဟ္မာ၊ သတ္တဝါ တို့သည်။ ဘယ်လောက်ပင် ကဲ့ရဲ့ ကဲ့ရဲ့။ ဘုရားမကဲ့ရဲ့အောင် နေရမည်ဟုညောင်ကန်ဆရာတော်-ဦးဗုဓ်အတိုချုပ်ဆုံးမသကဲ့သို့။ မည်သည့် မြို့ရွာက ဘုရားစေတီတော်များချို့ယွင်း ပျက်စီးနေခဲ့သော်ပြုပြင်ရမည့် အရာသည်။ ဘုရားချီးမွမ်းတော်မူအပ်သောအရာဖြစ်၍။ မဆုတ်မနစ်သော လုံ့လဝီရိယ, စိတ်ဆန္ဒဖြင့် ပြုပြင်ရာသတည်း။

(ပြုပြင်ပုံနည်း)

ခဏ္ဍဖုလ္လပဋိသင်္ခရဏကိစ္စခဏ္ဍကိ

---

ဆိုအပ်ကုန်၏။ ။ ဓမ္မစေတီကိုစောင့်ရှောက်ခြင်း၌ သာဝက သံဃာ စေတီ။ စက္ကဝတ္တိဂဟဋ္ဌ စေတီတို့ကို ပယ်အပ်ဖျက်အပ်သော အဖြစ်ကိုလည်း သိအပ်ကုန်၏။သာဝကစေတီနှစ်ပါးတို့တွင်လည်း ဘိက္ခု စေတီ စောင့် ရှောက် ခြင်း၌၊ ဘိက္ခုနီစေတီ။ စက္ကဝတ္တိဂဟဋ္ဌစေတီတို့ကိုပယ်အပ် ဖျက်အပ်သောအဖြစ်ကိုလည်းသိအပ်ကုန်၏။ ဘိက္ခုနီစေတီကိုစောင့်ရှောက်ခြင်း၌ စက္ကဝတ္တိ ဂဟဋ္ဌစေတီကို ပါယ်ဖျက်သော အဖြစ်ကိုလည်း သိအပ်ကုန်၏။ဤကားစေတီတို့၏ တဆူနှင့်တဆူထိခိုက်တွေ့ရှက်ရာ၌ဖျက်သင့်ဖျက် ထိုက် သည် တို့ကို ပြရာ ပြကြောင်းဖြစ်သော စေတီယာနုသာ နေသျကလျာ ပရိဘေဒ ကထာတည်း။ ။

ဘိန္နံ။ ဗုလ္လဟိ ဘိန္နံ။ တေသံ ပဋိ သမ်ရဏံ၊ ပုနသမ္မာ ပါကတိက ကရဏံ၊အဘိနဝ ကရဏဉ္စ ဝုတ္တံဟောတိ။ ။ သာရတ္ထဒီပနီဋီကာ။ ၅၃။ ။

ပျက်စီးချို့ယွင်း နေသည်ကို ပြုပြင်ရမည် ဆိုသည် မှာတယ်ကဲ့ သို့ ပြု ပြင်မည်နည်း။ ပုန သမ္မာ ပါကတိက ကရဏံ အဘိနဝကရဏံ’’ဟူသော ဋီကာစကားဖြင့်။ ကောင်းမွန် ခိုင်ခံ့အောင် အသစ်တဘန်ဆောက်လုပ် တည်ထား ခြင်းပင် ပြုပြင်ပုံနည်းဟု သိအပ်တော့၏။ သို့ကြောင့် ကောင်းမွန်ခိုင်ခံ့စေလိုသော စိတ်ထားနှင့် ပျက်စီးချို့ယွင်းနေသော အဟောင်းကိုပြုပြင်ရာမှာ။ အဟောင်းနှင့်မကင်းနိုင်ရကား အဟောင်းနှင့်ပင် ချုပ်တည်း စပ်ရှက်။ သံမှိမယ်နစသည်စွဲနှက်၍ ပြုပြင်မှသာ သမ္မာပါကတိက ကရဏဖြစ်နိုင်ရာသောကြောင့်။ မူလအဟောင်းကို သံမှိမယ်နစွဲနှက်ခြင်း, တူးပေါ်ခြင်းစသည်တို့၌ သံသယဖြစ်ဘွယ်မရှိချေ။ ၎င်းသံမှိမယ်နစွဲခြင်း။တူးပေါ်ခြင်းစသောကြိယာသည်၊ ပဒုဋ္ဌ စေတနာမဟုတ်လျှင်။(သာဝဇ္ဇဓမ္မ) အပြစ်မဖြစ်နိုင်ဟုဆိုလို၏။ ။ ကောင်းမွန်ခိုင်ခံ့ စေလိုသော စေ တနာ သည်။ (ကုသလဓမ္မ) ကုသိုလ်တရားပင် ဖြစ်တော့၏။ အပြစ်မရှိကောင်းသော အကျိုးကိုပေးခြင်းလက္ခဏာရှိ၏ဟု သိအပ်၏။

## အဟောင်းကိုပြုပြင်ခဲ့သောဌာန။

ဤကဲ့သို့ အဟောင်းကို ပြုပြင်ခဲ့သော ဌာနများမှာကား။ ရာဇဂြိုဟ်ပြည်-တဆဲ့ရှစ်ရပ်သော ကျောင်းတော်ကြီးများကို။ ပဌမ သင်္ဂါယနာတင်။ အသျှင်မဟာကဿပ။ အမှူးရှိသော သံဃာတော်များသည်။ အဇာတသတ်မင်းထံ။ ဟတ္ထကမ်လက်သမားတောင်း၍ ပြုပြင်ခဲ့သော ဌာနများလည်း ကျမ်းဂန်၌အထင်အရှားရှိ၏။ မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဂန္ဓကုဋိ တိုက်တော် ကျောင်း တော်ကြီးများသည်။ ပရိဘောဂ စေတီတော်ကြီးများပင်ဖြစ်၏။ ဟောင်းနွမ်း ပျက်စီးနေသော စေတီတော်များ၏အင်္ဂတေများကို ခွာချပယ်ပစ်၍။ အင်္ဂတေအသစ်မွမ်းမံခဲ့သောအရာများလည်း များစွာပင်ရှိ၏။ ။ ဟောင်းနွမ်း ပျက်စီးနေသော ထီးတော်များကိုချ၍ ထီးတော်အသစ် တင်ခဲ့သောအရာများလည်း။ သာသနာဝင် ရာဇဝင်ကျမ်းများ၌ ထင်ရှားရှိ၏။ ၎င်းထီးတော်များကိုတင်သောအခါ၌၊ ထီးတော်မယ်န်မသိုင် ခိုင်မြဲအောင်။ (ပသန္နစေတနာ) ကြည်ညိုသောစေတနာ နှင့် စေတီတော်ကိုသံဂုတ်, သံကွင်း-သွတ်သွင်း စွဲနှက်၍ အရပ်လေးမျက်နှာ ရှစ်မျက်နှာမှ သံကြိုးများဆိုင်းခဲ့ကြသောအရာများလည်း ထင်ရှားရှိ၏။

ဤဟံသာဝတီပဲခူး-မုဓဝါစေတီခေါ်။ ရွှေမော်ဓောစေတီမှာပင်။ ရှေးအခါကစေတီပေါ်ကစေတီတော်ကိုအုပ်၍ဆောက်လုပ်သောစေတီ အိမ်ပြာသာဒ်တန်ဆောင်းရှိ၏။ နောက်ကာလမင်းများ လက်ထက်၌

ထိုစေတီ-အိမ်-ပြာသာဒ် တန်ဆောင်းသည်။ အရှည်ထာဝရ။ ခိုင်မြဲမှာ မဟုတ်ဟု စေတီတော်ကို တက်ပွားကြီးမားစေလိုသော "သဒ္ဓါစေတနာ"ဖြင့် စေတီ-အိမ်-ပြာသာဒ် တန်ဆောင်းကိုပယ်ဖျက်ခဲ့ဘူးသော အကြောင်းကို 'ဂန္ဓ ဂန္ဓော ဂန္ဓဂန္ဓော ပနကာလော ပဏ္ဍာ ရာမဉ္ဇ ဒေသိသာရာသဒ္ဓါလုနောဘူပါလာနုပဒိန္နံ စေတိယဃရံ ဌာဝရ ဌာနိယန္တိ မညမာနာ စေတိယ ဃရမပနေတွာ အနုက္ကမေန စေတိယ ကဉ္စုကံကတွာ စေတိယံ ဝဍ္ဎာပေသုံ"ဟူ၍ "ကလျာဏီကျောက်စာ" ၌မော်ခေါသမိုင်း အခဏ်း၌ ဆိုလျက်ထင်ရှားရှိ၏။ ။

သို့ကြောင့်ဆေးဆရာ ဇီဝကသည်။ မြတ်စွာဘုရား၏အလိုတော်နှင့် လျော်စွာ။ ဓားငယ်ဖြင့် အရေတော်ကိုခွာ၍။ ထိုနေရာမှ ခဲ၍စုဝေးတည်နေသော မကောင်းသောသွေးကို ထုပ်ယူ၍။ မြတ်စွာဘုရား ချမ်းသာတော်မူအောင် မေတ္တာပြဋ္ဌာန်းသောစိတ်ဖြင့်ပြု၏။ ထိုသို့ပြုသော ဇီဝကအားအပြစ်မရှိသည့်အပြင် ကုသိုလ်ပင်ဖြစ်သေးသည်ဟု အဆိုရှိ၏။ ထိုအတူ စေတီတော်များ၌လည်း ကောင်းသောစိတ်ဖြင့် ပြုသောသူအား ကောင်းမှုသာလျှင်ဖြစ်၏ဟုမှတ်ယူရာ၏။ ဆရာဇီဝကသည် မကောင်းသွေးကို ထုပ်ဘိသကဲ့သို့ အသစ်ပြုပြင်လို၍။ မကောင်းသည်ကို ခွာချခြင်း။ ဖယ်ရှားခြင်း။ ဖျက်ခြင်းတို့၌တစုံတရာမျှ။ မကောင်းမှု မဖြစ် နိုင် ဟူ၍သန္နိဋ္ဌာန်ကျမှတ်အပ်တော့၏။ ။

၎င်းကား- "ခဏ္ဍ ဖုလ္လ ပဋိ သင်္ခရဏ" ဟူသောပျက်စီးချို့ယွင်းနေသော စေတီဂူကျောင်း တန်ဆောင်းပြာသာဒ်တို့ကို။ အသစ်တဖန် ထပ်မံ ပြုပြင်ရာ၌။ သံသယမဖြစ်သင့်သည်ကို ပြဆိုခြင်းတည်း။ ။

စေတီယပဋိသင်္ခရဏ ကဏ္ဍ ပရိစ္ဆေဒကထာပြီး၏။

သမာဓာန္တ ပသန္န စိတ်ဖြင့် စေတီဟောင်းကို ဖျက်ဆီးခြင်း အကြောင်းတို့သည် တပါးသောအရပ်တို့၌ သာသနာတော် တည်ထွန်းသဖြင့်သတ္တဝါတို့အား အကျိုးစီးပွားများစေခြင်းငှာတပါးအရပ်သို့ပြောင်းလို၍ ဖျက်ခြင်း။ အကျိုးနည်းအရပ်မှ အကျိုးများခြင်း သတ္တဝါတို့ အဖြစ်ရောက်သဖြင့် အနယဗျသန ဖြစ်မည်ကို မြင်၍ တပါးအရပ်သို့ ပြောင်းလို၍၊ ဖျက်ခြင်း။ တည်မြဲတိုင်မနေရာ၌ မကောင်းသည်ကို အကောင်း၊ အငယ်ကိုအကြီး။ အဟောင်းကို အသစ် ထပ်မံ ပြုလို၍ ဖျက်ခြင်း၊ ထိခိုက်ရောရှက်ကျသဖြင့်မြတ်သော စေတီကို စောင့်ရှောက် ခြင်းငှာ ဖျက်ခြင်းအားဖြင့် ခြောက်ပါး အပြားရှိကုန်၏။ ထိုခြောက်ပါးတို့တွင်။ ဓာတုသရီရစေတီ။ ပစ္စေကဗုဒ္ဓစေတီတို့မှာစေတီချင်းထိခိုက်သောအကြောင်းကို နှုတ်ပယ်၍ ငါးပါးသော အကြောင်းကြောင့်သာလျှင် ဖျက်ပယ်အပ်သည်ဟူ၍မှတ်။ ပရိဘောဂစေတီ ဥဒ္ဒိဿစေတီ ဓမ္မစေတီ။ ဘိက္ခုသာဝကသံဃာစေတီ ဘိက္ခုနီသာဝိကာ သံဃာစေတီ စဏ္ဍဝတ္တိဂဟာ၌

စေတီ တို့မှာ။ ခြောက် ပါးသော အကြောင်းကြောင့်ဖျက်အပ်ပယ်အပ်သည် ဟူ၍မှတ်။

မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်တော်မူ၍ဥရုဝေလနိဗ္ဗာနတ်ထား မြောက်ရာဇာယတန လင်းလွန်းပင်၌ သီတင်းသုံးနေတော်မူသောအခါ ဥက္ကလာပဇနပုဒ် အသိတဉ္စနမည်သော ပေါက္ခရဝတီမြို့သား တဖုဿဘလ္လိကကုန်သည်ညီနောင် ၂ဦးတို့ ရောက်လာကြ၍ပျားမုန့်ဆုပ် မုန့်ကျစ်ကပ်လှူခြင်း၊ နွေဝါစိက သရဏ ဂုံခံယူခြင်း ဥပါသက အဖြစ်ကို ကြားခြင်း၊ ကိစ္စတို့ကို ပြုလတ်ပြီးသော် ဘုန်းတော်ကြီးလှသောမြတ်စွာဘုရား။ ယနေ့မှစ၍။ အကျွန်ုပ်တို့သည် အဘယ်ကိုရှိခိုး ပူဇော်ရပါကုန်အံ့နည်းဟု လျှောက်ထားကြရာတွင် ဦးခေါင်းတော်ကို လက်တော်ဖြင့်-သုံးသပ် နှုတ်ယူတော်မူပြီးလျှင်။ နောင်အနာဂါတ်၌ သာသနာတော်ထွန်းပခြင်း သတ္တဝါတို့ အကျိုးစီးပွား များပြားခြင်းကို အကြောင်းရင်း မူလအာသီသ ထားတော်မူ၍၊ တဖုဿဘလ္လိက ကုန်သည်ညီနောင် နှစ်ယောက်တို့အား ဤဆံတော် ရှစ်ချောင်းကို ကောင်းစွာ ကိုးကွယ်ကြလေဟုမိန့်တော်မူပြီးလျှင်။ဦးခေါင်းတော်မှပြောင်းရွှေ့၍ ငါတို့ရာမညတိုင်းကြီးအဝင်၊ ဥက္ကလာပ ဇနပုဒ်သို့ ပေး လိုက်ကြောင်းကို၊ ။ဝိနည်း အဋ္ဌကထာ၌။ ။တေဥပါသကာဘာဝပဋိဝေဒေတွာဘဂဝန္တံအာဟံ သုကာသာ ဒါနိဘန္တေ အဇ္ဇတော ပဋ္ဌာယအဘိဝါဒနပစ္စုပဋ္ဌာနံကာ ထဗ္ဗန္တိ။ ဘဂဝါသီသံပ ရာမသိကေသာ ဟာသွေလိဂ္ဂံသု။ တေတေသံ အဒါသိဣမေ တုမှေပရိဟရတာတိ။ တေကေ သဓါတု ယော လဘိတွာအမတေနေဝါဘိသိတ္တာ ဟဋ္ဌတုဋ္ဌာဘဂဝန္တံ ဝန္ဒိတွာ ပက္ကမိံသု။ ဟူ၍ဖွင့်ပြတော်မူသည်။

အင်္ဂုတ္တိုရ်အဋ္ဌကထာထေရာ အဋ္ဌကထာ။ ခါတုဝင်။ မြန်မာရာဇဝင်။ တလိုင်းရာဇဝင်၊ သထုံရာဇဝင်။ တလိုင်းပြည်သမိုင်း ရွှေတိဂုံသမိုင်းဟောင်း။ သမိုင်းသစ် ရွှေတိဂုံဘုရားကျောက်စာ။ ရွှေမော်ဓော ဘုရား ကျောက်စာ။ ကလျာဏီကျောက်စာတို့၌လည်း၊ ၎င်းနည်းပင်လာသည်၊ဝိနည်းအဋ္ဌကထာဋီကာတို့၌ကား၊ အဋ္ဌကေသဓာတုယော အဒါသိဟု ရှစ်ချောင်း ပေးလိုက် ကြောင်း လာ သည်၊ ရာဇဝင် သမိုင်း ကျောက်စာ တို့၌လည်း ရှစ်ချောင်းဟုပင်၊ အရေအတွက်ပါသည် ထောက်၍ ရှစ်ချောင်းဟု သိအပ်ကုန်၏။ အနာဂတဝင် အဋ္ဌကထာ၌ကား မုဋ္ဌိကေသဓာတုယော အဒါသိဟု တဆုပ်ပေးလိုက်ကြောင်းလာသည်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ။ရာဇဝင်သမိုင်း ကျောက်စာတို့နှင့် မညီ သဘောယုတ္တိလည်း မသင့်ဟု မှတ်ယူအပ်၏။ ဝိနည်း အဋ္ဌကထာ ၌လည်း ဆောင်ယူ သွားကြောင်းသာ လာသည်။ စေတီ တည်ကြောင်း မပါ၊ ရာဇဝင်သမိုင်းတို့၌ကား လေးချိဝေ၍ နောင်တော်ဘလ္လိက စေတီတဆူ။ ညီတော်တဖုဿ

စေတီတဆူ တည်ကြောင်းကိုဆိုသည်။
နောင်တော်စေတီသည်။နောင်တော်ကြီး
တွင်သည်။ ညီတော်စေတီသည်ရွှေတိဂုံ
တွင်သည်ဟူ၍လည်းဆိုသည်။အင်္ဂုတ္တုရ်
အဋ္ဌကထာ၌လည်းစေတီတည်ကြောင်း
လာသည်။ စေတီတော် လပြည့်လကွယ်
နေ့တိုင်း ညိုသောရောင်ခြည်တော်ကိုပြု
သည်ဟူ၍ လာသည်။ ရာဇဝင် သမိုင်း
ကျောက်စာတို့၌ နောင်တော်ဘုရင့်ကစေ
တီတော်၌။ ပမာနကိုမဆို။ ညီတော် တ
ဖုသစေတီတော် ရွှေတိဂုံ၌သာ အရပ်
သံတောင်၄ဝဟု တညီ တညွတ် တည်း
ထွက်ဆိုကုန်သည်ဟုမှတ်။ အဋ္ဌကထာ
ပါဠိ၌အနက်ကား။ထင်ရှားသိသာလော
ပြီ။ ။ ဘုရား ဖြစ်တော် မူ၍။ သေးဝါ
မြောက်ရှိတော်မူသောအခါ မိုးဦးတောင်
သို့ကြွတော် မူလာပြီးလျှင်။ ခေတ္တာရာမ,
မည်သော ရသေ့ မြို့ကို ဗျာ ဒိတ် ကြား
တော်မူခြင်း မြေဖြင့် ကောက်၍ ပူဇော်
သောပွေးဘိုအား ထိုရသေ့ပြည်၌ တန်
ခိုးကြီးသောဒုတ္တပေါင်မင်းကြီး ဖြစ်လတံ့
ဟု ဗျာဒိတ် ထားတော် မူပြီးလျှင် ၎င်းရ
သေ့ပြည်၌ နောင်အနာဂါတ် သာသနာ
တော်တောက်ပခြင်း။ သတ္တဝါတို့အကျိုး
စီးပွားများပြားခြင်းကို ကြောင်းရင်း မူလ
အာသီသ ထားတော် မူသဖြင့် ဦးခေါင်း
တော်၌ လက်တော်ဖြင့် သုံးသပ် ပြီးလျှင်
ရအပ်သောဆံတော် ၄-ချောင်းကို ဇရေ
ပ ထ နဂါးမင်း ကပ်လှူ အပ်သော
မြကြုတ်၌ထည့်သွင်း၍ ကိုးကွယ် ထိုက်
သောသူတို့အား ရစေသတည်းဟု ဓိဋ္ဌာန်
တော်မူ၍ ကောင်းကင်သို့ ပစ်လိုက်သည်
ရှိသော်သုဝဏ္ဏဘုံ သထုံပြည်မှ သဘော်
နှင့်ပြန်လာသောအဒ္ဓါတ။ဗလိကညီနောင်
နှစ်ရောက်တို့ သုဒဿနတောင် ဝါးရုံပင်
ကြား။ ရောင်ခြည်တော် ခြောက်ပါး ထိန်
ထိန်ပြောင်ပြောင်တောက်လောက်ခမန်း။
လွှတ်လျှက် သီတင်းသုံး နေတော်မူသော
ဆံတော်လေးဆူတို့ကိုမြကြုတ်နှင့်တကွ
ရကြကုန်သည်ဖြစ်၍ဝမ်းမြော်သောစိတ်
ရှိကြကုန်သဖြင့် နောင်လာ နောက်သား
အမျိုးသားတို့ အကြိုးစီးပွား များပြားစေ
ခြင်းငှာ။ သဘော်သား ငါးရာ နှင့် တကွ
တညီတညွတ်တည်းထိုသုဒဿန တောင်
ထိပ်၌ပင် ရွှေအုပ်ငါးချပ် အောက်ကခံ၍
အမြင့်သံတောင် ၄၂-တောင် ရှိသော-
ရွှေဆံတော်စေတီ တည်ထားခဲ့ကြောင်း
ကို ရွှေဆံတော်သမိုင်း။ မဟာရာဇဝင်
တော်ကြီးတို့၌ဆိုသည်။

မိုးဦးတောင်ကတပန်။ ဇေရာဝတီမြစ်
ကို ကူးတော်မူလျှင်။ ထိုအရပ်နေ ဒါယ
ကာ အပေါင်းတို့က။ သင်္ဃာတော် နှင့်-
တကွ။ မြတ်စွာဘုရား အား ဆွမ်း လုပ်
ကျွေးလိုပါကြောင်း နှင့် ခွင့်တောင်း ပန်
ကြသဖြင့် ထိုအရပ်၌သီတင်းသုံးနေတော်
မူသည်အခိုက်။စောင်းတူမြို့သားပိဏ္ဍိက
သူဌေးကြီးသည် သားဖြစ်သောမဟာသာ
ဝက ဧကုဋ္ဌာသာဝက တို့ကို၊ လှူဘွယ်
တန်းရန်တို့နှင့်တကွ မြတ်စွာ ဘုရားအား
ပင့်ဆောင်ခဲ့ရန် စေလွှတ်လိုက်ရာ။ သား

ဖြစ်သော ညီနောင် ၂ ယောက်တို့သည်။ မြတ်စွာဘုရားတံတော်မှောက်သို့ ရောက်လာကြသဖြင့်၊ ပါလာ သော လှူဒါန်း။ လှူဘွယ်တို့ကို။ မြတ်စွာဘုရားနှင့် တကွ။ သင်္ဃာတော်တို့အား လှူဒါန်း ပူဇော်ပြီးလျှင် စောင်းတချို့သို့ဒေသစာရီကြွချီတော်မူပါမည် အကြောင်းကို လျှောက်ထားတောင်းပန်ကြရာ။ ကိုယ်တော်တိုင် ကြွချီတော်မမူဘဲ။ လက်တော်နှင့်သပ်၍ရအပ်သောဆံတော် ၄-ချောင်းတို့ကိုသာနောင်အနာဂါတ် သာသနာတော် ထွန်းပခြင်းသဥ္စဝါတို့အကျိုးစီးပွားများပြားခြင်းကိုအကြောင်းရင်းမူလအာသီသ ထားတော်မူ၍ အပ်ပေးတော်မူလိုက်လျှင်။ ညီနောင်နှစ်ယောက်တို့လည်း ဝမ်းမြောက်သောစိတ်ဖြင့်ကောင်းစွာ ဆောင်ယူခဲ့ပြီးလျှင်၊ အဘသူဌေးကြီးနှင့် တိုင်ပင်၍၊ ဗျာဒိတ်ထားတော် မူရင်း ရှိသော ဟံသာဝတီပြည်ကြီး တည်ရာမဟာ သုဒဿနဆေးဒါန်း မြင်းသီလာတောင်ထိပ်၌ အမြင့်သံတောင် ၄၀ ရှိသော ရွှေမော်ဓောစေတီတည် ကြောင်းကို ရွှေမော်ဓောသမိုင်း။ မြတ်စောညီနောင်သမိုင်း မြန်မာရာဇဝင်တလိုင်းရာဇဝင်။ရွှေမော်ဓောကျောက်စာကလျာဏီကျောက်စာတို့၌ဆိုသည်။

ဘုရားဖြစ်တော်မူ၍ ၅၈ဝါ မြောက်သော နှစ်နှိုက်ပင်။ သုဝဏ္ဏဘုံ သထုံပြည်ကို အစိုးရသော သီဟရာဇာ မင်းသည် ရှေးဘဝ၌မိမိညီဖြစ်ခဲ့ဘူးသော ရဟန္တာ ရှင်ဂဝံပတိ ဟောကြားအပ်သောဘုရားဂုဏ်ကျေးဇူး တို့ကို ကြားနာ ရသဖြင့်။ မြတ်စွာဘုရား၌ ပြင်းစွာကြည်ညို သဒ္ဓါခြင်းရှိသည်ဖြစ်၍ မြတ်စွာဘုရားသခင်ကို သင်္ဃာတော်အပေါင်းနှင့်တကွပင့်ဆောင်တော်မူပါရန်။ ရဟန္တာ ရှင်ဂဝံပတိအားတိုက်တွန်းတောင်းပန်သဖြင့်- ရှင်ဂဝံပတိ ရဟန္တာ မထေရ်မြတ် သည် လည်း။ ကောင်းကင်ခရီးဖြင့် ကြွသွားတော် မူပြီးလျှင် မြတ်စွာဘုရားသခင်အား လျှောက်ထားတောင်းပန်ရာ ဘုရား မြတ်စွာသည် နောင်အနာဂါတ်၌ သာသနာတော် ထွန်းလင်းအံ့သောအကြောင်းကိုမြင်တော်မူ၍ တပည့်သား သံဃာတော်များနှင့် တကွ။ ကောင်းကင်ခရီးဖြင့် ကြွသွားတော် မူပြီးလျှင် သုဝဏ္ဏဘုံ သထုံပြည်၌သီဟရာဇာမင်းမှစ၍ပြည်သူလူအပေါင်းတို့အား။တရားအမြိုက် တိုက်ကျွေးတော်မူစဉ်။ ရှေ့တော်မှောက်သို့ ရောက်လာ ကုန် သော ရသေ့ ခြောက်ယောက်တို့ လျှောက်ထားတောင်းပန်ကြသဖြင့်လက်တော်နှင့် သပ်၍ ရအပ်သော ဆံတော် ခြောက်ချောင်းတို့ကို၊ရသေ့ ခြောက်ယောက်တို့အား တချောင်းစီအပ်ပေးတော်မူလိုက်ကြောင်း။

ရသေ့ ခြောက်ယောက် တို့လည်း အသီး အသီး စေတီတည်၍ ကိုး ကွယ် ကြကြောင်းကိုသထုံရာဇဝင်ဇွဲကသမိုင်းဘုရားသမိုင်း။ ရွှေမော်ဓော ကျောက်စာ တို့၌ ဆိုသည်။ ။မဇ္ဈိမတိုက်မှ သုဓမ္မပူရသထုံပြည်သို့ မြတ်စွာဘုရား ကြွလာတော် မူသောအခါ နောက်တော်ပါ သင်္ဃာတော်

၅၀၀-ဟုသော သထုံရာဇဝင်၌ ဆိုသည်။ ရွှေမော်ဓောဘုရားကျောက်စာကလျာဏီကျောက်စာတို့၌ သဟာတော်-၂၀၀၀၀ ပါလာသည်ဟူ၍ဆိုသည် ယင်းသို့ဘုရားကိုယ်တော် မြတ်သည် သာသနာတော်ထွန်းပခြင်းသတ္တဝါတို့ အကျိုးစီးပွားဖြစ်ပွားအံ့ သည်ကို မြင်တော်မူ လျှင် မိမိဦးခေါင်းတော်၌ ဓာတုသရိရစေတီထိုက်သော ဆံတော်တို့ကိုပင် သမာဆန္ဒလုံ့လတော်မြတ်ဖြင့် သပ်နှုပ်တော်မူ၍ ထိုထိုတိုင်းနိုင်ငံတို့၌ ပျံ့နှံ့အောင် ဦးခေါင်းတော်မှ ပြောင်းရွှေ့ပေးတော်မူသော ပုံစံနည်းနာကို ဒိဋ္ဌသင်ထင် တွေ့မြင်သိကြားရသော အသိတိဝင်။ ရဟန္တာ အရှင်-ဂဝံပတိမထေရ်၏ သည်လည်း သာသနာတော်မြတ်၏ စည်ပင် ထွန်းလင်းခြင်း သတ္တဝါတို့ အကျိုးစီးပွားဖြစ်ပွားခြင်းကို ကြောင်းရင်းမူလ အာသီသ ပြုပြီး လျှင်။ ပရိနိဗ္ဗာန်စံတော်မူရာ။ လောင်တိုက်တော် စန္ဒကူး ထင်းပုံအတွင်း မီးမရှို့မီ။ အလောင်းတော် မြတ်မှ ၃၃-ချောင်းသောသွားတော်တို့ကို မိမိတံခိုးဖြင့် နှုတ်ယူ၍ သီဟရာဇာမင်းအား ပေးလာကြောင်းသီဟရာဇာမင်းလည်း တချောင်း တဆူစီ ဌာပနာ၍ ကျောက်စေတီ ၃၃-ဆူတည်ထားကိုးကွယ်ကြောင်းကို သထုံရာဇဝင် ရွှေမော်ဓော ကျောက်စာ ကလျာဏီ ကျောက်စာ စသည်တို့၌ဆိုသည်။ ။

လက်ျာတော်-ရှင်သာရိပုတ္တရာအရှင်မြတ်၏အနေ့ဝါသိကဖြစ်သော မဟိန္ဒကပဒိုသမ္မဒါပဗ္ဗတ ဆဋ္ဌာဘိည သရာဘူအမည်ရှိသော ရဟန္တာ အရှင်မြတ်သည်လည်း သပြိုဟ်တော်မူရာ လောင်တိုက်တော် စန္ဒကူးထင်းပုံအတွင်း သွင်းထားအပ်သောအလောင်းတော် ရုပ်ကလပ်မှလည်း ရိုးတော်ဓာတ်တော်ကို မီးမရှို့မီ ထုတ်နှုတ်ယူဆောင်ပြီးလျှင်သီဟိုဠ်ကျွန်း မဟိယင်္ဂဏ စေတီ တည်ရာ အရပ်၌။ သတ္တဝါတို့အကျိုးစီးပွား များအံ့သည်ကို အကြောင်းရင်းမူလအာသီသ ထားတော်မူသဖြင့် ရွှေစေတီတည်၍ ဌာပနာသွင်းထားကြောင်းကို ဓာတုဝင်ကျမ်း၌ ဆိုသည်။ ။

လက်ဝဲအထက် စွယ်တော်ဓာတ်တုံလည်း။ လောင်တိုက်တော် ရုပ်ကလပ်မှ ခေမာအမည်ရှိသော ရဟန္တာ နှုတ်ယူ၍ ကာလိင်္ဂရာဇ်မင်းအားပေးအပ် ကိုးကွယ်စေကြောင်းကိုလည်း။ ဒါဌာ ဓာတုဝင်၌ လာသည်။ ။

ရဟန္တာရှင်ဂဝံပတိ။ ရှင်သရာဘူတို့နည်းအတူ ရှင်အနုရုဒ္ဓါစသော ရဟန္တာ ခြောက်ပါး တို့ သည် လည်း သာသနာတော်ထွန်းပခြင်း သတ္တဝါတို့၏ အကျိုးစီးပွားဖြစ်ပွားခြင်းကို အကြောင်း ရင်းမူလ အာသီသ ပြုပြီးလျှင်။ မြတ်စွာ ဘုရားအထံတော်မှ။ ဆံတော်ခြောက်ချောင်းကို တောင်း ယူခဲ့ ပြီး လျှင် သထုံမြို့ အနီးသမုဒ္ဒြာ အနားတောင်တို့၌ သိကြားမင်းနှင့် တိုင်ပင်၍ ဆံတော်ခြောက်ဆူ တို့ကို စေတီခြောက်ဆူ တည်ထားခဲ့ကြောင်း

ကို ကောသမ္ဗာတုဝင်ကျမ်း၌လာသည်။ ။

သွားတော် ဆံတော်-မွေတော် ဓာတ်တော်တို့ကိုလည်း လောင်တိုက်တော်ရုပ်ကလာပ်မှ ထိုထို စကြာဝဠာ နတ်တို့သည် မိမိတို့ စကြာဝဠာ သို့ တဆူစီ နှုတ်ယူသွားကြောင်းကိုလည်းစတ္တါလီသသမဒန္တာ ကောသလောမာစ သဗ္ဗသော ဒေဝါဟရိံ သုဇကေကံစက္ကဝါဠပရမ္ပရာ။ ဟူ၍ သုတ်မဟာဝါ ပါဠိတော်၌ လာသည်။ ။

အနက်ကား။ ထင်ရှားသိသာလောက်ပြီ။ ။မြတ်စွာဘုရား နည်းနာ ရဟန္တာတို့ ပုံစံနည်းနာကို အသေ အချာ ကြားနာရသော သိရိမေ္ဃာ သောကမင်းကြီး သည်လည်းသာသနာတော်မြတ် ထွန်းပစေခြင်း သတ္တဝါတို့အကျိုးစီးပွား ဖြစ်ပွားစေခြင်း ကို အကြောင်းရင်းမူလ အာသီသပြုပြီး လျှင် ပရိဘောဂ စေတီထိုက်သော ဗောဓိပင်ကြီးအစစ် လကျာတောင်ကိုင်းကိုပင် ဆေးဒါန်း မြင်းသိလာ ဖြင့် ဖြတ် ယူ ၍၊ သြီးတော်ဘသ်မိတ္တာထေရီမကိုလက်ဘဒီပသီဟိုဠ်ကျွန်းသို့ ဆောင်ယူစေကြောင်းကို ဗောဓိဝင်၊ ဗောဓိဝင်ဋီကာ ဓာတုဝင်မဟာဝင် ဂန္ဓဝံသ ပါသာဒိက အဋ္ဌကထာတို့၌လာသည်။ ။ကကုသန် ဘုရားသခင်၏ကုက္ကုဋိဓောဓိကိုခေမာမင်း ကောဏာဂုံဘုရားသခင်၏ ရေသဖန်းဗောဓိကို သောဘာမင်း။ ကဿပဘုရားသခင်၏ ပညောင် ဗောဓိ ကို ဖြဟ္မဒတ် မင်း တို့ လကျာ တောင်ကိုင်း ကို ဖြတ်ပြီး လျှင် ချစနန္ဒာကနကရဋ္ဌာ။ သုဓမ္မာ ဘိက္ခုနီ ထေရီမတို့ကိုလက်ာဒီပသို့ ဆောင်ယူစေကြောင်းကိုလည်း ဗောဓိဝင်။ ဗောဓိဝင်ဋီကာဓာတုဝင်မဟာဝင်။ သာရတ္ထဒီပနီဋီကာတို့၌လာသည် ဤသို့ သပ်နုတ် ဖြတ်လုပ်ဖြက်ဆီးခြင်းသည် ချောက်ပါးသော အကြောင်းတို့တွင်သာသနာတော်ထွန်းပစေခြင်း။ သတ္တဝါတို့ အကျိုးစီးပွား ဖြစ်ပွားစေလိုခြင်းဖြင့်၊ ဖျက်ဆီးခြင်း မည်၏။ ဤကား ခြောက်ပါးသော အကြောင်းတို့တွင် ပဋ္ဌမအကြောင်းကိုပြရာပြကြောင်း ဖြစ်သော ဓာတုဖလ ဟောတု နာသနကဏ္ဍပရိစ္ဆေဒကထာတည်း။ ။

မြတ်စွာဘုရားသခင်သည်။ ဝါမှ-ထတော်မူသည့်နှံသော်။ ပဝါရဏာပြုတော်မူပြီး၍ မဟာမဏ္ဍလဒေသစာရီ။ ယူဇနာအားဖြင့် ၉၀၀။ လအပိုင်းအခြားဖြင့်-၉-လ။ မဇ္ဈိမ မဏ္ဍလဒေသစာရီ။ ယူဇနာအားဖြင့် ၆၀၀ လအပိုင်းအခြားအားဖြင့် ၈စ်လ။ အန္တိမမဏ္ဍလဒေသစာရီ ယူဇနာအားဖြင့် ၃၀၀-လအပိုင်းအခြားအားဖြင့် ခုနစ် လသုံး ဝ သော ဒေသစာရီတို့ ဖြင့် ကြွချီလှည့်လည်တော်မူ၍။ပစ္စယပဒိုဂ္ဂါဟဓမ္မဒါနတို့ဖြင့် ငဝဋ္ဋပြနိသိတ ကုသိုလ်တရားကို များစွာသော လူအပေါင်းတို့ အား ပွားများစေတော်မူသည်။ ဝါမှထတိုင်း။ ဝါမှထတိုင်း။နှစ်စဉ်ဤကဲ့သို့ကျင်းပတော်မူခြင်းသည် ဘုရားသခင်တို့ အလေ့ ဓမ္မတာပင် ဖြစ်သည်ဟု အပဒါန ဗုဒ္ဓါဝိစ္ဆန္ဒ ဝဏ္ဏဝသော ပဝါရေတွာ ဇနာ

သင်္ဂဟဏ္ဍာယ ဇနပဒစာရိကံ ပက္ကမန္တိ ဇနပဒစာရိကံ စရန္တာစ မဟာ မဏ္ဍလံ မဇ္ဈိမ မဏ္ဍလံ အန္တိမ မဏ္ဍလန္တိ ဣမေ သံတိဏ္ဏံ မဏ္ဍလာနံ အညတရသ္မိံ မဏ္ဍလေ စရန္တိ။တတ္ထ မဟာမဏ္ဍလံ နဝယောဇနသတိကံ။ မဇ္ဈိမ မဏ္ဍလံ။ဆယောဇနသတိကံ အန္တိမ မဏ္ဍလံ တိယောဇနသတိကံ စသည်တို့ဖြင့် သမန္တ ပါသာဒိက အဋ္ဌကထာ၌လာသည်။ ။ဤသို့သုံးဝသော ဒေသစာရီ တို့ဖြင့် လှည့်လည်တော်မူခြင်းသည်၊ ဝါကပ်သော ပြည်၌ နေတော်မူလျှင်၊ တပြည် တည်းသာ အကျိုးရှိမည်၊ ဒေသစာရီ လှည့်လည်တော်မူလျှင်" အပြည်ပြည်အရွာရွာ အကျိုးရှိမည်ကို မြင်တော်မူ၍ လှည့်လည်တော် မူခြင်းဖြစ်သည်ဟုမှတ်။။အဋ္ဌကထာပါဠ်၌၏ အနက်ကိုကား ထင်ရှားသိသာ လောက် သောကြောင့်ရင်း။ ကျယ်ဝန်း များပြား သောကြောင့်ရင်း။မရေးသားမယောဇနာ ခဲ့သည်တည်း။ ။

သက် တော် ထင်ရှား ဘုရား ကိုယ် တိုင်တော်ပင် သတ္တဂါတို့ ဗဟုဟိတ ကို ထောက် ဆတော်မူ၍ ဓမ္မတာ အာစိဏ္ဏ။ ဒေသစာရီ ကြွတော်မူသောပုံစံနည်းနာ တို့ကိုသေချာစွာသိတော်မူသောရှင်မဟိန္ဒ မထေရ်မြတ်သည် သတ္တဝါတို့ဗဟုဟိတ ကိုအာသိသ ထားတော်မူ၍။ တူတော်-သုမနာသာမဏေကို စေလွှတ်တော် မူပြီး လျှင်။ စူဠာမဏိစေတီတော်၌ ဌပနာ၍။ နတ်တို့ ကိုးကွယ်သော လက်ျာ ညှပ်ရိုး တော်ဓာတ်ကို သိကြားမင်းအားတောင်း စေ၍။ ဒွေဝါနံ ပိယတိဿ မင်းအားအပ် ပြီးလျှင်ထူပါရုံစေတီ၌ဌပနာစေကြောင်း ကို မဟာဂန္ထကံ့ရ သမန္တပါသာဒိကအ ဋ္ဌကထာတို့၌လာသည်။နဂါးပြည်၌နဂါး တို့ ကိုးကွယ်၍ ထားသော ဓာတ်တော်တ စရွတ်ကိုလည်း။ သတ္တဝါတို့ဗဟုဟိတကို ထောက်ဆ၍ သောဏုတ္တရမထေရ် တံ ခိုးဖြင့်ယူဆောင်၍ ဒုဋ္ဌဂါမဏိ မင်းကြီး အားပေးအပ်၍ မဟာ စေတီ တော်၌ ဌပနာ စေကြောင်း ကို လည်း မဟာဝင် ဂန္ထကံ့ရကျမ်း၌လာသည်။ ။

တဘုဿ-ဘလ္လိကတို့ မေ့လျော့စဉ် ဇေယသေန နဂါးမင်းသည်။ ဆံတော် ၂ချောင်းကို ယူ၍ကြုတ်တွင် ထည့် ပြီး လျှင် ဝမ်းတွင်းမျိုထား၍။ ကိုးကွယ်သည် ကို ကာ က ဝဏ္ဏ မင်း ကြီး လက် ထက် ရဟန္တာတို့ သတ္တဝါတို့ဗဟုဟိတကိုအာ သိသထားတော်မူ၍။ နဂါးဝမ်းတွင်းမှ၊ တံခိုးဖြင့် ဆောင်ယူပြီးလျှင် သီဟိုဠ် ကျွန်း သေရမည်သော ဒိုင်မဟာမင်္ဂလာစေတီ တော်၌ဌပနာကြောင်းကိုနဋ္ဌာဒ္ဓ ဓာတုဝင်၊ ဂန္ထကံ့ရကျမ်းတို့၌လာသည်။ ။ ယင်းသို့ သောဘုရားသခင်ပုံစံနည်းနာရဟန္တာတို့ ပုံစံနည်းနာတို့ကို အသေအချာကြားနာရ သော သိရိခံမှာ သောကမင်းကြီး သည်၊ အဇာတသတ်မင်းနှင့် ရှင်မဟာကဿပ မြှုပ်ထားခဲ့သော ဓာတ်တော်တို့ကို အ ပေါ်၌တည်ထားအပ်သော ကျောက်စေ တီကို ဖျက်လျက် အောက်၌ ဓာတ်တော်

တို့ကို ဘော်ယူပြီးလျှင် သတ္တဝါတို့ ဗဟုဟိတကိုတောင့်တတော်မူသဖြင့်မြို့ပေါင်း ၈၄၀၀၀တို့၌ စေတီပေါင်း ၈၄၀၀၀ တည်ကြောင်းကို။ ။ပါသာဏထုပဥ္စပံသုံးစအပနေတွာစသည်တို့ဖြင့်သုတ်မဟာဝါ အဋ္ဌကထာ၌ လာသည်။ မဟာဝင်-မဟာရာဇဝင်။ စေတီပေါင်း ၈၄၀၀၀ သမိုင်းတို့၌လည်း ဖွင့်နည်းလာသည်။ ။ ခေတ္တရာမ ပြည် ကြီး ကို အ စိုး ရ သော ဒွတ္တပေါင်မင်းကြီးသည် ရွှေတိကုံသို့ ရေအားကြည်းအား ချီတော်မူ၍ တဘုဿ ဘလ္လိက ညီနောင် နှစ်ယောက် တို့တွင် နောင်တော်ဘလ္လိကတည်သော စေတီကို ဖျက်ပေါက်၍ ဗဟုဇနဟိတ အကျိုးငှာ။ ဆံတော် ၄ ချောင်းကို ပင့်ဆောင် တော်မူခဲ့၍ နေပြည်တော် ခေတ္တရာမ၌ စေတီ တည်ထား ကိုးကွယ်ကြောင်း ဖွင့်နည်း ကမ်းယံသို့ရေအား ကြည်းအားချီတော်မူ၍ ကမ်းယံမင်းအဆက်ဆက်တို့တည်ထားကိုးကွယ်ကြသော သင်္ချိုင်တော်စေတီကို၊ တူးဖြိုပေါက်ဖြက်ပြီးလျှင် ဗဟုဇနဟိတ အကျိုးငှာ သင်္ချိုင်တော်ဓာတ်ကို နေပြည်တော် ခေတ္တရာမသို့ ပင့်ဆောင်ယူခဲ့ပြီးလျှင်၊ စေတီ တည်ထား ကိုးကွယ် ကြောင်း ကို မ ဟာ ရာ ဇ ဝင် တော် ကြီး ဒွတ္တပေါင်သမိုင်းတို့၌ လာသည်။ ။ ပုဂံ ရာမပြည်ကြီးကို အစိုးရတော်မူသော အနော်ရထာမင်းစောလည်း စစ်သည် ဗိုလ်ပါများစွာတို့နှင့် ရေအား ကြည်းအား သရေခေတ္တရာသို့ ချီတော်မူ၍ သရေခေတ္တရာ မြို့၌။ ဒွတ္တပေါင် မင်းကြီး တည် ထား ကိုးကွယ်သော သင်္ချိုင်တော် စေတီကို တူးဖြို ဖျက်ဆီး ပြီးလျှင်၊ ဗဟုဇန ဟိတ အကျိုးငှာ။ သင်္ချိုင်တော် ဓာတ်ကို ပင့်ဆောင်ယူခဲ့ပြီးလျှင်။ နေပြည်တော် ပုဂံ ရာမ ရွှေစည်းခုံ စေတီတော်၌ ဌာပနာ၍ ကိုးကွယ်ကြောင်းကိုမဟာရာဇဝင်တော်ကြီး ရွှေစည်းခုံသမိုင်းပုဂံသမိုင်းဟောင်းတို့၌လာ။ ။

သရေခေတ္တရာမည်သော ရသေ့မြို့ ပျက်လျှင် သရေခေတ္တရာ မြို့၌ ဆံတော်စေတီကို တူးဖြိုဖျက်ပေါက်၍ဖွင့်ဆံတော်လေးချောင်းကိုတလိုင်းမင်းတို့ ပင့်ဆောင်ခဲ့ပြီးလျှင် ၂-ချောင်းဆံတော်ကို ရွှေမော်ဓော ဘုရား၌ ဌာပနာ၍ ထား ကြောင်း။ တချောင်းဆံတော်ကို ကျိုက်ထို ဘုရား၌ ဌာပနာ၍ထားကြောင်း၊တချောင်းဆံတော် ကို ရွှေပန်းတောင်း၌ ထား၍ ကိုး ကွယ် ကြောင်းကို မဟာ ရာဇဝင် တော် ကြီး။ တလိုင်းပြည်သမိုင်းတို့၌ လာသည်။

ဤသို့ ဖျက်ဆီးခြင်းသည် နည်းသော သတ္တဝါတို့ ဆည်းကပ်နိုင်သောနေရာမှ။ များစွာသော သတ္တဝါတို့ ဆည်းကပ်နိုင်သောနေရာသို့ ပြောင်းရွှေ့ချင်းငှာ ဖျက်ဆီးသည်၏အဖြစ်ကြောင့် အကျိုးနည်းရာမှ အကျိုး များရာ သို့ ရွှေ့လိုသော အကြောင်းကြောင့် ဖျက်ဆီးခြင်း မည်၏။ ဤကား ခြောက်ပါးသော အကြောင်းတို့တွင် ဒုတိယ အကြောင်းကို ပြရာ ပြကြောင်းဖြစ်သော ဗဟုဖလဟောတုနာသ

န ကဏ္ဍာ ပရိဿေဒ ကထာတည်း။

တပါးသော ထိုင်းပြည်တို့၌ ဝါကပ်တော်မူလျှင်။ မာရ်နတ်သည် လူတို့အား တွေ့ဝေစေ၍ ဆွမ်း၏ အန္တရာယ် ပြုမည့် အကြောင်းကို သိတော်မူသဖြင့် တပါးသောတိုင်းပြည်တို့၌ ဝါကပ်တော် မမူပဲ မာရ်နတ် လှည့်ပတ် ပြီး သော အဆုံး၌။ ရောက်လာကုန်သော ဥတ္တရာပထ တိုင်းသား မြင်းကုန်သည် တို့သည် ရဟန်း-သင်္ဃာတို့အား ချီးမြှောက် ထောက်ပံ့ အပ်သည်ကို မြင်တော်မူ၍။ ဝေရဥ္ဇပြည် ပြည်၌သာ ရွှေ့ ပြောင်း ဝါဆို တော် မူကြောင်းကို။ ။ဍာခပန ဘဂဝါ ဍာမံ အတိရေက ကာရဏံ။ အဒ္ဒသ အဿဝါဏိဇာ ဘိက္ခူနံ သင်္ဂဟံ ကရိဿန္တီ တိ တသ္မာ ဝေရဥ္ဇာယ မေဝ ဝဿံ ဥပဂစ္ဆိ။ ဟူ၍ သမန္တ ပါသာဒိက အဋ္ဌ ကထာ၌ လာသည်။ ။ပန၊ ဝေရဥ္ဇပြည်၌သာ ဝါဆိုတော်မူခြင်း၏ အကြောင်းကို ဖွင့်ပြလိုက်ဦးအံ့။ ဍာခ၊ ဤဝေရဥ္ဇပြည်၌။ အဿဝါဏိဇာ။ ဥတ္တရာပထ တိုင်းသား မြင်း ကုန်သည်တို့သည်။ ဘိက္ခူနံ။ ရဟန်းတို့အား။ သင်္ဂဟံ။ မပေါ သော ဆန်ဖြင့် ချီးမြှောက်ခြင်းကို။ ကရိဿန္တိ။ ပြုကြကုန်လတ္တံ။ ဍာတိ။ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ဍာမံ အတိရေကကာရဏံ ဤပိုလွန်သောအကြောင်းကို အဒ္ဒသ။ မြင်တော်မူ၏။ တသ္မာ၊ ထိုသို့မြင်တော်မူသည်၏အဖြစ်ကြောင့်။ ဝေရဥ္ဇာယမေဝ။ ဝေရဥ္ဇပြည်၌သာလျှင် ဝဿံ။ ဝါသို့။ ဥပဂစ္ဆိ။ ကပ်တော်မူလေ၏။ ။ဤကား ၎င်းအဋ္ဌကထာပါဠိ၏အနက်။

ယင်းသို့သက်တော် ထင်ရှား ဘုရားကိုယ်တော်မြတ်ပင်လျှင်၊ အန္တရာယ် ဟူသောအကြောင်းကြောင့်အန္တရာယ်ကင်းသောတိုင်းပြည်တို့သို့ ရွှေ့ပြောင်းဝါကပ်တော်မူသော ဘုရားသခင်၏ ပုံစံနည်းနာတို့ကို မျက်မှောက်ထင်ထင်။ တွေ့မြင်သိကြားရသော တတိယသာဝကဓာတုဂဗ္ဘပဋ္ဌမသင်္ဂါယနာတင်အရှင်မဟာကဿပ မထေရ်ကြီးသည် မိစ္ဆာဒိဋ္ဌိတို့ ဖျက်ဆီးလတန့်သောဓာတ်တော်တို့၏ အန္တရာယ်ကိုမြင်တော်မူသည်ဖြစ်၍ အဇာတသတ်မင်းကြီးအား အကြောင်းကို ကြားသိစေပြီး လျှင် နဂါးတို့ စောင့်ရှောက်၍ အန္တရာယ်ကင်းလတံ့သော ရာဇဂြိုဟ်ဓာတ်တော်တို့ကို ချန်ထား လျက် ခုနစ် ပြည်ထောင်မင်းတို့ စေတီတို့မှ ဓာတ်တော်တို့ကို ပင့်ဆောင်ယူခဲ့ပြီးလျှင်။အဇာတသတ်မင်းနှင့် တိုင်ပင်၍ အတောင်ရှစ်ဆယ်နက်သောတွင်းတွင်။ ဓာတ်တော်တိုက်နှင့် တကွ ပြုလုပ်မြှုပ်ထားခဲ့ကြောင်းကို။ ။ဇေဝံ ပတိဋ္ဌိတေသု ပနထုပေသု မဟာကဿပထေရောဓာတူနံ။ အန္တရာယံ ဒိသွာ။လ။ တေသံ ရာဇကုလာနံ ပဋိစရဏမတ္တမေဝ ထပေတွာ သေသဓာတုယော အာဟရိ၊ စသည်ဖြင့် သုတ်မဟာဝါ အဋ္ဌကထာ၌ လာသည်။ ။

မဟာဝင် ရာဇဝင် တော်ကြီး တို့၌ လည်း ၎င်းနည်းပင် လာသည်။ အဋ္ဌက

ထာပါင်၌ အနက်ကား ထင်ရှား သိသာလောက်သော ကြောင့်ရင်း။ အလွန်များပြားသောကြောင့်ရင်း။မရေးသားမယောဇနာခဲ့သတည်း။ ။

ဤတတိယကာရကာအကြောင်း၌ကား ဝဏ္ဏသက်သေ ကျမ်းဂန် အာဂုံ တို့ကို၊ ထုတ်ဆောင်၍ အထူးဆိုဘွယ်-ပြဘွယ်မရှိ။ အကျိုးနည်းသောအရပ်မှပင်။ အကျိုးများသောအရပ်သို့ တူးမြို ဖျက်ဆီး ရွှေ့ပြောင်းပင့် ဆောင်ရာတို့၌ ထုတ် ဆောင်ညွှန်ပြအပ်သောဝဏ္ဏသက်သေ ကျမ်းဂန်တို့ကိုထောက်သဖြင့် အန္တရာယ် ကြောင့်ကားသာ၍ပင်အပ်သည်ဟုမှတ်။ ။

ဤကားခြောက်ပါးသော အကြောင်းတို့တွင်။ တတိယ အကြောင်းကို ပြရာပြကြောင်းဖြစ်သော အန္တရာယ် ဟောတုနာသနံ ကာလပရိစ္ဆေဒကထာတည်း။

တပါးသောတိုင်းပြည်တို့၌ ပရိနိဗ္ဗာန်ပြုတော်မူလျှင်။ ဓာတ်တော် ဝေဘန်ရာ၌တိုင်းပြည်ချင်း စစ်ဖြစ်၍။ သွေးမြစ်ကဲ့သို့စီးသွားလျက် သတ္တဝါတို့ပျက်ပြား အပါယ်လားအံ့သည်ကို သိမြင်တော် မူသဖြင့် ဒေါနပုဏ္ဏားရှိရာ။ ကုသိနာရုံ ပြည်၌သာ ရွှေ့ ပြောင်း ကြွ သွား တော် မူ ၍ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို။ရင်းသုတ်မဟာဝါ အဋ္ဌကထာ၌။ ။အပင်ဝိပဿတိ မယိအညတြပရိနိဗ္ဗာနယန္တေ ဓာတုဘာဇနိယေ မဟာကလဟော ဘဝိဿတိလောဟိတံ နဒီဝိယသန္ဒိဿတိ ကုသိနာ ရာယံ ပရိနိဗ္ဗုတေ ဒေါန ဗြာဟ္မဏော တံ ဝိဝါဒံ ဝူပသမေတွာဝိဘဇ္ဇိဿတိ။ ။ဟူ၍ ဖွင့်ပြတော်မူသည်။ ။ အကြောင်းသုံးပါးမှာ တပါးဟူ၍မှတ်။

အဋ္ဌကထာပါဠိ၌ အနက်ကား ထင်ရှား သိသာလောက်ပြီ။ ယင်းသို့သဗ္ဗညုတဘုရားကိုယ်တော်မြတ်သည်။ သတ္တဝါတို့ပျက်ပြား အပါယ်သို့ လားအံ့သည်ကို ရှောင်လွှဲတော်မူ၍။ ကုသိနာရုံ ပြည်ဝယ် ပရိနိဗ္ဗာန်ဝင်စံတော်မူသော ဘုရားသခင်၏ ပုံစံနည်းနာတို့ကို ဒိဋ္ဌသင်ထင်သိမြင်တော်မူလိုက်ရသောမဟာကဿပထေရ်သည် ဓာတ်တော်၌ အန္တရာယ်ပြုကြကုန်သောသတ္တဝါ အပေါင်းတို့အား အပါယ်လားကြောင်းမကောင်းမှုတရားတို့မှကင်းပစေလိုသော အကြောင်း ကြောင့်လည်း။ ဓာတ်တော်တို့ကို ပင့်ဆောင် ထားသည်ကိုလည်းမှတ်။ ။

ဒေဝဒတ်ကိုရဟန်းပြုရာ၌ ဒေဝဒတ်သည် လောဟိတုပ္ပါဒကကံ သံဃဘေဒကကံ တို့တို့ ပြုလိမ့်မည်ကိုသာ သိတော်မူသည်မဟုတ်ထိုကံတို့ကြောင့် အဝီစိငရဲ၌ခံရမည့်အပိုင်းအခြားကိုလည်းသိတော်မူသည်ဟုဆိုသော မိလိန္ဒ ပဉှ စကားကဲ့သို့ အန္တရာဒိသွာဟူသောသုတ်မဟာဝါစကား၌ အန္တရာယ်ကိုသာ မြင်သည်မဟုတ်။အန္တရာယ်ပြုသူတို့အပါယ်လားအံ့သည်ကိုလည်း မြင်သည်ဟုမှတ်။ ။

ယင်းသို့ဖြစ်၍ရှင်မဟာကဿပဓာတ်တော်တို့ကို ပင့်ဆောင် ရွှေ့ပြောင်းထားသော အရာ ဌာန၌။ ဓာ တ် တော် ၏

အနန္တရာယ် လည်း အကြောင်း တပါး။ အန္တရာယ်ပြုသူတို့ အပါယ်လားကြောင်း မကောင်းမှုမှ ကင်းလိုခြင်း အကြောင်းတပါး။ ဤသို့အကြောင်း ၂-ပါးရသည်ဟူ၍သန္နိဋ္ဌာန်ကျချဆတ်ဆတ်မှတ်ယူအပ်ကုန်၏။ ဤစတုတ္ထ အကြောင်း၌ လည်း။ အကျယ်ဆိုဘွယ်မရှိ။ နည်းသောအကျိုးရှိသောဌာနမှ။ များသော အကျိုးရှိသောဌာနသို့ ဖျက်ဆီးပြောင်းရွှေ့ခြင်းအပ်သဖြင့်သတ္တုဝါအပြစ်ဖြစ်မည် နေရာမှာကားသာ၍အပ်သည်ဟုမှတ်။ ။

ဤစတုတ္ထ အကြောင်း၌။ အထူး မှတ်သား သတိထားဘွယ်ကား။ မြို့တွင်းရွာတွင်း။ အိမ်နား အိမ်ကြားတို့၌ရပ်ပွားစေတီသင်္ဃိကကျောင်းစရပ်ရှိခဲ့လျှင်။အခါခပ်သိမ်း။ အရိုအသေလည်း မပြုနိုင်။ အပြစ်ကြီးသည်ကိုမသိ မလိမ္မာကုန်သောသူယ်စသည်တို့သည် လက်ကိုမစောင့်မူ၍ ပဒုဋ္ဌစိတ်ဖြင့် ချိုးမိ-ဖျက်မိ-ခွာမိ ယူမိ-သုံးစွဲမိခဲ့သော် ဘာရိယကမ္မ။အနန္တရိယသဒိသ ဇကန္တဖြစ်မည် ဖြစ်၍ ထိုအနန္တရိယာသဒိသဘာရိယက အဖြစ်မှလွတ်စေခြင်းငှာ။သမာဆန္ဒ ပသန္နစိတ်ဖြင့်လျှင်စွာဖျက်ပြောင်းထိုက် ဖျက်ပြောင်းသင့်သည် ကောင်းကောင်းကြီး သတိတရား ထားအပ်သင့်ချေသည်။ ဤကား ခြောက်ပါးသော အကြောင်း တို့တွင် စတု တ္ထ အကြောင်းကို ပြရာ ပြကြောင်း ဖြစ်သော အပရာဓပဟောတုနာ သနကဏ္ဍပရိစ္ဆေဒကထာတည်း။

၁၃။ မြတ်စွာ ဘုရား သခင် သည်။ ကိုလက် မအင်္ဂမသာ ခက် ထန် တောင့်တင်း ခတ် ဖေါက်ပြန်ခြင်း များသော ကိုယ်ရှိတော်မူသည်ဖြစ်၍။ ။ဇာနန္တောတိတထာဂတောဝင်ရေစနံပါတု ။ ။ဟူ၍အရှင်အာနန္ဒာအား ဝမ်းလျှော့ဆေးသောက်လိုကြောင်းကို မိန့်တော်မူလျှင် အရှင်အာနန္ဒာသည် ဆရာဇီဝက အား ထိုအကြောင်းကို ကြားလေ၏။ ဆရာဇီဝက-ကလည်း ရွန့်ရင်းသောဆေးတို့ကို မြတ်စွာဘုရားအား ကပ်ပေး၍မတော်ဟု စိတ်က အကြံပြုပြီးလျှင်"သုံးခုသောကြာလက်ကို တလက်လျှင် ဆယ်ကြိမ်။ သုံးလက်ကိုအကြိမ် ၃၀ရည်ရွယ်ဆေးထုံးလျှက်ဝမ်းသက်အောင် တလက်ကို တကြိမ်စီ အစဉ်သင့် လျှောက် နမ်းတော်မူပါ ဟု လျှောက်၍ကြာသုံးလက်ကိုမြတ်စွာဘုရားအား ကပ်လှူလေသဖြင့် မြတ်စွာ ဘုရား သခင်လည်း ကြာသုံးလက်ကို အစဉ်အတိုင်းနမ်းတော်မူသဖြင့် ဝမ်း ၂၉-ကြိမ် လျှောပြီး၍ ရေသပ္ပါယ်တော်မူလျှင် ထပ်၍တကြိမ်လောပြန်သဖြင့်အကြိမ် ၃၀စေ့လျှင်ကိုယ်တော်သည် ပြကတေ့အတိုင်း ချမ်းသာသုခရကြောင်းကို ဝိနည်းမဟာဝါပါဠိတော်၌။တိနိဥပ္ပလဟတ္ထာနိနာနာဘေသဇ္ဇေဟိ ပရိဘာဝေတွာ ယေနဘဂဝါ တေနုပ သင်္ကမိ။ ဥပသင်္ကမိတွာ ဧကံပုပ္ပလဟတ္ထံ ဘဂဝတောဥပနာမေတိ ဣမံ ဘန္တေဘဂဝါ ပဌမံ ဥပ္ပလ ဟတ္ထံ ဥပသိံဃတု။ ဣမံ ဘဂဝန္တံ ဒသက္ခတ္တုံ

ဝိရေစေသဟိတိ။ စသည် တို့ဖြင့် လာ
သည်။ ပါဠိတော်၏ အနက်ကား သိသာ
လောက်သောကြောင့်ရင်း။ အလွန် များ
ပြားသောကြောင့်ရင်း။ မရေး သား မ
ယောဇနာခဲ့သတည်း။

ဒေဝဒတ်၏ ပယောဂကြောင့် သွေးစု
ဝေးသော ခြေမတော်ကိုလည်း။ ဇီဝက
ဆရာကိုယ်ပင် ဓားဖြင့် ခွဲစေ၍ ကုသစေ
ကြောင်း။ ဇီဝကဆရာ ကုသ၍ ခြေတော်
အနာမှာ ကင်းငြိမ်း ကြောင်း ကို လည်း
ဝိနည်းမဟာဝါ အဋ္ဌကထာ ဝိဘင်းအဋ္ဌ
ကထာတေရသကဏ္ဍဋီကာတို့၌လာသည်

ယောနိသော မနသိကာရ သမာဆန္ဒ
ပသန္နစိတ်ဖြင့် ကုသသော ဆရာဇီဝက
အားလည်း။ ကုသိုလ်ပုည ဖြစ်ကြောင်း
ကို။ တထာက ရောဂ္ဂဿ ပုည ကမ္မမေဝ
ဟောတိ။ ဟူ၍ ဝိဘင်းအဋ္ဌကထာ၌ ဖွင့်
ပြတော်မူသည်။ ။တထာ။ ထိုသို့ရောဂါ
ပျောက်စေ လိုသောစိတ်ထား နှလုံးထား
အခြင်း အရာအားဖြင့်။ ကရောဂ္ဂဿ။
ကုစားခြင်းကို ပြုသောဇီဝကဆရာအား
ပုည ကမ္မမေဝ။ကုသိုလ်ကံသည်သာလျှင်
ဟောတိ။ ဖြစ်လေ၏။ ။

ဤကားရင်းအဋ္ဌကထာပါဠိ၏ အနက်
ပုညကမ္မမေဝဟူသော ပုဒ်၌ ဧဝသဒ္ဒါဖြင့်
တစုံတခုသောအကုသိုလ်မဖြစ် ဟူသော
အနက်ကို နိဝတ္တေတဗ္ဗအားဖြင့်ပြတော်မူ
သည်ဇီဝကဆရာကဲ့သို့ကုလပြုလုပ်ကြမူ
သူတပါးတို့လည်း ကုသိုလ်ပုညဖြစ်သေး
၏ဟူသော အနက်ကို အနုညာတ အား
ဖြင့် ပြတော်မူသည်။ဝိနည်းမဟာဝါအဋ္ဌ
ကထာ၌လည်း ဗဟုံ ပန သော ပုညံ ပသ
ဝတိ။ ။ဟု တိုက်ရိုက်ပင် ဖွင့်ပြတော်မူ
သည်။ ။သော။ ထိုဇီဝက ဆရာကဲ့သို့
ချမ်းသာအောင် ပြုသောသူသည်။ ဗဟုံ။
များစွာသော။ ပုညံ ပန။ ကောင်းမှုကို
ကား။ ပသဝတိ။ ပွားစေ၏။ ။

ဤကားရင်းအဋ္ဌကထာပါဠိ၏အနက်၊
ယင်းသို့မြတ်စွာဘုရားသခင်သည်။မိမိ၏
ဒွတ္တိံသကာရ ကိုယ်တော်၌ပင် မကောင်း
သော ဥဒရိယကရိယ မုတ္တလောဟိတစ
သော။ ပထဝီဓာတ် အာပေါဓာတ်တို့ကို
ဆရာဇီဝကအား ထုတ်ပစ်စေ၍ ကောင်း
သောပထဝီဓာတ် အာပေါဓာတ် တို့ကို။
ဖြစ်စေသည့် ပုံစံနည်းနာ များကို မျက်
မှောက်ထင်ထင် တွေ့မြင်ကြားသိရသော
အရှင်မဟာ ကဿပ မထေရ်သည် ရာဇ
ဂြိုလ်ပြည်ဝယ် တဆဲ့ရှစ်ဌာန ကျောင်း
တို့၌။ကျိုးပဲ့ပျက်စီးဟောင်းနွမ်းမကောင်း
သည်များကို ဖျက်ဆီးပယ်ရှား၍ သင်္ဂါ
တော်များ နှင့် တကွ အဇာတသတ် မင်း
ကြီးအား အကြောင်းကြားပြီးလျှင် အ
သစ်ထပ်မံ ပြုပြင် ဆောက်လုပ်ကြောင်း
နှင့်။ ။ထေရအဋ္ဌာရ သမယာ ဝိဟာရ
ပဋိသင်္ခရဏတ္ထာယ ဟတ္ထကမ္မံပဋိဝေဒသုံ
သာဓုဘန္တေ ရာဇ တတ္တ ကမ္မကာရကေမနု
သော အဒါသိထေရော ပဌမံ မာသံသဗ္ဗ
ဝိဟာရေ ပဋိသင်္ခရာပေသုံ။ဟူ၍သမန္တာ
ပါသာဒိက အဋ္ဌကထာ၌ ဖွင့် ပြ တော်မူ
သည်ကျိုးသည်ပဲ့သည်တို့၌ပြုပြင်ခြင်းကို

လည်းမြတ်စွာဘုရားချီးမွမ်းတော်မူသည် ထိုအရှင် မဟာကဿပ မိန့်တော်မူကြောင်းကိုလည်း။ စူဠဝါပါဠိတော်။ ၎င်းအဋ္ဌကထာတို့၌။ ဘဂဝတာခေါ်အာဝုသော ခဏ္ဍဖုလ္လပဋိသင်္ခါရဏံဝဏ္ဏိတံ ဟန္ဒမယံ အာဝုသောပဌမံ မာသံခဏ္ဍဖုလ္လံပဋိသင်္ခါရောမ။ ။ဟုလာသည်။ ။

ဤပါဠိဖြင့်မိမိပြုပြင်ခြင်း၏အကြောင်းကိုပြသည်။ မြတ်စွာဘုရား ချီးမွမ်းတော်မူသောကြောင့် ပြုပြင်သည်ဟု ဆိုလိုသည်။ အဋ္ဌကထာပါဠိ ပါဠိတော်တို့အနက်ကား ထင်ရှား သိသာ လောက်ပြီ၊ ဤသို့ ဘုရားသခင် ပုံစံနည်းနားရဟန္တာကြီးတို့ ပုံစံနည်းနာတို့ကို အသေအချာကြားသိရ၍ သိဟိုဠ်ကျွန်း သိရိနာဂမင်းသည် မဟာစေတီတော်၌ထီးဟောင်းကို ပယ်ပြီးလျှင်၊ ထီးသစ်တင်၍ရွှေ မွမ်းမံကြောင်း ထိုမင်းသားတော် ဝေါဟာရိကတိဿမင်းသည်လည်းအဘယဂိရိကျောင်းစေတီ။ ဒက္ခိဏာမူလကျောင်းစေတီ။မရိစိဝဋ္ဋိကျောင်းစေတီ၊ ကုဋ္ဌာလတိဿကျောင်းစေတီ၊ မဟိယင်္ဂဏကျောင်းစေတီ။ မဟာဂါမကျောင်းစေတီ။ မဟာနာဂတိဿကျောင်းစေတီ။ ကလျာဏီကျောင်းစေတီ၊ ဤရှစ်ဆူသောစေတီတော်တို့၌ ထီးဟောင်းကိုပယ်ချပြီးလျှင်၊ ထီးသစ်တင်၍ရွှေမွမ်းမံကြောင်းကိုမဟာဝင် ဂန္ထာန္တရကျမ်း၌ဆိုသည်။ ငါတို့ရာမညတိုင်း တလိုင်းသုံးရပ်ကိုအစိုးရသော ရာဇာဓိရာဇ်စသောတလိုင်းမင်းတို့သည် တဘုဿ-ဘင်္ဂလိုကတို့ တည်ထားခဲ့သော သံတောင် ၄၀အမြင့်ရှိသော ရွှေတကုံဆံတော်ရှင် စေတီတော်၌ ထီးဟောင်းကို ပယ်ချပြီးလျှင်။ မြေဝင်ဘိနပ် ၂၈တောင် မြေပေါ်အတောင် ၁၈၀။ ၂-ရပေါင်း။ ၂-၀၈အမြင့်ဆောင်သောစေတီတော်ကြီးကို အပြီးတိုင် ထပ်မံပြုလုပ်၍ ရတနာအတိပြီးသော ရွှေစေတီကြီးအသစ် တင်ကြောင်းကိုရွှေတကုံသမိုင်း။တလိုင်းပြည်သမိုင်း မဟာရာဇဝင် တော်ကြီးတို့၌ ဆိုသည်။၎င်းရာဇာဓိရာဇ် မင်းသည်ပင်လျှင် မဟာသာဝက။ စူဠသာဝက အဘင်္ဂသူဌေးကြီးနှင့် တကွ တည်ထား ပြုရခဲ့သော အတောင် ၄၀အမြင့် ဆောင်သော ရွှေမော်ဓောစေတီတော်၌ထီးဟောင်းကို ပယ်ချပြီးလျှင်။ မြေဝင်အတောင် ၂၀။ မြေပေါ် ၁၆၇တောင် ၂မိုက်။ ၂ရပေါင်း ၁၈၇တောင် ၂မိုက်အမြင့် ရှိသောစေတီကြီးကို အပြီးတိုင် ထပ်မံ ပြုလုပ်၍ ရတနာအတိပြီးသောရွှေထီးကြီးအသစ်တင်ကြောင်းကို ရွှေမော်ဓောသမိုင်း တလိုင်းပြည်သမိုင်းမဟာရာဇဝင်တော်ကြီးတို့၌ ဆိုသည်။ ။ ရှမ်းဇဇဓော်ဘွား။ လူး ၁၂ ဖလား။ဇင်းမယ်ပြည်ကြီး။လင်းဇင်းပြည်ကြီး၊ လဝိုက်ပြည်ကြီး၊ ယိုးဒယားပြည်ကြီးတို့နှင့်တကွ သုနာပရန် တမ္ပဒီပ ဇေယျာ ဝဋ္ဋန ရာမညတိုင်းတို့ကို အစိုးရတော်မူသော ဆင်ဖြူ-ဆင်နီများတို့၏ သခင်ဖြစ်တော်မူသော ဘုရင့်နောင်ဇွဲမည်ခံသော ဘဝရှင် မင်းတရားကြီး သည်

တလိုင်းမင်း ရာဇာဓိရာဇ်တို့ တင်ထားနတော်မူခဲ့သော ရွှေတကုံဘုရားထီးတော် ရွှေမော်ဓော ဘုရား ထီး တော် တို့ကို ချ ပယ် တော် မူ ၍ ရ တ နာအ တိ ပြီးသော ရွှေထီးကြီး အသစ် တင် ကြောင်း ဆောင်းတော်မူသော အဘိုးအတိုင်းမသိထိုက်သောမကိုဋ်၂ခုကိုလည်း၊ တဆူစီလှူကြောင်း တို့ကို မဟာ ရာဇဝင်တော်ကြီး၌ဆိုသည်။

သရေခေတ္တရာပြည်၌လည်း။အနုရုဒ္ဓတဘလိတတို့တည်ထားခဲ့သော ၄၂တောင်အမြင့်ရှိသော ရွှေဆံတော်စေတီ၌လည်း ထီးတော် ဟောင်းကို ပယ်ချ ပြီးလျှင်။ မင်းမျက်နှာရှည် ၁၂-တောင်မြင့်၍ ထီးအသစ်တဖန်တင်ကြောင်း။မင်းမျက်နှာလှတန် ပိုးပြန်၍ ၁၀၈၂မိုက် အမြင့် ရှိသော ရွှေဆံတော်စေတီတော်ကိုထပ်မံပြုလုပ်၍ ထီးအသစ် တင်ကြောင်းကို ရွှေဆံတော်သမိုင်း၌ဆိုသည်။ ။

ဤပဋ္ဌမကာရကာ၌ အထူး မှတ်ဘွယ်သတိထားဘွယ်ကား လောဟိတုပ္ပါဒကကံအရာ၌။ ။ကေချဒ္ဓကမကရုဝ် ကာယပိဝန မဟ္တ ံပိ လောဟိတံဥပ္ပါဒေသျအယံ လောဟိ တုပ္ပါဒကောဟူသော ပါဠိဖြင့်။ ယင် ငယ် တ ကောင် သောက် လောက်သောသွေးကို ပြခြင်းသည် ဩမကနည်းဖြစ်၍ အနည်း ငယ်သော သွေးကိုရင်း။ များသောသွေးကိုရင်း ဖြစ်စေရာ၌။ လောဟိ တုပ္ပါဒကထိုက်သည်မှတ်ယူရသကဲ့သို့။ ။ကမ္မံပနဘာဂိသံ အနန္တရိယာသဒိသံဟု ပြသောအရာ၌လည်း။ ပဒုဋ္ဌစိတ်ဖြင့် စေတီဗောဓိပင်တို့ကို။ချတ်ဖြတ်ဖျက်ဆီးရာ၌လည်း။အနည်းငယ်ကိုဖြစ်စေ။ အများကိုဖြစ်စေ ဖျက်ဆီး ချတ်ဖြတ်ရာတို့၌။ အနန္တရိယ သဒိသ ဘာရိယကမ္မဟုမှတ်၊

သမာသန္တ ပသန္န စိတ်ဖြင့် ဖျက်ဆီးချတ်ဖြတ် ပြောင်းရွှေ့ရာတို့၌ ကမ္မံပန မဟပ္ဖလံ မဟာနိသံသံဟူသော ဇျတိရေကနည်းကိုလည်း သိအပ်-မှတ်အပ်သေး၏။ ။ **ဆွေး**သော ဗောဓိခက်။ သွေ့ခြောက်သော ဗောဓိခက် တို့ကို ဖြတ်ပြစ်ခြင်းတို့၌ ဘုရားကိုတော် အညစ်အကြေးကို သုတ်သင်သကဲ့သို့ ကုသိုလ်ပုညဟုမှတ်။ ။မှတ်သင့်ကြောင်းကိုလည်း ဗောဓိဇတ္တု ဩဇောဟရဏ သာခံဝါ။ ပုတိဋ္ဌာနံဝါဆိန္ဒိတုံ ဝဋ္ဋတိယေဝ။သဏ္ဌူ ရူပကာယ ပဋိဇဂ္ဂနေ ဝိယ ပုညမ္ပိ ဟောတိဟူ၍ ဝိဘင်းအဋ္ဌကထာ၌ဖွင့်ပြတော်မူသည်။ ။

သာရတ္ထ သင်္ဂဟ အဋ္ဌကထာ၊တောရသကဏ္ဍိကာတို့၌လည်း ရင်းနည်းပင်လာသည်။ ။ အနက်ကား ထင်ရှားသိသာလောက်ပြီ။ ။

ဤကားခြောက်ပါးသော အကြောင်းတို့တွင် ပဋ္ဌမ အ ကြောင်း ကို ပြ ရာ ပြကြောင်းဖြစ်သော ပဋိသဉ်တ ဟောတုနာသန ကဏ္ဍပရိစ္ဆေဒကထာတည်း။

မြတ်စွာဘုရားသခင်သည် လောကသုံးပါး၌ ခပ်သိမ်း သော လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့ ထက်လည်း မြတ်

တော်မူသည်ဖြစ်၍ အင်္ဂပုဂ္ဂလမည်တော်မူ၏။

တပါးသော တူသောသူမရှိသည်၏ အဖြစ်ကြောင့် လည်း ဧကပုဂ္ဂလ မည်တော်မူ၏။ ထိုအင်္ဂပုဂ္ဂလ ဧကပုဂ္ဂလ အမည်တော်ကို ရတော်မူသော မြတ်စွာဘုရားသခင်သည်။ မြတ်သောတရား မြတ်သော ပုဂ္ဂိုလ်တို့ကို အလေးပြုတော်မူ၏။ မြတ်သောတရား မြတ်သောပုဂ္ဂိုလ်တို့ကို စောင့်ရှောက်တော်မူလေ့ရှိ၏၊ ရှိကြောင်းကို အင်္ဂုတ္တရ ပါဠိတော်။ ၎င်းအဋ္ဌကထာ။ ဓမ္မပဒပါဠိတော်။ ၎င်းအဋ္ဌကထာ သုတ္တနိပါတ် ပါဠိ တော် ၎င်း အဋ္ဌကထာစသော များစွာသော ကျမ်းဂန်တို့၌ပင်လာသည်။ ။

ယင်းသို့ ဗုဒ္ဓသဘာဝ ပါဠိတော်တို့ အရကို ထောက်ဆသိမြင်တော် မူသော မဟာဗုဒ္ဓဃောသအဋ္ဌကထာဆရာသည် မြတ်သောဓာတုသရီယ ဂရုကစေတီကို သာ အလေးပြုအပ် စောင့်ရှောက် အပ်သည်ဖြစ်၍ ထိုမြတ်သောစေတီကိုစောင့်ရှောက်လျက်တပါးသောစေတီတို့ကိုသာ ဖျက်ဆီးပယ်ရှားအပ်သောအဖြစ်ကို။ ။ သဓာတုကံ ထူပံ ဝါ ပဋိမံ ဝါ ဗာဓမာနံ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိယော ပရိဘောဂစေတီယတောဟိ သရီရ စေတိယံ မဟန္တတရံ။ ။ဟူ၍ ဝိဘင်း အဋ္ဌကထာ၌ ဖွင့်ပြတော်မူသည်။ ။

အနက် အဓိပ္ပါယ်ကား။ နာသနေယျ ကဏ္ဍ၌ အကျယ် ဆိုခဲ့ပြီ။ ဤအဋ္ဌကထာ ပါဠိဖြင့်ဓာတုသရီရစေတီနှင့်ပရိဘောဂ စေတီ၊ ဗောဓိပင်ထိခိုက်ရောရှက်ရာမြတ် သောသရီရစေတီကို စောင့်ရှောက်ခြင်း ငှာပရိဘောဂစေတီဗောဓိပင်၏ အကိုင်း အခက်တို့ကို ပယ်ဖျက် သုတ်သင်ရမည် ဟု ပြတော်မူသည်။

အောက်စေတီတို့၌ ဆင့်ကဲ ဆင့်ကဲ။ ၎င်းနည်းအတိုင်းမှတ်။ ။

ဤကားခြောက်ပါးသော အကြောင်း တို့တွင် ဆဋ္ဌအကြောင်းပြရာ ပြကြောင်း ဖြစ်သောဥဒ္ဒိဿစေတီယ ရက္ခာဟောတု နာသန ကဏ္ဍပရိစ္ဆေဒ ကထာတည်း။ ။

သက်တော်ထင်ရှား ဘုရားကို ကိုးကွယ် ပူဇော်လျှင် ဓာတ်တော်တို့ကိုလည်း ကိုး ကွယ်ပူဇော်သင့်သည်။ ကြည်ညို သော သဒ္ဓါစိတ် တူလျှင်။ အကျိုးပေး တူ ချေ သည်။ ထိုကြောင့် စေတီ တည်လုပ်၍ မြတ်စွာဘုရား ဓာတ်တော်တို့ကို ပူဇော် သင့်ကြောင်းကို။ ။ယောစေ ပူဇေယ သမ္ဗုဒ္ဓံ။ တိဋ္ဌန္တံ လောကနာယကံ။ ဓာ တုံ သာသပမတ္တံပိ။ နိဗ္ဗုတဿပိ ပူဇ ယေ။ ။

သ မေ စိတ္တေ ပသာဒမှိ။ သမံ ပုညံ မဟဂ္ဂတံ။ တသ္မာ ထူပံ ကရိတွာန။ပူဇေ ဟိဇိန ဓာတုယော။ ။ဟု ထေရအပဒါန် ပါဠိတော်၌ ဟောတော်မူသည်။ ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ တိဋ္ဌန္တံ သက်တော်ထင်ရှား တည်တော်မူသော။ လောကနါယကံ သူသုံးပါးတို့ကိုနိဗ္ဗာန်သို့ ဆောင်ယူတော်မူတတ်ထသော။ သမ္ဗုဒ္ဓံ

မြက်စွာဘုရားသခင်ကို။ စေပူဇေယာ။ အဓကယ်၍ ပူဇော်ငြားအံ့။ သော။ ထိုပုဂ္ဂိုလ်သည်။ နိဗ္ဗုတိသွာပိ။ ပရိနိဗ္ဗာန် စံတော်မူသောမြတ်စွာ ဘုရား သခင်၏ လည်း။ သာသပမဣ္ဈပိ။ မုန်ညင်းစေ့ခန့်အတိုင်းအရှည်ရှိသည်လည်းဖြစ်သော။ ဓာတုံ။ ဓာတ်တော်ကို။ ပူဇယေ။ ပူဇော်ရာ၏။ ။ ဤကား ရှေ့ပါဠိတော် ဂါထာ ပါဌ်၏ အနက်။ ။

ပသာဒမ္ဗိ။ ကြည် ညို သော စိတ္တေ။ စိတ်သည်။သမေ။တူသည်ရှိသော်။မဟာဂ္ဂတံ။ မြတ်သောအဖြစ်သို့ ရောက်သော။ ပုညံ။ ကုသိုလ်ကောင်းမှုသည်။သမံ။တူသည်။ ဟောတိ ဖြစ်လေ၏။ တသ္မာ ထိုသို့ကုသိုလ်တူသည်၏အဖြစ်ကြောင့်။ ထူပံ။ စေတီကို။ ကရိတွာန။ တည်ထား ပြုရ၍။ ဇိနဓာတုယော။ မြတ်စွာ ဘုရား ဓာတ်တော်တို့ကို။ ပူဇေဟိ။ ပူဇော်လေလော့။

ဤကားနောက်ပါဠိတော်ဂါထာပါဌ်၏အနက် ရှေ့ပါဠိတော်မြတ်ဖြင့်။သက်တော်ထင်ရှား မြတ်စွာဘုရားအား။ပူဇော်ခြင်းကို ပြုသောသူသည်။ပရိနိဗ္ဗာန်စံလွန်တော်မူသောမြတ်စွာဘုရားသခင်၏ဓါတ်တော်တို့ကိုလည်းပူဇော်သင့်သောအဖြစ်ကို စင်စစ်မုချဟောပြတော်မူသည်။ ။

နောက်ပါဠိတော်မြတ်ဖြင့်။ကြည်ညိုသောစိတ်တူခဲ့လျှင်။သက်တော်ထင်ရှားဘုရားကို ပူဇော်ခြင်းနှင့်။ ကုသိုလ် ပုညတူမျှသောအဖြစ်ကို စင်စစ်မုချ ဟောပြတော်မူသည်။ ။

နောက်ပါဠိတော်ကားရှေ့ပါဠိတော်မြတ်၏အကြောင်းကို ပြတော်မူသော ပါဠိတော်ဖြစ်သည်။ ။သက်တော်ထင်ရှားဘုရားကိုပူဇော်ခြင်းနှင့် ဓာတ်တော်တို့ကိုပူဇော်ခြင်းသည်။ ကုသိုလ် ပုည တူမျှသည်၏အဖြစ်ကြောင့် သက်တော် ထင်ရှား ဘုရားကိုပူဇော်သော သူသည်ကား။ ဓာတ်တော်တို့ကို ပူဇော်သင့်သည်ဟု ဆိုလိုသည်။ ။

သရီရဓာတ်တော် တို့သည် မြတ်စွာဘုရားကိုယ်တော်အစိတ်၏အဖြစ်ကြောင့် သရီရ ဓာတ်တော် တို့ကို လည်း ဘုရားဟူ၍မှတ်။ ဓာတ်တော် တို့သည် ဘုရားမည်၏ အဖြစ်ကြောင့်သာ ကုသိုလ် ပုညတူမျှသည်ဟူ၍မှတ်။ မှတ်သင့်ကြောင်းကို သာရတ္ထဒီပဏီအမည်ရှိသောဝိနည်းဋီကာကြီး၌။ ။သဗ္ဗညုသာသရီရဓာဝယဝေါပိ သမ္ဗာသမ္ဗုဒ္ဓေါယေဝ။ ။ဟူ၍ ဖွင့်ပြတော်မူသည်။ သဗ္ဗညုသာ။မြတ်စွာဘုရားသခင်၏။ သရီရာဝ ယဝေါပိ။ကိုယ်တော်၏ အစိတ်သရီရဓာတ်တော်သည်လည်း သမ္ဗာ သမ္ဗုဒ္ဓေါယေဝ။ ဘုရားမည်သည်သာလျှင်။ ဟောတိ။ဖြစ်လေ၏။ ။

ဤကား ရင်းဋီကာပါဌ်၏အနက်။ ။ ဤပါဠိတော် နှစ်ဂါထာ တို့ဖြင့် ဓာတ်တော်တို့ကို စေတီတည်၍ ကိုးကွယ်ရမည်အဖြစ်ကို စင်စစ်မုချ ဇောကနဲ့ ဟောပြတော်မူသည်။ ။ ဤကား စေတီတို့ကို တည်ထားကိုးကွယ်ရမည်အဖြစ်ကိုပြရာ ပြကြောင်းဖြစ်သော စေတီယ ကရဏ

ကဏ္ဍပရိစ္ဆေဒကထာတည်း။ ။

ဗုဒ္ဓစေတီ။ ဓမ္မစေတီ။ ပစ္စေကဗုဒ္ဓစေတီ။ သာဝကသံဃာစေတီတို့ကို တည်ထား ပြုလုပ်သော သူတို့ သည်။ သမ္မာသမ္ဗောဓိဆု။ ပစ္စေကဗောဓိဆု။ အဂ္ဂသာဝကဗောဓိဆု မဟာသာဝကဗောဓိဆု။ ပကတိသာဝကဗောဓိဆုဟု ဆိုအပ်သော ငါးပါးသောဆုတို့တွင်ပြုရင်းပုဂ္ဂလအလိုဆန္ဒရှိခဲ့မူ။ အမြတ်ဆုံး ကုသိုလ် ဓမ္မကို။ ဝါယမစိုက်ထုတ် ပြုလုပ်သည်၏ အဖြစ်ကြောင့်။ အမြတ်ဆုံး သမ္မာ သမ္ဗောဓိဆုကို မချွေကန် အမှန်ရသည်ဟုမှတ်။ ။

မှတ်သင့်ကြောင်းကို။ ယောဗောဓိရုက္ခံ ရောပေတိ။ ယောစ ပဋိမ္ဗံတော နရော။ ယော စသဉ္ဇုကာရေပိမ္ဗံ။ ရူပံဗုဒ္ဓေါ ဘဝိဿတိ။ ။ ဟူ၍သောဋီကာကျမ်း၌လာသည်။ ။ ယောစနရော။ အကြောင်လူသည်လည်း။ဗောဓိရုက္ခံ။ ဗောဓိပင်ကို။ ရောပေတိ။ စိုက်ပျိုးစေ၏။ ယောစနရော။အကြောင်လူသည်လည်း၊ပဋိမ္ဗံတော ရဟန်း ပြုလုပ်သည်။ ဟောတိ ဖြစ်၏။ ယောစနရော။ အကြောင် လူသည် လည်း။ ဓမ္မစေတီယ ကာရော။ ဓမ္မစေတီကို ပြုလုပ်တည်ထားသည်။ ဟောတိ။ ဖြစ်၏။ ယောစနရော။ အကြောင် လူသည် လည်း။ သဉ္ဇုကြမြတ်စွာဘုရားသခင်၏။ ပိမ္ဗံ။ ရုပ်ပွားဆင်းတုတော်ကို။ ကရော။ သာဟဉ္စိက အာဏာဥ္စိက ကြေးငွေအသပြာတို့ဖြင့် ပြုလုပ်တည်ထားသည်။ ဟောတိ။ ဖြစ်၏။ ယောစနရော။ အကြောင် လူသည် လည်း။ ဓာတုသရိရစေတီယဥ္စ။ဓာတုသရိရစေတီကိုလည်းကောင်း။ ပစ္စေကဗုဒ္ဓစေတီယဥ္စ၊ ပစ္စေက ဗုဒ္ဓ ဓာတု စေတီကိုလည်းကောင်း။ ကရော။ ပြုလုပ်တည်ထားသည်။ ဟောတိ။ ဖြစ်၏။ သောနရော။ ထိုလူအပေါင်းသည်။ အာကင်္ခ မာနော။ စေတောပဏိဓိ တောင့်တ ဆုတောင်းရင်းရှိခဲ့မူ။ ရူပံ။ မချွတ်ဧကန် အမှန်မချွ။ ဗုဒ္ဓေါ။ သာဝက အနုဗုဒ္ဓပစ္စေကဗုဒ္ဓ သမ္မာသမ္ဗုဒ္ဓ ဘုရားသည်။ ဘဝိဿတိ။ ဖြစ်လတံ့။ ဤကားရင်းပါဠိ၏အနက်။ ။

ယောစ ပဋိမ္ဗံတောနယော ဟူသော ပါဠိ၌။ စသဒ္ဒါဖြင့်။ ဓမ္မစေတီကို ဆည်းယူသည်။ ယောစ သဉ္ဇုကာရေ ပိမ္ဗံ ဟူသောပါဠိ၌ စသဒ္ဒါဖြင့်ဓာတုသရိရစေတီ ပစ္စေကဗုဒ္ဓစေတီတို့ကို ဆည်းယူ သည်ဟူ၍။သန္နိဋ္ဌာန်ကျကေန္တ မှတ်အပ်ကုန်၏။ ဂါထာပါဠိ ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား။ ပရိဘောဂစေတီဖြစ်သောဗောဓိကိုစိုက်ထားခြင်း။ သာဝက သံဃာစေတီထိုက်သော ရဟန်းတော်ပြုလုပ်ခြင်း။ စသဒ္ဒါအရဓမ္မစေတီ တည်ထားပြုလုပ်ခြင်း။ ဥဒ္ဒိဿစေတီဖြစ်သော ရုပ်ပွားတော် ဆင်းတုတော်တည်ထားပြုလုပ်ခြင်း။ စသဒ္ဒါအရ ဓာတုသရိရစေတီ ပစ္စေက ဗုဒ္ဓစေတီတို့ကိုတည်ထားပြုလုပ်ခြင်းကုသိုလ် ကမ္မကို အားထုတ်ကြသူ လူအပေါင်း တို့သည်။ ဤလောက၌ အမြတ်ဆုံးကုသိုလ်ကို အားထုတ်ရသည်ဖြစ်၍။ လူမင်း။ နတ်မင်းတို့ စည်းစိမ်ကို မဆိုထားဘိ။စေတောပဏိဓိ

ဆုတောင်းခြင်း ရှိကြမူ အဋ္ဌသာ ဝက၊
မဟာသာဝကပကတိသာဝကဟုဆိုအပ်
သော အနုဗုဒ္ဓပစ္စေကဗုဒ္ဓ၊ သမ္မာ သမ္ဗုဒ္ဓ
မှချစစ်စစ်၊ ဧကန္တဖြစ်မည်ဆိုလိုသည်။။
ရုဝံ ဗုဒ္ဓေါ ဘဝိဿတိ ဟူသော ပါဠိ၌၊
ဗုဒ္ဓေါအရကိုလည်း သတ္တဝါတို့မှာ စေ
တောပဏိဓိ ပြားသည်ဖြစ်၍ ဗုဒ္ဓသုံးပါး
ဟုမှတ်။ ။

ဤသောတဗ္ဗကိ ကျမ်းစကား သည်
လည်း စိုက်အပ်သောမျိုးစေ့ အားလျော်
စွာ အပင်ပေါက်သကဲ့သို့ ပြုအပ်သောကံ
နှင့်လျော်စွာ အကျိုးဖြစ်လာသည်ဟု။ ။
ယာဒိသံ ဝပ္ပတေ ဗီဇံတာဒိသံ ဟရတေ
ဖလံ။ စသည်တို့ဖြင့် ဟောတော် မူအပ်
သောဓမ္မပဒ ပါဠိတော်စသည်တို့နှင့်ရင်း၊
အစိန္တိယော ပသန္နာနံ ဝိပါကောဟောတိ
အစိန္တေယျော ဟူ၍ ဖွင့်ပြ တော် မူအပ်
သော ထေရအပဒါန် အဋ္ဌကထာ၊ ထေရ
ဂါထာအဋ္ဌကထာ၊ သမန္တပါသာဒိကာအ
ဋ္ဌကထာ မဟာဝင်အဋ္ဌကထာ စကားတို့
နှင့်ရင်းညီညွတ်သည်ဖြစ်၍ အတိယုတ္တတ
ရအလွန်သင့်မြတ်သောစကားဟူ၍ မှတ်။
အချို့သော သဘာဝဂန္ထန္တရနည်းမကျ၊
မထောက်ဆ နိုင်သော ဆရာ တို့ သည်၊
ဇာတတ္တကိ၊ သောတဗ္ဗကိကျမ်းတို့သည်
ခိုင်မာသောကျမ်းမဟုတ်၊ ဇင်းမယ်ပဏ္ဏာ
သကျမ်း၌လာသော ကျမ်းစကား တည်း
ဟူ၍ ပယ်ရှား ပြောဆိုကြကုန်၏။ ထိုသို့
ပယ်ရှား ခြင်း သည်၊ မိမိတို့ ဉာဏ်ဖြင့်
ယုတ္တိသဘာဝ၌ မထောက်ဆ နိုင်သော
ကြောင့်လည်းကောင်း၊ ဂန္ထန္တရ နေရာမ
ကျသောကြောင့်လည်းကောင်း ဆိုမိခြင်း
ဖြစ်သည်ဟု၊ သန္နိဋ္ဌာန်ကျ ဧကန်တမှတ်။
ဇာတတ္တကိသောတဗ္ဗကိကျမ်းတို့ကို သိ
ဟိုဠ်ကျွန်း စူဠဗုဒ္ဓ ဃောသဆရာ စီရင်
ရေးသားသည်ဟူ၍ပိဋကတ်မှန် ပိဋကတ်
သမိုင်း၌ဆိုသည်မဟုတ်သေး၊ ၎င်းကျမ်း
၏ အဆုံးနိဂုံး၌ပင်။ ။ဂရူဟိဒိန္န ာနာမေန
ဗုဒ္ဓဃောသေတိ ဝိဿုတော၊ ကတော
ထေရေနတေနာယံ၊နိဒါန ဗုဒ္ဓဃောသစရော၊
ဟူ၍ စူဠဗုဒ္ဓဃောသဆရာစီရင်ကြောင်း
ပါလာသည်။ ။ ထိုစူဠဗုဒ္ဓ ဃောသ ဆ
ရာသည်၊ ယံဝါ တံဝါမည်ကာမတ္တသာ
မည ပုဂ္ဂိုလ်မဟုတ်ပေ စင်ကြယ်သော
ရှုတင်အကျင့်၊စင်ကျယ်သောသီလ၊ နူးညံ့
သိမ်မွေ့သောအညစ်အကြေး ကင်းသော
ပညာရှိ ပုဂ္ဂိုလ်ပေတည်း။ ထိုဂုဏ်ကျေး
ဇူးနှင့်ပြည့်စုံသောစူဠဗုဒ္ဓဃောသ ရဟန်း
မြတ် ပုဂ္ဂိုလ်တောင်းပန်အပ်သည် ဖြစ်၍
အဘိဓမ္မာ၏ အဖွင့်ဖြစ်သောအဘိဓမ္မာအ
ဋ္ဌကထာကိုငါရေးသားစီရင်အံ့တည်းဟု
မဟာဗုဒ္ဓဃောသအဋ္ဌကထာ ဆရာသည်
အဋ္ဌသာလိနီ အဋ္ဌကထာ၏ နိဒါန်း၌ ဝိ
သုဒ္ဓါစာရ သီလေန နိပုနာမလ ဗုဒ္ဓိနာ
ဘိက္ခုနာ ဗုဒ္ဓဃောသေန သက္ကစ္စံ အဘိ
ယာစိတော။ ။ဟူ၍ ပြတော်မူခဲ့သည်။
ထို့ကြောင့် ထိုဆရာ ထိုကျမ်း ကိုလည်း။
ဆရာကောင်း ဆရာမြတ် ကျမ်း ကောင်း
ကျမ်းမြတ်ဟု သန္နိဋ္ဌာန်ကျ ဧကန္တ မှတ်
အပ်ကုန်၏။။ဤကားစေတီတည်ထားကိုး

ကွယ်ရခြင်း၏အကျိုးကို ပြရာပြကြောင်း
ဖြစ်သော စေတီယ ကရဏဖလကဏ္ဍ ပ
ရိစ္ဆေဒကထာတည်း။ ။

ရတနာသုံးပါးတို့သည်။ လောက၌အ
မြတ်ဆုံးဖြစ်၍။ ကြည်ညိုသော သတ္တဝါ
တို့အား။ ကြီးကျယ်သောလောကီ လော
ကုတ္တရာအကျိုးတို့ကို တဖန်ပြန်၍ မဆပ်
နိုင်အောင်ပေးစွမ်းနိုင်သည်ဖြစ်၍သတ္တဝါ
တို့ နာထ အနန္တဂုဏ်မချကေနိအမှန်ဖြစ်
တော်မူဘုန်သည်။ ထိုသို့အနန္တဂုဏ နာထ
ဖြစ်တော်မူကုန်သော ရတနာ သုံးပါးတို့
၌ ကျေးဇူးတော်ကိုမမြင်။ မဆင်ခြင်မိဘဲ
သတိလွှတ်ကင်း၍။ ဖြစ်မှားခြင်း သဘာဝ
ပဒုဋ္ဌစိက်ထားနှင့် ထိပါး ပြောကြားမိခဲ့
လျှင်။ မိမိခံတွင်း၌။ ထက်လှ စွာသော စ
ကားတည်းဟူသောထားမသည်ဖြစ်ပေါ်
လာ၍ မိမိကိုယ်ကိုပင် မိမိထားဖြင့် ခုတ်
ဖြတ်အပါယ်သို့ချတတ်ချေသည်ဟု။ ။
ပုရိသဿဟိဇာတဿ။ ကုဓာရီ ဇာယ
တေမုခေ။ယာယဆိန္ဒတိအတ္တာနံဗါလော
ဒုဗ္ဘာသိတံဘဏံ။ဟူ၍သုတ္တနိပါတ်ကော
ကာလိကသုတ်၌ ဟော တော် မူသည်။
ဇာတဿ။ လူ့ပြည်၌ဖြစ်လာသော၊ ပုရိ
သဿ။ ယောကျ်ား၏။ မုခေ။ ခံတွင်း၌၊
ကုဓာရီ။ ထားမသည်။ဟိ။စင်စစ်။ ဇာယ
တေ။ ဖြစ်ပေါ်လာ၏။ ယာယ။ အကြင်
ထားမဖြင့်။ ဗါလော။သူမိုက်သည်၊ ဒုဗ္ဘာ
သိတံ။ မကောင်း သဖြင့်၊ ဆိုအပ်သော
စကားကို။ ဘဏံ ဘဏန္တော။ ပြောဆို
လျက်။ အတ္တာနံ။ မိမိကိုယ်ကို။ ဆိန္ဒတိ။
ဖြတ်လေ၏။ ဤကား ၎င်းပါဠိတော်၏အ
နက်။ ဇတိလသူဌေးကြီးအလောင်းသည်
ကဿပဘုရားသခင် လက်ထက်တော်၌။
ရွှေပန်းထိမ်သည်ဖြစ်၍။ ကဿပ ဘုရား
သခင်၏သရိရဓာတ်စေတီမြတ်ကိုရဟန်း
ရှင်လူ ပြည်သူအပေါင်းတို့သည်ကောင်း
စွာအားထုတ်။ တည်ထောင်ပြုလုပ်ကြရာ
မြောက်မျက်နှာ ရွှေမလောက်၍ ရဟန္တာ
တပါးရွာတွင်းသို့ဝင်သွားပြီးလျှင်။ရွှေပန်း
ထိမ်သည်အိမ်၌ စေတီတော်အား ရွှေလှူ
စေခြင်းငှာ။တိုက်တွန်းမည်ဟု ရပ်လာရာ
တွင်။ ရွှေပန်းထိမ်သည်လည်း။ မယားနှင့်
ရန်ဖြစ်ခိုက်ဖြစ်၍ အဘယ်အလို့ငှာ ရပ်
လာသနည်းဟု မေးလေလျှင်။ရဟန္တာအ
ရှင်မြတ်က။ စေတီတော် မြောက်မျက်နှာ
ရွှေမလောက်၍ တိုက်တွန်းမည် ရပ်လာ
သည်ဟုပြောကြားရာမယား၌ထွက်သော
အမျက်ဟုန်ဒေါသ ပဒုဋ္ဌဖြင့်-ရှင်ပင်ဆရာ
ကို ရေမှာချ၍ ပြန်ကြွပါလေ။ ဆိုမိလေ
အတွက် ပဒုဋ္ဌအချက်ကြောင့် ခုနစ်ဆက်
ရှေးဘဝတို့၌ မွေးခါစ အခါရေမှာအချခံ
ရကြောင်း။ ပစ္ဆိမဘဝ နောက်ဆုံးကာလ
၌လည်း အဒ္ဒမခြောက် ရှစ်ကြိမ်။ ဂုဏ်
သိမ်ကင်းပ မွေးခါစ အခါရေမှာအချခံရ
ကြောင်းတို့ကို။ ဓမ္မပဒအဋ္ဌကထာ၌ဖွင့်ပြ
တော်မူသည်။ ။

စေတီမတည်ဖြစ်အောင်ပဒုဋ္ဌစိတ်ဖြင့်
ပြောဆိုမိသည်ကိုထားဘိဦး။ လကုဏ္ဍ
မထေရ်အလောင်းတော်သည်။ ကဿပ
ဘုရားသခင်၏ လက်ထက်တော်၌ ဗိဿု

ကာ ဆရာကြီးဖြစ်၍ စေပင်ကြီးတည်မည်ကို မပြီးနိုင်ထင်မှတ်၍ မအပ်သောစကားဖြင့် ချုံးထားကာတည်မိ၍ ဖြစ်လေသည် ဘဝတိုင်းမှာ။ လူစားမှုမရှိ ပုကွသည်ကို အဖြစ်ကိုစင်စစ်ပင်ရလေသည်။ ပန္တိမဘာဝ နောက် ဆုံး ဖြစ်ကာ လဉ်။ လကုဏ္ဍ မထေရ်ဟု နာမည်သာ ပေါ်ထင်၍ ကိုယ်အင်္ဂါယုတ်ကြောင်းကို ထေရ အပဒါန်။ ထေရဂါထာအဋ္ဌကထာတို့၌ လာသည်။ ဗာရာဏသီပြည်ကို အစိုးရသော ဇနာဓိပရဇ္ဇ သနင်း ဖြဟ္မဒတ် မင်းသည်။ ဆင်တော်ကိုစီးပြီးလျှင်။ တရား လွတ်ကင်း။ စောင့် စည်း ခြင်း မရှိသော ရဟန်းဖျင်းဒုသီလ ပါပပုဂ္ဂိုလ်ထံ၊ ဆုံးမခံသွားလေရာ။ ဗောဓိပင် အပေါ်းမှာ။ ဆင်တော်ကို ချည်ထား၍ ရဟန်းထံ အနီးအပေါ်းတွင်။ ခစားလျက်နေစဉ် စီးလာသောဆင်တော်သည်။ ဗောဓိပင်ညောင်ခက်ကို အထက်မှနှာမောင်းတင်၍မစါးစေလိုလျှင်ငါ့ကိုဆင်ထိန်းဦးစီး ဖြစ်လိမ့်မည် အမှတ်ဖြင့်ဆင်ထိန်း အကဲကို ခတ် လျက် နေသဖြင့် ဆင်ထိန်းဆင်ဦးစီးကလည်း မစားစေလိုလျှင် မင်းကြီးငါ့အါး အမိန့်ပေးလိမ့်မည်အတွက်နှင့် အကဲခတ်နေသဖြင့်။မင်းကြီးကလည်း မစားအပ်မစားကောင်းဖြစ်ခဲ့လျှင်။ရဟန်းတော်ငါ့ကို ဆိုလိမ့်မည်သဘောထားနှင့် နေများကြစဉ်အခါ ဗောဓိခက် မှီလောက်ရာကို ဆွဲငင်ကာချိုးစား၍ပျက်ပြားလျက်ရှိသည်ကိုမသိသည် အယောင်။ ရဟန်းက ဟန်ဆောင်၍ စားလိုတိုင်းစားစေ။ အဆွေမင်းကြီးဆင်ဟု နှလုံး ပြုသဖြင့် အမှုမလိမ္မာ။ ရာဇာဆင်ထိန်းသဘောတိမ်းကြစိတ်တူမှု၍ ဘဝတပါး ပြောင်းသွား ကြလေလျှင်။ ဗောဓိပင်ပျက်စီးမည်ကို မြင်သည်ဖြစ်လျက် မမြစ်မတား စားစေလိုသဘောထားကြောင့်၊ ငရဲသို့ သွား လေရာ။ ရဟန်းအထက်မှာမင်းကြီး။ မင်းကြီးအထက်မှာဆင်ထိန်း။ ဆင်ထိန်းအထက်မှာဆင်။ အစဉ်အလိုက် မိုက်မိသည်ပုံစံ။ ခံရသည် အရေးကဲ့သို့မင်းကြီးလည်း ရဋ္ဌာဓိပ။ ဓဇနသနင်း မင်းဖြစ်ပါလျက်သာသနာပျက်သည်ကို ငုံကွက် တော် မမှုပဲ။ ပွဲကျောင်း တို့အကြိုက်ကို လိုက်များ၍ ပြုချေလျှင် ယခင် မင်း ကဲ့ သို့ ငရဲတွင် မချဧကန္တ ခံရမည်ဟု နော်ရထာ မင်းစောအား ရှင်အရဟံဟောကြောင်းကို ရှင်အရဟံသမိုင်းတွင်လာသည်။ ။

ယင်းသို့လာသည်ကို ထောက်သဖြင့်။ စေတီတော် ပျက်စီးမည်ကို မြင်လျက်။ စွမ်းနိုင်လျက်သားနှင့် ပျက်ပြား ခြင်းကို အလိုရှိမှု။ ပုဂံသာသနာပြုရဟန္တာ ရှင်အရဟံဟောသောရဟန်းနှင့်-မင်း၊ဆင်ထိန်းနှင့် ဆင်၊ လေးဦးသားတို့ ဂိုဏ်းအဝင်ဧကန်ပင်ဖြစ်တော့သည်ဟု။ ဥာဏ်စက္ခုရှေ့သွားဖြင့် မှတ်သားအပ်ကုန်၏။ ။

၍ကား စေတီတော် တို့၌ ထိပါး မိ၍ အပြစ် ရောက်သော အဖြစ်ကိုပြရာ ပြကြောင်းဖြစ်သော အဒ္ဒိနဝ ကဏ္ဍပရိဒ္ဒေဒကထာတည်း။

လေးပါးသောမင်္ဂတို့ဖြင့်ထောင်ငါးရာ

စက်ကိလေသာ ရန်မက်တို့ကို ပယ်ဖျက်သုတ်သင်တော်မူပြီး၍ တုန်လှုပ်ခြင်း မရှိပဋိသမ္ဘိဒါပတ္တ။ဆဠဘိညာ။တေဝိဇ္ဇ။တ၊ ခီဏာသဝ ဖြစ်ကုန် သော ရဟန္တာကြီးတို့သည် ပျက်စီးသော တရားတော်ဥဿုံ၌ သာသနာတော်မြတ်ကို မျက်မှောက် ထင်ထင်တွေ့မြင်ကြားသိခဲ့ရလျှင်အပ္ပေါသုက္က မနေသင့်ဟု ဥဒါန်း ပြုလျက် အားထုတ်ကြောင့် ကြလွန်လို့ လဖြင့် ပျက်ပြားခြင်း မရှိ ရ အောင် ရှက် ဆောင် တော် မူ ကြကြောင်းကို သမန္တပါသာဒိက အဋ္ဌကထာ၌။ ။ နခေါပနေတံ ပဋိရူပံ ယွာယံ ဒသဗလ သာ သာ သန ဝိပတ္တိံ သု တွာ အပ္ပေါ သုက္ကော ဘဝေယျ။ ။ ဖွင့်ပြတော်မူသည်။ ။ ယွာယံ။ ယောအယံ။ အကြင် ငါရသမထေရ်သည်။ ဒသဗလဿ၊ မြတ်စွာဘုရားသခင်၏ သာသန ဝိပတ္တိံ။ သာသနာတော်၏ ပျက်စီးခြင်းကို။သုတွာ ကြားသည်ဖြစ်လျက်။ အပ္ပေါ သုက္ကော။ ကြောင့်ကြလို့ လဝါယာမ မစိုက်မူ၍။ ဝါ။ ကြောင့်ကြမဲ့။ ယံ ယောနကာရဏေန။ အကြင်အကြောင်းကြောင့်။ ဘဝေယျ။ နေသည်ဖြစ်အံ့။တဿမေထိုငါရသမထေရ်အား။ ဧတံ။ ဤသို့ ကြောင့်ကြမဲ့ နေခြင်း သည်။ပန။ စင်စစ်။ဧဝပဋိရူပံ။မလျော်ကပတ်သည်သာတည်း။ ။ ဤကား ၎င်း အ ဋ္ဌ က ထ ၁ ပါ ဠိ၏ အနက်။ ဤအဋ္ဌကထာပါဠိဖြင့် ပရိယတ္တိ။ ပဋိပတ္တိ။ ပဋိဝေဓ သာသနာတော် တည်းဟူသော တရားတော်ပျက်စီးသည်ကို တွေ့မြင်သိကြား ခဲ့လျှင်။ စွမ်း နိုင် လျက် သား နှင့် ကြောင့်ကြမဲ့ အား မဘဲမနေအပ်၊ မနေထိုက်။ မနေကောင်းသော်အဖြစ်ကိုစင်စစ်မချပြတော်မူသည်။ တရားတော်ကို ပြတော်မူခြင်းသည်ကား။ဥပလက္ခဏာနည်းမျှသာဖြစ်၍။ ထိုတရားတော် ထက်မြတ်သော ထိုတရားတော်ကိုဟောကြားတော်မူပေတတ်သော ဘုရားကိုယ်တော်နှင့်စပ်သော စေတီ တို့ကို ဖျက်စီးရာ၌ ၎င်း။ ထိုတရားတော်ကို အရိုအသေမပျက်စီးရကြောင်း။ ဆောင်ရွက်ပေသော ရဟန်းသင်္ဃာတော်တို့ ပျက်စီးရာ၌၎င်း စွမ်းနိုင်သည်ရှိသော် အပ္ပေါသုက္က ကြောင့်ကြမဲ့ မနေအပ် မနေထိုက် မနေသင့်သော အဖြစ်ကိုလည်း စင်စစ်မချ ဧကန်မှတ်အပ်ကုန်၏။ ပါတဠိပုပ်ပြည်ကြီးကို အစိုးရသော သိရိဓမ္မာ သောက မင်းကြီး သည်။ စေတီ ၈၄၀၀၀တို့ကို တည်ခြင်း။သာသနာတော်ကိုပြုစုခြင်း။ ရဟန်းသင်္ဃာတော်တို့ကို မြတ်နိုးတနာ ကောင်းစွာ စောင့်ရှောက်ခြင်းတို့ကြောင့်နတ်ပြည်သို့ရောက်ခြင်း။ သီဟိုဠ်ကျွန်းကို အစိုးရသောဒေဝါနံ ပိယ တိဿမင်းသည်။ထူပါရုံစေတီကို တည်ခြင်း။ သာသနာတော်ကိုပြုစုတော်မူခြင်း။ ရဟန်းသင်္ဃာတော်တို့ကိုမြတ်နိုးတနာကောင်းစွာ စောင့်ရှောက် ခြင်းတို့ကြောင့် နတ်ပြည်သို့ရောက်ခြင်း။ ထိုမင်းနတ်သား ၂ ရောက်တို့သည်။ လူ့ပြည်၌လည်းအလွန်ချစ်ကြည်ကြသော အဆွေခင်ပွန်းဖြစ်၍၊ နတ်သက်အတိုင်း မနေဘဲ

သီဟိုဠ်ကျွန်းတွင် ကာကဝဏ္ဏ မင်းကြီး လက်ထက် တနေ့တည်း ဖွားခြင်း။ တနေ့ တည်း ရှင်ပြုခြင်း။ တနေ့တည်း ရဟန်း ပြုကြခြင်း။တနေ့တည်းပရိနိဗ္ဗာန် စံတော် မူကြခြင်းတို့ကို သီဟဠဝတ္ထုကျမ်း၌ ဆို သည်။ သိရိမေဃ္ဃ သောကမင်းကြီးရဟန်း အမည်မှာ ကုဏ္ဍလမထေရ် တွင်သည်။ ဒေဝါနံ ပိယ တိဿမင်းကြီး ရဟန်းအ မည်မှာ ဗျဂ္ဃမထေရ် တွင်သည် ဟု ၎င်း ကျမ်း၌ပင် ဆိုသည်။ လောက ပညတ္တိ ကျမ်း၌လည်း သိရိမေဃ္ဃ သောကမင်းကြီး ရ တေ သော အ ခါ နတ် ပြည် သို့ လား ကြောင်းကိုဆိုသည်၊ မဟာရာဇာဝင်၌ ကား။ သိရိမေဃ္ဃသောကမင်းကြီး ရတေ သောအခါ နှလုံးတော် မသာရာ၍။ စပါး ကြီးမွေ့ဖြစ်၍ သားတော် ရှင်မဟိန္ဒတရား ဟော၍ချွတ်ရကြောင်းကိုဆိုသည်။မဟာ ရာဇဝင်တော်၌ဆိုသောစကားသည်လော ကပညတ္တိကျမ်း။သီဟဠဝတ္ထုကျမ်းတို့နှင့် လည်းမညီ။ ရာဇဝင်လတ်။ ရာဇဝင်သစ် မှန်နန်းရာဇဝင်တို့၌လည်း။ ၎င်းရာဇဝင် ဟောင်း၌ဆိုသော စကားတို့ကို ပယ်ရှား မြစ် တား တော် မူသည် ဖြစ်၍ လည်း ကောင်း သဘောယုတ္တိ မရှိသည် ဖြစ်၍ လည်းကောင်း သီဟဠဝတ္ထု ကျမ်းစကား ကိုသာ။ သန္နိဋ္ဌာန်အားဖြင့် ကောင်းစွာ မှတ်သားအပ်ကုန်၏။ ။

ဒုဋ္ဌဂါမဏိ မင်းကြီးသည်။ အတောင် ၁၂၀-အမြင့်ရှိသော မဟာစေတီကိုတည် ခြင်းသာသနာကိုပြုစုခြင်း။ ရဟန်းသံဃာ တော်တို့ကို။ မြတ်နိုးတနာ ကောင်းစွာ စွာစောင့်ရှောက်ခြင်းတို့ကြောင့် နတ်ပြည် မှ နတ်ရထားခြောက်စင်းဆိုက်ခြင်း။ လူ ရှင်ရဟန်းတို့ ရှေ့ ရတေ၍တုသိတာနတ် ရထား၌ နတ်သားဖြစ်ခြင်း ကုသိုလ်ကံ၏ အကျိုးကိုယုံကြည်စေခြင်းငှါနတ်အသွင် နှင့်တကွ။ မျက်စိအဆုံး ကြည့်လိုက် မြင် လိုက်ရခြင်း။ မေတ္တယျ ဘုရားပွင့်တော်မူ လျှင် လက်ျာတော်ရံ အဂ္ဂသာဝက ဖြစ် ခြင်း။ အလုံးစုံသော အကြောင်း အရာ အထွေထွေတို့ကို မဟာဝင် ကျမ်း၌ ဆို သည်။ ။

ဤါတို့တွင်သည်လည်းစေတီတည်ခြင်း ၌။ ကောင်းစွာအားထုတ်ခြင်း။ စွမ်းအား ရှိသလောက် သာသနာတော်မြတ်ကို ချီး မြှောက်စောင့်ရှောက် ပြုစုခြင်း။ ရဟန်း သံဃာတော်တို့၌ မြတ်နိုးတနာ ကောင်း စွာစောင့်ရှောက်ခြင်းတို့ကို ယောနိသော မနသိကာရ မူလ အကြောင်း ခံ ရှိသော သမာဆန္ဒ သဒ္ဒါပသန္န ကုသိုလ်စိတ်ဖြင့် မဆိတ်မစဲ အားခဲရွက်ဆောင်။ စွမ်းအား ကုန်အောင် တည်ထောင် အားထုတ် ပြု လုပ်ရလျှင် သိရိမေဃ္ဃ သောကမင်းဒေဝါနံ ပိယတိဿမင်း ဒုဋ္ဌဂါမဏိမင်းတို့ကဲ့သို့၊ မုချ ဧကန် လူချမ်းသာ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ကို အမှန် ရပေ တော့

မည်တကားဟု ကြံ့စား အားထုတ် သင့် ကြကုန်တော့သည်။ ။

ဤကား စေတီတော် ကို အားထုတ် ထိုက်သည်ကို ပြရာပြကြောင်း ဆုံးမရာ ဆုံးမကြောင်း ဖြစ်သော အနုသာသန ကလျာပရိဗ္ဗေဒကထာတည်း။

ဘုရားစေတီ ကျောင်း ဇရပ်တို့ ရေ ဘားမှ ကင်းဝေးအောင် ကာကွယ်စောင့် ရှောက်သောသူတို့သည်ကား အဘယ်မှာ မိမိတို့ရည်မှန်းသော နိဗ္ဗာန်ချမ်းသာမြတ် ကြီးကိုမရမရောက်ဘဲရှိပါအံ့နည်း။ ဧကန် မုချ ရရောက်ပါလိမ့်သတည်း။ ။

....★....

ယင်းသို့ ပြဆိုအပ်ပြီးသောတဆဲ့ရှစ် ပါးသော ကလျာပရိဗ္ဗေဒတို့ဖြင့် တန်ဆာ ဆင်အပ်သော စေတီယ ပကာသနီသည်ဗြို မည်ဆန်း ဤစာတန်းကို အဘောထိထိ။ မိမိရရ ကြားနာရသဖြင့် သံသယကင်းပြေ ယုံမှားကင်း၍ သန့်ရှင်းဖြူစင်ကောင်းမြတ် သော ဝါဒ၌ တည်သင့် - တည် ထိုက် ကြောင်းကို ဟသံာ တမြို - မန္တလေး ကျောင်းတိုက်-ကျောင်းထိုင်နာယကသာ သနာပြု ဓမ္မကထိက။ ဂဏဝါစက။ ဝိယာ နစရ။ အရှင်အာသဘ-မဟာထေရ်အရှင် မြတ်က-ဗုဒ္ဓမာမက-ဥပါသကာ-ဥပါသိကာ မ- အပေါင်းများစွာတို့အားရင်း။ ဗဟုသု တ ရှာမှီကြသော သူတော်သိ ပညာရှင်တို့ အားရင်း။နောင်လာနောက်သားထိသာနွ သိသတို့အားရင်း။ မှတ်သားစေရန်။ ပါ ဠိအဋ္ဌကထာ မဟာဝင်စသော ဂန္ထ်ကျမ်းရ သမိုင်းအစောင်စောင်။ ရှေးစာပေါင်း များစွာတို့မှ ထုတ်နုတ် ရေးသား စီရင် တော်မူအပ်သော စေတီယ ပကာသနီ။ သညီတင့်ဆန်း ဤစာတန်းသည်၊တကျေး ဤတွင် ပြီးသတည်း။ ။




ဦးပါရဲ့
စေတီ
ကမ်းဆည်ရေးရှင်းတန်း တဆု

၃၂၁၊၂၂-၃၊ ဟသ်ာတမြို့ လက်သမား၊ ရစ်-ပြည်လုံးကမ်းကျော် ဦးပါရဲ့ စေတီတော်မြတ်ကြီး ရေွှ ၂၀၀၀ ၈ ွအပွဲ၊



နောက်တန်း— ဦးအေးမောင်။ ဦးဘကျော်။ ဦးဘငွေ။ ဦးဘိုးအောင်။ ဦးထွန်းစိန်။ ဦးစံမြင့်။ ဦးအောင်ခ။ ဦးစံ။ ဦးကြင်ထွန်း။ ဦးအေးမောင် (အတွင်းရေးမှူး) ဦးကံ။

အလယ်တန်း- ဦးအေးချို။ ဦးရွှေမောင်။ ဦးဘလတ်။ ဦးဘထွန်း။ ဦးကျော်လှ (အတွင်းရေးမှူး) ဦးကြည်ထွန်း (ဒု-ဥက္ကဋ္ဌ) ဦးဘအောင် (ဥက္ကဋ္ဌ) ဦးမောင်ငွေ။ ဦးဘကျင်။ ဦးဘဘွား။ ဦးအောင်သန်း။ ဦးဘခိုင်။

ရှေ့တန်း — ဦးကြက်။ ဦးကင်း။ ဦးလှမြင့်။ ဦးထွန်းရှိန်။ ဦးစိုးမောင်၊ ဦးထွန်းတင် (ရွှေပြည်)

### ဟံသာဝတီ မြို့ လက်သမား ရပ်ကွက် ရှိ၊
### ဦးပါရဲ့ ခေတီတော်မြတ် ဘုရားကြီးတည်
### အညွှန်းတော် - မော်ကွန်း

# (ပိုဒ်စုံ-ရတု)

(၁) တောင်ကျွန်းဒီပါ၊ မြစ်ဇရာတည့်၊ မြေချာဋ္ဌာန၊ ဟံသာဝတီတွင်၊ နာမကျော်ဟီး မြို့သူကြီးသည့်၊ စောထီးပရမေ၊ မြက်စိန္တေ၏၊ ခတ်မွေသရီ၊ ကုန်းမြေညီတွင်၊ စေတီတည်ရ။ နတ်နှင့်လူတို့၊ ကြည်ဖြူရွှင်လန်း၊ သဒ္ဒါရွှန်းအောင်၊ လျှုဒါန်းတည်တော်၊ မှုသရော်တည့်၊ ဘိုးတော်ဦးဒိုင်း၊ စစ်ကိုင်းပင်းယာ။ အင်းဝဘုန်းဘောင်၊ ဦးအောင်ဇေယျ။ မင်းတေဇ၏။ စတုတ္ထမြောက်။ သားလေးယောက်တွင်။ ညွှန့်ညှောက်သက်ဆင်း၊ ပဒုံမင်း၏။ ထန်ပြင်း အာဏာ။ ဘုန်းတေဇာကို။ ကျေညာကျော်ဟီး။ ခိုလှုံပြီးသော်။ သူကြီး ကျော်ကဲ၊ ဦးပါရဲနှင့်၊ သောင်းသဲ မြိုင်ပြာ၊ လူများစွာတို့၊ သဒ္ဒါကျော်ဟုံး။ မော်ကွန်းထိုးသည် .......၊ အကျိုးအငွန့်တည်စေသော်။ ။

(၂) သောင်ထွန်းညီညာ။ မြေမျက်နှာတွင်၊ ကောဇာတွက်စစ်။ သက္ကရာဇ်ကား။ တပ် .......တစ် ........ခြောက်-လေး၊ တည်ထောင်ရေးတည့်။ဟိုရှေးခေတ်ဟောင်း ရွှေ့ကာပြောင်း၍။ နောက်နှောင်းတွက်စစ်။ သက္ကရာဇ်၏။ တစ်-သုံး နှစ် နှစ်။ ရောက်ပြန်လစ်သော်။ ရှင်ချစ်ပရမေ။ မြတ်စိန္တေ၏။ ခတ်မွေသရီ။ ထိုစေ တီသည်။ မြေညီရှေ့မို။ မြစ်ကမ်းပြို၍။ လူဗိုလ်များဖြင်။ ပေါင်းစုလျှင်ဖြင့်။ ။ ရှင်ပင်ဘုန်းတောက် ကမ်းပါးချောက်သို့။ မရောက်စေခြင်း။ နှလုံးသွင်းနှင့်။ လွန်မင်းသဒ္ဒါ၊ ငိုင်းဝန်းကာဖြင့်၊ ရေကာစပါး။ သောင်းတန်များကို၊ ချထား ပြီးကာ။ ဆိပ်ကမ်းသာ၍။ တဖြာကျောက်တန်း။ ဆည်ကြီးမှန်းလျက်

မြစ်ကမ်းဇရော၊ ရေမလာအောင်။ ညီညာဖြဖြ။ ပေါင်းစုကြ၍။ လုလ္လ အားကြိုး
များသည်ပိုးသည်........။ အကျိုးအဝွန္န့တည်စေသော်။........။

(၃) နောင်ညွှန်းမှိရာ။ လူများစွာကို၊ ရံကာစေတီ။ လေးဆူညီ၍။ တလိ-ဂန္ဓ။ ကုဋိကသျှင်။ညီမျှလေးချ၊ တည်ထောင်ပြု၍။ ကောင်းမှုဝေဖြာ။ စေတနာကြောင့်။ ရံကာစေတီ၊ ရှစ်ဆူညီနှင့်၊ တလိ-ဂန္ဓ။ ကုဋိက-လျှင်။ ရှစ်ဝန်းစ်လဆယ်ခြောက်ညီရှင့်။ စေတီပြင်လျာ။ မြို့ဟာသ်ာ၏။ မင်္ဂလာ ကြက်သရေ။ တက်ဖြိုးဝေ၍။ မြို့ခြေသာယာ။ စည်ပင်ကာဖြင့်။ ဘာသာဇုဒ္ဓ။ ရိုတုပ်ကွလျက်။ ခေမ-အငှ။ မြတ်နိဗ္ဗူသို့။ ကြည်ဖြူရွှင်လန်း။ ရောက်ဘို့မှန်း၍။ လှူဒါန်းမြော်ကိုး။ အားသွင်ကြိုးသည်။ အကျိုးအဝွန္န့........ တည်စေသော်။ ။

# ☆ ဦးပါရဲ့စေတီတော်မြတ်ကြီး ☆

## အကြောင်း။

....★....

၁၁၆၄-ခု။ ဗဒုန်မင်းလက်ထက်။ ဟင်္သာတမြို့။ မြို့သူကြီးမင်း ဦးပါရဲ တည်ထားကိုးကွယ်ပါသည်။ ထိုဘုရား စေတီတော်မြတ်ကို။ ယခုတိုင်အောင် ဘုရားဒါယကာ အမည်ကိုစွဲ၍။ ဦးပါရဲ့ဟု- အမည်တော်တွင်ပါကြောင်း ကျေးပုရပိုဒ်လည်း။ ယခုတိုင်အောင်။ ၎င်းဘုရား စေတီဌက်ပျောဘူး အတွင်းအသက်ပိုင်းမှာ ရှိပါသည်။

- ★ ပန်းတင်ခုံ အကျယ် တဘက်လျှင် ၉၄- တောင် ၂မိုက်၊
- ★ စေတီဘိနပ်အကျယ် ၂၇- တောင်။
- ★ စေတီတော်အမြင့် ၄၉- တောင် ၂မိုက်။

(အုံ, ဩ, သာ, လှ, တည်ပါကြ, မည်ရ, ဦးပါရဲ)

### ဟံသာဝတီမြို့

# ဦးပါရဲစေတီတော်မြတ်ကြီး၏

## မူလအဋ္ဌုပ္ပတ္တိ—အကျဉ်းချုပ်။

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။**

မြန်မာပြည်ဘွားတိုင်းရင်းသားတို့၏ဂုဏ်ကို၊ သကရာဇ် ၁၁၁၄-ခုနှစ်မှ စ၍။ ၁၁၂၂-ခုနှစ်အထိ။ တိုးတက် ကြီးမြင့်အောင်ဆောင်ရွက်တော်မူခဲ့သော၊ ရွှေဘိုမြို့စားကြီးမင်းညိုစံ။ မဟာဒေဝီစောညိမ်းဦးတို့၏သား။ အလောင်းဘုရားဦးအောင်ဇေယျ၏၊ စတုတ္ထ မြောက် သား တော်ပဒုံမင်းသား(ခေါ်)ဘိုးတော်ဦးဝိုင်းသည် ဂေါတမသကရာဇ် ၁၁၄၃ ခုနှစ်။သာသနာသကရာဇ် ၂၃၂၅ ခုနှစ်မှစ၍။ နန်းစံတော်မူသောအခါတွင်၊ ဟံသာဝတ မြို့ကြီး၌၊ ဦးပါရဲအမည်ရှိသော အမျိုးအနွယ်ကြီးအားမြို့သူကြီးရာထူး[illegible]ာနသိ့ရဖြင့်ခန့်အပ်ပေးသနားတော်မူသည့်အတွက် ထိုပုဂ္ဂိုလ်ကြီး ဦးပါရဲက ဂေါတမသရာဇ် ၁၁၆၄-ခုနှစ်တွင်။ စေတီ တည်သားကိုးကွယ်ခဲ့သည်ဖြစ်သောကြောင့်၊ မြို့သူကြီးဦးပါရဲကို အစွဲပြုလျက် ယခုတိုင် ဦးပါရဲစေတီတော်ဟု ခေါ်တွင်ပါကြောင်း။

ယင်းစဉ်အခါက စေတီတော် မြတ်ကြီးတွင် အရံစေတီတော်(၄)ဆူနှင့် ဂန္ဓကုဋိတိုက် (၄)ခုသာရှိ၍၊ စေတီတော်၏ခြေရင်းတော် ပါတ်လည်တွင်၊၄ထောင်ခန့်မျှ ကျယ်ဝန်းသော ကုန်းတော် ရှိသည့်အပြင်၊ ထိုကုန်းတော်နှင့် ယခု တည်ရှိသော၊ စေတီတော် မဟာဝံ တံတိုင်းအတွင်း၌။ ၅-တောင်ခန့်နက်ရှိုင်းသော မြေချိုင့်ကြီးရှိပါသည်။

ရင်းဘုရား ဒါယကာ ဖြစ်သော မြို့သူကြီး ဦးပါရဲသည်။ ဟံသာဝတမြို့တွင် ရှေးကကျော်ကြားခြင်းရှိခဲ့သော စစ်ကဲကြီး ဦးဖန်၏ အဆက် တော်စပ်သည်ဟု ကြားဘူးပါကြောင်း။ စစ်ကဲကြီး ဦးဖန်၏သားမက်သမာဒိမြို့ဝန်မင်း ဦးမောင်မောင်ခ။ ပင်စင်ရ သစ်တော ဝန်ထောက် မင်း။ ဦးဘိုးပြား။ ၎င်း၏ညီ အိမ်ထောင်ပရိ ဘောဂတိုက်ပိုင်ရှင် ဦးဘပုနှင့် ရင်ရွာရှိ ပုဂ္ဂိုလ် အပေါင်း သူတော်ကောင်း တို့ကောင်းမွန်စွာထပ်မံပြုပြင်စီမံကြသဖြင့်၊ ဒါယကာ-ဒါယိကာမ အသီးသီးတို့၏။

ကုသိုလ်တော်ဖြစ်သော အခံစေတီတော် (၇)ဆူတို့နှင့်။ ဂန္ဓကုဋိတိုက်(၇)ခုနှင့် တကွ ဟံသာဝတီမြို့ကြီး၏ ကြက်သရေ တက်နေအသွင်။ ထင်ထင်ရှားရှား စည်ကားတိုးတက်လာပါကြောင်း။

အထက်ပါ ပုဂ္ဂိုလ်ကြီးများ အသက်ရှင်စဉ်အတွင်း၊ ဂေါဇာ သက္ကရာဇ်.... ၁၂၉၉ ခု-နှစ်တွင် မန္တလေး တောင်ရသေ့ကြီး ဦးခန္တီ။ ဟံသာဝတီမြို့သို့ ကြွရောက်လာ၍။ ဦးပါရဲ စေတီတော်မြတ်ကြီးအား ဖူးမျှော်ပြီး။ အဓိဋ္ဌာန်ပြုသော အခါ၌၊ ထိုစေတီတော် မြတ်ကြီးသည်။ တိုင်းပြည်၏ငြိမ်းအေးချမ်းသာတိုးတက်၍၊ အန္တရာယ်အပေါင်း ကင်းလွတ်ကြစေရန်။ ဖြစ်ပေါ် လာ သည့် အ တွက်၊ (ပြည့်လုံးကပ်ကျော်ဦးပါရဲစေတီတော်) ဟု၊ ဘွဲ့တော်တပ်ကြပါ၍ မိန့်တော်မူရကား၊ ထိုအခါမှ စ၍။ (ပြည့်လုံးကပ်ကျော် ဦးပါရဲ စေတီတော်) ဟု ထပ်မံခေါ်တွင်ပါကြောင်း။ အထက်တော်ပြပါ လူကြီးများ၏ ဦးစီးဆောင်ရွက်မှုကြောင့် နိမ့်ရှိုင်းသော အချိုင့်အပှမ်းကြီးသည်။ ပကတိ ကုန်းတော်အဖြစ်သို့ ရောက်ရှိလာပါကြောင်း။

စေတီတော်ကြီးကိုစေတီငယ်၇-ဆူ ရံထားသဖြင့်။ ကြိုဟ်သက်ပေါင်း ၁၀၇ ဖြစ်၍။ ၉-နဝင်းကြေသည့်အပြင်၊ ဂန္ဓကုဋိတိုက် ၇-ခုပေါ်ပေါက်လာသဖြင့်။ ၇မျက်နှာစေတီတော်ဖြစ်ပေါ်လာပါသည်။

အထက်တော်ပြပါ လူကြီးမင်းများ ကွယ်လွန်ပြီးသည့်နောက်။ ဂေါဇာသက္ကရာဇ် ၁၃၁၀ ခုနှစ်ကစ၍။ ရပ်ကွက်ရှိ လူကြီးများသည်။ စေတီတော်မြတ်ကြီးအား အစဉ်သဖြင့် စောင့်ရှောက်ရန် အတွက်။ (ပြည့်လုံးကပ်ကျော်ဦးပါရဲ စေတီတော်) ဝေယျာဝစ္စ အသင်း ကြီးကို တည်ထောင် ကြပါသည်။ ထိုအသင်းကြီး၏ ကြိုးပမ်းမှုကြောင့်။ စေတီတော်မြတ်ကြီး၏ အရှေ့ရပ်၊ မဟာရံတံတိုင်းနှင့် ကပ်လျက်ရှိသော။ ပြုပြင်၍ရမအောင် ပျက်စီးချို့ယွင်းနေသော တန်ဆောင်းအတွင်းရှိ ဆင်းတုတော်များကိန်းဝပ်တော်မူရန်၊ ဒါယကာ-ဒါယိကာမများတို့၏၊ ကုသိုလ်တော်ဖြင့်ယာခုအခါ၊ စေတီတော်မြတ်ကြီးတွင်။ ဂန္ဓကုဋိတိုက် ၇ ခုထပ်၍ တိုးပါသဖြင့်။ အားလုံးပေါင်း ဂန္ဓကုဋိတိုက် ၁၄-ခု။ ဆယ့်ခြောက်မျက်နှာစေတီတော်အဖြစ် ပေါ်ပေါက် လာသည့် အတွက် အသင်းဝင်ပုဂ္ဂိုလ်ကြီးများတို့၊ ညှိနှိုင်းတိုင်ပင်၍ ဤမူလ ဘူတအဋ္ဌုပ္ပတ္တိ အကျဉ်းချုပ်ကို။ ကမ္ဗည်းအဖြစ် တင်မှတ်ကြပါကြောင်း။

....☆....

ဒေါ်သန်းရင် သို့မ်း ကြည်ကြည်ခင် တို့၏ အလှူတော်မင်္ဂလာ

## ဘုရား- တရား- သံဃာ။

ဆရာမိဘတို့အား လှူဒါန်းသော

ဒါနနှင့်၊

အထူးထူးသော ဒါနကုသိုလ်တို့

# ရေစက်ချတရားတော်နာ
# (ဘိတ်ကြားစာ)

ဟသ်ာတမြို့ လက်သမားမြောက်ရပ်နေ၊ ကွယ်လွန်သူ ပင်စင်အငြိမ်းစား အခွန်တော်သစ်တော ဝန်ထောက် သမာဓိမြို့ဝန်မင်း ဦးဘိုးပြား- ဒေါ်စောမေ။ အမိအဖနှစ်ပါးတို့ကိုအမှူးထား၍သို့မ်း၊ မြေပိုင်ရှင်-ဒေါ်သန်းရင်၊ သို့မ်းကြည်ကြည်ခင်တို့က၊ လေးမြတ်စွာ ဘိတ်ကြားအပ်ပါသည်။

ကျွန်မတို့သည်၊ အိုနာ၊ သေရေး၊ ဒုက္ခဘေးတို့မှ၊ ကင်းဝေးရာမှန်။ ပြည်နိဗ္ဗာန်သို့ ဇကန်ထုပ်ချောက်၊ မျက်မှောက်ပြုပါရစေခြင်းအကျိုးငှာ။ ဘုရားအမှူးရှိသော အရိယာသံဃာတော် (၈)ပါးတို့ကို။ ရှေးဦးစွာဆွမ်းကပ်လှူပြီးနောက်၊ ရဟန်းရှင်လူ၊ သီလရှင်အပေါင်းတို့အား။ ကောင်းမြတ်သောအလှူဒါန ဒါတဗ္ဗ ဝတ္ထု အစုစုတို့ကို ရေစက်သွန်းချ အမျှဝေခြင်း ပြုလုပ် လိုပါသောကြောင့်၊ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ချီးမြှင့်တော် မူကြပါရန် လေးမြတ်စွာ ဘိတ်ကြားအပ်ပါသည်။

## ☆ အစီအစဉ်။ ☆

၁၃၂၁-ခု၊ နတ်တော်လဆန်း ၁၄-ရက်။ တနင်္ဂနွေနေ့ည ဦးပါမဲ့ ဘုရားဘုန်းတော်ပေါ်၌ ဘုရားကိုးဆူ ပူဇော်ခြင်း။

၎င်းည ဦးပါရဲ ဘုရားကြီးအား ညလုံးပေါက် ဘုရားမီးပူဇော် လှူဒါန်းခြင်း။

နတ္တော် လပြည့်နေ့ ကုန်းရေနေ၊ လေနေသတ္တဝါများအား အစာကျွေးလှူဒါန်းခြင်း။ ဇီဝိတ အဘာယဒါန ဘေးမဲ့ လှူဒါန်းခြင်း။

၁၃၂၁-ခု။ နတ္တော်လပြည့်ကျော် ၁ ရက်နေ့။ ဗလိနတ်စာနတ်သဘင်ပျော်ပွဲပေးခြင်း။

၁၃၂၁-ခု။ နတ္တော်လပြည့်ကျော် ၂ ရက်နေ့ နံက် ၇ နာရီမှ ၁၀-နာရီအထိ၊ ဧည့်ခံကျွေးမွေး လှူဒါန်းရေစက်ချခြင်း။ နေ့လည်ချောတိုင်တက်ပွဲနှင့် ကလေးများအားပျော်ပွဲပေးခြင်း။

## ရေစက်ချ လှူဒါန်းမည့်ဒါနများ။

| | | |
|---|---|---|
| **ဘုရား။** | ဦးပါရဲစေတီတော် ကမ်းသယ်ရေးအတွက်........ | ၅၀၀ိ၊ |
| | ဆသ်ထပ်ကြီးဘုရား........ | ၁၀ိ၊ |
| | တန်ခွန်တိုင်ပြင်ဆင်ခြင်း .... | ၉ိ၊ |
| **တရား။** | အဘိဓမ္မာ စာပြန်ပွဲ.... | ၅၀ိ၊ |
| **သံဃာ။** | သံဃာတော် သက်စေ့။ ဒွါရ ၂၉ပါး။ | |
| | သုဓမ္မာ ၂၉ ပါး။ ပေါင်း ၅၈ ပါးတို့အား။ | |
| | နဝကမ္မ အလှူငွေပေါင်း........... | ၁၁၆ိ၊ |
| | သံဃာတော်များ အထွေထွေလှူ.... | ၁၇၁ိ။၅၀ |
| | ကထိန်သင်္ကန်း (၃) စုံမဲချလှူခြင်း.... | ၁၁၅ိ၊ |

အောက်ပါ ကျောင်းအဆောက်အဦး အသီးသီးအတွက် လှူဒါန်းခြင်း။ ၈၀ဝိ။

၁။ မန္တလေးကျောင်း.... ၁၀ဝိ။
၂။ အပြင်ပဋ္ဌာန်မြားကျောင်း.... ၁၀ဝိ။
၃။ အတွင်းပဋ္ဌာန်မြားကျောင်း.... ၁၀ဝင်။
၄။ ရှားခဲကျောင်း.... ၁၀ဝိ။
၅- နတ်မှော်ကျောင်း.... ၁၀ဝင်။
၆။ လယ်တီကျောင်း.... ၁၀ဝင်။
၇။ မုံရွာလယ်တီကျောင်း........ ၁၀ဝိ။
၈။ သောကြာပါတ်.... ၁၀ဝိ။

ဆရာသမား။ လယ်တီ မြွကထိက ဆရာတော် ဦးဝိလာသ .... .... ၁၀ဝိ။
အဘိဓမ္မာဆရာကြီး ဆရာအောင် .... .... .... ၁၀ဝိ။

မိဘ။ နှစ်ပါးသော မိဘ အဘိုးအဘွားတို့ကို ရည်မှန်း၍ ရန်ကုန်မြို့
ဘိုးဘွားရိပ်သာ၌ (၃၊၃၊၆၀) ခုနှစ် တနေ့စာ .... ၂၀ဝင်။
ဂင်းရိပ်သာ ရုံပုံငွေ .... ၂၀ဝင်။
ပံ့သကူအလှူ........ ၅ဝိ။
လူငယ်များ အတွက် (ပိုက်ဆံစွန့် ချောတိုင်တက်) ၁၁ဗိ။
ညော့ခံကျွေးမွေးလှူဒါန်းခြင်း .... .... ၁၀၀ဝိ။

အာဘယဒါန။ ဇီဝိတ ဒါနကုသိုလ်။ ဘေးခွဲလွှတ်ခြင်း .... .... ၆၀ဝိ။

**မလိနတ်စာ။** နတ်သဘင် ပျော်ပွဲပေးခြင်း .... ၄၀ဝိ။
ကုန်းနေ,လေနေ, ရေနေ,သတ္တဝါ တို့အား ကျွေးမွေးလှူဒါန်းခြင်း ၂၀ဝိ။
ပေးလှူထောက်ပံ့ထိုက်သော ဆွေမျိုးမိတ်သင်္ဂဟတို့အား၊
ငွေအဝတ်အစား။ ထီး။ ဘိနပ် အသုံးဆောင်တို့
လှူဒါန်းခြင်း ၃၀၀ဝိ။
ဟင်္သာတမြို့ နို့စို့ကလေး စောင့်ရှောက်ရေးအသင်း .... ၅ဝိ။
ရန်ကုန်မြို့၊ ဇီဝိတ ဒါန ဆေးရုံ.... ၅ဝိ။
မြို့ပေါ်ရှိ သီလရှင်အပါး။ (၁၂၅)ပါး တို့အား။
ထီလက်မှတ်တစောင်စီ.... ၂၅ဝိ။
အထွေထွေ အလှူ .... ၇၀ဝိ။

မိဘနှစ်ပါး အစထား၍ သုံးဆဲ့တဘုံ ကျင်လည်ကြကုန်သော၊ ဝေနေယျ သတ္တဝါအပေါင်းတို့အား အမျှပေးဝေခြင်း။

(မန္တလေးဆရာတော်-အရှင်အာသဘ မဟာထေရ်)

★ တရားဟော ရေစက်ချသည် ★

ဦးပါရဲစေတီတော်ကြီး။ မြစ်ကမ်းထည်းသို့ မပါရစေခြင်းငှာ။သိန်းဆုရှင် ဒေါ်သန်းရင် သ္မီး ကြည်ကြည်ခင်တို့က ငွေ၅၀ဝိ(ငါးထောင်ကျပ်)ကိုသက်ဆိုင်ရာ ပုဂ္ဂိုလ်များအား လှူဒါန်းသဖြင့်၊ (ဘုရားကိုယ်တော်မြတ်ကြီး) ရေထည်းသို့ မပါ။ မူလအတိုင်း တည်ရှိပါသောကြောင့် ဒေါ်သန်းရင်-ကြည်ကြည်ခင်တို့၏၊ မူလ မတယ်ပေးသော ဘုရားအမ တို့၏။ ဂုဏ်ကို ရေးသားရသော် ကုန်နိုင် မဟုပ် သဖြင့်။ ဤအလှူဘိတ်စာဖြင့် သိနိုင်လောက်ပါသည်။ ။



# ဦးပါရဲဘုရား ရှိခိုးရန်

## ဂါထာပါဠိအနက်။

နိဒဟိတွာကတံထူပံ၊ သမ္မာသမ္ဗုဒ္ဓ ဓာတုယော။
တိလောက မဟိတံ ဝန္ဒေ။ ဦးပါရဲရှုတိနာမကံ။ ။

သမ္မာသမ္ဗုဒ္ဓ ဓာတုယော။ မအောက်မပြန်၊ ဩယုခမ်ကို။ အမှန်ကိုယ်တိုင်။ သိစွမ်းနိုင်၍။ ဘက်ပြိုင်မရှိ။ မှုနိထွန်းထား။ မြတ်ဘုရား၏။ ကြွင်းညားထုတ်တော်။ ဓာတ်မွေတော်တို့ကို၊ နိဒဟိတွာ။ သာသနာတော်နှစ်သန်းခွဲစပ်သော်။ အနှစ်များမြောင်။ ငါးထောင်ပတ်လုံး။ ချိန်ကုန်ဆုံးအောင်လုံးလုံးတည်စေ။ အောင်သပြေနှင့်၊ ညောင်ရေလောင်းပြီး။ ထားသိုမြဲ၍။ ကတံ။ ပဒုံမင်းကျော်။ လက်ထက်တော်ဝယ်။ ထင်ပေါ်လွှန်ကဲ။ ဦးပါရဲဟု၊ ခိုင်မြဲအဋ္ဌါ။ သညာအမှီး။ မြို့သူကြီးသည်။ ဖန်တီးဆောက်ပတ်။ တည်ထားကိုးကွယ်အပ်သော။ ဦးပါရဲ ရှုတိနာမကံ။ ဘုရားတကာ။ သညာကိုရွှဲ။ ဦးပါရဲဟု။ ကျော်သဲနှံ့သို။ အမည်ထူး ရှိသော။ တိလောကမဟိတံ။ ဗြဟ္မာနတ်လူ။ ခတ်သိမ်းသူတို့။ ကြည်ဖြူချဉ်းကပ်။ ပူဇော်အပ်သော။ ထူပံ။ ရွှေအထုဖြင့်။ ပြေပြုလွှမ်းပတ်။ စေတီတော်မြတ်ကို။ အဟံ။ ခန္ဓာနာမ်ရုပ်။ အမြန်ဖြုတ်တို့။ ကြိုထုတ်ဖူးမျှော်။ တပည့်တော်သည်၊ ဝန္ဒေ-ဝန္ဒာမိ။ မနောကိုယ်နှုပ်။ သအောဟုတ်ဖြင့်။ အားထုတ်ညွတ်ခါ။ ရှိခိုးပါ၏ အရှင်ဘုရား။ ။

သက္ကရာဇ်၊ ၁၁၄၇-ခု၊ နှစ်တွင်။
ဟံသာဝတီမြို့ မြို့သူကြီးမင်း—ဦးမြတ်သာထွန်း
တည်ထားကိုးကွယ်ခဲ့သော



ဟံသာဝတီမြို့-ရွှေကူတောင်ရပ်ကွက်အတွင်း၌ရှိ၊
မြို့သူကြီးဘုရားစေတီတော်။

# မြို့သူကြီး ဘုရားရှိခိုး

## ဂါထာပါဠိအနက်။

ဇိနခါတု ပတိဋ္ဌာနံ၊ နရာနရ သုမာနိတံ။
မြို့သူကြီး ဥတိဘိညာတံ။ ထူပံ နမာမိ ဘာဒရံ။ ။

ဇိနဓာတု ပတိဋ္ဌာနံ။ ငါးမာရ်အောင်မြင်။ ဘုရားရှင်၏။ သန့်စင်ထူးမြတ်။ မွေတော်ဓာတ်တို့။ ကျိန်းဝပ်ပျော်စွာ။ တည်နေရာ ဖြစ်ပေထသော။ နရာနရ။ သုမာနိတံ။ အနန္တဂုဏ်။ တံခိုးဟုန်ဖြင့်။ လွှမ်းခြုံအုပ်ဆောင်း။ ထိုအကြောင်းကြောင့်။ အပေါင်းလူနတ်။ ကောင်းစွာမြတ်နိုး အပ်ထသော။ မြို့သူကြီး ဥတိဘိညာတံ။ ဘိုးတော်မင်းစစ်။ နန်းတက်နှစ်တွင်။ ကြည်ချစ် မြောက်အပ်။ ဂုဏ်သကတ်ကြောင့်။ ဦးမြတ်သာထွန်း ခေါ် ညွှန်းအံ့ချီး။ မြို့သူကြီးသည်၊ တည်ပြီးမပြတ်။ ပူဇော်အပ်၍။ပညတ်ထူးခြားမြို့သူကြီးဘုရားဟုထင်ရှားပေထသော။ထူပံ ဖူးသူအများ၊ သဒ္ဓါပွားအောင်။ တည်ထားလျှောက်ပတ်။ စေတီမြတ်ကို။ အာဒရံ။ မိန္တာမဖြေး။ ညစ်ကြေးကင်းကွာ။ ရိုသေစွာ။ နမာမိ။ သဒ္ဓါညွတ်ပြောင်း။ ဉာဏ်ဖြင့် လောင်း၍။ ဖူးပေါင်း တည်ခါ ရှိခိုးပါ၏ အရှင်ဘုရား။ ။

ဟင်္သာတမြို့- ရွှေကူရပ်ကွက်ရှိ

# မြို့သူကြီး ခေဘီတော်မြတ်-ဘုရားကြီးတည်

# အညွှုပွံအုံ - မော်ကွန်း

# (ရတု-ကောပိုဒ်)

၁။ ဇမ္ဗူဒီပါ ကျွန်းလကျာဘ်။ ဧရာဝတီ။ မြစ်နဒီ၏။ ရေဒီငွေ့ငွေ့၊ တက်ခါရွေ့ခဲ့။ မရွေ့စကောင်း။ ဘုရားကျောင်းနှင့်၊ တန်ဆောင်ပြာသာဒ် ဂူအထွဋ်တို့။ လူနတ်နှိမ့်ဖွာန်၊ ရောက်ဘိုရန်ကို၊ ရည်သန် တော့်တ၊ ဟင်္သာတ တွင်၊ တည်ကြပြီးရော၊ တဆူပါသည့်။ ရောင်ဝါထိန်ငြိး၊ မြို့သူကြီး၏။ တည်ပြီးတွက်စစ်၊ သက္ကရာဇ်ကား။ တစ်-တစ်-လေး-ရှစ်။ဘုရား ဖြစ်၍၊ နန်းသစ်တက်ခြင်း။ ဘိုးတော်မင်း၏၊ ထန်ပြင်းအာဏာ။ ခံယူ ကာဖြင့်၊ မြို့မှာသူကြီး၊တည်ထောင်ပြီးသော်။ ရွှေဘင်းတဖြာ တင်ငြီးရာတွင် မျက်မှာ-လေးချ၊ အစုံပြု၍၊ ကောင်းမှု နယသား၊ တွားရရှားဘည့်။ လှေခါးတ စင်း၊ နှစ်ကောင်ဆင်း၍၊ ပေါင်းခြင်းရှစ်ဖြာ၊ မှတ်ဘွဲ့ရာတည့်။ မဟာဂံ့တံ တိုင်း။၊ ပတ်လည်ဒိုင်းလျက်။ ဒေါင့်တိုင်းစေတီ။ တဆူစီရှင့်၊တူညီတံခါး လေးပေါက်အားဖြင့်၊ ဘုရားဒါယကာ။ အမည်သာ၍။ သညာမည်မှတ်၊ လွန်ရိုသွတ်သည့်။ ဦးမြတ်သာထွန်း။ သဉ္စါဋ္ဌန်း သည် ....။ မော်ကွန်း မြို့သူကြီး ဘုရားတည်း။ ။

# မြို့သူကြီး ဘုရား စေတီတော်။

## အကြောင်း

## အညွှန်းပွဲအမှာ- အကျဉ်း။

မြန်မာသက္ကရာဇ်၊ ၁၁၄၈- ခုနှစ် တွင်။ ဘိုးတော် မင်းတရား၊ နန်းတက်တော်မူသော နှစ်မှာပင်လျှင်။ ဤ-ဘသီတမြို့တွင်။ မြို့သူကြီးမင်း ဦးမြတ်သာထွန်း- လက်မွန်မဆွ၊ သဒ္ဓါပသန္နဖြင့်၊ တည်ထားကိုးကွယ်သည်။ ၎င်းစေတီတော်မြတ်ကြီးကိုလည်း မြို့သူကြီးမင်း အမည်ခွဲလျက် ယခုတိုင် မြို့သူကြီးဘုရားဟု ခေါ်တွင်ပါကြောင်း။

| | |
|---|---|
| ရင်ပြင်အကျယ် ပတ်ဝန်းကျင် | ၄၀၀-တောင်။ |
| စေတီအနပ် | ၄၀-တောင်။ |
| စေတီတော်အမြင့် | ၄၆-တောင်။ |

အေး, အောင်, လာရှု, တည်ဘန်ပြု၊ ကောင်းမှုမြို့သူကြီး။

သက္ကရာဇ်၊ ၁၁၇၉-ခု။ နှစ်တွင်။

**ကရင်အုပ်ကြီး ဦးဘလူး မယ်မယ်ကြီးတို့**

တည်ထားကိုးကွယ်ခဲ့သော



**ဟသ်ာတမြို့-တာငါးဆယ်တောင်ရပ်ကွက်အတွင်းရှိ၊**

# ရွှေပြောင်ပြောင် စေတီတော်ကြီးပုံ။

ဟံသာဝတီမြို့- တာဝါးဆယ်ရပ်ကွက်ရှိ

# ရွှေပြောင်ပြောင် စေတီတော်မြတ် ဘုရားကြီးတည်

# အဋ္ဌုပ္ပတ္တိ မော်ကွန်း

# ( ရတု )

၁။ သည်ကျွန်းအငူ၊ တကောင်းပြူနှင့်၊ မြန်လူကမ်းယံ၊ ပြည်ပုဂံမှ စိုးစံသက်ဆင်း၊ မင်းတုံးမင်း၏ မှန်ကင်းလက်ထက်၊ ကောင်းကျိုးဆက်အောင်။ မပျက်သဒ္ဓါ။ စေတနာနှင့်။ လွှန်စွာ ဖြိုးဝေ။ တက်တိုးစေ၍။ မြို့ ရွှေဟာသာ။ လယ်အချာ၏။ မြောက်မှာခတ်ယှာန်း။ သောင်အစွန်းဌ်။ မှောင်တွန်းပယ်ခွာ။ ကြည်နှင့်ကာဖြင့်၊ ကြေညာကျော်လစ်။ ဘုရားဖြစ်သည့်။ တစ်-တစ်-ခွန်ငါး။ တွက်စစ်ထား၍၊ မမှားစေလျက်၊ အင်္ဂုံတွက်ကာ၊ အသက်ဂုဏ်ဝါ၊ ကြီးသိက္ခာဖြင့်။ လွန်စွာကြည်နူး။ ဦးဘလူးနှင့်။ ဆုထူးဖြည့်ပြီး။ မယ်မယ်ကြီးတို့။ ဇနီးမောင်နှံ။ စိတ်ကကြံ၍။ လိမ်းကျံ ပြေည်။ ပြေမဟိတ်၍။ စေတီတဆူ။ တောင်းဆုယူ၍။ ကြည်ဖြူ ရွှင်ပြ။ တည်ထောင်ကြလျက်။ နောက်မှ-ကော်ရော်။ ရွှေချသော်မှ။ ဘွဲ့တော် မည်ဆောင်။ ရွှေပြောင်ပြောင်ဟု။ ခု နောင်ထင်ရှား၊ စည်ပင်ပွားသည်....။ ဘုရားဘွဲ့တော်မှတ်ဘို့ကို။ ။

၂။ တည်ထွန်းတဆူ။ မြန်ပြည်သူတို့၊ ကြည်ဖြူကော်ရော်၊ စေတီတော်ကို။ ဖူးမျှော်မဝ။ ရိုတုပ်ကွလျက်။ မုခ်ဝလေးခု။ အင်္ဂုံပြု၍။ ဆင်းတု လေးဆူ တည်တော်မူခဲ့ ကြည်ဖြူ ရွှင်ပြ၊ ၄ိုးကြလျက်။ နောက်မှတသွယ်၊ စေတီငယ်ကို။ မွေးမယ်မယ်ကြီး။ သားအကြီးနှင့်၊ ပေါင်းပြီးနောက်ထပ်။ သက်န်းကပ်၍။ အရပ်ကျော်ခေါင်။ ရွှေပြောင်ပြောင်တည့်။ ဘုန်းခေါင်ဘုရား။ ဓာတ်တော်များနှင့်။ တရားဓမ္မာန်။ မကြွင်းကျန်အောင်၊ သွင်းပြန်တည်ထားလူရှင်-များ-သည်...... ဘုရားဘွဲ့တော် မှတ်ဘို့ကို။ ။

# ရွှေပြောင်ပြောင်ဘုရားစေတီတော်။

## အကြောင်း

### အဋ္ဌုပ္ပတ္တိ- အကျဉ်း။

၁၁၇၉-ခု။ ဘိုးတော်မင်းတရားကြီး လက်ထက်၊ ကရင်ကို အုပ်ချုပ်သောအုပ်ကြီးဦးဘလူး။မယ်မယ်ကြီးတို့တည်ထားကိုးကွယ်ပါသည်၊ ရှေးအခါက။ ၎င်းစေတီမှာ အမည်တော်မရှိသေးပါ၊ ၎င်းနောက်၊ သားဖြစ်သူ။ ဦးမြတ်သာနန်းသည်။ ၁၂၁၈-ခု။ မင်းတုန်းမင်း လက်ထက်တွင်။ ဤ-ဟသ်ာတမြို့၌၊မြို့သူကြီးအလုပ်ဖြင့်။ ခန့်အပ်သနားတော်မြတ်ခံရသည်၊ မယ်မယ်ကြီးနှင့်တကွ။ ထပ်မံရွှေချမှု။ ရွှေပြောင်ပြောင်ဘုရားဟု။ အမည်တော်တွင်ပါကြောင်း။

★ ရွှေပြောင်ပြောင်စေတီတော်သည်။ ★

| | |
|---|---|
| ပန်းတင်ခုံ အကျယ် တဘက်လျှင် | ၂၀... တောင် ၂-မိုက်။ |
| စေတီဘိနပ် | ၂၂...တောင် ၂ မိုက်။ |
| စေတီတော် အမြင့် .... | ၃၀...တောင်။ |

**ဓာတ်၊ အဂ်၊ သပ်နော၊ တည်ခဲ့သော မှတ်လော ရွှေပြောင်ပြောင်၊**

# ရွှေပြောင်ပြောင်ဘုရားရှိခိုး

## ဂါထာပါဠိအနက်။

မာတာပိတူဟိ ကာရိတံ။ ပုဗ္ဗေန ပဋိသင်္ခတံ။ ။
ဝန္ဒာမိ တံမဟာထူပံ။ ရွှေပြောင်ပြောင် ဉာတိသမ္မတံ။ ။

မာတာပိတူဟိ။ မယ်မယ်ကြီးခေါ်။ မွေးမယ်တော်နှင့်။ ကြင်ဘော် အသျှူး။ ဦးဘသူးဟု။ ချီးကြူးခေါ်တွင်၊ မွေးဘခင်တို့သည်၊ ကာရိတံ။ ဘိုးတော်လက်ထက်။ စီးပွားတက်၍။ ထက်မျက်သဒ္ဓါ။ စေတနာဖြင့်။ ကောင်းစွာပြုအပ်။ တည်ထားအပ်သော၊ ပုဗ္ဗေန။ ဦးမြတ်သာနန်း။ ခေါ်ညွှန်းသညာ။ ဘွဲ့ရတနာဟု။ ဂုဏ်ဝါမြင့်ပြီး။ မြို့သူကြီးသည်။ ပဋိသင်္ခတံ၊ မွေးမိခင်နှင့်။ တိုင်ပင်လင့်၍။ ဆင့်ဆင့်နောက်ထပ်။ရွှေချအပ် သော။ ရွှေပြောင်ပြောင် ဉာတိသမ္မတံ။ ရွှေပြောင်ပြောင်ဟု။ ဂုဏ်ဆောင် ပညတ်။ သမုတ်အပ်သော။ တံမဟာထူပံ။ ခေတ်တော်အပေါင်း။ ကျိုန်း စက်အောင်း၍။ ရပေါင်းတည်လပ်။ ထိုစေတီတော်မြတ်ကို။ အဟံ။ မြတ်ဘုရားသာ။ ကိုးကွယ်ရာဟု။ စိတ်မှာအားထုတ်။ အကျွန်ုပ်သည်။ ဝန္ဒာမိ။ သံသရာဘေး။ မြန်စွာအေးအောင်။ မျှော်တွေးရှုကာ။ ရှိခိုးပါ၏ အရှင်ဘုရား။ ။

သက္ကရာဇ်၊ ၁၁၇၇-ခု
ကျော်ထင်နော်ရထာဘွဲ့ခံ မြို့သူကြီးမင်းဦးပု
တည်ထားကိုးကွယ်ခဲ့သော၊



ဟင်္သာတမြို့ - တာလေးရပ်ကွက်အတွင်းရှိ

## ပဥ္စနုခမာရဇိန်ငါးမျက်နှာစေတီတော်ကြီးပုံ။

# ငါးမျက်နှာစေတီတော်မြတ်ကြီး

## အကြောင်း

## အဘွဲ့ပွဲဘွဲ့- အကျဉ်း။

သုံးခွင်လုံးနတ်။ မြတ်ထက်မြတ်လျှင်၊ မြန်ရပ်ဌာနီ၊ တမ္ဗဒိတိုင်း။ သမိုင်းမော်ကွန်း။ ဗျာဒိတ်ညွှန်း၍၊ ထွန်းလိမ့်သာသနာ။ မိန့်ခွန်းမှာကြောင့်။ သုနာပရန်တမ္ဗဒိပ။ ရာမညနှင့်၊ ကမ္ဗောဇတိုင်း။ ရွှန်းရိုးယောနက။ ဂန္ဓာရပြည်၊ အတည်တည်တွင်၊ တညီတညာ။ ဘာသာမပြား၊ ဘုရားမွေနှစ်။ ခါတ်စစ်စွယ်တော် ကိန်းဝပ်ပျော်၍၊ ကျွန်းမော်ဇမ္ဗူ။ တို့မြန်ဌလျှင်။ နိဗ္ဗူကူးဆိပ်။ ထုန်းအတိတ်နှင့်၊ နိမိတ်စာကျမ်း။ ဥဒါန်းမြွက်မွန်။ (ငံ-မြစ်ဝ၊ဟာသီတ၊တပ်မနဂိုရ်တည်အံ့ဆိုလျက်) သို့အတွက်ကြောင့်။နွယ်ဆက်ဝံသ၊ နရနရိန်၊ ရာဇနိန်ဟု။ နေဆုန္ဒရာဇ်။ ဆက်လစ်စိုးကွန့်၊ ကုန်းဘောင်ညွန့်ထက်။ နွယ်ဆက်ဆက်တွင်။ မန်းစက်စံကင်း။ မြို့တည်မင်း၏၊ သက်နှင်းတမျှ။မြောက်နန်းမဟာ။ မွေးဘာတော်ရင်း (ကျော်ထင်နော်ရထာ) သညာဘွဲ့လင်း။ ပဒုံမင်းဘုရင်၊အရှင်လက်ထက်ကြည်သက်သဒ္ဓါ၊ ဤကမ္ဘာမှု။ ငါးဆူဘုရား။ နိမိတ်ထား၍၊ မှဲ(ငါးမျက်နှာ) တည်ခဲ့ရှာသည်၊ ရှည်ကြာနှစ်လ။ ရောက်ပြန်ကလျှင်။ ဇရာဝတီ၊ မဟာမြစ်လည်း။ နဒီရေလမ်း။ သောင်ကမ်းပြိုအက်၊ တိုက်ဖျက်တချ။ ရှိမည်မှုကြောင့်၊ ပါလုငွါးငွါး။ ခါတ်တော်များနှင့်၊ ရုပ်ပွားတော်စု။ သုံးလူ့မြတ်အား။ ရေသို့လားလျှင်။ ကြွသွားနိဗ္ဗာန်၊ ဝင်စံကဲ့သို့။ ရှိမည့်တို့ကြောင့်။ မြို့နေရပ်သားလူအများဖြင့်။ ပန်းလျှားပိုင်းညီ၊ ပင့်ယူချီ၍။ အရှည်ထိုက်လှ- ဤဌာနတွင်၊ ရှေ့ကကိုယ်စား။ တို့ဘုရားအား။ တည်ထားလုပ်ပြန်။ ကြိုးကုတ်ဟန်ကို၊ ထက်ဝန်ကျော်ကြား။ မိုးသိကြားမှ၊ နေအားမချိ၊ ဆင်းလာဘိသို့ရှုကြည့်မဝ။

မြို့ရွှေတတွင်။ စောင်မခဲ့သူး။ ဤအထူးလည်း။ ချိုးကြူးမကုန်။ ဆိုတုန်မဆုံး။ ကပ်လုံးရှည်ဖြင့်။ ဥဒါန်းရင့်စေသောဝ်။

ကဏ္ဍရာဇ်-၁၁၇၇-ခု။ ပဒုံမင်းတရား လက်ထက်။ လင်ပန်းမိဖုရားခေါင်ကြီး၏ ခမည်းတော်။ ကျော်ထင်နော်ရထာဘွဲ့ခံ။ သူကောင်းပြု၍။ အချီးအမြှင့်ခံရသော။ ကူတွတ်ရွာ၊ ငင်းကူတွတ်ရွာ ဆိုသည်ကား။ တလိုင်းစကားဖြစ်သည်။ အဓိပ္ပါယ်မှာ။ အင်တိုင်းမြေထူထပ်သော အရောကိုဆိုလိုသည်။ ဒုတိယအမည်မှာ။ အလောင်းမင်းတရားကြီးသည်၊ တလိုင်းလူမျိုး ဗညားဒလကို။ အောင်မြင်သောကြောင့်၊ ရွှေဘုံသာဘုရားစေတီ 'တည်၍ ရန်အောင်မြို့ဟု၊ သမုတ်သည်။ ယခုမြန်အောင်ခေါ်ဆိုသည်။ ငင်းကျော်ထင် နော်ရထာဘွဲ့ခံ။ မြို့သူကြီးမင်း။ ဦးပုသည်။ ရာထူးဌာနန္တရနှင့်တကွ။ ဤဟသာ်ာတတွင် လက်မွန်မဆူတည်ထားကိုးကွယ်ပါကြောင်း။ဟသာ်ာတပုဒ်ရင်းကား(ဟန်းသဒါးတည်း) အဓိပ္ပါယ်မှာ ထန္နုန်းပင်ပေါများသောနေရာကို။ တလိုင်းစကားဖြင့်။ ခေါ်ဆိုခြင်းဖြစ်သည်။

အချို့သော ကေဝိဝါဒ။ ဆရာများက။ ဟသာ်ာမောင်နှံကို ဘုံ့သိ၍ သော်ငင်း။ ၆၄၃-ခုနှစ်တွင်။ တရုပ်ပြေးမင်း။ သားဖြွာဘ၊ မင်းခွေးချေးဟု အမည်တွင်သော ထိုမင်းတရားသည် တရုပ်တရက်တို့နှောက်ရှက်၍ ပြေးလာခြင်း (ဟင်းလျှာတ) ရွှေတတည်ဆိုကြကုန်၏။

ထိုဘုရား စေတီတော်ကို. ရေနဂါးတို့ ပင့်ပင်ပင့် ညွှားသော်လည်း မရ။ ခရာဇ်သက္ကရာဇ်။ ၁၈၈၀-ခုနှစ်။ ဇန္နဝါရီလ ၉-ရက်။ ကြာသပတေးနေ့။ညနေ (၄)နာရီနှင့် မိနစ်-၁၇စက္ကန့် ၄၈-အချိန်။ မြန်မာ သက္ကရာဇ်။၁၂၄၉-ခု။တပို့တွဲ လဆန်း(၇)ရက်။ ကြာသပတေးနေ့ညနေ'၃ )ချက်တီးအကျော် ၂ပါဒ်ရဇိဇနာ အပြန် (၅)အချိန်တွင်၊ ရွှေ့ပြောင်းကိုးကွယ်ပါသည်။

**အေး, အေး, တည်, ထွန်း, ပြဆိုညွှန်း မှဒ်ဝန္ဒီးငါးမျက်နှာ။**

# ငါးမျက်နှာ ဘုရားရှိခိုးရန်

## ဂါထာပါဠိအနက်။

ငါးမျက်နှာ ဇုတိပိချာတံ။ မာဠဝ့သောပါကာ လက်ာတံ။
ပဋ္ဌမုခံ မဟာထူပံ။ အဟံ ဝန္ဒာမိ သာဂုဏ်။

မာဠဝ့ သောပဘာ လက်တံ၊ နီရောင် ဖြူရောင်။ အညိုရောင်ဖြင့်၊ တောက်ပြောင်သိုက်မြိုက်၊ အုံ့ညြှိုက်အောင်၊ အရှဉ်တိုက်တံဆောင်း။ စောင်းတန်းကောင်းဖြင့်၊ ရပေါင်းလှည့်ပတ်။ တန်းလာ ဆင်အပ်သော၊ ပဋ္ဌမုခံ၊ ဘဒ္ဒတွင်လာ၊ ဤကမ္ဘာဝယ်၊ သဗ္ဗါတိုးပွား။ခိုကိုးစားဘို့၊ဘုရား ငါးဆူ၊ ပွင့်တော်မူ၍၊ ထို့ တူခြင်းရာ၊ နိမိတ်လာဖြင့်၊ ငါးဖြာဆင်းတု၊ ငါးခုသောမုခ်၊ လှည့်ကာထုတ်သော၊ ငါးမျက်နှာ ဇုတိပိချာတံ၊ မြန်မာ တို့တိုင်း၊ ကျော်သခိုင်းဖြင့်၊ ခပ်သိမ်းဩဘာ၊ ငါးမျက်နှာဟု၊ ညီညာ ဖြိုးပ၊ ထင်ရှားလှသော၊ မဟာထူပံ၊ တံဆောင်း စောင်းတန်း၊ အခန်းခန်း ဖြင့်၊ ခက်ပန်းဝေဝေ၊ ကြက်သရေဆောင်တတ်၊ စေတီတော် မြတ်ကို၊ အဟံ၊ ခန္ဓာငါးခု၊ တရားစုကို၊ ကိုယ်ဟုသမုတ်၊ အကျွန်ုပ်သည်၊ သာဂုဏ်၊ တိဟိတ်ဥက္ကဋ္ဌ၊ သဒ္ဓါခတ်ဖြင့်၊ ထူးမြတ်ကြည်သာ၊ကောင်း မွန်စွာ၊ ဝန္ဒာမိ၊ အနန္တဂုဏ်၊ အလုံးစုံကို၊ ကြည်ညုံမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား၊



သက္ကရာဇ်၊ ၁၂၇၁-ခု နှစ်။ တည်ထားကိုးကွယ်ခဲ့သော၊

ဟင်္သာတမြို့-သုံးပင်ကွင်းရပ်ကွက်အတွင်းရှိ

ဆယ်ဆပ်ကြီးရုပ်ရှင်တော်မြတ်ပုံ။

ဟံသာဝတီမြို့။

# ဆံယ်ထပ်ကြီး ရှပ်ရှင်တော်မြတ်၏

## အညွှန်းအဍှော

အထက်အမည်တော်ရှိ။ ရုပ်ရှင်ကိုယ်တော်ကြီးကို။ ၁၂၇၁-ခု။ တန့်ဆဲလပြည့်ကျော် ၂-ရက်။ ဗုဒ္ဓဟူးနေ့ညနေ ၄-နာရီ ၄၀ မိနစ်၊ ၃၇စက္ကန့်အချိန်။ ပညာရှိသုခမိန်တို့၏ စီမံမှုကျန။ အပရိဟာနိယ၊ပုဗ္ဗကိစ္စ တို့ကို ဆောင်ရွက်ပြုပြင် စတင်ပန္နက် စိုက်နှံသည်။ အုတ်မြစ်ကို အနက် ၉-ပေ။ အလျား ၆၄ ပေ။ အနံ ၄၉ ပေ။ အခြေခံ ပေါက်ထွင်းပြီးလျှင်။ ကလပ်ခြေကဲ့သို့ တဖြည်းဖြည်းဖြည်း ဆုတ်ပြီးလျှင်။ သရွတ်ပြည့် မီ၍ တက်သည်။ ဒက္ခိရစရိယာ ခြောက်နှစ်ကျင့်တော် မူရသည်ကို ရည်၍။ ပလ္လင်တော် ခြောက်တောင်။ ဝါတော် ၄၅ ဝါ ရည်၍။ ဥဏှာတော် ၄၅ တောင်အမြင့်တည်သည်။ အရပ်ရပ်အုပ်ချုပ်ရိုးကိုလည်း ဟူသမျှ သည်။ ၇၄-ခုနှစ်။ နယုန်လဆန်းတွင်ပြီးပြေ၏။ ၇၅-နှစ်ဦး တံကူးလဆုတ်၅ရက် သောကြာနေ့ နံက် —— ၉ - နာရီအချိန်။ အချော်အင်တေ ပြီးပြေအောင် လေရာ၊ သဃ်ဃာတော်အရှင်မြတ်တို့ တံခွန်ကုက္ကား-မြတ်လေးပွား ဆန်ပန်း ပေါက်ပေါက်တို့ကိုခွဲ ပရိတ် မေတ္တာ အနေကဇာတိ စသော၊ ပဌမ ဗုဒ္ဓ ဝစနတော်ဖြင့်ချီးပ ကော်ရော်ပူဇော်ကြသည်စေတီတော်ကြီးခွဲ့ထွယ်တော် ခါတ်တော်။ စိန်၊ရွှေ၊ငွေ၊ ဆင်းတုတော် ဓမ္မကျွန္တ္တာတော်မှစ၍။ အထူးထူး ကုန်သော ရတနာမျိုးတို့ကို။ ခန်းနား ကြီးကျယ်စွာ မင်္ဂလာ သဘင်ဆင် ယင်ကျင်းပ သုံးကြိမ်တိုင်တိုင် ဌာပနာသွင်းနှံ၍။ အများပြည်သူတို့ ပူဇော်ကိုးကွယ်ကြသည်ဖြစ်ပါကြောင်း။ ။

# (အချိုးတော်ပုံမှန်)

ပလ္လင်စွင့်စွင့်။ မြေမှတဆင့်။ အမြင့်ခြောက်တောင်သာ။ ဆေးဆယ်ငါးတောင်။ ဥဏှာတော်ဆောင်၊ ရွှေရောင်စိုလို့ဖြာ။

နှစ်ဦးရောလစ်။ ငါးဆယ့်တစ် ရှင်ချစ်မုနိန္ဒာ။
နှစ်တောင်ကျော်လင့်၊ နှစ်မိုက်ဆင့်၊ ရှည်မြင့်ရောင်လျှံဖြာ။ ။
တဆယ့်ရှစ်တောင်။ လုံးပါတ်ဆောင်။ သိခေါင်ဘွေနဘာ။
ခေါင်းတော်လုံးပတ်။ ဗတ္တိသတ်။ စွန်းလတ်တမိုက်သာ (၃၂)
ကြေနိပ်။ သင်းကျစ်ရှည်။ ပြန့်မှိတတောင့်တွာ (၁၉)
မျက်လုံးတော်လျား။ လေးပေထား။ စွန်းညားသုံးလက်မာ။
နှာသီးနှာရောင်။ အရှည်ဆောင်။ သုံးတောင်နှစ်မိုက်သာ။
ခံတွင်းတော်ရှည်။ လေးတောင်မှီ။ ကြာနီလဲ့ရောင်ဖြာ။
သင်းကျစ်မေးဖြား။ နှစ်မိုက်ကြွား။ ဆယ်ကားတောင်မှတ်ပါ။
နားတော်အပြန့်။ နှစ်တောင်ခန့်။ ရှည်ခန့်ရှစ်တောင်သာ။
လည်တော်အမြင့်။ သုံးတောင်လွှင့်။ ဆင့်လော့နှစ်မိုက်သာ။
တဆဲ့ကိုးတောင်။ အမြင့်ဆောင်။ ဘုန်းခေါင်အတုလာ။
ငဲယာပခုံး။ နှစ်မိုက်ကြိုးတောင်နှုံးကြေဝိသာ။ (၂၀)
မောင်းတော်လုံးပတ်။ ဆဲ့လေးမှတ်။ စွမ်းလပ်တမိုက်ပါ။
နို့စွန်းတော်နှစ်၊ သံတောင်စစ်။ သီလစ်တောတ္တိ ံသာ (၃၃)
ဘဝါးတော်ရှည်။ ဆယ်တစ်မှီ။ သိင်္ဂီလဲ့ရောင်ဝါ။
လက်သန်းတော်လျား။ ငါးတောင်ထား။ စွန်းညားတမိုက်သာ။
မုယောလက်သစ်။ စွန်းတုံလစ်။ စွန့်ပစ်မထည့်ပါ။
သကျုံသိ။ မွေသရီ။ စေဘ်တို့မြတ်စွာ။
အချိုးအစား။ နည်းနာများ။ မှတ်သားသူထက်ငါ။
မပွင့်စတောင်း။ ပွင့်တုံရှောင်း။ အပေါင်းတို့သန္တာ။
ပုဇော်ညွှတ်တွား။ ရှိပန်ငြား။ သုံးပါးမြတ်ချမ်းသာ။

# ဆယ်ထပ်ကြီးဘုရားရှိခိုးရန်

## ဂါထာပါဠိအနက်။

(၁) မဟာမဏ္ဍလမာဠ္ဌမှို။ ဆယ်ထပ်ကြီး ဇာတိပါကဋေ။
ပတိဋ္ဌိတံ မဟာဗိမ္ဗံ။ စန္ဒေခါတုန မာသသယံ။ ။

ဆယ်ထပ်ကြီး ဇာတိ။ ဆယ်ထပ်တမျှ။ မြင့်လွန်းလှ၍။ ခေါ်ကြသီးသီး၊ ဆယ်ထပ်ကြီးဟူ၍။ ပါကဋေ။ မြန်မာ့တိုင်းခွင်။ မြေအပြင်၌။ ပေါ်လွင်ထင်ရှား။ အမည်အားဖြင့်။ ကျော်ကြားပေထသော။ မဟာမဏ္ဍလ မာဠ္ဌမှို၊ ပိသကြိုမိုသိမ်းစံ။ တံခိုးဖန်သို့။ ပြိုးလျှံထူးမြတ်။ ကျယ်ဝန်းသောတံတောင်းတော်မြတ်၌။ ပတိဋ္ဌိတံ။ အများပြည်သူ။ အောင်လံထူ၍ ကြည်ဖြူပေါင်းစပ်။ တည်ထားအပ်သော၊ ခါတုနံ။ ရွှယ်တော်အမြတ် ခတ်ဘော်တွေတွေ။ စိန်-ရွှေ-ငွေဟု။ မြတ်ဆင်းတု သို့၍၊ အာသသံ။ နေခင်လာ နေခက်သား၊ အကျိုးများအောင်။ ကိုးစားစိန့်ငှာ။ကျိန်းဝပ်ရာဖြစ်ပေသသော။ မဟာဗိမ္ဗံ။ လေးဆယ့်ငါးတောင်။ ဥဿာဝ်တော်ဆောင်သည့်။ ရွှေချောင်ဝင်းလျှပ်။ ဆင်းတုတော်မြတ်ကို။ အပဟံ။ ဂုဏ်တော်ကိုးအင်။ ပန်းသဇင်ကို။ ပန်ဆင်ပြုလုပ်။ ကျွန်ုပ်သည်။ဝန္ဒေ-ဝန္ဒာမိ သဒ္ဓါပွင့်ဖူး။ ဥဿာဂ်ရောင်မြူး၍။ ကြည်နူး စေတနာ။ ရှိခိုးပါ၏ အရှင်ဘုရား။ ။

သက္ကရာဇ်၊ ၁၂၇၃-ခု၊ နှစ်တွင်။

ကျောင်းဒါယိကာကြီး ဦးမောင်ခ အမှူးပြု၍၊ တပည့်ဒါယိကာ ဒါယကာမတို့

တည်ထားကိုးကွယ်ခဲ့သော



## ဟင်္သာတမြို့-တာကလေးရပ်ကွက်အတွင်းရှိ

# ကျောက်တော်ကြီး ဘုရားပုံ။

# ကျောက်တော်ကြီးဘုရား

## အကြောင်း

## အညွှန်းပွဗ္ဗ အကျဉ်း

၁၂၇၃-ခု။ ပဋ္ဌမ ဘုရားကြီးဆရာတော် စံလွန်တော်မူရာ နိဗ္ဗာန်စံကျောင်းသို့ ပင့်ဆောင်ပူဇော်ဆဲအခါ၊သာသနာစောင့်နတ်တို့ ညွှန်ကြား အပ်သဖြင့်၊ ကျောက်တော်ကြီး ရုပ်ရှင်တော်မြတ်အကြောင်း သတင်းဆောင်းပါး ကြားရသည်။

၁၂၇၃-ခု။ နတ်တော်လဆန်း (၁၅)ရက်နေ့။ တိုက်အုပ်ဆရာတော်က။ ဧဟန်းတော်များ ကျောင်းဒါယကာ—ကျောင်းဒါယိကာမ၊ တပြည့် တပန်းတို့နှင့်။ စည်းဝေးတိုင်ပင်ကြသည်မှာ။ ၎င်းဘုရားကြီးကိုပင့်ဆောင်ပူဇော်ရန်။ အမိန့်ရှိသည်။ အားလုံးပရိတ်သတ်ကိုယ်စား။ ဦးမောင်မောင်ခက။ ခဲခက်စွာ ရှိမည့်၊ အကြောင်းကို လျှောက်ရာ။ မခဲယဉ်း တန်ရာသော အကြောင်းကို တိုက်အုပ်ဆရာတော်က. အမိန့်ရှိသည်။ ဦးမောင်မောင်ခက။ ၎င်းဘုရားကြီးကို မိမိတဦးတည်း ဒါယကာခံရန် လျှောက်ထားရာ။ အခွင့်မပေးနိုင်၊ အားလုံးသော တပြည့် တကာများနှင့်သာ ပူဇော်စေလိုကြောင်းအမိန့်ရှိသည်။ ဦးမောင်မောင်ခက၊ လျှောက်ပြန်သည်မှာ ဤကဲ့သို့ အားလုံးစုရုံး၍။ ပူဇော်ရမည် ဆိုပါလျှင်။ ယခုငွေ. အမြောက်အများ ထုတ်ပေးရန် ရှိသည်ကို ဘယ်ကဲ့သို့စီမာန်မည်နည်း ဟု လျှောက်ရာ။ တကာကြီးကပင်။ စိုက်ထုတ်ပေးရမည်။

၎င်းနောက်— တရပ်မှာပင်။ ဆရာဆိုင်ကိုအမှူးပြု၍။ နောက်ပါတပည့်များတို့ကို။ စရိပ်စက အလိုရှိရန်သုံးစွဲရန်ငွေ ၂၀၀ဝ ထုတ်ပေး လိုက်၍ နေရာတကျ ထမြောက် အောင် စီမံဆောင်ရွက်ရန်။ စေလွှတ်လိုက်သည်။

၁၂၇၄-ခု။ တော်သလင်း လက စ၍။ ရုပ်ပုံအကြမ်း ပေါ်သည်။ ၎င်းခုတံဆောင်မုန်းလတွင်၊ တောင်ခြေ။ မြေညီသို့။ ရောက်တော်မူသည်။ ၎င်းခု တပေါင်းလ။ ဟသ်ာတကို ဆရာဆိုင် ပြန်ရောက်လာ၍။ ၎င်းနှင့်အတူ ငွေအ မြောက်အများ ထပ်မံပို့ရသည်။

၁၂၇၅-ခုနှစ်။ ဝါခေါင်လဆုပ် (၇)ရက်။ စကျင်တောင် မင်းလာ မြောင်းတော်မှ ထွက်ခဲ့ရာ။ ၎င်းသုတ် (၄)ရက်နေ့။ မန္တလေးသရက်မော်ဆိပ် ကမ်းသို့ ရောက်လာသည်။ ၎င်းခုတော်သလင်းသုန်း(၅)ရက်နေ့။ ပေါင်တော် စုံသည်။ ၎င်းခု တော်သလင်း လဆုပ် ၄-ရက်၊သောကြာနေ့ဟသ်ာတမြို့ပေါင် ဆိပ်သို့ ပေါင်တော်ရောက်သည်။

၁၂၇၅-ခုနှစ်။ သီတင်းကျွတ် သုတ် (၅)ရက်။ တနင်္လနေ့နေ့။ကုန်းသို့ ပင့်သည်။ ၎င်းခု တပို့တွဲ လဆန်း (၈)ရက်နေ့။ ပလ္လင်တော်ပန္နက်သဲချသည်။ မြေတူးရာပလ္လင်နေရာက အလယ်ချက်ပန္နက်အောက်တွဲတွဲတွင်။ သံသပိတ် တ လုံး တွေ့ရှိသည်။ ၎င်းအောက်။ ဆက်လက်၍ တူးရာ။ ကမ္ဘာလိပ်ကြီးအရှင်တ ကောင်ရသည်။ ၎င်းနောက် ဆက်လက်၍ တူးပြန်ရာ (ကြင်ချိန်-၇၀-ရှိ) ရွှေလက် ကောက်တခုရသည်။

၁၂၇၅-ခု။ တပေါင်းလပြည့်၊ အင်္ဂါနေ့တွင် အမိန့်တော်ပြန်၍၊ မကောင်းသူများကိုနှင်သည်။ တမ္ဗဝါဘတ်လျက် သေနတ်များစွာ။ ပျစ်ပေါက် သည်။ ပြီးလျှင် ပင့်ဌာန်၍ ဆရာတော်ဘုရားကြီး၏။ ပရိဘောဂ။ သက်နိုးသပိတ် များကို ဌာပနာသည်။

၁၂၇၅-ခု။ နှောင်းတံကူး လဆန်း ၁၁ ရက်။ တနင်္လနေ့နေ့။ရွှေပြောင် ပြောင် စံကျောင်းမှ။ ပလ္လင်တော်သို့။ ပင့်သည်။ ၎င်း ၁၄ ရက် ဗုဒ္ဓဟူးနေ့။ ပလ္လင်တော်သို့ရောက်သည်။

၁၂၇၆-ခု။ ကဆုံလဆန်း ၇ရက် ကြာသပတေးနေ့။ ပလ္လင်သို့တင်ရာ ၎င်းလပြည့် သောကြာနေ့ နံက် (၇) နာရီအချိန်။ ဘုရားကိုထု၍ ပြီးသည်။ ၁၂၇၆ ခု။ ဝါခေါင်လဆန်း (၃) ရက်နေ့ကစ၍။ဘုရားကြီးကို အချောထုလုပ်ရာ သီတင်းကျွတ် လပြည့်နေ့ မျက်နှာတော်ဖွင့်ပွဲကြီးလုပ်သည်။

၁၂၇၉-ခု။ နယုံလဆုပ် (၅)ရက် ဗုဒ္ဓဟူးနေ့။ နံနက် (၈)နာရီတွင်။ ဂန္ဓကုဋီ ပန္နက်ချသည်။ ကျောက်သား ဥာဏ်တော်ပါ ၁၁-တောင် ၂မိုက်။

# ကျောက်တော်ကြီး ဘုရားရှိခိုးရန်

## ဂါထာပါဠိအနက်။

မဟာသိလပဋိမာယ။ သမာစာရံ သုမဏ္ဍနံ။
မဟာထူပံ နမဿာမိ။ ကျောက်တော်ကြီး ဣတိပိ သုတံ။

မဟာသိလာ ပဋိမာယ ကျောက်တော်ကြီးခေါ်။ဆင်းတုတော်၏။ သမာစာရံ။ ဖူးမြင်သူများ သဒ္ဒါပွားအောင်။ ထူးခြားစွာလှ။ ကောင်းစွာ တည်ရာဖြစ်ပေထသော။ သုမဏ္ဍနံ။ ပြသာဒ်တံခွန်း။ ရှုသူညောင်းမှု။ ကောင်းအောင်မလပ်။ တန်းဆာ ဆင်ဒခပ် သော။ ကျောက်တော်ကြီး။ ဣတိပိသုတံ။ မဂ်မိုလ် နိဗ္ဗာန်။ ရောက်ရန်ခိုမှီး။ ကျောက်တော်ကြီးဟု။ ဝေးနီးနှံ့သိ။ ကျော်ဇော်ခြင်းရှိပေထသော။ မဟာထူပံ။ မြေပြင်တရိုး။ ဝေဟင်မိုးအောင်။ တံခိုးလွှမ်းပတ်။ စေတီတော်မြတ်ကို။ နမဿာမိ အောင်မင်္ဂလာ။ ဆုထူးဖြာလျက်။ ကောင်းရာအကျိုး။ဆင့်ဆင့်တိုးအောင်၊ ရှိခိုးပါ၏ အရှင်ဘုရား။ ။

ဟသာ်တမြို့၊ ငါးမျက်နှာဘုရား။ ဓာတ်မီးအသင်းကို ၁၉၁၉-ခုနှစ်တွင် တည်ထောင်၍၊ မီးပွင့်ပေါင်း ၁၁၀၀၊ နိုင်သော လျှပ်စစ်ဓာတ်မီးစက်ကြီးယာ အစုံအလင်ဖြင့်၊ ၁၉၂၂ ခုနှစ်မှ အစပြုပြီးလျှင်၊ အောက်ပါ စေတီတော်များ အား။ ညစဉ်မပြတ် ဓာတ်မီးညှိထွန်းပူဇော်လျက်ရှိနေပါကြောင်း။

(၁) ဟသာ်တမြို့။ ငါးမျက်နှာဘုရားအား။ ၁၉၂၂ ခု မတ်လမှစ၍ မီးပွင့်ပေါင်း ၂၇၀မျှ တတ်ဆင်ပြီးလျှင်။ ညစဉ်မပြတ် ဓာတ်မီးညှိထွန်းပူဇော် ပါသည်။

(၂) ကျောက်တော်ကြီး ဘုရားအား၊ ၁၉၂၂ ခု။ ဧွန်လမှ စ၍ မီးပွင့်ပေါင်း ၇၅။

(၃) မြို့သူကြီး ဘုရားအား။ ၁၉၂၂ ခု၊ မတ်လက စ၍။ မီးပွင့်၅၀။

(၄) ဦးပါရဲဘုရား။ ၁၉၂၄ ခု။ ဇူလိုင်လကစ၍။ မီးပွင့် ၆၀။

(၅) ရွှေပြောင်ပြောင်ဘုရား။ ၁၉၂၄ ခု။ ဩဂုတ် လ က စ ၍ ၊ မီးပွင့်....၆၀။

(၆) ဆယ်ထပ်ကြီးဘုရား။ ၁၉၂၅-ခု။ ဇူလိုင်လကစ၍၊ မီးပွင့် ၈၀။

# မြို့ပေါ်ရှိ ဘုရား (၆) ဆူအား

## လျှပ်စစ်ဓာတ်မီးဖြင့် ပူဇော်တော်မူကြပါမည့် အကြောင်း

# (နှိုးဆော်စာ)

## တညလုံး ၂ဝိ။ ညဝက် ၁ဝိ။

ငါးမျက်နှာဘုရားကြီး၏ လျှပ်စစ် ဓာတ်မီးအသင်းသားတို့သည်။ ညစဉ်မ ပြတ်၊ ငါးမျက်နှာဘုရားကြီး နှင့် ဆယ်ထပ်ကြီးဘုရား။ ကျောက်တော်ကြီး

ဘုရား။ ဦးပါမဲဘုရား။ ရွှေပြောင်ပြောင်ဘုရား။ မြို့သူကြီးဘုရား။ ထိုဘုရား ၆-ဆူတို့ကို။ ခါတ်မီးပွင့်ပေါင်း (၆၀၀) ကျော်မျှဖြင့်။ အရပ်ရပ်ပါဝင်လှူဒါန်း တော်မူကြသော အလှူတော်ငွေတို့နှင့် ထွန်းညှိပူဇော်လှူဒါန်းလျက်ရှိကြသည် ကို၊ မြို့မိ,မြို့ဘ, များသိရှိတော်မူသည့်အတိုင်း။ မဆိုင်းမဆုတ် ထွန်းညှိပူဇော် ပြုလုပ်ကြပါသော်လည်း။ ကုန်ကျသောစရိတ် အားကြီးသဖြင့်၊ ဘုရားကြီး (၆)ဆူမှာ။ နောက်လှူတာမရှိကင်းလျှင်။ ပကတိအလင်းရောင်မရဘဲ။အမှောင် ကျ၍ ကြည်ညိုဘွယ်ရှင်းမည်ဖြစ်ပါသောကြောင့်။ ၎င်းဘုရားကြီး (၆)ဆူ တို့ တွင်။ တညလုံးအတွက် ထွန်းညှိပူဇော်တော်မူကြပါရန်။ စရိတ်ငွေ (၂၀) ညဉ့် ဝက်မျှပူဇော်တော်မူကြသိုလျှင်) ၁၀)တည်းနှင့်ပူဇော်လှူဒါန်းနိုင်သည်ဖြစ်ပါ သောကြောင့်။ တဦးတယောက်တည်းဖြစ်စေ။ အရပ်အကွက် အသင်းနှင့် တ ကွ ဖြစ်စေ။ ထွန်းညှိပူဇော် လှူဒါန်းကြလိုပါက။ ကျွန်တော်တို့ လျှပ်စစ် ခါတ် မီးအသင်းသား။တဦးတယောက်အား၊ပြောဆိုအကြောင်းကြားပါလျှင်ထင်ရှား သော ဆိုင်းဘုတ်စာလုံးကြီးနှင့်တကွ။ မည်သည့်အရပ်။ မည်သည့်အသင်းသား ရပ်ကွက်နေ၊ ဒါယကာ ဒါယိကာမများ၏၊ တညဉ့်ဟွက်။ ညဉ့်ဝက်တွက် ကောင်းမှုဟု။ တောင်းဆု ပါဌ္ဌနာလျက်။ အရွှာရွှာက။ သဒ္ဒါလင်းစေဘို့။ အလှူ့စာရင်းနှင့်။ ဝေဌကြော်ငြာ၊ ပေးကမ်းရန်ဖြစ်ပါ၍။ အခြင်းခြင်း၊အထပ် ထပ်။ အသင်းအပင်း။ အရပ်ရပ်တို့အား။မပြတ်မလပ်။ သဒ္ဒါတိုးပွားလှူဒါန်း တော်မူကြပါစေရန်။ ဝေဌနှိုးဆော်လိုက်ပါသည်။ ဘုရားကြီး ဒါယကာ-ဒါယိ ကာမပေါင်း သူတော်ကောင်းဘို့ခင်ဗျား။

မြို့ပေါ်ရှိ ဘုရားကြီး (၆)ဆူကို။ ဇယားကမ္ဘည်းနောက် မတူအောင်။ ခါတ်မီးရှိန် လှူပါသဖြင့်။ နက်စည်းစိမ်ယူကာ။ ဘုံစင်စံကြပြီး။အကုန်အလျှင် အမြန်။ မဂ်ဖိုလ်အမတ ကြဌန်းကိုသာ။ ရက်တို တခနနှင့်။ လှမ်းနိုင်ကြသော သူတော်ကောင်းများ ဖြစ်ကြပါစေဗျား။ ။

၁၂၈၈-ခု။ တံခူးလ ပုံနှိပ်သော ရှေးစာမူဟောင်း အတိုင်း ရေးသားအပ် ပါသတည်း၊



၁၃၂၁-ခု။ နှောင်းတံခူးလပြည့်ကျော် (၈)ရက်။ (၃-၄-၆၀)

ဟသ္သာတမြို့၊ လက်သမားရပ် ပြည်လုံးကပ်ကျော်-ဦးဘရဲစေတီတော် ထီးတော်တင်ပွဲတွင်။ ဆောင်ရွက်ကြသော၊ ဝေယျာဝစ္စအဖွဲ့

နောက်ဆုံးတန်း— ဦးချစ်စိန်။ ဦးထွန်းစိန်။ ဦးအောင်ခ။ (ဆရာတော်-ဦးအာသဘ) ဦးစိန္တာမရ။ ဦးဆက်။ ဦးငွေ။

မတ်တပ်ရပ်နေသူများ။ ဦးသန်းတင်။ ဦးဘခိုင်။ ဦးအေးမောင်။ ဦးလှမောင်။ ဦးဘကျော်။ ဦးဘကလေး။ ဦးကင်း။ ဦးဘိုးအောင်။ ဦးအုံးဖေ။

ခုံတန်းထိုင်သူများ။ ဦးဘလတ်။ ဦးဘထွန်း။ ဦးအေးချို၊ ဦးအေးမောင်။ ဦးဘအောင်။ ဦးကြည်ထွန်း။ ဦးကျော်လှ။ ဦးအောင်သန်း။ ဦးဘဘွား။ ဦးဘမြင့်။ ဦးဘကျင်။
(အတွင်းရေးမှူး) (ဥက္ကဋ္ဌ) (ဒု) ဥက္ကဋ္ဌ (အတွင်းရေးမှူး) (ငွေထိမ်းလူကြီး)

ရှေ့တန်းထိုင်သူများ။ ဦးတွတ်။ ဦးလှတင်။ ဦးစိုးဝင်းအောင်။ ဦးစိန်လှအောင်။ ဦးထွန်းတင် (ရွှေပြည်ဇ) ဦးမြင့်သိန်း။ ဦးကြည်လင်။ ဦးလှခင်။ ဦးမောင်တင်။

# ကမ်းဆည်ရေးအဖွဲ့မှတ်တမ်း။

☆ ☆ ☆

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

**ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။**

မြို့မိမြို့ဖများသိရှိကြသည့်အတိုင်း ဟသ်ာတမြို့ကြီးသည်၊ မြစ်ကမ်းပြိုပျက်ခြင်း ဘေးအန္တရာယ်ကြောင့်၊ မြစ်ကမ်းအနီးတွင်နေထိုင် စားသောက်ကြသောလူများမှာ၊ တဖြည်းဖြည်းနေရာပျောက်ပျက်သောကြောင့်၊ခဲခဲယဉ်းယဉ်းနှင့်ပင် မြို့တွင်းသို့ ဝင်ရောက်၍ နေရာရှာဖွေနေထိုင်ကြရလေသည်။ ဤကဲ့သို့တဖြည်းဖြည်း တရွေ့ရွေ့ မြစ်ကမ်းကြီးသည်၊ ပြိုပျက်လာခဲ့ရာ၊ မြို့ပေါ်ရှိ တံခိုးကြီးဘုရားများ အပါအဝင်ဖြစ်သော၊ လက်ဘမားရပ် ပြည်လုံးကပ်ကျော် ဦးဘရဲစေတီတော်ကြီးကို၊ အန္တရာယ်ပြုမည့် အခြေသို့ရောက်မည်ကို သိရှိကြသည် နှင့် ဘုရားဝေယျာဝစ္စ လူကြီးများအဖွဲ့မှ၊ ဥက္ကဋ္ဌ-ဦးဘအောင်(ပင်စင်အငြိမ်းစား) နှင့် အတွင်းရေးမှူး ဦးဘလတ် (ပင်စင်အငြိမ်းစား) တို့သည်၊ ဟသ်ာတမြို့လျှပ်စစ်ဓာတ်အားပေးဌာန၊တိုင်းအင်ဂျင်နီယာ ဦးကြည်ထွန်း (ဝ၁)ဦးလေးသန်းနှင့် တိုင်ပင်ကြသောအခါ၊ ဦးကြည်ထွန်းက ဘုရားအတွက် ဖြစ်သောကြောင့်၊ ကုသိုလ်ရေးကိုရှေးရှုလျက် ကိုယ်ဘိ ရင်ဘိ ကြိုးစားလုပ်ကိုင်ပေးရန် ဂတိပေးလျက်၊ ဘုရားနှင့် ကမ်းအခြေအနေသို့ လေ့လာကြပြီး၊ မြို့လူထုကို အကူအညီတောင်းရန် ဆုံးဖြတ်ကြပါသည်။

၁၃၂၀ ခု၊ တန်ဆောင်မုန်းဆန်း(၇)ရက်၊ (၇ ၁၁-၅၈)တနင်းလာနေ့ နေ့လည် ၁၂ နာရီ အချိန်တွင် ပြည်လုံးကပ်ကျော် ဦးဘရဲစေတီတော် အခန်းခံတန်ဆောင်းတွင်း၌၊ ဥက္ကဋ္ဌ ဦးဘအောင်နှင့် တိုင်းအင်ဂျင်နီယာဦးကြည်ထွန်းတို့ခေါင်းဆောင်ကြ၍မြို့ပေါ်ရှိလူကြီးများအား ဖိတ်ကြားပြီး၊ဥက္ကဋ္ဌဦးဘအောင်က

ဘုရားကြီးသည်။ ကမ်းပြိုဘေးနှင့် နီးကပ်နေပြီဖြစ်၍။ မည်သို့မည်ပုံလုပ်ကိုင်ကြမည်ကို၊ အကြံဉာဏ်တောင်း၍ ဆွေးနွေးကြသောအခါ။ ဦးကြည်ထွန်းက။ မိမိသည် ဘုရားကြီးအား ကမ်းပြိုဘေးမှမခစေရန်၊ ရွှေ့ပြောင်းပေးသည့်ကိစ္စကို တာဝန်ယူနိုင်ပါသည်။ သို့သော် ဘုရားစေတီတော်မြတ်နှင့်တကွ၊ ကိန်းအောင်းလျက်ရှိသော ဘုရားကိုယ်တော်မြတ်များပါ။ ရွှေ့ပြောင်းထိုက်သည်။ မထိုက်သည်ကို မြို့ပေါ်ရှိ ဆရာတော် သံဃာတော်မြတ်များ ပင့်ဘိတ်၍ လျှောက်ထားလျှင် သင့်တော်မည်ဟုအကြံဉာဏ်ပေးသောအခါ ကြွရောက်ကြသော လူကြီးများက၊ ယခုကိစ္စသည်။ လူတို့ကိုးကွယ်ဆည်းကပ်ကြသော ဘုရားကြီးအတွက်ဖြစ်၍။ အချိန်ကိုနှေး၍ မစောင့်စားလိုဘဲ ယခုအစည်းအဝေးပြီးက တာဝန်ရှိသူများက၊ ဆရာတော် သံဃာတော်များကို သွားရောက်ပင့်ဘိတ်လျက်။ နောက်တနေ့ ဆက်လက်၍ မြို့လူထုအစည်းအဝေးခေါ်သင့်ကြောင်း အကြံဉာဏ်ပေးကြရာ အများသဘောတူဆုံးဖြတ်လျက် အောက်ပါယာယီအလုပ်အမှုဆောင်များရွေးယ်ချပြီး အစည်းအဝေးရုတ်သိမ်းလိုက်ပါသည်။

## ယာယီအလုပ်အမှုဆောင်များ။

၁။ ဦးဘအောင်။ .... ပင်စင်အငြိမ်းစား။
၂။ ဦးကြည်ထွန်း.... တိုင်းလျှပ်စစ် အင်ဂျင်နီယာ။
၃။ ဦးကျော်လှ .... လျှပ်စစ်ပစ္စည်းကိုယ်စားလည်။
၄။ ဦးမြ .... ပင်စင်အငြိမ်းစား။
၅။ ဦးရွှေ .... ဆန်စက်ပိုင်။
၆။ ဦးအေးချို .... ကံထရိုက်တာ
၇။ ဦးအေးမောင်.... ငွေတိုက်စာရေးကြီး။
၈။ ဦးပု .... ရွှေဟသ်ာ- အယ်ဒီတာချုပ်။
၉။ ဦးဘဘွား .... စိန်-ရွှေ-ရတနာ ကုန်သည်။
၁၀။ ဦးထွန်းစိန် .... ပွဲစားကြီး။

၁၃၂၀-ခု။ တန်ဆောင်မုန်း လဆန်း (၈) ရက်။ (၁၈-၁၁-၅၈)နေ့ညနေ။ ၄-နာရီအချိန်တွင် မြို့ပေါ်ရှိကျောင်း ၁၀-ကျောင်းမှ သင်္ဃာတော် အရှင်သူမြတ်များကို ပင့်ဘိတ်လျက် မြို့လူထု ပရိသတ် အလည်တွင် ဥက္ကဋ္ဌကြီး ဦးဘအောင်က ဝမ်းနည်းကြေကွဲလျက် မျက်ရည်များကျကာ မျက်မြင်ကိုယ်တွေ့ဖြစ်ပျက်နေသည့် ကမ်းပြိုသည့် အခြေအနေနှင့် ဘုရားကိုယ်တော်မြတ်ကြီး၏ တွေ့ဒုံ့ဆဲဆဲဖြစ်ပေါ်နေသည့် အန္တရာယ်ကို ရင်ဆိုင်တွေ့ကြုံခဲ့သော စေတီတော်မြတ်ကြီးနှင့်တကွ ဌာပနာထားသော ဓာတ်တော်-မွေတော် ဘုရားကိုယ်တော်မြတ်များပါ ရွှေ့ပြောင်းပင့်ဆောင်အပ်သည်။ မအပ်သည်ကို ဆရာတော်များ ရှေ့မှောက်တွင် ရှိခိုးလျှောက်ထားသည်ကို ဆရာတော်များက အကယ်၍ ထိုစေတီတော်ကြီးသည် ကမ်းပြိုခြင်းမှ နီးကပ်လာ၍ ရေသို့မခစေသောငှာ။ ပသန္နစေတနာဖြင့်- ကောင်းမြတ်သော စိတ်စေတနာ နှင့် ရည်ရွယ် ပါသော ကြောင့်၊ ရွှေ့နိုင်-ပြောင်းနိုင်ပါသည်ဟု အမိန့်ကြားတော်မူသည်ကို ကြားနာ ယူသူများ နှစ်သိမ့်ကြရပါသည်။

ဆရာတော်များ ပြန်လည်ကြွသွားသည့်အခါ အစည်းအဝေးတက်ရောက်ကြသောလူကြီးများက ဘုရားကိုယ်တော်မြတ်ကြီးအားကမ်းပြိုဘေးမှ ကင်းဝေးအောင်၊ မြို့ပေါ်မှ လူအင်အားနှင့် ငွေအင်အားများ စုဆောင်းလျက်။ကမ်းပြိုမည့်နေရာများတွင်။ ရှေးမြန်မာလုပ်ကိုင်နည်းဖြင့် ဝါးခက်များ သဲအိတ်များချပေးလျှင် သက်သာနိုင်သလောက် သက်သာမည်ဖြစ်ကြောင်း။ ၎င်းကိစ္စကို ဦးစီးဦးဆောင် လုပ်နိုင်ရန် တိုင်းလျှပ်စစ် အင်ဂျင်နီယာ ဦးကြည်ထွန်းအား။ဥက္ကဋ္ဌတင်မြှောက်ပါသည်ဟု တညီတညွတ်တည်း သံပြိုင်ပေါ်ထွက်လာသဖြင့်အများသဘောတူ ဆုံးဖြတ်ကြပြီးလျှင်၊ ကမ်းဆည်ရေး အဖွဲ့အစည်းတရပ်ပြုလုပ်ကြသည်။

၁၃၂၀-ခု။ တန်ဆောင်မုန်း လဆန်း ၉-ရက်။ (၁၉-၁၁-၅၈)နေ့နံက်။ တွင် ဥက္ကဋ္ဌ ဦးကြည်ထွန်းခေါင်းဆောင်လျက်။ ပြည်ပိုင်အစိုးရ မော်တော်များ ဖြင့်။ အကူအညီ တောင်းဆိုယူလျက် မြစ်ထဲတွင် လှည့်လည်လျက်ကမ်းပြိုသည့် အခြေအနေကို သိသာရန် ဝါးဘောများ မျှော၍ စမ်းသတ်လေ့လာကြသည်။

၁၃၂၀-ခု။ တန်ဆောင်မုန်းလဆန်း ၁၀-ရက်။(၂၀-၁၁-၅၈) နေ့တွင်၊

မြို့လူထု၏ အကူအညီဖြင့် ဦးဘမဲဘုရားကြီး၏ ဆိပ်ကမ်းတွင် ဝါးခက်များ သဲအိပ်များချပေးခြင်းနှင့် ရွှေပြောင်ပြောင် ဆိပ်ကမ်းတွင် (စပါး)ခေါ် ပျဉ်းကတိုး သစ်တန်းများရေနက်၌ စိုက်ထူခြင်းတို့ကို၊ တနေ့လုံး အားသွန်ကြိုးစား လုပ်ကိုင်ကြသည်။

၁၃၂၀-ခု။ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်။ (၂၈-၁၁-၅၈) နေ့တွင်ဗဟိုရှိမီးသတ် ခမ်းမဆောင်၌ မြို့လူထုအစည်းအဝေးခေါ် ဆို၍လုပ်ငန်းချဲ့ထွင်ရန် အလုပ်အမှုဆောင် အဖွဲ့နှင့် ဘဏ္ဍာရေးဆပ်ကော်မိတီအဖွဲ့ ဖွဲ့စည်းရာ။ တိုင်းလျှပ်စစ် အင်ဂျင်နီယာ ဦးကြည်ထွန်းအား ဥက္ကဋ္ဌ တင်မြှောက်၍။ ၎င်းနှင့်အလုပ်အမှုဆောင်လူကြီး ၂၀၊ ဘဏ္ဍာရေး ဆပ်ကော်မတီအဖွဲ့လူကြီး။ ၁၄-ဦးတင်မြှောက် ရွေးချယ်ဖွဲ့စည်းကြပါသည်။

၁၃၂၀-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်။ (၃၀-၁၁-၅၈) တနင်္ဂနွေနေ့ နံနက်တွင်၊ ရပ်ကွက်တိုင်းမှ မြို့လူထု ကျောင်းသားများ။ ဝန်ထမ်းတပ်များ။ မီးသတ် အဖွဲ့သားများနှင့် အမျိုးသမီးအဖွဲ့များပါ ဦးပါမဲ ဆိပ်ကမ်းတွင် ရရှိုးလျက် အစိုးရအကူအညီပေးသော။ ယူဘီ။ မော်တော်များဖြင့်။ တဘက်ကမ်းရှိ ရေလည်ဆောင်သို့ တပျော်တပါးသွားကြလျက်။ ထိုဆောင်တွင် မြို့တည့်တည့်သို့ ထိုးဆင်းနေသော ရေစီးကို လွှဲသွားစေခြင်း၌။ လူပေါင်း.... ၁၀၀၀-ကျော်တို့ဖြင့် ပေါက်တူး-ဂေါ်ပြားများ ရေပုံးများနှင့် တူးဖော်လုပ်ကိုင်ကြလျက်ထိုနေ့ နံနက်စာကို ရပ်ကွက်တိုင်းမှ ထမင်းထုပ်များ ဆေးလိပ်ခုံများမှ ဆေးပေါ့လိပ် ဆေးပြင်းလိပ်များ လှူဒါန်းကျွေးမွေးကြသည်။

၁၃၂၀ ခု။ တန်ဆောင်မုန်းလပြည့်ကျော်၇-ရက်။ (၂-၁၂-၅၈)အင်္ဂါနေ့ နံက်တွင်။ ပြည်လုံးကပ်ကျော် ဦးပါမဲစေတီတော်မြတ်ကြီး၏ ခြေတော်ရင်းရှိ မြစ်ကမ်းခြေတွင်ရေစပ်မှဖန်ခွက်လုံးပေါင်း (၄၂)လုံး၊တလုံးစီပေါ်ထွက်လာသည်၊ ထိုခွက်လုံးများမှာ ယခုခေတ်လူများ မမြင်ဘူးသေးသဲ ရှေးခေတ်က- ဘုရားပစ္စည်းများဖြစ်ဟန်တူလျက် ဖန်ခွက်လုံးမှာ လက်မတဝက်ခန့်ထူ၍ လုံးပတ် ၁- ပေခန့် ရှယ်တူများဖြစ်ကြသည်။

ခွက်လုံးများပေါ်ထွက်ရယူစဉ်၊ ဘုရားလူကြီးများက၊ ကိုင်ကွယ် ကြည့်ရှုသည့်အခါ ခွက်လုံးထဲမှ ရေမွှေးနံ့များရပြီး ဘုရားဆင်းတုတော်များ၊ဓာတ်တော်

များ၊ ဖူးတွေ့ရသဖြင့်၊သတင်းပြန့်နှံ့ ခါမြို့ပေါ်ရှိ၊ ရဟန်းရှင်လူအပေါင်းတို့သည် ကြိတ်ကြိတ်တိုးခါ စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမျှော်ကြသည်။ခွဲလုံးများ ပေါ်ထွက်လာခြင်း၊ အတိတ်နိမိတ်ကို ကောက်ယူ၍၊ ဘုရားကြီးတော် တံခိုးပြပြီ၊ ကပ်ကျော်ပြီဟု ပြောကြ ဆိုကြသည်။

၁၃၂၀-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၉)ရက်၊ (၄ ၁၂-၅၈) နေ့၌၊ ဟသ်ာတ အထက်ဘက်ရှိ ကျောက်ရဲကျွန်းထိပ်တွင်၊ ဥက္ကဋ္ဌ ဦးကြည်ထွန်း၊ ဦးစီး၍၊ ခြေလျင်တပ်ရင်း (၇)မှ ရဲဘော်များအကူအညီဖြင့်၊ 'စပါး'သစ်တန်း များစိုက်ထူကြခြင်းများ ပြုလုပ်၍၊ မြို့ပေါ်မှ ထမင်းထုပ်များ၊ ကော်ဖီရည်၊ မုန့်များနှင့် ဆေးလိပ်များ လိုသလောက်ကျွေးမွေး လှူဒါန်းကြသည်။

၁၃၂၀ ခု၊ နတ်တော်လဆန်း ၃ ရက်၊ (၁၃-၁၂-၅၈)နေ့၌၊ ဦးပါရဲဆိပ်ကမ်းတွင်၊နံနက်မှ ညနေထိ၊ တနေ့လုံး၊ ဝါးခက်၊ သစ်ခက်များနှင့်၊သဲအိပ်များကို ကမ်းဆည်ရေးအဖွဲ့သားများနှင့် ဘုရားကြီးဝေယျာဝစ္စအဖွဲ့သားများ စုပေါင်း၍ လုပ်အားပေးကြသည်။

၁၃၂၀ ခု၊ နတ်တော်လဆန်း ၄ ရက်၊ (၁၄-၁၂ ၅၈) တနင်္ဂနွေနေ့၌၊ မြို့မကောင်စီရုံးမှ အရာထမ်း အမှုထမ်းများနှင့်ကျန်းမာရေးအလုပ်သမားများသည် ဘုရားကြီးနှင့်တကွ ကုန်းထော်ပဒုတ်းရှိ အမှိုက် သရိုက်များကို၊ သန့်ရှင်းရေးပြုလုပ်ကြ၍၊ လက်သမားမြောက်ရပ်ကွက် လူထုက နံက်တွင်၊ ကောက်ညှင်းပေါင်းများ ကျွေးမွေးခြင်း၊ နေ့လည်စာအတွက် ထမင်းဟင်းထုပ်များ လှူဒါန်းကျွေးမွေးကြသည်။

၁၃၂၀ ခု၊ နတ်တော် လဆန်း ၁၃-ရက်၊ (၂၃-၁၂-၅၈)နေ့တွင်၊ အထက် ကျောက်ရဲကျွန်းထိပ်မှ (စပါး)တန်း ၃ တန်း၊ အပြီးအစီး စိုက်ထူကြပြီး၊ ၁၃၂၀-ခု၊ နတ်တော် လပြည့်ကျော် ၁၃ ရက်၊ (၇-၁-၅၉)ရွှေပြောင်ပြောင်ဆိပ်ရှိ စပါး-တန်းများ၌ ကိုင်းထုပ်များနှင့် ဒလက်များချကြသည်။

တဖန် နောက်တနေ့တွင် အထက်ကျောက်ခဲကျွန်းဆိပ်၌ စပါးတန်းများ၌ ထပ်မံ၍ ကိုင်းထုပ်များ ဒလက်များ ချပြန်သည်။

၁၃၂၀ ခု။ ပြာသိုလ်လဆန်း ၃ ရက်။ (၁၁-၁-၅၉) တနင်္ဂနွေနေ့တွင် ဗဟိုရိမ်းသတ် ခန်းမဆောင်၌ကမ်းဆည်ရေးအဖွဲ့မှ လုပ်ဆောင်မှု ရှင်းလင်းပွဲတရပ်ကျင်းပသည်။

ထိုနေ့ညနေတွင်၊ ဟာသိဝါတ ဦးမြ။ မန်းဘဆိုင် နှင့်၊ စောအောင်ပေတို့အား သမဝါယမ မော်တော်ဖြင့် ကမ်းဆည်ရေးအဖွဲ့ လူကြီးများက ကမ်းဆည်ရေး လုပ်ငန်းများကို လှည့်လည်ပြသကြသည်။

၁၃၂၀-ခု။ ပြာသိုလဆန်း။ ၇ ရက်။ (၁၅ ၁-၅၉) နေ့တွင်၊ ဦးပါရဲဆိပ် နှင့်-လှည်းဘန်းဆိပ်ကြားတွင် စပါးတန်း တတန်းစိုက်ထူ၍။ (၁၉-၁-၅၉) နေ့ ပြီးစီးအောင်မြင်သည်။

၁၃၂၀ ခု။ ပြာသိုလဆန်း၁၂ ရက်။ (၂၀-၁-၅၉)နေ့တွင်၊ဦးပါရဲဆိပ် တွင်၊ ယင်းတန်း စပါးတန်း။ တတန်းထပ်မံ၍ စိုက်ထူကြသည်။

၁၃၂၀ ခု၊ ပြာသိုလပြည့်ကျော် ၉ ရက်။ (၁-၂-၅၉) တနင်္ဂနွေ နေ့တွင်။ ဗဟိုရိမ်းသတ် ခန်းမဆောင်၌။ မြို့ပေါ်ရှိသံဃာတော်အရှင်မြတ်များနှင့် မြို့လူထု အပေါင်းအား ပင့်ဖိတ်၍ ကမ်းဆည်ရေး ရှင်းလင်းပွဲတရပ်ကျင်းပသည်။

၁၃၂၁ ခု။ ဝါဆိုလဆန်း ၈ရက်။ (၁၂-၇-၅၉)နေ့တွင် ဦးပါရဲဘုရား ဆိပ်တွင် ညောင်ပင်ဈေးရပ်မှ အလှူခံရရှိသော ဝါးခက်။ သစ်ခက်၊ များကို။ ခုတ်ယူ၍။ မော်တော်ကားဖြင့် သယ်ယူလျက် ကမ်းဆည်ရေး အဖွဲ့ နှင့်— လက်သွားရပ် ကြံခိုင်ရေးအဖွဲ့ပူးပေါင်း၍ လုပ်အားပြုကြသဖြင့်- အကျိုးဆောင် ဦးကျော်လှ-ဒေါ်သိန်းရှင် သားသမီးတစုတို့က- အုန်းပြန်ပေါင်းဖြင့် ကျွေးမွေးခြင်း ပြုပါသည်။

ဟင်္သာတမြို့၊ ဗိုလ်ချုပ်လမ်း
လျှပ်စစ်ပစ္စည်း လက်လီ ဖြန့်ဖြူးရေး
ကိုယ်စားလည်၊ ဟင်္သာတမြို့၊ ညောင်ပင်ရွာရပ်
လှေသူကြီး ဦးသာဆန်း ၏သား။



၁၉၅၈-ခု-မှ ၁၉၆၂ ခု နှစ် အထိ
ဦးပါရဲ ကမ်းဆည်ရေး အတွင်းရေးမှူး။
ပန်းချီ (ဦးကျော်သှ) ၏ပုံ။

☆

၁၉၅၈-ခုမှ၊ ၆၂-ခုနှစ်အထိ။
ဦးပါရဲ—ကမ်းဆည်ရေး အဖွဲ့၊
တွဲဘက်အတွင်းရေးမှူးအဖြစ်
ထမ်းရွက်လျှက်ရှိသော



ဟင်္သာတမြို့ ဦးအောင်လှလမ်းနေ
ကံထရိုက်တာ
ဦးအေးချို- ၏ပုံ။

☆

# ဟသ်ာတမြို့ကမ်းဆည်ရေးမှတ်တမ်း အကျဉ်းချုပ်။

☆ ☆ ☆

ဟသ်ာတမြို့တွင်၊ ဒုတိယကမ္ဘာစစ်ဖြစ်ပေါ်လာသော အချိန်မှစ၍၊ပြီးဆုံးသည့်အချိန်အထိစစ်ဒဏ်ကို ခံစားလိုက်ရသောမြို့ကြီးများထဲတွင်၊မြို့တမြို့အပါအဝင်ဖြင့်ဘည့်အလျောက်၊ ကျွန်တော်တို့ ဟသ်ာတမြို့ကြီးမှာလည်း ဗုံး- သေနတ်ကြားထဲတွင်၊ ပြာပုံသာ ကြံရုံမျှမက၊ ဧရာဝတီ မြစ်ကြီး ထဲတွင် လည်း၊ စစ်အတွင်းက သင်္ဘောပေါင်းရုံ မြှုပ်နှံပစ်ခဲ့သည်က တကြောင်း။ ဂျပန်များသည် ဟသ်ာတမြို့နှင့် သာရဝေါ ကူးသန်းသွားလာရေးလွယ်ကူစေရန်အတွက် တလိုင်းစုနှင့် သာရဝေါ ကြားတွင် ကျောက်တန်းချခဲ့သည်မှအစပြု၍၊ တစတစ ဧရာဝတီမြစ်ကြောင်းကြီးမှာ။ ဟသ်ာတမြို့ဘက်သို့ တိုက်ခပ် တိုးဝင် လာပြီး၊ ကမ်းပြိုလာသည့်အတွက် နိုင်ငံတော်အစိုးရမင်းများသည်။ ဟသ်ာတကမ်းပြိုသက်သာရန် ရည်ရွယ်ပြီး၊ သိန်း(၃၀)ကျော် အကုန်အကြခံ၍ ကမ်းဆည်ခြင်းလုပ်ငန်းတရပ်ကို၊ လုပ်ကိုင်ခြားသော်လည်း၊ အောင်မြင်မှုမရရှိခဲ့ဘဲ,နေ့ံတဖန်ဟသ်ာတမြို့ ပွဲစားကုန်သည်များ ဦးစီးပြီး မြို့ပေါ်တွင် အလှူငွေ ကောက်ခံ၍စေတနာရှေ့ထား လုပ်ကိုင်ခြားသော်လည်း။ ကမ်းပြိုရပ်သည်ဟူ၍မရှိ၊ ပြိုကြမြဲပြိုကြနေပြန်သဖြင့်၊ ကမ်းဆည်ရေးတွင် ရှေ့တန်းမှ ခေါင်းဆောင် ပါဝင် လုပ်ကိုင်ကြသည့် ပုဂ္ဂိုလ်များပင်လျှင်၊ ကမ်းဆည်ရေးကို ရှေ့ဆက်လက် မလုပ်ကိုင်နိုင်ကြတော့ဘဲ၊ မိမိတို့တိုက်တာ အဆောက်အဦးများကို ကမ်းပြိုဘေးမှလွတ်ကင်းရာ။ ရပ်ကွက်များသို့ ရွှေ့ပြောင်းနေထိုင်ကြရသဖြင့်၊ ကမ်းဆည်ရေးကို မည်သူမျှ၊ ဗိုလ်ထွက်၍ လုပ်ကိုင်နိုင်ဝန့်သူမပေါ်ပေါက်တော့ဘဲ။ ငံတရားအတိုင်း ဖြစ်ချ၍။ ကံစီမံရာဘဲဟု လက်မှိုင်ချနေကြသော်လည်း၊ တဖြေးဖြေး၊

ပြည်လုံးကပ်ကျော် ဦးပါရဲစေတီတော်ကြီးအထိ၊ ပြိုကြပျက်စီးလာချိန်တွင်။ မိမိတို့၏ အိုးအိမ် အဆောက်အဦးများပျက်စီးဆုံးရှုံးသည်ကအကြောင်းမဟုတ် ဖြေဖျောက်နိုင်ညားသော်လည်း။ ရှေ့သူတော်စဉ် ပုဂ္ဂိုလ်ကြီးများ တည်ထား ကိုးကွယ်ခဲ့သော ရှေ့လက်ရာဖြစ်သည့် ဘုရားကျောင်းကန်များ ပျက်စီးတော့ မည့်အရေးကို။ ကြုံတွေ့ကြရတော့မည် ဖြစ်သဖြင့်၊ မမြင်ဝန့် မတွေ့လိုသော၊ စေတီတော်ကြီး၏၊ ဝေယျာဝစ္စ အဖွဲ့ဝင်လူကြီးများမှာ၊ ယူကျုံးမရ အပူလုံးကြွ လျှက်။ ၎င်းကမ်းပြိုကြသည့်အထဲမပါမရောက်ရလေအောင်၊ ကြံဆောင်လုပ် ကိုင်နိုင်သော၊ ဧရာဝတီတိုင်း လျှပ်စစ်အင်ဂျင်နီယာ၊ ဦးလေးသန်း (ခေါ်) ဦးကြည်ထွန်းအား၊ ဝေယျာဝစ္စအသင်းကြီး၏ အကျိုးတော်ဆောင်ဦးဘလင်မှာ မတွေ့ တွေ့အောင် ကြိုးစားရှာပါသော်လည်း၊ ညနေ(၆)နာရီအချိန်အထိမတွေ့ ရှိဘဲ လက်ပျှိုင်ချကာ၊ဝေယျာဝစ္စ အမှုဆောင်လူကြီးတဦးအပါအဝင်ဖြစ်သော ဦးကျော်လှ အိမ်သို့ ဝင်ရောက်ပြီး အကျိုးအကြောင်း ကုန်စဉ်အောင် ဖွင့်ဟ မိန့် ကြားသည်တွင်၊ လူကြီးတဦးဖြစ်သူ ဦးကျော်လှမှာလည်း ဘုရားကြီး၏ဝေယျာ ဝစ္စ အမှုဆောင်လူကြီး တဦး ဖြစ်သည့် အလျှောက် တာဝန်သိသိ နှင့်- ၎င်း ဦးကြည်ထွန်း တွေ့မှုကိုတာဝန်ယူ၍၊ မနားမနေရှာကျန်ခဲ့သော်၊ ည(၁၀)နာရီ အချိန်တွင်၊ အစီးအဝေးတခုမှ ပြန်လာသော ဦးကြည်ထွန်းအား ခရီးရောက်မ ဆိုက်ပြောပြတောင်းပန်မှုကြောင့်၊ မူလခေတ်ရင်း ခေတ်ခံရင့်သန်မှု ရှိပြီး ဖြစ် သော ဦးကြည်ထွန်းမှာ၊ မောသည်ဟူ၍ပင်ခံနမထား လက်နှိပ်ခေတ်မီးကို ကိုင် လျှက်၊ ဦးကျော်လှခေါ်ဆောင်ရာသို့ မညီးမညူလိုက်လာခဲ့ပြီး၊ ဘုရား ယင်ပြင် တော်ပေါ်သို့ ရောက်လျှင်ရောက်ခြင်းပင် မကြာဝန့်အောင် မြည်ဟီးနေသော မြစ်ဟှိုင်းသံနှင့် ဝဲစုပ်သံများမှာ ကျောက်ခမန်းလိလိ။ ဖြစ်သော်လည်း။ မလျော့ သော ဇွဲသတ္တိရှိသည့်အတိုင်း။ ကမ်းဘားတလျှောက်လိုက်လံကြည့်ရှုပြီးရေတိုက် နေသော၊ ရေဦးကိုတွေ့ရှိကြ၏။ ၎င်းရေဦးကို လွှဲပြောင်း လိုက်ပါက၊ ကမ်း ပြိုနေသော၊ ကမ်းဘားများ သက်သာနိုင်စေလိမ့်မည်ဟု တထစ်ချယုံကြည်လျှက် ရှိသော ဦးကြည်ထွန်းသည်။ ဘုရားဝေယျာဝစ္စလူကြီး ဦးကျော်လှအား၊ အစီး အဝေးဘိတ်ကြား၍၊ စီးဝေးတိုင်ပင်ကြပါက၊ ကျွန်တော်လုပ်သင့် လုပ် ထိုက် သော ကိစ္စများကို တင်ပြ ပြောဆိုမည် ဖြစ်ကြောင်း။ အမိန့်ပေးချက် အရ၊

သက်ဆိုင်ရာလူကြီးများနှင့်ကိုင်ပင်ဆွေးနွေးပြီး၊ ၁၃၂၀-ခု၊ တံဆောင်မုန်းဆန်း ၇ ရက်။ (၇-၁၁-၅၈) တနင်္လာနေ့၊ နေ့လည် ၁၂ နာရီအချိန်တွင်။ ဦးပါလဲ စေတီတော်အာရုံခံ တံဆောင်းတွင်။ ဘုရားကြီး၏ ဝေယျာဝစ္စ အသင်း ဥက္ကဋ္ဌ၊ ဦးဘအောင် -နှင့်— တိုင်းလျှပ်စစ် အင်ဂျင်နီယာ ဦးကြည်ထွန်း တို့အား။ နာယက လူကြီးများ အဖြစ် တင်မြှောက်၍။ မြို့ပေါ်ရှိ လူကြီးများနှင့် ဘုရားကြီး၏ ဝေယျာဝစ္စအမှုဆောင် လူကြီးများအား ဘိတ်ကြားပြီး စီးဝေးတိုင်ပင် ကြသည်မှာ၊ ဘုရားကြီး၏ ဝေယျာဝစ္စ အသင်း ဥက္ကဋ္ဌ ဦးဘအောင်က၊ ယခုလူကြီးများ မြင်တွေ့ကြရသည့်အတိုင်း ကမ်းပြိုဘေးမှာ အိုးအိမ်တိုက်တာ အဆောက်အဦးများပင် မရပ်မနားဘဲ ရှေးမင်းကောင်း မင်းမြတ်များလက်ထက်က တည်ထားကိုးကွယ်ခဲ့သော စေတီတော်ကြီးများ။ ဤကဲ့သို့လစ်လျူရှုထားကြပါက၊ စေတီတော်ကြီးမှာ ကမ်းပြို ကမ်းဘားထဲတွင် မျှောပါဆုံးရှုံးရတော့မည်ကိုမကြည့်လို၊ မမြင်လိုပါသော်လည်းမိမိမှာအား အရွယ်ကလည်း အိုမင်းမစွမ်းအချိန်သို့ရောက်ရှိနေပြီဖြစ်ပါ၍၊ယခုကြွရောက်လာကြသောလူကြီးများမှ၊မည်ကဲ့သို့အောင်မြင်အောင်ကြံဆောင်ရန်။ အကြံကောင်း ဥာဏ်ကောင်းပေးပါရန် ဝမ်းနဲ့ကြေကွဲစွာ တောင်းဆိုမှုကြောင့်၊ ကြွရောက်လာကြသောလူကြီး များမှာလည်း စေတီတော်ကြီး ၏ပျက်စီး ဆုံးရှုံးတော့ မည့်အရေးကို၊တွေးတောပူပန်ကြသော်လည်း။ မပြိုမပျက်အောင်လုပ်ကိုင်ရေးကိစ္စကို မည်ကဲ့သို့ လုပ်ကိုင်ကြမည်ကို စေတနာရှိညားသော်လည်း။ လုပ်ငန်း ကျွမ်းကျင်မှုလိုအင်နေကြသဖြင့်၊ရောဝတီတိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးကြည်ထွန်းကသာ ဤကဲ့သို့ လူကြီးများ၏ စေတနာနှင့် သဒ္ဓါတရားကို မိမိအနေဖြင့်။ ယုံကြည်ဝမ်းမြောက်လျက်။ မိမိသည် ဥာဏ်စွမ်းရှိသလောက်၊ ကံစွမ်းရှိသလောက်၊ကြိုးစားလုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ဤကဲ့သို့ လုပ်ကိုင်ရာတွင် (၂မျိုး) (၂) စားရှိကြောင်း။

ပဌမအချက်မှာ ဘုရားကြီးသည်ကမ်းပြိုသည့်အထဲမပါရအောင်ကြိုးစားလုပ်ကိုင်သွားရန်ဖြစ်ကြောင်း။

ဒုတိယအချက်မှာ ကမ်းပြိုသောဘေးမှ လွတ်ကင်းအောင်၊ ကမ်းဆည်ရာ

တွင် အကြောင်းမညီညွတ်၍ မအောင်မြင်ခဲ့သော်၊ ရုပ်ပွားဆင်းတုတော်များ နှင့် သရီယခံတော်တော်များ ရွှေ့ပြောင်းရေးလုပ်ငန်းကို လုပ်ကိုင်မည်ဟူ၍ လုပ်ငန်း မှာ၊ (၂)ခုရှိသည့်အနက်၊ မမြို့မပျက်တည်တန့်ခိုင်မြဲရေးရှိအောင်ပြုလုပ်ရန်က ပိုမိုခက်ခဲ၍ အောင်မြင်အောင် လုပ်နိုင်စွမ်းရှိမှ ပိုမိုကောင်းမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုကြွရောက်လာကြသော လူကြီးမင်းများ၏ ဆန္ဒအတိုင်း တိုက် တွန်းအားပေးပါက၊ လုပ်ကိုင်ပေးမည်ဖြစ်ကြောင်းမိန့်ကြားသည့်တွင်၊ကြွရောက် လာကြသောလူကြီးများမှာ၊ ရေထိသော ပဒုမ္မာကြာပန်းကဲ့သို့ နှင်လမ်းဝမ်း မြောက်ကြလျှက်။ တိုင်းလျှပ်စစ် အင်ဂျင်နီယာဦးကြည်ထွန်းအား ဦးပါရဲစေတီ တော် ကမ်းဆည်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် အများသဘောတူ ရွေးချယ်တင်မြှောက် ကြပြီး အောက်ပါ တဒှုဆောင်အဖွဲ့ကို ဖွဲ့စီးလိုက်ပါကြောင်း။

## ကမ်းဆည်ရေးအဖွဲ့ အစည်းအဝေး
## အမှတ်(၁)

၁၃၂၀-ခု။ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်။ (၂၈-၁၁-၅၈) သောကြာနေ့။ နံနက် (၈)နာရီအချိန်။ဗိုလ်ချုပ်လမ်းဗဟိုရုံမီးသတ် ခန်းမဆောင်၌။ ကမ်းဆည်ရေးအတွက် မြို့ပေါ်ရှိ။ စေတနာသက်ဆန်သော၊ ပုဂ္ဂိုလ်များအား ဘိတ်ကြားရာ အောက်ပါအတိုင်း တက်ရောက်ကြပါသည်။

၁။ ဦးဘအောင်။
၂။ ။ ဘထွန်း။
၃။ ။ ဘတင်။
၄။ ။ ဘညို။
၅။ ။ ပု (ရွှေဟင်္သာ)
၆။ ။ ကြည်ထွန်း။
၇။ ။ မြ။(ပင်စင်စား)
၈။ ။ အုံးမောင်။
၉။ ။ အုံးလှိုင်။
၁၀။ ဦးကျော်ရှိန်။
၁၁။ ။ အကျွမ်း။
၁၂။ ။ ဘလတ်။
၁၃။ ။ အေးချို။
၁၄။ ။ ကျော်လှ။
၁၅။ ။ စိန်တာ။
၁၆။ ။ ရွှေ။
၁၇။ ။ ငွေစိုး။
၁၈။ ။ ကြည်။

၁၉။ ဦးသိန်း (တကာသိန်း)
၂၀။ ။ဗချမ်း။
၂၁။ ။ဗစိုး။
၂၂။ ။လှမြင့်။
၂၃။ ။အုံးပွင့်။
၂၄။ ။ယောဒ။
၂၅။ ။လှကြည်။
၂၆။ ။စံဦး။
၂၇။ ။သော်။
၂၈။ ။ချစ်မောင် (မီး)
၂၉။ ။သန်းမောင်(ရွှေ)
၃၀။ ။မောင်ချစ်။
၃၁။ ။လှတင် (အောင်မြန်မာ)
၃၂။ ။ထွန်းစိန်(ဇာမဏီ)
၃၃။ ။ဘခိုင် (ဇူသိုတံ)
၃၄။ ။ဘဘွား။
၃၅။ ။သန်းညွှန့်။
၃၆။ ။ထွန်းလှိုင်။
၃၇။ ။အောင်သိန်း
၃၈။ ။တင်အောင်။
၃၉။ ။တင်မောင်။
၄၀။ ။မြင့် (ရန်နိုင်)
၄၁။ ။ခင်မြင့် (ရွှေ)
၄၂။ ။ကိုကိုလေး။
၄၃။ ။ဟိန်ဖေ။
၄၄။ ။မြထင်။
၄၅။ ။ကံအေး။
၄၆။ ။ကြီးမြင့်။
၄၇။ ။ကံညွှန့်။
၄၈။ ။တင်ကြီး။
၄၉။ ဦးကျင်။
၅၀။ ။အောင်ကျော်။
၅၁။ ။ဘစံ။
၅၂။ ။ဘအေး။(ဘတ်)
၅၃။ ။ဆင့် (တယော)
၅၄။ ။ထွန်းတင် (ရွှေပြည်ဇေ)
၅၅။ ။သန်း (ဆန်စက်ပိုင်)
၅၆။ ။ခိုင်။
၅၇ ။ချန်ပိန်။
၅၈။ ။ကြင်ထွန်း။
၅၉။ ။ကောင်ငှူး။
၆၀။ ။အဖိုး။
၆၁။ ။စံမြင့်။
၆၂။ ။စံအေး။
၆၃။ ။မြသောင်း။
၆၄။ ။ထိုင်ဟုတ် ဘိုကျုံး)
၆၅။ ။မောင်သင် (စန္ဒာသင်ရှိန်)
၆၆။ ။မောင်ဆင့် (မဲဥ္စာန)
၆၇။ ။ထွန်းမောင် (ဗဟိုရဓာတ်ပုံ)
၆၈။ ။လှဖေ။
၆၉။ ။မောင်လှိုင်။
၇၀။ ။ကင်း။
၇၁။ ။အေးမောင်(ရွှေဟင်္သာကုန်စုံဆိုင်)
၇၂။ ။ဘိုးငွေ။
၇၃။ ။ထွန်းသိန်း(ကျား နှစ် ကောင်)
၇၄။ ။သိန်း (ဒိုကေ)
၇၅။ ။တင်စိုး။
၇၆။ ။သန်းဖေ။
၇၇။ ။လှမောင်
၇၈။ ။လှကြည် (သွား)

၇၉။ ဒေါ်ဒေါ်မြ။
၈၀။ ကိုညိမ်းမောင်။
၈၁။ ကိုအုံးမြင့်။
၈၂။ ကိုသိန်း (ဘိုးဘိုးအောင်)
၈၃။ ကိုချစ်ဘီး။
၈၄။ ကိုအာချင်း။
၈၅။ ကိုညွန့်မွေး။
၈၆။ ကိုတင်ရွှေ (မီးသတ်)
၈၇။ ကိုမြ ၎င်း။
၈၈။ ကိုသံချောင်း ၎င်း။
၈၉။ ကိုကြည် ၎င်း။
၉၀။ ကိုအုံးကျော် (ရွှေမောင်း)
၉၁။ ကိုအေးသွယ်
၉၂။ ကိုတင်အောင်။
၉၃။ ကိုဟန်စိန်။
၉၄။ ကိုဦးအောင်မြင့်၊
၉၅။ ကိုသောင်းထွန်း။
၉၆။ ကိုခင်မောင်အေး။

အစည်းအဝေးကို နံက် (၈)နာရီခွဲအချိန် စတင်၍။ သဘာပတိအဖြစ်၊ ဦးဘအောင်အား တင်မြှောက်လျက်၊ အခမ်းအနားမှူးအဖြစ် ဦးအေးချို က၊ ဆောင်ရွက်ပါသည်။

သဘာပတိ ဦးဘအောင်က စတင်၍ မိန့်ကြားသည်မှာ၊ ယခုကဲ့သို့ မြို့ပေါ်ရှိ စေတနာထက်သန်၍၊ ကမ်းဆည်ရေးအတွက် ကြွရောက်လာကြသော လူကြီးများအား အထူးကျေးဇူးတင်ရှိကြောင်း။ ပြည်လုံးကပ်ကျော် ဦးပါရဲ စေတီတော်မြတ်ကြီးအား ကမ်းပြိုခြင်းဘေးမှ လွတ်ကင်းရန် ကြံ့ဖွံ့စား ရှာကြသော ဦးကြည်ထွန်း (တိုင်းအင်ဂျင်နီယာ) အား။ ကမကထ ပြုလုပ်သည်အတွက်၊ ကုသိုလ်အထူးကြီးမည်ဖြစ်ကြောင်း၊ ယခုဖွဲ့စီးမည့်ကမ်းဆည်ရေးအဖွဲ့သည်လည်း ဘုရားကိုယ်တော်မြတ်ကြီးနှင့် တကွ။ ဝေနေယျာ လူအပေါင်းတို့အား ကယ်တင်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သပါသည်။

အခမ်းအနားမှူး ဦးအေးချိုက ယခုကဲ့သို့ မြို့ပေါ်ရှိလူကြီးများအားဖိတ်ခေါ်ရခြင်းအကြောင်းသည်။ ပြည်လုံးကပ်ကျော် ဦးပါရဲ စေတီတော်မြတ်ကြီးအား ကမ်းပြိုခြင်းဘေးမှ နီးကပ်လာ၍ ဗုဒ္ဓဘာသာ ရဟန်းရှင်လူ အပေါင်းတို့သည်၊ ကြိမ်မီးအုံးသည်ပမာ မနေနိုင်ကြဘဲ၊ နီးစပ်ရာ လူကြီးများအား ဘုရားကြီးတွင် အစည်းအဝေးခေါ်လျက် တိုင်းအင်ဂျင်နီယာ ဦးကြည်ထွန်း က၊တာဝန်ယူလုပ်ကိုင် ပေးမည်ဟု ဂတိပေးသည့် အတွက် အစည်းအဝေးမှအား ရဝမ်းမြောက်၍ ဦးကြည်ထွန်းကို ကမ်းဆည်ရေးအဖွဲ့ ဖွဲ့စည်း၍ ဥက္ကဋ္ဌ တင်

မြွောက်ကြပါသည်။ ထိုနောက်မှ တစတစ၊ လုပ်ငန်းတိုးချဲ့ခါ မြို့ပေါ်ရှိ လူကြီးများအား ဘိတ်ကြား၍ အဖွဲ့အစည်းတရ ဖွဲ့စည်းပါဟု။ နှိုးဆော်ကြပါ သဖြင့်၊ ယခုကဲ့သို့ ဘိတ်ခေါ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းသွားပါသည်။

ငွေထိမ်းလူကြီး ဦးကျော်လှကလည်း ဘုရားကြီးအား ကမ်းပြိုခြင်းမှ လွတ်ကင်းရန် ရွှေပြောင်ပြောင်ဆိပ်ကမ်းမှ နေ၍ ဥက္ကဋ္ဌ ဦးကြည်ထွန်း ခေါင်းဆောင်ပြီး တတ်ကျွမ်းနားလည်သော လုပ်သားများငှား၍၊ လုပ်ကိုင် လာခဲ့ရာ အောင်မြင်သလောက် အောင်မြင်လာသည်ကို တွေ့ရပါသည်။ ဝေယျာဝစ္စအဖွဲ့မှ ဦးစီး၍ အလှူကောက်ခံရသော ငွေ ၂၀၀ဝ် ကျော်သည်။ ပျဉ်းတတ်းပေါ်း တန်းများ လုပ်ကိုင်သည်နှင့် မလောက်မငှဖြစ်နေပါသဖြင့်၊ လုပ်ငန်းတိုးချဲ့လုပ်ကိုင်လိုကြပါက၊ ဘဏ္ဍာရေးအဖွဲ့ ဖွဲ့၍ရံပုံငွေကောက်သင့်ကြောင်း။ ရှင်းလင်းတင်ပြပါသည်။

ထိုနောက်၊ တိုင်းအင်ဂျင်နီယာ ဦးကြည်ထွန်းက၊ ယခုလိုမြို့ပေါ်မှ လူကြီးများ ကြွရောက်လာကြသည်ကို ဝမ်းမြောက်ကြောင်း။ မိမိသည် အခါက ရည်ရွယ်ချက်အားဖြင့်၊ ပြည်လုံးကပ်ကျော် ဦးပါမဲ့ စေတီတော် မြတ်ကြီးနှင့် တကွ။ဥက္ကဋ္ဌ ဦးဘအောင်ကိုပါ ဂရုဏာသက်ဝင်၍။ဘုရားကြီးအား ကြှုးစား၍ ကာကွယ်လုပ်ကိုင်ပေးပါမည် ဝန်ခံချက်ရှိသဖြင့်၊ မိမိသည် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ ယခုဖွဲ့စည်းမည့် ကမ်းဆည်ရေးအဖွဲ့သည်လည်း။ မိမိနှင့်တွဲဘက်လျက်၊ ရှေ့သွားနောက်လိုက်ညီအောင် လုပ်ကိုင်သွားစေလိုကြောင်းပြောကြား၍၊ မိမိသည်။ ကမ်းပြိုခြင်းကို ရပ်တန့်ရန် လုပ်ကိုင်မည့် နည်းလမ်းများကို သိစေရန် ပြသမည်ဟု၊ ကျောက်သင်ပုန်းပေါ်တွင် ရေးဆွဲတင်ပြသွားပါသည်။

အခမ်းအနားမှူးက၊ ကြွရောက်သော ပရိသတ်များအား အကြံဉာဏ် ပြောဆိုခွင့်ကိုပေးသဖြင့်၊ လှည်းတန်းမှ ဦးလှကြည်က။ အဖွဲ့အစည်း ဖွဲ့နည်းကို အကျယ်တဝင့် ပြောဆိုသွားပါသည်။

ဦးပု (ရွှေဟင်္သာ)က၊ အကျယ်တဝင့် မစဉ်းစားသေးဘဲ၊ အမှုဆောင်လူကြီးများ ဖွဲ့စည်း၍ ဘဏ္ဍာရေး ဆပ်ကော်မတီ ရွေးကောက်ပြီးအလုပ်မြန်မြန် လုပ်ကိုင်ရန် အကြံဉာဏ် ပေးသည်ကို။ မြို့မကောင်စီ။ (ဒု) ဥက္ကဋ္ဌဦးစိန်တာက ထောက်ခံသဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ကြပါသည်။

၁။ ဦးဘအောင်။ (နာယက) ၂။ ဦးကြည်ထွန်း (ဥက္ကဋ္ဌ)
၃။ ဦးအေးချို (အတွင်းရေးမှူး) ၄။ ဦးကျော်လှ (ငွေထိန်းလူကြီး)

## ☆ အမှုဆောင်လူကြီးများ ☆

၅။ ဦးပု။
၆။ ။ သော်။
၇။ ။ ထွန်းခင်
၈။ ။ ရွှေမောင်း။
၉။ ။ မောင်ချစ်။
၁၀။ ။ မောင်တင်။
၁၁။ ။ ထွန်းစိန်
၁၂။ ။ အေးမောင်။
၁၃။ ။ ထွန်းသိန်း
၁၄။ ။ ညိမ်းမောင်
၁၅။ ။ သန်းမောင်
၁၆။ ။ ထွန်းလှိုင်
၁၇။ ။ အောင်သိန်း
၁၈။ ။ လှမြင့်
၁၉။ ။ ဘခိုင်
၂၀။ ။ အာချင်း။

နှင့်— မိးသတ် အဖွဲ့ဖြစ်ပါသည်။

## ☆ ဘဏ္ဍာရေး ဆပ်ကော်မတီများ ☆

၁။ ဦးဘအောင်
၂။ ။ မြ။
၃။ ။ ရွှေ
၄။ ။ စိန်တာ
၅။ ။ ကြည်
၆။ ။ စိန်တင်
၇။ ။ စောလွင်
၈။ ။ အုံးလှိုင်-
၉။ ဦးထိုင်ဟုတ်
၁၀။ ။ ငွေစိုး
၁၁။ ။ ကြူးဝါး
၁၂။ ။ ချန်ပိန်
၁၃။ ။ ပျိုကြီး
၁၄။ ။ ဗျော၊ ဗိ၊ ရှား၊
၁၅။ ။ ဒေါ်ဒေါ်မြ (လမ်းမတော်)

တို့၊ ဖြစ်ကြပါသည်။

ဆော်ဩရေးမှူးအဖြစ် ဦးရွှေနှင့် ဦးကြည်တို့အား
ရွေးချယ်ကြပါသည်။

ထိုနောက် ဘဏ္ဍာရေး ရံပုံငွေအတွက်။ အလှူစာရင်း ကောက်ခံကြရာ ကြွရောက်လာသော လူကြီးများမှ ဦးမာတင် နှင့်-ဦးအကျွမ်က ငွေလက်ငင်း ၅၀ိ လှူဒါန်း၍။ ဂတိပေးလှူဒါန်းကြသော ပုဂ္ဂိုလ်များမှာ၊

| | | |
|---|---|---|
| ဦးထိုင်ဟုတ် | အလှူငွေ | ၁၀၀ိ။ |
| ။ ရွှေ | ၎င်း။ | ၅၀ိ။ |
| ။ ကြည် | ၎င်း။ | ၅၀ိ။ |
| ။ စိန်တာ | ၎င်း။ | ၅၀ိ။ |
| ။ ငွေစိုး (သစ်) | | ၅၀ိ။ တန်ဘိုး။ |
| ။ ဘဇံ (စာတိုက်ဌာန) | | ၁၀ိ။ ဂတိပေး .... |

လှူဒါန်းကြပါသည်။

သဘာပတိက၊ နိဂုံးချုပ်ဖြင့်၊ မိမိသည် ယခုကဲ့သို့။ မြို့ပေါ်ရှိ ဂုဏ်သရေရှိ လူကြီးများ ကြွရောက်၍၊စေတနာ သဒ္ဓါရက်ရောစွာလှူဒါန်းကြသည်ကို၊ ဝမ်းမြောက်ချီးကြူးပါကြောင်း။ ယခုအဖွဲ့ကြီးသည်၊ ဘုရားကြီး နှင့် တကွ၊ ကမ်းနှုတ်ခြင်းဘေးမှ ကင်းဝေးအောင် လုပ်ဆောင်နိုင်ပါစေသတည်းဟု။ မိန့်ခွန်း ပြောကြားပြီး အစည်းအဝေးရုပ်သိမ်းသွားပါသည်။

| | | |
|---|---|---|
| **(ဦးကြည်ထွန်း)** | **ကမ်းဆည်ရေးအဖွဲ့** | **(ဦးအေးချို)** |
| ဥက္ကဋ္ဌ။ | ဟသ်ာတမြို့။ | အတွင်းရေးမှူး။ |

ဤကဲ့သို့ ကမ်းဆည်ရေး လုပ်ငန်းတွင်။ အများလူထု၏ဆန္ဒအရရောက် မှန်းမသိ ရောက်ခဲ့ရသော ဦးကြည်ထွန်းသည်။ ဘိုးသူတော် ဖြစ်မှန်းသေိဖြစ်သော မြန်မာစကားပုံအလား၊ ကမ်းဆည်ရေး လုပ်ငန်းကြီးကိုရှေ့ဆောင်လုပ်ကိုင်လာခဲ့ရာ ဘဏ္ဍာရေးကော်မတီလူကြီးများသည် ငွေများကိုကြိုးစားရှာကြပါသော်လည်း ကမ်းဆည်ရေးလုပ်ငန်းသည် အပြောလွယ်သလောက်တကယ်

တန်းလုပ်ငန်း၏ ခက်ခဲပုံ၊ လုပ်ငန်း၏ ကြီးကျယ်ပုံများမှာ လုပ်ငန်းလုပ်မိမှ လုပ်ငန်း၏အကြောင်းကို သိသည့်အားလျော်စွာ၊ ရှေ့တိုး လုပ်ရမည်မှာလည်း ငွေကြေးကမလုံလောက်၊နောက်ဆုပ်ရမည်မှာလည်း လုပ်ငန်းမအောင်မြင်ဘဲ၊ တပိုင်းတစဖြစ်နေ၍ သတ္တိမရှိ၊ (သည်ပုတ်ထဲက-သည်ပဲ) ဖြစ်မည်ကို ပျေားတောမိသည်ကတကြောင်း။ မိမိလုပ်ငန်းအောင်မြင်သည်ကို ပြလိုသည်ကဘဂုံ၊ ဤကဲ့သို့ အကြောင်းမျိုးစုံတို့ကြောင့် နောက်မဆုပ်ဘဲ၊ နောက်ဆုံးကိုယ့်ငွေကိုယ်ရှာ၊ ကိုယ့်အလုပ်ကိုယ်လုပ်ရသည့် အခြေအနေသို့ရောက်ရှိပြီး မခေလျော့သော ဇွဲလုံ့လနှင့် လုပ်ကိုင်နေဆဲမှာပင်၊ မြို့မကောင်စီတွင်။မျိုးချစ်စိတ်ရင့်သန်ပြီး၊ သူခဲကောင်းဗီသသော မြို့မကောင်စီ ဥက္ကဋ္ဌ ဦးစိန်တာကအဖွဲ့ဝင်လူကြီးများနှင့် တိုင်ပင်ပြီး၊ အများသဘောတူညီချက်အရ မတော်လှပ်သောစေတနာ ဗလဝနှင့် သက်ဆိုင်ရာဌာနဆိုင်ရာမှသုံးစွဲရန်အမိန့်ကိုပင်မစောင့်ဆိုင်းဘဲကြလာသော၊ တာဝန်ကို ကျုံးခံမည်ဟူသော သတ္တိထူးဖြင့် ကမ်းဆည်ရန်ငွေ-၆၀၀၀ိ။ ကို။ ရက်ရောစွာခွင့်ပြု ထုပ်ပေး နိုင်မှုကြောင့်၊ ဦးကြည်ထွန်းခေါင်းဆောင်သော၊ ကမ်းဆည်ရေးအဖွဲ့သည်။ ပင်လယ်တွင်းသင်္ဘောပျက်၍၊ ကမ်းမမြင်၊ လမ်းမမြင်ဘဲ၊ ဝိရိယအစွမ်းနှင့် လက်ပစ်ကူးနေချိန်တွင်၊ မေခလာနတ်သမီး ကယ်ယူလာသကဲ့သို့ ကမ်းဆည်မှု အခက်အခဲ ကြားမှငွေ၆၀၀၀ိထောက်ပန့်မှုရရှိ၍. ဆက်လက်လုပ်ကိုင်လာခဲ့ရာ၊ ပဥ္စမနှစ်၊ ကုန်သည့်အထိ၊ ဟသ်ာတမြို့ကမ်းပြိုဘေးမှ ရာခိုင်နှုန်း ၅၀-သက်သာ၍ လာခဲ့ပါသည်။

ဤသို့ မလျော့သော ဇွဲလုံ့လနှင့် ကမ်းဆည်ရေး လုပ်ငန်းကြီးကို။ယခင်သိန်းနှင့် ချီလုပ်၍။ မရလင့်ကစား မပြောပလောက်သော မြို့လူထု၏ ငွေကြေးအကူအညီဖြင့်။ အောင်မြင်အောင် လုပ်ဆောင်မည်ဟူသော၊ တကယ့်မြင့်မြတ်သည့် စေတနာကြောင့် ကမ်းဆည်ရေး လုပ်ငန်းကြီးမှာ တနေ့ထက်တနေ့ကမ်းပြိုသက်သာချိမှုမက ဦးပါမဲစေတီတော်ကြီးကို မည်သူမျှ ရလိမ့်မည်ဟု၊ မမျှော်လင့်သော စေတီတော်ကြီးပင်လျှင် ကမ်းထိပ်တွင်၊ ထီးထီးမတ်မတ်တည်ရှိနေသဖြင့်၊ ရှေ့ဆက်လက်လုပ်ကိုင်နိုင်ရေးကို ရှေ့ရှုလျက် ရငွေ-ကုန်ငွေအသေးစိတ်ရှင်းတမ်းတင်ပြရန်အချိန် ရောက်သည့်အားလျော်စွာ၊ဗဟိုရိမ်းသတ်ခမ်းမဆောင်တွင် လူထုရှင်းပွဲတရပ် ဘိတ်ခေါ် စီးဝေးခဲ့ပါသည်။

# ကမ်းဆည်ရေးအဖွဲ့
# လူထုရှင်းလင်းပွဲ၊ အစည်းအဝေး
# (ဒုတိယ)အကြိမ်။

၁၃၂၀-ခု။ ပြာသိုလ္ဆန်း(၃)ရက်။ (၁၁-၁-၅၉) တနင်္ဂနွေနေ့ နံနက်၊ (၈)နာရီအချိန်တွင်၊ ဗဟိုဒိုးသတ် ခမ်းမဆောင်၌။ အစည်းအဝေး ကျင်းပရာ၊ အောက်ပါလူကြီးများတက်ရောက်ကြပါသည်။

၁။ ဦးဘအောင်
၂။ ။ ဘထွန်း
၃။ ။ ဘကြိုင်
၄။ ။ ကြည်ထွန်း
၅။ ။ ကျော်လှ
၆။ ။ အေးချို
၇။ ။ မြ (ပင်စင်စား)
၈။ ။ ရွှေမောင်း
၉။ ။ ဘလတ်
၁၀။ ။ ဘသွား
၁၁။ ။ စိန်
၁၂။ ။ လှမောင်
၁၃။ ။ ရွှေ
၁၄။ ။ ထိုင်ဟုတ်
၁၅။ ။ အုန်းလှိုင်
၁၆။ ။ ပျိုကြီး
၁၇။ ။ ဆင့်
၁၈။ ။ ဘတွေ
၁၉။ ။ ဘကျော်
၂၀။ ။ လှမြင့်
၂၁။ ။ လှခင်
၂၂။ ။ လှကြည် (သွား)
၂၃။ ။ စံမြ
၂၄။ ။ စံအေး
၂၅။ ။ ခင်မြင့်
၂၆။ ဦးလှကြည် (လှည်းတန်း)
၂၇။ ။ ကိုကိုကြီး (မိုးရထား)
၂၈။ ။ ဆိုးအောင်
၂၉။ ။ ပန်း
၃၀။ ။ ကင်း
၃၁။ ။ အေးသွင်
၃၂။ ။ ငြိမ်းမောင်
၃၃။ ။ အောင်ထိန်း
၃၄။ ။ မောင်ကန်

၃၅။ ။ မောင်ခန့်
၃၆။ ။ မောင်ကြွင်
၃၇။ ။ ဘိုးဝင်
၃၈။ ။ မှုတ္တား
၃၉။ ။ ကြွက်
၄၀။ ။ ထွန်းမောင်
၄၁။ ကိုသောင်းထွန်း
၄၂။ ကိုလှစိန်
၄၃။ ကိုသန်းထွန်း
၄၄။ ကိုသောင်း
၄၅။ ကိုဝင်း
၄၆။ ကိုစို
၄၇။ ကိုလှထွန်း
၄၈။ ကိုအုန်းကျော်
၄၉။ ဒေါ်အေးစိန်

ပေါင်း ၄၉ယောက် တက်ရောက်ကြပါသည်။

အစည်းအဝေးကို နံနက် (၉) နာရီမှ စတင်၍ သဘာပတိ အဖြစ် ဦးဘအောင်အား တင်မြှောက်လျက် အခမ်းအနားမှူးအဖြစ် ဦးအေးချိုကဆောင်ရွက်ပါသည်။

အခမ်းအနားမှူးက (၂၈-၁၁-၅၈) နေ့၊ ဗဟိုရုံမိုးသတ်ခမ်းမဆောင်၌၊ ကျင်းပခဲ့သော အစည်းအဝေးမှတ်တမ်းကို ပြန်လည်ဘတ်ကြားရာ အများသဘောတူ အတည်ပြုပါသည်။

အခမ်းအနားမှူးက ကမ်းဆည်ရေးအဖွဲ့၏လုပ်ဆောင်မှုငွေဝင် ငွေထွက် စာရင်း ရှင်းတမ်းကို၊ အများနားလည်အောင် အသေးစိတ် ဘတ်ကြားရှင်းလင်း သွားရာ ပြင်ဆင်ချက်မရှိ အများသဘောတူ ဆုံးဖြတ်ကြပါသည်။

ဥက္ကဋ္ဌ ဦးကြည်တွန်းက ပြီးစီးခဲ့သော ကမ်းဆည်ရေး လုပ်ငန်းတွင်။ ရာခိုင်နှုန်း ၅၀ခန့်မျှ အောင်မြင်၍။ ငွေရေး ကြေးရေး မလုံလောက် မှုကြောင့်။ ခေတ္တရပ်ဆိုင်းထားရပါသည်။ နောက်လုပ်ငန်းတိုးချဲ့၍ ဦးပါရဲ ဆိပ်တွင်။ (စပါး)တန်း တတန်း။ ဗလီ ဆိပ်တွင် တတန်းနှင့်၊ ကန်ဈေးဆိပ်တွင်(စပါး) တဘန်း ပေါင်း (၃) တန်း ထပ်မံ ချပေး လုပ်ကိုင်နိုင်လျှင် ရာခိုင်နှုန်း ၈၀မျှအထိ။ အောင်မြင်မှုရှိမည်ဖြစ်ကြောင်းတင်ပြရှင်းလင်းသွားပါသည်။ ပြီးစီးခဲ့သော လုပ်ငန်းတွင်။ ရေကြောင်းမှသယ်ယူ၍ ဆောင်ပေးခဲ့သော။သမဝါယမ၊ မော်တော် ဥက္ကဋ္ဌ ဦးလှမောင်ကိုလည်း။ အသုံးအခမယူဘဲ၊စေတနာသက်သက်ဖြင့်



ဦးပါရဲစေတီတော်ကြီးအား၊ ၁၃၂၂ ခု၊ တွင်၊ ကမ်းပြိုတေးကြောင့် ချထားခဲ့ရသော ထီးတော်ကြီးကို ကမ်းဆည်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်ထွန်း နှင့် အတွင်းရေးမှူး ဦးကျော်လှတို့က စက်ခလုပ်ကို နှိပ်၍ ထီးတော်ကြီးကို၊ ၁၃၂၂-ခု၊ ဦးတံခွန်း လဆန်း ဂ-ရက်နေ့ နံက် အချိန်တွင် ပြန်လည်တင်ဆောင် နေကြပုံ၊

ဦးပါရဲ ကမ်းဆည်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်ထွန်း သည် ဧရာဝတီ ကိုယ် စ လည် မဂ္ဂတာ ဂီး (လ) ဘင် (၆) တို့ သည်၊ ဟင်္သာတမြို့ဘက် သို့ ထိုး ဝင် နေ သော သောင်စွယ်ကိုချိုးဖေါက် ရန်စီမန်နေကြစဉ်။





ဟင်္သာတမြို့ဘက်သို့ ထိုးဝင်နေသော သောင် စွယ်ကို လုပ်အားအကူ အညီကို ရယူ၍ ဖေါက် လုပ်ကြသည်၊

ရွက်ဆောင်ပေးသောကြောင့် အဖွဲ့ဆောင်များ ၏ ကိုယ်စား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိကြောင်းဖြင့်၊ မှတ်တမ်းတင်ထားရန် အကြံပေးရာ အများသဘောတူ ဆုံးဖြတ်ကြပါသည်။

အမှုဆောင်လူကြီး ဦးရွှေမောင်းက၊ ကမ်းဆည်ရေးလုပ်ဆောင်မှု စာရင်း ရှင်းတမ်းကို ပြန်လည်၍ လူထုနားရှင်းအောင် ရှင်းလင်းသွားပါသည်။

ဘဏ္ဍာရေး ဆပ်ကော်မတီအဖွဲ့လူကြီး ဦးမြက၊ ယခုကဲ့သို့၊ ဥက္ကဋ္ဌ၊ ဦးကြည်ထွန်းက စာရင်းအင်းနှင့် တကွ၊ လုပ်ဆောင်ခဲ့ပုံများကိုရှင်းပြသည်မှာ များစွာကြေနပ်ဖွယ်ရာဖြစ်ကြောင်း၊ လူထုကိုယ်စား အထူးကျေးဇူး တင်ရှိပါကြောင်း၊

ရှေ့လုပ်မည့် လုပ်ငန်းရပ်များကို ဆက်လက်လုပ်သင့်ကြောင်း၊စာရင်းတွင် ပေါ်ပြပါရှိသည့် ကြွေးတင်စာရင်း ၄၀၀၀ိ ခန့်ကို၊မြို့မကောင်စီမှရသည့်အခါ ပြေလည်စရာရှိကြောင်း၊ နောက်လုပ်မည့် လုပ်ငန်းအတွက်ဆက်လက်အလှူခံရန်နှင့်သတင်းစာအသီးသီးတွင်ပေါ် ပြပေးရန် အကြံဉာဏ်ပေးပါသည်။

ငွေထိမ်းလူကြီး ဦးကျော်လှက၊ ယခုအတွင်းရေးမှူး တင်ပြ ရှင်းလင်းသွားသော ကမ်းဆည်ရေး လုပ်ဆောင်မှု စာရင်းရှင်းတမ်းကို၊ လူထုကဝေဘန်ခြင်းမရှိဘဲ၊ ယုံကြည်စိတ်ချခြင်းဖြစ်သည်ကို ဝမ်းမြောက် ပါကြောင်း၊ ယခုလုပ်ကိုင်ထားသော လုပ်ငန်းများကို၊ မြို့၏အကျိုး လက်တွေ့ သက်သာသည်၊ မသက်သာသည်ကို၊ အများမျက်မြင်ဖြစ်ပါသည်ဟု ရှင်းလင်း ပြောပြ သွားပါသည်။

ဘဏ္ဍာရေးလူကြီး ဦးရွှေကယခင်ဖွဲ့စည်းထားသော ဘဏ္ဍာရေး ဆပ်ကော်မတီတွင် လူများပြားစွာ ရှိငြားသော်လည်း လုပ်ဆောင် အားပေးမှု နှင့်-ငွေကောက်ခံခြင်းတို့တွင် လူလေး-ငါးယောက်သာ အမြဲလိုလို ရှိနေသဖြင့်၊ ဘဏ္ဍာရေး ရံပုံငွေမှာ မပြည့်မတင်းကြောင်း၊ သို့ဖြစ်၍ ရပ်ကွက်တိုင်းမှ စိတ်အားထက်သန်သော ပုဂ္ဂိုလ်များအား ဖြည့်စွက်သင့်ကြောင်း၊အကြံပေးရာလက်ရှိ ဘဏ္ဍာရေး ဆပ်ကော်မတီမှပင် ရွေးကောက်၍ ရပ်ကွက်တွင် တာဝန်ယူဆောင်ရွက်သွားကြရန် အများသဘောတူ ဆုံးဖြတ်ကြပါသည်။

ဦးလှကြည်-(လှည်းတန်း) နှင့် ဦးခင်မြင့်(ရွှေဆိုင်တန်း)မှ။ အသီးသီး ကမ်းဆည်ရေးနှင့် ပတ်သက်၍၊ ဘဏ္ဍာရေးရရှိမှုကို နည်းအမျိုးမျိုး ပြောဆို တင်ပြသွားကြပါသည်။

သဘာဝပတိက နိဂုံးချုပ်အနေဖြင့်၊ ယခုကဲ့သို့ လူထုအစည်းအဝေးတွင် ကမ်းဆည်ရေး လုပ်ငန်းအတွက်၊ ပြီးစီးခဲ့သလောက် ငွေဝင်- ငွေထွက် စာရင်း ရှင်းတမ်းများကို၊ အသေးစိတ်ရှင်းလင်းတင်ပြသည်ကို လူထုအများက ကြေနပ်နားလည်မည်ဟု ယုံကြည်ပါကြောင်း။

လုပ်ငန်းတခုလုံးတွင် ဥက္ကဋ္ဌ ဦးကြည်ထွန်း ၏ စေတနာ ထက်သက်မှုကြောင့်၊ အများလူထုကလည်းဝိုင်းဝန်းကူညီလုပ်ကိုင်ကြသဖြင့်။ ယခုရက်အထိ ပြီးစီးခဲ့သည်ကို များစွာ ချီးကျူးပါကြောင်း၊ ရှေ့သို့လုပ်ကိုင်ရဦးမည့်လုပ်ငန်း များကိုလည်း ညီညီညွတ်ညွတ်နှင့် လူအား-ငွေအားဖြင့် ဆက်လက် ကြိုးပမ်း သွားပါက။ ဟင်္သာတမြို့ကြီးအား ကမ်းဘေးပြိုခြင်းမှ၊ ရပ်တန့်စေမည့်အပြင် လူထုအများစိတ်ချမ်းသာမည်ဖြစ်ကြောင်း။ မိမိကလည်းနေ့ရောညဥ့်ပါ ဟင်္သာ တမြို့ကြီးအား ကမ်းဘေးမှ ဝေးစေရန်၊ဆုမွန်များတောင်းလျက်မေတ္တာပို့သပါ သည်ဟု၊ မိန့်ခွန်းပြောကြားပြီး အစီးအဝေး ရုပ်သိမ်းကြပါသည်။

**(ဦးကြည်ထွန်း)** **ကမ်းဆည်ရေးအဖွဲ့** **(ဦးဘေးချို)**

ဥက္ကဋ္ဌ၊ ဟင်္သာတမြို့။ အတွင်းရေးမှူး။

ဤနောက် ၁၃၂၁-ခုနှစ်သို့ ရောက်သောအခါ၊ အလွန့်အလွန် စိုးရိမ် ကြောင့်ကြရသော ကမ်းဆည်ရေးကိစ္စများသည် ပြီးသင့်သလောက်ပြီးခဲ့ပြီးဖြစ် သဖြင့် မြို့ကိုလည်း အထက်ကုဏ္ဍိုရွာမှ ရေကာစပါးများ ရိုက်ကာမှ ကြောင့် ယခုအခါသောင်များ ဖုံးအုပ်ကာကွယ်ပေးနေသည်ကို မြင်သူမှ မညင်းပါယ် နိုင်တော့ချေ။ သို့ဖြစ်ပါသော်လည်း မြစ်ကမ်းနဖူးတွင် စံပါယ်နေသောဦးပါရဲ စေတီတော်မြတ်ကြီးမှာ ယခုအတိုင်းထားရှိပါက စိုးရိမ်မကင်း ရှိရမည်မှာမလွှဲ တော့ပေ။ သို့ကြောင့် ဦးပါရဲစေတီတော်မြတ်ကြီးအား အထက်မြို့တွင်တည်ရှိ နေသော မကွေးမြသလွန်စေတီတော်ကြီးကဲ့သို့ အောက်ချေမှစ၍ရွှေ့ကာ်သား

ကမ္ဘာ့ဘားများ တစတစ လုပ်ကိုင် ထားနိုင်ပါက ပိုမိုစိတ်ချရမည် ဖြစ်ပါသည်။ ထိုသို့ အကြံဉာဏ်ပေးသည်ကို ကြွရောက်လာကြသော လူထုကြီး တရပ်လုံးမှလည်း ထောက်ခံအားပေးမှုကြောင့်၊ ဦးပါရဲစေတီတော်ကြီးကျောက်တန်းဆည်ရေးတွင် လိုအပ်သောငွေများမှာ၊ ရငွေ-ကုန်ငွေတင်ပြပြီး ငွေထိမ်းထံတွင်ရှိသော ၇၅၀ဝိခန့်ကို၊ ဦးပါရဲစေတီတော် ကျောက်တန်း ဆည်ရန်၌ မတည်သုံးစွဲသွားမည်ဖြင်ပါသည်။

ဤကဲ့သို့ ကျောက်တန်းချရာတွင် ရှေးဦးစွာ ပန္နက်အဖြစ် သစ်တန်း (၂)ထပ်ကို ဘုရားပါတ်လည်၌ ကာရန်လိုအပ်ပါသဖြင့် ၎င်းသစ်တန်း အတွက်။ ဦးပါရဲဝေယျာဝစ္စအမှုဆောင် လူကြီးများနှင့် အခြားစေတနာရှင် လူကြီးများထံမှ သစ်တန်း (၂)ထပ်ကာရန် အတွက်၊ ၎င်းသစ်တန်းတွင်တိုင်ဘိုးငွေကို၊ လက်ကျန်ငွေထဲမှ မသုံးလိုဘဲ၊ ဝေယျာဝစ္စ အမှုဆောင် လူကြီးများက ပင်တတ်နိုင်သရွေ့ လှူဒါန်းကြပါက၊ လိုအပ်သောသစ်ကိုင်များပြည့်နိုင်စရာ အကြောင်းရှိပါသည်။

ဤကဲ့သို့ အကြံဉာဏ်ပေးသည်ကို အားလုံးကထောက်ခံပြောဆိုကြပြီးလျှင် သစ်တန်း (၂)ထပ်ကာရန်အတွက်သစ်ကိုင်ပေါင်း မည်မျှကုန်ကြမည်ကို ကြွရောက် လာကြသော လူကြီးများက မေးမြန်း ကြသည် တွင်။ ဥက္ကဋ္ဌ ဦးကြည်ထွန်းက သစ်တိုင်ကြီးပေါင်း (၁၀၀)ခန့်နှင့်။ သစ်တိုင် သေးပေါင်း- (၄၀၀)ကျော်ခန့် လိုအပ်ကြောင်း မိန့်ကြားပါသည်။ ထိုသို့ ဥက္ကဋ္ဌကြီးက မိန့်ကြားသောအခါ အမှုဆောင်လူကြီးတဦးဖြစ်သူဦးအုံးလှိုင်က၊ ၎င်းပျဉ်းကတိုးသစ်တိုင်တလုံး အဘိုးမည်မျှကြနိုင်ပါသလဲဟုမေးမြန်းရာ၊ ဦးကျော်လှကယခုကမ်းဆည်ရေးတွင် သစ်ကုန်သည်များ ဖြတ်ဆိုပေးသွင်းပြီး တိုင်များ၏ဈေးနှုန်းမှာ တလုံးလျှင် ၁၀ိ။ နှုန်းနှင့်။ ၂၀ိနှုန်းကြားမှာသာ ဖြစ်ပါသည်ဟုပြောဆိုရာတွင် ကြွရောက်လာကြသော အမှုဆောင်လူကြီးများက အသက်ပါ တိုင်များသည်၊ တိုင်ဘိုးနှင့် စိုက်ထူပြီးအထိ တလုံးလျှင် စရိမ်ငွေ ၂၅ိ။ ထားသင့်ကြောင်း စီးဝေးတိုင်ပင်ကြလျက်ပျဉ်းကတိုးသစ်တိုင်တလုံးလျှင် ၂၅ိနှင့်အများသဘောတူကြပြီးလျှင်။ ၎င်းသစ်တန်းတွင် စိုက်ထူရန် တိုင်ဘိုး အလှူခံရာ ဦးကျော်လှက တိုင်(၄)လုံးအတွက် အလှူငွေ ၁၀၀ိ။ထည့်ဝင်ပြီး။ အခြားအမှုဆောင် လူကြီးများကလည်း သစ်တိုင်တလုံးမှ ၅-လုံးအထိ၊ ထည့်ဝင် လှူဒါန်းကြပါသည်။

ကမ်းဆည်ရေးအတွင်းရေးမှူး ဦးကျော်လှသည်လုပ်သားပေါင်း(၃၀) ကျော်နှင့် နေ့စဉ်ရက်ဆက်မနားမနေကြိုးစားလုပ်ကိုင်ရပါသော်လည်း။လိုအပ်သော သစ်တိုင်လုံးများ ပြည့်စုံအောင် မရရှိသည့်အတွက်။ ဦးပါရဲစေတီတော်ကြီးအနီးရှိ။ ဦးမိုးဖန် ပြုပြင်စီမံထားသော၊ ဘုရားတံဆောင်းကြီးမှာ မီးလောင်ပျက်စီး၍။ ကျွင်းကျန်ရစ်သော ပျဉ်းကတိုးသစ်တိုင်များကိုပင် အတွင်းပန္နမြား ကျောင်းတိုက် တိုက်အုပ် ဘုန်းတော်ကြီး ဦးတိက္ခဝံ၏ခွင့်ပြုချက်အရ၊ ၎င်းပျဉ်းကတိုး တိုင်များနှင့်ပင် ဘုရားပါတ်လည်တွင် ဇရပ်ဝဘိတိုင်း လျှပ်စစ်အင်ဂျင်နီယာ၊ဦးကြည့်ထွန်း၏ စီစဉ်ရေးဆွဲသော ပုံစံအတိုင်း။ သစ်တိုင်လုံးကြီးများကို တတိုင်နှင့် တတိုင် (၆)ပေ ခွာ၍ စိုက်ထူပြီး မျော့တိုင်ကြီးများ နှင့် ခိုင်ခန့်အောင် မူလီစွဲ၍၊ ရှေ့နှင့်နောက် (၄)ပေခြားလျှက် သစ်တန်း(၂)တန်းစိုက်ပြီး လျှင်၊ ပဋ္ဌမ ပျဉ်းကတိုးတိုင်ကြီးများ တလုံးနှင့် တလုံး (၆)ပေ ခွာထားသည့်အကြားတွင်။ သစ်မာမြောတိုင်များကို တလုံးနှင့်တလုံး(၆)လက်မခွာ၍၊သင်တိုင် မြောပေါင်း(၄၀၀)ကျော်ကိုသစ်တန်းကြီး(၂)တန်းတွင်။၅ လက်မ ဆောက်သံကြီးများနှင့် တချို့။ မူလီကြီး များနှင့် တသွယ်။ပြုလုပ်ရပါသည်။

၎င်းသစ်တိုင် (၂)ထပ်လုပ်ငန်းကြီးပြီးသည်နှင့် တမြှင်နက်၊ မုတ်ပင်္လုင် ကျောက်ကြီးများကို၊ ၎င်းသစ်တန်း (၂)ခု၏ ခြားတွင်၊ အမြင့် (၇)ပေ အထိ ရှောကြီး(၃)ခုကို ပြုလုပ်ပြီးလျှင်။ ဦးပါရဲဘုရား ယင်ပြင်တော်ပေါ်မှ နေ၍ ကျောက်တုံးကြီးများကို။ တတုံးလျှင် ၂၅-ပြားမှ၊ ၁။ တန်အထိ၎င်း။ ၁၀ ပေ ပါတ်လည်ကျောက်တကျင်းကို။ ၇၀။ကျပ်နှင့်၎င်း။ ကျောက်ကျင်း ဝက်ကို ၃၅၀ ကျပ်နှင့်၎င်း။ ကျောက်ကျင်းတစိတ်ကို။ ၂၀ နှင့်၎င်း။ အသီးသီးအလှူခံ၍ ချပေးလုပ်ကိုင်ခဲ့ပါသည်။

ဤကဲ့သို့ ဦးပါရဲစေတီတော်ကြီး အတွက် မပြိုမပျက်တည်နိုင်အောင်ကြိုးစားလုပ်ကိုင်နေခဲစေကာမူ။ ဦးပါရဲ ဝေယျာဝစ္စအမှုဆောင်လူကြီး တချို့ထဲမှ ပင် ပရိတ်သတ်အလယ်တွင်လှူဒါန်းပါမည်ဟု ဂတိပေးလှူဒါန်းကြသော်လည်း နောက်ပိုင်းတွင် အကြောင်းမညီညွတ်၍၊ မလှူနိုင်ကြသည့်ကို စောင့်ဆိုင်းလုပ်ကိုင်ရန် မဖြစ်နိုင်သည့်အတွက်၊ အတွင်းရေးမှူး ဦးကျော်လှမှာ၊ မိမိ၏စီးပွားရေးကို လစ်လျူရှုပြီးလျှင် ဘုရားကြီး၏ ကမ်းဆည်ရေး လုပ်ငန်းများနှင့်ပင်၊ အချိန်ကုန်လုပ်ကိုင်ရသည့်အပြင်၊ ငွေကြေးမလုံလောက်မှုကြောင့် မိမိကိုယ်တိုင်ကပင်။ ၂၀၀ဝ်ကျော် ၃၀၀၀ နီးပါးမျှ၊ စိုက်ထုပ် လုပ်ကိုင်ရသည့်အခြေသို့ဆိုက်

ရောက်နေဆဲမှာ၊ မိုးသတ် ညွှန်ကြားရေးဝန်ဟောင်း၊ ဦးကံကြီးက ငွေ(၅၀၀) စိုက်ထုပ်ပေး၍သာ။ ရှေ့ဆက်လက်လုပ်ကိုင်နိုင်ခဲ့ပါကြောင်း။

၌သို့ကမ်းဆည်ရေး လုပ်ကိုင်ရာတွင် ငွေထိမ်းလူကြီး ဦးကျော်လှမှာ၊ အတွင်းရေးမှူး လုပ်ရမည့် တာဝန်ကို ဝင်ရောက် လုပ်ကိုင်ရသဖြင့် လုပ်ငန်းနှင့် ရာထူး ကိုက်ညီအောင် အစီးအဝေးတရပ် ဘိတ်ခေါ်ပြီး လူထုရှင်းလင်းပွဲ အစီးအဝေးဘခုပ်ကို၁၃၂၁တော်သလင်းလပြည့်ကျော်၁၀ ရက်၊ ၂၆-၉-၅၉ နေ့တွင် ဦးပါရဲ အာရုံခံ တံဆောင်းအတွင်း လူထုရှင်းလင်းပွဲ တရပ် ကျင်းပပါကြောင်း။

## ကမ်းဆည်ရေးကော်မီ၏

# လူထုရှင်းလင်းပွဲ☆အစည်းအဝေး။

၁၃၂၁ ခု။ တော်သလင်းလပြည့်ကျော် ၁၀-ရက်။ (၂၆-၉-၅၉) စနေနေ့ နေ့လည် ၁-ချက်တီး အချိန်တွင် ပြည့်လုံးကပ်ကျော် ဦးပါရဲဘုရား အာရုံခံတန်ဆောင်းကြီး အတွင်း၌ မြို့ပေါ်ရှိ လူကြီးများအား ကမ်းဆည်ရေး ကိုရှင်းလင်းပွဲပြုလုပ်ကျင်းပရာ အောက်ပါလူကြီးမင်းများ တက်ရောက် ကြပါသည်။

| | |
|---|---|
| ၁။ ဦးဘအောင် | ၈။ ဦးဘသွား |
| ၂။ ။ ဘထွန်း | ၉။ ။ ဘိုးလှ |
| ၃။ ။ ကြည့်ထွန်း | ၁၀။ ။ ဆက် |
| ၄။ ဗိုလ်ကြီးတင်ထွေး | ၁၁။ ။ ဒိန် |
| ၅။ ဦးကျော်လှ | ၁၂။ ။ မြ (ပင်စင်စား) |
| ၆။ ။ အေးညို | ၁၃။ ။ ဖွါ |
| ၇။ ။ ရွှေမောင်း | ၁၄။ ။ ဘလတ် |

၁၅။ ဦးပု(ပဲလှော်မို)
၁၆။ ။ ဘိုးအောင်
၁၇။ ။ ဘကလေး
၁၈။ ။ ဘိုးဆိတ်
၁၉။ ။ အုန်းသှိုင်
၂၀။ ။ ထွန်းတင်
၂၁။ ။ မောင်တင်
၂၂။ ။ ဘခိုင်
၂၃။ ။ ကြင်ထွန်း
၂၄။ ဦးစိုးမောင်
၂၅။ ။ အုန်းပွင့်
၂၆။ ။ ကင်း
၂၇။ ။ မြမောင်
၂၈။ ။ မြင့်
၂၉။ ။ သန်းတင်
၃၀။ ။ လှတင်
၃၁။ ကိုမြင့်သိန်း

## ☆ အမျိုးသမီးများ ☆

၃၂။ ဒေါ်ဒေါ်မြ(လမ်းမတော်)
၃၃။ ဒေါ်သန်းရင်
၃၄။ ဒေါ်အေးရှင်
၃၅။ မကြည်ကြည်ခင်
တို့ဖြစ်ကြပါသည်။

အစည်းအဝေးတွင် သဘာပတိ၊ ဥက္ကဋ္ဌ၊ ဦးကြည်ထွန်းကိုတင်မြှောက်၍၊ အခမ်းအနားမှူးအဖြစ် ဦးအေးချို က ဆောင်ရွက်ပါသည်။

အခမ်းအနားမှူးက အစည်းအဝေး ဘိတ်ခေါ်ရခြင်း၏ အကြောင်းရင်းနှင့်- အစီအစဉ်ကို ဘတ်ကြားပါသည်။

ထိုနောက် သဘာပတိက မိန့်ခွန်းပြောကြားရာတွင်၊ မိမိသည် လူကြီးမင်းများသိရှိကြသည့်အတိုင်း ဦးပါ၍ ဘုရားကြီးကို ကမ်းနှင့် ရေဘေးမှ မခိုင်ရန် ကယ်တင်ခြင်းသောအားဖြင့် မြို့လူထုနှင့် လူအင်အား၊ ငွေအင်အားဖြင့်၊ စုဆောင်း၍ ရသမျှနှင့် လုပ်ကိုင် ကြိုးပန်းလာခဲ့ကြရာ မျက်မြင်ကိုယ်တွေ့ သိသိသာသာကြီး သက်သာလာကြောင်း၊ တွေ့မြင်ကြရပါသည်။ ရှေ့တစထက်တစ တိုးတက်လုပ်ကိုင်ရန် ငွေအင်အား မပြည့်စုံသည်ကတကြောင်း၊ မိုးတွင်းအခါကာလလျော်ညီစွာ၊ မလုပ်ကိုင်နိုင်၍၊ ခေတ္တ ရပ်ထားရသည် ဖြစ်ကြောင်း မိန့်ကြားပါသည်။

အခမ်းအနားမှူးက အစမှ အဆုံးရငွေ-သုံးငွေများကို စာပုံနှိပ် စက်မှ

ရှင်းတမ်းနှင့်တကွ။ တပိုဒ်စီ တပိုဒ်စီလူကြီးမင်းများရှေ့တွင် ဘတ်ကြားအစီရင်ခံရာ ပြင်ဆင်ချက်မရှိဘဲ။ အများသဘောတူ အတည်ပြုကြပါသည်။

ထိုနောက် ကြွရောက်လာကြသော လူကြီးများမှ တပ်မတော် တပ်ရင်း (၇)မှ ဗိုလ်ကြီးတင်ထွေး ကမိန့်ခွန်းစကားပြောကြားရာ၌။ မိမိသည်။ ဗိုလ်မှူးရဲခေါင်ကိုယ်စား လာရောက်ရပါသည်။ မိမိသည်၊ ယခုလို သဘာပတိက ကမ်းဆည်သည့် ကိစ္စအဝဝကို စလယ်ဆုံး ပြောကြားရာတွင်။ မိမိသည် သဘောသက်ဝင်၍ စိတ်တူ ကိုယ်ပါ အားတက်သရေဖြစ်မိပါကြောင်း။ မိမိသည် တတ်နိုင်သည့်ဘက်မှ အဖွဲ့ဖြင့်ဖြစ်စေ။ ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြီးခဲ့သည့်တချိန်ကလည်း ခေါင်းဆေးကျွန်းဘက်တွင် မိမိရဲဘော် အဖွဲ့များဖြင့်-အကူအညီပေးခဲ့ရသည်များကို တင်ပြမိန့်ကြားပါသည်။

ထို့နောက်ငွေထိမ်းလူကြီးဦးကျော်လှကမိမိသည်ယခု ကမ်းဆည်သည့် ကိစ္စတွင် မိမိကိုယ်ကျိုးမပါဘဲ ကုသိုလ်ရေးနှင့် စေတနာသက်သက်ဖြင့်၊ နေ့ရောညဉ့်ပါ အားသွန်ကြိုးစားလုပ်ကိုင်လာခဲ့သည့် အစီအစဉ်များကို၊ အသေးစိတ် လူကြီးများနားလည်အောင်၊ ရှင်းလင်းပြောကြားသွားပါသည်။

အမှုဆောင်လူကြီး ဦးရွှေမောင်းကလည်း ထပ်လောင်း ဖြည့်စွက်၍၊ ကမ်းဆည်သည့် ကိစ္စအရပ်ရပ်များကို ရှင်းလင်းပြောကြားပါသည်။

လူကြီးများထဲမှအကြံပေး ဉာဏ်ပေးရန် ပြောဆိုခွင့်ပြုသည်ကို၊အာမခံကိုယ်စားလည် ဦးဆက်က ဦးပါရဲဘုရားကြီးမှာ ကမ်းပြိုခြင်းဘေးမှ စိတ်မချရသေးပါ၍ ရှေ့ဆက်လက် လုပ်ကိုင်သင့် ပါကြောင်း အကြံဉာဏ် ပေးပါသည်။

ငွေထိမ်းလူကြီး၊ ဦးကျော်လှက ဦးဆက်အကြံဉာဏ်ပေးသကဲ့သို့။ မိမိကလည်း ၎င်းကမ်းဆည်သည့် လုပ်ငန်းကြီးကို ရှေ့ဆက်လက် ကျယ်ကျယ်ပြန့်ပြန့်အမှုဆောင်များ အသစ်ထပ်လောင်းရွေးချယ်၍ လုပ်ကိုင်သင့်ကြောင်း အဆိုတင်သွင်းသည်ကို ဦးအုန်းလှိုင်နှင့် ဦးမောင်ဆင့်(တယော)တို့က ထောက်ခံကြသဖြင့်၊ အများသဘောတူ ဆုံးဖြတ်ကြပါသည်။

ရှေ့ဆက်လက်၍ ကျယ်ပြန့်စွာ လုပ်ကိုင်ကြရန် အောက်ပါအမှုဆောင်များကို၊ ရွေးချယ်လိုက်ပါသည်။

## ☆ အမှုဆောင်သစ်များမှာ။ ☆

| | | | |
|---|---|---|---|
| ၁။ | ဦးဆက် | အာမခံကိုယ်စားလှည် | ဦးအောင်လှလမ်း။ |
| ၂။ | ။ အုံးပွင့် | ဆန်စက်ပိုင် | ၎င်း။ |
| ၃။ | ။ ထွန်းတင် | ၎င်း | ဦးရွှေဒွေးလမ်း။ |
| ၄။ | ။ စိန် | ကုန်သည် | ၎င်း။ |
| ၅။ | ။ မြင့် | ကံထရိုက်တာ | ၎င်း။ |
| ၆။ | ။ ဘိုးအောင် | သစ်ကုန်သည် | ကန်းနားတန်း။ |
| ၇။ | ။ ထွန်းစိန် | ဓာမဏီ ပွဲရုံ | ဗိုလ်ချုပ်လမ်း |
| ၈။ | ။ ကြင်ထွန်း | ရွှေကုန်သည် | ၎င်း။ |
| ၉။ | ။ ဘသွား | ၎င်း | မြစ်ကွေ့ကျောင်းလမ်း |
| ၁၀။ | ။ ထွန်းတင် | ရွှေပြည်ဇေ | ဗိုလ်ချုပ်လမ်း |
| ၁၁။ | ဒေါ်သန်းရင် | ကုန်သည် | ဦးပါရဲ တာကြီးတန်း |

တို့ဖြစ်ကြပါသည်။

အလုပ်အမှုဆောင်များအား အမှုဆောင်များကြိုက် ရွေးသင့်။ ဥက္ကဋ္ဌ-သဘောကြိုက် ရွေးသင့်။ ၂ မျိုး စဉ်းစားကြရာ။ ဥက္ကဋ္ဌ သဘော ကြိုက်ရွေးသင့်ကြောင်း အများသဘောတူ ဆုံးဖြတ်ကြရာ ဥက္ကဋ္ဌ သဘောကြိုက်အောက်ပါအတိုင်း ဖြစ်ပါကြောင်း။

| | |
|---|---|
| ဥက္ကဋ္ဌ။ | ဦးကြည်ထွန်း။ |
| (ဒု) ဥက္ကဋ္ဌ။ | ဗိုလ်ကြီးတင်ထွေး |
| အတွင်းရေးမှူး။ | ဦးကျော်လှ။ |
| တွဲဘက်အတွင်းရေးမှူး | ဦးအေးချို။ |
| ငွေထိန်းလူကြီး | ဦးစောလွင် နှင့်-ဦးရွှေ။ |
| စာရင်းစစ် | ဦးအေးမောင်ငွေတိုက်စာရင်းကိုင်ချုပ် |

တို့ဖြစ်ကြပါသည်။



ဟသ်ာတမြို့၊ လက်သမားရပ်-ဦးပါရဲစေတီအနီး တာကြီးတန်းနေ၊ သစ်တောဝန်ထောက်မင်းဘုရားဒါယကာကြီးဦးဘိုးပြား၏သို့ ၁၉၅၉ ခု-နှစ်နိုင်ငံတော် အစိုးရအောင်ပါလေသိန်းဆုကို၊ ဆွတ်ခူးခဲ့သော ဘုရားအမ-ဒေါ်သန်းရင်မှာ ဦးပါရဲ စေတီတော်-ကမ်းဆည်ရေးအတွက် မပြိုမပျက်ရအောင် လုပ်ကိုင်နိုင်ရေးတွင်-

ငွေ-၅၀၀၀ိ၊ မတည်လှူဒါန်းခဲ့သော၊

ဘုရားအမ—သိန်းဆုရှင်

**ဒေါ်သန်းရင် ၏ ပုံ**



ဤကဲ့သို့ ကမ်းဆည် ကြ ရာ တွင် ကိုင်းထုတ် များကို၊ လှေ ကြီး များ ပေါ် တွင်တင်ဆောင်ပြီး ရေ နက် ထဲ သို့ သဲအိပ်များနှင့် တွဲ၍ချရန်ချီနှောင်နေပုံ၊

ဤကမ်းဆည်ရေးစာအုပ်ဖြစ်မြောက်-အောင်မြင်နိုင်ရေး တွင် လုပ်ငန်း အနည်းနိုင်ဆုံးနှင့် စေတနာအပြေ့ယုပ်ကိုင် ဆောင်ရွက် ပေးခဲ့သော

ဟသ်ာတမြို့-ဗိုလ်ချုပ်လမ်း

ရွှေပြည်ဧ—စာပုံနှိပ်တိုက်ပိုင်ရှင်၊

**ဦးထွန်းတင်-ပုံ၊**

★





ဦးပါရဲစေတီတော်ကြီးနှင့်-ဟသ်ာတမြို့သူ မြို့သားများအား ကမ်းပြို ဘေးမှကာကွယ်ရန် ဤ ကဲ့သို့၊ ဂုံနီအိပ်များ ထဲတွင်၊ သဲထည့်၍- ဒလက် များ-နှင့်ချိနှောင်၍ ကမ်း ဆယ် ရန်ချိနှောင်၍ ကမ်း ဆည် ရန်ဒိစဉ်နေပုံ၊

(ဒ) ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခံရသော ဗိုလ်ကြီး တင်ထွေးက၊ မိန့်ကြားသည်မှာ ယခုလို ဥက္ကဋ္ဌက မိမိအား တွဲဘက်အနေဖြင့် ဒိုးတူဘောင်ဘက် လုပ်ကိုင်ကူညီစေလိုကြောင်း၊ ရွေးချယ်သည်ကို ဝမ်းမြောက် ပါကြောင်း၊ မိမိသည် မိမိရဲဘော်အဖွဲ့များဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီတော့မည် ဖြစ်ကြောင်း၊ လူကြီးများအား ဂတိပေးပါသည်ဟု မိန့်ကြားရာ ဦးပါရဲဘုရားကြီး ဥက္ကဋ္ဌ ဦးဘအောင်က မှတ်တမ်းတင်ထားစေလိုကြောင်း ပြောဆိုသည်ကို အများသဘောတူ ထောက်ခံကြပါသည်။

ထိုနောက် နိဂုံးချုပ်အနေဖြင့် သဘာပတိက ယခုလို၊ (ဒ)ဥက္ကဋ္ဌ က၊ ကတိပေးပြောကြားသည်ကို လူကြီးများနှင့်တကွ အမှုဆောင် လူကြီးများ ကိုယ်စား ဝမ်းမြောက်ပါ၍ ချီးကျူးကြောင်း မှတ်တမ်း တင်ထား ပါမည်ဖြစ်ကြောင်း၊ ပြီးစီးခဲ့သော ကမ်းဆည်ရေး လုပ်ငန်းကြီးတွင် ကူညီ ဆောင်ရွက်ကြသော လူထုအပေါင်းအား အဖွဲ့ကိုယ်စား ကျေးဇူးတင်ရှိကြောင်းအထူးသဖြင့် ရေထဲတွင် လုပ်ကိုင်ရပါ၍၊ အစိုးရဘက်မှ ကူညီသော ရေယာဉ်များ နှင့်တကွ သမဝါယမ ကူးတို့ မော်တော် ဥက္ကဋ္ဌ ဦးလှမောင် တို့အား အသီးသီး ကျေးဇူးအထူးတင်ရှိကြောင်း နှင့်- မှတ်တမ်းတင်ထားမည်ဖြစ်ပါကြောင်းဖြင့်၊ နောက်ဆုံး မိန့်ကြားသွားပြီး အစည်းအဝေးကိုညနေ (၃)နာရီအချိန်၊ရုပ်သိမ်း သွားပါသည်။

**ကြည်ထွန်း။**
ဥက္ကဋ္ဌ။

**အေးချို။**
အတွင်းရေးမှူး။

၁၃၂၀-ခု၊ နတ်တော်လဆုတ် ၆-ရက်။ (၂၀-၁၂-၅၈) တနင်္ဂနွေနေ့၊ နေ့လည် (၁) နာရီအချိန်တွင်၊ ပြည်လုံးကပ်ကျော်ဦးပါရဲအာရုံခံတံဆောင်း၌ ကမ်းဆည်ရေး အဖွဲ့နှင့် ဘုရားကြီး ဝေယျာဝစ္စအဖွဲ့လူကြီးများ အစည်းအဝေး ကျင်းပရာ အောက်ပါအတိုင်း တက်ရောက်ကြပါသည်။

၁။ ဦးဘအောင်
၂။ ဦးကြည်ထွန်း
၃။ ။ ကျော်လှ
၄။ ။ အေးချို

၅။ ဦးဘိုးအုန်း
၆။ ။ ဘကြွင်
၇။ ။ ဘကလေး
၈။ ။ ဘခိုင်
၉။ ။ ဘသွား
၁၀။ ။ ဘလတ်
၁၁။ ။ ဘိုးဆိတ်
၁၂။ ။ အေးမောင် ငွေတိုက်
၁၃။ ။ အေးမောင် ချေးခေါင်း
၁၄။ ။ အောင်သန်း
၁၅။ ။ အောင်ခ
၁၆။ ။ အုန်းကျော်
၁၇။ ။ ကံအေး
၁၈။ ။ မောင်ငွေ
၁၉။ ။ မောင်ကွန်း
၂၀။ ။ မောင်ဆင့်
၂၁။ ။ ဘထွန်း
၂၂။ ။ လှမြင့်
၂၃။ ။ လှခင်
၂၄။ ။ လှမောင်
၂၅။ ။ ဘကျော်
၂၆။ ။ ဘိုးအောင်
၂၇။ ။ စံမြင့်
၂၈။ ။ စံအေး
၂၉။ ။ ဦးသန်းရွှေ
၃၀။ ။ ငွေအောင်
၃၁။ ။ အုန်းလှိုင်
၃၂။ ။ အဖိုး
၃၃။ ။ ကေမွန်းရင်
၃၄။ ။ ကံကြီး
၃၅။ ။ မြမောင် လဘက်ခြောက်
၃၆။ ။ ထွန်းတင် ရွှေပြည်ဧ
၃၇။ ။ ကျော်မြင့်
၃၈။ ။ တင်အေး
၃၉။ ။ ကြွင်ထွန်း
၄၀။ ။ ကြွက်
၄၁။ ။ ဆက်
၄၂။ ။ စိန်
၄၃။ ။ ညိမ်းမောင်
၄၄။ ။ သန်းတင်
၄၅။ ။ ရွှေမောင်း

အစည်းအဝေးတွင် သဘာပတိ ဦးကြည်ထွန်း အား တင်မြှောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်လှက ဆောင်ရွက်ပါသည်။

အစည်းအဝေး စတင်၍ သဘာပတိက ယခုနှစ်ကမ်းပြိုခြင်းသည်၊ ယမန်နှစ်ထက် သက်သာလာ၍၊ ကမ်းဆည်ရေး လုပ်ငန်းကြီးမှာ ၇၅- ရာခိုင်နှုန်း အောင်မြင်လာကြောင်း တွေ့ရှိပါသည်။ ယခုအစည်းအဝေး ခေါ်ဆိုရခြင်းမှာ အဓိက ဘုရားကြီးကို ကယ်တင်လိုသော ဆန္ဒရှိသဖြင့် ရေနက်တွင်၊ ပျဉ်းကတိုး သစ်တိုင်များစိုက်ထူဝန်းခံပြီးတဖြည်းဖြည်းမကွေးမြေသလွှန်ဘုရား ကျော်တန်း

လုပ်သကဲ့သို့ လုပ်ဆောင်သွားမည်ဖြစ်၍ တက်ရောက်ကြသော ကမ်းဆည်ရေး အဖွဲ့နှင့် ဘုရားဝေယျာဝစ္စလူကြီးများက၊ မတည်လုပ်ကိုင်ကြရန် နှိုးဆော်သည် ဖြစ်ကြောင်းတင်ပြပါသည်။

အခမ်းအနားမှူးက၊ လွန်ခဲ့သော စည်းဝေးချက် မှတ်တမ်းကိုဘတ်ကြား ပြီး ယခုနှစ် ကမ်းဆည်ရေး လုပ်ငန်းကို၊ လုပ်ငန်းစသည့် ၁၃၂၀-ခု၊တံဆောင် မုန်းလွှန်း ၁၀ ရက်နေ့မှပြီးဆုံးထားသည်အထိ၊ ရက်ပေါင်း (၄၁) အတွင်း၊ ဝင်ငွေ—ထွက်ငွေမှာ သိန်းဆုရှင် ဒေါ်သန်းရင်ထံမှ မတည်လှူငွေ ၅၀၀ိ၊နှင့် မြို့မကောင်စီမှ ဘဏ္ဍာရေး ဆပ်ကော်မတီစုဆောင်းရထားငွေ ၁၄၀၀ိ ကျော် နှင့် စုပေါင်း၍ဝင်ငွေ၁၉၀၀ိကျော်ဖြစ်ရာထွက်ငွေပေါင်းမှာ၁၀၅၀ိခန့်ဖြစ်သ ဖြင့် လက်ကျန်ငွေ ၈၅၀ိ ခန့် ငွေထိန်းထံတွင်ရှိကြောင်း၊ ၎င်းငွေ နှင့် ဦးပါချဲ ဘုရားကြီးအား ကျောက်တန်းဆည်ရန်မတည်သုံးသွားမည်ဖြစ်ကြောင်းအသေး စိတ် ရှင်းလင်းသွားပါသည်။ ၎င်းကိစ္စကို ယခုမှစ၍ စီမံသွားလျှင် ကောင်းမည် ဖြစ်ကြောင်းဖြင့် အကြံဉာဏ်ပေးရာ။ ဦးအုန်းလှိုင်က ဉက္ကဋ္ဌ သဘောအရ၊ စတင် လုပ်ကိုင်မည့်နေ့ရက်ကို သတ်မှတ်၍ လုပ်ကိုင်သင့်ကြောင်း အဆိုတရပ်တင်၍ ငွေတိုက် ဦးအေးမောင်က၊ ထောက်ခံပြောဆိုသွားပါသည်။

၎င်းနောက် ဉက္ကဋ္ဌ က လုပ်ကိုင်ရန် ရထားချက်အရ၊ ဦးပါချဲဘုရားဆိပ် ကမ်းတွင်၊ စိုက်ထူရန်လိုအပ်သော ပျဉ်းကတိုးသစ်တိုင်လုံးရေ ၁၀၀-ကျော်တို့ အတွက် တွေရောက်ကြသော လူကြီးများက သဘောတူကြ၍ မိမိတို့ကိုယ်တိုင် တတ်အားသမျှ ဂတိပေးလှူဒါန်းကြ၍ (၇ ရက်အတွင်း တိုင်ဘိုးငွေများ ပေး အပ်ကြရန်သဘောတူဆုံးဖြတ်ကြပါသည်။

## ဘုရားကြီးကျောက်တန်းချရေးကိစ္စ။

အခမ်းအနားမှူးက ယခုနောက်ဆုံး လုပ်ဆောင်ရမည့် လုပ်ငန်းသည်၊ အရေးအကြီးဆုံး ဘုရားကြီးအား ကျောက်တန်းချရမည်ဖြစ်၍၊ ၎င်းလုပ်ငန်းအ တွက်၊ ဘုရားဝေယျာဝစ္စ လူကြီးများကပါ၊ ကူညီဆောင်ရွက်သွားမှသာ မြန် မြန်ပြီးစီးအောင်မြင်မည်ဖြစ်ကြောင်း၊ ၎င်းနောက် ယခင်ဘုရား ဝေယျာဝစ္စလူ ကြီးများအဖွဲ့မှလည်း ကွယ်လွန်သူများ နှင့် ရွှေ့ပြောင်း သူများလည်း ရှိပါ၍၊ ၎င်းတို့အစား ဖြည့်စွက်တင်မြှောက်၍ဝေယျာဝစ္စအဖွဲ့သစ်ဖွဲ့စည်းသင့်ကြောင်း

ဖြင့်၊ အဆိုတင်ရာ အများသဘောတူ ဆုံးဖြတ်ပြီး အောက်ပါအတိုင်း အလုပ်အမှုဆောင်လူကြီးများနှင့် ဝေယျာဝစ္စအဖွဲ့လူကြီးများတင်မြှောက်ကြပါသည်။

## နာယက လူကြီးများ၊

ဦးမြ။ ငါးမောင်ငွေ။ ဦးဘိုးအုန်း။ ဦးဘထွန်း။ ဦးဘလတ်။ ဦးဘကျင်။ နှင့် ဦးငွေအောင် တို့ဖြစ်ကြောင်း။

## အမှုဆောင်လူကြီးများ။

| | | အဆို | ထောက်ခံ။ |
|---|---|---|---|
| ဥက္ကဋ္ဌ။ | ဦးဘအောင်။ | ဦးအုန်းလှိုင်။ | ဦးကြည်ထွန်း။ |
| ဒု-ဥက္ကဋ္ဌ။ | ဦးကြည်ထွန်း | ဦးဆက် | ဦးအုန်းကျော် |
| အတွင်းရေးမှူး | ဦးအေးမောင်။ | ဦးအုန်းလှိုင် | ဦးကြည်ထွန်း |
| ဒု- ၎င်း။ | ဦးအေးချို | ဦးထွန်းတင် | ၎င်း |
| ငွေထိန်း | ဦးအောင်သန်း | ဦးအေးမောင် | ဦးဘခိုင် |
| စာရင်းစစ် | ဦးကံကြီး | ဦးကြည်ထွန်း | ဦးစိန်။ |

## ဝေယျာဝစ္စလူကြီးများ။

| | | | |
|---|---|---|---|
| ၁။ ဦးအုန်းပွင့် | ဆန်စက်ပိုင်။ | ၁၀။ ဦးမောင်ကွန်း | ပွဲစာ |
| ၂။ ။ သန်း | ၎င်း။ | ၁၁။ ။ မြတင် | ၎င်း။ |
| ၃၊ ။ ထွန်းတင် | ၎င်း။ | ၁၂။ ။ ရွှေမြ | ၎င်း။ |
| ၄။ ။ ဘဘွား | ရွှေဆိုင်။ | ၁၃။ ။ ဘကျော် | ၎င်း။ |
| ၅။ ။ ကျော်မြင့် | ၎င်း | ၁၄။ ။ စံမြင့် | ၎င်း။ |
| ၆။ ။ အောင်ခ | ၎င်း။ | ၁၅။ ။ ထွန်းစိန် | ၎င်း- |
| ၇။ ။ ညိမ်းမောင် | ၎င်း။ | ၁၆။ ။ ထွန်းရှိန် | ကုန်သည်။ |
| ၈။ ။ ဘတင့် | ပွဲစား | ၁၇။ ။ သန်းရွှေ | ၎င်း။ |
| ၉။ ။ ဘခိုင် | ပွဲစား | ၁၈။ ။ စံအေး | ၎င်း။ |



ဟသ်ာတမြို့- အောက်ရွာကလေး၌တွင် နေထိုင်လျက် သာသနာရေး-ဘာသာရေး၌တွင် အမျိုးသားစိတ်ဓါတ် ရင့်သန်ပြီး ဖြစ်သော အဘ…… ဦးသာယာ-အမိ ဒေါ်ရွှေဆင် တို့၏သား၊ မြို့လူထုကြီးအကြိုးသည်ပိုးရွက်ဆောင်လိုသည့်အလျှောက် ဟသ်ာတ ကူးတို့ သမဝါယမ ဥက္ကဋ္ဌအဖြစ် လုပ်ကိုင်နေစဉ် ဦးပါစောဘီတော်ကြီး နှင့် မြို့နေ လူထုတရပ်လုံး ချမ်းသာမှု့ကို ရှေ့ရှု့လုပ်ကိုင်နေသော ဦးပါရဲ-ကမ်းဆည်ရေးအဖွဲ့ကြီးသို့ အချိန်ပြေ့ကူညီမှု့ဆောင်ပေးခဲ့သော ကူးတို့ သမဝါယမ….

ဥက္ကဋ္ဌ-ဦးလှမောင် ၏ ပုံ။



ဟသ်ာတမြို့- လက်သမားရပ် အတွင်း၌၊
ဦးပါခဲ့ စေ့တော် ကြီးသည် အရံ စော်ပေ
ငှဆူနှင့် ဂန္ဓာဘုမ္မိတိုက်တခုသာမှသည်ကိုစေ
၇၈ဆူနှင့် ဂန္ဓကုဋိရှစ်ခု တိုးချဲ့ခြင်းနှင့် ၄တောင်
အတိနက်ရှိုင်းသော ချိုင့်ကြီးမှ လူထုအကျိုးအညီ
နှင့် ဖို့လုပ်ခဲ့သော ကွယ်လွန်သူ ဘုရားဒါယကာ

ပင်စင်ရ သစ်တောဝန်ထောက်မင်း-

ဦးဘိုးပြား ၏—ပုံ၊

၁၉။ ဦးမောင်ဆင့် ၎င်း။
၂၀။ ။ ကြွင်ထွန်း ရွှေဆိုင်။
၂၁။ ။ ဘကကေး ကုန်သည်။
၂၂။ ။ စိန် ၎င်း။
၂၃။ ။ ကျော်လှ ၎င်း။
၂၄။ ။ ကံအေး ၎င်း။
၂၅။ ။ လှမောင် ၎င်း။
၂၆။ ။ မြမောင် ၎င်း။
၂၇။ ။ တင်အေး ၎င်း။
၂၈။ ။ ကြွက် ခဲတတ်ပုံ။
၂၉။ ။ ရွှေမောင်း ကုန်သည်။
၃၀။ ။ အေးမောင် ကုန်သည်။
၃၁။ ဦးဘဌေး ဆရာ
၃၂။ ။ ဆက် အာမခံ
၃၃။ ။ ကင်း ကုန်သည်
၃၄။ ။ လှတင် ကုန်သည်
၃၅။ ။ အုန်းလှိုင် ၎င်း။
၃၆။ ။ လှမြင့် ၎င်း။
၃၇။ ။ ထွန်းတင်(ရွှေပြည်ဖေ)
၃၈။ ။ မောင်ချစ်
၃၉။ ။ အုန်းကျော်
၄၀။ ။ လှကြည် သွားဆိုက်
၄၁။ ။ ပု၊ ရွှေဟင်းသာ
၄၂။ ။ မြဦး ပွဲစားကြီး
တို့ဖြစ်ကြပါသည်။

## ဦးပါရဲ့ဝေယျာဝစ္စ ဆပ်ကော်မတီ လူကြီးများ။

၁။ ဦးမြ
၂။ ။ ဘထွန်း
၃။ ။ ဘအောင်
၄။ ။ ကြည်ထွန်း
၅။ ။ ဘိုးအုန်း
၆။ ။ ဘကျင်
၇။ ။ ကျော်လှ
၈။ ။ အေးမောင်
၉။ ။ အေးချို
၁၀။ ။ အောင်သန်း
၁၁။ ။ ကံအေး
၁၂။ ။ စံမြင့်
၁၃။ ။ စံအေး
၁၄။ ဦးသန်းရွှေ
၁၅။ ။ ငွေအောင်
၁၆။ ။ သန်း
၁၇။ ။ ဘခိုင်
၁၈။ ။ အောင်ခ
၁၉။ ။ ကြွင်ထွန်း
၂၀။ ။ ရွှေမောင်း
၂၁။ ။ ကြွက်
၂၂။ ။ အုန်းပွင့်
၂၃။ ။ ဆက်
၂၄။ ။ စိန်
၂၅။ ။ အေးမောင်
၂၆။ ။ ဘဌေး။

၂၇။ ဦးကင်း
၂၈။ ။ မောင်ကွန်း
၂၉။ ။ မောင်ငွေ
၃၀။ ။ မောင်သ
၃၁။ ။ ဘဘွား
၃၂။ ဦးဘလတ်
၃၃။ ။ လှမောင်
၃၄။ ။ လှမြင့်
၃၅။ ။ ဘိုးအောင်

အခမ်းအနားမှူးက ဥက္ကဋ္ဌ၏ သဘောတူညီချက်အရ ယခုဖွဲ့စည်းထားသော ဝေယျာဝစ္စအဖွဲ့ နှင့် ကမ်းဆည်ရေးအဖွဲ့ ပေါင်း၍ ဘုရားကြီး ထံခိုးရှိ စေခြင်းငှာ ထီးတော်ကြီး ပြန်တင်ရန် လျှပ်စစ်မီးနည်းဖြင့် လွတ်လပ်ရေးနေ့ အပြီး ရေပွဲ လှေပွဲနှင့် စည်စည်ကားကား ပြုလုပ်သွားမည်ဖြစ်ကြောင်း သတ်မှတ်သည့်နေ့ရက်ကို တဖန်စည်းဝေး ခေါ်ဆိုမည် ဖြစ်ကြောင်းဖြင့် ပြောဆိုပြီး စည်းဝေးပွဲ ရုပ်သိမ်းသွားပါသည်။

**ဦးဘအောင်**
ဥက္ကဋ္ဌ။

**ဦးကျော်လှ**
အကျိုးတော်ဆောင်

၎င်းကဲ့သို့ ဘုရားကြီး၏ ကမ်းဆည်ရေးလုပ်ကိုင်ရာတွင် အခက်အခဲပေါင်း မြောက်များစွာနှင့် ရင်ဆိုင် လုပ်ကိုင်ရတိုင်းတွင် ဦးကြည်ထွန်း ဦးကံကြီး၊ ဦးဘဘွား၊ ဦးကျော်လှ၊ ဦးလှမောင်၊ ဦးအေးချိုတို့သာလျှင် အများဆုံး ကူညီအားပေးလုပ်ကိုင်ခဲ့ရသည်ကို အတွင်းရေးမှူး ဦးကျော်လှအနေနှင့် မြည်သည့် ပရိတ်သတ်ရှေ့တွင်ပင်မဆို မဲမဲဝန့်ဝန့်တင်ပြနိုင်ပါသည်။

၎င်းကဲ့သို့ ငွေကျေးအခက်အခဲ လုပ်ငန်းအခက်အခဲကြားထဲတွင် မဆုပ်မနစ်သော ဇွဲသတ္တိနှင့် လုပ်ကိုင်နိုင်စွမ်းရှိသော်လည်း ပေးရန်ကျန်ရှိသောသစ်ဘိုးကျေး၅၀၀၀ဝိအတွက်ပြန်လည်ပေးဆပ်နိုင်ရေးမှာ ဝန်လေးနေသဖြင့်၊ဥက္ကဋ္ဌကြီး ဦးကြည်ထွန်းအား အကြိမ်ကြိမ် တောင်းပန်မှုကြောင့် ၁၃၂၂-ခု၊ တံခူးလ၊ ဘုရားပွဲတင်ပွဲတော်တွင် ကုန်းပွဲ၊ရေပွဲ ကျင်းပနိုင်ရေးကို ကြိုးစားနိုင်မှသာလျှင် ကျွန်တော်များတို့၌ တင်ရှိနေသော သစ်ဘိုးကျေးမှာ ပြေလည်နိုင်လိမ့်မည်ဟု အတွင်းရေးမှူး ဦးကျော်လှ၏တိုက်တွန်းမှုကြောင့်ဥက္ကဋ္ဌကြီးဦးကြည်ထွန်းမှာ မနေသာ၍ နည်းမျိုးစုံ ကြံဆောင်လျက် အမိန့်မရ-ရအောင်လုပ်ကိုင်ပေးမှု

ကြောင့်၊ ၁၃၂၂-ခု၊ ဦးတံခူးသွန်း ၅-ရက်နေ့မှ ၁၀-ရက်နေ့အထိပွဲတော်ရက် ၅-ရက် ကျင်းပနိုင်ရေးကို အမိန့်ယူပေးပါသဖြင့်၊ စီကား သိုက်မြို့က် အေခင် အတွင်းရေးမှူး ဦးကျော်လှမှာ အခုဆောင်လူကြီးဦးလှမောင်ကူးတို့သမဝါယမ ဥက္ကဋ္ဌ နှင့် တိုင်ပင်ပြီး ဇာတ်ပွဲ-အညိမ့်ပွဲ၊ ရုပ်ရှင်နှင့် လှေပြိုင်ပွဲများကို ၅-ရက် တိုင်တိုင် ကျင်းပနိုင်ခဲ့သော်လည်း၊ ပွဲတော်အမိန့်ရက်ကုန်ဆုံးသည့်တိုင်အောင် မြို့လူထုကြီးတရပ်သုံးမှာ အားရတင်းတိမ်မှုမရှိဘဲ ပွဲတော်ရက် ထပ်မံရရှိရေးကို အရေးဆိုလာကြပြန်သဖြင့်၊ ဦးပါခဲကမ်းဆည်ရေး ဥက္ကဋ္ဌဦးကြည်ထွန်းမှာ နည်းမျိုးစုံထုတ်ပြီး နောက်ထပ်ပွဲတော်ရက် ၃ ရက်ရရေးကို တဖန်ကြိုးစားရပြန်ပါသည်။ ။ ဤကဲ့သို့ ရက်ပို ရရေး ကိစ္စ များ ကို လူ တိုင်း မဘာဘ် နိုင် သော ကိစ္စပင် ဖြစ်စေကာမူ ဦးကြည်ထွန်း ၏ အဝင်တင်ကံ ပါရမီထူးရှိမှုကြောင့်၊ မည်သည့်အမှုကိစ္စများပင် ခက်ခဲစေကာမူဦးကြည်ထွန်း ဆောင်ရွက်ပါကပြေလည့်သည့်ကသာများခဲ့ပါသဖြင့် နောက်ထပ်အမိန့်၃-ရက် ပိုရမှုကြောင့် ဦးပါခဲစေတီတော် ကမ်းဆည်ရေး ရန်ပုံငွေများမှာ မူလက ဦးပါခဲစေတီတော် ကမ်းဆည်ရေး အမှုဆောင် လူကြီးများ၏ ကျေနပ် နှစ်သိမ့်ခဲ့သော ငွေတသောင်းမှာ သစ်ဘိုးကျွေး ၅-ထောင်ပေးဆပ်ပြီး ကျန်ရှိသော- ငွေ ၅ ထောင်နှင့် ဦးပါခဲ စေတီကြီးအား ကျောက်တန်းဆည်ရလျှင် ယခုနှစ်အဘို့ သင့်တော်ပြီဟူသော အာလရမှ—ကမ်းဆည်ရေး ဥက္ကဋ္ဌဦးကြည်ထွန်းနှင့် အတွင်းရေးမှူး ဦးကျော်အတို့၏ ကြိုးစားမှုကြောင့်သာခက်ခဲသော ပွဲမိန့်ရသည့် အပြင် နောက်ထပ် ရက်ပို ၃-ရက် ရပြန်သဖြင့် ပေါင်း ၈-ရက် ကျင်းပနိုင်၍သာ တသောင်းမှ ၃-သောင်းအထိ ဦးပါခဲစေတီတော်ကမ်းဆည်ရန် ရန်ပုံငွေ တိုးတက် ရရှိခဲ့ပါကြောင်း။

ဤကဲ့သို့ ဦးပါခဲ ကမ်းဆည်ရေး ရန်ပုံငွေ ၃-သောင်းအထိ။ မည်သို့ ဆောင်ရွက်၍ ရရှိခဲ့ပုံကို အကျဉ်းချုပ်၍ တင်ပြရပါလျှင်....

ဦးပါခဲ စေတီတော် ကမ်းဆည်ရေးအတွက် ပျော်ပွဲ-ရွှင်ပွဲများကို မူလ သတ်မှတ်ချက်မှ အခြေအနေနှင့် ဦးပါခဲ ကမ်းဆည်ရေး ရန်ပုံငွေတိုးတက်ရရှိရေးတို့ကိုသာ ပဓာနထား၍ ပျော်ပွဲ-ရွှင်ပွဲ တာဝန်ခံ ပုဂ္ဂိုလ်များအား အမျိုးမျိုး နှစ်သိမ့်စေပြီး မိမိတို့ ကိုယ်ကျိုးကို မကြည့်ကြဘဲ ကိုယ့်မြို့၏စေတီတော်ကြီး၏ တည်တန့် ခိုင်မြဲရေးကိုရှေ့ရှု၍ ပျော်ပွဲ-ရွှင်ပွဲ သတ်မှတ်ပြီး ဆိုင်ခန်းပေါင်း ၄၀မှ

ဆိုင်ခမ်းပေါင်း ၆၀-ကျော်အထိ တဆိုင်လျှင် ၂၅၀ နှင့် ချထားပေးခဲ့နိုင်၍ငင်း။

ငင်း ဦးပါခဲ ကမ်းဆည်ရေးရန်ပုံငွေ တိုးတက်ရရှိနိုင်ရေးအတွက်ဦးပါခဲ ကမ်းဆည်ရေး အတွင်းရေးမှူး ဦးကျော်လှမှာ အမှု့ဆောင်လူကြီး ကျူးတို့ သမဝါယမ ဥက္ကဋ္ဌ ဦးလှမောင်နှင့် လုပ်ငန်းလုပ်ကွက်များအတွက် တိုင်ပင်ညှိနှိုင်း၍ ကိုယ့်စရိပ်ကိုယ်စားပြီး ကိုယ့်အိပ်ထဲက ငွေကို ထုပ်နှုပ် စိုက်ထုပ်၍၊ ရငွေနှင့်- ကုန်ငွေမမျှကဲ့ပါက၊ ငင်းစားမကိုက်ခဲ့သော်၊ ငင်းအမှုဆောင်လူကြီး ဦးလှမောင်နှင့်- အတွင်းရေးမှူး ဦးကျော်လှတို့သာ ကျွေးယူ၍ လုပ်ကိုင်ရသဖြင့် ကျွေးရှင်များနှင့် ရင်ဆိုင်ရမည်မှာ ငင်းတို့နှစ်ဦးသာ အဓိကဖြစ်သည်ကိုတင်ပြရခြင်းဖြစ်ပါကြောင်း။

သို့အတွက်ကြောင့်၊ ပွဲတော်အတွင်းသို့ ဝင်ရောက်ရောင်းချ လိုသောပွဲဈေးတန်းများကိုပါ၊ အလွတ်မပေးနိုင်ဘဲ၊ မြို့ကစေတီတော်ကြီးအား မပြုမပျက်အောင် လုပ်ရေးကိစ္စများတွင် ရန်ပုံငွေတော်တင်းမှ ဖြစ်နိုင်မည်ဖြစ်၍။ ငင်းရန်ပုံငွေအတွက် ဓာတ်ပွဲ အငြိမ့်ပွဲနှင့်၊ ရုပ်ရှင်ပွဲများ၏စားစရိပ်ကို ကာကွယ်နိုင်ရေးကို ရှေ့ရှု၍ စားသောက်ဆိုင်များကိုမိမိတို့ဖါသာဆောက်လုပ်ခွင့်မပြုဘဲ စနစ်တကြဖြစ်စေရန်နှင့် ရန်ပုံငွေ တိုးတက်ရရှိရေးတို့ကို ပဓာနထား၍ စားသောက်ဆိုင်ခမ်းပေါင်း ၆၀ကျော်မှ အချိုးအစားအလိုက် ကောက်ခံ ရရှိခဲ့ပါကြောင်း။

ငင်းနောက်ဘာသ်ာတမြို့နှင့်ပွဲတော်ကျင်းပသောနေရာမှာမူလက ဇရာဝတီမြစ်ကြောင်းကြီးဖြစ်သော်လည်း ဦးကြည်ထွန်း ခေါင်းဆောင်သောဦးပါခဲကမ်းဆည်ရေးအဖွဲ့ကြီး၏ မဆုပ်မနစ်သောဇွဲသတ္တိကြောင့်၊ မပြောပလောက်သော ငွေကလေးများနှင့် ကမ်းဆည်ရေးကို သမာဒေဝနတ်ကောင်း နတ်မြတ်များ၏ ကျူညီဆောင်ရွက်မှုကြောင့်၊ ဟာသ်ာတမြို့တဝက် သောင်၂စွယ် ဖုံးအုပ်သွားသော်လည်း မြို့ဆိပ် နှင့် သောင်ကြားတွင် ရေချားနေသဖြင့် ငင်းချောင်းကို အတွင်းရေးမှူး ဦးကျော်လှ နှင့် ကျူးတို့သမဝါယမ ဥက္ကဋ္ဌ ဦးလှမောင်တို့ ၂ရောက်သာ ကြိုးစားလုပ်ကိုင်ခဲ့ပါကြောင်း။

၅ါကဲ့သို့ ဘောတံတားပြုလုပ်ပြီး ဦးပါခဲစေတီတော် ကမ်းဆည်ရေး ရန်ပုံငွေ ရရှိရေးအတွက် ဘုရားပွဲသို့ သွားလိုသော ဈေးပွဲလာများထံမှ အသွားအပြန် ၁၀ပြားကောက်ခံနိုင်ရန် ဘောတံတားကူး လက်မှတ်ကလေးများ ပေး၍ ရန်ပုံငွေရှာခဲ့ရပါကြောင်း။



ဦးကြည်ထွန်း သည်
စေတနာ ဝန်ထမ်း ကမ်း
ဆည်ကြီးသော လူငယ်
လူရွယ် တို့အား စနစ်တ
ကျ ကမ်းဆည် သော
လုပ်ငန်း များကို ကိုယ်
တိုင်ကိုယ် ကြညွှန်ပြနေပုံ



၁၉၅၈-ခု က၊ ဧရာ
ဝတီ မြစ်ကြောင်း ဖြစ်ခဲ့
ပြီး ကျောင်းကန် ဘုရား
များနှင့် မြို့သူ မြို့သား ရ
ဟန်း ရှင်လူ အပေါင်း
အား ဒုက္ခ ပေးခဲ့ သော
မြစ်ကြောင်း ကြီးမှာ......
၁၉၆၀-ခုနှစ်သို့ရောက်ရှိ
လာသော အခါ၊ ကမ်း
ဆည်ရေးအဖွဲ့၏ ကြိုးပမ်း
ချက်ကြောင့်မြစ်ကြောင်း
ကြီးမှ ကျွန်းမြေ သောင်
ကြီးဖြစ်လာ၍ ကိုင်းသူ
ကိုင်းသားများ အားပါး
တရ စိုက်ပျိုးနေကြပုံ၊



ဦးကြည်တွန်းခေါင်းဆောင်သော ကမ်းဆည်ရေးအဖွဲ့သို့ အမြဲတန်းလိုလို အခွင့်ရလျှင် ရသလို စေတနာ အလျှောက် ဝင်ရောက် သယ်ယူ ပို့ဆောင် ခဲ့သော အစိုးရမော်တော်ပေါ်မှ ကမ်းဆည်ရန် ဝါးများချပေးနေပုံ။



နိုင်ငံတော် အစိုးရက ဟသ်ာတ ဈေးသူ ဈေးသားများအတွက်မတည်ငွေရင်း ၂သိန်းအကုန်အကြခံ၍ တည်ဆောက်ပြီးဆီးခဲ့သော ဟင်္သာတအထည်ဈေးသစ်ကြီးအား ဟသ်ာတမြို့ကောင်စီမှ စနစ်တကြ ဈေးသူဈေးသား များအား ချထားပေးပြီး ဖွင့်လစ် ရောင်းချလျက်ရှိသော ဈေး သစ်ကြီးပုံ။

ဤကဲ့သို့ နည်းမျိုးစုံကြံဖန်၍ ဦးပါရဲကမ်းဆည်ရေး ရန်ပုံငွေ ရှာခဲ့သောအချိန်မှစ၍ ကမ်းဆည်လုပ်ကိုင်သော လုပ်ငန်းများအထိ ကိုယ်ရောစိတ်ပါ ဝင်ရောက်လုပ်ကိုင်သော ပုဂ္ဂိုလ်များမှာ ယခုတိုင် ဆက်လက်လုပ်ကိုင်လျက်ရှိသော ဦးပါရဲ ကမ်းဆည်ရေးအမှုဆောင်အဖွဲ့သားသျှင် ဖြစ်ခဲ့ကြောင်းကို တင်ပြရခြင်း ဖြစ်ပါကြောင်း။

ဤကဲ့သို့ ဟသ်ာတမြို့ကြီးအား ကမ်းဆည်ရန်အတွက် သိန်းနှင့် ချီပြီး နိုင်ငံတော်အစိုးရက အကုန်အကျခံ၍ ကမ်းဆည်ခဲ့စဉ်က အောင်မြင်မှု မရဘဲ၊ မပြောပလောက်သော မြို့လူထုထံမှ ရရှိသော ငွေကလေး နှင့် ကမ်းဆည်မှု အောင်မြင်သည်ကို တွေ့ရှိရသော ကမ်းဆည်ရေးတွင် ရှေ့တန်းမှပါဝင်ဆောင်ရွက်လျက်ရှိသော ဥက္ကဋ္ဌ ဦးကြည်ထွန်းနှင့် အတွင်းရေးမှူး ဦးကျော်လှ တို့မှာ၊ ထမင်းစားဘို့ အချိန်ကိုပင် သတိမရနိုင်ဘဲအလုပ်သမားများနှင့် နံက် ၄နာရီအချိန်တွင်စ၍ဝေးတိုင်ပင် လုပ်ကိုင်ကြလျက်ည-၇နာရီ ၈နာရီမှလုပ်ငန်းကိုရပ်သည် ကသာများစေကာမူ မောသည်ဟူ၍ စိတ်ထဲတွင် မထားကြသည်မှာ— ဥက္ကဋ္ဌ ဦးကြည်ထွန်းမှစ၍ အလုပ်သမားများအထိ၊ ဖြစ်ခဲ့ပါကြောင်း။

ဇင်းကဲ့သို့ ကမ်းဆည်လုပ်ကိုင်ကြရာတွင် အခကြေးငွေ-ရရှိ၍သာ လုပ်ကိုင်ကြသည်ဟူ၍ စိတ်ထဲတွင် မထားကြဘဲ ငါတို့မြို့က စေတီတော်ကြီး မြစ်ကမ်းဘားထဲမပါ မကြွရအောင်၊ ငါတို့ပြုလုပ်သောကိစ္စဖြစ်၍ကုသိုလ်လည်းရဝမ်းလည်းဝဆိုသကဲ့သို့ ၂ဘက်အကြိုးရှိသောဟူသော နေ့စဉ်နှင့်အမျှ အလုပ်သမားများအား၊ ကမ်းဆည်ရေးဥက္ကဋ္ဌကြီး ဦးကြည်ထွန်း နှင့် အတွင်းရေးမှူး ဦးကျော်လှတို့၏ တရားဟောပြခဲ့ကြောင့်လည်း အလုပ်သမားများမှာ ခိုသည် ကပ်သည်ဟူ၍ ကမ်းဆည်ရေးလုပ်ငန်းကို၃-နှစ်တာခရီးအတွင်းတွေ့ရှိခဲ့ရသည် ဟူ၍ငင်း၊ လုပ်ငန်းပေါ့လျော့မှုကြောင့်၊ အလုပ်မှ ထုပ်ပြစ်ရသည် ဟူ၍ငင်း၊ မတွေ့ရှိရဘဲ၊ အလုပ်သမားများသည် ညီရင်းအကိုပမာ ရင်းနှီး ခင်မင် ကြရာ လုပ်ငန်း လုပ်ကိုင်ကြရာတွင် တပျော်တပါးကြီး သွားတူပြန်တူနှင့် အချိန်ပိုလုပ်ကြရာတွင် အချိန်ပိုပေးရမည်ဟူ၍ ဘယ်အခါမှ ပိုတောင်းသည်ကိုမတွေ့ရှိရဘဲ ဥက္ကဋ္ဌကြီး၏ စေတနာအတိုင်း တခါတရန် ပြား၅၀စီပိုပေးရန် အတွင်းရေးမှူး ဦးကျော်လှအား အမိန့်ပေးသည်ကလွဲ၍ အလုပ်သမားများအနေနှင့် တခါဘူးမှ တောင်းသည်ဟူ၍မရှိခဲ့ပေ၊

စေတနာရှေ့ထားလုပ်ကိုင်ကြသော အလုပ်သမားဗိုဒိ ကုသိုလ်ရ

ရေးအတွက်၊ ဦးတည်လုပ်ကိုင်ကြသဖြင့် အစစ အရာရာ မကုန်တန်တာကိုမကုန်ရအောင် ၎င်းတို့ပင်လျှင် အလုပ်ကိစ္စနှင့် ပန္နည်းကရိယာများကိုထိမ်းသိမ်းလုပ်ကိုင်သွားသည့်ကို ဒိုးတူဘောင်ဘက် လုပ်ကိုင်ဆောင်ရွက်နေသော အတွင်းရေးမှုး ဦးကျော်လှမှာ များစွာကြေနပ်နှစ်သိမ့်၍ရန်ခါရန်ဘန် မုန့်ပဲသရေစာများဝယ်ချမ်းကျွေးခဲ့ရသည်မှတပါး အခြားဆုလပ်များ ယခုနေ့တိုင်မပေးခဲ့ရပါကြောင်း။

ကျွန်တော်၏အနေနှင့် အလုပ်သမားများကို အားပေးစကားပြောကြားရာတွင် ငါ့အလုပ်သမားတွေကို ယခုကမ်းဆည်သော လုပ်ငန်းကြီး အောင်မြင်အောင်စေတနာနှင့် လုပ်ကိုင်ကြပါ၊ ငါတို့လုပ်ငန်း ကြီးမှာ လုပ်ငန်း ကြီးသလောက် ငွေကြေးမလုံလောက်ဘူးဆိုတာ အားလုံးအသိဘဲ၊ သို့ကြောင့်၊ ယခုကမ်းဆည်သော လုပ်ငန်းအောင်မြင်လို့ ဆောင်တွေ ကျွန်းတွေ ပေါ်လာသောအခါ ငါတို့အလုပ်သမားများကို ဦးစားပေး၍ ဝေချမ်းပေးမည် ဆိုတာကိုတော့ စွဲစွဲမြဲမြဲမှတ်ထားကြစေခြင်ပါသည်။ဤကဲ့သို့အားပေးစကား ပြောသည့်အတွက်လည်း အလုပ်သမားများပိုမိုအားတက်လုပ်ကိုင်ကြသည်ကိုတွေ့ရှိရ၍ မပြောပလောက်သာငွေကြေးနှင့် အဆမတန် အောင်မြင်မှုကြီးကို မျက်ဝါးထင်ထင်တွေ့မြင်လာရပေသည်၊ သို့ကြောင့်လည်း ၁၃၂၂-ခု။ နတ်တော်လပြည့်ကျော် ၁၀ရက်နေ့မှာ အိမ်ထောင်သည် ဦးရေပေါင်း ၂၂၉ရောက်အတွက် လူပေါင်း (၁၇၈) ဥမ္မ၊ ဘဉ်မီ၊ ကျောင်း ၁၄၈၄ မှ ၁၉၈၈ ခွဲထိ ဝေငှပြီးဖြစ်ပါသေးသည်လည်း ကျန်ရှိသေးသော ကိုင်းမြေများကို ဆက်လက်ဝေငှရန် စာရင်းများ ပြုလုပ်နေဆဲဖြစ်ပါကြောင်း။

သို့ကြောင့် ကျွန်တော်တို့ကမ်းဆည်ရေးအဖွဲ့ဝင်များသည်။အပြောတမျိုးအလုပ်တမျိုးမဟုတ်သည်ပြင် အပြောသမားသက်သက်လည်း မဟုတ်ပါဘဲ အလုပ်သမားသက်သက်ဖြစ်ကြောင်းတင်ပြရခြင်းဖြစ်ပါကြောင်း၊

ပေးပြီးသော ဂတိများကိုလည်း ဘယ်သောအခါမှ ပြီးပြီးပျောက်ပျောက်စိတ်ထဲတွင် မထားဘဲ ဂတိအတိုင်း တသွေမတိမ်း ဆောင်ရွက်ကြသည် ဆိုတာကိုသည်း ယခုလုပ်ငန်းကို ကြည့်ခြင်းအားဖြင့် လယ်ပြင်တွင် ဆင်သွားသလိုထင်ထင်ရှားရှားပေါ်လွင်နေသည်ကို ဘယ်သူမှ ညင်း၍ ရနိုင်လိမ့်မည် မဟုတ်ပါကြောင်း။

ဤကဲ့သို့ သာသနာတော်အရေးနှင့် မြို့အရေး ကိစ္စတို့ကို။ ဦးစားပေးလုပ်ကိုင်ရသည့်အတိုင်းကျွန်တော်တို့တွင်ပေးရန်ကျန်ရှိနေသောကျွေးများလည်း

ရှိ၊ ရှေ့ဆက်လက်လုပ်ကိုင်ရန်လုပ်ငန်းများလည်း ကျန်ရှိနေသည့် အတွက်၊ အထက်တော်ပြပါ ဥက္ကဋ္ဌကြီး ဦးကြည်ထွန်း၏ ကြိုးစား ဆောင်ရွက်မှု ကြောင့်၊ လွန်ခဲ့သော ၁၃၂၁ ခု။ တံခူးလက ကမ်းဆည်ရေးအဖွဲ့မှဦးစီး ဦးဆောင်လုပ်ကိုင်ခဲ့သော ဘုရားပွဲတော်ကြီးမှာ ဟင်္သာတတွင် သူမတူအောင် စီကားသိုက်မြိုက်သည်ကို ကျွန်တော့အနေနှင့် ချဲ့ထွင်မရေးလိုတော့ဘဲ။ မြို့လူထုတရပ်လုံးကိုဘဲ။ သက်သေတင်ပြလိုပါတယ်။

အဲဒီလို စီစီကားကား ပြုလုပ်နိုင်လို့လဲ။ ကျွန်တော်တို့ အခက်အခဲကြုံနေတဲ့ ကျွေးများပြန်လည်ပေးဆပ်နိုင်ရန်နှင့် ရှေ့သို့ဆက်လက် လုပ်ကိုင်နိုင်ရန်ရန်ပုံငွေ သုံးဆောင်းနည်းနည်းရရှိခဲ့ပါတယ်၁၃၂၂-ခုနှစ်သို့ရောက်ရှိသောအခါကျွန်တော်သည်၎င်းရရှိသောငွေများကို။ ကမ်းဆည်ရေးအမှုဆောင်လူကြီးများအားဦးပါရဲစေတီတော်အတွင်းရှိအာရုံခံ တံဆောင်းအတွင်းသို့ ဖိတ်ကြားပြီး။ ယခုရှိသော ငွေများကို ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် အစီးအဝေးမခေါ်ယူရသေးခင်စပ်ကြား အပ်ထားပါကြောင်း။ အမှုဆောင်အဖွဲ့မှ ကြိုက်သလိုစီစဉ်ကြပါဟု ကျွန်တော် တင်ပြသည်ကို အမှုဆောင် အဖွဲ့ဝင် လူကြီး များက၎င်းကမ်းဆည်ရေးအတွက် ရရှိသောငွေများကိုကမ်းဆည်ရေးဥက္ကဋ္ဌ နာမည်နှင့်ထားရန် သဘောတူကြလျှက် ဦးပါရဲ ဝေယျာဝစ္စအတွက် ရရှိသော ငွေများကိုဦးပါရဲဝေယျာဂစ္စ ဘဏ္ဍာတော်ထိမ်းထံအပ်ရန် စီးဝေးဆုံးဖြတ် ကြပါသဖြင့်အောက်တွင်စီးဝေးဆုံးဖြတ်ချက် ထည့်သွင်း ဘော်ပြလိုက်ရ ပါကြောင်း။

## ကမ်းဆည်ရေးအဖွဲ့ နှင့်- ဝေယျာဝစ္စအဖွဲ့။
## စည်းဝေးချက်မှတ်တမ်း။

ဟင်္သာတမြို့-လက်သမားရပ် ပြည်လုံးကပ်ကျော် ဦးဘရဲ အာရုံခံ တန်ဆောင်း၌ ၁၃၂၂-ခု။ ဦးတံခူးလပြည့်ကျော် ၇-ရက်။(၁၇-၄-၆၀)တနင်္ဂနွေနေ့ညနေ (၄)နာရီအချိန်တွင် ကမ်းဆည်ရေးအဖွဲ့ နှင့် ဘုရားဝေယျာဝစ္စအဖွဲ့။ ၂-ရပ်ပေါင်း၍ အမှုဆောင်အစည်းအဝေး ဖိတ်ကြားရာ အောက်ပေါ်လူကြီးများတက်ရောက်ကြပါသည်။

၁။ ဦးဘထွန်း
၂။ ။ ဘကျင်
၃။ ။ မောင်ငွေ
၄။ ။ ဘအောင်

၅။ ။ ကြည်ထွန်း
၆။ ။ ကျော်လှ
၇။ ။ အေးမောင်
၈။ ။ အေးချို
၉။ ။ အောင်သန်း
၁၀။ ။ စံမြင့်
၁၁။ ။ စံအေး
၁၂။ ။ ဘလတ်
၁၃။ ။ ဘသွား
၁၄။ ။ ဘိုးအောင်
၁၅။ ။ အောင်ခ
၁၆။ ။ ဘခိုင်
၁၇။ ။ ဘကျော်
၁၈။ ။ ကံအေး
၁၉။ ။ ဘငွေး
၂၀။ ။ အေးမောင်
၂၁။ ။ စိန်
၂၂။ ။ ရွှေမောင်
၂၃။ ။ လှမြင့်
၂၄။ ။ ကင်း
၂၅။ ။ ကြင်ထွန်း
၂၆။ ။ ထွန်းစိန်
၂၇။ ။ ထွန်းရှိန်
၂၈။ ။ ကြွက်
၂၉။ ။ စိုးမောင်
တို့ဖြစ်ပါသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးကြည်ထွန်းအားတင်မြှောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်လှကဆောင်ရွက်ပါသည်။

အခမ်းအနားမှူးက လွန်ခဲ့သော စည်းဝေးချက်မှတ်တမ်းကို ဘတ်ကြားရာ အများသဘောတူအတည်ပြုပါသည်

အစီအစဉ်အရ၊ ဦးပါရဲဘုရား ရံပုံငွေစာရင်း ရှင်းတမ်းကို အတွင်းရေးမှူး ဦးအေးမောင်ကဒိုမိသည့်အတွင်းရေးမှူး စတင်လက်ခံသည့်(၁-၇-၅၉)နေ့မှ ယခု (၁၅-၄-၆၀) နေ့အထိ။ ရငွေမှာ ၉၇၂ကိ-၇၀ပြားဖြစ်၍ ထွက်ငွေမှာ—၆၄၁ပိဖြစ်သောကြောင့် လက်ကျန်ရှိငွေမှာ ၃၃၁ဂုံ-၇၀ပြား ဖြစ်ကြောင်း အသေးစိတ်ရှင်းပြသွားပါသည်။

ကမ်းဆည်ရေးအဖွဲ့မှ ဦးစီး၍ ဘုရားထီးတင်ပွဲတွင် ပြုလုပ် ရရှိသော စာရင်းမှာ။ဝင်ငွေပေါင်း ၃၀၃၄၅ိ-၇၅ပြား ဖြစ်၍။ ထွက်ငွေပေါင်းမှာ၁၅၇၀၃ိ ၆၀ပြား။ ဖြစ်သဖြင့်၊ လက်ကျန်ငွေပေါင်းမှာ၁၄၆၃၉ိ-၁၅ပြား ရှိကြောင်းဖြင့် အတွင်းရေးမှူး ဦးကျော်လှက အသေးစိတ် ရှင်းလင်းတင်ပြပါသည်။

၎င်းလက်ကျန်ငွေကို အစည်းအဝေး မခေါ်ရသေး၍၊ ဥက္ကဋ္ဌ ညွှန်ကြားချက်အရ။ ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ခေတ္တအပ်နှံထားပါသည်။



ဦးကြည်ထွန်း ခေါင်းဆောင်သော ကမ်းဆည်ရေးအဖွဲ့တွင် လုပ်သားပေါင်း ၅၀ ကျော်တို့ကို၊ အုပ်ချုပ်၍ခေါင်းဆောင်အဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့သော လုပ် သက်ရင့်ကြက် ပြီးသော.... ဦးသိန်းမေ ပုံ။

★



စေတနာ့ဝန်ထမ်းမီးသတ် များ နှင့် ဦးပါရဲ ကမ်းဆည်ရေး အဖွဲ့ဝင်များအား ဆောင်ပြင်ပေါ်တွင် လုပ်ကိုင် ရင်း အပြင်းပြေ စေ ရန် ဥက္ကဋ္ဌကြီး ဦးကြည်ထွန်းကိုယ်တိုင်အသံချဲ့စက်နှင့်ပျော်ဖြေနေပုံ။



၁၉၅၉-ခုႏှစ်၊ ဟင်္သာတမြို့ သားဓာတီတစ်ရင်း (၇) မှဗိုလ်မှူးရဲခေါင်ဦးစီးပြီး သက်သာ ချောင်ချိ ရေး အဖွဲ့ကငွေ၂၅၀၀ဝိ၊ ခန့် အကုန်အကျခံ၍ဆောက် လုပ် လှူဒါန်း ခဲ့သော သံဃာ့ဆေးရုံအဆောက် အဦးကြီးကိုဤကဲ့သို့ တွေ့ မြင်ရပုံ။

P



နိုင်ငံတော် အစိုးရ၏ လောက နိမ္မာန် တည် ဆောက် အုံ့ ဟူ သော ကြွေးကျော်ချက် အရ၊ ဟင်္သာတ မြို့ ကြီး တွင် ကရိဝတ် ၁၀၀၀ ရှိ လျှပ် စစ် စက်ရုံ သစ် ကြီးမှ နေ့ရောညပါအမြဲ မီးပေးလျှက်ရှိသော စက် ရုံသစ်ကြီးပုံ။

★

အစည်းအဝေးက သဘောကျရာ ဆုံးဖြတ်ပါဟု ပြောကြားရာ ဥက္ကဋ္ဌကြီး ဦးဘအောင်က ဦးကြည်ထွန်း နာမည်ဖြင့် ပြောင်းလွဲအပ်ရန် အကြံပေးသဖြင့်။ ဥက္ကဋ္ဌကြီး ဦးကြည်ထွန်းက မိမိသည် ဘုရားကြီးရံပုံငွေ တိုးပွားရေးကို ရှေ့ရှုလျက်။ ငွေ၁၀၀၀၀ိ။ ကို ငွေတိုးရစေခြင်းငှာ အစိုးရစာတိုက် ငွေစုဘဏ်တွင် အပ်နှံထားလျက်။ ကျန်ငွေကို ဈေးသန်း ရောင်းဝယ်ရေး ဘဏ်တွင် ထားလိုကြောင်း ပြောပြသည်ကို။ အများသဘောတူ ဆုံးဖြတ်ကြပါသည်။

ဥက္ကဋ္ဌ ဦးကြည်ထွန်းက၊ ဖြည့်စွက်လျက်၊ ဦးပါရဲဘုရားကြီးအားကျောက်တန်းဆည်ရန်အတွက် ယခုလက်ကျန် ငွေပေါင်း ၂ သောင်းလောက်နှင့်မပြည့်စုံပါ။ ထပ်မံ၍ အလှူငွေကောက်ခံရန် ရံပုံငွေတောင့်တင်းနေသော ရန်ကုန်မြင်းပွဲဥက္ကဋ္ဌထံသို့ရင်း။ ကြံခင်းမြို့ သစ်ကုန်သည် ဦးသိန်းနှင့် ဒေါ်သောင်းထံရင်း။ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပူးတွဲ အလှူခံတောင်းဆိုရန် အကြံပေးသဖြင့်။ ၎င်းအကြံပေးချက်ကို သဘောတူညီပါသည်ဟု ဦးရွှေမောင်းက၊ အဆိုတင်သွင်းပြီး ဦးအေးမောင်က ထောက်ခံပါသဖြင့်၊ အများသဘောတူ ဆုံးဖြတ်ကြပါသည်။

၎င်းနောက် အလှူအတန်း ရက်ရောသော ရန်ကုန်မြို့၊ ကျားပျံမကောက်ပိုင်ရှင် ဦးသန်းမောင်ထံသို့လည်း ဟသ်ာတ သိန်းဆုရှင် ဦးကံအေးမှ တဆင့် ဆုံးဖြတ်ချက် မိတ္တူပေးပို့၍ အလှူခံပါရန် အကြံပေးကြသည်ကို အများသဘောတူ ဆုံးဖြတ်ကြပြီး အစည်းအဝေးကို ရုပ်သိမ်းသွားပါသည်။

(ပုံ) ကြည်ထွန်း။
ဥက္ကဋ္ဌ

(ပုံ) ကျော်လှ။
အတွင်းရေးမှူး

ဤကဲ့သို့ ကမ်းဆည်ရေးလုပ်ငန်းကြီးကို၊ ၁၉၅၈-ခုနှစ်မှ၊ ၁၉၆၀ ခုနှစ်အထိ ကြိုးစားလုပ်ကိုင်ရစေကာမူ ငွေလုံး ငွေရင်းမြောက်များစွာနှင့်၊ ရုံပုံပြီးလုပ်ကိုင်ခဲ့ရသည်ဟုမရှိခဲ့ရဘဲ၊ အရပ်ရပ်မှ သဒ္ဓါကြေးကောက်ခံရရှိသမျှသောငွေကလေးများနှင့်ပင် လုပ်ကိုင်ခဲ့ရလင့်ကစား။ လုပ်ငန်းကကြီးပြီးလျှင် ငွေရကနည်းလွန်းသော်လည်း၊ လုပ်ငန်း၏ အောင်မြင်မှုသာ ပဓာနထား၍လုပ်ငန်းရှင်ကြီးများထံမှ တောင်းပန်တိုးရှိုး၍လိုအပ်သော ပစ္စည်းကရိယာ အချိန်မှီ ချထားပေးပါရန် တောင်းပန်မှုကြောင့် လုပ်ငန်းကတော့၊ ရာခိုင်နှုန်း (၉၀)အောင်မြင်ပေမဲ့၊ ပေးရန်တင်ရှိနေသော ကုန်ဘိုးကျွေးများကို မည်သို့ပြန်လည် ပေးဆပ်နိုင်ရန် ကြံစီ စိတ်ကူးရာတွင်၊ ယခုတင်ရှိနေသော ကျွေးများကို စေတနာစစ်၊စေတနာကောင်းဖြင့်၊ ဆောင်ရွက်နေသော ဦးပါရဲ ကမ်းဆည်ရေးအမှုဆောင်လူကြီးများသည် .... လုပ်ငန်း လုပ်ကိုင် ရာတွင်လည်း .... ရှေ့တန်းမှ ဝင်ရောက်လုပ်ကိုင်ရသည့် အတွက် .... မိမိတို့ စီး ပွား ရေး လည်း ပျက်ရုံ မက ....။ တဖန်လိုအပ်သောငွေကိုလည်း၊ စိုက်ထုပ်၍ ပြန်ဆပ်ရပါလျှင် မိအေးနှစ်ခါနာဖြစ်မည်ကို သိရှိသည်အတွက်။ အတွင်းရေးမှူး ဦးကျော်လှ မှာ မတတ်သာတော့ဘဲ။ ဦးပါရဲစေတီတော်မြတ်ကြီး၏ ထီးတော်ကြီးကို ပြန်လည် မွမ်းမံ၍၊ ထီးတော်တင်ပွဲကိုမှီ၍၊ ဘုရားပွဲတော် ပြုလုပ်ကျင်းရန် ကွယ်လွန်သူ ဦးပါရဲဝေယျာဝစ္စ အသင်းအတွင်းရေးမှူး ဦးအေးမောင်နှင့် တိုင်ပင်ညှိနှိုင်းပြီး သက်ဆိုင်ရာရုံးတော်သို့ ဘုရားပွဲတော်အတွက် အမိန့်ရရေးကိုကြိုးစားကြပါသော်လည်းအောင်မြင်မှု မရရှိခဲ့ခြင်းကြောင့်၊ ဦးပါရဲ ကမ်းဆည်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး တိုင်းအင်ဂျင်နီယာ ဦးကြည်ထွန်းအား။ မြောင်းမြမှ ပြန်ရောက်လျှင် ရောက်ခြင်း၊ ခရီးရောက်မဆိုက် ဦးပါရဲ စေတီတော် ထီးတင်ပွဲတော်ကျင်းပနိုင်ရေးအတွက် ပွဲမိန့်မရရှိသေးကြောင်း ပြောပြရာတွင် ဦးကြည်ထွန်း၏ မဆုပ်မနစ်သောဇွဲသတ္တိကြောင့်။ လက်လွှတ်ထားသော ပွဲမိန့်ကို ၅-ရက်အထိ ရရှိသည်သာမကနောက်ထပ်ပွဲမိန့် ၃ ရက်ရရှိမှုကြောင့်၊ စုစုပေါင်း ၈-ရက်အထိ ကျင်းပနိုင်၍သာ ဦးပါရဲ ကမ်းဆည်ရေးအတွက် တင်ရှိနေသော ကျွေးများကို ပြန်ဆပ်ပြီးသည်နှင့်၊ ရုံပုံငွေ ၁-သောင်းကျော် ကြွင်းရှိသည်ဖြစ်ပါကြောင်း။

ဤကဲ့သို့။ ဦးပါရဲစေတီတော် ကမ်းဆည်ရေးအတွက် မလုံမလောက်ဖြစ်နေသဖြင့်၊ ရန်ပုံငွေ ရှာကြံရာ၌ရင်း။ နာရီမခြားကမ်းပြိုကျ ပျက်စီးသဖြင့်။ ဘုရားကြီး ရေသို့ကြွတော့မည့် ဆဲဆဲအချိန်တွင်။ နံက်မှ ညအချိန် တိုင်အောင်။ နေ့စဉ်နှင့်အမျှ မလျော့သော ဇွဲလုံးလတို့ဖြင့်၊ အပင်ပန်းခံ၍ ကမ်းဆည်ရာတွင်ရင်းယခု ဦးပါရဲ ကမ်းဆယ်ရေးအဖွဲ့မှ ခွဲထွက်ပြီး အပြစ်တင် ရှုံ့ချ ဝေဘန်။ အာဖြစ်ရှာ တရားစွဲနေကြသူ ဂေါပက လူကြီးမင်းများဟုရင်း၊ ဘဏ္ဍာတော်ထိမ်း

ဦးပါရဲ- ကမ်းဆည်ရေးအဖွဲ့ အမှူးဆောင်လူကြီးများ ဖြစ်ကြသော ဦးစံမြ-ဦးဘဘေ-ဦးတွန်းမောင်တို့သည် ဒလက်ချရန်အတွက် သဲအိပ်များကို ကိုယ်တိုင် သဲ ထည့်ပေးနေကြပုံ။





ဦးပါရဲ ကမ်းဆည်ရေးအဖွဲ့ အမှူဆောင် လူကြီးတဦး ဦးကံညွန့်သည် ကိုင်းဒုတ် ဒလက်များရေထဲသို့ချရန်အတွက်ကိုယ်တိုင် အလုပ်သမား များနှင့် လုပ်ကိုင်ပေးနေပုံ။



၁၃၂၀-ခု၊ ၁၉၅၈-ခုနှစ်မှ စ၍ တိုင်းလျှပ်စစ် အင်ဂျင်နီယာ ဦးကြည်ထွန်း(ဥက္ကဋ္ဌ၊ ကမ်းဆည်ရေး) ဦးစီးပြီး ရေပေးရေး အဖွဲ့က မြို့တွင်းသို့ ဧရာဝတီမြစ်မှတိုက်ရိုက်လျှပ်စစ်ဓါတ်အား စက်ဖြင့် စုတ်ယူ၍ ရေပေးလျှက်ရှိသောအမြင့်ပေ ၂၄ ပေ၊ ဂါလံ ၁၆၀၀ ရှိသော ရေ တိုင်ကီများအနက် နံပါတ်-၃ရေတိုင်ကီကြီး၏ပုံ။



ကမ်းဆည်ရေးဥက္ကဋ္ဌ ဦးကြည်ထွန်း ကိုယ်တိုင် ဦးစီး၍ ဦးကံကြီး- ဦးဘဘွားတို့သည် စေတနာဝန်ထမ်း မီးသတ်ရဲဘော်များနှင့်အတူ ကမ်းဆည်ရေး လုပ်ငန်းများကိုပန်းနက်ရှိုက်နေကြပုံ။

လူကြီးမင်းများဟူ၍ရင်း။ ကိုယ့်ကိုယ်ကို၊ ကိုယ်ကင်ပွန်းတတ် နေကြသူတစု
သည် မည်သည့်အခါမှ ထိထိရောက်ရောက် ကူညီလုပ်ဆောင်မှုမပေးခဲ့ကြပါဘဲ
ဤကဲ့သို့ ဦးပါ‌ရဲစေတီတော် ကမ်းဆည်ရေးရန်ပုံငွေ တောင့်တင်း လာသည့်အခ
ါကြမှ ကမ်းဆည်ရာတွင်၊ အဘက်ဘက်မှ အင်တိုက်အားတိုက် ကူညီသည့်
သူမဲ့ကောင်းကြီးများအဖြစ်ရင်း။ ၎င်းတို့သာလျှင်၊ တရားဝင် ဂေါပကလူကြီး၊
ဘဏ္ဍာတော်ထိမ်းလူကြီးများအဖွဲ့ဟူ၍ အခြောက်တိုက် ကင်ပွန်းတပ် အမည်
ပေးနေကြသော်လည်း ယင်းဂေါပကဟူ၍ရင်း။ ဘဏ္ဍာတော်ထိမ်း ဟူ၍ရင်း၊
ဖွဲ့စီးစဉ်က ရပ်ကွက်လုံးကျွတ်၊ မြို့လုံးကျွတ် ကြေငြာဘိတ်ခေါ် ပြီးမှ အများဆန္ဒ
နှင့် ရွေးချယ်ခံရသူများမဟုတ်မှုဘဲ၊ မိမိတို့၏အလိုရမက်ကြီးလှသည့်၊ ရာထူးကို
အဆိုသွင်း ထောက်ခံပေးမည်၊ နောက်လိုက်ကောင်းများကိုသာ အသီးသီးလက်
တို့ဘိတ်ခေါ်ထက်ရောက်လာသူတစုနှင့်၊ ကုလားဖန်ထိုး ဖွဲ့စီးဝေပုံချ ရာထူးခွဲဝေ
ယူကြသူများသာဖြစ်သည်ဟုဆိုက၊မမှားနိုင်ပေ၊ယင်းလက်သစ်အဖွဲ့တွင် ယခင်
ဦးပါရဲဘုရားကြီးဗုဒ္ဓဝေယျာဝစ္စအသင်းကြီးမှပဋ္ဌမဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌ၊တွဲဘက်
အတွင်းရေးမှူး စာရင်းစစ်နှင့်အခြားလူ ၇ ဦးတန် အမှုဆောင်အဖွဲ့ဝင်၊ အမှုဆောင်
ဟောင်းများ မပါရှိကြသောလက်သစ်အဖွဲ့ကလေးက တကဲ့စေတနာ ရှေ့ထား၍
သာသနာတော်ကြီး၏ အကျိုးနှင့် မြို့နေလူထု၏ အကျိုးကိုရှေ့ရှု လုပ်အားပေး
နေကြသော ဦးပါရဲဘုရားကြီး၏ ကမ်းဆည်ရေးအဖွဲ့ဝင် လူကြီးများအား၊
လုပ်ငန်းအောင်မြင်မှု မရှိအောင် အမျိုးမျိုးသောအနှောက်အယှက်ပေးမှု ကြောင့်
ဦးကြည်ထွန်းခေါင်းဆောင်၍ ဦးပါရဲစေတီတော် ကမ်းဆည်ရေး လုပ်ငန်းကြီး
ကို လွန်ခဲ့သော ၁၃၂၂ခု၊ ပြာသိုလ်လမှစ၍၊ ခေတ္တရပ်ဆိုင်း ထားခဲ့သည်အ
တွက် လွန်ခဲ့သော ၆ လမှစ၍ ကြယ်ပြန့်စွာ ပေါ်ထွန်းလာပြီး မြို့ကို အကာအ
ကွယ်ပေးခဲ့သော ကျွန်းသာယာ သောင်တန်းကြီးမှာ ဝမ်းနည်းကြေကွဲ လောက်
အောင် ပြိုကြပျက်စီးသွားသည်ကို အများပြည်သူတို့ မျက်ဝါးထင်ထင် တွေ့
မြင်ကြရပါပြီ၊ သို့လင့်ကစား သက်ဆိုင်ရာ ရေဘေး ကာကွယ်ရေး အတွက်
ဟသ်ာတ ကမ်းဆည်ရန် လုပ်ငန်းကြီးများ စီစဉ်နေဆဲဟုသာ ဖြစ်နေကြောင်း၏
အဖြစ်အပျက်မှန်ကို မြို့မိမြို့ဘ စေတနာရှင်များနှင့် သရေတော် သံဃာတော် အ
ရှင်သူမြတ်များအား ဤတွင် ဦးပါရဲ ကမ်းဆည်ရေးအဖွဲ့မှ ကမ်းဆည်ရေး အ
ကျဉ်းချုပ်နှင့်၊ ကမ်းဆည်ရေးတွင်အများသဘောတူ လုပ်ဆောင်ခဲ့သောစီးဝေး
ချက် မှတ်တမ်း လိုရင်းချက်များနှင့်၊ ယခုဖြစ်ပျက်နေသည့်၊ အဖြစ်အပျက်အခက်
အခဲပြဿနာရပ်များကို တင်ပြအစီရင်ခံ၍၊ နိဂုံးချုပ်ပါကြောင်း၊

(ပုံ) ကျော်လှ၊

(၆—၃—၆၁) ဦးပါရဲ ကမ်းဆည်ရေးအတွင်းရေးမှူး၊

# ဦးအောင်မြတ်ကျော်ဘုရားပုံတော်။



ဟင်္သာတမြို့ တာကလေးရပ်ကွက်အတွင်းရှိ ကွယ်လွန်သူ ဘုရားဒါယကာကြီး ဦးအောင်မြတ်ကျော်၊ ဘုရားဒါယိကာမကြီး ဒေါ်ငွေယုံ။ ယခုပါလီမန် ပြည်သူ့လွှတ်တော် ဟင်္သာတအလယ်ပိုင်း အမတ်စက်သူဌေး ဟင်္သာတဦးမြ ၏။ နောင်တော်တဦးတည်း တည်ဆောက်ကိုးကွယ်ခဲ့သော ဘုရားဒါယကာကိုအစွဲပြု၍ဦးအောင်မြတ်ကျော် ဘုရားဟုယခုတိုင်ထင်ရှားကျော်ကြားလျက်ရှိသော ဂန္ဓကုဋိတိုက်နှင့်တကွ စေတီတော်များအား ဖူးတွေ့ရပုံ။

ဟင်္သာတမြို့ ဆံစက်များပိုင်ရှင်-ဦးဘိုးသင်း ၏သား။
ဦးပါရဲဘုရားကြီး ကမ်းဆည်ရေး ဥက္ကဋ္ဌ။



ဧရာဝတီတိုင်း လျှပ်စစ်အင်ဂျင်နီယာ (ဦးလေးသန်းခေါ်)
(ဦးကြည်ထွန်း)၏ပုံ

# ☆ ကမ်းဆည်နည်း အကျဉ်းချုပ် ☆



ဦးပါရဲ ကမ်းဆည်ရေး ဉာဏ်ရှင်၊ ဦးပါရဲ ဝေယျာဝစ္စ ဒု-ဉက္ကဋ္ဌ၊ ချက်ကိုစလိုဘဲကီ ယားပြည်သို့ ရောက်စဉ် စကိုဒါး- အလုပ်ရုံကြီးမှ- ဒါရိုက်တာ (ညာ)နှင့် အရောင်းအဝယ် မန်နေဂျာ (ဘယ်)တို့နှင့် တွေ့ဆုံ ဆွေးနွေးနေသော ရောဝတီတိုင်းလျှပ်စစ်အင်ဂျင်နီယာ— (ဦးလေးသန်းခေါ်) ဦးကြည်ထွန်း အလယ်ပုံ။

ဟသ်ာတမြို့၊ ဦးပါရဲ ဘုရားကြီးအား အမှူးပြု၍၊ဟသ်ာတမြို့အထက်ကုဣုဗိုရ မှစ၍ ဦးပါရဲ ဘုရားကြီးနှင့် ဈေးကြီးအထိ ကမ်းဆည် ရခြင်း အကြောင်းရင်း မှာ၊ ၁၉၅၈၊ခု၊ နိုဝင်ဘာလ ၆-ရက်နေ့ ည၊ ၁၁နာရီအချိန်တွင် အထက်ပါ ဦးပါရဲဘုရားကြီး၏ မြစ်ဘက် ကမ်းနားရှိ အုတ်တံတိုင်းကြီး ပြိုကျခဲ့ရာဘုရားလူကြီးများဖြစ်ကြသော ဦးပါရဲ ဝေယျာဝစ္စအသင်း အတွင်းရေးမှူး ဦးဘလတ်နှင့် အမှုဆောင်လူကြီး.... ဦးကျော်လှတို့သည်၊ ကျွန်တော့၏နေအိမ် ဟသ်ာတမြို့၊ လျှပ်စစ်ဓါတ်အားပေးဌာနသို့ လာရောက်ကြ၍။ ဘုရားကြီးမှာ မကြာမီပြိုတော့မည်ဖြစ်ပါသဖြင့် ဘုရားကြီးတွင်တည်ရှိသော ရုပ်ပွားတော် (၁၆)ဆူကို ရွှေ့ပြောင်းပေးရန် လာရောက် အကူအညီတောင်းပါသောကြောင့်၊ ကျွန်တော်၏ နေအိမ်မှ ည ၁၁-နာရီခွဲခန့်တွင် သွားရောက်ကြည့်ရှုရန် ဘုရားကြီးသို့ လာကြပါသည်၊

ဘုရားကြီးသို့ရောက်သောအခါတွင် ကမ်းမှာတပြိုထဲ ဆက်၍ ပြိုနေပါသဖြင့် ၎င်းနေ့ညတွင်းပင်ကမ္ဘားတလျှောက်ရေအခြေအနေကိုလက်နှိပ်ဓါတ်မီးဖြင့်ကြည့်ရှုခဲ့ရာ ဆည်တန်း(စပါး) ရိုက်နိုင်သောနေရာတခုကို တွေ့ရပါ၍ နက်ဖြန်တွင်ဘုရားလူကြီးများအစည်းအဝေးခေါ်စေခဲ့ပါသည်။ ၎င်းနောက်တနေ့ နေ့လည် ၂-နာရီအချိန် အစည်းအဝေးပြုလုပ်ပြီး သကာလ ဘုရားများရွှေ့ရန် ဘုရားလူကြီးများက အဆိုပြုကြပါကြောင်း။

ကျွန်တော်သည် ယခုကဲ့သို့ ဘုရားရုပ်ပွားတော်များမရွှေ့ရန်အဆိုတခုကိုထပ်မံတင်ပြပါသည်။ စေတီတော်မြတ်ကြီးအား ရေဘေးဒုက္ခမှ ကင်းဝေးစေရန် ပြုလုပ်ဆောင်ရွက်မည်ကို အတိအလင်းပြောကြားပြီးနောက်တနေ့-ဘုရားလူကြီးများ၏အလှူငွေတသောင်ခန့်ဖြင့် ဆည်တန်း စပါး) တခုရိုက်ပါသည်၊၎င်းဆည်တန်းမှာ သစ်ကုန်သည်၊ ဦးဘိုးအောင် အိမ်ရှေ့မှ နံပါတ် ၁၊ ဆည်တန်း။ (စပါး) ပြုလုပ်ခဲ့ရာ ၃ရက်အတွင်း ပြီးမြောက်ပါသဖြင့် ရေအခြေအနေမှာ ဘုရားကြီးအား ပဌမ တိုက်ခိုက်သောရေထက် အနည်းငယ် အားပြော့သွားသည်ကို တွေ့ရှိရပါသည်။ ၎င်းနောက် ဒုတိယ ဆည်တည်း (စပါး) ကို၊ သစ်ကုန်သည် ဦးငွေအောင် သစ်ဆိုင်အနီးတွင်တဖန်ရိုက်စေပြီး ဘုရားအောက် ဝဲလှည့်စားနေသော နေရာသို့ ဝါးနှင့် သဲအိပ်များ ချစေ၍၊ အထက်ကုဏ္ဍိုရတွင်ပေ (၆၀) ဆည်တန်း (စပါး) တခု၊ပေ(၂၆၀) ဆည်တန်း၊(စပါး) ကခုနှင့် ပေ(၁၀၀)ဆည်တန်း (စပါး) တခု၊ ပေါင်း ၃-ခု တည်ဆောက်ခဲ့ရာ ၂ လခန့် ကြာမြင့်သွားပါသည်၊ နံပါတ် ၃-၄-၅ ဆည်တန်းများ ရိုက်ပြီးသောအခါ ဦးပါရဲ ဘုရားကြီးအနီးအတွင်း ပတ္တမြားကျောင်း အနောက်ဘက်တွင် ဆည်တန်း (စပါး) တခု ပြုလုပ်ရပါသည်။

ဤကဲ့သို့ ပြုလုပ်ပြီးသော အချိန်တွင် မိုဃ်းရာသီ ရောက်ရှိလာပါသဖြင့် ကမ်းဆည်ရေး လုပ်ငန်းများကို ရပ်ဆိုင်းရပါတော့သည်း နောက်တနှစ် မိုဃ်းကုန်သောအခါကုဏ္ဍိုရအောက်မှစပြီးသောင်များပေါ်ထွန်း၍ လာပါသောကြောင့် ဘုရားအနီး အထက်နှင့် အောက်ပိုင်းများတွင် ကမ်းပြိုခြင်းမှ သက်သာစပြုလာပါသဖြင့် မြို့လူထုများ၏ အားပေးချက်အရ မိုဃ်းကုန်ဆုံးသည့်အချိန်မှစ၍၊ တဖန်ကမ်းဆည်ရေးလုပ်ငန်းများ စရပါတော့သည်၊ ဒုတိယနှစ်တွင်၊ ပဌမ နှစ်လောက် အလုပ်မများတော့ပါ၊ ဆည်တန်း (စပါး) ၄ နေရာသာပြုလုပ်ရပါသည်၊ ၎င်း(စပါး) များမှာ၊ သောင်ပေါ်တွင် ပြုလုပ်ရပါသဖြင့် ပဌမနှစ် ပြုလုပ်ရခြင်းထက် စဉ်းစားပြီး အထူးဂရုထားကာ ပြုလုပ်ရသော ဆည်တန်း (စပါး) များဖြစ်ပါသည်၊ ၎င်းဆည်တန်းများသည် သဲထည်းတွင် ပြုလုပ်ရပါ၍ မလွယ်ကူပါ သို့သော်လည်း လုံ့လ ဝိရိယ ထား၍ ပြုလုပ်ရပါသဖြင့်၊ စေတနာအလျှောက်အောင်မြင်ကြောင်းကို တွေ့ရှိရပါသည်၊

ဦးပါရဲ ကမ်းဆည်ရေး အဖွဲ့ဝင် များသည် စေတနာ့ဝန်ထမ်း မီးသတ် ရဲဘော်၏ အကူအညီကို ယူ၍ အထက် ရွာ ကုက္ကိုစုသောင်ပြင် ပေါ်တွင် ယာယီတဲ-ထိုး၍ ကမ်းဆည် ကြရသည်။



P

၁၉၅၈-ခုနှစ်မှ စ၍ အထက်ရွာ ကုက္ကိုစုက နေ၍ ဦးပါရဲ ဇေတီကြီး နှင့်တကွ ဟင်္သာတမြို့ကို ကမ်းပြိုဘေးမှလွတ်ကင်း အောင်ကာကွယ်ခဲ့သော ရေလွှဲ စပါး တန်း ကြီး ကြောင့် ၁၉၆၁ - ခုနှစ် တွင် ဟင်္သာတမြို့ လှဲ တန်းအထိ သောင်တန်း ကြီးများ ဖုံးအုပ်၍ ကမ်း ပြိုရပ်ခဲ့သော စပါးကြီး မှာ ယခုအခါ သောင် ကြီး ဖုံးအုပ် ကွယ်ပျောက်ရှာလေပြီ။ ရေထဲတွင် ရပ်နေသောသူမှာ ကန်းဆည်ရေး အတွင်းရေးမှူး ဦးကျော်လှဖြစ်သည်။





၁၃၂၁-ခု၊ ၁၉၅၉-ခုနှစ်တွင် ဟသ်ာတမြို့- လွတ် လပ် ရေး ကျောက်တိုင်ကို- လွတ်လပ်ရေး ကျောက်တိုင် တည်ဆောက်ရေး အဖွဲ့နှင့်- ဦးပါရဲ ဘုရား ကမ်း ဆည်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းလျှပ် စစ် အင်ဂျင်နီယာ ဦးကြည်ထွန်း နှင့် ဟသ်ာတခရိုင် ကောင်စီ၊ အင်ဂျင်နီယာ ဦးဘသိန်း တို့ အောင်မြင်စွာ ကြီးကြပ် တည် ဆောက်ပြီးဆီးသည်။



မီးသတ် ညွှန် ကြား ရေးဝန်ဟောင်း ဦးကံကြီး ဦးဆောင်၍ စေတနာ့ဝန်ထမ်း မီးသတ်ရဲဘော် များ သည် ကိုင်းခုတ် ဒလက် ချရန် သဲအိပ် များ ထည့် ပေးနေကြပုံ။

ပဌမနှစ်တွင် ပြုလုပ်သော ကမ်းဆည်ရေးအဖွဲ့၏လုပ်အားကြောင့် ဖြစ်ပေါ်လာသည့် သောင်မှာ ဧက (၅၀)ထက်မလျော့ကြောင်း တွေ့ရှိရပါသဖြင့် ဒုတိယနှစ်တွင် လုပ်အားများ ပိုမိုရရှိခဲ့ရာ သောင်များမှာ ပဌမနှစ်ထက် နှစ်ဆသာသာ ပေါ်ပေါက်လာပါသောကြောင့်၊ ကိုင်းလုပ်သား ဦးရေပေါင်း ၄၄၀ကို ဝေငှပေးခဲ့ စေပါသည်၊ ဉာဏ်၊ ဝိရိယ၊ စေတနာ၊ ကံဖြစ်စမြဲပင်၊

# ကမ်းဆည်ရေးအထူးကိစ္စတရပ်မှာ။

၁၊ ပြိုသောကမ်းများကို မပြိုရအောင် ပြုလုပ်ရသောအလုပ်ဖြစ်ပါသည်၊

၂၊ အဘယ်ကြောင့် ပြိုရပါသနည်းဟူသော လေ့လာချက်များကို အသေအချာ ကြည့်ရှုလေ့လာရပါသည်၊

(က) ရေစွယ်ထိုး၍ ပြိုခြင်းတရပ်၊ (အထက်ရေအား အောက်ရေအား။)

(ခ) ရေအားဖိ၍ ပြိုခြင်းတရပ်၊

(ဂ) ရေဝဲလှဲ၍ ပြိုခြင်းတရပ်၊

(ဃ) သင်္ဘောပန်ကာများ မှုတ်၍ပြိုခြင်းတရပ်၊

(င) သင်္ဘောများ တံတားမရှိပါဘဲ ဆိုက်ကပ်ရာတွင် သင်္ဘောဦးဖြင့်ထိုး၍ ကပ်သဖြင့် ပြိုခြင်းတရပ်၊

(စ) သင်္ဘောအထွက်တွင် သင်္ဘောနောက်ပိုင်းမှ ယက်အားဖြင့် ရေကိုမွှေပြီး ကမ်းသို့ ရိုက်စေ၍ ပြိုခြင်းတရပ်။

အထက်ပါပြိုခြင်း၏ အကြောင်းရပ်များကို လေ့လာပြီး ကမ်းဆည်မှသာ အောင်မြင်မည်ဖြစ်ပါသည်၊

အနောက်နိုင်ငံပါရဂူများ ရေးသားထားသော စာအုပ်များတွင် လေ့လာရ၊ မြို့တခုံ တနေရာတွင်ကမ်းရပ်တည်နေလိုပါက၊ (ကမ်းပြိုခြင်းမှကင်းဝေးလိုပါလျှင်၊) ၎င်းနေရာမှ အထက် မိုင် ၂၀၊ အောက်မိုင် ၂၀၊ ၏ ရေကြောင်းကို လေ့လာပြီးမှသာ ကမ်းဆည်ရေး အောင်မြင်ကြောင်း

ရေးသားထားသည်ကို တွေ့ရှိရပါသည်၊ ကျွန်တော်တို့၏ ကမ်းဆည်ရေး အဖွဲ့မှာ အစိုးရအကူအညီရသော အဖွဲ့မဟုတ်ပါ၊ ၅ ပြား၊ ၁၀ ပြားမှစပြီး မြို့လူထု စေတနာဖြင့် ထည့်လှူသော ငွေအင်အားချိနဲ့စွာနှင့် ပြုလုပ်ရပါသဖြင့် ပြိုသောနေရာမှ ခရီး မိုင်များများကြည့်ရှုမလုပ်ကိုင်နိုင်သောကြောင့် အထက် ကုက္ကိုရ ၃၊မိုင်ခန့် ဝေးသောနေရာမှစပြီး ပြုလုပ်သောင်ရွက်လင့်ကစား စေတနာဝိရိယအလျှောက်အောင် မြင်ကြောင်းကို မြို့လူထုကြီး၏၊ မျက်မြင်ဘဝသို့ ရောက်ရှိခဲ့ပါသည်၊

ငွေအင်အား ချို့တဲ့စွာဖြင့် အချိန်ကို လုယူ၍ ပြုလုပ်ရသော အလုပ်ဖြစ်သည် ကတကြောင်း ငွေများမှာ များများစားစားမရှိပါသဖြင့် လိုတော့မှတဖန် အလှူခံထွက်

၍ ကောက်ခံရသော ငွေများဖြင့်သာ ပြုလုပ်ရပါသောကြောင့် စရိပ်များမှာပိုမိုကုန်ကျသည့်အပြင် အချို့နေရာတွင် အချိန်နောက်ကြပါသဖြင့် အောင်မြင် သင့်သလောက်မအောင်မြင်ရခြင်းများကို တွေ့ရှိပါလျှက်နှင့် မလျှော့သော လုံ့လပိရိယကြောင့်သာ ယခုအခြေအနေဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ကျွန်တော်၏အနေဖြင့် မြို့လူထုကြီးအား ကျေးဇူးတင်စကား မပြောလျှင် မပြီးသောကိစ္စတရပ်ကိုလည်း ထပ်လောင်းပြောကြားလိုသည်မှာ ဟသ်ာတမြို့ ကမ်းဆည်ရေးကိစ္စသည် မြို့လူထုကြီးတရပ်လုံး၏ မကြားခြင်းသော ကိစ္စတရပ်ဟုပြောပါက လွဲမည်မထင်ပါ။ ကမ်းဆည်သောအကြံမ်ပေါင်းမြောက်များစွာ ပြုလုပ်ပါသော်လည်း ကမ်း၏အခြေအနေမှာ ရွှေပြောင်ပြောင် အထက်မှစပြီးမြို့ဈေးကြီးအထိနှစ်စဉ်ပြိုလျှက်နေခြင်းမှာ ရပ်နားသည်မရှိပါ၍ မြို့မိမြို့ဘ အပေါင်းတို့သည်။ တစတစ စိတ်ပျက်၍နေခြင်းတရပ်။ စိတ်အားလျှော့၍နေခြင်းတရပ်။ ၎င်းအခြေအနေအထဲမှ ကျွန်တော်အားကူညီပေးမှုမှာ ကျွန်တော် မျှော်လင့်သည်ထက် ပိုမိုတွေ့ရှိရပါသဖြင့် ကျွန်တော်၏မှန်ကန်မှုနှင့် တည့်မတ်မှုအပေါ် ယုံကြည်ခြင်းမှာ အကူအညီပေးခြင်းအားဖြင့် သိရှိရပါသောကြောင့် မြို့လူထုကြီးအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

အထက်ပေါ်ပြပါ ကမ်းဆည်ရာတွင် ကြည့်ရှုကြည့်ထိုက်သောလုပ်ငန်းများတွင်

(က) ရေစွယ်ထိုး၍ပြိုခြင်းတရပ်၊

ရေအားမှ အထက်မှ အောက်သို့ စီးဆင်းလာသော ရေအခြေအနေကို ကြည့်ရှုရပါမည်။ဥပမာ အထက်မြစ်ကြောင်းအကျယ်မှာ ပေ(၁၀၀၀)တတောင်ရှိပါလျှက်။ ကမ်းပြိုသော နေရာတွင် တဘက်ကမ်းမှ-တဘက်ကမ်း၏ အကျယ်မှာပေ(၅၀၀)ငါးရာရှိပါမူ ရေအားမှ $\frac{၁၀၀၀}{၅၀၀}$ ၂ ဆ၊ အထက်မှ အားထက်။ ၂-ဆရှိကြောင်းကို တွေ့ရှိရပါလိမ့်မည်၊ ဤကဲ့သို့ အချိုးအစားကို ကြည့်ခြင်းအားဖြင့် ရေအားမည်၍မည်မျှ ပိုမိုပြင်းထန်လာသည်ကို တွေ့ရှိရပါသည်၊

(ခ) တဖန်မြစ်ကြောင်းတွင် အထက်မှ မြစ်ပေါက်တပေါက်ရှိလင့်ကစား မိမိနေရာသို့ရောက်ရှိလာသော အချိန်တွင် မြစ်၌ မြစ်ပေါက် (မြစ်ကြောင်း။) ဘယ်နှစ်ခုရှိသည်ကို လေ့လာရပါမည်၊ ၎င်းရေပေါက်များမှာ မိုးတွင်းတွင် သုံးလေးပေါက် စလုံးမှစီးဆင်းနေပါသော်လည်း နွေဥတု-ပြာသို-လများတွင်အချို့ခမ်း၍ သွားပါသဖြင့်။ ၎င်းမြစ်ပေါက်များမှ စီးဆင်းနေသော ရေအားမှာ မြစ်ကြောင်းပိတ်၍သော်၎င်း။ တိမ်၍သော်၎င်း။ ရေစီးနည်းပါး၍သော်၎င်း။ဖြစ်ခဲ့ပါမူ။၎င်းရေအားများမှာတဘက်သို့ တိမ်းစောင်းပြီးရေနက်ကြောင်း၊ သို့မဟုတ်ရေစီးအားများသော မြစ်ပေါက်သို့လှဲ့လည်စီးဆင်းပြီး ရေအားပိုမို ပြင်းထန်လာ၍ ကမ်းပြိုခြင်းတရပ် ဖြစ်တတ်ပါသဖြင့်၊ ၎င်းအချိန်



တိုင်း လျှပ်စစ် အင်ဂျင်နီယာ ဦးကြည်ထွန်း ရေကြောင်း ဘက် ဆိုင်ရာ အင်ဂျင်နီယာချုပ်နှင့် ကမ်းဆည်ရေး လုပ်ငန်းများကို ဤသို့ တိုင်ပင်၍ လုပ်ကိုင်ခဲ့ရသည်။

★



စေတနာ့ဝန်ထမ်း မီးသတ် ရဲဘော် များ ကလည်း ကမ်း ဆည် ရေး အဖွဲ့ဝင် လူကြီးများ နှင့် အတူ တနင်္ဂနွေ နေ့တိုင်း ဝင်ရောက် ကူ ညီ လုပ်ကိုင်ခဲ့ကြသည်ကို တွေ့ရှိရသည်။

★



ခွန် အား ဗလ နှင့်ပြည့်စုံသော လုပ်သားများသာလျှင် ကမ်းဆည်ရာတွင် လုပ် အား ပေးနိုင်သည်ကို ဤပုံမှသိသာနိုင်ပေသည်။

★



ကမ်း ဆည် ကြရာတွင် ရေထဲသို့ပစ်ချလိုက်သော ကိုင်းထုတ် ဒလက်များပေါ်သို့ လူကိုယ်တိုင်လိုက်ပါပြီး မိမိတို့လိုရာသို့ မြှုပ်နှံ၍ကမ်းဆည်ကြရပေသည်။

★

၃ထပ်စပါးပုံ



ဒေါင့်မှမြင်ရပုံ



ရှေ့မှမြင်ရပုံ

ကမ်းမဆည်သေးမှီတည်ရှိနေသော ဟသ်ာတ ဆိပ်ကမ်းပုံနှင့် ၎င်းကမ်းကို စပါးခေါ် ရေလွှဲ သည့် တန်းများချထားစဉ်တွေ့မြင်ပုံ





ဦးပါရဲကမ်းဆည်ရေးအဖွဲ့တွင် အမျိုးသားများ နှင့်၊ ရင်ဘောင်တန်း ဆောင်ရွက် အားပေး လုပ်ဆောင်လျက်ရှိသော....

အမျိုးသမီးအာဇာနီ

**မြေပိုင်ရှင် အမှုဆောင်လူကြီး**

**ဒေါ်ဒေါ်မြ-မုံ။**




၁ထပ်စပါးပုံ




၂ထပ်စပါးပုံ

မရောက်ဒါ၊ (ရေကြောင်းများမပိတ်ဒါ) ၎င်းနေရာအထက်မှ ရွေးချယ်ပြီး၊ လှည့်၍ဆင်းလာမည့်ရေအားကို ကြိုတင်၍ ဆည်တန်းများ (စပါး)ဖြင့်၊ ကာကွယ်ပေးပါက၊ ကမ်းပြိုခြင်း သက်သာရမည်မှာ မလွဲတော့ပါ။

က-နှင့်-ခ-ကို၊ ယခုဖော်ပြသကဲ့သို့ ပြုလုပ်ရပါမည်၊ ဆည်တန်း (စပါး) များ ဆည်တန်းရိုက်ရာတွင် ရေစီးကြောင်း၏ မျှားသောဘက်ကြောင်းကို ကြည့်ရှုစစ်ဆေးပြီး ၎င်းရေစီးကြောင်း၏ ဒီဂရီ ၁၃၀နှင့်၁၄၀ အကြားတွင် တည်ဆောက်ရပါသည်၊ သို့မှ သာရေမှာ ပေါ်ပါးစွာ မြစ်ပြင်သို့ ကွာထွက်သွားပါသည်၊

ရေစီးကြောင်းဖြစ်သော နေရာတွင် ပြုလုပ်မိပါက ဆည်တန်းတွင် အခိုင်အမာပြုလုပ်ထားသော သစ်သားတိုင်များမှာ ရေတိုးပြီး အောက်ခြေတွင် ကျုံ့စေး၍ ထွက်သွားသောအလေ့အထရှိပါသဖြင့်၊ ၎င်းဘေးရန်မှ ကာကွယ်ရန် ၎င်းဆည်တန်း၏ အထက် ၁၀ ပေ အကွာမှ ဆည်တန်းအမိုင်း ဒီဂရီအတိုင်း ဒလက်များ ချပေးခြင်းအားဖြင့် ရေစီးအားမှာ ဒလက်များအပေါ်မှ ကျော်၍ စီးဆင်းရသောကြောင့် တိုင်ခြေသို့ထိုးဆင်းသော ရေအားမှာ ပြော့၍သွားပြီး သဲများဝတ်ပါတော့သည်၊

(ဂ) ရေဝဲလှဲ၍ပြိုခြင်း၊ ရေဝဲလှဲ၍ ပြိုခြင်းကို ရေဝဲများအား သတ်ခြင်း၊ (ရေဝဲရပ်စဲအောင် ပြုလုပ်ခြင်း) အားဖြင့်၊ အောင်မြင်နိုင်ပါသည်၊ ရေဝဲလှဲ့ခြင်းကို ပဌမအနေနှင့် ဆည်ဘန်း (စပါး) ထိပ်မှသော်၎င်း၊ ကမ်းဘေးတွင်သော်၎င်း၊ ရေဝဲလှဲ၍ နေပါမူ၊ ကမ်းပြိုတော့မည်မှာ မလွဲတော့ပါ၊

၎င်းအချိန်အခါမျိုးတွင် ရေဝဲကို အသေအခြာကြည့်ရှုပြီး ညာဝဲလှဲ- သို့မဟုတ် ဘယ်ဝဲလှဲ ဆိုသည်ကိုလေ့လာရပါသည်၊ လေ့လာပြီးလျှင် ဝဲလှဲ့သော နေရာတွင် ဓရုပတ်ကိုကြည့်ရှုပြီး အဆုံးမှနေ၍ ဝဲကို တစတစအဖျားထိအောင်သတ်ရပါသည်၊

ဝဲများသတ်ရာတွင် ဥပမာ လူစီကားသော ပွဲထဲသို့ပြေးသောသူနှင့် လူရှင်းသော နေရာတွင် ပြေးသောသူကဲ့သို့ အလားတူပါသည်၊ လူများသောနေရာတွင် ခြေရှုပ်၍ ပြေးခြင်းသလောက်ပြေး၍ မရသလို လူရှင်းသောနေရာတွင်ကား အမြန်ပြေးနိုင်စွမ်းရှိပါသည်၊

ထိုကဲ့သို့ ဝဲလှည့်လည်သော နေရာတွင် လှည့်နေသော ဝဲအားခြေရှုပ်စေရန်လုပ်ဆည့်အလား ရေလမ်းများ ကွေ့ကောက်သွားစေရန်၊

**ဝါးနက်များ၊** အဖျားတွင် အရွက်များများပါသော ဝါးနက်များကိုခေါက်ထိုးချရပါသည်၊ ချသောအခါဝါး၏အနေအထား အလုံးကို ကြည့်ပြီး သဲအိပ် ၁ အိပ် ၂ အိပ်၊ ၃ အိပ်နှင့် ဝါးအားကိုကြည့်ပြီး သဲအိပ်ဆွဲ၍ ချရပါမည်၊ အကယ်၍ သဲအိပ်

ပေါ်ပါမူ၊ ၎င်းဝါးသည် ဝဲအားဖြင့်မျော၍သွားပါလိမ့်မည်၊ ဝဲအားကိုကြည့်ရှုပြီး ကွက်စိတ်ကွက်ကြဲချ၍ပေးပါ၊ ဝဲအားနည်းလျှင် ကွက်ကြဲဖြင့်သက်သာနိုင်ပြီး ဝဲအားများသော် ကွက်စိတ်ဖြင့်သာ တားဆီးနိုင်ပါသည်၊

ကမ်းဆည်သောအခါ မိမိနေရာတွင်ပြုလုပ်သင့်သောအလုပ်၊ မိမိနေရာအထက်တွင် ပြုလုပ်သင့်သောအလုပ်ဟူ၍ နှစ်မျိုးနှစ်စားရှိပါသဖြင့် မြစ်ကမ်း၏ အခြေအနေပေါ်တွင် တည်ရှိပါသည်၊ တည်ရှိရခြင်းအကြောင်းရင်းမှာ မြစ်ကမ်းသည် ဖြောင့်၍နေပါသလား၊ ကောက်၍နေပါသလား၊ ခွက်၍နေပါသလားဆိုသည်ကို ကြည့်ရှုပြီး ပြုလုပ်ဆောင်ရွက်ပါမူ၊ အောင်မြင်မှုရ၍ ငွေကုန် ငွေကြေးနည်းပါးပါလိမ့်မည်၊

(ဃ) သဘော်ပန်ကာများ၊ ယခုလက်ရှိ မြစ်ရိုးတလျှောက်တွင် ကုန်များ၊ လူများ သယ်ယူပို့ဆောင်နေကြသော တထပ်မော်တော်၊ ၂ ထပ်မော်တော်သဘော်များမှာ ရေစူး၊ ၃ပေမှ ၉ပေ ခန့်ထိရှိကြရာ မြစ်ရေနက်သောနေရာတွင် ခုတ်မောင်းနေစဉ် ၎င်းသဘော်များ၏ ပန်ကာခုတ်ရာမှ ထွက်သောရေအားမှ ရေအောက်ရှိမြေပြင်သို့ ရိုက်ခတ်ခြင်းငှာ မတတ်နိုင်ပါ၊ ရေ ၅ ပေမှ ၁၀ ပေ၊ ၁၂ ပေရှိသော နေရာတွင် စက်အားပျင်းပြစွာ ခုတ်မောင်းခဲ့ပါလျှင် ပန်ကာအားမှ ထွက်သော ရေအား-ရေလုံးများမှာ ရေအောက်မြေပြင်ကို ရိုက်ခတ်စေပြီး၊ တဖြေးဖြေးရေသည် တိမ်ရာမှနက်၍လာပါသဖြင့် ရေအားများ မိစပြုပြီး ရေအားသန်၍ လာပါသဖြင့် ကမ်းပြိုခြင်းကို အားပေးစေခဲ့ပါသည်၊

(င) သင်းဘောများမှာ ဆိပ်ခံသမ္ဗာန်သော်၎င်း၊ ဝင်းတားများသော်၎င်း၊ မရှိပါက သင်းဘောဆိုက်ကပ်သောအခါ အရှိန်နှင့် ကမ်းကို သင်းဘောဦးဖြင့် ထိုး၍ကပ်သောကြောင့် ကမ်းဘားပဲ့ခြင်း သင်းဘောများ ဆိုက်ကပ်စဉ် သင်းဘောများ မိမိနေလိုသော အနေအထားကြံစေရန် ဆိုက်ကပ်ရသဖြင့် ကမ်းနှင့်နီးကပ်ပါမှ စက်အါးဖြင့်အလိုရှိသော နေရာသို့ ရွှေ့၍ဆိုက်ကပ်ရပါသောကြောင့် ပန်ကာရေအားမှာ ကမ်းခြေသို့ ရေလုံးရိုက်၍ ပြိုခြင်း၊ သင်းဘောဦးမှာ ထိပ်စုပြီး အလည်ကိုယ်ထည်သို့ရောက်ပါမူ ကား၍နေစေခြင်းမှာ သင်းဘောများ၏ သဘာဝပုံပင်ဖြစ်ပါသည်၊ ၎င်းသင်းဘော သဘာဝပုံများမှာ သင်းဘောဦးမှာ ကမ်းသို့အကျယ် (အကွာအဝေး) မှာ၊ ၆ပေရှိပါမူ၊ သင်းဘောကိုယ်အလည် (ငါးပိုင်း) နှင့် ကမ်းမှာတပေခန့်သာ ဝေးပါသဖြင့်၊ ဦးမှဝင်လာသော ရေမှာ အကျယ်နေရာမှဝင်၍ အကျဉ်းနေရာမှ ထွက်ရပါသဖြင့် ရေအားပိုမိုပြင်းထန်၍ ကမ်းပြိုခြင်းတရပ်၊



ဟာသ်ာတမြို့၊ မြစ်ကမ်းဆည်ရာတွင် ခရီးအရောက်ဆုံးဖြစ်၍ သောင်ပြင်ကြီးများ ကြည့်လို့မဆုံးနိုင်အောင် ပေါ်တွက်လာအောင် ရှေ့တန်းမှ-အရေးပါလှသော (ဒလက်) မှာ ဤကဲ့သို့ ပြုလုပ်ရပါသည့် ရင်းကိုင်းပင်များကို ဝါးလုံး ၄-လုံး နှင့် ညှပ်၍ ကျစ်နဲ ဖြင့် ၇-ချက် စီးရပါသည်။ တခုတခုကြားတွင် ကိုင်းဒုတ်ကို ၃-တွာခန့်စီ ရှိသော ကိုင်းပင်များကို သွင်းပြီးလျှင် ၄-ဘက်လေး လန် အစွန်းထွက် နေအောင် လုပ်ရသော ကြောင့် (ဒလက်) ဟူ၍ ခေါ်တွင်နိုင်သော ပုံစံမှာတဘက်ပါ မှုအတိုင်းဖြစ်ပါကြောင်း။



စေတနာ့ဝန်ထမ်း မီးသတ်ရဲဘော်များသည် အလုပ်မစမှီစိန်ခေါ်ရတနာကုန်သည် ဦးဘဘွားနှင့် ဦးရွှေမောင်း တို့၏ ငါးချောက် ကျော် ကောက်ညှင်း ပေါင်း များ ဝေငှသည်ကို စီတန်း၍ စောင့်ဆိုင်းနေကြပုံ။

ဦးပါရဲ ကမ်းဆည်ရေး အမှုဆောင်များ နှင့် စေတနာ့ဝန်ထမ်း မီးသတ် ရဲဘော်များသည်။ ဟသ်ာတမြို့ တဘက်ကမ်းရှိ ဆောင်စွယ်ကို ချူးပေါက်နေကြပုံ။





စေတနာ့ဝန်ထမ်းမီးသတ် ရဲဘော်များ သည် မီးသတ် အလံကြီး ကို ဆောင်ပြင်ပေါ်တွင် လွှင့်ထူထားကြပုံ။

(စ) သင်းဘောများမှာ ထွက်ခွာသည့်အခါ သင်္ဘောဦးကို မြစ်ပြင်သို့ ပဋ္ဌမ ဦးလှည့်ပြီးမှ ထွက်ခွာရသော သဘာဝတွင် တည့်ရှိနေရခြင်းကြောင့် သင်္ဘောများ ထွက်ခွါခဲ့ပါမူ သင်္ဘောပဲ့ပိုင်းပန်ကာမှ ကမ်းသို့ မှုတ်ပြီး ထွက်ရပါသဖြင့် ဆိပ်ခံ တံတားမရှိသော သင်းဘောဆိပ်များတွင် ပန်ကာအားမှ ကမ်းခြေနှင့် အနီးဆုံးနေရာ တွင် ခုတ်မောင်း၍ ထွက်ရပါသောကြောင့် ကမ်းပဲ့ခြင်းတချပ် အကယ်၍ တံတား ရှိပါမူ အဝေးမှနေ၍ပန်ကာအားဖြင့် တွန်းစေကာမူ မထိခိုက်စေပါ၊ သို့ပါ၍ဆိပ်ခံ သော်၎င်း၊ တံတားသော်၎င်း ရှိစေခြင်းအားဖြင့် ကမ်းအပြိုသက်သာစေနိုင်ပါသည်။

အထက်ပါကမ်းပြိုရပ်များမှာအကျဉ်းရုံး၍ဖေါ်ပြထားခြင်းမျှသာဖြစ်ပါသည် သို့သော်လည်း ၎င်းအကျဉ်းဖေါ်ပြထားလင့်ကစား လေ့လာ၍ ပြုလုပ်ပါက ကမ်း ပြိုသက်သာနိုင်မည်ဖြစ်သည်၊ အကျယ်ချဲ့၍အသေးစိတ်တင်ပြရန် ကြိုးစားပါသော် လည်း အချိန်အားဖြင့်သော်၎င်း၊ စာအုပ်နေရာအားဖြင့်သော်၎င်း၊ အနီးပေးသာရှိ ပါသောကြောင့် အသေးစိတ်တင်ပြနိုင်စွမ်း မရပါသဖြင့် ယခုကဲ့သို့ အကျဉ်းချုပ် တင်ပြရခြင်းဖြစ်ပါကြောင်း။

(ပုံ) ကြည်ထွန်း။

ရေဝတီ-တိုင်းလျှပ်စစ်အင်ဂျင်နီယာ၊

ဟင်္သာတမြို့၊

# (နိဂုံးချုပ်)

မန္တလေးကျောင်း – ဆရာတော်

(အသျှင်အာသဘ)'

ဧတ္တာဝတာစ၊ ပုညဝန္တ ပုဂ္ဂလဝါသဘူတဿ၊ ဟံသာဝတ နဂရဿမဇ္ဈိမေ၊ မဟာထူပေဟိ ဥပသောဘိတော၊ ဥဒပါနာ-ဝါသာဒိသမ္ပန္နာ-ဝိဝေ ကိန္နိ တာနံ၊ ဥပသေဝိတော၊ မြစ်ကွေးပိဟာရေတိ၊ အတိပါကဋော၊ မဟာရာမေအည္ဆို၊ တဘ္ဘ ဝသန္တဿ၊ သာဒ္ဓကထေ၊ ပိဋကညူယော၊ ကောဝိဒဿ၊ ဂန္ထန္တရ ဗဟုဿုတဿ တိက္ခ၊ ဂမ္ဘီရ၊ သူရ၊ ဇဝန၊ ဟာသ၊ ဉာဏောဟိ၊ သမ္ပန္နာဂတဿ၊ အနေကာသိသော ဟိ ပရိရတဿ၊ ဝိနယဂရုနော၊ လဇ္ဇီပေသလဿ၊ သိက္ခာကာမဿ၊ မဟာထေ ရဿ၊ သိဿဘူတေန၊ ဂဏဝါစက၊ ဓမ္မကထိက၊ ဝိနယဓရ၊ ကမ္မဋ္ဌာန၊ စရိ ယောတိ၊ ဝိသုတေန၊ သဒ္ဓမ္မဇ္ဈောတိကာမေန၊ (အာသဘောတိ) ဂရူ ဟိ၊ ဂဟိတနာ မဓေယျေန ထေရေန၊ ဟံသာဝတ နဂရဿ ဥပ္ပတ္တိ ကရဏံ၊ ပကာသေတွာ၊ မဇ္ဈဗုဒ္ဓိနံ အတ္ထာယ၊ ရစိတော၊ အယံ ဂန္ထော အနန္တရာယေန နိဋ္ဌိတော။ ။

ကျမ်းပြီးအောင်မြင် နိဂုံးတင်အံ့၊ ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသောစကားအစဉ်ဖြင့်၊ ပုညဝန္တ ပုဂ္ဂလဝါသဘူတဿ၊ ရှေးဘုန်းရှေးကံ ဆိုးဆော်ဘန်သူအဘိုးတန်သော သူတော်ကောင်း သူမြတ်လောင်းတို့၏၊ နေရာဖြစ်၍ ဖြစ်ထသော ဟံသာဝတ နဂရဿ၊ ညို့ညို့ မှိုင်းမှိုင်း ရှုတိုင်းဝေဆာ မြို့ဟင်္သာ၏၊ မဇ္ဈေ၊ အလယ်ချက်ဘွေ ဗဟိုရ်မြေ၌၊ မဟာထူပေဟိ၊ မြို့သူမြို့သား သဒ္ဒါပွား၍၊ တည်ထားကိုးကွယ်အပ်သော၊ စေတီတော်မြတ်ကြီးတို့ဖြင့်၊ ဥပသော ဘိတော၊ ဖူးမြင်ရသူများ ဗိုလ်လူတို့ ကြည်ဖြူသဒ္ဒါ တက်ကြွလာအောင်၊ သာယာတင့်တယ်၊ စံပါယ်တော် မူထသော၊ ဥဒပါနာ ဝါသာ ဒိသမ္ပန္နော၊ ရေတွင်း ရေကန် ကျောင်းဇိမာန် နှင့်၊ အာရာမ်အစရှိသည်တို့၊ ပြည့်စုံစွာထသော၊ ဝိဝေကိန္နိ တာနံ၊ ကာယ,စိတ္တ, ဝိဝေကကို၊ လိုတရည်မှန်း မြတ်ရဟန်းတို့၏၊ ဥပသေဝိတော၊ မှီခဲဆည်းကပ် သုံးနေအပ်ထသော၊ မြစ်ကွေးပိဟာရေတိ၊ ဟိုယခင်ရှေး, အမည်ပေးလိုက်, မြစ်ကွေးတိုက်ဟူ၍၊ အတိပါကဋော၊ တိုင်းဘောင်ကျော်ကြား၊ အလွန်လျှင် ထင်ရှားစွာထသော၊ မဟာအာရာမေ၊ စိတ်နေနှလုံး၊ ကြည်ရွှင်ပြုံးလျက်၊ ကုန်လုံအေးမြ ဘေးမဲသော ကျောင်းတိုက်မည်ဟာ၊ အာရာမ်ကြီးသည်၊ အတ္ထိ၊ ရှိခဲ့လေသတည်း။ ။

(တဏ္ဍ သဒ္ဒိ အာရာမေ) တင့်တယ်သိုက်မြိုက် ဂုဏ်ပေါင်း ဆိုက်သော ထိုကျောင်းတိုက်ကြီး၌၊ ဝသန္တသာ၊ လာဘာ,လာဘာ လောကဓမ်ကို၊ သည်းခံနိုင်ဘိ၊ သမိမာဖြင့်၊ ပကတိနှလုံး၊ ရွှင်ကြည်ပြုံးလျက်၊ သီတင်းသုံးနေထိုင်၊ မည်မွေးကြိုင်ထသော သာဓကထေ၊ အဓိကထာနှင့်တကွသော ပိဋကတ္တယ၊ ပိဋကတ်သုံးပုံ၊ ကျမ်းမျိုးစုံ၌၊ ကောဝိဒသ၊ ဂဏ္ဌိဒွာန ဓိပ္ပါယ စသည်တို့နှင့်တကွ၊ ပိနိစ္ဆယ ဉာဏ်ပါ၊ ရင့်သန်လိမ္မာတော်မူထသော၊ ဂန္ထတ်ိရ ဗဟုဿုတသ၊ ပါဠိအဋ္ဌကထာ၊ ဋီကာ, အနုမဓု ဂဏ္ဌိ၊ နေတ္တိတခန်း၊ ဆန်းအလင်္ကာ၊ သဒ္ဒါ၊ မောဂ္ဂလာန်၊အဘိဓာန်၊ ဗျာကရုဏ်း၊ စသောကျမ်းအထူးထူးတို့၌၊ ဆည်းဘူးအပ်သောပါရမီအဟုန်တို့ကြောင့်၊ အာဂုမ်ပါဋ္ဌ နေရာတိုင်းမိသဖြင့်၊ ကဝိတာဆု ရည်တူလွန်ရှား၊ များသောအကြားအမြင်မှိုထသော၊ တိက္ခ ဂမ္ဘိရ၊ သုရ၊ ဇဝန၊ ဟာသ၊ ဉာဏောဟိ၊ ထက်သန်နက်နဲ၊ ရင့်ရဲ၊ လျှင်မြန်၊ ရွှင်သောဉာဏ်တို့နှင့်၊ သမ္မန္နာဂတသ၊ ပြည့်စုံထသော၊ အနေကသိဿဟိ၊ အရာမက များပြားလှသော၊ တပြည့်အပေါင်းတို့ဖြင့်၊ ပရိဝုတသ၊ ခန္တီမေတ္တာ၊ ဂရုဏာအင်-စည်ပင်သန်ထွား၊ ယင်းတရားကြောင့် ထံပါး ဆည်းကပ် ခြံရံအပ်ထသော၊ ပိနယဂရုနော၊ ပိနည်းကိုအလေးပြုထသော လဇ္ဇီပေသလသ၊ မကောင်းမှု၌ရှက်တတ်၊ သီလကိုချစ်မြတ်နိုးထသော သိက္ခာကာမသ သိက္ခာသုံးပါး ကျင့်တရားကို လိုလားတောင့်တခြင်းရှိထသော၊ မဟာထေရသ၊ စတုဿြမြောက်ကျေးဖူးတော်ရှင်မြစ်ကွေးဆရာတော်မဟာထေရိမြတ်ကြီး၏၊ သိဿာဘူတေန၊ ထံပါးကပ်ချင်း တပြည့်ရင်းဖြစ်၍ ဖြစ်ထသော၊ (ဂဏဝါစက,ဓမ္မကထိက, ပိနယဓရ,ကမ္မဋ္ဌာနာ စရိယောတိ) စာချ ဓမ္မကထိ၊ ပိနယဓရ-ကမ္မဋ္ဌာနာ စရိယ သမုတိရသဖြင့်၊စာချဓမ္မကထိက၊ ပိနည်းဓုိရ် ကမ္မဋ္ဌာနာ စရိယ၊မန္တလေးဆရာတော်ဟူ၍၊ပိသုတေန၊ ထက်အောက်ကျော်ညာ၊ ဝေဆာပြံ့ပြော ထင်ရှားကျော်ဇော်ထသော (ဝါ)ပိလုတေန၊ ဗုဒ္ဓဘာသာ ထွန်းကားရာတွင် လွန်စွာထင်သိ၊ပြံ့ပြောခြင်းရှိထသော သဒ္ဓမ္မဇ္ဇောတိကာမေန၊ အဓွန့်အရှည်လျှား၊ သူတော်ကောင်းတရား၏ တည်တန့်ထွန်းကားခြင်းကိုသာ အလိုရှိထသော၊ (အာသဘောတိ)(သိရီအာသဘာ ဟူ၍၊ ဂရုနော၊ ကျောက်သီးတန္တု အလေးပြုအပ် ဆရာမြတ်တို့သည် ဂဟိတနာ မဓေယျေန၊ဥပါဒ်၊ ဖုတ်လာဘ်-စီစဉ်လတ်၍၊နာမပညတ်၊ မှည့်ထတ်ခေါ်ဝေါ် ပေးသနားတော်မူအပ်သော အမည်ရှိထသော၊ ထေရေန၊ မန္တလာအာသဘာ အမည်ထူးရသော မထေရ်သည်၊ ဟံသာတနဂရ သ၊ဟာသ်ာတင်ြို့၏၊ဥပုဋ္ဌိ ကရဏံ၊ ဖြစ်ပုံခြင်းရာ သမိုင်းစာကို၊ ပကာ

သေတွာ၊ ရဟန်းရှင်လူ၊ ခပ်သိမ်းသူတို့။ ယုံမှားကင်းပျောက်၊အလင်းရောက်အောင် ချင့်ထောက်ရှာဖွေ၊ ထင်ရှားစွာပြလေပြီး၍၊မန္တဇုဋ္ဌိနံ၊ နှလုံးရင့် ပညာနု သောသူတို့၏။ အတ္တာယ၊ လောကုတ်-လောကီ-နှစ်လီတိုးပွား အကျိုးများကြစေခြင်းငှာ၊ ရစိတော ရေးသားပြုပြင် စီရင်အပ်သော၊ အယံဂန္ထော (ဤဟာသ်ာတ သမိုင်းကျမ်းသည်) အနန္တရာယေန၊ ဥပဒ်အသွယ်သွယ်၊ အန္တရာယ်ဟူသရွေ့ မြူမစေ့သဖြင့်၊ နိဋ္ဌိတော၊ ချမ်းမြေ့ကြည်လင် အောင်မြင်ပြီးမြောက်၊ ဆုံးခဏ်းသို့ရောက်လေတော့သတည်း။ ။

(ဟာသ်ာတမြို့-မန္တလေးကျောင်းတိုက်ကြီး၏ ဦးစီး ဥက္ကဋ္ဌ သံဃာ့နာယက, ဂဏဝါစက၊ သာသနာပြု ဓမ္မကထိက၊ကမ္မဋ္ဌာနာစရိယ၊ ၂၆ ဝါရပြီး၊သိရီအာသာဘမည်သော မဟာထေရ်သည်၊စုဆောင်း ရေးသားစီရင်၊ကူးချအပ်သော၊ ဟာသ်ာတ သမိုင်းကျမ်းသည်၊ သာသနာတော် သက္ကရာဇ် (၂၅၀၄) သက္ကရာဇ်)(၁၃၂၂) ခုနှစ် နတ္တော်လပြည့်၊ သောကြာနေ့၊ (၁-၁၂-၆၀၊)ခု၊နေ့တွင် ပြီးစီးအောင်မြင်သတည်း၊

၁-၁၂-၆၀။

ပဍ္ဍ ဂုဏာံ၊ အဟံ ဝန္ဒာမိ



# ဦးကံကြီး။

A.M.F.P.A. (london) A.M.N.F.P.A.(Bostom)

ဟသ္သာတခရိုင်-မီးသတ်တာဝန်ခံ-ဗိုလ်မှူးဟောင်း

နိုင်ငံတော်အစိုးရ-မီးသတ်ဌာန-ဒုတိယ ညွှန်ကြားရေးဝန် (ပင်စင်) နိုင်ငံတော်အစိုးရ

မီးသတ်သိပ္ပံ ကျောင်းအုပ်ကြီးနှင့်-ကထိကချုပ်ဟောင်း။

ဗမာနိုင်ငံလုံးဆိုင်ရာ-မီးသတ်အစည်းအရုံးကြီး ဌာနချုပ်-ဒုတိယ-ဥက္ကဋ္ဌဟောင်း။

ဟသ္သာတမြို့-ဒို့ပါရဲဘုရား-ကမ်းဆည်ရေးအကျိုးဆောင် စာရင်းစစ်။

ဟင်္သာတမြို့

## ဦးပါရဲဘုရားကြီးကမ်းဆည်ရေးအဖွဲ့

၂၀-၁၁-၅၈ မှ ၃၁-၁၀-၆၀ ခုထိ

# ရသုံးငွေစာရင်းရှင်းတမ်း

(၂) ဟသ်ာတမြို့။ ဦးပါရဲဘုရားကြီး မပြိုပျက်ရန် ၂၀-၁၁-၅၈။မှ ၃၁-၁၀-၆၀-ခုအထိ။ (၁၃၂၀-ခုနှစ်။ တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့မှ ၁၃၂၂-ခု။ တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့အထိ)

**ကမ်းဆည်ရာ၌။ ရသုံးငွေ စာရင်းရှင်းတမ်း။**

# အလှူတော်ငွေ ကောက်ခံရရှိသော စာရင်းချုပ်။

| အမှတ်စဉ် | အကြောင်းအရာများ | အလှူငွေပေါင်း | |
|---|---|---|---|
| ၁။ | ဦးပါရဲဘုရားကြီးရှေ့၌ ထားသည့် ကမ်းဆည်ရေး အလှူခံသေတ္တာမှရငွေစုစုပေါင်း | ၃၉၂၈ | |
| ၂။ | ကံစျေး (စပါးတန်း)မှ ရငွေပေါင်း | ၂၇၅၀ | |
| ၃။ | လှည်းတန်း (စပါးတန်း)မှ ရငွေပေါင်း | ၂၀၀၀ | |
| ၄။ | လက်သွားတောင်ရပ်ကွက်ကာကွယ်ရေးအဖွဲ့ ပုံငွေမှလှူငွေ | ၂၂၀၆ | ၂၀ |
| ၅။ | ဦးပါရဲစေတီတော် ဘဏ္ဍာတော်မှချေးငွေ | ★ ၄၀၀၀ | |
| ၆။ | ဦးပါရဲဘုရားကြီး ခြေတော်ရင်း၌ ကျောက်တန်း ဆည်ရန် တိုင်ဘိုးအလှူငွေ (နောက်ဆက်တွဲစာရင်းအကျယ်ရှင်းတန်း 'က' ကိုကြည့်ပါ) | ၂၀၁၅ | |
| ၇။ | ဦးပါရဲဘုရားကြီးခြေတော်ရင်း၌၊ ကျောက်တန်းဆည် ရန် ကျောက်ဘိုးအလှူငွေ (နောက်ဆက်တွဲစာရင်းအကျယ်ရှင်းတန်း 'ခ' ကိုကြည့်ပါ) | ၁၂၀၃ | ၁၅ |
| ၈။ | အရပ်ရပ်မှ အထွေထွေလှူဒါန်းကြသည့် ငွေပေါင်း (နောက်ဆက်တွဲစာရင်းအကျယ်ရှင်းတန်း 'ဂ' ကိုကြည့်ပါ) | ၂၆၀၂၈ | ၇၅ |
| ၉။ | မော်တော်များဆိုက်ကပ်ရန်။ တံတား ဆောက်ပေးရန် ကိုတင်ရွှေ ဒေါ်အေးစိန် တို့၏။ အလှူငွေ | ၂၀၀ | |
| ၁၀။ | သက်ငယ်ဟောင်းနှင့် ထင်းများရောင်းရငွေ | ၁၃၅ | |
| ၁၁။ | သင်္ဘော မော်တော် သမ္ဗန်။ လှေများမှ အလှူငွေ (နောက်ဆက်တွဲစာရင်းအကျယ်ရှင်းတန်း 'ဃ' ကိုကြည့်ပါ) | ၁၇၃၃ | |
| ၁၂။ | မြို့မကောင်စီမှ အလှူငွေ | ၆၀၀၀ | |
| ၁၃။ | လက်သမားမြောက် ကင်းအဖွဲ့ ပုံငွေမှလှူငွေ | ၁၅၀ | |
| ၁၄။ | ဘုရားပွဲတော်မှ အထွေထွေကောက်ခံရငွေပေါင်း (နောက်ဆက်တွဲစာရင်းအကျယ်ရှင်းတန်း 'င' ကိုကြည့်ပါ) | ၁၄၆၃၉ | ၁၅ |
| ၁၅။ | ဝါးဟောင်းများ ရောင်းရငွေပေါင်း | ၄၄၁ | ၈၅ |
| ၁၆။ | ဓာတ်ပွဲများမှ လှူဒါန်းသည့်ငွေများ | ၆၃၂ | ၂၀ |
| | ကောက်ခံရသည့် အလှူငွေစုစုပေါင်း .... | ၆၈၀၇၂ | ၃၀ |

★ မှတ်ချက်။ ဘုရားကြီး ဘူးတင်ပွဲစာရင်းအကျဉ်းချုပ်ရှင်းတမ်းအရ ၂၀၀၀။ ပေးဆပ်ပြီး

ဟသ်ာတမြို့-ဦးပါရဲဘုရားကြီး မငြိမ်းပျက်ရန်။ ၂၀-၁၁-၅၈ နေ့မှ၊
၃၁-၁၀-၆၀ နေ့ထိ။ (၁၃၂၀-ခုနှစ်။ တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့မှ ၁၃၂၂ခုနှစ်
တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့အထိ) ကမ်းလှည့်ရာ၌ ရသုံးငွေစာရင်းရှင်းတမ်း။

## ကုန်ကျသည့်ငွေစာရင်းချုပ်။

| အမှတ်စဉ် | အကြောင်းအရာများ။ | ကုန်ငွေစုစုပေါင်း | |
|---|---|---|---|
| ၁။ | သစ်တိုင် ဝယ်ရာ၌ ကုန်ကျသည့် ငွေပေါင်း။ | ၆၀၁၉ | ၉၀ |
| ၂။ | မျှောတိုင် ၎င်း ၎င်း ၎င်း | ၂၃၄၀ | |
| ၃။ | သစ်ခြမ်း ၎င်း ၎င်း ၎င်း | ၂၅၃၃ | ၃၅ |
| ၄။ | ဝါးဘိုး။ ဝါးနက်။ မျှင်ဝါး။ တင်းဝါး။ ကြခတ်ဝါး။ သိုက်ဝါး။ ဝယ်ရာ၌ ကုန်ကျသည့်ငွေပေါင်း.... | ၈၄၉၀ | ၉၅ |
| ၅။ | မှိုသီများနှင့် သံပုံးများ ၎င်း | ၉၀၇ | ၉၅ |
| ၆။ | ဆောက်သံ ၎င်း | ၆၆၁ | ၆၀ |
| ၇။ | သွ၊ ရဲတင်း၊ တူ။ ၎င်း | ၃၄ | ၂၀ |
| ၈။ | ကျင်တွယ်နှင့် ပလာယာ ၎င်း | ၉ | ၅၀ |
| ၉။ | စက်သီးနှင့် စပါနာ ၎င်း | ၃၇ | |
| ၁၀။ | လွန်ရှော၊ လွန်သွားနှင့်တံစီးများ ။ | ၂၆ | ၃၀ |
| ၁၁။ | ကျောက်ဆူးနှင့်သံဂေါ်ပြားများ ။ | ၄၉ | ၅၀ |
| ၁၂။ | ဓာတ်ဆီ ။ | ၃၁၀ | ၆၀ |
| ၁၃။ | ဗြဲယ်ဆီ ။ | ၁၁၅ | |
| ၁၄။ | စက်ဆီနှင့် ရေနံဆီ ။ | ၁၈ | |
| ၁၅။ | တာချပင်ဆီ ။ | ၃ | ၅၀ |
| ၁၆။ | ဆီစိမ်ကြိုး။ နွယ်ကြိုး။ ချည်ကြိုး။ သွပ်ကြိုး။ | ၁၀၂၄ | ၄၅ |
| ၁၇။ | ကြိမ် ။ | ၂၆၄ | ၈၀ |
| ၁၈။ | ကြူထရံ၊ ဝါးထရံ နှင့်-ဖျာများ ။ | ၆၀၇ | ၅၀ |
| ၁၉။ | နှီး ။ | ၇၈ | ၃၀ |
| ၂၀။ | ကိုင်းထုပ် ။ | ၃၈၄၂ | ၅၀ |
| ၂၁။ | အုန်းဆန်ကြိုးအမျိုးမျိုး ။ | ၁၀၃၆ | ၈၅ |
| ၂၂။ | ဂုန်နီအိပ် ။ | ၁၀၈၁ | ၂၅ |
| ၂၃။ | လှည်းခပေးငွေ ။ | ၂၉ | |
| ၂၄။ | သဲအိပ်အတွက် ပေးရငွေ ။ | ၄၉၅ | |
| ၂၅။ | ဆိုက်ကားခ ။ | ၁၃ | ၁၀ |
| | ကုန်ကျသည့်ငွေစုစုပေါင်း.... | ၃၁၆၃၈ | ၁၀ |

(၄)

ဟသ်ာတမြို့။ ဦးပါရဲဘုရားကြီး မပြိုပျက်ရန် ၂၀-၁၁-၅၈။မှ
၃၁-၁၀-၆၀-ခုအထိ။ (၁၃၂၀-ခုနှစ်။ တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့မှ
၁၃၂၂-ခု။ တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့အထိ)
ကမ်းဆည်ရာ၌။ ရသုံးငွေ စာရင်းရှင်းတမ်း။

## အလှူတော်ငွေ ကောက်ခံရရှိသော စာရင်းချုပ်

| အမှတ်စဉ် | အကြောင်းအရာများ | အလှူငွေပေါင်း | |
|---|---|---|---|
| | တဘက်စာရင်းမှအဆက် | ၆၀၁၂ | ၃၀ |
| | ကောက်ခံရသည့် အလှူငွေရပုံပေါင်း.... | ၆၀၁၂ | ၃၀ |

ဟသ်ာတမြို့-ဦးပါချဲဘုရားကြီး မပြုပျက်ရန်၊ ၂၀-၁၁-၅၈ နေ့မှ၊ ၃၁-၁၀-၆၀ နေ့ထိ၊ (၁၃၂၀-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့မှ ၁၃၂၂ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့အထိ) ကမ်းဆည်ရာ၌ ရသုံးငွေစာရင်းရှင်းတမ်း၊

# ကုန်ကျသည့်ငွေစာရင်းချုပ်၊

| အမှတ်စဉ် | အကြောင်းအရာများ၊ | ကုန်ငွေရဲပေါင်း | |
|---|---|---|---|
| | တဘက်စာရင်းမှအဆက် | ၃၁၆၃၈ | ၁၀ |
| ၂၆၊ | မော်တော်ဘုတ်ငှားခနှင့်အချို့စက်ကရိယာများဝယ်ရငွေ | ၆၁၉ | ၇၀ |
| ၂၇၊ | သဘော်ဆေးဝယ်ရာ၌ ကုန်ကျသည့်ငွေပေါင်း | ၄၇ | |
| ၂၈၊ | ပုံးသွက် ၊ | ၁၃ | ၇၅ |
| ၂၉၊ | သွပ်ပြား ၊ | ၁၁၄ | |
| ၃၀၊ | အသုံးခံဖြတ်ပိုင်း စာအုပ်များနှင့် စာရင်းစာအုပ်များ | ၁၀၉ | ၈၀ |
| ၃၁၊ | စက္ကူနှင့် စာရေးကရိယာများဝယ်၍ကုန်ကျငွေ | ၁၄၈ | ၄၀ |
| ၃၂၊ | ကူညီသူများနှင့် အလုပ်သမားများ ထမင်းကျွေးငွေ | ၂၁၉၆ | ၅၅ |
| ၃၃၊ | ကူညီသူများအား လဘက်ရည်နှင့်ဆေးလိပ်ဘိုးငွေ | ၂၄၁ | ၁၀ |
| ၃၄၊ | ၎င်း ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်ဘိုးငွေ | ၃၄ | |
| ၃၅၊ | ကူလီခများပေးရငွေ၊ | ၆၄ | ၀၅ |
| ၃၆၊ | သာသနာ့အလံများဝယ်ငွေ | ၅၆ | ၁၀ |
| ၃၇၊ | ကျောက်သင်ပုံးကြီး ၂ချပ်ဘိုးငွေ | ၆၆ | |
| ၃၈၊ | ဆုပေးခြင်းနှင့် အခြားထွေထွေအလှူငွေ | ၁၄၁ | |
| ၃၉၊ | လက်လှော်လှေကလေး တစင်းဝယ်ငွေ | ၅၅ | |
| ၄၀၊ | စာတိုက်ခေါင်းများဝယ်နှင့် ကြေးနန်းရိုက်ခများ၊ | ၁၅ | |
| ၄၁၊ | လက်ဆွဲမီးအိမ်ကလေးဝယ်ငွေ | ၁၃ | |
| ၄၂၊ | အထွေထွေ အသေးအဖွဲသုံးငွေ | ၇၆၀ | ၁၀ |
| ၄၃၊ | ဆိုင်းဘုတ်များရေးခ | ၈၅ | |
| ၄၄၊ | ဘုရားလှူကြီးများအဖွဲ့၊ စပါးများနှင့်-ထီးတင်ပွဲဓာတ်ပုံ ရိုက်ခ၊ | ၂၈၁ | ၅၀ |
| ၄၅၊ | နေ့စားအလုပ်သမား များ၏ နေ့တွက်များ | ၁၆၀၅၈ | ၈၅ |
| ၄၆၊ | လှေငှားခများ | ၁၅၁၉ | |
| ၄၇၊ | ကျောက်တန်းဆည်ရန်-ကျောက်တုံးကြီးများဝယ်ငွေ | ၃၄၂၀ | |
| ၄၈၊ | ဘောဂ့ချရာတွင် ကုန်ကျစရိပ် | ၇၂ | ၂၀ |
| ၄၉၊ | သက်ငယ်များဝယ် | ၃၄ | ၅၀ |
| | ကုန်ကျသည့်ငွေရဲပေါင်း.... | ၅၇၈၁၃ | ၇၀ |

ဟသ်ာတမြို့။ ဦးပါရဲဘုရားကြီး မပြိုပျက်ရန် ၂၀-၁၁-၅၈။မှ၊
၃၁-၁၀-၆၀ ခုအထိ။ ၁၃၂၀-ခုနှစ်။ တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့မှ၊
၁၃၂၂-ခု၊ တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့အထိ)
**ကမ်းဆည်ရာဌ်။ ရသုံးငွေ စာရင်းရှင်းတမ်း။**

## အလှူခံဘဏ်ငွေ ကောက်ခံရရှိသော စာရင်းချုပ်။

| အမှတ်စဉ် | အကြောင်းအရာများ | အလှူငွေပေါင်း | |
|---|---|---|---|
| | တဘက်စာရင်းမှအဆက် | ၆၁၀၇၂ | ၃၀ |
| | ကောက်ခံရသည့် အလှူငွေစုစုပေါင်း.... | ၆၁၀၇၂ | ၃ |

ဟသ်ာတမြို့-ဦးပါရဲဘုရားကြီး မပြိုပျက်ရန်။ ၂၀-၁၁-၅၈ နေ့မှ ၃၁-၁၀-၆၀ နေ့ထိ။ (၁၃၂၀-ခုနှစ်။ တန်ဆောင်မုန်းလွှန်း ၁၀-ရက်နေ့မှ ၁၃၂၂ ခုနှစ် တန်ဆောင်မုန်းလွှန်း ၁၃-ရက်နေ့အထိ) ကမ်းဆည်ရာ၌ ရသုံးငွေစာရင်းရှင်းတမ်း။

# ကုန်ကျသည့်ငွေစာရင်းချုပ်။

| အမှတ်စဉ် | အကြောင်းအရာများ။ | ကုန်ငွေစုစုပေါင်း | |
|---|---|---|---|
| | တဘက်စါရင်းမှအဆက် | ၅၇၈၁၃ | ၇၀ |
| ၅၀။ | ဘိတ်စာများရိုက်ခ | ၂၀၅ | |
| ၅၁။ | သယ်ယူပို့ဆောင်ခ | ၃၈၄ | ၅၅ |
| ၅၂။ | ထီးတင်ပွဲ၌ စောင့်ရှောက်သူများအားဧည့်ခံကုန်စရိပ် | ၂၅၀ | |
| ၅၃။ | မိန်ဖူးနှင့် ဌက်မြတ်နားစောင့်ရှောက်သူများ ဂုင်း။ | ၁၃၁ | ၁၀ |
| ၅၄။ | အသံချဲ့စက်များငှားခ။ | ၉၃ | |
| ၅၅။ | သဘော်ာမေ်ာတော်များ အလှူငွေကောက်ခံရသည့်အထဲမှ၊ ခြိရှင်များအား ဆိုက်ဟပ်ခပေးရငွေ.... | ၃၆၈ | ၂၅ |
| ၅၆။ | ကျောက်အလှူစာရင်းဖြတ်ပိုင်းစာအုပ်များ၌ စာရင်းပေါင်းမှား လက်ခံမိ၍၊ လျှော့နည်း လက်ခံမိသော ငွေများကို လျှော်ရသည့်ငွေပေါင်း........ | ၁၂ | |
| | ကုန်ကျငွေစုစုပေါင်း.... | ၅၉၂၅၇ | ၆၀ |
| | ၃၁-၁၀-၆၀- နေ့ စာရင်းပိတ်လက်ကျန်ငွေပေါင်း .... | ၈၈၁၄ | ၇၀ |
| | ကောက်ခံရသည့်အလှူငွေစုစုပေါင်း.... | ၆၈၀၇၂ | ၃၀ |
| | **အကျဉ်းချုပ်** | | |
| | စာတိုက်ငွေစုဘဏ် စာအုပ်အမှတ် ၁၈၈၇၈ အရ၊ ၃၁-၁၀-၆၀၊ နေ့၌၊ လက်ကျန်ငွေပေါင်း .... | ၈၀၀၀ | |
| | ဥက္ကဋ္ဌ နှင့်-အတွင်းရေးမှူးထံတွင်လက်ရှိကျန်ငွေပေါင်း.... | ၇၆၄ | ၇၀ |
| | ငွေထိန်းထံတွင် ကျန်ရှိငွေပေါင်း.... | ၅၀ | |
| | ၃၁-၁၀-၆၀ နေ့စာရင်းပိတ်လက်ကျန်ငွေပေါင်း .... | ၈၈၁၄ | ၇၀ |

(ပုံ) ကြည်ထွန်း။ ဥက္ကဋ္ဌ။

(ပုံ) ကျော်လှ။ အတွင်းရေးမှူး။

(ပုံ) မောင်ရွှေ ငွေထိန်း။

(ပုံ) ကံကြီး။ အကျိုးဆောင်စာရင်းစစ်။

(၈)

ဟသ်ာတမြို့။ ဦးပါမဲဘုရားကြီး မပြိုပျက်ရန် ၂၀-၁၁-၅၈။မှ
၃၁-၁၀-၆၀-ခုအထိ။ (၁၃၂၀-ခုနှစ်။ တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့မှ၊
၁၃၂၂-ခု။ တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့အထိ)
ကမ်းဆည်ရာ၌။ ရသုံးငွေ စာရင်းရှင်းတမ်း။

## အလှူတော်ငွေ ကောက်ခံရရှိသော စာရင်းချုပ်။

| အမှတ်စဉ် | အကြောင်းအရာများ | အလှူငွေပေါင်း | |
|---|---|---|---|
| | တဘက်စာရင်းမှအဆက် | ၆၈၀၇၂ | ၃၀ |
| | ကောက်ခံရသည့် အလှူငွေစုပေါင်း.... | ၆၈၀၇၂ | ၃၀ |

# အကျယ်ရှင်းတမ်း (က)

ပြည်လုံးကပ်ကျော် ဦးပါမဲစေတီတော်ကြီး
ကျောက်တန်းဆည်ရာတွင်—သစ်တိုင်များ လှူဒါန်းကြသည့်စာရင်း။
(၁-၁၀-၅၉-မှ၊ ၃၁-၁၀-၆၀ ထိ) ၁၃၂၁ ခုနှစ်၊ တော်သလင်းလကွယ်နေ့မှ၊
၁၃၂၂-ခု၊ တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့ထိ။

## ☆ ရှင်းတမ်း။ ☆

| အမှတ်စဉ် | ကုသိုလ်ရှင်အမည် | ဂုဏ်ထူး | နေရပ် | တိုင်ရေ | သင့်ငွေ |
|---|---|---|---|---|---|
| ၁ | ဦးကြည်ထွန်း | တိုင်းလျှပ်စစ်အင်ဂျင်နီယာ | ဟင်္သာတမြို့ | ၅ | ၁၂၅ |
| ၂ | ။ ကျော်လှ | လျှပ်စစ်ပစ္စည်းကိုယ်စားလည် | ။ | ၄ | ၁၀၀ |
| ၃ | ။ ကံကြီး ဒေါ်ဩသင်၊ | ဒု-မီးသတ်ညွှန်ကြားရေးဝန်(ပင်စင်)။ | | ၄ | ၁၀၀ |
| ၄ | ။ အောင်သန်း၊ | အောင်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် | ။ | ၅ | ၁၂၅ |
| ၅ | ။ ဘဘွား -ဒေါ်သိန်းမြ၊ | စိန်ရွှေရတနာဆိုင်ပိုင်ရှင် | ။ | ၅ | ၁၂၅ |
| ၆ | ။ ကံအေး။ | | ။ | ၄ | ၁၀၀ |
| ၇ | ။ ဇော်-ဒေါ်သန်းစိန်၊ | ကံထရိုက်တာကြီး | ။ | ၂ | ၅၀ |
| ၈ | ။ မအောင်ခ | ရွှေငွေရတနာဆိုင်ပိုင်ရှင် | ။ | ၂ | ၅၀ |
| ၉ | ။ မောင်ငွေ | | ။ | ၂ | ၅၀ |
| ၁၀ | ။ မောင်ကွန်း | | ။ | ၂ | ၅၀ |
| ၁၁ | ။ မောင်သင့် | | ။ | ၂ | ၅၀ |
| ၁၂ | ။ လှမြင့် | | ။ | ၂ | ၅၀ |
| ၁၃ | ။ စံမြင့် | | ။ | ၂ | ၅၀ |
| ၁၄ | ။ သန်းရွှေ၊ ဒေါ်လှရင် | ကုန်သည်ပွဲစားကြီး | လက်သမားရပ် | ၂ | ၅၀ |
| ၁၅ | ။ အုန်းလှိုင် | | ။ | ၂ | ၅၀ |
| ၁၆ | ။ မြမောင် | | ။ | ၂ | ၅၀ |
| ၁၇ | ။ ထွန်းတင် | (ရွှေပြည်ဇ-စာပုံနှိပ်တိုက်ပိုင်ရှင်) | ။ | ၂ | ၅၀ |
| ၁၈ | ။ ဆက် | | ။ | ၂ | ၅၀ |
| ၁၉ | ။ စံအေး | | ။ | ၁ | ၂၅ |
| ၂၀ | ။ အဖိုး- | လက်ဝါးဘိနပ်ဆိုင်ပိုင်ရှင် | ။ | ၁ | ၂၅ |
| ၂၁ | မစ္စတာကေမွန်ရင် | သွားစိုက်ဆရာကြီး | ။ | ၁ | ၂၅ |
| ၂၂ | ဦးတင်အေး၊ ဒေါ်စောတင် | ဗိုလ်ချုပ်လမ်း | ။ | ၁ | ၂၅ |
| ၂၃ | ။ ဘလပ်-ဒေါ်မြခင် | မြေတိုင်းစာရေးကြီး (ပင်စင်) | ။ | ၁ | ၂၅ |
| ၂၄ | ။ အေးမောင် | ဈေးခေါင်း။ | ။ | ၁ | ၂၅ |
| ၂၅ | ။ လှခင်၊ | | ။ | ၁ | ၂၅ |
| | | | ရှေ့စာရင်းနှင့်ဆက်ရန်.... | ၅၈ | ၁၄၅၀ |

ပြည်လုံးကျော်ကျော် ဦးပါမဲစေတီတော်ကြီး
ကျောက်တန်းဆည်ရာတွင်—သစ်တိုင်များ လှူဒါန်းကြသည့်စာရင်း။
(၁-၁၀-၅၉-မှ။ ၃၁-၁၀-၆၀ ထိ) ၁၂၃၁-ခုနှစ်။ တော်သလင်းလကွယ်နေ့မှ။
၁၃၂၂-ခု။ တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့ထိ။

## ☆ ရှင်းတမ်း။ ☆

| အမှတ်စဉ် | ကုသိုလ်ရှင်အမည် ဂုဏ်ထူး နေရပ် | တိုင်ရေ | သင့်ငွေ |
|---|---|---|---|
| | တဘက်စာရင်းက အဆက်။.... | ၅ဝ | ၁၄၅ဝ |
| ၂၆ | ဦးသန်း-ဒေါ်ပု။ ဆံစက်ပိုင်ရှင် ။ | ၄ | ၁၀၀ |
| ၂၇ | ။ သိန်းတင် ။ | ၂ | ၅ဝ |
| ၂၈ | ။ လှ-ဒေါ်တုပ်၊ မြေပိုင်ရှင် လက်သမားရပ် ။ | ၂ | ၅ဝ |
| ၂၉ | ။ ကျွက်-ဒေါ်သန်းရီ တက်တိုး ခေတ်ပုံတိုက် ။ | ၁ | ၂၅ |
| ၃ဝ | ။ ထွန်းရှိန်။ ။ | ၂ | ၅ဝ |
| ၃၁ | ။ လှခင် ဒေါ်ဖွားလေး အင်းသူကြီး အသုတ် ပုသိမ် ဒီစတြိတ် | ၁ | ၂၅ |
| ၃၂ | ။ သိန်းမောင် သူကြီး စစ်ပင်ကြီးရွာ အသုတ် ၎င်း။ | ၁ | ၂၅ |
| ၃၃ | ။ အုံ-ဒေါ်ဗျော့ ဒု-လယ်ဝန် ဇလွန်မြို့ | ၁ | ၂၅ |
| ၃၄ | ။ မရွှေ ရှမ်းဆိုင်ပိုင်ရှင် ဗိုလ်ချုပ်လမ်း ဟင်္သာတမြို့ | ၁ | ၂၅ |
| ၃၅ | ကိုသိန်းလှိုင်-မခင်သန်း-သံကုန်သည် ၎င်း။ ။ | ၁ | ၂၅ |
| ၃၆ | ဦးဘိုးဟံ—ဒေါ်သန်းတင် ကုန်သည် ။ ။ | ၁ | ၂၅ |
| ၃၇ | ။ ဘမောင်-ဒေါ်မမကြီး ကုန်သည်စစ်ကဲလမ်း ။ | ၁ | ၂၅ |
| ၃၈ | ။ စံပွင့် မြေပိုင်ရှင် | ၁ | ၂၅ |
| ၃၉ | ဒေါ်ဒေါ်မွေး ပရိဘောဂရာကုန်သည် ပါဆယ်လမ်း ။ | ၁ | ၂၅ |
| ၄ဝ | ဦးကံ၉ မခင်လှိုင် ကျောင်းဆရာကြီး မုံးကြီးရပ် ။ | ၁ | ၂၅ |
| ၄၁ | ။ ဘထွန်း-ကုန်သည် ကျောင်းဆိပ်ရပ် ။ | .... | ၂ဝ |
| ၄၂ | ။ ဘိုးအုန်း ကုန်သည် လက်သမားရပ် ။ | .... | ၁ဝ |
| ၄၃ | ။ ဘကြွင် ကုန်သည် ။ ။ | .... | ၁ဝ |
| ၄၄ | ။ လှမောင် ကုန်းတို့သမဝါယမ ဥက္ကဋ္ဌ။ ။ | ၄ | .... |
| ၄၅ | ။ ဘိုးအောင် ကုန်သည်။ ။ | ၂ | .... |
| | ရုရုပေါင်း.... | ၇၅ | ၂ဝ၁၅ |

မှတ်ချက်။ ။တိုင်ဘိုးအလှူငွေ ကောက်ခံသည့် အလှူရှင် စာရင်းမှတ်တမ်းများ အတိုင်း၊ ထည့်သွင်းဖော်ပြရသဖြင့်၊ အချို့ အလှူရှင်များ၏ ဇနီးများ အမည်များကို၊ မဖော်ပြနိုင်ခြင်းနှင့်၊ ဂုဏ်ထူးနှင့် နေရပ်စသည်များ မပါရှိခြင်းကို သည်းခံကြ ပါရန် မေတ္တာရပ်ခံပါသည်။

(ပုံ) ကံကြီး။
အကျိုးဆောင်စာရင်းစစ်။

ပြည်လုံးကပ်ကျော် ဦးပါမဲစေတီတော်ကြီး

ကျောက်တန်းချရန် (၁-၁၀-၅၉-မှ၊ ၃၁-၁၀-၆၀ ထိ)

၁၃၂၁-ခုနှစ်၊ တော်သလင်းလကွယ်နေ့မှ၊ ၁၃၂၂-ခု၊ တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့ထိ၊ ကျောက်တုံးများရောင်းရငွေ

# ☆ ရှင်းတမ်း။ ☆

| စာအုပ် နံပါတ် | ပြေစာဖြတ်ပိုင်း နံပါတ်မှ | – ထိ | ကုသိုလ်ရှင်အမည် ဂုဏ်ထူး နှင့် | နေရပ် | အလှူငွေ | |
|---|---|---|---|---|---|---|
| ၁ | | | မလာ | | | |
| ၂ | | | မလာ | | | |
| ၃ | ၁၀၁ | | ဦးသန်းဖေ ဒေါ်ခခ ကာယဗလမှူး၊ | ဟသ်ာတ | ၇ | |
| | ၁၀၉ | | ဒေါ်မိ— ဒေါ်လှ သားသမီးတစု။ | ။ | ၇၀ | |
| | ၁၁၀ | | ဒေါ်မြရင် ကုန်သည် ဦးအွှေးလမ်း | ။ | ၇၀ | |
| | ၁၁၁ | | ဦးခင်ဇော် ဦးပါမဲလမ်း | ။ | ၂၀ | |
| | ၁၂၀ | | ။ ချစ်- ဒေါ်မြညွန့် ကုန်သည် ဘိုကလေးမြို့ | | ၉ | |
| | ၁၂၁ | | ။ သန်းညွန့် ဒေါ်ခင်ဆွေ မြို့မကောင်စီ | ။ | ၅ | |
| | ၁၂၅ | | ဒေါ်စိန်ပု နှင့်,သားသမီးတစု။ | ။ | ၂၅ | |
| | ၁၂၆ | | ဦးဘသိန်း ဒေါ်ခင်ပု | ။ | ၅ | |
| | ၁၂၉ | | ။ ထွန်းဖေ | ။ | ၁၀ | |
| | ၁၃၂ | | ။ တင်အွေ | ။ | ၉ | |
